
www.burmeseclassic.com



www.burmeseclassic.com

ဆရာထွန်း၏

# ထွန်းရွှေဝါ

## အကြောပြေလိမ်းဆေး



BURMESE CLASSIC .com

လေဖြတ်ခြင်း၊လေးဘက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုးနှင့်
အဆစ်အမြစ်ကိုက်ခဲခြင်း၊ ထုံကျင်ကိုက်ခဲသော ရောဂါဝေဒနာရှင်များ၊ ဒူးနာခြင်း၊ ခါးနာခြင်း စသည့်ဝေဒနာများကို
ဤဆေးလိမ်းပေးခြင်းဖြင့် မိနစ်(၃၀)အတွင်းတဖြေးဖြေးပူနွေးလာပြီး အရေပြားအတွင်းမှ
ခံစားနေရသောဝေဒနာများကိုသက်သာပျောက်ကင်းစေပါသည်။

-ပင်ရင်း-

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ်(၂၈၂၉)၊အောင်မင်္ဂလာလမ်း၊(၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ရန်ကုန်။

ဖုန်း - ၀၁-၂၄၁၁၇၉၊ ၀၁-၂၄၆၂၅၆၊ ၀၉-၂၆၀၇၀၇၁၇၁၊ ၀၉-၂၆၀၇၀၇၁၇၂၊ ၀၉-[illegible]၉၈၄၆၀၄၄၃

www.burmeseclassic.com

www.burmeseclassic.com

ဆရာထွန်း ၏

# ထွန်းရွှေဝါ

## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး




–ပင်ရင်း–

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ်(၂၈၂၉)၊အောင်မင်္ဂလာလမ်း၊(၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ရန်ကုန်။

ဖုန်း – ၀၁ – ၂၄၁၁၇၉၊ ၀၁ – ၂၄၆၂၅၆၊ ၀၉ – ၂၆၀၇၀၇၁၇၁၊ ၀၉ – ၂၆၀၇၀၇၁၇၂၊ ၀၉ – [illegible]၉၈၄၆၀၄၄၃

www.burmeseclassic.com

www.burmeseclassic.com




# VIGEN MYANMAR

## အခမဲ့ ကျန်းမာရေး ပရဟိတစင်တာ

- ◆- ဗီဂန်မြန်မာသည် မြန်မာပြည်သူပြည်သားများအတွက်ကျန်းမာရေးစောင့်ရှောက်ပေးနေသောအခမဲ့စင်တာဖြစ်ပါသည်။
- ◆- ရောဂါဝေဒနာများကို သဘာဝအတိုင်း သက်သာကောင်းမွန်လာစေရန် သဘာဝကုထုံးများကိုအသုံးပြု၍ ကုသပေးသော စင်တာဖြစ်ပါသည်။
- ◆- ဗီဂန်မြန်မာသည် ကြွရောက်လာသော အမိအဖများကိုအခမဲ့ကျန်းမာရေးဝန်ဆောင်မှုပေး၍ အမြဲ ကြိုဆိုနေပါသည်။
- ◆- နွေးထွေးမှုများ၊စေတနာအပြည့်အဝဖြင့်စိတ်ချမ်းမြေ့ဖွယ်ကူညီမှုများပေးနေပါသည်။
- ◆- ဆရာဝန်နှင့် အခမဲ့ဆွေးနွေး တိုင်ပင်နိုင်ပါသည်။

--- ဗီဂန်မြန်မာ ---

### ဗီဂန်မြန်မာရုံးချုပ်

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၄၂၊ဦးရွှေဂွန်းလမ်း၊ရွှေဘုန်းပွင့်ဘုရားအနီး၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်။
ဖုန်းနံပါတ် - ၀၁ ၃၉၇၀၄၈၊ ၀၉ ၄၂၁၁၁၅၆၉၆

### ဗီဂန်မြန်မာစင်တာခွဲများ

| | |
|---|---|
| တာမွေစင်တာ<br>တောင်မြင်းပြိုင်တွင်းလမ်း၊တာမွေမြို့နယ် | ပဲခူးစင်တာ<br>ပန်းလှိုင်ရပ်ကွက်၊ပဲခူးမြို့ |
| သိမ်ကြီးဈေးစင်တာ<br>မဟာဗန္ဓုလလမ်း၊လသာမြို့နယ် | လှည်းတန်းစင်တာ<br>အင်းစိန်လမ်း၊ကမာရွတ်မြို့နယ် |

www.burmeseclassic.com

www.burmeseclassic.com

## Big Samcho



Hygiea မှတစ်ဆင့် အနီအောက်ရောင်ခြည်ကိုထုတ်ပေးသောကြောင့် သွေးကြောပြန့်သည်။ နှလုံးကျန်းမာစေသည်။ ကိုယ်တွင်းရှိ အဆိပ်အတောက်များကိုချွေးမှတစ်ဆင့်ထွက်စေသည်။ ကိုယ်တွင်းအဆီများကိုဆီးခင်းမှတစ်ဆင့်ကျစေသည်။ ကိုယ်ခံအားကိုမြှင့်တင်ပေးပြီး ကိုယ်လက်နာကျင်ကိုက်ခဲမှုများကိုသက်သာစေသည်။ သွေးလည်ပတ်မှုကိုကောင်းမွန်စေသည်။



## Mega (ကော်ဇော)



Negative Ions များဖြစ်ပေါ်ခြင်းဖြင့် တာဝင်ကိုအေးနွေးကျင်ခြင်း၊ အက်ဆစ်ဓာတ်လျော့ကျစေခြင်း၊ ပင်ပန်းမှု၊ စိတ်ဖိစီးမှုပြေပျောက်ခြင်း၊ ကိုယ်ခံစွမ်းအားမြှင့်တင်ပေးခြင်းနှင့်ကြိုက်ကျွာအိပ်ပျော်စေခြင်း၊Cancer cell များ၏ပြန့်ပွားမှုကိုလျော့ချပေးနိုင်ခြင်းနှင့်လေဖြတ်အာနိသင်ကြောင့် ဦးနှောက်သွေးကြောပိတ်ခြင်း နှင့် သွေးခဲခြင်းအားသက်သာစေကာ သွေးလည်ပတ်မှုများအားကောင်းမွန်စေသည်။



## Hasell



ဒူးနာခြင်း၊ခါးနာခြင်း၊ခြေသလုံးကြွက်သားနှင့်ခါးကြွက်သားများနာကျင်ခြင်း၊ လေးဘက်နာနှင့် ဝက်ရောဂါကြောင့်အဆစ်အမြစ်ကိုက်ခြင်းအမျိုးမျိုး၊ ညအိပ်မပျော်ခြင်း၊ ခေါင်းတဆစ်ဆစ်ကိုက်ခြင်း၊ ဝမ်းချုပ်ခြင်းနှင့်လိပ်ခေါင်းရောဂါတို့ကို ပျောက်ကင်းစေသည်။ မီးယပ်ဆိုင်ရာရောဂါအမျိုးမျိုး၊ ဒူလာ၊ ဆီးကျိတ်ရောဂါများအားလုံးကိုသက်သာစေပါသည်။



## V7



အာရုံကြောနှင့်ဆိုင်သောရောဂါအမျိုးမျိုးကိုသက်သာပျောက်ကင်းစေသည်။ ပင်ပန်းမှု၊ စိတ်ဖိစီးမှုများကို ပျောက်ကင်းစေသည်။ ခန္ဓာကိုယ်ကိုသွက်လက်ပေါ့ပါးစေပြီး လေဖြတ်ဝေဒနာခံစားနေရသူများနှင့်ဆီးချိုကြောင့်ထုံကျဉ်နေသူများအတွက်အထူးသင့်လျော်ပါသည်။



## MIZCELL



လေဆာနှင့် High frequency တို့ကို ပေါင်းစပ်ထုတ်လုပ်ထားသော အသားအရေနှင့် အဆစ်အမြစ်ဆိုင်ရာ ကုသစက်ဖြစ်သည်။ ဝက်ခြံ၊ တင်းတိတ်မှဲ့ခြောက်၊ နေလောင်အမဲစက်များကိုပျောက်စေပြီး အသားအရေကို ဟင်းရှင်းလှပစေသည်။ အဆစ်အမြစ်ကိုက်ခဲမှုများ၊ ဒူးနာ၊ ခါးနာ၊ စက်ကြောတက်၊ ကျိုးပေါင်းဝေဒနာများပျောက်ကင်းစေသည်။



## Laser and Hygiea Room



လေဆာ၏အာနိသင်များမှာရောင်ရမ်းမှုကိုလျော့ကျစေခြင်း၊ သွေးကျခြင်း၊ ဖောခြင်းများကိုသက်သာစေနိုင်ခြင်း၊ ကြွက်သားနှင့်တစ်သျှူးများ၊ အရိုးများကိုလျှင်မြန်စွာကုသပေးခြင်း၊ နာကျင်ကိုက်ခဲမှုများကို သက်သာပျောက်ကင်းစေခြင်း၊ ပျက်စီးနေသောဆဲလ်များကိုပြုပြင်ပေးခြင်း၊ သွေးလည်ပတ်မှုကိုအားပေးခြင်း၊ အာရုံကြောနှင့်ပတ်သက်သော လှုပ်ရှားမှုဆိုင်ရာများကိုပြန်လည်ကောင်းမွန်စေခြင်း၊ ကြွက်သားများကိုပြန်လည်သန်စွမ်းစေခြင်း၊ ကျိုးပေါင်းနှင့်သွေးလေအတက်အကျ...





www.burmeseclassic.com

www.burmeseclassic.com

# မျက်မှန် ဦးခင်မောင်ဝင်း

ဖုန်း - ၀၉ - ၇၃၀၆၄၆၄၁၊ ၀၉ - ၇၃၁၆၃၁၁၀



- နီကွန် ကွန်ပျူတာဖြင့် မျက်စိ (အခမဲ့) စမ်းသပ်ပေးသည်။
- ပါဝါမျက်မှန်၊ ဆေးမျက်မှန်နှင့် နီးဝေးနှစ်ထပ် မျက်မှန်များ ကိုင်း/မှန် အပြီး လူတိုင်းကြည့်ရှုနိုင်ရန် ကျပ် (၅၀၀၀)ဖြင့် (၁၅)မိနစ်အတွင်း အပြီးပြုလုပ်ပေး နေပါသည်။
- မျက်မှန်အတွက် သောကရောက်၍ မျက်စိ နီး/ဝေး မှုန်ဝါးသူများ ဖွဲ့ မျက်မှန် ဦးခင်မောင်ဝင်းထံ အမြန်လာရောက်ခဲ့ပါ။

▸▸ ဆိုင် (၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၅ ရပ်ကွက်၊ ဆက်သွယ်ရေးမှတ်တိုင်။

▸▸ ဆိုင် (၂) သဃ်န်းကျွန်းမြို့နယ်၊ ဘုရားလမ်း၊ ၇၉ ကားဂိတ်။
၀၉ - ၄၂၀၀၉၉၁၀၂၊ ၀၉ - ၇၉၈၃၃၃၆၉၃

▸▸ ဆိုင် (၃) အမှတ် (၉၁၈)၊ ဂရုဏာလမ်းမကြီး၊ (၁၀၆)ဈေးအနီး၊ ဒဂုံတောင်ပိုင်း။

ဖွဲ့ မျက်မှန်ဦးခင်မောင်ဝင်းနှင့် တွေ့လျှင် သင့်မျက်စိနှစ်ကွင်း ခုချက်ချင်းအလင်းရစေရမည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင်၇/၂၀၀၈၊တာ်ဆထလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၁-၅၁-၈၈၆၁၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သမ္ဗုဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

သော ဥတ္တိ၊ သဗ္ဗ သတ္တန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုတ္တိကန္တရာယော၊ ဂန္ဒအမုဗ္ဗိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ"ဟူ၍လည်း ခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ, နတ်, ဗြဟ္မာအပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း

အမှတ် (၂၇၂)၊ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ထူးခြားထင်ရှား မွန်ပြည်နယ်ရှိ စေတီဘုရားများ | မင်းဂုဏ် | ၅ |
| ၂။ | မြတ်ဗုဒ္ဓမွေးအဖ ထိုက်တန်ပေစွမင်းသုဒ္ဓေါဒန | လင်းယဉ်ဉာဏ် | ၁၅ |
| ၃။ | မွန်ပြည်နယ် ဂန္ဓီရသာသနာ့နယ်မြေမှ ထူးခြားဆန်းကြယ်မှုများ | ပေဒသုတေသီ ဘရာမျိုး | ၂၅ |
| ၄။ | ဘဒ္ဒန္တသီရိဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် မာတ်တော်တိုက် စေတီတော် | နောင်ရိုး(အင်ဖုပညာ) | ၃၃ |
| ၅။ | မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားသော စိတ္တာနုပဿနာကျင့်စဉ် | ဖမ္မဒိန် | ၄၂ |
| ၆။ | မြန်မာ+ကိုရီးယားဆရာတော် ဟောကြားသော ဆန်းစစ်ကြည့်ခြင်းတရားတော် | ဖမ္မဒိန် | ၄၈ |
| ၇။ | ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာ ဘာဝနာနှင့် ကျင့်ကြံအားထုတ်မှု နည်းနိဿယ | ဦးဝိစာရ(ကညွတ်ကွင်း) | ၅၆ |
| ၈။ | လောကအားလုံး၏ အထွတ်အထိပ် အမြတ်ဆုံးပုဂ္ဂိုလ် | မောင်မောင်မိုးအောင် | ၆၁ |
| ၉။ | ရှောင်ခြည်တော်အဖွင့် | ယောနကဘိုးထောင် | ၆၅ |
| ၁၀။ | ဘုရားရှင်ဟောကြားတော်မူသော ပိဋကတ်သုံးပုံကို စတင်လေ့လာခြင်း | အရှင်ဝိမလ(အညတရစာဆို) | ၆၈ |
| ၁၁။ | အမျက်မထွက် ကုသိုလ်ဖက်ခဲ့တဲ့ ရောဟိနီ | ယောဂီတိုးအောင် | ၇၁ |
| ၁၂။ | မှားယွင်းသော တောင့်တမှုဆုတောင်း | ကြည်ကြည်(ထောက်ကြန့်) | ၇၅ |
| ၁၃။ | အမှတ်တမဲ့မှ အမှတ်တရ ဘဝများသို့ | မင်းသစ်ဦး(ကွမဲ) | ၇၈ |
| ၁၄။ | ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ | သစ္စာဦး(ဧေယျာမြေ) | ၈၃ |
| ၁၅။ | ဗိုလ်ချုပ်ပြောကြားခဲ့တဲ့ နိုင်ငံရေးနဲ့ ဘာသာရေး | ကိုရဲ(ရွှေတိဂုံ) | ၈၇ |
| ၁၆။ | ကျောက်ဖွားသုံးကောင် သိုက်ပြေးတောင် | မင်းဘုန်းသိခ်သူ | ၉၂ |
| ၁၇။ | ငါးဆယ်ကျော် ခြောက်ဆယ်ပတ်လည် | ရေနံ့သာအောင်ချမ်းဇော် | ၁၀၆ |
| ၁၈။ | အဘွားမယ်သုန်နှင့် မြွေဟောက်နှစ်ကောင် | မင်းဟန်(သန်လျင်) | ၁၀၉ |
| ၁၉။ | ကံတူအကျိုးပေး | အောင်ဇော်ဦး(ကြို့ပင်ကောက်) | ၁၁၅ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၀။ | မေ့လို့မရတဲ့ မောင့်မပန်းရဲ့ ............ သန်လျှင်မောင်ကျောက်ခဲ | ၁၁၉ |
| ၂၁။ | စိတ် .............................. စံထိုက်သူ | ၁၂၇ |
| ၂၂။ | ကြမ္မာကြောင့်လော ဝိညာဉ်ကြောင့်လော ..... ကျော့မှူး(စိန်လှ) | ၁၃၀ |
| ၂၃။ | မကြည်မာ သွေးအိုင်ထဲမှာ .......... ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ) | ၁၃၅ |
| ၂၄။ | ဖားသရဲ ....................... ဆန်းဝင်း(အောင်မြေ) | ၁၄၀ |
| ၂၅။ | ကွင်းပိုင်ကြီး၏ဒေါသ ................... တင်မိုးအောက် | ၁၄၅ |
| ၂၆။ | အကြောက်သင်တန်း တက်သူများ ............. ဂျီးနွန်းကို | ၁၄၈ |
| ၂၇။ | တူနှိုင်းမမီ မေတ္တာရည် ................... ခိုင်(ပညာရေး) | ၁၅၈ |
| ၂၈။ | စာလေးတစ်စောင် ...................... စိန်ဝင်းမော် | ၁၆၅ |
| ၂၉။ | ဘရစ်လီ မည်သူနည်း .................... ခိုင်ဇော်(ဒဿန) | ၁၆၈ |
| ၃၀။ | ယုံကြည်ရာ ...................... ပန်းတနော်နောင်လတ် | ၁၈၀ |
| ၃၁။ | လေနီကြမ်း ...................... လယ်တွင်းသားစောချစ် | ၁၈၆ |
| ၃၂။ | အမေနှင့်ကျွန်တော် ...................... အောင်စိုး(ပြည်) | ၁၉၄ |
| ၃၃။ | နိုးရိုးကျင့် မြင့်မြင့်ကြဲ ......................... ကြည်သိမ့် | ၂၀၀ |
| ၃၄။ | ငါ့နိုင်ငံတော် ငါ့တပ်မတော်အတွက် ငါ၏အသက်ကို ... ညိုရောင် | ၂၀၃ |
| ၃၅။ | မိုးရာသီ သစ်ပင်ရွှေ့နည်း ဘူမိနက်သန်ဓနရာမှန် .......... ကြည်မင်းစံ(အောင်မြေသာယာ) | ၂၁၁ |
| ၃၆။ | ဝိယက်နမ်မြောက်ပိုင်းခရီး၊ တမ်းကော့လှေဆိပ် ဟဲနွိုင်းမြို့တော်က ရေပေါ် ရုပ်သေးနှင့်ဟောင်းပွဲနှစ်ရာညစာ .. ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရွှေ-သု) | ၂၁၃ |
| ၃၇။ | လှပသင်းပျံ့သော ပန်းတို့၏အဆီ ............ စိုးယဉ်ထွန်း | ၂၂၇ |
| ၃၈။ | အသက်ရှည်ရာ အစားအစာ ............ မောင်စာဆို(ကံ့ကူ) | ၂၂၉ |
| ၃၉။ | လူသားကမ္ဘာအတွက်အကျိုးပြုနိုင်သောစပါးကြီးမြွေ . သန်းတင်စိုး | ၂၃၁ |
| ၄၀။ | မာရီလင်မွန်ရိုးနှင့် ကျန်းမာခြင်း ......... ဒေါက်တာနိုက်တင်ဂေးလ် | ၂၃၄ |
| ၄၁။ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ............ ဒေါက်တာသက်ဆွေ | ၂၃၈ |
| ၄၂။ | အဆိပ်ရေ ...................... မဟာမျှော်စရိယ ဦးသိန်းထွန်း | ၂၄၄ |
| ၄၃။ | တို့ဆေးနှင့် သံပရာသီးအစွမ်း .............. သမီးချာညို | ၂၄၈ |










www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၄။ | ကာတွန်းတဏှာ | ဇော်လူသစ်၊ စီစီတီဗွီ၊ အီကွေဟာ၊ Kohtut | ၂၅၂ |
| ၄၅။ | စနေဂြိုဟ်နှင့် လူသားတို့ကြမ္မာ | မင်းယန်(သန့်လျှင်) | ၂၅၆ |
| ၄၆။ | ဈေးရောင်းကောင်းကြစေရန် မာတ်ရိုက်ယတြာ စီရင်ပါ | အောင်ကြည်သန်း(ဇောင်ဇော်သီ) | ၂၆၁ |
| ၄၇။ | လောကစံဂါထာတော်ကြီး | ဩဇာတော် | ၂၆၅ |
| ၄၈။ | သနပ်ခါးပိုး မြင်ဖူးသလား | အောင်ဇေ(LL.B) | ၂၆၇ |
| ၄၉။ | သစ်စေး၏ ဂမ္ဘီရအသုံးတစ်မျိုး | ဆရာကြီးဦးအောင်မြိုင် | ၂၆၉ |
| ၅၀။ | အသက်ရှည်ကြောင်းပမာဏအဓိကအချက်များ | သုနန္ဒာစိုး(ရွှေရင်အေး) | ၂၇၂ |
| ၅၁။ | လျှပ်တစ်ပြက် လက္ခဏာဖတ်ကြားခြင်း | ဆရာဦးခန့်ကျော် | ၂၇၅ |
| ၅၂။ | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ခုနှစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၂၈၂ |
| ၅၃။ | ၂၀၁၈ ခုနှစ်၊ ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ | ဆရာဦးခန့်ကျော် | ၂၈၅ |


○

## ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း


စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့စာမူအတွက် ညှာ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း


နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဝှက်
အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း
အယ်ဒီတာချုပ်
ညာဏ်ပွင့် (စက်မှု)
တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်
စီးသွားအယ်ဒီတာ
စောင်းကောင်းမြတ်
အယ်ဒီတာအဖွဲ့
ခင်သက်နိုင်
မျက်နှာဖုံးဒီဇိုင်း
ခေတ်ရွှေ
ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့
ပန်းချီပညာရှင်များ
အောင်နိုင်လတ်၊ တောင်ငူစိုးမြင့်လေး၊
စောတင်မောင်၊ ဖိုးအောင်၊ မောင်ညီမှိုင်း
အတွင်းဖလင်
ကိုဦး
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးထွန်းထွန်းလင်း
နေခြည်ဦးပုံနှိပ်တိုက် (၀၀၄၀၇)၊
အမှတ်-၁၁(ဒီ)၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၇၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။
မဂ္ဂဇင်းတိုက်နှင့် ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၁၈
ကြော်ငြာနှင့် ဖြန့်ချိရေး
နန္ဒာအောင်
မင်္ဂလာ
ထွန်းဦးစာပေ၊ နဂါးစာပေ
စောင်းရေ - ၂၈၀၀ ကျပ်
အုပ်ရေ - [illegible]


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

(ယခင်လမှ အဆက်)

ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူ ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဝင်းစိန်တောရကျောင်းတော်ကြီးမှ ထွက်ခွာခဲ့ကြပြီးနောက် ဆံတော်ရှင် ဦးဇိနစေတီတော်ထံပါးသို့ ရောက်ခဲ့ကြသည်။

စေတီတော်ကို လှေကားထစ် ၁၈ ထစ်မျှ တက်ရောက်ရသည့် တောင်ကုန်းပေါ်တွင် တည်ထားသဖြင့် ရွှေရောင်ဝင်းလျက်ရှိသော စေတီတော်ကြီးအား မလှမ်းမကမ်းမှပင် ဖူးတွေ့နိုင်သည်။ စေတီတော်ပေါ်သို့ တက်ရောက်သည့် လှေကားဝတစ်ဖက်တစ်ချက်တွင် မြန်မာမှုအနုလက်ရာ ခြင်္သေ့ရုပ်တုကြီးတစ်ခုစီရှိပြီး လှေကားလက်ရန်းတစ်ခုစီပေါ်တွင် လက်ရန်းပေါ်မှ လျှောဆင်းလာတော့မည့်အသွင်ကိုဆောင်နေသည့် မြန်မာ့မှုဟန် နဂါးရုပ်တုတစ်ခုစီနှင့်အတူ လှေကားထိပ်တစ်ဖက်တစ်ချက်တွင်လည်း စေတီတော်အား စောင့်ရှောက်နေသည့်ပမာ ပုံဖော်ထားသည့် ဘီလူးရုပ်တုနှစ်ခုတို့ကို မြင်တွေ့ရသည်။

ကျယ်ဝန်းသော ရင်ပြင်တော်ပေါ်တွင် နေပူခံကျောက်ပြားများနှင့် အလှဆင်ရောင်စုံကျောက်ပြား ခင်းထားပြီး ရင်ပြင်တော်မှာ သန့်ရှင်းသပ်ရပ်လျက်ရှိသည်။ စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသက်န်းကပ်ထားသည်ကို အနီးကပ် ဖူးမြော်ကြည်ညိုခဲ့ရပြီး ရင်ပြင်တော်ပေါ်တွင် စုလစ်မွမ်းချွန်ဘုံပြာသာဒ်များဖြင့် ခြယ်မှုန်းအပ်သော တန်ဆောင်း၊ ဇရပ်၊ သိမ်၊ ကျောင်းစသည့် သာသနိကအဆောက်အအုံများဖြင့် တင့်တယ်စွာ ဖွံ့ဖြိုးစည်ပင်လျက်ရှိသည်ကို ဝမ်းမြောက်ကြည်နူး


စေတီတော်အဝင်ဝရှိ ခြင်္သေ့ရုပ်တု


သန့်ရှင်းသပ်ရပ်လျက်ရှိသော ရင်ပြင်တော်


ရင်ပြင်တော်ပေါ်သို့တက်သည့် လှေကားမြင်ကွင်း

ဖွယ် ဖူးတွေ့ရသည်။ ချမ်းသာကြီးဝတ်၊ ဆင်ဖြူဝတ် စသဖြင့် နဖူးစီးစာတန်းထိုးထားသည့် သာသနိက အဆောက်အအုံများအတွင်း၌ စံပယ်ကိန်းဝပ်တော်မူလျက်ရှိသော မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်များမှာလည်း အထူးပင် သပ္ပာယ်ကာကြည်ညိုဖွယ်ဖူးတွေ့ရသည်။

စေတီတော်အား လက်ယာရစ် တစ်ပတ် ဖူးမြော်ပြီးနောက် အလှူခံဌာနတွင် အလှူငွေထည့်ဝင်ရင်း စေတီ... သမိုင်းစာအုပ် သို့မဟုတ် ...ကမ်းစာစောင်များ ရှိ၊ မရှိ ...မေးမြန်းခဲ့ရာ

www.burmeseclassic.com



ရင်ပြင်တော်ပေါ်မှ လှမ်းမြင်ရသည့်ရှုခင်း



ရင်ပြင်တော်အဝင်ဝရှိ ဘီလူးရုပ်တုကြီးနှင့် ချမ်းသာကြီးဝတ်



စုလစ်မွမ်းချွန် ဘုံပြာသာဒ်တို့ဖြင့် ခြယ်မှုန်းထားသည့် တန်ဆောင်းတစ်ဆောင်နှင့် ငှက်ပြတ်နားတိုင်

မရှိကြောင်းသိရသဖြင့် ရင်ပြင်တော်ပေါ်တွင် တွေ့ရသော "စေတီတော်သမိုင်းနှင့် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်မှု ကမ္ပည်းကျောက်စာ" ကို ရှာဖွေကာ မှတ်တမ်းဓာတ်ပုံ ရိုက်ယူဖြစ်ခဲ့သည်။

ထိုကဲ့သို့ ဓာတ်ပုံရိုက်နေစဉ် ဒေသခံတစ်ဦး ရောက်ရှိလာပြီး စေတီတော်၏ဖောင်းရစ်အထက် ကြာမှောက် ကြာလှန်နေရာတွင် မျက်နှာတော်ပုံပေါ်နေသဖြင့် ဓာတ်ပုံရိုက်ကြည့်ရန် အကြံပေးလာခဲ့သည်။ သို့ဖြစ်၍ စာရေးသူတို့ အကြိမ်ကြိမ် ကြိုးစားကာ ဓာတ်ပုံရိုက်ကြည့်ခဲ့ရာ ပီပြင်စွာ ပေါ်သည်ကိုမူ မတွေ့ခဲ့ရပေ။


သို့ရာတွင် ရန်ကုန်ပြန်ရောက်ပြီးနောက် Face Book စာမျက်နှာ Myanmar Nwes Plus's Article ထူးဆန်းထွေလာ ဆံတော်ရှင်ဇိနစေတီတွင် ထူးဆန်းစွာ မျက်နှာတော်ပေါ်နေခြင်း BY MYANMAR PYI THAR. JANUARY 10.2018. ခေါင်းစဉ်ဖြင့် စေတီပုံတော်နှင့်အတူ စေတီတော်သမိုင်းကိုပါ ဖော်ပြထားသည်ကို တွေ့လိုက်ရသည်။ ကိုးကားချက်မှာမူ ဘုရားသမိုင်း၊ မွန်ပြည်နယ်၏ အထင်ကရနေရာများ ဖြစ်သည်။

ဤနေရာတွင် မျက်နှာပေါ် ပေါ်ခြင်း၊ မပေါ်ခြင်းမှာ အလင်းရောင် ကျရောက်သည့် အခြေအနေ အနေအထားပေါ်တွင် တည်နေမည်ဖြစ်ပြီး အကြောင်း ကိုက်ဆိုင်လာသည့်အခါ မျက်နှာတော်ပုံရိပ် ထင်လာခြင်းဟုပင် စာရေးသူ ယူဆပြီးသည်။

မျက်နှာတော် ပေါ်နေသည့် စေတီတော်နှင့်အတူ တင်ထားသည့် Face Book ပေါ်မှ စေတီတော်သမိုင်းမှာလည်း ရင်ပြင်တော်ပေါ်တွင် တွေ့ရသည့် ကမ္ပည်းကျောက်စာပါ အချက်အလက်များနှင့် ကွဲလွဲနေသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ရင်ပြင်တော်ပေါ်တွင် တွေ့ရသည့် "စေတီတော်သမိုင်းနှင့် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်မှု ကမ္ပည်းကျောက်စာ" နှင့် Face Book တွင် တင်ထားသည့် စေတီတော်သမိုင်း တို့ကို နှိုင်းယှဉ်လေ့လာနိုင်ရန် မူရင်း အတိုင်း ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

ကျောက်စာတွင် - "ဂေါတမ မြတ်စွာဘုရားရှင်သည် (၈)ပါးမြောက် မဟာသက္ကရာဇ်(၁၁၁)ခုနှစ်၊ သုဝဏ္ဏဘူမိ ရာမညဒေသသို့ ဒေသစာရီ ကြွချီ ရောက်ရှိတော်မူစဉ် နာဂဝီသတောင် တွင် သီတင်းသုံးနေထိုင်သော ဇိနရသေ့ ကြီးသည် ဘုရားရှင်ထံတော်မှ ဆံတော် (၇)ဆူကို ပူဇော်ခွင့်ရရှိလေသည်။ ရသေ့ ကြီးသည် ဆံတော်များကို ဌာပနာပြီး ကျောက်ပုံစေတီအဖြစ် ကိုးကွယ်ခဲ့သည်။ ကျောက်ပုံစေတီတည်ထားရာတွင် နဂါး အဖို၊ အမတို့က ကူညီတည်ထားပေး ကြသည်။

ကုန်သည် မန်ဒီက ကျောက်ပုံ စေတီကို တိုးမြှင့်ပြုပြင်ခဲ့သည်။ သက္က ရာဇ် (၁၁၉၅)ခုနှစ်တွင် ဦးလူကလေး- ဒေါ်မိတို့က ကျောက်ပုံစေတီကို (၇၅) ပေအထိ တိုးမြှင့်တည်ထားပြီး သက္က ရာဇ် (၁၁၉၇) ၎င်း၏ သားသမီးများက ထီးတော်တင်လှူခဲ့ကြသည်။

သက္ကရာဇ် (၁၂၄၈) ခုနှစ်တွင် သစ်ကုန်သည် ဦးမိုး-ဒေါ်ငြိမ်းကောင်း တို့က စေတီတော်ကို (၁၃၈)ပေအထိ တည်ထားရာ သက္ကရာဇ် (၁၂၅၀)တွင် ပြီးစီးသည်။ (၁၂၆၆)တွင် အငြိမ်းစား ယစ်မျိုးဝန်ထောက် အေအေဟဲရစ်၏ မိဘများက စိန်ဖူးတော်အသစ် တင်လှူ ခဲ့ကြသည်။

သက္ကရာဇ် (၁၃၁၈)တွင် ဆာ ဦးသွင်နှင့် အလှူရှင်များက စေတီတော် အား ရွှေသင်္ကန်းကပ်လှူပြီး သက္ကရာဇ် (၁၃၁၉)တွင် စိန်ဖူးတော်၊ ငှက်မြတ်နား တော် အသစ်တင်လှူခဲ့ကြသည်။

သက္ကရာဇ်(၁၃၄၃)တွင် ဂေါပက အဖွဲ့နှင့် အလှူရှင်များက စေတီတော် အား ကြေးပြားကပ်ရွှေသင်္ကန်း ကပ်ခြင်း နှင့် သက္ကရာဇ်(၁၃၄၅)တွင် ထီးတော်ကို



ဝတ်တန်ဆောင်းအတွင်း၌ ပူးတွဲရသည့် ရုပ်ပွားတော်များ



ရေကန်အတွင်း၌ တည်ထားသည့် နဂါးရုံရုပ်ပွားတော်

ပြုပြင်မွမ်းမံပြီး ဘုံ(၉)ဆင့်မှ (၁၁)ဆင့် အထိ (၁၀)လက်မ တိုးမြှင့်ခြင်း ဆောင် ရွက်ခဲ့ကြသည်။

သက္ကရာဇ် (၁၃၆၄) ခုနှစ်တွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနာအား အမှူးထားပြီး ဆရာတော်၏ မတည်မှု ဖြင့် ဆရာတော်၏ တပည့်ဒါယကာများ၊ မော်လမြိုင် အောင်ဇမ္ဗူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသနှင့် တပည့် ဒါယကာများ၊ မွန်ပြည်နယ် အေးချမ်းဖြိုး ကောင်စီ ဥက္ကဋ္ဌ ဓိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင်နှင့် ဘက်စုံကြီးကြပ်မှု ကော် မတီဝင်များ၊ အလှူရှင်များ စုပေါင်း အားဖြင့် အောက်ပါတို့ကို ဆောင်ရွက် ခဲ့ကြပါသည်။

(က) စိန်ဖူးတော်၊ ငှက်မြတ်နားတော် အသစ်တင်လှူခြင်း၊ ထီးတော် သစ် တင်လှူခြင်း။

(ခ) စေတီလုံးတော်ပြည့် ရွှေသင်္ကန်း ကပ်ခြင်း။

(ဂ) နောင်တော်ကြီးစေတီတော် စိန် ဖူးတော်၊ ငှက်မြတ်နားတော် အသစ်တင်ခြင်း။

(ဃ) စေတီရင်ပြင်တော်နှင့် သာသနိ က အဆောက်အအုံများ ပြုပြင် မွမ်းမံတည်ဆောက်ခြင်း။

(င) စေတီမုခ်ဦး၊ စေတီတော်အဝင် လမ်း၊ စေတီရင်ပြင် အတက် လှေကား ပြုလုပ်ခြင်း။

(စ) ဝတ်အဝင်မုခ်ပေါက်၊ [illegible]ခါး ပေါက်ပြုလုပ်ခြင်း၊ [illegible]အတွင်း ကြွေပြားခင်းခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ရှင်သီဝလိရဟန္တာရုပ်တုတော်



ရှင်ဥပဂုတ္တရဟန္တာရုပ်တုတော်

(ဆ) ဝတ်အတွင်း ရုပ်ပွားတော်များ တံကဲပြုလုပ်ခြင်း၊ ရွှေသင်္ကန်း တပ်ခြင်း။

(ဇ) စေတီအနီး ရေကန်ကြီးအား အသစ်တစ်ဖန် ပြုပြင်မွမ်းမံခြင်း နှင့် ရေစင်တည်ဆောက်ခြင်း။

(ဈ) လျှပ်စစ်မီး ရောင်စုံများဖြင့် စေတီတော်နှင့် ရုပ်ပွားတော် များအား ပူဇော်ခြင်း။

စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ ဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်မှု လုပ်ငန်းများအတွက် ရေစက်ချ အလှူမင်္ဂလာပွဲကို သက္ကရာဇ် (၁၃၆၄) တပေါင်းလပြည့်နေ့ နံနက် နေထွက်ချိန်တွင် ကျင်းပရာ မော်လမြိုင် မြို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး များ၊ ပြည်နယ်၊ မြို့နယ် သံဃနာယက ဆရာတော်များ၊ စေတီတော် ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်တော် မူကြပါသည်။ ပြုသမျှသော ကောင်းမှု ကုသိုလ်တို့အတွက် နတ်လူသာဓု ခေါ် နိုင်ကြရန် ဤကမ္ပည်းကျောက်စာကို ရေးထိုးအပ်ပါသည်။

ရေးထိုးနှစ် သက္ကရာဇ် ၁၃၆၅ ခုနှစ်" ဟူ၍ ဖော်ပြထားသည်။

အရှင်ဇိနပုတ္တ (Web:facebook.com/Tayar Sarpay) တွင် ဖော်ပြထားသည့် စေတီတော်သမိုင်းမှာ -

မွန်ပြည်နယ်၊ ကမာဝက်မြို့က ကျိုက်ဇယ်ဆံတော်ရှင်စေတီတော် -

မဟာသက္ကရာဇ် (၁၁၁)ခုနှစ်၊ ဂေါတမမြတ်စွာဘုရားရှင် (၈)ဝါမြောက် နွေရာသီရောက်ချိန်တွင်ဝဝမ္ပတိမထေရ် ကြီးအား အကြောင်းပြုပြီး ရဟန္တာအပါး နှစ်သောင်း ခြံရံလျက် အာကာသဝေ ဟင် ကောင်းကင်ခရီးဖြင့် မွန်တို့ဌာနေ ရာမညမြေသို့ ဒေသစာရီ ကြွချီလာပြီး ပဋ္ဌာလနဂိုလ်ဇရာမြို့သို့ ရောက်ရှိတော် မူလေသည်။


ထိုစဉ်ခါက မြတ်ဗုဒ္ဓသည် မွန် တိုင်းရင်းသား အိုမင်းရင့်ရော် ဇရာ အတိုးအိုအား တွေ့ရသောအခါ လွန်စွာ သနားကရုဏာသက်ပြီး ဆံတော် လေးဆူကို ရဟန္တာမြတ် ပုဏ္ဏ ထံရှိမှ တစ်ဆင့် မွန်ရသေ့တစ်ပါးမှတစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူဝတ်အတွင်း ဖူးတွေ့ရသည့် ရုပ်ပွားတော်များ



စေတီတော်သမိုင်းနှင့်ဘက်စုံပြုပြင်တည်ဆောက်မှုကမ္ပည်းကျောက်စာ

ဇရာအဘိုးအိုသို့ ပေးအပ်ခဲ့သည်။ ယင်း အဘိုးအိုကား ဥစ္စာစောင့်နေပါကြွယ်ဝသည့် ဇိနသူဌေးဟု ခေါ်ဝေါ်ပါသည်။ ဇိန သူဌေးသည် ဆံတော်ရှင် လေးဆူကို လက်ခံရယူပြီးနောက် ရွှေကြုတ်ထဲ၌ ကိန်းဝပ်စေပြီး အတိုင်းမသိဝမ်းသာကာ မြတ်စွာဘုရားရှင်အား လွန်စွာကြည်ညို လျက် အကြိမ်ကြိမ် အခါခါ လက်အုပ် ချီမိုး ရှိခိုးပူဇော်ခဲ့ပါသည်။

ဘုန်းတော် အနန္တ ပြည့်စုံလှ သော မြတ်ဘုရားရှင်သည် ပုထုဇဉ်သား ဝေနေယျသတ္တဝါအပေါင်းတို့ ကောင်းမှု ကုသိုလ်ပွားနိုင်ရန် စေတီတစ်ဆူတည် ထားပါဟု အနုညာဏ်ဖြင့် တိုက်တွန်း တော်မူသည်။

ဇိနသူဌေးသည် ဆံတော်လေး ဆူကို ဦးထိပ်တင်ကာ မိမိနေအိမ်သို့ ပင့်ဆောင်ပြီး သုံးရက် သုံးညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဓာတုပူဇနိယ ပွဲတော်ကျင်းပရာ ရပ်နီးရပ်ဝေးမှ မွန် ပြည်သူအပေါင်းတို့က သောင်းသောင်း ဖြဖြ ကျောက်မျက်ရတနာ မျိုးစုံဖြင့် ပူဇော်ကြသည်။ ဇိနသူဌေးသည် မြတ်စွာဘုရား ဗျာဒိတ်တော်ထားသည့် အတိုင်း စေတီတစ်ဆူ တည်ထားကိုး ကွယ်ရန် နေရာရွေးချယ်ရာတွင် အများ ပြည်သူတို့၏ ဆန္ဒနှင့်အညီ မုန်လာစိုက် ခင်းနေရာကို ရွေးချယ်ခဲ့သည်။

ဆံတော်လေးဆူကို ဦးထိပ်ရွက် တင် ပင့်ဆောင်လာခဲ့ရာ ဆံတော်မြတ် ခေတ္တရပ်နား ကိန်းဝပ်သည့်နေရာကို 'ကျာ်ခတ်ဖူ'ဟူ၍ မွန်ဘာသာဖြင့် ခေါ် ဝေါ်လာကြရာ ကာလရွေ့လျား ကြာ လာသောအခါ 'ကျာ်ခတ်ဖူ'မှ 'ကျာ်မဲ့ဖူ' ဟူ၍လည်း ခေါ်ဝေါ်လာပြန်သည်။ မြန်မာဘာသာဖြင့် 'နောင်တော်ဘုရား' ဟု ခေါ်ဆိုသည်။ ယခု ကျာ်ခတ်ဖူ နောင်တော်ဘုရားသည် ကျိုက်ဗယ် ဘုရား၏ မြောက်ဘက်အရပ်နားတွင် တည်ရှိသည်။

ဆံတော်ရှင် ရပ်နားကိန်းဝပ် သည့် နေရာမှ ကျိုက်ဗယ်စေတီတော် တည်မည့်နေရာသို့ မပင့်ဆောင်မီ ဇိန သူဌေးကတော်၊ သား၊ သမီး၊ ခြွေရံသင်း ပင်း စုံလင်စွာဖြင့် ဒုတိယဓာတုပူဇနိယ

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြန်ပါသည်။

–ဆံတော်ရှင်လေးဆူ ကိန်းဝပ်တော်မူသည့် ရွှေကြုတ်တော်ကို ဇိနသူဌေး အဘိုးအိုကြီးကိုယ်တိုင် ဦးခေါင်းထိပ်ရွက်ပြီး စေတီတည်မည့်နေရာသို့ ပင့်ဆောင်ကာ ရတနာရွှေကြုတ်ကို ဦးခေါင်းမှချပြီး ,အုတ်တိုင်းထက်အလွန် ဝမ်းသာကြည်နူးလျက် ဖူးမြော်မဝ အားရကျေနပ် မြတ်နိုးစွာဖြင့် ရှိခိုးပူဇော်ပါသည်။

စေတီတော် တည်မည့်နေရာရှိ ချုံနွယ်သစ်ပင်များကို လူထုပရိသတ်ကြီး၏လုပ်အားဖြင့် ခုတ်ထွင်ရှင်းလင်းကာ မွန်လူမျိုးတို့က ဗိသုကာ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့ လက်မှုပညာရှင်တို့၏ လက်ရာဖြင့် စေတီတော်ကြီးတည်ခဲ့သည်။

စေတီတော်မတည်မီ ပုဗ္ဗကာရအဖြစ်သော –ဗလိနတ်စာကျွေးမွေးခြင်း၊ ပူဇော်ပသခြင်းကို ဇိနအဘိုးအိုသူဌေးကြီးကိုယ်တိုင် ဆောင်ရွက်ပြီး စေတီတော်စောင့် နတ်မြတ်အဖြစ် သုဒဗြိန့်ပဝန နတ်သားနှစ်ဦး တာဝန်ယူစောင့်ရှောက်တော်မူပါသည်။

စေတီတော် အုတ်မြစ်ချရာ၌ ဌာပနာတိုက်တော်တွင် ရွှေအုတ်၊ ငွေအုတ်၊ မြအုတ်၊ ပတ္တမြားအုတ် စသည်တို့ဖြင့် စီမံပြီး ဆံတော်ရှင်လေးဆူကို ဌာပနာတော်မူခဲ့သည်။ ထီးတော်ကို ဘုံ (၉)ဆင့် ပြုလုပ်ဆောင်ရွက်ပြီး ညာဏ်တော်မှာ အတောင် (၆၀) ဖြစ်သည်။ ထီးတော်တင်ပွဲတွင် ရှေးထုံး အစဉ်အလာ ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မွန်လာစိုက်ခင်းတွင် စေတီတည်ထားခြင်းကြောင့် 'ကျိုက်မြတ်ကံရဲ' ဟု



ဇိနရသေ့ကြီးအား မြတ်စွာဘုရားရှင် ဆံတော်ပေးသနားတော်မူနေပုံ

ခေါ်ဝေါ်ကြရာမှ ကာလကြာရှည်လာသောအခါ ဇိနသူဌေး အဘိုးအိုအား ဂုဏ်ပြုသောအားဖြင့် 'ကျိုက်ဇရာ+ကျိုက်ဖြာ' ဟူပြီး ယခုအတိုင်း ခေါ်ဝေါ်ကြပါသည်။ ယခင် ပဉ္စာလနဂိုလ်မြို့ကိုလည်း 'ဇရာမြို့' မြန်မာဘာသာဖြင့် ထုံဇယ်ဟု ခေါ်ဆိုကြပါသည်။

ကျိုက်ဇယ်ဘုရားကို ဇိနသူဌေးဇရာအဘိုးအို၏ ဆွေတော်မျိုးတော်နှင့် မွန်လူမျိုးများတို့၏ စဉ်ဆက်မပြတ် ဆက်ကာဆက်ကာ ပြုပြင်မွမ်းမံရာမှ နှစ်ရှည်လများကြာသောအခါ ကောဇာသက္ကရာဇ် ၁၀၄၀ ခုနှစ်တွင် ပဉ္စာလနဂိုလ်မြို့သား ဗညားသာဝေ အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘင်ဖြူပတ်အတွင်း၌ ဖူးတွေ့ရသည့် ရုပ်ပွားတော်များ

စဉ်အခါ "ကျိုက်ဖယ်၊ ကျိုက်ကအော့ စေတီနှစ်ဆူကို ပြန်လည်ပြုပြင်ရာမှ ပဉ္စလနဂိုလ်မြို့အနီး သီတင်းသုံးနေသော မွန်ရဟန်း ဖာရှင်သောဘိတ မထေရ်နှင့် တပည့်ရဟန်းတော် တစ်ပါးတို့က ရဟန်းရှင်လူ မွန်ပြည်နယ်သူအပေါင်းတို့ကို တညီတညွတ်တည်း တိုင်ပင်ပြီးလျှင် သက္ကရာဇ် ၁၀၄၈ ခုတွင် စေတီတော်ကို ၄ တောင်မြင့်အောင် တည်ခဲ့သဖြင့် စေတီတော်၏ ဉာဏ်တော်မှာ ၆၂ တောင် ရှိခဲ့သည်။

ပဉ္စလနဂိုလ်မြို့စား မည်သည့်ဘော် ပွား နတ်ရွာစံပြီးနောက် သားတော် (ဉပရာဇာ)မင်းငယ် ယက်ယက်ဦးဖုင်း၊ ယို့မင်းသားငယ် နတ်ရွာစံပြီးနောက် သားတော် မည်သည့်(မူဖြာ) လက်ထက်၌ ငင်း၊ ဘိုးတော် ခမည်းတော် လက်ထက်ကကဲ့သို့ပင် သာသနာတော် ထွန်းကားရေးကို ရှေးရှုပြီး ကျိုက်ဖယ်စေတီတော်ကို ထည်ဝါစွာ ပြုပြင်ခဲ့သည်။

ထိုမှတစ်ဖန် သက္ကရာဇ် ၁၂၆၃ ခုနှစ်တွင် မွန်သူဌေး မိထောခိုင်နှင့် သမီး ဖိုးကာပိုတို့ ဦးစီးပြီး ကျိုက်ဖယ်စေတီတော်ကို ပြုပြင်လာခဲ့ပြီး မင်းမြတ်ရာဇာ၊ သူဌေးသူကြွယ်၊ တိုင်းသူပြည်သားတို့က စဉ်ဆက်မပြတ် ကြည်ညိုရှိခိုး ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသည်။

ယခုမျက်မှောက်ကာလတွင်လည်း စေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် သံဃာတော် ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ကာ စောင့်ရှောက်ခြင်းဖြင့် မွန်မြတ်သော အစဉ်အလာကောင်းကို ထိန်းသိမ်းလာခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၁၃၅၀ ခုနှစ်မှ ၁၃၅၆ ခုနှစ်အထိ ကျိုက်ဖယ်၊ ကျိုက်တမော့ စေတီတော်ကို ကြည်ညိုရှိခိုးထိန်းသိမ်းရန် ဆရာတော် သံဃာတော် အဖွဲ့နှင့် (၂၈)ဦးပါဝင်သော ဂေါပကအဖွဲ့တို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်လာခဲ့သည်။ သက္ကရာဇ် ၁၃၅၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် ကြာသပတေးနေ့မှ စတင်ပြီး ဘုရားထီးတော်နှင့် ဘုရားကိုယ်ထည်များကို ပြုပြင်မွမ်းမံရာ ထီးတော်ကို ရွှေချပြီး ငှာပနာတိုက်တွင် ကျောက်မျက်ရတနာ ရွှေငွေများစွာကို ထပ်ဆင့်လှူဒါန်းရန် မွန်ပြည်သူလူထုကို စည်းရုံးစုစည်းပြီး လှူဒါန်းခဲ့သည်။

ထိုသို့ ပြုပြင်ရာတွင် ပဓာနနာယကဆရာတော်ကြီးများ ဖြစ်တော်မူကြသော ခက်ကော်ကျောင်းဆရာတော် ဘဒ္ဒန္တပါလိတထေရ်နှင့် လဝိမန်ထောကျောင်းဆရာတော် ဘဒ္ဒန္တကုမာရတို့က ဦးစီးဦးဆောင်ပြုကာ သက္ကရာဇ် ၁၃၅၄ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် သောကြာနေ့ နံနက် ၈ နာရီအချိန်တွင် ပြီးမြောက်ခဲ့သည်။

ကျိုက်ဖယ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရက်မှာ မွန်၊ မြန်မာ နှစ်ဆန်း ၁ ရက်မှ ၃ ရက်နေ့အထိ အစဉ်အလာအားဖြင့် ကျင်းပလာခဲ့သည်။ ယင်းပွဲ ပန်းလှည့်လည်ပူဇော်ခြင်းသည် ၁၃၄၉ ခုနှစ်မှစပြီး ကျင်းပလာခဲ့သည်။ နှစ်ဆန်း ၁ ရက်မှ ၃ ရက်နေ့အထိ ညပိုင်းတွင် ရပ်ဝေးရပ်နီးမှ အများပြည်သူတို့အား ဇာတ်ပွဲများဖြင့် [illegible]င် ဆက်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်မှ လှမ်းမြင်ရသည့် သံတော်ရှင် ဦးဇိနစေတီတော်



ရင်ပြင်တော်ပေါ်မှ လှမ်းမြင်ရသည့် လွှမ်းမောဖွယ်မြင်ကွင်း



ရင်ပြင်တော်ပေါ်တွင် မြင်တွေ့ရသည့် မြင်ကွင်းတစ်ကွက်

နေ့လယ်ပိုင်းတွင် မွန်-မြန်မာ ရိုးရာ လက်ဝှေ့ပွဲများ ကျင်းပပေးသည်။

ကျိုက်ဇယ်စေတီတော် ပရိဝုဏ် တွင် ဓာတုသမိုင်းဝင် ရွှေသာလျောင်း ဘုရား၊ အရှင်သောဏနှင့် ဥတ္တရထေရ်၏ မြတ်နှစ်ပါး တည်ထားခဲ့သည့် သိမ်တော်ကြီး၊ နဂါးရုံဘုရား၊ ဗုဒ္ဓဃာမိဘုရား၊ ဓာတုကျက်ဟောက်ကြီးဘုရား၊ ရပ်တော်မူဘုရား၊ တိုးနဝင်းကြေးသွန်းဘုရား၊ အလေးချိန် ၄၈၇၃ ပိဿာရှိ ခေါင်းလောင်းတော်ကြီး၊ ကမာဝက်သားများ ကိုယ်တိုင် မြှုပ်ထားသည့် ဓမ္မာရုံ တော်ကြီး၊ မဟာဗုဒ္ဓဝင်ပြတိုက်ကြီး လည်း ရှိသဖြင့် စုံလင်စွာ လေ့လာ ဖူးမြော်နိုင်ပါသည်။

Myanmar News Plus Article.

ဟု ဖော်ပြထားသည်။

ဤကဲ့သို့ စိတ်ဝင်စားဖွယ် ကောင်းသော စေတီတော်သမိုင်း နှစ် ရပ်နှင့်အတူ ကြည်ညိုဖွယ်ရာ တင့်တယ် သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသော ဦးဇိနဆံတော်ရှင် စေတီတော် ထံပါးသို့ စာရှုသူများလည်း တစ်ခါ တစ်ခေါက် သွားရောက်ဖူးမြော်လေ့လာ နိုင်ကြပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

င်းဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ဤသို့အားဖြင့် ဘဝမျိုးစုံတွင် ကျင်လည်ရင်း နောက်ဆုံးဘဝအဖြစ် သုဒ္ဓေါဒနမင်းလောင်းလျာသည် သာကီဝင်မင်းမျိုးတို့ အုပ်စိုးရာ ကပိလဝတ်ပြည်တွင် သီဟဟနုမင်းနှင့် ကစ္စနာမိဖုရားကြီးတို့၏ သားကြီးအဖြစ် သုဒ္ဓေါဒနမင်းသားဟူ၍ မဟာသက္ကရာဇ် ၁၀ ခု ဝါဆိုလပြည့် စနေနေ့တွင် ဖွားမြင်လာခဲ့တော့သည်။

ဓောတောဒန၊ သုက္ကောဒန၊ သက္ကောဒနနှင့် အမိတောဒနတို့သည် ညီတော်များတည်း။ အမိတ္တာနှင့် ပါလိတာတို့ကား နှမတော်တို့တည်း။

သုဒ္ဓေါဒနမင်းသား ၁၈ နှစ်အရွယ်ရောက်သော် အကျင့်သီလ မြင့်မြတ်၍ မိန်းမကောင်းအင်္ဂါနှင့်ညီညွတ်သော သတို့သမီးကို ရှာခဲ့၏။ ဒေဝဒဟပြည် အဥ္စနမင်း၏သမီးတော် သိရိမဟာမာယာ မင်းသမီးကို တွေ့ခဲ့သည်။ သီဟဟနုမင်းနှင့် အဥ္စနမင်းတို့ သဘောကြိုက်ညီကြသဖြင့် သားနှင့်သမီးတို့ကို ကြီးကျယ်ခမ်းနားစွာ လက်ထပ်ပေးခဲ့သည်။ တထာဂတဥဒါနဒီပနီကျမ်းတွင် ထိုလက်ထပ်ပွဲကို သုဒ္ဓါဝါသဗြဟ္မာ၊ သိကြားမင်းအမှူးပြုသော နတ်အပေါင်းတို့ပင်လျှင် လိုက်ပါ ချီးမြှင့်ခဲ့သည်ဟု ဆိုထားပါသည်။ ထိုကျမ်းတွင် ကျင်းပပုံအသေးစိတ်ကို အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ပါသည်။ ထို့နောက် သုဒ္ဓေါဒနမင်းသည် ဖခင်၏ထီးနန်းကို ဆက်ခံခဲ့သည်။ ထို့ပြင် သိရိမဟာမာယာ၏ ညီမတော် ပဇာပတိဂေါတမီမင်းသမီးကိုလည်း လက်ထပ်ယူခဲ့ပြန်သေးသည်။

သုဒ္ဓေါဒနမင်း၏ အကြီးတော်ဆရာလည်းဖြစ်၊ မင်းဆရာပုရောဟိတ်လည်းဖြစ်သူကား အသိတပုဏ္ဏားဟုလည်းခေါ်၊ ကာဠဒေဝိလပုဏ္ဏားဟုလည်းခေါ်သော ပုဂ္ဂိုလ်တည်း။ ခမည်းတော် သီဟဟနုမင်း၏ မင်းဆရာပုရောဟိတ် ဖြစ်ခဲ့သူတည်း။

သုဒ္ဓေါဒနမင်း နန်းတက်သော် မင်းသည် မိမိ၏ငယ်ဆရာအပေါ် လေးစားရိုသေမှု ဂါရဝတရား လျော့နည်းလာသဖြင့် ဗြာဟ္မဏဇာတိ အာစရိယမာန်ဖြင့် မကျေနပ်မနှစ်သက်၍ မင်းအား မိမိကို ရသေ့ပြုခွင့်ပေးရန် ပန်ကြားခဲ့သည်။ သုဒ္ဓေါဒနမင်းက ရသေ့ပြုပြီးကလည်း မိမိ၏ဥယျာဉ်၌သာ နေပါဟု တောင်းဆိုပြီး ခွင့်ပြုခဲ့ရာ ကမ္မဋ္ဌာန်းဘာဝနာတရားတို့ကို ပွားများပြီး ဈာန်သမာပတ်ရှစ်ပါးနှင့် လောကီအဘိညာဉ်ငါးပါးတို့ကို ဖြစ်စေခဲ့သည်။ နတ်ပြည်သို့ပင် သွားရောက်နေ့သန့်လေ့ရှိသည်ဟု ဆိုသည်။ ရှေ့ကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာလေးဆယ်ကို မြင်နိုင်စွမ်းရှိသည် ဟူသတည်း။

ဘုရားလောင်း၏ မယ်တော်တို့ကား ငယ်စဉ် ပျို့ရွယ်သောကာလ၌ သန္ဓေယူ သားဖွားခြင်း မပြုကြပေ။ ဘုရားလောင်းကိုဖွားမြင်ပြီး ခုနစ်ရက်မြောက်တွင် နတ်ရွာစံရရိုးဓမ္မတာဖြစ်ရကား မဇ္ဈိမအရွယ်၏သုံးပုံတွင် တတိယအပုံအရွယ်သို့ရောက်မှ သန္ဓေလွယ်ကြရသည်။ ထို့ကြောင့် မဟာမာယာမိဖုရားကြီးသည် သက်တော် ငါးဆယ့်ငါးနှစ် ခြောက်လ ရက်နှစ်ဆယ်အချိန် မဟာသက္ကရာဇ် ၆၇ ခု ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ကာလ ပစ္ဆိမယာမ်၌ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်ချိန်တွင် နတ်၊ ဗြဟ္မာအားလုံး၏ တောင်းပန်မှုကြောင့် တုသိတာနတ်ပြည်မှ ဂေါတမဘုရားလောင်း သန္တုသိတနတ်သား (သေတကေတုနတ်သား) သည် နတ်သက်ကြွေ စုတေတော်မူခဲ့၍ မယ်တော်မဟာမာယာ၏ ဝမ်းတိုက်တွင် သန္ဓေယူတော်မူခဲ့သည်။

အံ့ဖွယ် နိမိတ်ကြီးများဖြစ်ခဲ့ရကာ မဟာမာယာက ဘုရားလောင်း သန္ဓေယူစဉ်အချိန်က မြင်မက်ခဲ့သော အိပ်မက်ကို သုဒ္ဓေါဒနမင်းကို ကြားလျှောက်ရာ မင်းက ပုဏ္ဏားတို့အား နိမိတ်ဖတ်စေရာ မိဖုရား၌ ယောက်ျားမြတ် သန္ဓေတည်ကြောင်း၊ လူ့ဘောင်၌နေက စကြဝတေးမင်းဖြစ်မည်၊ တောထွက် ရဟန်းပြုက သဗ္ဗညု ဘုရားစင်စစ်ဖြစ်မည်ဟု ဟောကြသည်။

ဘုရားလောင်းသန္ဓေယူ၍ ဆယ်လကြာသော် ဖခင်ရှိရာ ဒေဝဒဟပြည်သို့ သွားလိုကြောင်း သုဒ္ဓေါဒနမင်းကို ပြောရာ ခရီးအတွက် လိုလေသေးမရှိအောင် စီမံပြုလုပ်ပေးခဲ့ပြီး သွားစေခဲ့သည်။

ကပိလဝတ်နှင့် ဒေဝဒဟ နှစ်ပြည်ကြားရှိ လုမ္ဗိနီအင်ကြင်းတောသို့ အရောက်တွင် မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်နေ့ သောကြာနေ့ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ချိန် ဂေါတမဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် ဖွားစဉ်ပင် -

"အဂ္ဂေါဟ မသ္မိ လောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိ လောကဿ၊ အယမန္တိမာ ဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ"

"ငါသည် လူသုံးပါးတွင် အမြတ်ဆုံးတည်း၊ ငါသည် လူသုံးပါးတွင် အကြီးကဲဆုံးတည်း၊ ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံးတည်း၊ ငါ၏ယခုပဋိသန္ဓေတည်နေရခြင်းကား ...အဖို့ရာ

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ပဋိသန္ဓေတည်နေရခြင်းဖြစ်၏၊ ယခုအခါ၌ ငါ့အဖို့ရာ တစ်ဖန် ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ"

ဟူ၍ စကြဝဠာတိုက် တစ်သောင်းလုံး လွှမ်းခြုံစေသော အသံတော်ဖြင့် ရဲရဲတောက်ကြွေးဝါး မြွက်ဆိုတော်မူခဲ့လေသည်။ ထို့နောက် ကပိလဝတ်ပြည်သို့ ပြန်ကြွလာခဲ့သည်။ ပြန်ရောက်သောနေ့၌ ကာဠုဒေဝီလရသေ့သည် နန်းတော်သို့ကြွလာရာ သုဒ္ဓေါဒနမင်းက သားကိုချီ၍ ရသေ့ကိုရှိခိုးစေရန် ပြုလုပ်ရာ ဘုရားအလောင်း၏ပခြေဖဝါးသည် ခုန်ပျံမြောက်တက်၍ ရသေ့၏ ဆံကျစ်ဖျား၌ တန့်နားစံပယ်နေသည်။

ရသေ့သည် ဘုရားလောင်း၏ ဘုန်းတန်ခိုး ပုဗ္ဗေကျေးဇူးကို ဆင်ခြင်ယိမ်းရှိသဖြင့် လက်အုပ်ချီခဲ့သည်။ ထိုအခါ သုဒ္ဓေါဒနမင်းသည် အံ့ဖွယ်ဖြစ်ရပ်ကို မြင်ရ၍ သားဘုရားလောင်းအား ပထမအကြိမ် ရှိခိုးခဲ့တော့သည်။ ဆင်ခြင်ကြည့်ရှုပြီး ကာဠုဒေဝီလရသေ့သည် ယောက်ျားမြတ်စစ်စစ် ဘုရားဧကန်ဖြစ်မည့်သူတည်းဟု မြင်၍ အားရဝမ်းသာရှိကာ ပြုံးရယ်ခဲ့သည်။ သို့သော် ဤယောက်ျားမြတ်သည် ဘုရားဖြစ်ချိန်တွင် မိမိသည် တရားမနာနိုင်သည့် အရူပဘုံ၌ ဖြစ်ရတော့မည်ဟု သိမြင်၍ ငိုခဲ့သည်။

သို့သော် တူဖြစ်သူ နာလကလုလင်မူကား ဘုရားကို ကောင်းစွာမီသူပါည်းဟု သိ၍ နမအိမ်သို့သွားကာ တူဖြစ်သူ နာလကလုလင်ကို သတ္တုဘုရားကို ရည်စူး၍ ကြိုတင် ရဟန်းပြုနေစေခဲ့သည်။

ဖွားမြင်ပြီး ငါးရက်မြောက်နေ့၌ ခေါင်းဆေးအမည်မှည့်မင်္ဂလာပြုရာတွင် ပုဏ္ဏားတို့အား သားတော်၏လက္ခဏာကို ဖတ်စေခဲ့သည်။ ပုဏ္ဏားခုနစ်ဦးက လက်နှစ်ချောင်းထောင်၍ လူ့ဘောင်၌နေက စကြဝတေးမင်း၊ တောထွက်ရဟန်းပြုက ဘုရားစင်စစ်ဖြစ်မည်ဟု ဟောကြား၏။ အသက်အငယ်ဆုံး ကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားကမူ လက်တစ်ချောင်းသာထောင်၍ ဘုရားစင်စစ် ဧကန်မုချဖြစ်မည်ဟု ဆိုခဲ့သည်။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးက မိမိ၏ သားတော်သည် အဘယ်အကြောင်းကြောင့် တောထွက်ရဟန်းပြုမည်နည်းဟု မေးရာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးမျိုးကို မြင်ရသဖြင့် တောထွက်ရဟန်းပြုမည်ဟု ဆိုသည်။

ထို့ကြောင့် သုဒ္ဓေါဒနမင်းသည် မိမိ၏သားသည် စကြဝတေးမင်းသာ ဖြစ်ရမည်။ တောထွက်ရဟန်းပြုစေမည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်း တို့၏ အသွင်မျှကိုပင် မိမိ၏သား မြင်တွေ့ရာ အရပ်အတွင်းသို့ မလာရောက်နိုင်ရန် အရပ်လေးမျက်နှာတစ်ဂါဝုတ် တစ်ဂါဝုတ်ခန့်ရှိသောအရပ် (တစ်ယူဇနာကို ရှစ်မိုင်ဟု ယူပါက နှစ်မိုင်ခန့်ပတ်လည်အရပ်) ၌ လုံခြုံအောင် အစောင့်အရှောက် ထားခဲ့လိုက်တော့သည်။

ဘုရားလောင်း ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်တွင် မယ်တော် နတ်ရွာစံပြီး တုသိတာနတ်ပြည်၌ သန္တုသိတနတ်သား ဖြစ်ရသည်။ သုဒ္ဓေါဒနမင်းကြီးသည် သားတော်အတွက် နို့ထိန်း အထိန်းအာယာတို့ကို ကောင်းစွာစိစစ်ရွေးချယ်ကာ ပြုစုလုပ်ကျွေးစေခဲ့သည်။ သို့သော် မိထွေးတော် ပဇာပတိဂေါတမီမိဖုရားကြီးက သားဘုရားလောင်းနောက် နှစ်ရက်၊ သုံးရက်ခန့်ကဖွားသော မိမိ၏သားရင်း နန္ဒမင်းသားကို နို့ထိန်းတို့နှင့်ထား၍ ဘုရားလောင်းကိုသာ နို့ချိုတိုက်ကျွေး ပြုစုပေးခဲ့သည်။

တစ်နေ့ သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာ အခမ်းအနားပြုလုပ်ရာသို့ သားတော်ကိုခေါ်၍ အနီးရှိဇမ္ဗူသပြေပင် အရိပ်ဝယ် ထားလေသည်။ အထိန်းတို့သည် အခမ်းအနားကိုသွားကြည့်ရာ ဘုရားလောင်းသည် နေရာမှ ထ၍ တင်ပျဉ်ခွေထိုင်ကာ အာနာပါနဿတိ ဘာဝနာကမ္မဋ္ဌာန်းကိုပွားများရာ ရူပါဝစရ ပထမဈာန်ကို ရစေခဲ့သည်။

အထိန်းတို့သည် မွန်းလွဲသောအခါမှ ဘုရားလောင်းကို သတိရမိပြီး ပြန်လာကြည့်သောအခါ ဘုရားလောင်း၏ ထက်ဝယ်ဖွဲ့ခွေလျက် တရားရှုမှတ်နေပုံနှင့် သပြေပင်ရိပ်သည် မရွေ့မပြောင်းဘဲ မူလမှာဝန်းအတိုင်းအတိုင်း ရှိနေပုံကိုကို အံ့ဩသွားကြ၍ပြီး သုဒ္ဓေါဒနမင်းကြီးထံ လျှောက်တင်ကြသည်။

သုဒ္ဓေါဒနမင်းသည် သားတော်၏ အံ့ဖွယ်ထူးခြား ပြာဋိဟာရိယပ်ပါးကို တွေ့ရသော် နှစ်ကြိမ်ရှိခိုးခြင်းဖြင့် ရှိခိုးပါသည်ဟုဆိုကာ ရှိခိုးခဲ့သည်။ ခုနစ်နှစ်သားအရွယ်တွင် ဘုရားလောင်းအတွက် သိကြားမင်းက မင်္ဂလာရေကန်ကို ဖန်ဆင်းပေးရာ သုဒ္ဓေါဒနမင်းကြီးသည် သား၏ ဘုန်းတန်ကြီးမားမှုအတွက် အလွန်ဝမ်းမြောက်ခဲ့ရသည်။ ဘုရားလောင်း တစ်ဆယ့်ခြောက်နှစ်သို့ရောက်သော် သုဒ္ဓေါဒနမင်းကြီးသည် သားအတွက် ဆောင်းရာသီစံနန်းဆောင်၊ မိုးရာသီစံနန်းဆောင်နှင့် နွေရာသီစံနန်းတော်တို့ကို ဆောက်လုပ်ပေးခဲ့သည်။

ထို့နောက်တွင် သာကီဝင်မင်းအပေါင်းတို့ထံ မိမိ၏သားတော်အတွက် သမီးကညာတို့ကို ပို့ဆက်ရန် သုဒ္ဓေါဒနမင်းကြီးက စာပို့တော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သာကီဝင်မင်းအပေါင်းတို့က အသိပညာ၊ အတတ်ပညာမဲ့သော မင်းသားအတွက် မပို့နိုင်ဟုဆိုကြရာ သုဒ္ဓေါဒနမင်းက သားတော်ကို ထိုအကြောင်းပြောပြခဲ့သည်။

ဘုရားလောင်းက ဆွေတော်မျိုးတော်တို့အား လေးအတတ်ကိုပြမည်ဟု ဆိုသဖြင့် အားလုံးကို စုစည်းဆင့်ခေါ်ခဲ့သည်။ ဘုရားလောင်းက များရေးအတတ်ကို သူမတူအောင် ထူးကဲစွာပြသခဲ့ရာ အားလုံးက ဘုရားလောင်းအား လေးစားခဲ့ကြတော့သည်။ သမီးကညာတို့ကို ဆက်သကြရာ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓနှင့် မိဖုရား အမိတ္တာတို့၏သမီးတော် ယသောဓရာမင်းသမီးနှင့် ဘုရားလောင်းတို့ကို လက်ဆက်ပေးကာ ထိမ်းနန်းအပ်ခဲ့သည်။

သူမတူသော လောကီ ကာမဂုဏ် စည်းစိမ်ကို တစ်ဆယ့်သုံးနှစ်ကြာ စံမြန်းခဲ့ပြီးနောက် မဟာသက္ကရာဇ် ၉၆ ခု ဝါဆိုလပြည့်နေ့တွင် ဥယျာဉ်တော်သို့ထွက်ကြွရာ နတ်တို့က အချိန်ကျပြီဖြစ်၍ ပြသသော သူအိုနိမိတ်ကို မြင်ရတော့သည်။ ဇရာသဘောကို ဆင်ခြင်သတိပြု သံဝေဂရပြီး အရွယ်တော်နုပျိုခြင်းကိုစွဲ၍ စိတ်ဓာတ်တက်ကြွခြင်းတည်းဟူသော ယောဗ္ဗနမာန်ကိုပယ်ရှားခဲ့သည်။ ထိုအကြောင်းကိုသိ၍ သုဒ္ဓေါဒနမင်းသည် ထက်ဝန်းကျင်မျက်နှာတို့သို့ နှစ်ဂါဝုတ်အထိတိုး၍ အစောင့်အရှောက်ချကာ ငါးပါးအာရုံ ကာမဂုဏ်စည်းစိမ်ကို ပို၍ခံစားရလေအောင် စီမံပေးခဲ့သည်။

ထိုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နောက်ထပ် လေးလအကြာ)တွင် တစ်ဖန် ဥယျာဉ်တော်သို့ကြွရာခရီး၌ ဒုတိယနိမိတ် သူနာပုံရိပ်ကို မြင်ရပြန်သည်။ ဘုရားလောင်းသည် နှိပ်စက်ဖိစီးတတ်သော ဗျာဓိတရားကို ဆင်ခြင်သံဝေဂယူခဲ့ပြီး အနာရောဂါကင်းခြင်းကို အစွဲပြု၍ စိတ်ဓာတ်တက်ကြွခြင်းတည်းဟူသော အာရောဂျမာန်ကို ပယ်ရှားတော်မူခဲ့သည်။

သုဒ္ဓေါဒနမင်းက နောက်ထပ် တစ်ဂါဝုတ်တိုး၍ အစောင့်ချထားပြန်သည်။ နောက်လေးလအကြာ ထိုနှစ် တပေါင်းလပြည့်နေ့တွင် ဥယျာဉ်သို့အသွား နတ်တို့က သူသေနိမိတ်ကို ပြကြပြန်သည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တရားသဘောတို့ကို သံဝေဂယူဆင်ခြင်မိပြီး အသက်ရှည်ခြင်းကိုအစွဲပြု၍ စိတ်ဓာတ်တက်ကြွခြင်းတည်းဟူသော ဇီဝိတမာန်ကို ပယ်ရှားတော်မူခဲ့သည်။ သုဒ္ဓေါဒနမင်းကြီးက ကာမဂုဏ်စည်းစိမ်ကို တိုး၍ခံစားနိုင်အောင် စီမံစေပြီး နောက်ထပ် တစ်ဂါဝုတ်တိုး၍ အစောင့်ချထားပြန်သည်။

ထို့နောက် မဟာသက္ကရာဇ် ၉၇ ခု လေးလအကြာ ဝါဆိုလပြည့်နေ့တွင် ဥယျာဉ်သို့ကြွသွားစဉ် ရဟန်းနိမိတ်ကို မြင်ရတော့၏။ ထိုအခါ ဓမ္မ၊ သမ၊ ကုသလ၊ ပုည ဂုဏ်ထူးဝိသေသလေးပါးတို့ဖြင့် ခေါ်ဆိုရသည့် ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့ကိုကျင့်ကြံပြီး သတ္တဝါတို့ကို မညှဉ်းဆဲဘဲ အကျိုးဖြစ်ထွန်းအောင်စောင့်ရှောက်တတ်သော ရဟန်းဘဝက ကောင်းမြတ်လှပေသည်ဟု နှစ်သက်တော်မူသည့် ဘုရားလောင်းသည် ထိုနေ့ပင် ရဟန်းပြုမည်ဟု ဆောက်တည်အမိဋ္ဌာန်၍ ပြန်အလာတွင် ခမည်းတော် သုဒ္ဓေါဒနမင်းက စေလွှတ်လိုက်သည့် မင်းချင်းက ဘုရားလောင်းကို သားရာဟုလာဖွားမြင်ကြောင်းလျှောက်တင်ခဲ့သည်။

ကာမဂုဏ်အာရုံတို့ကို ငြီးငွေ့လာသည့်ဘုရားလောင်းသည် တစ်ခဏအိပ်စက်ပြီး နိုးလာရာ ဖျော်ဖြေပေးခဲ့သည့် ကချေသည်တို့ အိပ်စက်ရင်းဖြစ်နေသည့် အခြင်းအရာတို့ကို မြင်ရသော် ကာမဂုဏ်၏အပြစ်ကို တိုး၍မြင်ကာ တောထွက်ရဟန်းပြုရန် ပိုမိုစိတ်ထက်သန်လာခဲ့သည်။

ထို့ကြောင့် ဆန္နအမတ်ကို ကဏ္ဍကမြင်း ပြင်ထားရန် ခိုင်းခဲ့ကာ ယသောဓရာ၏ တိုက်ခန်းအဝမှသာ လျှင် အိပ်ပျော်နေသော သားနှင့်ဇနီးကို ကြည့်ရှုမျှကြည့်ပြီး တောထွက်ခဲ့သည်။ မဟာသက္ကရာဇ် ၉၇ ခု ဝါဆိုလပြည့် တနင်္လာနေ့တည်း။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်သည် မြို့တော်မှ အလွယ်တကူ မထွက်နိုင်ရန် မြို့တံခါးတို့၏ တံခါးရွက် တစ်ခုစီသည် ယောကျ်ားဗိုလ်ခြေ တစ်ထောင်အားဖြင့်ဖွင့်မှ ပွင့်နိုင်အောင် အခိုင်အမာ စီမံထားသော်လည်း နတ်တို့၏အကူအညီဖြင့် ထွက်နိုင်ခဲ့သည်။ စကြာမင်းစည်းစိမ်ဖြင့် လာရောက်ဟန့်တားသည့် မာရ်နတ်ကို နှင်ထုတ်ပြီးနောက် တစ်ညဥ့်ချင်းဖြင့်ပင် အနော်မာမြစ်ကမ်းသို့ ရောက်ခဲ့၏။ သိကြားမင်းနှင့် ဃဋိကာရဗြဟ္မာတို့၏ လှူဒါန်းကူညီမှုဖြင့် ရဟန်းအဖြစ်ကို ရယူခဲ့သည်။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရကနန်းအပ်သည်ကို ငြင်းပယ်ပြီး အာဠာရနှင့် ဥဒက ဂိုဏ်းဆရာကြီးများထံ လောကီဈာန်သမာပတ်တို့ကို ကျင့်ကြံအောင်မြင်ခဲ့သော်လည်း နိဗ္ဗာန်ရောက်ကြောင်းတရားမဟုတ်ကြောင်း ဆင်ခြင်မိသဖြင့် ထွက်ခွာခဲ့ကာ ဥရုဝေလ[illegible]တွင် ပဓာနအလုပ်ကို ခြောက်နှစ်ကြာ ကျင့်ကြံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျင့်နေစဉ် လဲကျသွားခဲ့ရာ သေပြီဟုယူဆသော နတ်တို့က သုဒ္ဓေါဒနမင်းကို သားတော်သေသွားပြီဟု လာပြောကြသည်။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးက မယုံဘဲ မိမိ၏သားတော်သည် ဘုရားဖြစ်ပြီးမှ သေသလား၊ ဘုရားမဖြစ်မီ သေသလားဟု မေးခဲ့သည်။ ထိုအခါ နတ်သားက ပဓာနအလုပ်အားထုတ်ရင်း ဘုရားမဖြစ်မီ လဲကျသေသွားကြောင်းပြန်ပြောခဲ့သည်။

သုဒ္ဓေါဒနမင်းက မိမိ၏သားတော်သည် သဗ္ဗညုတဉာဏ်တော်ကို မရဘဲနှင့် သေခြင်းသည် လုံးဝမဖြစ်နိုင်ဟု တင်းမာစွာပြောကြားခဲ့သည်။

ဘုရားလောင်းသည် ဒုက္ကရစရိယ ခြောက်နှစ်ကျင့်ပြီးသော် မဂ်ဖိုလ်ရရာလမ်းမဟုတ်ကြောင်း ဆင်ခြင်မိပြီး အကျင့်ပြောင်းကာ အာနာပါနဿတိဘာဝနာကမ္မဋ္ဌာန်းကို အခြေခံယူ၍ ကျင့်ကြံအားထုတ်ခဲ့ရာ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ချိန်တွင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိခဲ့လေသည်။ ထိုနှစ် ဝါဆိုလပြည့် စနေနေ့ညချမ်း ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်ချိန်တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောတော်မူကာ တရားစက်ကို စတင်လည်တော်မူခဲ့သည်။

ဝါဆိုလပြည့်ကျော် ၅ ရက် ကြာသပတေးနေ့တွင် အနတ္တလက္ခဏသုတ်ကိုနာယူပြီး ပဉ္စဝဂ္ဂီငါးဦးသည် ဧဟိဘိက္ခုရဟန္တာဖြစ်ကြကုန်၏။ သံဃာရတနာ စတင်ထွန်းလင်းတောက်ပလာခဲ့တော့သည်။ ထိုမှ ယသသူဌေးသားမှအစပြု၍ ဘဒ္ဒဝဂ္ဂီညီနောင်၊ ဥရုဝေလကဿပအမှူးပြုသော ရသေ့ညီနောင်တို့ကို ဧဟိဘိက္ခုရဟန္တာချည်း ဖြစ်စေခဲ့သည်။

ထို့နောက် ရာဇဂြိုဟ်ပြည်သို့ ကြွ၍ ဗိမ္ဗိသာရမင်းအား တရားဟောကာ သောတာပန်တည်စေခဲ့သည်။ ရာဇဂြိုဟ်ပြည်သား တစ်သောင်းကို ရဟန္တာဖြစ်စေခဲ့သည်။ အချိန်ကား မဟာသက္ကရာဇ် ၁၀၃ခု ပြာသိုလပြည့်ကျော် အချိန်တည်း။

သုဒ္ဓေါဒနမင်းကြီးသည် သားတော် ဘုရားလောင်း၏ သတင်းကို တောထွက် ရဟန်းပြုသည်မှစ၍ အမြဲမပြတ် စုံစမ်းနားထောင်ခဲ့သည်။ ဘုရားဖြစ်ပြီးနောက် ရာဇဂြိုဟ်ပြည်၌ ရဟန္တာအခြံအရံတို့ဖြင့် စံနေကြောင်း သိနေခဲ့သည်။

ထို့ကြောင့် အမတ်တစ်ယောက်ကို အခြံအရံတစ်ထောင်နှင့် ရာဇဂြိုဟ်ပြည်သို့လွှတ်ကာ ဘုရားရှင်၏ ခမည်းတော်က ဖူးမြော်လိုပါကြောင်း လျှောက်တင်စေခဲ့သည်။ ထိုအမတ်နှင့် အခြံအရံတစ်ထောင်တို့သည်ဘုရားရှင်ထံရောက်လျှင် တရားနာကြရသော် ဧဟိဘိက္ခုရဟန္တာချည်း ဖြစ်ကုန်ရာ လောကီကိစ္စတို့ကို လျစ်လျူရှုကြကုန်သည်ဖြစ်၍ သုဒ္ဓေါဒနမင်း၏ လျှောက်ထားချက်ကို ဘုရားရှင်အား မလျှောက်တင်ကြတော့ဘဲ ရဟန်းတရား၌ မွေ့လျော်ကြကုန်၏။ နောက်ထပ် ထိုသို့ အမတ်တစ်ဦးနှင့် အခြံအရံတစ်ထောင်စီကို ထပ်လွှတ်ရာ ကိုးကြိမ်တိုင်သည်အထိ အားလုံးသည် ဘုရားရှင်၏ တရားကိုနာယူရပြီး ဧဟိဘိက္ခုရဟန္တာချည်းဖြစ်ကာ တရားဖြင့်သာ နေကြကုန်၏။

သို့နှင့် နောက်ဆုံးတွင် ဖွားဖက်တော် ကာဠုဒါယီအမတ်ကိုခေါ်၍ အကျိုးအကြောင်းပြောပြရာ ကာဠုဒါယီက ရဟန်းပြုခွင့်ရပါက သုဒ္ဓေါဒနမင်း၏ ဆန္ဒ ပြည့်စေရပါမည်ဟု လျှောက်တင်ရာ သုဒ္ဓေါဒနမင်းက ခွင့်ပြုပြီး အခြံအရံတစ်ထောင်နှင့် လွှတ်လိုက်၏။ ကာဠုဒါယီတို့သည်လည်း ဘုရားရှင်၏ တရားနာရသော် ဧဟိဘိက္ခုရဟန္တာချည်း ဖြစ်ကြကုန်သည်။

အချိန်ကား မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့်ပင် ရောက်ခဲ့ပြီ။ ဘုရားရှင် ဒေသစာရီကြွချီရန်အချိန်ကောင်း ဖြစ်ရကား ကာဠုဒါယီထေရ်သည် မိမိ၏ ကတိခံဝန်ချက်အတိုင်း ဘုရားရှင်ကို ကပိလဝတ်ပြည်သို့ ကြွတော်မူပါရန် ဂါထာခြောက်ဆယ်ကျော်ဖြင့် ပင့်လျှောက်ခဲ့တော့သည်။ ဘုရားရှင်က လက်ခံတော်မူပြီး ရဟန္တာ နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှစ၍ ထွက်ခွာလာရာ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် နှစ်လတိုင်ကြွချီသော် ကပိလဝတ်ပြည်သို့ မဟာသက္ကရာဇ် ၁၀၄ ခု ကဆုန်လပြည့်ကျော် ၁ ရက်နေ့၌ ရောက်တော်မူခဲ့သည်။

ဘုရားရှင်နှင့် သံဃာတော်တို့ ကြွချီလာစဉ်က ကာဠုဒါယီထေရ်သည် ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကောင်းကင်ခရီးကြွကာ သုဒ္ဓေါဒနမင်းထံသို့သွား၍ နေ့တိုင်းနေ့တိုင်း ဘုရားရှင်သည် မည်သည့်နေရာသို့ ရောက်နေပြီဖြစ်ကြောင်း သိစေခဲ့သည်။ ကာဠုဒါယီထေရ်အား သုဒ္ဓေါဒနမင်းသည် ဆွမ်းကပ်ဘုဉ်းပေးစေပြီးသော် သားဘုရားရှင်အတွက် သပိတ်ဖြင့် ဆွမ်းကို မထေရ်အားကပ်၏။ မထေရ်က ဘုရားရှင်အားကပ်လှူရာ နေ့စဉ်ပင် ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်း ကပ်လှူသော ဆွမ်း[illegible] သုံးဆောင်တော်မူခဲ့သည်။

ကပိလဝတ်ပြည်[illegible] ဂေါတမဘုရားရှင်သည် နိ[illegible]ရုံဥယျာဉ်တွင်

www.burmeseclassic.com

www.burmeseclassic.com

စံနေသည်။ ဘုရားရှင်ကို ဖူးမြော်ရန်လာကြသော သာကီဝင်မင်းတို့သည် ဇာတိမာန် ခက်ထန်ထောင်လွှားကြသူများ ဖြစ်ရကား ငယ်သူတို့ကို ရှေ့မှာထား၍ ရှိခိုးစေ၏။ ကြီးသူတို့က နောက်တွင်နေ၍ ရှိမခိုးကြချေ။ ဘုရားရှင်က ရေမီးအစုံအစုံ ယမိုက်ပြာဋိဟာကိုပြ၍ သာကီဝင်မင်းတို့ကို ကျိုးနွံပျပ်ဝပ်စေခဲ့သည်။

သုဒ္ဓေါဒနမင်းကြီးက မိမိသည် ဖွားစက တစ်ကြိမ်၊ လယ်ထွန်မင်္ဂလာပြုစဉ်က တစ်ကြိမ်နှင့် ယခုတတိယအကြိမ်အဖြစ် ရှိသေစွာ ရှိခိုးပါသည်ဟုဆို၍ ရှိခိုးခဲ့ရာ ကျန်အားလုံးသောသူတို့ကလည်း ရှိခိုးကြကုန်၏။

ဘုရားရှင်သည် ရတနာစင်္ကြံမတော်ကိုဖန်ဆင်း၍ စင်္ကြံကြွရင်း အရှင်သာရိပုတ္တရာ အမှူးပြုသော သံဃာတော်တို့နှင့် ပရိသတ်တို့အား ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူခဲ့သည်။ ဒေသနာအဆုံးတွင် နတ်ဗြဟ္မာ ကုဋေတစ်သိန်း ရဟန္တာဖြစ်ကုန်၏။ အောက်မင်္ဂ အောက်ဖိုလ်တည်သူတို့ကား မရေမတွက်နိုင်အောင်များသောဟူသတည်း။ တရားဟောပြီး ဓမ္မပလ္လင်တွင် စံနေစဉ် အစုံအညီ ဆွေတော်မျိုးတော်တို့ စည်းဝေးမိသော ထိုအချိန်တွင် ပေါက္ခရဝဿမိုးကြီး ရွာသတည်း။ ပရိသတ်တို့က အံ့ဩချီးကျူးကြသည်ကို အကြောင်းပြု၍ ဂေါတမဘုရားရှင်က ရှေးဘုရားအလောင်းတော် ဘဝ၌လည်း ထိုသို့ပေါက္ခရဝဿမိုး ရွာဖူးကြောင်း မိန့်တော်မူရင်း ဂါထာတစ်ထောင်တို့ဖြင့်တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်ကို ဟောသတည်း။

တရားနာပြီး ပြန်ကြသော်လည်း မည်သည့် ဆွေတော်မျိုးတော် တစ်ဦးကမျှ ဆွမ်းဖိတ်ပင့်လျှောက်ခြင်း မပြုကြချေ။ သုဒ္ဓေါဒနမင်းကြီးသည်လည်း ငါ၏သားတော်သည် ငါ့နန်းတော်သို့ပင် ကြွလာလိမ့်မည်ဟု အောက်မေ့စိတ်ချယုံကြည်ပြီး ဘုရားရှင်ကို မပင့်ဖိတ်ဘဲ ပြန်သွားကာ ဘုရားရှင်နှင့်သံဃာတို့အတွက် ယာဂုဆွမ်းတို့ကို ချက်ပြုတ်စီရင်ကာ အသင့်ရှိနေစေခဲ့သည်။

နောက်နေ့ သံဃာတော်တို့နှင့် ကပိလဝတ်နေပြည်တော်သို့ ဆွမ်းခံကြွရာတွင်လည်း မည်သူကမျှ စောင့်ကြိုပင့်ဆောင်ခြင်းမရှိပေ။ ဘုရားရှင်သည် ရှေးရှေးသော နောင်တော့် နောင်တော်ဘုရားရှင်တို့ ပြုခဲ့သည့်အတိုင်း အိမ်စဉ်မပြတ် မျက်နှာကြီးငယ်မရွေး ဆွမ်းရပ်လှည့်လည်တော်မူခဲ့သည်။ ဆွမ်းခံကြွလာသော ဘုရားရှင်နှင့် သံဃာတော်တို့အား လူအများသည် သူ့ထက်ငါလုယက်နေရာယူ၍ ဖူးမြော်ကြကုန်သည်။

ဤသတင်းကိုသိသော် သုဒ္ဓေါဒနမင်းသည် တုန်လှုပ်ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍ ဝတ်လဲတော်ကို ကိုင်မရင်း အလျင်အမြန် ဘုရားရှင်ရှိရာသို့ အပြေးသွားကာ အဘယ်ကြောင့် မိမိကို အရှက်ခွဲရပါသနည်း။ အဘယ်ကြောင့် လှည့်လည်ဆွမ်းခံရပါသနည်း။ မိမိက ဆွမ်းကို ပြည့်စုံစွာ အကပ်လှူနိုင်ဟု မှတ်ထင်နေပါသလားဟုလျှောက်ခဲ့သည်။

ဘုရားရှင်က အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်း (သပဒါနစာရိက) ကျင့်ဝတ်သည် ဘုရားအနွယ်တော်တို့၏ ကျင့်ဝတ်ဖြစ်ကြောင်း ဖြေရာ သုဒ္ဓေါဒနမင်းက မိမိတို့အမျိုးသည် မဟာသမ္မတခတ္တိယမျိုးသာ ဖြစ်သည်။ မည်သူမျှ ဆွမ်းခံလှည့်လည်ခြင်းမပြုကြဟု ဆိုပြန်သည်။ ထိုအခါ ဘုရားရှင်က ထိုမင်းမျိုးနွယ်သည် ဖခင်မင်းကြီး၏ အနွယ်သာဖြစ်သည်။ မိမိသည်ကား ဘုရား၏ အနွယ်တည်း။ ဘုရားရှင်တို့ကား အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်း အကျင့်ဖြင့်ပင် အသက်မွေးမှုပြုကြောင်း မိန့်တော်မူကာ ခရီးလမ်းအကြား၌ ရပ်တော်မူရင်းပင် -

"ဥတ္တိဋ္ဌေ နပ္ပ မဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။

ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ"

"မင်းကြီး၊ ရဟန်းဖြစ်သောသူသည် ဒကာ၊ ဒကာမတို့၏ အိမ်တံခါးဝဝယ် သပ္ပာယ်စွာရပ်၍ ရအပ်သောဆွမ်း၌ မမေ့မလျော့ရာ၊ အနေသန (မအပ်သောရှာမှီးမှု) နှင့် မဖက်စပ်ကောင်းစွာကျင့်အပ်သော ဆွမ်းခံလှည့်လည်ခြင်း အကျင့်ကို ကျင့်ရာ၏၊ ယင်းသို့ ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေထိုင်ရလေသည်"

ဟူသော ဂါထာကို ဟောတော်မူရာ ဂါထာ၏အဆုံးတွင် သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်တော့သည်။ ထို့နောက် နန်းတော်သို့ပင့်၍ အသင့်ခင်းထားသည့် မြတ်သောနေရာတွင် သီတင်းသုံးလျက် ဘုရားရှင်သည် -

"ဓမ္မံ စရေ သုစရိတံ၊ နနံ ဒုစ္စရိတံ စရေ၊

ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ"

"မင်းကြီး အနေသနနှင့် မဖက်စပ်၊ ကောင်းစွာကျင့်အပ်သော ဆွမ်းခံ

www.burmeseclassic.com

www.burmeseclassic.com

အကျင့်ကို ကျင့်ရာ၏၊ ထိုဆွမ်းခံအကျင့်ကို (အပျိုကြီး၊ ပဏ္ဍုက်၊ သေတင်းကုပ်၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ၊ ရဟန်းမ ဤခြောက်ပါးသော) အဂေါစရဌာနနှင့် လှည့်လည်သောအားဖြင့် မကောင်းသဖြင့် မကျင့်ရာ၊ ယင်းသို့ အနေသနနှင့် မဖက်စပ် ဖြူစင်သော ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည်ယခုဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာနေထိုင်ရလေ၏"

ဤဒုတိယဂါထာ၏ အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိဖိုလ်၌ တည်ရှိမက မိထွေးတော်မဟာပဇာပတိ မိဖုရားကြီးသည်လည်း သောတာပတ္တိဖိုလ်၌ တည်ခဲ့၏။ ဘုရားရှင်ကို ဆွမ်းကပ်ရာသို့ ယသောဓရာမိဖုရားသည် မလာဘဲ မိမိသည် ပေါ်းဖော့သခင်ကျွန်နှင့် ကမ္ဘာပေါင်းသိန်းထက်မှ ပါရမီဖြည့်ဖက် ဖြစ်ခဲ့သူဟု ဘုရားရှင်ပေါက်မံ သမ်မှမ် ပါက မိမိထံသို့ ကြွပေါ်မူလိမ့်မည်ဟု ခံယူပြီး တိုက်ခန်း၌သာ နေနေခဲ့သည်။

ဘုရားရှင်ကလည်း ယသောဓရာ တိုက်ခန်းသို့ ကြွလာရာ မိဖုရားသည် ဘုရားရှင်၏ ခြေဖက်နောက်နှစ်ဖက်တို့ကို လက်ဖြင့် တင်းကျပ်စွာ ဆွဲကိုင်ပိုက်ဖက်၍ ဖမိုးတော်ထက်၌ ခေါင်းကို တင်ပြီး အားပါးတရ အလိုရှိတိုင်း ရှိခိုးခဲ့သည်။

လင်သားက ထားခဲ့ခံရ၍ မည်မျှ ပူပန်သောကဖြစ်ရပြီး မွေးစသားငယ်ကို ပိုက်ရင်း လင်သား၏သတင်းကို စွင့်ရင်း မိမိနိုင်သမျှ လင်သားအတိုင်း လိုက်၍ ကျင့်ကြံခဲ့သူ ချွေးမတော်ကို ကြည့်ရင်း သုဒ္ဓေါဒနမင်းကြီးသည် မနေနိုင်တော့ဘဲ သားဘုရားရှင်ကို လျှောက်တင်တော့သည်။

ချွေးမတော်သည် သားဘုရားက ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံသည်ဟု သိသည့်အချိန်မှစ၍ ဖန်ရည်စွန်းသော အဝတ်သာဝတ်ခဲ့ကြောင်း၊ ဘုရားရှင်က ဆွမ်းတစ်ထပ်သာ စားကြောင်းကြားရသော် ထမင်းတစ်ထပ်သာ စားခဲ့ကြောင်း၊ မြတ်သောအိပ်ရာကို ဘုရားရှင်က စွန့်ပစ်ကြောင်းသိလျှင်လည်း ကြိုးပြားဖြင့် ရက်အပ်သော ညောင်စောင်း၌သာ အိပ်ခဲ့ကြောင်း၊ ဘုရားရှင်က ပန်းနံ့သာ စသည်တို့မှ ရှောင်ကြဉ်ကြောင်း ကြားသိရလျှင်ပင် ပန်းပန်ခြင်း နံ့သာလိမ်းခြင်း အမှုတို့ကို ရှောင်ကြဉ်ခဲ့ကြောင်း၊ ဘုရားရှင် တောထွက်ကြွသွားပြီးနောက် မျိုးနွယ်တူ မင်းညီမင်းသားတို့က ယူရောက်မြန်းကြသော်လည်း ချွေးမတော်သည် တစ်ဦးတစ်ယောက်ကိုမျှ ဂေဟာသိတ မပမာဏမှ ဖြင့် စောင်းငဲ့၍ပင် မကြည့်ခဲ့ကြောင်း စသည်ဖြင့် ချွေးမတော်၏ ဂုဏ်ကျေးဇူးတို့ကို သုဒ္ဓေါဒနမင်းကြီးသည် လျှောက်တင်ခဲ့သည်။

ယင်းအခါ ဘုရားရှင်က မင်းနှင့် မိဖုရားတို့၏ စောင့်ရှောက်မှုအောက်တွင် ဉာဏ်ပညာ ရင့်ကျက်လာနေပြီဖြစ်သော ယခုအချိန်မျိုးတွင် မဆိုထားဘိ ရှေးက ထိန်းသိမ်းစောင့်ရှောက်မည့်သူ မရှိဘဲလျက် ပါရမီဉာဏ် မရင့်သန်မီကပင် ရာဟုလာမယ်တော်လောင်းသည် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း မိန့်တော်မူဖျော်ကာ ပကိဏ္ဏက နိပါတ်လာ စန္ဒကိန္နရီဇာတ်ကို ဟောတော်မူခဲ့သည်။

ကပိလဝတ်ပြည်သို့ ဘုရားရှင် ကြွရောက်၍ သုံးရက်မြောက်တွင် သုဒ္ဓေါဒနမင်းကြီးသည် သားတော် နန္ဒမင်းသားကို အိမ်ရှေ့စံအဖြစ် အပ်နှင်းခြင်းနှင့် နှမတော်ဖြစ်သူ ဇနပဒကလျာဏီနှင့် ထိမ်းမြားခြင်းမင်္ဂလာတို့ကိုပြုပေးကာ ဘုရားရှင်နှင့် သံဃာတို့အား ဆွမ်းကပ်ရာ အနုမောဒနာ မင်္ဂလာတရားကို ဟောပြီးနောက် ဘုရားရှင်သည် နန္ဒမင်းသားကို ရဟန်းပြုစေလို၍ အပြန်တွင် သပိတ်ကို နန္ဒမင်းသားအား ပေးလိုက်သည်။ မင်းသားသည် နောင်တော်ဘုရားကို အရိပ်ကြည့်ရင်းကြည့်ရင်း သပိတ်ကိုပိုက်ကာ ကျောင်းတော်အထိ ပါသွားတော့သည်။

ကျောင်းသို့ရောက်လျှင် ဘုရားရှင်က ရဟန်းပြုမည်လားဟုမေးရာ ဆန့်ကျင်ပြီးမလျှောက်ဝံ့သဖြင့် အလိုဆန္ဒမရှိသော်လည်း ရဟန်းပြုခဲ့သည်။

ကစ်ဖန် ခုနစ်ရက်မြောက်တွင် နန်းတော်သို့ သံဃာတို့နှင့်အတူ ဆွမ်းစားကြွပြီးချိန်တွင် မိခင်၏ သွန်သင်ပေးမှုအရ ရာဟုလာမင်းသားငယ်သည် ဖခင်ဘုရားရှင်ထံလာပြီး တီတီတာတာ စကားများပြောကာ ဘုရားရှင်ယံ ဖခင်မှ ပေးရန် အောင်း၏။ ဘုရားရှင်ပြန်အကြွတွင်လည်း နောက်မှလိုက်၍ အမွေတောင်းရင်း ကျောင်းသို့ရောက်သွားတော့၏။

ဘုရားရှင်က ဥပဇ္ဈာယ်ဆရာအဖြစ် အရှင်သာရိပုတ္တရာ၊ ပဗ္ဗဇ္ဇစရိယအဖြစ် အရှင်မောဂ္ဂလာန်၊ ဩဝါဒါစရိယအဖြစ် အရှင်မဟာကဿပတို့ကို ပြုစေလျက် ရာဟုလာမင်းသားကို ရှင်သာမဏေ ပြုပေးစေခဲ့တော့သည်။

ထိုသတင်းကို ကြားရသော် သုဒ္ဓေါဒနမင်းကြီးသည် လွန်စွာ စိတ်မသက်မသာဖြစ်၍ ပင်ပန်းဆင်းရဲ ဖြစ်ရတော့၏။

သုဒ္ဓေါဒနမင်းကြီးသည် သားများ၊ မြေးများကို အလွန်ချစ်မြတ်နိုးသူ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး သားတော်သိဒ္ဓတ္ထမင်းသား၊ သားတော် နန္ဒမင်းသားနှင့် မြေးတော် ရာဟုလာတို့ကို ဖွားမြင်ပြီးနောက် ပုဏ္ဏားတို့က စကြဝတေးမင်း ဖြစ်လိမ့်မည်ဟု ဟောဆိုကြရာ စကြာမင်းအသရေတော်ဖြင့် တင့်တယ်နေမည့် သား၊ မြေးတို့ကို မြင်ရတော့မည်ဟု အလွန်အားရဝမ်းသာဖြစ်နေခဲ့သူဖြစ်သည်။ သားတော်သိဒ္ဓတ္ထမင်းသားသည် တောထွက်ရဟန်းပြုသောအခါ ဆန္ဒမပြည့်ဝတော့ပြီဖြစ်၍ လွန်စွာ စိတ်နှလုံး ပင်ပန်းနွမ်းနယ် ဆင်းရဲခဲ့ရသည်။ တစ်ဖန် နန္ဒမင်းသားကလည်း ရဟန်းပြုပြန်ရာ ဒုတိယအကြိမ် စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရပြန်သည်။ နောက်ဆုံးမျှော်လင့်ချက်ဖြစ်သည့် မြေးရာဟုလာကလည်း ရဟန်းသာမဏေပြုလိုက်ပြီဟု ကြားရပြန်သော် သုဒ္ဓေါဒနမင်းကြီး၏စိတ်ဝယ် သာကီဝင်မင်းဆက် ပျက်ရချေပြီ၊ စကြာမင်းအသရေကို မည်သို့မျှ မမြင်ရနိုင်တော့ပါတကားဟု တွေးမိရင်း ရှေးကထက် ပို၍ စိတ်ဆင်းရဲရတော့သည်။

သုဒ္ဓေါဒနမင်းကြီးမှာ သကဒါဂါမ် အရိယာသာဖြစ်သေးသဖြင့် ဒေါသကိလေသာကို အမြစ်ပြတ်မပယ်သတ်နိုင်ရသေး၍ စိတ်နှလုံးဆင်းရဲခြင်း ပြင်းစွာဖြစ်ရှိပေသည်။ ထို့ကြောင့် မည်သို့မျှ အောင့်အည်းသည်းခံခြင်းငှာ မတတ်နိုင်တော့ဘဲ ဘုရားရှင်ထံသွား၍ ရှိခိုးပြီး လျှောက်တင်တော့သည်။

မိမိသည် ဆုတောင်းလိုကြောင်း လျှောက်ရာ ဘုရားရှင်က အခြားသူများထံမှ အလျှုခံ၍ အသက်မွေးရသော ရဟန်းဟူသည် အခြားသူတစ်ဦးကို ဆုပေးခြင်း ဆုချခြင်းအလုပ်ကို လုပ်ခြင်းသည် ရဟန်းတို့အတွက် အလုပ်မဟုတ်၊ မသင့်လျော်၊ ဘုရားရှင်တို့၏ အလေ့အကျက် မဟုတ်။ ဘုရားရှင်တို့သည် လွန်မြောက်ပြီးသောဆု ရှိကြကုန်၏ဟု မိန့်တော်မူ၏။ သုဒ္ဓေါဒနမင်းက မိမိတောင်းသည့်ဆုသည်အပ်လည်းအပ်စပ် အပြစ်မရှိသောဆုပါဟု လျှောက်တင်မှ ဘုရားရှင်က ခွင့်ပြုခဲ့သည်။

သုဒ္ဓေါဒနမင်းကြီးက သားသိဒ္ဓတ္ထမင်းသား တောထွက်ရဟန်းပြုသောအခါ မော်မပြနိုင်လောက်အောင် လွန်စွာဆင်းရဲဒုက္ခ ခံသာကဖြစ်ရပါကြောင်း၊ တို့အတူ နန္ဒမင်းသား ရဟန်းပြုသောအခါ၌လည်း များစွာစိတ်ဒုက္ခ ဖြစ်ခဲ့ရကြောင်း၊ ယခု မြေးရာဟုလာ ရှင်သာမဏေပြုသည်ဟု ကြားရသည့်အခါ အတိုင်းထက်အလွန် ဆင်းရဲဒုက္ခ ဖြစ်ရပါကြောင်း၊ မိဘဘိုးဘွားတို့သည် သားသမီး မြေးမြစ်တို့အပေါ် ဖြစ်ပွားသော မေတ္တာပေမခါတ်သည် အပေါ်ယံအရေပြားမှ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကိုဖြတ်ပြီး ရိုးတွင်းခြင်ဆီသို့ ခိုက်၍တည်ပါကြောင်း၊ သို့ပါ၍ အမိအဖတို့ အခွင့်မပြုသော သား၊ မြေးကို ရှင်ရဟန်းပြုပေးတော် မမူပါရန် မလျှောက်ထား တောင်းပန်သည်ဟု လျှောက်တင်ရာ ဘုရားရှင်က

"နဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော၊ ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ"

"ရဟန်းတို့ မိဘနှစ်ပါး ခွင့်မပြုအပ်သော သားကို ရှင်ရဟန်းမပြုပေးရာ၊ အကြင်ရဟန်းသည် ရှင်ရဟန်းပြုပေးပါက ထိုရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ"

ဟူသော ပထမဆုံးသောပညတ်တော်မူသည့် ဘုရားရှင် ပညတ်သည့် သိက္ခာပုဒ်ကို ဟောတော်မူခဲ့သည်။ နောက်နေ့၌ နန်းတော်တွင်ဆွမ်းကပ်စဉ် သုဒ္ဓေါဒနမင်းကြီးက အစေ့အစပ်စကား ဆိုကြရင်း သားဘုရားလောင်းတော်တွင် ဒုက္ကရစရိယာကျင့်နေစဉ်အတွင်း သားတော်သည် မူးလဲသေလွန်ကြောင်း နတ်များက လာပြောရာ မယုံကြည်ခဲ့ဘဲ သားတော်သည်ဘုရားအဖြစ်သို့မရောက်ဘဲ ပြည်သည့်နည်းနှင့်မျှ ပရိနိဗ္ဗာန်ပြုခြင်း မဖြစ်နိုင်ဟု ပြောကာ နတ်တို့ကို ငြင်းခဲ့ကြောင်း ပြော၏။ ခမည်းတော်သည် ရှေးဘဝတို့၌ပင် ဆိတ်ရိုးကို သား၏အရိုးဟုဆိုပြီး သားသေကြောင်း လာပြောသည်ကို မယုံကြည်ဘဲ ပယ်ချခဲ့ကြောင်း မိန့်တော်မူကာ ဘုရားရှင်သည် ဓမ္မပါလဇာတ်ကို အကျယ်တဝင့် ဟောတော်မူပြီး ဆက်လက်၍ သစ္စာလေးပါးတရားအချက်ကို ဟောတော်မူရာ စတုသစ္စ ဓမ္မကထာ ဒေသနာနိဂုံး ဆုံးသောအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်တော့သည်။

ဂေါတမဘုရားရှင်သည် ဒေသစာရီကြွချီရင်း မလ္လတိုင်း အနုပိယအမည်ရှိ သရက်ဥယျာဉ်တွင် သီတင်းသုံးနေစဉ် ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းအပေါင်းကို စည်းဝေးစေကာ ဘုရားရှင်သည် လူ့လောင်၌နေပါက စကြဝတေးမင်းဖြစ်ကာ ဇမ္ဗူဒိပ်ကျွန်းအလုံးမှ မင်းအပေါင်းက ဝန်းဝိုင်းခြံရံ၍ နေကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘုရားရှင်ကိုလည်း ဝန်းဝိုင်းခြံရံပေးရန် တစ်အိမ်လျှင် မင်းသား တစ်ဦးကျ ရဟန်းပြုရမည်ဖြစ်ကြောင်း ပြောတော့သည်။

ဆွေတော်မျိုးတော်တို့ကလည်း သဘောကြိုက်ညီပြီး တစ်ပြိုင်နက်တည်းပင် မင်းသားတစ်ထောင်သည် အနုပိယတောသို့ လိုက်သွားပြီး ဘုရားရှင်ထံ



www.burmeseclassic.com

www.burmeseclassic.com

ရှင်ရဟန်းပြုကြလေ၏။ ထိုအထဲတွင် ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသားနှင့် ဒေဝဒတ္တမင်းသားတို့ ပါခဲ့သည်။သူတို့နှင့်အတူ ဝိနည်းဓေတဒဂ်ရှင်ဥပါလိထေရ်လောင်းလည်း ပါခဲ့သည်။

အနာထပိဏ်သူဌေးကြီးသည်လည်း ဘုရားရှင်ကို ဖူးမြင်ရပြီး တရားနာရသော် သောတာပန်တည်ခဲ့ကာ ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းလေသည်။ ညီတော်နန္ဒသည်လည်း ရဟန္တာအဖြစ်သို့ ရောက်ခဲ့ပြီဖြစ်သည်။

ဝေသာလီပြည်၏ ကပ်ဘေးကိုလည်း ရတနသုတ်တရားဟောပြီး ငြိမ်းအေးစေခဲ့၏။ ကပိလဝတ်နှင့် ကောလိယသာကီဝင်မင်းတို့၏ ရေလုပြီး စစ်ခင်းမည့်ပြဿနာကိုလည်း ဘုရားရှင်က ငြိမ်းစေခဲ့သည်။ ထို့မှ နတ်ပြည်မှ အစည်းအဝေးကြီးဖြစ်ကာ မဟာသမယသုတ် ၁၀၇ ခု နယုန်လပြည့်နေ့ (ပဉ္စမမြောက် ဝါကပ်ဝါနီး)တွင် မဟာသမယသုတ်တော်များကို ဟောတော်မူခဲ့ရာ မရေမတွက်နိုင်လောက်အောင်ပင် အကျွတ်တရား ရကြကုန်၏။ ဤသို့ဖြင့် ပဉ္စမမြောက်ဝါကို ဝေသာလီပြည်အနီး မဟာဝုန်မဝေ (မဟာသမယသုတ်တော်များဟောရာအရပ်)အတွင်းရှိ ကူဋာဂါရကျောင်းတိုက်၌ ဝါကပ်ဆိုတော်မူခဲ့သည်။

ဝါဝင်ပြီးနောက် ဝါခေါင်လသို့ရောက်သော် သုဒ္ဓေါဒနမင်းကြီးသည် ပြင်းစွာသောဝေဒနာ ဖြစ်လာသည်။ သက်တော် (၉၇)နှစ်ပြည့်၍ (၉၈)နှစ်ထဲသို့ ရောက်နေချေပြီ။ ဝေဒနာခံစားလျက် သေရာညောင်စောင်း၌ အိပ်ရင်းသားဘုရားရှင်၊ သားနန္ဒထေရ်၊ တူတော်အာနန္ဒာထေရ်နှင့် မြေးတော်ရာဟုလာရှင်သာမဏေတို့ကို အောက်မေ့တဆိုနေခဲ့သည်။

ဤသည်ကို ဆင်ခြင်မိသဖြင့်သိလိုက်ရသော ဘုရားရှင်သည် ရဟန်းတို့နှင့်အတူ သုဒ္ဓေါဒနမင်း၏အနားသို့ကြွသွားပြီး ခမ္မသံဝေဂဖြစ်ကာ အစေ့အစပ် စကားဆိုခဲ့သည်။ သုဒ္ဓေါဒနမင်းကြီးသည် ပြည့်သောမျက်ရည်ရှိ မျက်စိဖြင့် မိမိ၏ဝေဒနာ တိုး၍တိုး၍လာကြောင်း လျှောက်တင်၏။

ဘုရားရှင်သည် လက်ယာလက်မောင်းတော်ကို ဆန့်တန်း၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး လောကတို့၏ အကျိုးစီးပွားအလို့ငှာ ပါရမီတို့ကို ဖြည့်ကျင့်ကာ ဘုရားဖြစ်ခဲ့ကြောင်း သစ္စာဆိုပြီး သုဒ္ဓေါဒနမင်း၏ ဦးခေါင်းကို လက်နှင့်ထိပြီး သုံးသပ်ခဲ့သည်။ သုဒ္ဓေါဒနမင်း၏ခေါင်း၌ ဝေဒနာငြိမ်းသတည်း။ ဖခင်အားနန္ဒာကလည်း မိမိသည် ဘုရားရှင်နှင့် ထက်ကြပ်မကွာ အမြဲရှိနေပြီး ဘုရားရှင်၏အရိပ်သမှုယ်ဖြစ်ကြောင်း သစ္စာဆို၍ လက်ဝဲဖြင့် သုဒ္ဓေါဒနမင်း၏ လက်ယာလက်မောင်းကို သုံးသပ်ရာ ထိုနေရာ၌ ဝေဒနာငြိမ်းခဲ့သည်။

အရှင်နန္ဒထေရ်က ဘုရားရှင်၏ စကားကိုလိုက်နာ၍ မာသယပေါ်ဟရုန်းကုန်ရကြောင်း သစ္စာဆိုပြီး လက်ဖြင့်မင်းကြီး၏ ကျောပြင်ကို သုံးသပ်ရာ လက်ဝဲလက်သည့် ဝေဒနာငြိမ်းခဲ့သည်။ မြေးတော် ရှင်ရာဟုလာက မိမိသည် ဖခင်မင်းသား ဘဝက ဖခင်သည် ဇာတကာပုဏ္ဏားသို့ မိမိကိုပေးလှူရာ ဖခင်၏စကားကိုလိုက်နာခဲ့ကြောင်း သစ္စာဆိုပြီး ကျောကုန်းကို လက်ဖြင့်ဆုပ်နယ်ပေးရာ ဝေဒနာငြိမ်းခဲ့သည်။

အနာကင်းသွား၍ ဝမ်းသာနေသော သုဒ္ဓေါဒနမင်း၏ အသက်ကြွင်းသည် ခုနစ်ရက်သာကျန်ကြောင်းဘုရားရှင်က မြင်ပြီး အရဟတ္တဖိုလ်၏ ဥပနိဿယ ရှိ မရှိ ဆင်ခြင်ရာ ရှိသည်ဟုမြင်၍ သုဒ္ဓေါဒနမင်းကြီးအား နေ့ညဉ့်ပတ်လုံး တရားဟောတော်မူခဲ့သည်။ ခုနစ်ရက်မြောက်နေ့၌ ခပ်သိမ်းသောသင်္ခါရတရားတို့၏ အမြဲမရှိသောအဖြစ်ကို ပြတော်မူခြင်းငှာ

"အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဓါ ပညာယ ပဿတိ။

အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။"

"ထောဘူမက သင်္ခါရတို့သည် စင်စစ်ကေန် အမှန်အားဖြင့် အမြဲမရှိကြကုန်။ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကြကုန်၏။ ဖြစ်ပြီး၍ ချုပ်ပျောက်ကြကုန်၏။ ထိုတောဘူမက သင်္ခါရတို့၏ ချုပ်ရာငြိမ်းရာ မဟာအသံခတာမာတ်နိဗ္ဗာန်သည် ချမ်းသာကေန် စင်စစ်ပုန်၍တကား။

ခပ်သိမ်းကုန်သော သင်္ခါရတို့သည် ဆင်းရဲကြကုန်၏။ ဤသို့ အကြောင်းအခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်၏။ ထိုသို့ ရှုမြင်သည်ရှိသော် သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ကိုသို့ ငြီးငွေ့ခြင်းသည် စင်ကြယ်သောနိဗ္ဗာန်အကျိုးငှာလမ်းကြောင်းသည် ဖြစ်၏"

သုဒ္ဓေါဒနမင်းကြီးသည် တရားဒေသနာကို အစဉ်မှီးပြီး ဝိပဿနာကိုပွားရာ ရုပ်ရာဂ၊ မာန၊ ဥဒ္ဓစ္စရှိသောကိလေသာတို့ကို အကြွင်းမရှိပယ်၍



www.burmeseclassic.com

www.burmeseclassic.com

ပဋိသန္ဓေဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ခဲ့သည်။ ဘုရားရှင်အားလည်း မိမိ၏ အရဟတ္တဖိုလ်ရခြင်းကို လျှောက်၍ တစ်ဆက်တည်းပင် မိမိ၏ ပရိနိဗ္ဗာန်ပြုမည့် အခြင်းအရာကို ပန်ကြားလျှောက်တင်ခဲ့သည်။

ဘုရားရှင်ကလည်း ပရိနိဗ္ဗာန်ပြုခြင်း၏ အခါကို သိလော့ဟု မိန့်တော်မူခဲ့သည်။

ဂေါတမီမိဖုရားကြီးမှစ၍ အားလုံးသောသူတို့သည် ပြင်းစွာငိုကြွေးကြကုန်သည်။

သုဒ္ဓေါဒနမင်းကြီးက အားလုံးကို စိုးရိမ်ပူဆွေး ငိုကြွေးမနေကြရန် သေခြင်းတရားသည် လောက၏ ဖြစ်ခြင်းဓမ္မတာသာဖြစ်ကြောင်း၊ ချစ်ခင်နှစ်သက်အပ်သူတို့နှင့် ကွေကွင်းရခြင်းသည်လည်း လောက၏ ဓမ္မတာဖြစ်ကြောင်း၊ လောက၏သဘောသည် ဖြစ်တတ်သကဲ့သို့ ပျက်တတ်သည်သာဖြစ်ကြောင်း၊ လောက၌ မပျက်သောအဖြစ်သည် မရှိကြောင်း နှစ်သိမ့်စကားဆိုခဲ့သည်။

ထို့နောက် ဘုရားရှင်အား ရှိခိုး၍ ကံသုံးပါးဖြင့် ပြစ်မှားမိသောအပြစ်တို့ကို သည်းခံရန် တောင်းပန်လျှောက်ထားပြီး အိပ်ရာထက်၌ လျောင်းလျက်လူအဝတ်ဖြင့်ပင် မဟာသက္ကရာဇ် ၁၀၇ ခု ဝါခေါင်လပြည့် စနေနေ့ နေထွက်အခါတွင် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုသတည်း။

ဘုရားရှင်သည် ပရိသတ်တို့အား အနိစ္စနှင့်စပ်သော တရားစကားဖြင့် သက်သာရာရစေ၍ ရဟန်းတို့အားလည်း မဂ်ဖိုလ်ရခြင်း၏ အကြောင်းဖြစ်သော အကျင့်၌ မမေ့မလျော့ခြင်းနှင့် ပြည့်စုံကြရန် မိန့်တော်မူကာ အရှင်မဟာကဿပအား မင်းကြီး၏ ရုပ်အလောင်းကို သင်္ဂြိုဟ်ရန် မြေနေရာကို စီမံစေခဲ့သည်။

ပြီးသော် ဘုရားရှင်ကိုယ်တော်တိုင် မင်း၏ဦးခေါင်းကိုကြွချီ၍ ရေသွန်းပေးကာ အရှင်သာရိပုတ္တရာထေရ်က ရေချိုးပွတ်သပ် စင်ကြယ်စေသည်။ ထို့နောက် ထမ်းစင်ဖြင့် သင်္ချိုင်းမြေသို့သယ်ခဲ့သည်။ ဘုရားရှင်ကိုယ်တိုင်ပင် ထင်းပုံပေါ်သို့ ရုပ်အလောင်းကို တင်ပေးခဲ့သည်။ ထို့နောက် သိကြားမင်း၏လက်မှ ပတ္တမြားမီးကိုယူ၍ ထင်းကို မီးရှို့ပေးခဲ့သည်။ နောက်မှ သိကြား နတ်လူတို့က ဆက်၍ မီးရှို့ပေးခဲ့ကြသည်။

မဟာသက္ကရာဇ် ၁၀ ခု ဝါဆိုလပြည့် စနေနေ့တွင် ဖွားမြင်ခဲ့သော သုဒ္ဓေါဒနမင်းကား မဟာသက္ကရာဇ် ၁၀၇ ခု ဝါခေါင်လပြည့် စနေနေ့တွင် ပရိနိဗ္ဗာန်ပြုသတည်း။

သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုပြီးနောက် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်း၌ စံနေသောဘုရားရှင်ထံ မိထွေးတော် ဂေါတမီမိဖုရားကြီးနှင့် သာကီဝင်မင်းသမီးငါးရာတို့သည် ရှင်ရဟန်းမအဖြစ် ပြုခွင့်တောင်းရာ အရှင်အာနန္ဒာမထေရ်ကလည်း တောင်းပန်လျှောက်ထားပေးသဖြင့် ဘိက္ခုနီသာသနာ ပေါ်ပေါက်လာခဲ့သည်။

မိထွေးတော်ဂေါတမီ မိဖုရားကြီးလည်း ရဟန္တာဖြစ်ခဲ့သည်။ နောက်တွင် သမီးတော် ဇနပဒကလျာဏီ၊ ယသောဓရာဒေဝီတို့လည်း ရဟန်းမအဖြစ်ရကြကာ ရဟန္တာမ ဖြစ်ကုန်ကြသည်။

လောကထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် တပည့်သာဝက သံဃာတို့နှင့်အတူ ပရိနိဗ္ဗာန်ပြုခဲ့ပေပြီ။ အရဟတ္တဖိုလ် ဆိုက်ရောက်ခဲ့ကြသော သုဒ္ဓေါဒနမင်း၊ ဂေါတမီမိဖုရား၊ နန္ဒာမင်းသမီး၊ ယသောဓရာမိဖုရားတို့သည်လည်း ပရိနိဗ္ဗာန်စံဝင်ကုန်ကြပြီ။ တပည့်သာဝက သံဃာအဆက်ဆက်၏ သွေးချွေးစွမ်းအားတို့ကြောင့် သာသနာသည် မကွယ်သေး။

ယခု ကျွန်ုပ်တို့နိုင်ငံတွင် ထေရဝါဒ ဂေါတမဗုဒ္ဓသာသနာသည်ပွင့်ထွန်းတည်တံ့နေဆဲဖြစ်သည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ အာသနာသုံးရပ် ထွန်းလင်းတောက်ပနေဆဲတည်း။ မဂ်ဖိုလ် ရောက်ကြောင်း အကျင့်တို့သည် တည်ရှိနေဆဲဖြစ်သည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး မိန့်မှာခဲ့သည့်အတိုင်း မဂ်ဖိုလ်ရခြင်း၏ အကြောင်းဖြစ်သော အကျင့်တို့၌ မမေ့မလျော့ မပျင်းမရိ မခိုမကပ်ဘဲ ကြိုးစားအားထုတ် ကျင့်ကြံကြခြင်းဖြင့် နိဗ္ဗာန်မဂ်ဖိုလ်သို့ ပေါက်မြောက်ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

**လင်းယဉ်ဉာဏ်**

**ကျမ်းကိုး**

(၁) မဟာဗုဒ္ဓဝင်ကျမ်း (တိပိဋကမင်းကွန်းဆရာတော်)

(၂) ငါးရာ့ငါးဆယ် ဇာတ်တော်ကြီး ဝတ္ထု ငါးတွဲ (ညောင်ကန်ဆရာတော်)

(၃) ဓမ္မပဒကျမ်း (ညောင်လေးပင်တောရဆရာတော်)

(၄) တထာဂတဥဒါနဒီပနီ (ဒိပဲယင်းသုံးထပ်ရွှေကျောင်းဆရာတော်)

(၅) မဟာနိပါတ်လာ ဇာတ်တော်ကြီး ဆယ်ဘွဲ့ (အရှင်ဩဘာသ၊ အရှင်နန္ဒမေဓာ၊ အရှင်ပညာတိက္ခ)

❑



www.burmeseclassic.com

www.burmeseclassic.com





# မွန်ပြည်နယ် ဂုဏ်ရှိ သာသနာ့နယ်မြေမှ ထူးခြားဆန်းကြယ်မှုများ

**ပေဒသာတေသီဆရာမျိုး**

## နိဒါန်း

စာရေးသူသည် လွန်ခဲ့သောလက သားမြေးသဖွယ် ဖြစ်သော ကမ္ဘာ့ဆရာဂေဝါကက်၏ ဖိတ်ကြားမှုဖြင့် မွန်ပြည်နယ်၊ မုဒုံမြို့တွင် သွေးအလည်ရောက်စဉ် ဝင်းစိန်တောရ ဖျိုင်းနှစ်ကောင် ဘုရားသို့ သွားရောက်လေ့လာ ဖူးမြော်ခွင့် ကြုံခဲ့ရာမှ ဤဆောင်းပါး အစတည်ခဲ့ပါသည်။

## တည်နေရာ

ကျေးဇူးတော်ရှင် မဟာဝိဇ္ဇာဂုဏ်ထူးသဘင်မှ ရောက်က ကါဏ်ပါဆရာ (ဝင်းစိန်ဆရာတော်ဘုရားကြီး) ဦးစီးတည်ဆောက်တော်မူခဲ့သော ကမ္ဘာ့အကြီးဆုံးဖြစ်သည့် ဇီနသုခရုပ်အောင်ချမ်းသော အတော်လေးရာပြည့် လျောင်းတော်မူဘုရားကြီးနှင့် အတောင်ချောက်ရာ လျောင်းတော်မူ ဘုရားကြီးတို့ ကိန်းဝပ်စံပယ်တော်မူရာ ဝင်းစိန်တောရ ကျောင်း သာသနာပြုစခန်းသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မုဒုံ-သံဖြူဇရပ်ကားလမ်း၊ မိုင်တိုင်အမှတ် ၁၄ ရှိ မြိုင်ကုန်း ကျေးရွာ၏ အရှေ့ဘက် တစ်မိုင် နှစ်ဖာလုံအကွာတွင် တည်ရှိပါသည်။

## ဖျိုင်းနှစ်ကောင်မုခ်ဝ

ဝင်းစိန်တောရကျောင်းသို့ ဝင်ရောက်ရာလမ်းတွင် မြိုင်ကုန်းရွာ၏ ပေ ၂၀ ခန့် အမြင့်ရှိသည့် ကြီးမားသော ဖျိုင်းကြီးနှစ်ကောင်၏ အလယ်တွင် သိဒ္ဓတ္ထမင်းသား ဘုရား လောင်း တောထွက်တော်မူရန် စံတော်ပယ်ဖျော်ဖြေတစ်ခုနှင့် ၃၅ ပေခန့် အမြင့်ရှိသော မုခ်ဦးအဝင် ကတ္တရာခင်းလမ်းမ ကြီးမှဝင် ဝင်ရောက်ရပေသည်။ ဖျိုင်းနှစ်ကောင်မုခ်ဝ မှ၍ မွန်ပြည်နယ်သားများက ခေါ် ဝေါ်ကြသည်။

မုခ်ဦးရှေ့တွင် မွန်ပြည်နယ်အမှတ်အသား ဟင်္သာ ငှက်ရုပ်ကို တွေ့ရှိရပါသည်။ မုခ်ဦးပေါ်၊ သူရဲကောင်းတို့၏ ရုပ်တုများ ပါရှိပါသည်။

ဖျိုင်းနှစ်ကောင် အခြားတယ်မှာ ရေတွက်ပေါက်(သို့) ကပျပ်ပေါက်မှနေ၍ ဖွံ့ လှံ့လ၊ ဝိရိယဖြင့် အစာကို စောင့် သည့် ဖျိုင်းတို့ကို ပုံမဟာထား၍ တရားရှာမှီလိုသူတို့၏ စိတ် အစဉ်တွင် သတိပဋ္ဌာန်တရား လက်ကိုင်ထားကာ ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် အစဉ်မပျက်သတိကပ်၍ ရှုမှတ်ပွားများရန် စိတ်ရည်သန်ကာ ပုံဖော်ပြုလုပ်ပေးထားခြင်း ဖြစ်သည်။

ရင်းကတ္တရာလမ်းမကြီးအတိုင်း ဝင်လာသောအခါ စေတီငယ်နှစ်ဆူနှင့် ရဟန္တာငါးရာ၊ အလယ်ဗဟိုမှတစ်ဆင့် စေတီပုထိုးကြီးငယ်များ၊ ဝင်းစိန်ဆရာတော်ကြီး၏ ပုံတူရုပ်တု တော်ကြီး၊ ဝင်းစိန်တောရသာသနာပြုစခန်းကို စောင့်ရှောက် သော အဘိုးနိုင်ခရာပုံ ရုပ်တုများ တွေ့ရပါသည်။

ဆရာတော်ဘုရားကြီး၏ ပုံတူရုပ်တုတော်ကို [illegible] ခြင်္သေ့ကဲ့သို့သော အသားစား သတ္တဝါများ [illegible] ပေါ်တွင် မေတ္တာတရား ကြီးမားစွာထားရှိသဖြင့် [illegible] ဘေးအန္တရာယ် မရှိပုံကို ပီပြင်စွာ ဖော်ပြထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





### မရှိမရှုပ်စေတီ

ဆရာကောက်၏ပြဲဝါဖနှင့် တည်ထားသော အဓိဋ္ဌာန်ပေါက် စေတီပာစ်ဆူပင်ဖြစ်သည်။ ၁၃၄၇- ဂုနှစ်၊ တန်ခူးလပြည့်နေ့ ညဥ့်ဦးယံအချိန်တွင် တပည့်သံဃာ ကိုးပါးနှင့် တစ်ညတည်း အပြီးတည်သော (ကျိုးမနိုး) အရုက်မကက်မီ ကိုးကောင်တင်ပျှပေဟာ်မူသော စေတီတော်ဖြစ်ပါသည်။

၁၃၄၅- ခုနှစ်တွင် မှန်စီရွှေချ ညာဏ်တော်ကိုးပေ အမြင့်သို့ မြန်လည်မွမ်းမံ၍ ၁၃၄၆-တွင် စေတီတော်ကို ငှဖိုး ယိပန်း၊ သိတာ်ခါးများ တပ်ဆင်ပြုလုပ်၍ ၇၇၇၇- ခုနှစ်တွင် မှန်စီရွှေချစေတီတော်ကို မယိခိုက်စေဘဲ ခြုံငုံ၍ လိုက်ာစေတီ ဟာစ်ဆူ တည်တော်မူသည်။ ထိုစေတီအပေါ်မှ မရှုစေတီ ပုထိုးပေဟာ်ကြီးများ တည်ထားကြည့်အတိုင်း သစ်ပေ ယံမပါဝင်ဘဲ အုတ်စီပြီးသက်သက်ဖြင့် စေကိုပုထိုးတော်ကြီး တစ်ဆူ ထပ်ဆင့်၍ တည်တော်မူကာ ညာဏ်တော် ၄၅ ပေအမြင့်ရှိ မှုထိုးစေတီတော်ကြီးကို ထီးတော်တင်လှူခဲ့ပါသည်။ နှစ်စဉ် ဘုရားပွဲတော်ကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

### မိုနသုခရန်အောင်ချမ်းသာ

ကျောင်းတော်မှမှင်ပြင်တော် ဗမ္ဘာရုံ မြနဒီမုခ် နတ်လမ်းမှ ဘုရားဘက်သို့ ကူးကာခဲ့ကြပါသည်။ နတ်လမ်းဖာဝင်ကျားနှစ်ကောင် ခြင့်ကားမေဆင်းတန်း၌ သားငယ်လေးတက်ကို ဖာတ်ပုံမှတ်တမ်းတင်ဖြစ်ပါသည်။ နတ်လမ်းပေါ်မှနေ၍ အတောင်လေးရောကုရားပြီးကို ဖူးတော်မြည့်မြွင်မြှော်ရသော အခါ ဝမ်းမြောက်ကြည်နူးသော သဒ္ဓါပီတိစောက်ဟုန်ကကြက်ယီးဟမြန်းမြန်းထနေပါသည်။

ဘုရားဟတွင်းကိုဝင်ဝင်ချင်း ပထမဆုံး တွေ့မြင်ရသည်မှာ စောင်းတော်ရှင်ဖြစ်ပါသည်။ ရင်ပြင်ဘက်သို့ထွက်၍ ရုပ်ပွားတော်မြတ်ကြီး၏ ကြည်လင်းဝပသော မျက်နှာတော်နှင့် သင်းကျစ်တော်တို့ကို အနီးကပ်ဖူးမြော်မိသည်။ သင်းကျစ်တော်မှ ၂၄-ပစ္စည်းစက်ဝန်းကို ခြံရံရေးထွင်းထားသော ကနုတ်ကော်များမှာ အနုစိတ်လက်ရာမြောက်လွန်းလှသည်။

ဆက်လက်၍ အကွင်းပြန်ဝင်သောအခါ ဦးခေါင်းတော် ဘုရားခန်းမှာ ဇမ္ဗူပတ်မင်းချက်ခန်း ပုံတော်ဖြစ်၍ ပေဖားမြေ ဆိတ်ငြိမ်တာ အဓိဋ္ဌာန်ပြု ပုတီးစိပ် တရားထိုင်ရန် အသင့် လျှော်ဆုံးနေရာ ဖြစ်ပါသည်။ ထိုမှအထွက်တွင် လက်ပံရုံ လက်ယာရံတို့ စောင့်ရှောက်တော်မူသော ဘုရားခန်း ဖြစ်ပေသည်။

ရင်ပြင်သို့ ပြန်လည်ထွက်လာလျက် ဆရာတော်ဘုရားကြီးမှ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးကို ပူဇော်တန်ဆောင်နေဂန်ကို မှတ်တမ်းပါသည်။

ပုဗ္ဗဘုရားရှင်၏ ခန္ဓာကိုယ်တော် ပမ်းတော်အတွင်း ဇုဗ္ဗဝင်ပြခန်းများဖြင့် ဖွဲ့စည်းထားပြီးလျှင် အလောင်းတော် သိဒ္ဓတ္ထမင်းသား၊ ပဋိသန္ဓေယူသည်မှစ၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ သက်တော်ကင်ရှား မြတ်စွာဘုရား၏ ဘဝပိုင်းဆိုင်ရာ အကြောင်းအရာ အသေးစိတ်နှင့် စေနေ့ယူ သတ္တဝါများအား တရားမရမေးဟမြိုက်ပေးကိုက်ပေးခဲ့ပုံများကို အထပ်လိုက် အခန်းလိုက် ပန်းချီ ပန်းမှ အနုလက်ရာများဖြင့် ခမ်းနားစွာ သရုပ်ဖော်ပုံများဖြင့် ပြသထားပါသည်။

ငရဲကြီးရှစ်ထပ်အကြောင်း ပအာသိုလ်အလိုက် ခံစားရပုံများကိုလည်း ပီပြင်စွာ သရုပ်ဖော်ပြသထားပါသည်။

၁၃၅၃ ခုနှစ်၊ ပြာသိုလဆုတ် (၁၀) ရက်နေ့တွင် အုတ်မြစ်ချ စကာင်တည်ဆောက်ခဲ့ပါသည်။ ဘုရားကြီးသည် နေရဖာန်အနေထားရှိသည့် ဦးခေါင်းတော် အနောက်ဘက်သို့ လှည့်သည်မှာ နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်မှ နိဗ္ဗာန်ရောက်ကြောင်း တရားဟောနေပုံဖြစ်ပြီးလျှင် ညာဘက်

www.burmeseclassic.com





ယက်ဖောက် ဖြန့်ချထားသည်မှာ တိုင်းပြည်မှာအေးချမ်းသာယာပြီး ဆန်ရေစပါး ပေါကြွယ်ဝစေရန်အတွက် အဓိဋ္ဌာန်ဖြင့် တည်ထားခြင်း ဖြစ်ပါသည်။

## ဆရာတော်ကြီး စံကျောင်းဗိမာန်တော်

အနေသားစိတ် အားရပါးရ ပေ့လာပြီးသောအခါ လာလမ်းအတိုင်း ပြန်လှည့်လာကြပြီးလျှင် ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ခန္ဓာကိုယ်တော် သီတင်းသုံးစံမြန်းရာ ဘုံခုနစ်ဆင့်ပါရှိသည့် နှစ်ထပ်ကျောင်းတော်ရာသို့ ရောက်ရှိလာခဲ့ကြပါသည်။

ဂဝ၇၇ ခုနှစ်၊ ကဆုန်လဆန်း(၉)ရက်(၂၆. ၄. ၂၀၁၅) တနင်္ဂနွေနေ့ နေ့လယ် ၂ နာရီအချိန်တွင် ပုဗ္ဗနဝရရွှေပြည်ကွက်ရပ်လမ်းသို့ မြန်းတော်မူလေသော ကျေးဇူးရှင် ဝင်းစိန်ဆရာတော်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဓမ္မာစရိယ ဒေါက်တာဘွဲ့ကြသေရ Ph. D (Honoris Causa) ဆရာတော်ဘုရားကြီးက မိမိ၏သားတော် ဦးဇင်းလေး အရှင်သောဟုလာအား-

"ငါ ဆရာတော်ဘုရား ပျံလွန်တော်မူပါက ဂူသွင်းခြင်း မပြုရ၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ၊ ရေမျှောခြင်း မပြုရ၊ ငါ ဆရာတော်၏ ရုပ်ကလာပ်တော်ကို စံကျောင်းဗိမာန်တော် တည်ဆောက်၍ ဘုံပြာသာဒ် ခုနစ်ထပ်၏အလယ်တွင် ငါ့အား မှန်ခေါင်းထဲတွင်ထား၍ ရပ်ဝေး ရပ်နီးမှ ဒကာ၊ ဒကာမများ ဖူးမြော်နိုင်စေရန် တစ်နှစ်တစ်ခါ မွေးနေ့တွင် သင်္ကန်းတော်လဲပေးခြင်း ပြုရမည်"

ဟု ကြိုတင်မိန့်မှာတော်မူသည်နှင့်အညီ ဤစံကျောင်းဗိမာန်တော်ကြီးအား (၁၀. ၈. ၂၀၁၅)တွင် စတင် ဆောက်လုပ်ခဲ့ရာ (၃၂. ၂. ၂၀၁၆) တွင် ပြီးစီးအောင်မြင်သဖြင့် ဆရာတော်ကြီးအတွက် လှူဒါန်းပါသည်။

## ဆရာတော် စထေရုပ္ပတ္တိ

### (က) ငယ်ဘဝ

ဆရာတော်လောင်းလျာကို ၁၂၈၇-ခု၊ ဝါဆိုလဆုတ် (၁၀)ရက်၊ တနင်္လာနေ့တွင် ပွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ လက်ကက်ကျေးရွာ၌ ခမည်းတော် ဦးနိုင်ငဖ+ မယ်တော် ဒေါ်တရုတ်မကို့မှ မွေးဖွားသန့်စင်ပြီးလျှင် ငယ်မည်မှာ မောင်ပိန် (ခ) မောင်ချစ်သိန်း ဖြစ်ပါသည်။ မွေးချင်းရှစ်ယောက်အနက် တကိုယ်ခြောက် သားရတနာဖြစ်ပါသည်။

အသက်(၁၃)နှစ်တွင် လက်ကက်ကျောင်းဆရာတော် ဦးဝေပုလ္လအား ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီးလျှင် ကမိုးဇောနှပ်ကျောင်းဆရာတော်ထံတွင် သုံးဝါတိုင်တိုင် ပရိယတ္တိစာပေများကို အပတ်တကုပ် အားထုတ်သင်ယူခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ချိန်တွင် ဖခင်ကြီးကို ငဲ့ညှာကာ လူထွက်၍ လယ်ယာလုပ်ငန်းများကို ဝိုင်းဝန်းကူညီခဲ့သည်။

အသက်(၂၀)အရွယ်တွင် လက်တက်တိုက်ကျောင်းဆရာတော် ဦးနိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်ရဟန်းအဖြစ်သို့ရောက်ရှိပြီး မုဒုံသိမ်ကျောင်းတွင် ပရိယတ္တိစာပေများကို သင်ယူခဲ့ပါသည်။ ဘွဲ့တော်မှာ အရှင်ကေသရဖြစ်၏။ အစ်ကိုကြီးဖြစ်သူ အိမ်ထောင်ကျသွားသဖြင့် ဖခင်နှင့်အစ်ကိုကို ငဲ့ကွက်ကာ တစ်ဖန်လူထွက်၍ မိဘပိုင် လယ်ယာလုပ်ငန်းကို ဦးစီးစီမံရပြန်သည်။

### (ခ) အချိန်အခါ ကျလာသောအခါ

အသက် (၃၀)အရွယ် ၁၃၁၃ ခုနှစ်တွင် တစ်ရွာတည်းနေသူ ဒေါ်ချစ်တော်နှင့် အိမ်ထောင်ကျကာ သမီးကြီး မ... သန်းနှင့် သမီးငယ် မရင်ကြည်တို့ကို ရင်ဝယ်ပိုက်... မော်လမြိုင် ဈေးကြိုဖက်ခင်းရပ်သို့ ပြောင်းရွှေ့နေထိုင်... တတိယ

www.burmeseclassic.com

www.burmeseclassic.com

သား မောင်ဗိုလ်ဝင်းကို မွေးဖွားခဲ့သည်။ ထို့နောက် သီရိမြိုင်ရပ်ကွက်သို့ပြောင်းရွှေ့ကာ သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကြောင်းပြု၍ နေထိုင်စားသောက်ခဲ့ကြပါသည်။

သားလတ် မောင်သိန်းစိုးနှင့် သားငယ် မောင်ဗိုလ်သန်းတို့ကို ထပ်မံမွေးဖွား၍ သားသမီး ငါးဦးရရှိခဲ့ပါသည်။ သီရိမြိုင်ရပ်ကွက်တွင် နေထိုင်စဉ် အသက်(၅၀)အရွယ်၌ မိမိနေအိမ်၌ပင် ၄၉-ရက် သစ္စာအဓိဋ္ဌာန်ပြုကာ တရားအားထုတ်ပါသည်။

ဦးချစ်သိန်း၏ အဓိဋ္ဌာန်ပြု သစ္စာစကားသည် လောကီဈေးရာ ချမ်းသာခြင်းကို မတောင့်တဘဲ ငါ၏ အဓိဋ္ဌာန်(၄၉)ရက်ပြည့်သည့်နေ့၌ ငါ၏အိမ်ရှေ့သို့ ငါ၏ရပ်ကွက်နယ်မြေအနီးတစ်ဝိုက်မှမဟုတ်သော အခြားဒေသမှ ယဟာပေါ်တစ်ပါး ဆွမ်းလာရပ်လျှင် ရဟန်းဝတ်၍ မြတ်သောအကျင့်တို့ကို ကျင့်အံ့ဟု အဓိဋ္ဌာန်ပြုလေသည်။ ဦးချစ်သိန်း၏ အဓိဋ္ဌာန်ကား အောင်လေပြီ။ အဘယ်ကြောင့်ဆိုသော် ၄၉-ရက်ပြည့်သည့် မနက်ခင်းမှာပင် တောရဆောက်တည်ဟန်ရှိသော ရဟန်းမြတ်တစ်ပါး ဆွမ်းလာခံယူတော်မူသည်ကို ဖူးမြော်ယိုက်ရသော် မာနလွှန်ပမ်းမြောက်ပမ်းသာဖြစ်လျက် ရဟန်းဘောင်သို့ဝင်၍ မြတ်သောအကျင့်ကိုကျင့်ရန် မိုင်မာသော ဆုံးဖြတ်ချက်ကို ချပြီးသည်နှင့် ရဟန်းပြုလေသည်။

## (ဂ) မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခြင်း

ပဉ္စမ နှစ်၊ ဟန်မူးပေဆန်း(၁၃)ရက်၊ ည(၇း၄၅) အချိန်တွင် မော်လမြိုင်ဈေးကြိုရပ် ဇောတိကာရာမကျောင်းဆရာတော် ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့ပြီးလျှင် ဘွဲ့တော်မှာ ဦးကေသရပင် ဖြစ်ပါသည်။ သိဿကိုဏ်းကြီး ကိုးကိုဏ်းမှိုးသည့် အနက် သုဓမ္မာဂိုဏ်း၌ ဖြစ်တော်မူလေသည်။

## (ဃ) ကျင့်စဉ်များ

ဆရာတော်ဘုရားကြီးသည် ရှုတင်(၀၃)ပါး ကည်ဆောက်၍ မြန်မာပြည်အထက်ရှိ မင်းလှ၊ သမုက်၊ မောင်လဲ ကိုမှ မြန်မာပြည်အောက်အရပ် တနင်္သာရီမြို့အထိ သုသာန်ပေါင်း (၁၃၃)ခုနေရာတွင် နေ့ညမနား တရားအားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် တောထွက်သည့်နှစ်မှစ၍ ကျောင်းအတည်တကျမရှိဘဲ တောတောင်သုသာန်တို့တွင်သာ သီတင်းသုံးတော်မူသည်။



ထို့နောက် ကော့ခပုံဆရာတော်ကြီးနှင့် ဆရာတော်ယုံးပါးဟို့၏ ခြေပါဝအရ ကျောက်တောင်၌သာ ကျရာနေရာ၌ သီတင်းသုံးတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် တောတောင်သုသာန်များတွင် တရားအားထုတ်သည့်အခါ အခွင့်သင့်လျှင်သင့်သလို အဓိဋ္ဌာန်ပြု၍ သစ်ပင်၊ ပါးတစ်ပင်အောက်၌ လည်းကောင်း၊ သုသာန်တစ်ခုပြင်ထို၌လည်းကောင်း လျောင်းခြင်းမပြုဘဲ အဓိဋ္ဌာန် ရက်ပြည့်သည့်တိုင်အောင် ဆက်တိုက်ကျင့်ကြံအားထုတ်တော်မူခဲ့ပါသည်။

## (င) ဝင်းစိန်ဆရာတော်ကြီး၏ ကိုယ်တွေ့ ဖြစ်ရပ်ဆန်းများ

### (၁) တောတောင်တစ်ခွင် သုသာန်တစပြင်၌ ဆရာတော် တရားရှာခြင်း

ဆရာတော် ဦးကေသရသည် သီရိမြိုင်ရပ်ကွက်၊ ၅ လမ်းတွင်ရှိသော မြသိန်းတန်ကျောင်းရှိ ကောင်လေးလုံးဆရာတော်ဘုရားကြီး၏ ညီတော် သီလပ်ပြန်ပါတော် ဝါရှိ ကရင်ဘုန်းတော်ထံတွင် ဓုတင်ကျင့်စဉ်များနှင့် တောရဆောက်တည်ပုံတို့ကို မှတ်သားနာယူပြီး ဇောတိကာရာမကျောင်း သိမ်ဘေးရှိ တစ်ပါးတဲကျောင်းလေးတွင် သီတင်းသုံး

www.burmeseclassic.com

www.burmeseclassic.com



ကာ လူမြေတိုက်ချိန်၌ အနီးအနားတွင်ရှိသော သုသာန်များသို့သွားရောက်၍ တရားအားထုတ်တော်မူခဲ့ပါသည်။

ဇေတဝန်ကျောင်းတွင် ခုနစ်ရက်သာ သီတင်းသုံးပြီးနောက် မည်သည့်ကျောင်း၌မျှ အကြာကြီး သီတင်းသုံးတော်မမူဘဲ သစ်တစ်ပင်၊ ဝါးတစ်ပင်ရင်း၌လည်းကောင်း၊ သုသာန်တစပြင်နှင့် လွင်တီးခေါင်တို့တွင်လည်းကောင်း လှည့်လည်၍ ကမ္မဋ္ဌာန်းတရားများကိုသာ မလျှော့သောဇွဲလုံ့လ၊ ဝီရိယ တို့ဖြင့် အားထုတ်ကျင့်ကြံတော်မူခဲ့ပါသည်။

ထိုအချိန်ကာလတွင် လူသူအရောက်နည်း၍ မြေအလွန်ကြမ်းသော ဈေးကြီးသုသာန်တွင် တရားအားထုတ်သီတင်းသုံးနေစဉ် တောကြမ်း၊ မြေကြမ်း သုသာန်မြေ ဖြစ်သည့်အလျောက် ညဘက်တွင် မဆိုထားနှင့် နေ့လယ်နေ့ခင်းအချိန်မှာပင် မကောင်းဆိုးဝါးတို့က အလွန်ဆိုးဝါးသော အနံ့များ ပေးခြင်း၊ ထိတ်လန့်ကြောက်မက်ဖွယ် အသံများပေး၍ ညတိုင်းလိုလိုပင် ကိုယ်ယောင်ပြ ခြောက်လှန့်ခြင်းတို့ကို ပြင်းထန်းစွာ ပြုလုပ်ကြလေသည်။ ဝင်းစိန်ဆရာတော်ဘုရားကြီးမှ ဤသို့ မိန့်မှာကြားခဲ့ဖူးပါသည်။

"နေ့ရောညပါ ဣန္ဒြိယာပုတ်အမျိုးမျိုးနဲ့ ငါ့အားထုတ်နေတယ်၊ သူတို့လည်း (မကောင်းဆိုးဝါး သရဲဆိုသောစကားကို ဆရာတော် မသုံးနှုန်းခဲ့ပါ) အမျိုးမျိုးနှောင့်ယှက်တယ်၊ ဇရပ်ခေါင်မိုးကိုလည်း ခဲနဲ့ အဆက်မပြတ်ပစ်တယ်၊ တစ်ခါတလေ ငှါနားတောင် ခဲတွေကျလာတယ်။

တရားထိုင်နေရင်းနဲ့လည်း အသက်ရှူမရလောက်အောင် အပုပ်နံ့ဆိုးတွေ ပေးကြတယ်၊ ငါလည်း မထူးဘူးဆိုပြီး တရားမချဲ အသက်ကို မရှူဘဲ နိုင်သလောက်အောင့်ကာ ဆက်ထိုင်တယ်၊ ဟဲဒီမှာ ထူးခြားတာက မအသက်မအောင့်ပြီး တရားထိုင်တော့ အာရုံလွင့်ပျံ့မှုမရှိဘဲ စိတ်တည်ငြိမ်မှု သာမကဗိုဖအားကောင်းလာတယ်။

ဒီလိုနဲ့ ၁၁ ညတစ်ညက ဇရပ်အေး ဧည့်ခန်းဝင်ကြီးပေါ်က ခေါင်ကိုင်းကြီးတဲ့ ဇရပ်ဘက်ကို ဖိကျလာပြီး အကောင်ပည်းမည်းကြီးတစ်ကောင် ဖိုပြီးဆင်းလာတယ်၊ အကောင်က တော်တော်ကြီးတယ်၊ အနည်းဆုံး ၁၂ တောင်လောက် ရှိလိမ့်မယ်၊ ဇရပ်ထဲတော့ ဝင်မလာဘူး။ ကြည့်နေတယ်၊ ဒါနဲ့ ငါလည်း မျက်နှာချင်းဆိုင်လှည့်ထိုင်လိုက်ပြီး

'မင်းတို့ကို ငါ လာနှောင့်ယှက်တာမဟုတ်ဘူး၊ ငါတရားလိုချင်လို့ လာတာ၊ လူတွေကြားမှာဆိုရင် ဒေါသ၊ မောဟ၊ လောဘတွေနဲ့ အမြင်အာရုံများလွန်းလို့ အေးရာအေးကြောင်းဆိုပြီး လာနေတာ၊ အမြဲတမ်းနေဖို့လည်း စိတ်ကူးမရှိဘူး၊ ပြီးတော့ ငါဆွမ်းခံရတဲ့အခါ ဘုဉ်းပေးပြီး ပိုတဲ့ဆွမ်းတွေ သတ္တဝါအားလုံးကို စွန့်ကြဲနေတာ နင်တို့ရော မစားရဘူးလား၊ နေ့စဉ် မေတ္တာပို့နေတာရော မရကြဘူးလား၊ အေးအေးနေကြပါ' လို့ပြောပြီး ငါ့အလုပ်ကို ဆက်လုပ်တယ်၊ ကြည့်လည်း မကြည့်တော့ဘူး။

တစ်ရက်၊ နှစ်ရက်လောက်တော့ နည်းနည်းငြိမ်သလိုရှိပြီး တစ်ည ငါတရားထိုင်ပြီး ဣန္ဒြိယာပုတ်ပြောင်း လဲလျှောင်းရင်း မှေးခနဲဖြစ်သွားချိန် ဟိုတစ်နေ့က တွေ့တဲ့အကောင်နဲ့ နောက်ထပ် သူ့လောက်နီးနီးရှိတဲ့ သူ့အဖော်တစ်ကောင် ဇရပ်ထဲငုံ့ဝင်လာပြီး ငါ့ကိုဆွဲထုတ်ဖို့ လုပ်တယ်။

လဲလျှောင်းနေတယ်ဆိုပေမယ့် ငါက အဲဒီအချိန်မှာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေတော့ သူတို့ ကပ်လို့မရဘူးပေါ့၊ အဲဒီအချိန်မှာ ငါသတိထားမိတာက ငါ့နှုတ်က မေတ္တာသုတ်တော်ကို အလိုလိုပူဇော်နေတာပါပဲ၊ ဒါကြောင့်လည်း အဲဒီနှစ်ကောင် ကပ်မရ ဆွဲမရတာနေမှာပေါ့။

မနက်မိုးလင်းတော့ ငါလည်း ဆွမ်းခံမဆင်းတော့ဘဲ ဇရပ်ရေတံစက်မြိတ်ကကျတဲ့ မိုးရေကို သပိတ်နဲ့ခံယူပြီး ရေဆွမ်းဘုဉ်းပြီး မေတ္တာဘာဝနာကမ္မဋ္ဌာန်းကိုပဲ ရေစဉ်မပြတ်စီးဖြန်းနေလိုက်တယ်၊ ဖြစ်ချင်တော့ မိုးကလည်းကောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com





ဆယ့်လေးငါးရက်လောက် ဆက်တိုက်ရွာနေတော့ ဆွမ်းအဟာဂါ် မာဆင်မပြပါတယ်၊ ဒါကောင် ကြားထဲမှာ သုံးလေးမိုးလောက် မဘုဉ်းလိုက်ရဘူး။

အဲဒီလိုနဲ့ ရက်(၂၀)ပြည့်တဲ့နေ့ အရက်မကတ်ခင် ရေစ်ရှေ့လာပြီး လက်အုပ်ချီရပ်နေရင်းက သူတို့နဲ့ လက်အောက်ငယ်သားပေါ့ အာမနောင့်ယှက်ပေးမိတာကို ဝန်ခံပြီး ခွင့်လွှတ်ရန် မေတ္တာပန်တယ်၊ ငါလည်း မိုးတွေရွာပြီး မှောင်မည်းနေတဲ့ သုသာန်ဇရပ်မှာဆိုပေမယ့် စိတ်ထဲမှာ ပီတိဝမ်းသာ ကြည်နူးမှုတွေပဲ ဖြစ်နေပါ ရနေမိတယ်၊ ဒါကြောင့်လည်း ခွင့်လွှတ်သည်းခံကြောင်း ပြောဆိုလိုက်တယ်။

ပြီးတဲ့အခါ အားလုံးကို စုရုံးခေါ်ယူစေပြီး သီလပေး မေတ္တာပို့ပေးတော့ ငါ့ကို ဒီမှာပဲဆက်ပြီး တရားအားထုတ်ပါ။ သူတို့ စောင့်ရှောက်ပါမယ်လို့ တတိပြုကြတယ်။

ပုပ်ယားကြေ၊ သုသာန်သချိုင်းတွေမှာ တရားအားထုတ်မယ်ဆိုရင် လူတွေ မာသိမခံနဲ့၊ မမြင် မတွေ့စေနဲ့၊ ဘယ်သူ့ကိုမှလည်း မပြောနဲ့၊ ကိုယ်လုပ်ရမည့် အလုပ်ကိုပဲ မာရုံထား၊ ဟိုရောက်ရင် ဇရပ်ရှိရင် ဇရပ်၊ ဒါမှမဟုတ်ရင် သစ်ပင်ချုံနွယ်ရဲ့ အုတ်ဂူမြေပုံ မိမိနဲ့သင့်တော်မယ်နေရာမှာ အားထုတ်လို့ရပါတယ်၊ ဖြစ်နိုင်ရင် မြေပုံက မသိသာပေမဲ့ ဂူတေကျတော့ ပေါင်းနွမ်းမျက်စီး ကြာမြင့်နေတဲ့ နေရာသချိုင်း ပိုမာဆင်ပြေတယ်။

ဟိုးအရင် ယက်ဟာမ်းရှင့်နေတဲ့ မာလောင်းတွေမြုပ်တဲ့ နေရာမျိုးပေါ့။ ရောက်ရောက်ချင်း စလုပ်ရာမှာက သူတို့ကို အသိပေး မေတ္တာရင်၊ ပါ ပီမှာ မှချိန်ကစပြီး မြတ်စွာဘုရားရှင်ရဲ့ တရားဒေသနာတော်တွေကို ကျင့်ကြံပွားများ အားထုတ်ရင်း သင်တို့ကိုနှောင့်ယှက်ဖို့ လာတာမဟုတ်ဘူး။ ဒါကြောင့် ဒီနယ်မြေ ဒီဒေသ ဒီပတ်ဝန်းကျင်မှာ နေထိုင်ကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး မှအစရှိကုန်သော သူတောင်းကောင်းအပေါင်းတို့၊ ငါ၏ ပြုလုပ်ဆောင်ရွက်ပြီးခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစုတို့ကို သင်တို့နှင့်တကွ ဝေနေယျ သတ္တဝါ မှကွီတတ်အပေါင်းတို့ကို အမျှပေးဝေပါသည်။ သင်တို့အားလုံး အနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေလို့ အသိပေး၊ မေတ္တာပို့ အမျှဝေရတယ်။

အားလုံးကို ခေါ်ယူပြီး သီလပေး မေတ္တာပို့ အမျှဝေတာကို အရင်ဆုံးလုပ်ပြီးမှ တရားကို အားထုတ်ပေါ့။ တော်ရုံတန်ရုံ အနှောင့်အယှက်ကတော့ ကင်းဝေးစေတယ်။ တော ကြမ်း မြေကြမ်း၊ သုသာန်ကြမ်းမှာဆို ပိုဂရုစိုက်၊ ပြီးရင် သူတို့အတွက် အချိန်ပိုပေးပြီး မေတ္တာကမ္မဋ္ဌာန်းကို ကိုယ်နဲ့မကွာစေနဲ့၊ အားထုတ်မှုကိုလည်း အချိန်ယူပြီး မနားမနေ အားထုတ်ရပါမယ်၊ အမိကကတော့ မေတ္တာနဲ့သာ သူတို့ကိုနိုင်စေတယ်၊ "ဘယ်နေရာမှ မေတ္တာမပျက်နဲ့" ဟု ဩဝါဒကို နာကြားခဲ့ရပါသည်။

## (၂) မျေးကြီးသုသာန်

ဝက်ထဲကျေးရွာအနီး၌ ကားမှောက်၍ လူအများသေဆုံးသည့်အခါ အလောင်းများကို မျေးကြီးသုသာန်သို့ သယ်ဆောင်၍ လာထားကြသည်။ ဝင်းစိန်ဆရာတော်သည် ဖမဆိုပါ အလောင်းများထားရာ ဇရပ်အတွင်းသို့ လူခြေတိတ်ချိန်တွင် ကြွရောက်၍ အလောင်းများမှ ပွင့်ပင် တရားအားထုတ်၏။

ဆရာတော်၏ အနီးဆုံးရှိ အလောင်းမှာ မာယ်ကြီးလေးပါး ပျက်စီးနေပြီဖြစ်သည့်အလျောက် ညတိတ်ဆိတ်ငြိမ်သက်ချိန်တွင် စိုးစိုးစိစိဖြင့် အသံများထွက်ကာ ပုပ်ကောင်တို့၏ သဘောသဘာဝအရ ပါးစပ်မှ အရည်များထွက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်လည်း မျက်လုံးဖွင့်၍ပင် ရုပ်နာမ်ဖြစ်ပျက်ကို ရှု၏။ အပုပ်နံ့တို့မှာလည်း လှိုင်လှိုင်ကြီး ထွက်နေလေ၏။

ထိုအချိန်မှာပင် ဇရပ်အတွင်းသို့ မည်းမည်းဘုန်းကြီး နှစ်ပါးလာ၍ ဆရာတော်ကို ဦးတိုက်ပြီး အလောင်းကောင်၏ ပါးစပ်မှ ကွမ်းယာကိုထုတ်ပြီး ဘုဉ်းပေးရန် လျှောက်၏။

"အရှင်ဘုရားတို့ လျှောက်ထားချက်များကို ယုံကြည်ပါတယ်၊ သို့သော်လည်း ဒေါသ၊ လောဘ၊ မောဟတရားများကို ပယ်သတ်လို၍ ကျင့်ကြံနေသော ဓုတင်တရားပျက်မည်ကိုလည်း စိုးရိမ်တယ်၊ မြေလျှိုးမိုးပျံမည်ဆိုသည့်အတွက်ကြောင့်လည်း ဘုဉ်းပေးလျှင် လောဘဖြင့် ဘုဉ်းပေးခြင်းဖြစ်၍ မသင့်လျော်၊ ဒါကြောင့် မဘုဉ်းနိုင်" ဟု ပြန်လည်လျှောက်ထားရာ ထိုထူးဆန်းသော ရဟန်းနှစ်ပါးလည်း ဆရာတော်အားဦးတိုက်၍ ပျောက်ကွယ်သွားကြပါသည်။

## (၃) ကမာဝက်သချိုင်း

ရွာနှင့် အနည်းငယ် အလှမ်းဝေးသော ကမာဝက်သချိုင်းသည် အလွန်တောကြမ်း၏။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က ဖြစ်ခဲ့သည်ဆိုသော ကရင်မ ပြိတ္တာကြီးသည် ထိုသချိုင်း၌ ဆရာတော်တရားအားထုတ် စဉ်ကာလအတွင်း အမျိုးမျိုးနှောင့်ယှက်ခဲ့သည်။ ထဘီစိမ်းစိမ်းဝတ်ထားသော ထိုပြိတ္တာမသည် ဆရာတော် တရားအားထုတ်သောနေရာနားရှိ ဖျဉ်းကတိုးပင်ကြီးမှနေ၍ အမြဲလိုလိုခြောက်လှန့်သည်။

ဆရာတော်လည်း ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ တရားကိုသာ ဆက်လက်အားထုတ်ပြီး ပြိတ္တာမကြီးကိုလည်း နေ့စဉ်မပြတ် မေတ္တာပို့လေသည်။ ဓုတင်ကိုသာ အားထုတ်နေသော ဆရာတော်ဘုရားကြီးသည်။ (၁၅)ရက်မြောက်နေ့ညတွင် အဆိုပါပြိတ္တာများအား မေတ္တာပို့ အမျှဝေပြီး - "မနက် ငါဆွမ်းခံကြွရင် နင်တို့လည်း ကုသိုလ်ယူ ဝိုင်းကူကြ" ဟု မိန့်လေသည်။

ဤသို့ဖြင့် နောက်တစ်နေ့မနက် အရုဏ်တက်ချိန်တွင် ကြေးစည်သံများ ကြားရလေ၏။ ဆွမ်းလောင်းသူများလည်း ယခင်နေ့များထက်ပင်များ၍ ဆွမ်းများလည်း သပိတ်လျှံလေ၏။ ဆရာတော်သည် သင့်ရုံသာဘုဉ်းပြီး ထိုပြိတ္တာများနှင့် သတ္တဝါတို့အား စွန့်ကြဲကျွေးမွေး၏။ အချို့သော ပြိတ္တာတို့မှာ ကျွတ်တမ်းဝင်ကုန်၏။ ဆရာတော်သည်လည်း (၁၅)ရက် အဓိဋ္ဌာန်ပြီး၍ အခြားအရပ်သို့ ကြွလေသည်။

## (၄) သရက်မြို့သို့ ရောက်ရှိစဉ်

သရက်မြို့ သုသာန်၌ သီတင်းသုံးတော်မူနေခိုက် ဆွမ်းခံ၍မရအောင်ပင် နှောင့်ယှက်ကြလေ၏။ အများအားဖြင့် ရေဆွမ်းကိုသာဘုဉ်း၍ အဓိဋ္ဌာန်ရက်ပြည့်သည်အထိ တရားအားထုတ်တော်မူ၏။

ဤသို့ဖြင့် တစ်နေ့သောအခါ နံနက်ဆွမ်းဘုဉ်းချိန်တွင် ဦးချာဘိုဆိုသူရောက်လာပြီး ချင်းတက်ပါးပါး သုံးတက်ကို ကပ်လှူသောကြောင့် ဆရာတော်လည်း ဘုဉ်းပေးလေ၏။

ထို့နောက် ထိုသူက မိမိသည် အသက်တစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်းနှင့် ဆရာတော်တရားကျင့်စဉ်ကာလတွင် ဆွမ်းအာဟာရပြည့်စုံစေရန် ဆက်ကပ်သော အာဟာရသိဒ္ဓိချင်းဆွမ်းဖြစ်ကြောင်း လျှောက်ထား၍ ထွက်ခွာသွားလေသည်။

ထိုစဉ်ကာလမှပင်စ၍ ဆရာတော်သည် အာဟာရသိဒ္ဓိဖြစ်သော ဆွမ်းကိုခံယူရရှိတော်မူ၍ သတ္တဝါများကိုလည်း အလိုရှိ၍ ကျွေးမွေးလိုလျှင် လိုသလောက် ပြည့်စုံစေသည်။ ဆွမ်းဘုဉ်းနေချိန် ထင်းရှာ တောခုတ်သည့် ပုံသဏ္ဌာန်ဖြင့် လာရောက်ကပ်လှူခဲ့ခြင်းဖြစ်၍ ဆရာတော်လည်း မပယ်သာတော့ချေ။

## (၅) နဂါးမောက်တောင်

နဂါးမောက်ကျောက်တောင်၌ တရားအားထုတ်နေစဉ် မုဒုံမြို့မ(၂)ရပ်ကွက်၊ ဒုံကနိရပ်နေ ကိုတင်ထွန်းသည် ဆရာတော်နောက်လိုက်ပါ ဝတ်ဖြည့်နေချိန်တွင် ဆရာတော်တရားထိုင်ရာနေရာသို့ လှမ်းကြည့်လိုက်သောအခါ ဆရာတော်၏ ခန္ဓာတော်သည် တရားထိုင်လျက်မှပင် တောင်ဆုံ တစ်ပေခန့် လေထဲသို့မြင့်တက်နေသည်ကို ဖူးတွေ့ရသည်။ ထိုအရာကို နောက်တစ်ချိန်မှ သိရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုညဉ့်ပင် ပုဂ္ဂိုလ်တစ်ဦးသည် ပြဒါးတစ်လုံးကို လာရောက် လှူဒါန်း၍ ကိုတင်ထွန်း၏ ညာဘက်လက်ပေါ်သို့ ဆရာတော်က ခဏတင်ပေးပြီးမှ သိမ်းယူအလှူခံတော်မူခဲ့သည်။ ထိုအချိန်က ကိုတင်ထွန်းသည် ရှင်သာမဏေဝတ်နှင့်ဖြစ်၍ ယခုတိုင် မုံရွာမြို့တွင် သက်ရှိထင်ရှားရှိနေပါသည်။

ဆရာတော်သည် တောထွက်၍ သုသာန်များ၌ တရားအားထုတ်စဉ် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရခြင်းမှာ သူ၏ကိုယ်ခံပင်မကမ္မဋ္ဌာန်း တစ်ခုပင်ဖြစ်ပါသည်။

## (၆) မော်လမိုင်တောင်ယက် အာဝိဋ္ဌာန်ထွက်စဉ်

ဆရာတော်သည် မွန်ပြည်နယ်မဲပွင်း အရပ်ဒေသအမျိုးမျိုးတို့တွင် တရားဖားအားထုတ်စဉ်က ကျိုက်မရော၊ ကမာဝက်၊ ကော့ကော်ပြီးမှတစ်ဆင့် မော်လမြိုင်တောင်ကို ရောက်ရှိလာစဉ်ဖြစ်သည်။ တောမှာ အလွန်နက်ရှိုင်း၍ ပေါက်ပေါက်တောင်ဆင်းများပြီး တောကြမ်းတောင်ကြမ်းသော နေရာကစ်နှင့်ဖြစ်သည်။ ထိုနေရာ၌ပင် ဆရာတော်သည် တော၌နေသော အာရာညကင်နတင်ကိုလည်းကောင်း၊ သစ်ပင်ရင်း၌သာနေသော ရုက္ခမူနတင်ကိုလည်းကောင်း၊ သုံးစုံသောသက်နှုံးဖြစ်သည့် ဒုကုဋ်၊ သင်းပိုင်၊ ကိုယ်ရုံတို့ဖြင့်သာ သီတင်းသုံးရသော တိစီဝရိတ်ဓုတင်နှင့် ကျောမခင်းဘဲ ထိုင်၍သာ တရားကျင့်ခြင်းဟူသော နိသဇ္ဇဓုတင်တို့ကိုသာ ပိုမို၍ ကျင့်ကြံတော်မူခဲ့သည်။

ခဏာရဲကိုရွှေဂုန်များ အလွန်ပေါများသော တောင်လည်းဖြစ်သည်။ တစ်ခါတစ်ရံ မက်စေက်သော ကျောက်မျှာတွင်သာသီတင်းသုံးတော်မူရသည်။ ဖရုအလွန်များပါမှကြောင့် ဆရာတော်သည် နံနက်စောစောတွင် သစ်ရွက်များ၌ တင်နေသည့် နှင်းရေစက်တို့ကို သစ်ရွက်ဖြင့် တစ်စက်စီခံယူ၍လည်းကောင်း၊ ကိုယ်ရုံပေါ်ကို မိုးပေါ် ဖွင့် ဖြန့်လွှား၍ ရှင်းစီကာရေဖြစ်ရုံမျှသာ သုံးရ၏။ လူသူအရောက်အပေါက်မရှိသဖြင့် တောင်ပေါ်ရှိ ပွန်မလွန်းရွက်တို့ကို အာဟာရအဖြစ် ဘုဉ်းခဲ့ရသည်ကို ဤသို့မိန့်ကြားခဲ့ဖူးပါသည်။

"သစ်ရွက်သစ်ညွန့်ကို ဘုဉ်းတဲ့အချိန်မှာ အဲဒီသစ်ပင်ရဲ့ ထိပ်ဖူးအညွန့်ကို မယူရဘူး၊ သူဆက်ရှင်သန်ဖို့ ထားပေးရတယ်၊ အဲဒီအောက် တစ်ရွက်နှစ်ရွက်ကျော်က မနုမရင့် အရွယ်တွေကိုသာချူးပြီး ခန္ဓာတည်ရုံသာ ဘုဉ်းရတယ်၊ လျှို မြောင်ထဲမှာရှိနေတဲ့ နှင်းရေခွက်ဗိုင်စည်ကို ဆင်းလို့မရရင် သက်နှုံးစကိုချပြီးပြန်ဆယ်၊ သပိတ်ထဲကိုညှစ်ယူပြီး သုံးရတယ်၊ ဆွမ်းခံပြန်စရာမလိုတော့ တရားအားထုတ်တာ အချိန်ပိုရတာပေါ့။ ဒီဘဝသာ သေရမှာကိုကြောက်ပြီး တရားရှာလို့မရနိုင်ပါဘူး၊ ဒါကြောင့် ဒီဘဝ ဒီတစ်ခါပဲ သေရင်သေပါစေ၊ နောင်ဘဝတွေ မသေအောင်၊ နောင်ဘဝတွေမရှိတော့အောင် အားထုတ်ကြ၊ ငါ့မှာ နောင်ဘဝဆိုတာ မရှိတော့ဘူး၊ ဒီဘဝ ဒီတစ်ခါသေရင် အေးပြီမှတ်ထားကြ၊ ကိုယ်တိုင်လည်း အားထုတ်ကြ၊ မကြောက်ကြနဲ့" ဟု ဆုံးမတော်မူခဲ့ပါသည်။

မော်လအိတောင်တွင် သီတင်းသုံးစဉ် ဂမုန်းပင်ငယ်တစ်ပင်မှ သူ့အား နုတ်ယူစားသုံးခြင်းဖြင့် အသက်ရှည်၍ အနာပျောက်ခြင်းစသော လောကီကောင်းကျိုးများအား ပြောပြ၍ ဘုဉ်းပေးရန် လျှောက်ထားရာ ဆရာတော်မှ လက်ခံတော်မမူခဲ့ပေ။ "နင်လည်း နင့်အသက်နဲ့နင် လုပ်စရာရှိတာလုပ်၊ ငါလည်း ငါ့အသက်နဲ့ငါ ငါ့အလုပ် ငါလုပ်ရမယ်" ဟုမိန့်တော်မူ၍ ကညင်ပင်ကြီးအောက်ရှိ ဂမုန်းပင်ငယ်မှာ ပြန်လည်ပျောက်ကွယ်သွားလေသည်။

ယိုနည်းတဲ့သို့ပင် ကျွမ်းယာ၊ ကျောက်ဆန်၊ ဂန္ဓီရဆန်သော ဝိဇ္ဇာလောကမှ ပုဂ္ဂိုလ်တို့ အလိုရှိသည့် ထမင်းကဲ့သို့ ချက်ရသော ထူးခြားဆန်းကြယ်သည့် ဆွမ်းများကပ်လှူခြင်းကိုလည်း ပယ်တော်မူခဲ့သည်။ လူသူမနီး တောကြီးတွင် ဖြစ်စေကာမူ ရံဖန်ရံခါ ချောမောလှပသော မိန်းကလေးသုံးလေးက်မှ သစ်သီးဆွမ်းကပ်လှူသည်များကိုလည်း ကြုံတွေ့တော်မူလေ့ရှိသည်။

## (၇) ဘီလူးကျွန်း အာသစ်တောင်တွင် သီတင်းသုံးစဉ်

ဘီလူးကျွန်း အာသစ်တောင်နှင့် ယေဟာနကျွန်းတွင် နှစ်လတာမျှ သီတင်းသုံးစဉ်ကဖြစ်သည်။ ပင်လယ်ကျွန်းတောင်ပေါ် ဒေသဖြစ်၍ အမှောင်မိုးရိပ်ပါးပါး ဖြူလွှမ်းလာသည်ပမာ မိုးကောင်းကင်တွင် ကြယ်ပွင့်တို့ လင်းလက်အိုန်သန်းခေါင်းကျော် တောကြက်တို့ပျွန်းသံကြား၍ အဇ္ဈာကာရား ချကာ စင်္ကြံလျှောက်နေစဉ် ခပ်လှမ်းလှမ်းသစ်ပင်ရိပ်မှ -

"သင့်ကို အယ်သူကခွင့်ပြုလို့ ဒီလို ပိုင်စိုးပိုင်နင်းရောက်နေရတာလဲ" ဟု မေးသံကြား၍ လှမ်းကြည့်လိုက်ရာ လူတစ်ယောက် ခါးထောက်၍ ရပ်နေသည်ကို တွေ့ရ၏။ မျက်နှာမှာလည်း မာကျောခက်ထန်နေ၍ ဤအချိန် ဤနေရာသည် သာမန်လူသားတို့ မရောက်ရှိနိုင်ပါ။ ပရလောကမှပင် ဖြစ်လေမည်ကို ဆရာတော်သိတော်မူ၍ မည်သို့မျှဆိုမမိန့်ဘဲ မေတ္တာပို့၍သာ ကြည့်နေစဉ် -

www.burmeseclassic.com

"ဒီညတော့ ရှိစေတော့၊ နောက်နေ့တွေ မမြင်ချင်ဘူး" ဟု ခပ်မာမာပြော၍ ပျောက်ကွယ်သွားသည်။ ဆရာတော်လည်း ထုံးစံအတိုင်း ကျင့်မြဲဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာကိုသာ စီးဖြန်းရင်း နောက်နေ့ည တရားထိုင်နေစဉ်တွင် -

"ဟေ့- ကိုယ်တော်၊ ကျုပ်ပြောတာကို ဂရုမစိုက်ဘူးလား၊ ကျုပ်ကို ဘာထင်နေလဲ " ဟု ခပ်လှမ်းလှမ်းမှနေ၍ မေးပြန်သည်။

"ဒကာကြီးက ဘယ်ကလဲ၊ ဘယ်သူလဲ"

ဒီတောတောင်ကို အပိုင်စိုးရသည့် တောင်ပိုင်ကြီးဖြစ်ကြောင်း ပြောသောအခါ ဆရာတော်က -

"ဘုန်းကြီး ဒီတောင်ပေါ်မှာ နှစ်လတာမျှ သီတင်းသုံးရန် အဓိဋ္ဌာန်ချထားပြီးဖြစ်တယ်၊ ဒကာကြီးပိုင်နက်ဆိုတော့ ဘုန်းကြီး ခွင့်တောင်းပါတယ်၊ နေထိုင်ခွင့်မပြုရင်လည်း ဒကာကြီး သဘောပါ။ ဘုန်းကြီးကတော့ အဓိဋ္ဌာန်အတိုင်း ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ရလိမ့်မယ်" ဟုရဲရဲပြတ်သားစွာ မိန့်ဆိုပြီးလျှင် မေတ္တာကမ္မဋ္ဌာန်းကိုသာ အစဉ်မပျက် ပွားများလေတော့သည်။

ဆရာတော်သည် အလွန်နက်သော ချောက်ထဲရှိ ရေအိုင်မှရေကို သက်နန်းဖြင့် တွဲလောင်းချစုပ်ယူ၍ သက်နန်းမှရေကို ရေစစ်ဖြင့် ခံယူသောက်သုံးရ၏။ တောတောင်များကိုဖြတ်၍ ရွာသို့ဆွမ်းခံရာတွင် ဆွမ်းမရသော်လည်း အဓိဋ္ဌာန်ကို အပျက်မခံဘဲ မေတ္တာနှင့်သာနေတော်မူသည်။ ထို့ကြောင့်ပင်လျှင် တောပိုင်တောင်ပိုင်တို့က ဗုဒ္ဓ၏ သားရဟန်းတော်ကို ဦးခိုက်တောင်းပန် ပူဇော်မှုကို ခံယူရရှိခဲ့ပါသည်။ ဆရာတော်သည် အပူရှပ်၍ အပြင်းဖျားသော်လည်း တရားမပျက် မိမိအဓိဋ္ဌာန်အောင်မြင်စေရန် ဆက်လက်အားထုတ်တော်မူခဲ့ပါသည်။ ထွေထွေထူးထူးသော အနှောင့်အယှက်များကို ထပ်မံမတွေ့ရှိရသော်လည်း ဆရာတော် တရားအားထုတ်ရာနှင့် ၁၀ ပေခန့်တွင် ၁၂ တောင် အရပ်အမြင့်ရှိသော သူတို့၏ ခြေရာများကိုတွေ့ရှိခဲ့သည်။ ဆရာတော်ကို စောင့်ရှောက်နေကြသော ၁၀ တောင်အဘိုးနှင့် ၁၂ တောင်အဘိုး တို့ပင် ဖြစ်သည်။

**(၈) ကမာဝက် ကားလမ်းဘေးရှိ သပြေပင်သုသာန်၌ မကျန်းမာစဉ်အခါက**

ဆရာတော် ကျန်းမာရေး စတင်မကောင်းဖြစ်သည့် သုသာန်မှာ ကမာဝက် သပြေပင်သုသာန်ပင်ဖြစ်သည်။ ထိုသုသာန်တွင်ပင် ကြေးသေအနန္တသဘောကို သိမြင်တော်မူခဲ့သည်ဟု နောင်တွင်မိန့်ခဲ့ပါသည်။ အဆိုပါ သပြေပင်သုသာန်တွင် ဆရာတော်သည် ဆွမ်းမဘုဉ်းဘဲ နေ့ညမပြတ် တရားကို ပြင်းပြင်းထန်ထန် အားထုတ်ရာမှစ၍ အဖျားဝင်ကာ တိုင်းရင်းဆေးဆရာ ခေါ်ကုသော်လည်း မသက်သာခဲ့ပါ။

(၁၁)ရက်မြောက်သို့ ရောက်ရှိလာပြီး ဆရာတော် အပြင်းဖျားနေချိန်တွင် ဒကာမတစ်ယောက်မှ ဆရာတော်၏ လက်အား လာရောက်ဆုပ်ကိုင်ချိန်မှစ၍ သတိလစ် မေ့မြောသွားပါသည်။ သတိလစ်စဉ်ကာလတွင် ဆရာတော်သည် ကတ္တီပါအခင်းတွင် တရားအားထုတ်နေရသည်ဟု အာရုံတွင် ထင်ပေါ်သည်။ ဆေးရုံပေါ်တွင် သတိလစ်နေစဉ်နှင့် ပြန်လည် သတိလည်လာချိန်တို့၌လည်း ညဥ့်နက်သန်းခေါင်ယံအချိန်တွင် သုသာန်များ၌ လှည့်လည်၍ တရားအားထုတ်ကျင့်ကြံနေရကြောင်း ဆရာတော့်အာရုံတွင် ပေါ်ပေါက်ခဲ့ပါသည်။ မော်လမြိုင်ဆေးရုံသို့ ရောက်ပြီး တစ်ပတ်ခန့်တွင် ပိတ်ဖြူဝတ်ပုဂ္ဂိုလ်တစ်ဦးလာ၍ ဆေးတိုက်ရာမှ ဆရာတော်သည် ဝမ်းမည်းမည်းသုံးတုံးသွားပြီး ကောင်းစွာသတိရကာ ကျန်းမာစ ပြုလာပါသည်။ ရှေးအတိတ် ပါရမီကံရင့်သန်၍ ယခုဘဝ ပါရမီဖြည့်တို့၏ ကောင်းမှုကြောင့်သာ အသက်ခန္ဓာ မကြွေပျက်ဘဲ သာသနာ့အာဇာနည်တစ်ပါးအဖြစ်သို့ ပေါ်ထွက်လာသည်ဟု ဆိုရပေမည်။

**ဆရာတော်ဘုရားကြီး၏ ပါရမီတော်များ**

၁၉၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ညတွင် ဆရာတော်သည် နဂါးမောက်ကျောက်တောင်ပေါ်ရှိ စေတီတွင် တရားအားထုတ်နေစဉ် မုဒုံမြို့မ ၂ ရပ်ကွက်၊ ဒုံကနီရပ်နေ ကိုတင်ထွန်းသည် သာမဏေဝတ်ဖြင့် ဆရာတော်ကို ဝတ်ကြီးဝတ်ငယ်ဖြည့်ရန် ဆရာတော်ရှိရာသို့ လိုက်၍တက်သွားစဉ် ရင်ပြင်အနီးသို့ရောက်၍ ဆရာတော်ကိုကြည့်လိုက်စဉ် တရားအားထုတ်နေသော ဆရာတော်၏ခန္ဓာကိုယ်မှာ လေထဲတွင် မြင့်တက်နေသည်ကို ဖူးမြင်ခဲ့ရပါသည်။

ကိုတင်ထွန်းသည် ဆရာတော်တရားချပြီး၍ ဆရာတော့်အနားသို့ သွားရောက်ကန်တော့သောအခါ ဆရာတော်က "ကိုယ်သိတာ၊ ကိုယ်မြင်တာ၊ ကိုယ်တွေ့တာကို ကိုယ့်ရင်ထဲမှာပဲထား၊ ကြားလား" ဟု မိန့်ဆိုခဲ့ပါသည်။

ဘဲလူးခေါ် ယခုအောင်လင်းစေတီတော်တွင် ဆရာတော် တရားအားထုတ်စဉ် တွေ့မြင်ခဲ့ရသည့် အရာတို့ကို

www.burmeseclassic.com

www.burmeseclassic.com

လည်း ကိုယ်တိုင်လိုက်ပါဝတ်ဖြည့်ခဲ့ဖူးသည့် တပည့်ဒါယကာ ဦးအောင်သိန်း(ခ) ဦးမောင်စိန်မှ ပြောပြပါသည်။ လမိုက်ည တစ်ညတွင် ဆရာတော် ဘဲလူးဘုရား၌ တရားအားထုတ်စဉ် လိုက်သွားတုန်းက ဖြစ်၏။ လမိုက်ညဖြစ်သည့်အပြင် သစ်ပင် ချုံနွယ်များ အုပ်ဆိုင်းနေ၍ ဟိုတိုးဒီတိုက်နဲ့ ဆရာတော်၏ အနောက်သို့ အမီလိုက်ရန် အခက်အခဲဖြစ်နေချိန်တွင် ရှေ့မှ ကြွသွားသော ဆရာတော်၏ လက်ဖဝါးမှ ဘယ်အချိန် ကတည်းက ထွက်နေမှန်းမသိသော စိမ်းဖန့်ဖန့်အလင်းရောင် ကို သတိထားမိခဲ့ပါသည်။ ဦးအောင်သိန်းသည် ဓာတ်မီးမယူ မီးတုတ်မပါဘဲ မှောင်မည်းနေသော တောလမ်းလေးကို ဂရုစိုက်သွားနေချိန်တွင် ဆရာတော်နှင့် အနည်းငယ်လှမ်း သွားသဖြင့် စိုးရိမ်စိတ်နှင့် ကြည့်လိုက်သောအခါမှာ မြင်တွေ့ ရခြင်း ဖြစ်ပါသည်။

ဦးအောင်သိန်းသည် ရင်ထဲမှ ပျောက်စိမ်၊ စိုးရိမ် စိတ်တွေ လွင့်ပြယ်သွားပြီး ပျော်မွှင်စွာ လိုက်သွားခဲ့သည်မှာ ဘုရားပေါ် ရောက်သည်အထိပင် ဖြစ်ပါသည်။ ဦးအောင်သိန်း သည် ၂၀၀၈ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် ပအိုဝ်းလူမျိုးဖြစ်ပြီး ဆရာတော်ကို အလွန် ကြည်ညိုသော တပည့်ဒါယကာတစ်ဦး ဖြစ်ပါသည်။

၁၉၈၆-၈၇ ခုနှစ်လောက်က ဖြစ်သည်။ ကမာဝက်မှ ဦးဗင်းဝယ်ဟစ်ပါးသည် ဆရာတော်နှင့် ပဋ္ဌာန်းကျမ်းစာအုပ် ကိုဖတ်နေသည်။ ဆရာတော်ရှေ့မှာထိုင်နေသည်မှာ မဝိကပီ ဖြစ်၍ ဦးဗင်းဝယ်မှ ထောက်ပြနေရ၏။ ထိုစဉ် ဆရာတော် သည် ဦးဗင်းဝယ်ဘက်သို့လှည့်ကာ ပြုံးရွှင်စွာဖြင့် "ငါ့ကို မျက်စိမှိတ်ပြီးမှ ဖတ်ကြည့်ရတယ်" ဟု မိန့်မှာပြီး အောင်ပျောင်းကို ပဋ္ဌာန်းစာအုပ် ကြည့်ထားဟုဆိုကာ ပက်လက်လှန်၊ မျက်စိ မှိတ်၍ ပိပိသသနှင့် စာမျက်နှာတစ်ခုလုံးကို ဖတ်ပြတော် မူလေသည်။

## ကမ္ဘာ့အကြီးဆုံးအတောင်လေးရာပြည့် ကျောင်းတော်မှ ဘုရားကြီး

ဆရာတော်ဘုရားကြီးသည် ဝင်းစိန်တောရသာသနာ ပြုစခန်းကို စတင်တည်ဆောက်ချိန်မှစ၍ စေတီပုထိုးပေါင်း ၆၀၀-ကျော်နှင့် သာသနိကအဆောက်အအုံ ၃၀-ကျော်တို့ ကိုဆောက်တည်နေစဉ် အတွင်းမှာပင် အတောင်၄၀၀-ပြည့် ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရားကြီးကို ငြမ်းမဆင် ဗိသုကာ ပညာရှင်များမပါဝင်၊ ကိုယ်တိုင်ပုံစံငယ်ထုလုပ်၍ ရဟန်းရှင်လူအများတကာ ပေါင်းစုလုပ်အားဖြင့် ပေ ၂၂၃ အမြင့်ရှိ တောင်စောင်းပေါ်တွင် ၁၃၅၃-ခု၊ ပြာသိုလပြည့် ကျော် (၁၀)ရက်နေ့ ဆရာတော်မွေးနေ့မှာပင် စတင် အုတ် မြစ်ချကာ တည်ဆောက်တော်မူခဲ့ပါသည်။

သံကူကွန်ကရစ် ခေါင်းပွဘုရားကြီးဖြစ်၍ ကိုယ်လုံး တော်အတွင်း၌ ၂၂ ပေပတ်လည်ရှိ ဗုဒ္ဓဝင်ခန်းများနှင့် ရုပ်လုံး ရုပ်ကြွပုံများ ထည့်သွင်းထား၍ အခန်းပေါင်း (၂၀၀)ရှိသည်။ အောက်ခြေကိုယ်လုံးတော်မှ ပခုံးတော်အထိ အထပ်ပေါင်း ရှစ်ထပ်ရှိပြီး ပေ-၁၇၀ ခန့်မြင့်သည်။ ဆရာတော်၏ ဩဝါဒ အတိုင်းပင် နိုင်ငံတော်အစိုးရမှ ၁၃၅၃-ခုနှစ်၊ တပေါင်းလ ပြည့်ကျော် (၃၂) ရက်နေ့တွင် ဝိနည်းနှင့်အညီ မင်္ဂလာရှိသော ဘုရားဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

လူးခြားချက်မှာ လျောင်းတော်မူဘုရားကြီး တည် ဆောက်ရာတွင် မည်သည့်အကက်ပညာရှင်များ၏ အကူညီ မယူဘဲ တစ်ဆင့်ပြီးတစ်ဆင့် ကိုယ်တိုင်တည်ဆောက်တော်မူခဲ့ ပါသည်။ ပြင်ပအလှူခံများလည်း စေလွှတ်ထားခြင်း မရှိပါ။

## အတောင်ခြောက်ရာပြည့် လျောင်းတော်မူ တည် ဆောက်မှု

၁၃၇၃-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆရာတော်သည် အတောင် ၆၀၀ ပြည့် လျောင်းတော်မူဘုရားကြီးကို အုတ်မြစ် ချတော်မူပြန်ပါသည်။ အဖွဲ့ပါက်သို့ ဦးခေါင်းတော်လှည့်၍ တည်ထားတော်မူကာ ယခုအချိန်တွင် ပင်မကွန်ကရစ်တိုင် ကြီးများ တည်ထောင်ထားပြီး၍ ဦးခေါင်းတော် သဲစကာ ရက်လုပ်ထားသော သံကူကွန်ကရစ် လျောင်းတော်မူဘုရား ကြီးပင် ဖြစ်ပါသည်။

ချည်မှတ်ချက်မှာ ပြည်သူအများ ကုသိုလ်ပွားရန်နှင့် တေးတန္တရာယ်မှာမပေါ်ပေါ် တင်းရှင်းကာ ကိုင်းပြည်အေးချမ်း သာယာစေရန် ပမပ္ပါးပမွေးသားတော်မူ၍ ဖောင်ဂျင်နှိုယာ မပါ၊ တန်ဖိုးတော့ဖွဲ့ မထောင်ဘဲ အတောင် ၄၀၀ ဘုရားကြီး တည်ဆောက်သကဲ့သို့ပင် တည်ထောက်မူပြန်ပါသည်။ ယခင် အတောင်-၄၀၀ လျောင်းတော်မူဘုရားကြီးနှင့် မျက်နှာချင်း ဆိုင်တော်မူခြင်း၊ အပြိုင်မပေါ့ခြင်း၊ ယခင်က အတောင်-၄၀၀ ဘုရားကြီးမှာ အနောက်အရပ်သို့ ဦးခေါင်းတော်လှည့်၍ ယခုအတောင် ၆၀၀ ဘုရားကြီးမှာ အရှေ့အရပ်သို့ ဦးခေါင်း တော်လှည့်ခြင်း၊ ယခုအတောင်-၆၀၀ ညာလက်တော်မှာ ဦးခေါင်းတော်ကို ထောက်ထားခြင်းတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ခန္ဓာဝန်ချ

ဆရာတော်သည် ခန္ဓာဝန်မချမီ နှစ်လလောက်မှစ၍ နိမိတ်စကားများကို စတင်ပြောကြားသော်လည်း ထိုအချိန်က မည်သူတစ်ဦးတစ်ယောက်ကမျှ မရိပ်မိ၊ သတိမထားမိကြချေ။ ၁၃၇၅ ခုနှစ်တွင် အနီးအဝေး၌ ရှိကြကုန်သော တပည့်ဒကာအပေါင်းတို့ကို မရိက္ခရာအစုံအလင်ဖြင့် ရဟန်းခံယူတော်မူစေခဲ့ပါသည်။

ထိုနှစ် တော်သလင်းလ အဓိဋ္ဌာန် ဆွမ်းလောင်းပွဲတွင် တရားဟောတော်မူရာ၌လည်း ဒီနှစ်က နောက်ဆုံးနှစ်ပဲဟု မိန့်ကြားတော်မူခဲ့ပါသည်။ ၁၃၇၆ ခုနှစ် တန်ခူးလတွင်လည်း ဆရာတော်သည် တပည့် ဒကာအပေါင်းတို့ကို အယုတ်၊ အလတ်၊ အမြတ်မရွေး ■■ စုပေါင်းရဟန်းခံပွဲ ပြုလုပ်တော်မူစဉ်အခါကလည်း 'ဒီနှစ်နောက်ဆုံးနှစ်ပဲ ဘယ်သူ ဘယ်အချိန်လာလာ ဝတ်ပေးလိုက်' ဟု မိန့်တော်မူခဲ့ပြန်ပါသည်။

"ငါလွတ်လိုက်တာ လေးရက်ရှိပြီ" ဟု မည်သည့်အကြောင်းကို ရည်ရွယ်ပြောဆိုမှန်း တပည့်ဒကာများ သတိမထား နားမလည်သော စကားကို မိန့်တော်မူခဲ့ခြင်း၊ ညဥ့်သုံးယံလုံး အိပ်စက်ခြင်းမရှိတော့ဘဲ တရားဟောခြင်း၊ တပည့်သံဃာနှင့် ကပ္ပိယတို့ကို ဝတ်ဖြည့်စေ၍ "ဝတ်ဖြည့်တာ အပြစ်တွေ ကျေစေတယ်" ဟုမိန့်မှာခြင်း၊ အကြောင်းအရာ အဆက်အစပ်မရှိဘဲ ပြက္ခဒိန်ကိုကြည့်၍ ရက်ကို နေ့စဉ် တွက်ချက်စေခြင်း၊ ရက်တွက်မှားဟန်ဖြင့် (၂၆)ရက်နေ့ကို လက်ညှိုးတော်ဖြင့် ထောက်ပြခြင်း၊ ပျံလွန်တော်မမူမီ (၂)ရက်ခန့်လိုသော် ညဦးပိုင်းတွင် "ငါ့မှာ ဘဝမရှိတော့ဘူး၊ နင်တို့မှာ ဘဝတွေရှိသေးတယ်၊ ငါ့ခြေရာနင်းနိုင်အောင် လုပ်ကြပါလား" ဟု ဩဝါဒပေးကြားတော်မူ၍ (၂၅. ၄. ၂၀၀၅) ရက်နေ့တွင် ရန်ကုန်မြို့သို့ ကျန်းမာရေးမကောင်းသဖြင့် ဆေးစစ်ခံရန် လျှောက်ထားရာ ခွင့်ပြုတော်မူ၍ ကြွသွားရာမှ (၂၆. ၄. ၂၀၀၅) ရက်နေ့တွင် တနင်္ဂနွေနေ့ မွန်းလွဲ (၂း၀၀)နာရီခန့်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

## နောက်ဆက်တွဲ ဖြစ်ရပ်ဆန်း

ဆရာတော်ဘုရားကြီး၏ ဈာပနပွဲကျင်းပပုံ အသေးစိတ်ကို mntv မှ တိုက်ရိုက် live ထုတ်လွှင့်ပြသရာတွင် အလွန်ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ကြီးတစ်ခုကို တစ်တိုင်းပြည်လုံးမှ တွေ့မြင်သိရှိကြရကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြခြင်း၊ နာကျင်ကြေကွဲ နှမြောတမ်းတကြခြင်း၊ သဒ္ဓါကြည်ညိုမှု ဆတိုးမြင့်တက်ခြင်း၊ ဆရာတော်ဘုရားကြီးအား သက်ရှိထင်ရှား မဖူးမြော်လိုက်ရသူအပေါင်းမှ ယူကျုံးမရ ဖြစ်ကြရခြင်း၊ ဈာပနပွဲကို မသွားရောက်မိလေခြင်းဟူ၍ နောင်တရကြခြင်း၊ အံ့ဩမှင်တက်ခြင်း အစရှိသည့် ရသပေါင်းစုံကို mntv ပရိသတ်အပေါင်းတို့မှ ခံစားခဲ့ကြရပါသည်။ ဝေဖန်မှုများ၊ အတိတ်နိမိတ် ကောက်ယူမှုများဖြင့် အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ရပါသည်။

ယင်းအဖြစ်အပျက်မှာ မှန်ခေါင်းအတွင်းမှ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်သည် တဖြည်းဖြည်းနဲ့ မျက်လုံးတော်ပွင့်လာခြင်းပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် နောင်သာသနာအတွက် စိတ်မချခြင်းပေလော။ တည်ဆောက်ရန် ကျန်ရှိခဲ့သည့် အတောင် ၆၀၀ ပြည့် လျှောင်းတော်မူဘုရားကြီး မပြီးစီးမည်ကို စိုးရိမ်ခြင်းပေလော။ ပျံတော်မူခြင်းအပေါ် ပူဆွေးတမ်းတနေကြပေသော ဒကာ၊ ဒကာမအပေါင်းကို ကရုဏာမျက်ဝန်းဖြင့် ကြည့်တော်မူခြင်းလော သို့တည်းမဟုတ်. . . ။

## နိဂုံး

"ငါကတော့ဖြင့် နိဗ္ဗာန်သောင်ကမ်းကို ကူးမြောက်သွားခဲ့ပေပြီ၊ အသင် ဒကာ၊ ဒကာမအပေါင်းတို့သည် အပ္ပမာဒေန သမ္ပာဒေထ- မမေ့မလျော့ မပေါ့မဆသော သတိတရားတို့ဖြင့် ကြိုပမ်းအားထုတ် ခနထိုင်ကြကုန်လော့"

ဟူ၍ ဆိုဆုံးမလိုခြင်းပေလော. . . အတွေးပေါင်းမြောက်မြားစွာတို့နဲ့အတူ။

သတ္တဝါဟူ၍ တရားတွေ့၊ချမ်းမြေ့သာယာရှိကြပါစေ။

[**ကျေးဇူးတင်လွှာ** - ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် တွန်းအားပေးကာ ဈာပနဓာတ်ပုံများကို ရရှိအောင် ကူညီခဲ့သော နေလပရိသတ်တစ်ဦးဖြစ်သူ အန်တီအေးနှင့် ဘုရားဖူးပို့ဆောင်ပေးခဲ့သော သားငယ်ကဗျာဆရာ ဝေယံထက်တို့အား အထူး လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။]

**ဗေဒသုတေသီ ဆရာမျိုး**


**ကိုးကား**

- ဝင်းစိန်တောရကျောင်းဆရာတော် မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဦးမမွှရက္ခိတ။
- ကိုယ်တိုင်သွားရောက် လေ့လာမှုများ

❑

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်၏ အသားတော်မှဖြစ်သော ဓာတ်တော်



မြတ်စွာဘုရားရှင်၏ အရိုးတော်မှဖြစ်သော ဓာတ်တော်

ရောဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ညောင်ကုန်းချောင်းဖျားကျေးရွာ
ဝဗ္ဗိကာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော

# ဘဒ္ဒန္တသီရိဆရာတော်ဘုရားကြီး၏
# ထေရုပ္ပတ္တိနှင့် ဓာတ်တော်တိုက်စေတီတော်

နောင်ရိုး(အဖေ့ပညာ)

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ညောင်ကုန်းချောင်းဖျား ကျေးရွာ၊ ဝဗ္ဗိကာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဖြစ်တော်မူသော ဆရာတော် ဦးသိရိမှထေရ်မြတ်ကို ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ မှော်သေးရွာတွင် ဖခမည်း တော် ဦးဖအေးမောင်၊ မယ်တော် ဒေါ်ပုတို့မှ ၁၂၉၃ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ သောကြာနေ့ နံနက် ၄ နာရီ အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

မွေးချင်းမောင်နှမငါးယောက်ရှိသည့်အနက် သားကြီး ရတနာဖြစ်ပါသည်။ ဆရာတော်လောင်းလျာသည် သက်တော် ခုနစ်နှစ်အရွယ်တွင် မှော်သေးပညာရာမိကကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပမွယ်ာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ သက်တော် ၁၁ နှစ် အရွယ်တွင် ဆရာတော် ဦးလောကိသရကို ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရှင်သာမဏေပြုတော်မူပါသည်။

၁၃၀၁ ခုနှစ်တွင် အိမ်မဲမြို့နယ်၊ ပေါကြီးကျေးရွာ ဓမ္မသုခကျောင်းတိုက်သို့ ရောက်ရှိတော်မူ၍ ဓမ္မသုခကျောင်း တိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြုတော်မူ၍ ၁၃၁၅ ခုနှစ်တွင် မြင့်မြတ် သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ရဟန်း တစ်ဝါအရတွင် ကျောင်းကုန်းမြို့၊ မှော်သေး ပညာရာမိကကျောင်းတိုက်သို့ ပြန်ကြွ၍ ပညာရာမိက ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ ထံတွင် ရဟန်းတို့



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်၏ အစွယ်တော်မှဖြစ်သော ဓာတ်တော်



ဘုရားရှင်နှင့် ရဟန္တာဓာတ်တော်များ

ကျွင့်အပ်သော ဝိနည်းဆိုင်ရာ ပရိယတ္တိစာပေများ၊ ပရိက်ကြီး၊ နမက္ကာရ၊ ရတနာ့မွေချို့၊ အတွင်းဓာောင်ခြင်း၊ အပြင်ဓာောင် ခြင်း အစရှိသော ဆယ်တောင်တွဲနှင့် ဓာတ်ကြီးဆယ်ဘွဲ့ အစရှိသော လောကုတ္တရာစာပေများနှင့် ကစ္စည်းသဒ္ဒါကြီးသုတ်စဉ်၊ သုတ်နက် မာစရှိသော စာပေများကို သင်ယူခဲ့ပါသည်။

၁၃၁၇ ခုနှစ်တွင် အိမ်မဲမြို့နယ်၊ ညောင်ကုန်းချောင်း ဖျားကျေးရွာ ခမ္မိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မဟိန္ဒထံတော်သို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်ဘဒ္ဒန္တမဟိန္ဒ ထံတော်တွင် မိဘနှစ်ပါးကို၏ ပစ္စယာနုဂ္ဂဟကို ခံယူတော် မူလျက် ဒုတိယအကြိမ် သိက္ခာထပ်တော်မူပါသည်။

ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမဟိန္ဒ၏ ထံတော်ပါးဝယ် နိုလုံ၍ အထက်တန်း ပရိယတ္တိစာပေများဖြစ်သော ဝိနည်း ငါးကျမ်းအပါအဝင် အထက်တန်းကျလှသော ပါဠိတော် အဋ္ဌကထာတို့ကို သင်ယူတော်မူခဲ့ပါသည်။ ပုသိမ်မြို့၊ စက် တော်ရာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတဆရာတော် နှင့် ညောင်ကုန်းချောင်းဖျားကျောင်းဆရာတော် ဘန္ဒန္တ နန္ဒဝံသတို့ထံပါး၌လည်း အထက်တန်းကျလှသော ပရိယတ္တိ စာပေများကို သင်ယူတော်မူခဲ့ပါသည်။

ဆရာတော်သည် ညောင်ကုန်းချောင်းဖျားကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဝံသနှင့်အတူ ဓမ္မိကာရာမကျောင်း တိုက်၌ သီတင်းသုံးနေထိုင်ကုန်သော တပည့်သံဃာများအား ပရိယတ္တိအခြေခံဖြစ်သော သဒ္ဒါ၊ သင်္ဂြိုဟ်၊ ညဝါကျမ်းများနှင့် ဝိနည်းငယ် လေးစောင်၊ ပါရာဇိကာဏ် အစရှိသော ဝိနည်း ငါးကျမ်း ကျမ်းစာများကို ပို့ချတော်မူပါသည်။

ဆရာတော်ကြီးသည် မိမိ၏ဆရာရင်းဖြစ်သော ဆရာ တော် ဘဒ္ဒန္တနန္ဒဝံသနှင့်အတူလက်တွဲ၍ ဆရာတော်ကြီးများ ၏ ဩဝါဒကိုခံယူကာ ကျောင်းတိုက်အတွင်းရှိ သီရိမင်္ဂလာ ကုန်းတော်ပေါ်၌ သီဟိုဠ်မှ ပင့်ဆောင်လာသော မြတ်စွာ ဘုရားဓာတ်တော်ကို ကည့်သွင်းပူဇော်ကာ လောကမာရ် အောင် ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအား တည်ထား ကိုးကွယ်တော်မူပါသည်။

ဆရာတော်ကြီးသည် မိမိသီတင်းသုံးတော်မူရာ ဓမ္မိ ကာရာမကျောင်းတိုက်ကြီးဝယ် သိမ်၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ နုတ်လမ်းများကို အသစ်တည်ဆောက်ခြင်း၊ အဟောင်း ပြုပြင်ခြင်း၊ လမ်းတံတားများ ဆောက်လုပ်ပေးခြင်း၊ စေတီ ပုထိုးတော်များ တည်ထားကိုးကွယ်ခြင်းနှင့် ကျောင်းတိုက်ကြီး အခွန့်ရှည် တည်တံ့နိုင်စေရန် ဆွမ်းပဒေသာပင်များနှင့် ဆေး ပဒေသာပင်များ စိုက်ထူလှူဒါန်းတော်မူပါသည်။

ဆရာတော်ကြီးသည် အနယ်နယ်အရပ်ရပ်မှလာပည့် ဒါယကာ၊ ဒါယိကာမများ ကိုးကွယ်နိုင်စေရန်နှင့် မြတ်ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်တော်မူသော မာရ်ငါးပါးကို ရည်စူးတော်မူ၍ -

၁။ ရိုးကြီး သရက်ပင်ကြီးကျေးရွာတွင် ခန္ဓမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၂။ ဆယ်စုကျေးရွာတွင် ဒေဝပုတ္တမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၃။ ကံစုကျေးရွာတွင် ရတနာမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၄။ ဆိတ်ကြီးကုန်းကျေးရွာတွင် လာဘမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၅။ သောင်တန်းကျေးရွာတွင် ရွှေပြည်အေးစေတီတော်မြတ် တစ်ဆူ။

၆။ သရက်ပင်ဆိပ်ကျေးရွာတွင် ကိလေသမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၇။ မကျီးချောင်းကျေးရွာတွင် ဒေဝမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၈။ ကျုံကလုံးကျေးရွာတွင် ဇိနမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၉။ တောကြီးကျေးရွာတွင် ဇိနမာရ်အောင် စေတီတော်မြတ် တစ်ဆူ။

၁၀။ တံခွန်တိုင်ကျေးရွာတွင် စေတီတော်မြတ် တစ်ဆူနှင့်

၁၁။ ခတ္တိယကျေးရွာတွင် စေတီတော်မြတ် တစ်ဆူတို့ကို တည်ထားကိုးကွယ်စေခဲ့ပါသည်။

ဆရာတော်ကြီးသည် ပိဋိယံမှောက် လာရောက်ဖူးမြော်ကြကုန်သော တပည့်ဒါယကာ ဒါယိကာမတို့က ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးတရားများ ဖြစ်နိုင်ကြစေရန် တရားဓမ္မ ဟောပြောပြသ သုံးမပြတ်ပါ။ ပေးတော်မူခြင်း၊ တရားဓမ္မရှုမှတ်ပွားများခြင်း အစရှိသော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်များကို ပေါမျိုးနှံ့ရှိသရွေ့ ပြုတော်မူလျက်ရှိပါသည်။

ဆရာတော်ဘုရားကြီး အဖွဲ့ချုပ်သည် ၁၉၉၅ ခုနှစ်တွင် ဗိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ စင်ကာပူနိုင်ငံများသို့ သာသနာပြုခရီးကြွတော်မူစဉ် ဗိန္ဒိယနိုင်ငံသို့ ရောက်ရှိတော်မူသောအခါ မြတ်စွာဘုရားရှင်၏ ဓာတ်တော်ကျမ်းကိုသာ တွေ့ရ၍ ဓာတ်တော်များကို မဖူးမြင်ခဲ့ရပါ။ ထိုဒေသတွင်လည်း ဘုရားရှင်၏ ဓာတ်တော်မွေတော်များ မရှိနိုင်တော့၍သာ ဖြစ်ပေလိမ့်မည်။



ဓာတ်တော်တိုက်စေတီတော်

မဟာစေတီဘုရားကြီးသည် ရှင်သာရိပုတ္တရာ အဂ္ဂသာဝကပင် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များအား စိတ်ဝင်စားမှု ရှိတော်မူခဲ့ပါသည်။ ထိုဓာတ်တော်မွေတော်တို့၏ သမိုင်းကို စာပေအဖွဲ့အစည်းများမှ အာရုံရရှိသော်လည်း ယခု သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ ရရှိမှသာ တိုက်တိုက်ဆိုင်ဆိုင် ဖူးမြော်ကြည်ညိုခွင့်၊ လှူဒါန်းခွင့်များ ရရှိခဲ့သည့်အကြောင်းအကြိမ်ကြိမ် ဝိတ်တော်မူသော ဖြစ်ရကြောင်းကို အဖန်ဖန် ပိန့်ကြားချက်အား ကြားနာရသည့် ဒါယကာ ဒါယိကာမများအပေါင်းတို့မှာ ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာဖြင့် နှလုံးစိတ်ဝမ်း အေးချမ်းသာယာမှုများ ဖြစ်ကြရပါသည်။

'ဆင်ဘုံးကောင်၊ ညောင်နှစ်ကွင်း၊ မင်းခလုတ်၊ မုဒြောကွင်း' ဟူသော စာပါ ရှိခဲ့ပါသည်။ ယာသနာရောင်ဝါ ထွန်းပြည်ဟည်း။

ဆင်ဘုံးကောင် ဆိုသည်မှာ ဆင်ကူးရွာ၊ ဆင်တိုးရွာ၊ ဆင်ဆိပ်ရွာတို့ ဖြစ်သည်။ ညောင်နှစ်ကွင်း ဆိုသည်မှာ ညောင်ကုန်းအောင်းဈေးရွာ၊ ညောင်ပင်စုရွာတို့ ဖြစ်သည်။ မင်းခလုတ် ဆိုသည်မှာ မင်းမနိုင်ရွာနှင့် ရေခလုတ်ရွာတို့ ဖြစ်သည်။ မုဒြောကွင်း ဆိုသည်မှာ ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားပင် ဖြစ်သည်။

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ညောင်တုန်းချောင်းဖျားကျေးရွာ ဓမ္မာရာမ ကျောင်းတိုက်တော်၌ မြတ်စွာဘုရား

www.burmeseclassic.com



ဓမ္မိကာရာမကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တသိရီ

ရှင်၏ ဓာတ်တော်မွေတော်များ၊ ရဟန္တာဓာတ်တော်များ နှင့်ကြွရောက် သီတင်းသုံးခြင်းမှာ အချိန်သမယ ခါတော် ကျ၍ ကြောင်းကျိုးဆက်စပ် တိုက်ဆိုင်ပေါ်ပေါက် ပွင့်လွန်း လာခြင်းဖြစ်ပြီး မြတ်စွာဘုရား သာသနာတော်မြတ်ကြီး ရောင် ပါနေသို့ ထွန်းလင်းစေဖို့ အကြောင်းများပင် ဖြစ်ပါသည်။

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၊ အကယ်ဖြိုးကျေးရွာနေ ဦးဟုတ်ကျန်+ဒေါ်လှခင်တို့၏ သားသမီးသုံးယောက် ရှိသည့် အနက် ဓာတ်တော်မွေမြတ် ရှာဖွေဆက်ကပ်လာသူ ဦးသန်း အောင် (မှတ်ပုံတင်ရာဖိုင်လ်-ငြိမ်း)သည် ဒုတိယမြောက် သား ရတနာဖြစ်သည်။ ရွှေကြည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမဟိန္ဒ အမှူးထား၍ ၁၃၃၅ ခု၊ ပြာသိုလပြည့်နေ့တွင် တည်ထား ကိုးကွယ်တော်မူသော "လောကမာရ်အောင်" ဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးအတွက် လိုအပ်သော ဘီလပ်မြေအိတ် ၅၀၀ နှင့် သံထည်ပစ္စည်းများအား နိုင်ငံတော်အစိုးရထံမှ ထုတ်ချေးဖြင့် ရရှိအောင် အထူးအကျိုးဆောင် ပါဝင်ဖြည့် ဆည်းပေးခဲ့သော တပည့်ဒါယကာကြီးတစ်ဦး ဖြစ်ပါသည်။ ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော်မြတ်ကြီး တည်ဆောက် သူ တာဝန်ခံ ခရိုင်အင်ဂျင်နီယာ ဝဏ္ဏကျော်ထင်ဦးသိန်းအား ပညာနှင့်လုပ်အား အခမဲ့ ကူညီဒါနပြုပေးနိုင်ရန်အတွက် ဆက်သွယ် အကျိုးသယ်ပိုးခဲ့သူလည်း ဖြစ်ပါသည်။

လောကမာရ်အောင် ဓာတ်ပေါင်းစုစေတီတော်မြတ် ကြီးအား စေတနာ၊ သဒ္ဓါ၊ မေတ္တာတို့ အရင်းခံ၍ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လက်ရှိပဓာန နာယကဆရာတော် ဘုရားကြီး ဘဒ္ဒန္တသီရိအား ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အများ ဆုံး ကူညီဆောင်ရွက်ပေးခဲ့သူ တပည့်ဒါယကာကြီးတစ်ဦး လည်း ဖြစ်သည်။

ဦးသန်းအောင်သည် (၁၄-၇-၂၀၀၇)နေ့တွင် မိတ္ထီလာ မြို့ ပို့ဆောင်ရေးစီမံကိန်းရုံးတွင် တာဝန်ထမ်းဆောင်လျက် ရှိသော သားဖြစ်သူ ခရိုင်ဦးစီးမှူး ဦးတင်အောင်ဌေးထံသို့ ရောက်ရှိ၍ ဝမ်းတော်ပြည့်ဓာတ်တော်တိုက်ရှိ မြတ်စွာဘုရား ဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များအား ဖူးမြော်ကြည်ညို ပြီး ဓာတ်တော်များ အများဆုံး ကိန်းဝပ်ရာ မိတ္ထီလာမြို့နှင့် ၁၃ မိုင်ကွာဝေးသော ပျော်ဘွယ်မြို့နယ်၊ သန့်လျင်ဒေကာရ ယင်းတော်မင်းကျောင်းတိုက် ရှိရာသို့ ဆိုက်ရောက်ခဲ့ပါသည်။

သန့်လျင်ဒေကာရ ယင်းတော်မင်းကျောင်းတိုက် ဓာတ် တော်တိုက်တာဝန်ခံ ပဓာန နာယက ဆရာတော်ဘုရားကြီး 'ပါဠိတော်သီဟနေလအရှင်နိပုဏ' အား ဖျာပုံမြို့နယ်၊ ဇရပ်ကုန်းကျောင်းရွာကျေးရွာ ဓမ္မိကာရာမကျောင်းတိုက် ဆရာ တော်ဘုရားကြီး ဘဒ္ဒန္တသီရိထံသို့ ဓာတ်တော်မွေတော်များ ချီးမြှင့်ပေးပါရန် လျှောက်ထားတောင်းခံခဲ့ရာ ယင်းတော်မင်း ကျောင်းတိုက် ဆရာတော်ဘုရားကြီးမှ ဝမ်းမြောက်ဝမ်းသာစွာ ဖြင့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့် ရဟန္တာ ဓာတ်တော်များအား ဖြန့်ဝေချီးမြှင့်တော်မူခဲ့ပါသည်။

၁၃၆၉ ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်နေ့ (၂၉-၇-၂၀၀၇) တွင် ဦးသန်းအောင်ထံ ချီးမြှင့်လိုက်ပြီး ဦးသန်းအောင်မှ (၃-၄-၂၀၀၈)နေ့တွင် ဇရပ်ကုန်းကျောင်းရွာကျေးရွာ၊ ဓမ္မိကာ ရာမကျောင်းတိုက် ဆရာတော်ဘုရားကြီး အထံတော်သို့ နေ့လယ် ၁၁ နာရီအချိန်တွင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆက်ကပ်လှူဒါန်းလိုက်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅ ရပ်ကွက်၊ အမှတ် (၃/ဗိုင်)၊ ပါရမီကျောင်းတိုက် သိမ်တော်ကျောင်းသစ် ကျောင်းတွင် သီတင်းသုံးတော်မူသော ပဓာန နာယက ဆုထူး ရှင် ဓာတ်တော်ပြတိုက်ဆရာတော် အရှင်ကိတ္တာဝရ (ထီလာ) ထံတွင် (၈-၆-၂၀၀၆)နေ့တွင် ရဟန္တာငါးရာတို့၏ ဓာတ်တော် (တစ်တင်းခန့်) အရေအတွက်ကို အမှတ် ၁၈၅၊ လမ်း ၊ ပုဇွန်တောင်မြို့နယ်နေ ဦးစိန်ဝင်း+ဒေါ်ခင်ဌေး ကြည် သားစု များမှ ကြည်ညိုသဒ္ဓါ ပြည့်စုံစွာဖြင့် ပင့်ဆောင် ပြီး (၂၂-

www.burmeseclassic.com

www.burmeseclassic.com

၆-၂၀၀၈)နေ့ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသီရိထံသို့ ဝမ်းမြောက်ဝမ်းသာ ကြည်နူးစွာဖြင့် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသီရိသည် ရန်ကုန်မြို့ SSC ဆေးခန်းတွင် ကျန်းမာရေးအတွက် ဆေးစစ်မှု ခံယူတော်မူချိန်တွင် ကိုအောင်လင်းနိုင်၊ အမှတ် (၁၇/၃၃၄) သပြေလမ်း၊ ရွှေပေါက်ကံမြို့သစ်နေသူသည် ဆရာတော်ကြီးအား လာရောက်သတင်းမေးရာ ဓာတ်တော်များအကြောင်း စကားစပ်မိသောအခါ သူ့ထံတွင်လည်း မြတ်စွာဘုရားရှင်၏ ဓာတ်တော်များနှင့် ရဟန္တာအရှင်သူမြတ်တို့၏ ဓာတ်တော်များရှိကြောင်း၊ "ဓာတ်တော်ကိုယ်တော်လေး" ဟု ခေါ် ဆိုသော ရဟန်းတစ်ပါးထံမှ ရရှိထားကြောင်း။ ၎င်းကိုယ်တော်လေးမှာ မြန်မာပြည်အနှံ့ ဓာတ်တော်များကို လှည့်လည်စုဆောင်းနေသူဖြစ်ကြောင်း၊ နိုင်ငံခြားတိုင်းပြည်များအထိ လှည့်လည်၍ ဓာတ်တော်များကို စုဆောင်းမနေမနားသာသနာပြုပုဂ္ဂိုလ်ဖြစ်ကြောင်း လျှောက်ထား၍ မိမိအိမ်တွင် ပူဇော်ထားသော မြတ်စွာဘုရား ဓာတ်တော်များနှင့် ရဟန္တာအရှင်သူမြတ်တို့၏ ဓာတ်တော်များကို ဆရာတော်ဘုရားကြီး၏ ဓာတ်တော်တိုက်တွင် အများပြည်သူတို့ ပူဇော်နိုင်ကြရန် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီးအနီးနေ ကာဂည်ကာစ်ဦးဖြစ်သော မာရှင်သုမနသိဒ္ဓိ အရှင်သူမြတ်သည် (၁၇-၁-၂၀၀၉)နေ့တွင် ကိုအောင်လင်းနိုင်၊ ဗိုလ်ကြီးတိန်ဝင်း (ငြိမ်း)တို့၏ အကူအညီဖြင့် ရွှေပေါက်ကံမြို့သစ်မှတစ်ဆင့် ပုလဲမြို့သစ်သို့ ခရီးဆက်ခဲ့ကြသည်။

ပုလဲမြို့သစ်၊ ဖျာပုံကျောင်းတိုက်တွင် မဟာဗုဒ္ဓဝင် မြဲတိုက်၊ ဓာတ်တော်ပြတိုက်နှင့်အတူ ပရိယတ္တိ၊ ပဋိပတ္တိ ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.A Myanmar) ထံသို့ရောက်ရှိခဲ့၍ အိမ်မဲမြို့နယ်၊ ရွာင်ကုန်းချောင်းများ မကျေးရွာ ဓမ္မိကာရာမကျောင်းတိုက် ဆရာတော်ဘုရားကြီးမှ ဓာတ်တော်တိုက် ဆောက်လုပ်၍ ပြတိုက် ဖွင့်လှစ်မည် အစီအစဉ်ရှိပါသဖြင့် ဆရာတော်ဘုရားထံမှ စုဆောင်းထားရှိသော ဓာတ်တော်များအား ဖြန့်ဝေချီးမြှင့် လှူဒါန်းနိုင်ပါရန် လျှောက်ထားရာ အမှန်တကယ် လိုလားနေသူများ ဖြစ်သည်ကတစ်ကြောင်း၊ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ယုံကြည်သည်က တစ်ကြောင်းတို့ကြောင့် မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်သူမြတ်တို့၏ ဓာတ်တော်မွေတော်တို့အား ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ အရှင်သုမနသိဒ္ဓိအား မှတ်တမ်းဓာတ်ပုံတို့နှင့် တကွ ဝမ်းမြောက်ဝမ်းသာ ပေးအပ်လှူဒါန်းတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ဓာတ်တော်များကို အလှူခံတော်မူ၍ ကြီးကျယ်မြင့်မြတ်သော မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ ထားရှိရန် ဓာတ်တော်တိုက် စေတီကြီး တစ်ဆူ တည်ထားကိုးကွယ်ရန် စိတ်အကြံဖြစ်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် မိမိ၏ စိတ်အကြံရှိတော်မူသည့်အတိုင်း ဒါယကာ ဒါယိကာမများနှင့် တိုင်ပင်၍ ပန်းရန်ဆရာ၊ ပန်းပုဆရာဖြစ်သော မိမိ၏ တပည့်ဖြစ်သူ ဖိုးသာအောင်အား ဓာတ်တော်တိုက်စေတီတော်၏ ပုံကြမ်းပုံကို မာမြန်ဆွဲစေပါသည်။

ပန်းရန်ဆရာ၊ ပန်းပုဆရာဖြစ်သော ဖိုးသာအောင်သည် ဆရာတော်ဘုရားကြီး ဖြစ်စေချင်သည့်အတိုင်း ဓာတ်တော်တိုက်စေတီတော် ပုံကြမ်းပုံအား အမြန်ရေးဆွဲကာ ဆရာတော်ဘုရားကြီးအား ပင်ပြလျှောက်ထားခဲ့ပါသည်။

ဆရာတော်ကြီးသည် ပုံကြမ်းပုံအား ကြိုက်နှစ်သက်တော်မူ၍ ၎င်းပုံစံအတိုင်း ဓာတ်တော်တိုက်စေတီတော် တည်ထားကိုးကွယ်ကြမည်ဟု မိန့်ကြားတော်မူပြီး ၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ဓာတ်တော်တိုက်စေတီတော် အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပတော်မူခဲ့ပါသည်။

၁၃၇၁ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့တွင် ဓာတ်တော်တိုက်စေတီတော် ဌာပနာပိတ်ပွဲနှင့် ထီးတော်တင် လှူပွဲ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ချမ်းမြေ့သာယာ ရှိပါစေ။

**နောင်ရိုး(အမေ့ပညာ)**

**(အဖြူမရောင်နှလုံးသား ပရဟိတ-တသ်ာတ)**

**ကျမ်းကိုး**

ဓမ္မိကာရာမကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊ ဘဒ္ဒန္တသီရိဆရာတော်ဘုရားကြီး၏ ယေဘုယျတ္တိနှင့် ဓာတ်တော်တိုက်စေတီတော် သမိုင်းမှတ်တမ်း။

❑



www.burmeseclassic.com

www.burmeseclassic.com

ဤလောကကြီးတွင် ဖြစ်တည်လာကြသော လူအပါအဝင် မြင်မြင်သမျှ ပုပ္ပဋ္ဌ သတ္တဝါကိုင်းသည် မရပ်မနား ဘာရုစ် ဟည်ပတ် လျက်ရှည်လျှားသွေ့ ကြ၊ ကိစ်သွားကည်။



# အမှတ်တမဲ့မှ အမှတ်တရဘဝများသို့

## ပင်းသစ်ဦး (ကုမ်)

သံသရာ၌ လည်နေကြရသော သံသရာခရီးသည်များ ဖြစ်ကြသည်။

သံသရာ ဟူသည် စည်တ်အလို အားဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အစရှိသော သုခဘုံ၊ ဒုက္ခဘုံတို့တွင် ဖြစ်လိုက်၊ ပျက်လိုက်ဟူသော မမြဲသောသဘောတရားဖြင့် လှည့်လည်သွားလာ ဘုံဘဝတွေ ဆက်ခါ ဆက်ခါ ဖြစ်နေခြင်းကို ခေါ်ပေသည်။

သတ္တဝါတို့ သွားလာခဲ့ရသော သံသရာခရီးမှာ အလွန်ရှည်လျားလှပေသည်။ ကာမ (၁၁) ဘုံတွင် မိမိတို့ကံ ပေးသည်အတိုင်း ခေါင်းပြောင်း၍ လှည့်လည်နေရပေသည်။

ထိုသို့သွားလာရာတွင် အို၊ နာ၊ သေ ဟူသော သဘောတရားဖြင့် ချမ်းသာခြင်း တစ်ကွက်မျှမရှိဘဲ ဆင်းရဲအတိပြီးသော ဘဝအဖုံဖုံ အမျိုးစုံရောက်ကြရပေသည်။

ထိုသို့ သံသရာလည်နေရသော လူသတ္တဝါသည် အလွန်ဆင်းရဲသော ဒုဂ္ဂတိဘုံများသို့မလားရောက်ဘဲ သုဂတိဘုံများသို့ လာရောက်နိုင်ရန်အတွက် သုဂတိဘုံများသို့ လာရောက်ကြောင်း တရားများဖြစ်သော ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ဝိပဿနာ အစရှိသော တရားများကို ကျင့်ကြံကြိုးကုတ်

www.burmeseclassic.com

www.burmeseclassic.com

ပေလိမ့်မည်။ ဤဥပဒေသသည် ကျွန်ုပ်က ထွင်လိုက်သော ဥပဒေသ မဟုတ်ချေ။ ကျွန်ုပ်တို့၏ ရာဇဝင်တွင် အလွန်ကျော်ကြားထင်ရှားသော အနော်ရထာ ဘုရင်မင်းမြတ်သည် ဤဥပဒေသကို ယိယိမျောက်မျောက် လိုက်နာဆောင်ရွက်ခဲ့ဖူးလေသည်။ ရာဇဝင်ကိုကြည့်မှ ဘာသာတရားကိုမှီ၍ အသက်မွေးကြသောသူများကို ခွဲခြား၍ သိနိုင်ကြပေလိမ့်မည်။

ဘာသာတရားသည် ကျွန်ုပ်တို့လူမှုကို ရှုပ်ထွေးစေသည်မဟုတ်။ ဘာသာတရားကိုမှီ၍ အသက်မွေးကြကုန်သော သူတို့သာလျှင် ရှုပ်ထွေးစေကြ၏။ ဘာသာတရားကို ကြည့်ပြန်မှ ဤကဲ့သို့သောသူများကို အားပေးခြင်းမရှိသည်ကို တွေ့မြင်ကြရပေလိမ့်မည်။ သို့သော်လည်း အသီးသီးသော ဘာသာတရားတို့ကိုမှီ၍ အသက်မွေးကြကုန်သောသူများ ရှိခဲ့ဖူးလေပြီ။

ဥရောပတိုက်၌ ရဟန်းမင်းကြီးများနှင့် ကေရာဇ်တို့ အချင်းဖြစ်ပွားခဲ့ပုံ၊ ကျွန်ုပ်တို့နိုင်ငံ၌ အရည်းကြီးများနှင့် အနော်ရထာမင်းမြတ်အရေး တွေ့ရပုံ၊ အနောက်နိုင်ငံကြီးများ နယ်ချဲ့ရာတွင် သမ္မာကျမ်းစာ ကိုင်သူတို့က ရှေ့သွားလုပ်၍ အလံကိုင်သူနှင့် ကုန်သည်တို့က နောက်မှလိုက်ရပုံ အကြောင်းစုံတို့ကို ထောက်ထားလျက် မည်သည့်ကာလဒေသ၌မဆို ဘာသာတရားကို မှီ၍ အသက်မွေးကြသူများ ရှိခဲ့ဖူးကြောင်းကို ကျွန်ုပ်တို့ သတိရကြပေလိမ့်မည်။

ယခု ဘာသာတရားကို မှီ၍ အသက်မွေးသူများဟုဆိုရာ၌ ရှင်းလင်းရန် လိုပေသေး၏။ ဘုန်းကြီးပင် ခေါ်ခေါ်၊ ရဟန်းပင် ခေါ်ခေါ် နှစ်မျိုးနှစ်စားရှိ၏။

တစ်မျိုးမှာ ဘာသာတရားကို မှီ၍ အသက်မွေးကြသူများသာဖြစ်၍ ဘာသာတရား ပြန့်ပွားတိုးတက်မှုကို သတိပြုခြင်း အားထုတ်ခြင်း မရှိချေ။ ဘာသာတရားနှင့် ဆန့်ကျင်ဖက်သော အမှုမျိုးကိုပင် ပြုကြ၏။ တစ်မျိုးမှာကား ဘာသာတရား တိုးတက်ပြန့်ပွားမှုကို လေးစား၍ လောကီသားတို့၏ အမှုကို ရှေးရှုခြင်း မရှိချေ။

ကျွန်ုပ်တို့၏ တိုင်းပြည်တွင် သံဃာတော် အရှင်သူမြတ်များသည် ရာဇဝင်ပတ်စ်လျှောက်လုံး ကျွန်ုပ်တို့လူမျိုး၏ရှေ့က ဟားဟားရင်လျက် မြင့်မြတ်သော အမှုမျိုးကိုသာ ပြုခဲ့ကြပေ၏။

ရှေးခေတ်များ၌ သံဃာတော်အရှင်မြတ်များသည် ကျွန်ုပ်တို့တစ်မျိုးလုံးကို ပညာသင်ပေးရန် ကာဝန်ကို ထမ်းဆောင်ခဲ့ကြပေသည်။ ယခုခေတ်၌ပင် တောရွာများတွင် သံဃာတော်အရှင်သူမြတ်များ ပညာသင်ကြားပေးလျက်ရှိသောကြောင့် မြောက်မြားစွာသော အမျိုးသားတို့သည် စာပေတတ်မြောက်ကြပေ၏။

အချုပ်မှာ သံဃာတော်အရှင်မြတ်များ၏ စေတနာ၊ လုံ့လကြောင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်မြင့်မြတ်မှု အသွင်အပြင်ယဉ်ကျေးမှုတို့သည် အထူးသဖြင့် တိုးတက်ခဲ့လေသည်။ ထိုအကြောင်းများကြောင့် ကျွန်ုပ်တို့၏ သံဃာတော်အရှင်မြတ်များသည် ကျွန်ုပ်တို့၏ ထူးကဲသော ကျေးဇူးဥပကာရများကို ခံတော်မူထိုက်ကြပါပေ၏။

ကျွန်ုပ်တို့နိုင်ငံတွင် များသောအားဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ကြသည် ဖြစ်သောကြောင့် အခြားဘာသာတရားများကို မထိခိုက်စေဘဲ ပြောဆိုသည်မှာ နှစ်ပေါင်း ၂၅၀၀ အဟွင်း လိမ်းကပ်၍ လာခဲ့သော ကြေးညှော်တို့ကို ကျွန်ုပ်တို့ ပွတ်တိုက်ခွဲနိုင်ပါလျှင် ဗုဒ္ဓဘာသာ သာသနာရောင်သည် ကမ္ဘာပေါ်တွင် အကျွန်းပြောင်ဆုံး ဖြစ်လာလိမ့်မည်ဟု၍ ယူဆရပေမည်' လို့ ဟောပြောပြီးကဲ့နောက် သံဃာတော်အရှင်မြတ်များအား အခုလို ဆက်လက်လျှောက်ထားပါတယ်။

ဗိုလ်ချုပ်က 'သံဃာတော်အရှင်မြတ်များအား သီးခြားလျှောက်ထားလိုပါသည်ဘုရား။ အရှင်သူမြတ်များဘုရားအရှင်ဘုရားတို့သည် အလွန်ထူးကဲသော ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းမြတ်များ ဖြစ်တော်မူကြပါသည်။ အရှင်ဘုရားတို့က သာသနာတော်ရောင်ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ။ ကမ္ဘာလောကကြီးကို သာသနာရောင် အလင်းပေးတော်မူကြပါ။

သို့မှသာလျှင် ကမ္ဘာသူ ကမ္ဘာသားတို့ မေတ္တာတရား ပွားများ၍ သမစိတ္တနှင့် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ နေနိုင်ကြပါလိမ့်မည်။ အရှင်သူမြတ်များကို ဘုရားတပည့်တော်တို့က ကိုးကွယ်ဆည်းကပ်ပါသည်။ တစ်ကမ္ဘာလုံး ကိုးကွယ်ဆည်းကပ်သည်ကိုလည်း မြင်ချင်ပါသည်။ တပည့်တော်တို့ နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးမှာပင် မေတ္တာတရား သမစိတ္တသဘောတားတို့ကို ပြုပြင်နိုင်သော စွမ်းပကား အရှင်ဘုရားတို့မှာရှိပါသည်။ ဤစွမ်းပကားကို သုံးရာ၌ အောင်မြင်တော်မူပါလျှင် မနုဿလူ တစ်မျိုးလုံး အစဉ်အဆက် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ရှိခိုးပူဇော်ကြပါလိမ့်မည်။

ဤကဲ့သို့ ဆောင်ရွက်မှု[illegible] သာသနာဘက်ကသာကြည်[illegible]မြင့်မြတ်

www.burmeseclassic.com

www.burmeseclassic.com

သည် မဟုတ်ပါ။ တပည့်တော်တို့၏ နိုင်ငံနှင့် လူမျိုးအတွက် အမြင့်မြတ်ဆုံးသော နိုင်ငံရေးကို ဆောင်ရွက်ရာလည်း ရောက်ပါသည် ဘုရား။

တပည့်တော်တို့ နိုင်ငံအရပ်ရပ်သို့ ကြွရောက်တော်မူပြီးလျှင် မေတ္တာတရား၊ ညီညွတ်ရေးတရားများ ဟောတော်မူကြပါ။ မြင့်မြတ်သော လွတ်လပ်ရေးတရားကိုလည်း ဟောတော်မူကြပါ။ မြင့်မြတ်သော လွတ်လပ်ရေးဆိုရာ၌ လွတ်လပ်သော ဘာသာတရား ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘာသာတရားကို ကာလဒေသမရွေး ဟောပြောနိုင်မှု၊ ကြောက်ရွံ့ခြိမ်းခြောက်မှုပန်ခြင်းမှ ကင်းလွတ်မှု၊ လူဖှာ လူနဘဝမှ လွတ်မြောက်မှုစသည်တို့ဖြစ်ပါသည်။

အရှင်သူမြတ်တို့သည် သုံးလူ့ထွတ်ထား မြတ်စွာဘုရား ဩဝါဒပေးမဟော်မူခဲ့သည့်အတိုင်း အပ္ပမာဒေနသမ္ပာဒေထ မမေ့မလျော့ဘဲ အစဉ်ထာဝရ အားထုတ်ကြဖို့ တပည့်တော်တို့ဗမာလူမျိုး ကစ်မျိုးလုံးကို ဆိုဆုံးမတော်မူကြပါ ဘုရား။

ဤသို့သော မိမိကိုယ်ကို မိမိသာလျှင် အားကိုးမှုဖြင့် တပည့်တော်တို့၏ လူမျိုးသည် လောကုတ်ခ လောကီနှစ်လီသော အကျိုးပွားများကို ခံစားနိုင်အောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ အရှင်မြတ်များ၌ ဤကဲ့သို့သော မွန်မြတ်သည့် တာဝန်ဝတ္တရားများ ရှိပါသည်။ ဤမွန်မြတ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်တော်မူကြပါ ဘုရား။ တပည့်တော်တို့မှာ အရှင်သူမြတ်များကို ရိုသေလေးမြတ်စွာ တိုက်တွန်းစကား လျှောက်ထားခြင်းကိုသာ ပြုနိုင်ပါသည်။ ဆောင်ရွက်ဖို့ တာဝန် ကျေပွန်မည်၊ မကျေပွန်မည်ဟူသော ပြဿနာမှာ အရှင်သူမြတ်များသာ ဖြေရှင်းနိုင်ကြပေလိမ့်မည်' ဆိုပြီး သံယာတော်များကိုလည်း လျှောက်ထားသွားပါတယ်။

အဲဒီလိုလျှောက်ထားပြီး နိုင်ငံရေးအကြောင်းကို ဆက်လက်ပြောကြားသွားပါတယ်။ (မိန့်ခွန်းအပြည့်အစုံကို ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သော မိန့်ခွန်းများ စာအုပ်တွင် ဖတ်ရှုနိုင်ပါတယ်။ စာရေးသူ)

ဒီမိန့်ခွန်းရှည်ကြီးကို ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရွှေတိဂုံဘုရား အလယ်ပစ္စယာမှာ ကျင်းပတဲ့ ဖဆပလအဖွဲ့ချုပ်ကြီးရဲ့ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) နိုင်ငံရေးဆိုင်ရာ ညီလာခံကြီးမှာ ဖဆပလ ဥက္ကဋ္ဌအဖြစ်နဲ့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ယနေ့ခေတ်မှာ နိုင်ငံရေးနဲ့ ဘာသာရေး ရောထွေးနေသူတွေ၊ ဟိုလိုလို ဒီလိုလို ယင်မယောင်ယင်မှားဖြစ်နေတဲ့ သူတွေ၊ ဘာသာရေးကို ဖုတ်းလုပ်ပြီး တိုင်းပြည်ကို မငြိမ်မသက်ပြုလုပ်ချင်သူတွေကို ကြိုတင်ပြီး သတိပေးခဲ့တဲ့ မိန့်ခွန်းလို့ ပြောရမှာဖြစ်ပါတယ်။

အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်ရှာဖွေ စားသောက်လိုကြတဲ့ ပြည်သူတွေအနေနဲ့ ဗိုလ်ချုပ်ရဲ့ နိုင်ငံရေးနဲ့ ဘာသာရေး ခွဲခြားပြထားတဲ့ မိန့်ခွန်းကို ဖတ်ပြီး ဟုတ်မဟုတ်နဲ့အစစ်ကို ခွဲခြားနိုင်ဖို့၊ မိမိတို့အနေနဲ့ ပါတီထောင်မှ နိုင်ငံရေးလုပ်တာမဟုတ်ဘဲ လက်ရှိရှန်းကန်လှုပ်ရှားနေရတာ နိုင်ငံရေးလုပ်နေတာပါလားလို့ အတွေးဝင်ပြီး တိုင်းပြည်တည်ငြိမ် အေးချမ်းသာယာရေး၊ တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် တတ်နိုင်တဲ့ဘက်က ပါဝင်နိုင်ဖို့အတွက် ဗိုလ်ချုပ်ပြောကြားခဲ့တဲ့ မိန့်ခွန်းရှည်ကြီးထဲကနေ မူရင်းသတ်ပုံအတိုင်း ကောက်နုတ်ဖော်ပြပေးလိုက်ရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး ဗိုလ်ချုပ်ကို ချစ်ကြတယ်ဆိုရင် ဗိုလ်ချုပ်ပြောကြားခဲ့တဲ့ စကားတွေကို မှတ်သားလိုက်နာကြပြီး တိုင်းပြည်အေးချမ်းသာယာရေးအတွက် ရဟန်းရှင်လူ ပြည်သူအများ စိတ်ဝမ်းမကွဲပြားဘဲ မေတ္တာတရားကို အခြေခံကာ စုပေါင်းညီညာ ချီတက်ကြပါစို့ခင်ဗျား။

**ကိုရဲ(ရွှေတြိဂံ)**

**ကျမ်းကိုး**

မဟာပဒေကျာ်ရင် (ရှာဖွေတင်ပြသည်။)

ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သော မိန့်ခွန်းများ (စာမျက်နှာ ၅၄ မှ ၆၀)။

၁၉၆၉ ခုနှစ်၊ မေလ ၁ ရက်၊ အထူးထုတ်။ စိန်ပန်းမြိုင်စာပေ။

□

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ် ငြိမ်သက်လှသော ထန်းတော၏ အစွန်ဆုံး တဲကလေးထဲတွင် လူသုံးဦးသည် ခေါင်းချင်းဆိုင်ကာ တီးတိုးတိုင်ပင်လျက် ရှိသည်။ သူတို့သည် မကြာခင် ဖြစ်ပျက်တော့မည့် ကမ္ဘာပျက် အရေးအခင်းကြီးတစ်ခုကို မုချမသွေ တွေ့မြင်ရတော့မည့်အလား အရေးတကြီး တိုင်ပင်ဆွေးနွေးနေသည့် ပုံစံမျိုးဖြစ်သည်။

မွဲညစ်ညစ် ကြေးလက်လေးသစ်တက်နေသော၊ မည်းသည့်အခါကမျှလည်း တစ်ရံတစ်ဆစ်မျှ ခဆေးကြောသုတ်သင်ပုံ မရရှာသော လူလေးယောက်စာ စားပွဲပုကလေးပေါ်တွင် ဖက်ကြမ်းနှင့်ထုပ်ထားသော အရာပဟေဠိကစ်ခု ရှိနေသည်။ လူသုံးယောက်သည် ထိုအရာဝတ္ထုပေါ် ဖွင့်သော မာရုံရေတွက ဆူးစိုက်ကျရောက်နေခြင်း ဖြစ်သည်။

တဲ၏မှာပြင်ဘက် ထန်းတော၏ ဧရိယာတပြင်တွင် နေရှိန်က မီးတောက်ခမန်း ရှိသည်။ တံလျှပ်တ လက်လက်ထနေသည်။ တစ်ခါတစ်ရံ ချိုးကူသံက လွမ်းဆွတ်စရာကောင်းအောင် တကူးကူး မာသံမြည်လျက် တံဆီသို့ လွင့်မျောလာတတ်ပေသည်။

သို့သော် လူသုံးဦးသည် ချိုးကူသံကိုလည်း ဂရုမစိုက်အား။ ကရှိန်ရှိန်တက်နေသော နေပူသည့် ပြင်းထန်ဆိုးရွားလှသည့် ရာသီဥတုဒဏ်ကိုလည်း လျစ်လျူရှုထားကြကာ တစ်လောကလုံးကို မေ့ထားကြလေပြီ။

တိတ်ဆိတ်မှုကို စတင်ဖိုးဖောက်လိုက်သူက စားပွဲထိပ်တွင် ထိုင်နေသော အားလုံးထဲမှာ အသက်ကြီးကြီး တစ်ယောက် ဖြစ်သည်။ သူက ဩဇာအရှိဆုံး၊ ကျန်လူနှစ်ယောက်ကို လွှမ်းမိုးနိုင်သူဟု ဆိုရမည်။

"မောင်ရှည်၊ မင်း ဒီပစ္စည်းတွေကို ဘယ်လိုရသလဲဆိုတာ သေသေချာချာ ရှင်းပြဦးကွ၊ ဒါမှ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ စီစဉ်လို့ရမှာ"

မောင်ရှည်သည် စားပွဲဝိုင်းပုကလေးပေါ်မှ ထန်းရည်ထည့်ထားသော နှုတ်ခမ်းပဲ့ မြေပန်းကန်လုံးကို ကောက်ကိုင်လိုက်လေသည်။ သောက်တော့ မသောက်သေးပေ။ သူသည် လူသုံးဦးထဲတွင် အသက်အငယ်ဆုံး ဖြစ်သည်။ ၁၇ နှစ်အရွယ်၊ လူပျိုပေါက်အရွယ်။

"ဒီလိုဗျ ကိုကြီးသောင်းငွေ၊ အမေက ကျုပ်ကို တောင်ခြေက ယာကွက်ကို ထယ်ထိုးခိုင်းတာ ကြာပါပြီဗျာ၊ ကျုပ် ပျင်းနေလို့ နှမ်းကြဲဖို့နေလ ကိုကြီးသောင်းငွေ။

တစ်မနက် နွားတစ်ကောင်နဲ့ ထယ်ထိုးရင်း ထယ်စာမပွကြားကနေ ရလာတဲ့ပစ္စည်းဗျ၊ ကျုပ်လည်း ထူးဆန်းတာပဲဆိုပြီး ကောက်ယားလိုက်တာ၊ ပြီးမှ ထယ်ကို ဆက်ထိုးတာခင်ဗျ"

သောင်းငွေ၏ မျက်ဝန်းညိုညို၊ သွေးကြောမျှားဖြာနေသော မျက်သားနီကြောင်ကြောင်ကြီးများသည် ရုတ်တရက် ပြူးကျယ်သွားသည် ထင်မှတ်လိုက်ရသည်။

"မင်း မင်း မောင်ရှည်၊ ဒီပစ္စည်းတွေက ယောင်ခြေ ထယ်စာထဲက ရလာတယ်ဆိုတာ သေချာတယ်နော်"

မောင်ရှည်သည် ကိုင်ထားသည့် ထန်းရည်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

"သေချာပါတယ်ဗျ၊ ကျုပ်ကိုယ်တိုင် ထယ်ထိုးတာပဲဗျ၊ ဘာလိမ်ပြောစရာရှိလို့လဲ ကိုကြီးသောင်းငွေ"

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော အောင်ကြည်က-

"ဒီကောင် လိမ်မပြောတတ်ပါဘူး၊ ဒါ လိမ်ပြောစရာလားကွာ သောင်းငွေရာ"

သောင်းငွေသည် နှုတ်ခမ်းကို တစ်ချက်တွန့်လိုက်သည်။

"သေချာအောင် မေးရတာ ဟေ့ကောင် အောင်ကြည်"

အောင်ကြည်သည် ဘာမှ ပြန်မပြောတော့ဘဲ မည်းညစ်ညစ် ပန်းကန်ပြားထဲမှ ပဲလှော်လေးငါးစေ့ကို ကောက်ကိုင်ကာ တဖျောက်ဖျောက် ဝါးလေသည်။ စားပွဲအလယ်တွင် ထန်းရည်ဖိုးတစ်ဖိုး၊ အကြမ်းပန်းကန်လုံး သုံးလုံး၊ အမြည်းပန်းကန် တစ်လုံးသာ မလှုပ်မယှက်ရှိသည်။

သောင်းငွေသည် မောင်ရှည်ကို တစ်ချက်စိုက်ကြည့်ကာ -

"ဒီပစ္စည်းတွေက ကျိုးတစ်တွေရဲ့ မနက်ဖြန်တွေ၊ အနာဂတ်တွေကိုပြောင်းလဲပစ်မယ့် ပစ္စည်းတွေကွဲ၊ နားလည်လား"

အောင်ကြည်သည် သောင်းငွေကို လူထူးလူဆန်းတစ်ယောက်သဖွယ် ကြောင်ငေးကာ ကြည့်နေလေသည်။ ထို့နောက် ဘာကို အတွေးပေါက်သွားသည် မသိ၊ တခွိုးခွိုး ရယ်လေသည်။

"ဟီး ဟီး ဟီး . . . ခွိုး ခွိုး"

သောင်းငွေသည် အောင်ကြည်ကို မကျေမနပ် မြဲကြည့်ကာ -

"ခွေးမသား၊ ဘာရယ်စရာကောင်းတာလဲ၊ ပြောစမ်း"

"ဟီး ဟီး ဟား မင်းပြောတဲ့ စကားလုံးတွေကို သဘောကျလို့ပေါ့၊ သင်္ချာကျလို့။ မနက်ဖြန်တွေ၊ အနာဂတ်တွေနဲ့ ကဗျာဆန်ဆန်ပြောနေ[illegible]ဝါ အထူးအဆန်းဖြစ်ပြီး ရယ်[illegible]ပေါ့ကွာ၊ မင်းလို ဘုန်းကြီးကျော[illegible] တက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com

လေးတန်းတောင် မအောင်တဲ့မောင်က စကားကြီးစကားကျယ်တွေ ပြောတော့ အံ့သြပြီးရင်းအံ့သြ၊ ရယ်ချင်တာပေါ့ကွ"

"ဟုသုဘာ" ၄

သောင်းငွေသည် ဆံမရေးကံ့ ယန်းရှယ်ပိုးထဲမှ ဘန်းရှည်ကို ပန်းကန် လုံးကဲ့ကို ပြည့်လျှံလှမတတ် ထည့်လိုက် မြန်သည်။ သူ၏မျက်နှာတွင် မျှော်လင့် ချက် တစ်စုံတစ်ရာ မရှိပ်မငွေ့ ယှက် သန်းနေခြင်းနှင့် လောဘကြောင့်လော၊ ယန်းရှယ်အရှိန်ကြောင့်လော မသိနိုင် သည့် အနီပ်အရောင်ကြောင့် မျက်နှာ ပြင်တစ်ခုလုံး မီးကင်ထားသော မက် ခေါက်ကြီးလို ဖာဆီပြန်ကာ ဖေးဂိုး ချွန် ချွန်ပေါက်ပေါက်ကြီးသည် တန်းလုံး ခါးကွဲ့ကို ရှေ့သို့ ငေါ်ထွက်နေလေ၏။ တရွရွလှုပ်နေသော ကနေ့ကနေ့ နှုတ် ခမ်းပြာပြာကူကူကြီးကလည်း အစာ ဧရာပြက်လယ်နေသည့် ဘေးမဲ့ရှားပြာ ကြီးတစ်ကောင်နှင့် တူနေပြန်သေးတော့ သည်။

ထို့နောက် သူသည် စားပွဲပေါ်မှ ထုပ်ထားသည့် အရာဝတ္ထုကို တစ်ချက် စိုက်ကြည့် ကိတ်ကပ်ထဲမှ ကြေးဝါမီးခြစ် ကို နှိုက်ယူပြီး တရှိုးရှိုးမြည်အောင် ခြစ် လေသည်။ ထို့နောက် ကျန်သည့်လက် တစ်ဖက်ဖြင့် ဟိုစမ်းသည်စမ်း လုပ်နေ သေးသည်။ ဆေးလိပ် ရှာနေပုံရသည်၊ ဆေးလိပ်ကို မတွေ့။ ထို့ကြောင့် ကျွတ် ခနဲ ပါးစပ်မှ တစ်ချက်မြည်တာ -

"ဆေးလိပ်၊ ဘယ်တျကျန်ရစ်ခဲ့ သလဲ မသိဘူး၊ ရှိမှပဲ"

မီးခြစ်ကို ဆက်မခြစ်တော့ဘဲ ခုံပေါ် ပစ်တင်လိုက်သည်။ သူ့မျက်နှာ သည် စားပွဲပေါ်မှ ဖက်ကြမ်းနှင့်ထုပ် ထားသော ပစ္စည်းပေါ်သို့ မျက်လုံးများ က ကျရောက်သွားပြန်သည်။

သောင်းငွေ၏ မျက်နှာပေါ်တွင် ထူးဆန်းသော အပြုံးတစ်ချက် ပေါ်လာ သည်။ ထိုအပြုံးနှင့်အတူ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲ၊ မုတ်ဆိတ်မွေး ငုတ်စိတ်တို့ သည် ဖြစ်ကတတ်ဆန်း ပြုပက်ကား သော လယ်မြေထဲမှ စပါးပင်တွေလို လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ကွမ်းချိုး တက်နေသော သွားကျဲကြီးများက ရှုတ် ယာရက် ပေါ်လာသည်။

"ပြစမ်း မင်းပစ္စည်း၊ ထယ်တိုး ရှင်း ရလာတဲ့ပစ္စည်း"

မောင်ရှည်က စားပွဲပေါ်မှ ပစ္စည်းကို သောင်းငွေဘက်သို့ အသာ တိုးပေးလိုက်သည်။ သောင်းငွေသည် ဆတ်ခနဲ တွန့်သွားသော သူ၏ခန္ဓာ ကိုယ်ကို ထိန်းလိုက်ကာ စားပွဲပေါ်မှ ပစ္စည်းကို အသာအယာ ယူလိုက်သည်။ အောင်ကြည်နှင့် မောင်ရှည်သည် ဟဲ ဟမြင့်ဘက်သို့ လှမ်း၍ အကဲခတ်ကြည့် သည်။ တစ်ယောက်ယောက် ဝင်လာ လျှင် မခက်ပေလား။

သောင်းငွေသည် ဖက်ကို ဖြည်းဖြည်း ဖြေသည်။ နှိုးကြိုးဖြင့် သေသေချာချာ ပုပ်ထားခြင်းဖြစ်ပေရာ မောင်ရှည်တို့ စိတ်ထဲမှ ကျိတ်၍ချီးကျူး မိလိုက်သေးသည်။ သောင်းငွေသည် အထုပ်ကို ညင်သာစွာ ဖြေချလိုက်လေ သည်။

ဖက်ထဲတွင် အရုပ်သုံးရုပ်။

လက်ရာမြောက်စွာ ထုလုပ်ထား သော ညီညစ်ညစ် ကျောက်ရုပ်နွား သုံး ကောင်။ မူလက အဖြူရောင်ဖြစ်ဟန်ရှိ သော်လည်း မြေကြီးထဲတွင် နှစ်ပေါင်း များစွာ နစ်မြုပ်နေရကား ပင်ကို အရောင် အဆင်း ပျောက်နေပေပြီ။ ကျောက်နွားကလေးများသည် အလျား ခြောက်လက်မ၊ အနံ လေးလက်မခန့် ရှိပြီး လက်ရာမြောက်လှသည်။ ဝှေ့၍ ခတ်တော့မည့်ဟန်၊ ဦးခေါင်းများကိုငုံ့၍ ဦးချိုကားကားများက သက်ရှိနွားများ ပမာ ဖိသက်ဝင်လှပေသည်။

အားလုံး၏ မျက်ဝန်းများက အရောင်ယှက်ယောကာ စူးရှတောက် ပြောင်သော အကြည့်စူးစူးများဖြင့် ကျောက်နွားရုပ်ကလေးများပေါ်သို့ ကည့်မဆိတ်စွာ ကျရောက်သွားကြလေပြီ။

"ကျောက်ရုပ်နွား သုံးကောင်ပဲ"

"ဟုတ်တယ် ကိုကြီးသောင်းငွေ၊ ထယ်စာ မြေထဲက ရလာတာ"

"သေချာတယ်နော် မောင်ရှည်"

မောင်ရှည်သည် ခေါင်းကာစ် ချက်ဆတ်ခနဲညိတ်သည်။ အောင်ကြည် က ကျောက်နွားတစ်ကောင်ကို မငံ့မရဲ ကိုင်ကြည့်သည်။ အောင်ကြည် မျက်နှာ သည် လောဘစိတ်ဖြင့် အရောင်ပြောင်း လျက် ရှိပေသည်။ ထို့နောက် အသာ အယာပင် ပြန်ချလိုက်သည်။

အောင်ကြည်နှင့် မောင်ရှည် သည် သောင်းငွေကို အကဲခတ်၍ ကြည့် လိုက်မိကြသည်။ သူတို့အကြည့်များ သည် သောင်းငွေ၏ ဖြတ်သိန်းနဲ့ရာ ဘဝခရီးတစ်လျှောက်ဆီသို့ လူးလွန့်ပျံ့ သန်းသွားကြလေသည်။

*

သောင်းငွေသည် ဝါးနက်ကုန်း ကျေးရွာ ရွာဦးဆရာတော် ဦးနန္ဒိယ၏ တူအရင်းခေါက်ခေါက် ဖြစ်လေသည်။ ဘုန်းကြီးကျောင်းတွင် ကပ္ပိယသဘော မျိုးနေကာ အလုပ်အကိုင် မည်မည်ရရ မရှိဘဲ ယောင်လည်လည် ယောင်ဝါးဝါး သမား တစ်ယောက်သာ ဖြစ်သည်။ ရွာ နိုးကိုးပေါက် လည်ပတ်ရင်း သူငွေ... ဖြတ်လမ်းလိုက်နေသူတစ်ဦး... ဆိုနိုင် သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခင်က ဘုန်းကြီးကျောင်းတွင် ဆရာတော်နှင့် ဆွေရိပ်မျိုးရိပ်မကင်းသော ကပ္ပိယကြီးတစ်ဦး ရှိသေးသည်။ အဆိုပါ ကပ္ပိယကြီးသည် အင်းအိုင်၊ လက်ဖွဲ့၊ ဗေဒင်စသည်ဖြင့် တီးမိ ခေါက်မိခဲ့ဖူးသည်။ ဆေးလည်း မတောက်တခေါက် ကုတတ်သည်။ သောင်းငွေသည် အဆိုပါ ကပ္ပိယကြီးနှင့် ပူးပေါင်းကာ အင်းအိုင်၊ လက်ဖွဲ့ အတတ်တို့ကို ဟိုစပ်စပ် သည်စပ်စပ် သင်ယူထားသေးပေရာ ရွာထဲတွင် ဆရာကြီးဂိုက် ဖမ်းနေတတ်သည်။ ကပ္ပိယကြီး အညာသို့ အပြီးကိုင်ပြန်သွားသောအခါ အချို့ အင်းအိုင်လက်ဖွဲ့၊ ဆေးကျမ်းအချို့ကို သောင်းငွေ အမွေရထားလိုက်လေပြီ။ အလုပ်လက်ကြောတင်းအောင် မလုပ်လိုသည့်၊ ဖြတ်လမ်းလိုက်လိုသည့် သူ့အတွက် လက်နက်ကြီးများ ဖြစ်သွားပေပြီ။ ယခုတော့ အနို့ကပ္ပိယကြီး၏ သင်ကြားပြသမှု နည်းနာနိဿယများဖြင့် စမ်းသပ်ရန် အခွင့်အရေးကောင်းကြီးတစ်ခုသည် ဆိုက်ရောက်လာပြီ မဟုတ်ပါလား။

*

သောင်းငွေသည် တဲတွေးကို ငွပ်ခနဲ မျိုချလိုက်သည်။

ယန်းရှည်တဲမှထွက်တာ မြောက်ဘက်သို့ ဘေးမျှော်ကြည့်လိုက်မည် ဆိုပါက မှိုင်းမှိုင်းညို့နေသော တောင်ကုန်းတောင်စွယ်တွေကို မြင်ရမည်။ သည်လိုညနေခင်း မှုန်ရီဝိုးတဝါး အချိန်တွင် လွမ်းဆွတ်ဖွယ်ကောင်းလောက်အောင် လှပြနေကြီးစွာ ယဲယောင်းပြိမ်သက်နေသော တောင်ကုန်းကြီးသည် အထီးကျန်စွာ ငေးမောနေသယောင်။ ထိုတောင်ကား သိုက်ပြေးတောင်ပင်တည်း။ သိုက်ပြေးတောင်ဟူသော အနက်အဓိပ္ပာယ်နှင့်ပတ်သက်၍ ဤဒေသသည် ဝိဝါဒအမျိုးမျိုး ကွဲပြားနေတတ်သေးသည်။

သိုက်ပြေးတောင်တစ်ဝိုက်တွင် သိုက်တွေရှိသည် ဆိုသည်ကို ရွာသားတိုင်း ရွာသားတိုင်းလိုလို သိရှိနေကြသည့် ရာဇဝင်ရှိသည်။

မြန်မာပြည်အရပ်ရပ်မှ သိုက်ဆရာ အရင့်အနုများသည် ဝါးနက်ကုန်းကျေးရွာ၊ ဆင်ခြေရာကျေးရွာ၊ သဲတောစသည့်ရွာများတွင် စတည်းချကာ နည်းလမ်းမျိုးစုံဖြင့် သိုက်တူးသည့်အလုပ်ကို လုပ်ကိုင်ကြဖူးသည်။ တချို့ အောင်မြင်သွားကြသည်ဟု ပြောသည်။ အယုပ်အယည်ဖြင့် ကြီးကြီးမားမား ရရှိသွားကြသည်ဟုတော့ မကြားမိကြသေး။ ရွှေမန်ကျည်းတောင့်ကလေး တစ်တောင့်စ၊ နှစ်တောင့်စ၊ တစ်ကျပ်သား အလေးချိန်ရှိ ရွှေခွက်ကလေးတစ်ခုံး စသည်ဖြင့်သာ ရရှိသွားကြသည်ဟုသာ ကြားရဖူးသည်။

သို့သော် ဆရာမနိုင်၍ ထွက်ပြေးရသည့်သာကင်း သေကျကြရသည့် သတင်း၊ ယခင်းမြင်ကျယ်ကျယ်ကြီးမှာ ရင်ဘတ်တွေ ပွန်းပဲ့မတတ် ရေကူးခဲ့ကြရသည့် မအောင်မြင်သည့် သတင်းတွေသာ ကြားခဲ့ကြရသည်။ ဘာပဲဖြစ်ဖြစ် ဆရာမနိုင်သည့် သိုက်ဆရာပြေးတောင်မှ ခေါ်က ပို၍သင့်လျော်လိမ့်မည် ထင်သည်။

သို့မဟုတ် နောင်တစ်ချိန် လက်ဆံပြောင်လုသော သိုက်ဆရာနှင့် တွေ့ပါက သိုက်တံခါးပွင့်ကာ ရှိသမျှ လျှည်းကိုးစီးတိုက်မျှ မပာနာမပွေ ယက်လွှတ်ဆုံးရှုံးရမည်ကိုကြောက်၍ သိုက်စောင့်ဘိုးဘိုး၊ သိုက်နန်းရှင်မတို့သည် လွတ်ရာဘေးကင်းရာဆီသို့ ရွှေ့ပြောင်းသွားကြသဖြင့် သိုက်ပြေးတောင်ဟုပဲ ခေါ်ဝေါ်လား မသိရချေ။

မည်သို့ပင်ဆိုစေကာမူ သိုက်ပြေးတောင်ကား ဤနယ်တစ်ဝိုက်တွင် ရတနာရွှေလှည်း ကိုးစီးတိုက်မျှ မြေအောက်တွင်ရှိနေသည်ဟူသည့်သတင်းက အားလုံးကို မက်မောစွာ ဆွဲဆောင်ထားသည်ဟု ဆိုရပေမည်။ ထို့အတူ ထူးခြားသော တဘောင်လိုလို၊ စနည်းလိုလို စကားတစ်ခွန်းကလည်း ရှိသေးသည်။

"ကျောက်နွားသုံးကောင် သိုက်ပြေးတောင်" တဲ့။

အားလုံးက သိုက်ပြေးတောင်ကို သိရှိနေကြသော်လည်း ကျောက်နွားသုံးကောင်၏ ဇာတ်လမ်းကိုတော့ မသိရှိကြ။ ကျောက်နွားသုံးကောင်ပါသည် သိုက်ကို စောင့်ရှောက်နေကြသည်။ ကျောက်နွားကြီးပေလော၊ သိုက်စောင့်များ၏ စေတမန်ပေလော၊ မည်သူမျှ သဲသဲကွဲကွဲ မသိရှိကြချေ။ ယခုတော့ ထိုအမေးပုစ္ဆာ၏ အဖြေသည် မှုန်းမှုန်းလင်းလင်းကြီး လယ်ပြင်မှာ ဆင်ခြေသလို ပေါ်ထွက်နေပြီလော။

သောင်းငွေ၏ ယန်းရှည်ရှိန်ကြောင့် ဝေသီနေသော မျက်လုံးများသည် မတောဆင်ရိုင်း တစ်ကောင်၏ မျက်လုံးကဲ့သို့ ချွေ့ပုက်သိပ်သည်းမှုတို့ဖြင့် ပြည့်နှက်နေကာ အကြည့်များသည် စားပွဲပေါ်ရှိ ခြောက်လက်မသာသာ ကျောက်ရုပ်နွားသုံးကောင်ပေါ်သို့ ကျွက်ကျွမကက် ကျရောက်မနေပေဘူးလား။

သူသည် ကျောက်နွား တစ်ကောင်ကို ဆုပ်ကိုင်လိုက်သည်။ သူ့လက်များသည် ရတနာသိုက်တံခါးကို ဖွင့်လှစ်ရန် သော့တံကို မိမိရရ မြဲမြဲနိုင်နိုင် ဆုပ်ကိုင်ထားမိသူကဲ့သို့လောဘတကြီးနိုင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟ- သောင်းဌွေရဲ ကျောက်ရှပ်နွားလည်း ကြေမွသွားပါဦးမယ်"

မောင်ကြည်သည် နှုတ်ခမ်းပြာမည်းမည်းကြီးကို တစ်ချက်တွန့်ကွေးကာ ထန်းရည်တစ်ကျိုက်ကို မျိုချလိုက်သည်။ ထို့နောက် ပဲလှော်တစ်ဆုပ်နှိုက်ကာ တဂျွမ်းဂျွမ်းနှင့် ပါးစပ်ဝ ကြိတ်စက်ကြီးထဲမှ ကျောက်တုံးတွေကို ကြိတ်ဝါးနေသည်နှင့် တူသည်။ မောင်ရှည်သည် တဲမှာပြင်ဘက်ဆီသို့ ငေးနေလေသည်။

အနောက်ဘက်တောတန်းသည် ပွမ်းသွမ်းဖွယ် ချိုးကူသံနှင့်မှာဘူ နေ့အလင်းတွေကို သိမ်းကုပ်စပြုနေပြီ။

သောင်းဌွေသည် ဆုပ်ကိုင်ထားမသောလက်ကို ဖြေချလိုက်သည်။

"ဒါ ဒါ သိုက်စာတွေ တခြောင်တွေထဲက ကျောက်နွား သုံးကောင်၊ ကျောက်နွား သုံးကောင်"

"ဟား ဟား ဟား တို့တွေ ပွပြီ မောင်ရှည်ရေ ပွပြီကွ၊ ဟင်း ဟင်း ဟင်း သိုက်အောင်လို့ကတော့ကွာ၊ မီးရထားတစ်စီးလောက် ဝယ်စီးရမယ်၊ ရထားကြီးက ပုဂံမှာဆိုက်ပြီးတော့ သူကြီးသမီး ဇာပွင့်ကိုတင် ဟီး ဟီး ဟီး"

မောင်းမြွေသည် သူကြီးသမီး ဇာပွင့်ကို ကျိတ်ပိုးနေသူ ဖြစ်သည်။

"ဇာဇာရေ နင့်ကို ရွှေလှည်းတစ်စီးနဲ့ တင်တောင်းမကွဲ"

ထိုအခါ အောင်ကြည်သည် မျက်လုံးတစ်ချက် လှန်ကြည့်ကာ -

"ဟေ့ကောင်၊ သိုက်က ဘယ်နေမှန်း မသိဘူး၊ အရှုးထလှချည်လား၊ ဒီကိစ္စထဲမှာ တို့နှစ်ယောက်ပါ ပါတယ်ဆိုတာ သတိရဦး"

"ဟုတ်တယ်လေ ကိုကြီးသောင်းဌွေရဲ ကျုပ်က နွားပိုင်ရှင်ဗျ"

သောင်းဌွေသည် တဟဲဟဲ ရယ်နေလေသည်။

"ဟီး ဟီး ဟီး မင်းကို သူကြီး နှစ်လုံးပြူးကြီး ဝယ်ပေးပြီး သူကြီးအရာထားမယ်၊ ဘယ့်နှယ်လဲ၊ မင်း ဖဲဲမိနှစ်လုံးပြူးကြီးနဲ့သာ ပစ်ပေတော့၊ ရွာထဲက ကောင်မလေးတွေကို ရှုတ်ခနဲ ရှုတ်ခနဲ ဘွတ်ခနဲ ဘွတ်ခနဲ"

မောင်ရှည် မျက်နှာသည် ရယ်ရမလို၊ ငိုရမလို ဖြစ်နေသည်။ ယို့နောက်-

"နှစ်လုံးပြူးသေနတ်က ရှုတ်ခနဲ ဘွတ်ခနဲ မြည်လို့လားဗျ"

မောင်ကြည်သည် မျက်နှာကလေးတည်၊ မျက်လုံး ပေကလတ် ပေကလတ်နှင့် -

"သူကြီး နှစ်လုံးပြူးက ပေါင်းနေ၊ စုတ်နေပြီလေကွာ၊ ဒီလောက်ပဲ မြည်တော့မှာပေါ့ကွာ ဟား ဟား ဟား"

"ဟီ ဟီ ဟီ" "ဟေး ဟေး ဟေး"

ထန်းရည်ရှိန်ကလေး ရလာသည်နှင့် အာသွက်လျှာသွက် ဖြစ်လာကြလေသည်။ ရယ်သံတွေ ကိတ်ဆိတ်သွားပြီးနောက် ကိုးကျန်၊ ပန်းကန်ကျန်ကို ဆက်၍ရှင်းပြပြန်သည်။

"အခွင့်အရေးဆိုတာ နှစ်ခါမလာဘူး ကိုယ့်လူတွေ၊ ဒီကျောက်နွားသုံးကောင်က အတိတ်က တခြောင်အရ ပေါ်လာတာပဲကွ၊ တို့ ဒီတစ်ရက်၊ နှစ်ရက်အတွင်း လုပ်ငန်းစကြရအောင်ဟေ့၊ ဘယ်လိုလဲ"

"ဖျောက်"

အောင်ကြည်သည် မျက်ထောင့်နီကြီးဖြင့် လက်ဖျောက်တစ်ချက်တီးလိုက်သည်။ ထိုအချိန်တွင် ထန်းရည်တဲတွင်းသို့ ရွာသားသုံးဦး ဝင်လာသည်။ သောင်းဌွေသည် ကိုယ်ကိုယ်ကိုင်းကာလေသံဖြင့် -

"ဒီညမှာ ဒီကျောက်နွားသုံးကောင်ကို အသက်သွင်းဖို့ စီရင်ရမယ်တော့၊ လိုအပ်တဲ့ ဖယောင်းတိုင်ကို့ ပွဲကို့ကို ငါ စီရင်ထားမယ်၊ မင်းတို့ နှစ်ယောက် လာခဲ့ကြ၊ ဆက်ဆက်လာခဲ့ကြကွာ၊ ငါ စောင့်နေရစ်မယ်၊ အရုပ်တွေကို အသက်သွင်းပြီးမှ လုပ်သင့် လုပ်ထိုက်တာ ဆက်လုပ်ရမယ်"

မောင်ရှည်သည် မဝံ့မရဲဖြင့် -

"ကိုကြီးသောင်းဌွေ လုပ်ဟတ်ပါတယ်နော်"

သောင်းဌွေသည် ပမာမခန့်အပြုံးမျိုးကို အပိုအရ ပြုံးလိုက်သည်။

"ဒါ အသေးအဖွဲ့ပါကွာ၊ ကပ္ပိယကြီးဆီက ဒီလိုအစီအရင် ပညာရပ်တွေကို ငါ မာဂုန်ရထားဟာကွ၊ ဒီကျောက်နွားသုံးကောင်ကို နှိုးရမယ်၊ အသက်ဝင်အောင် လုပ်ရမယ် မောင်ရှည်နဲ့ အောင်ကြည်"

"စိတ်ချ၊ ကျုပ်တို့ ဒီည လာခဲ့မယ်"

"ဟုတ်ပြီ၊ မင်းတို့နှစ်ယောက်စလုံး ငါနေတဲ့ စတိုခန်းကိုသာ ဒီညဆက်ဆက် မပျက်မကွက် လာခဲ့ကြတော့ဟေ့"

"လာမယ်၊ လာမယ်"

*

အမှောင်သည် တဖြည်းဖြည်း နက်ရှိုင်းထူထဲလာသည်။ ကျေးတောရွာတို့ ဓလေ့ထုံးစံအတိုင်း နေဝင်မိုးချုပ်ပြီဆိုသည်နှင့် တိတ်ဆိတ်စွာအိပ်ရာဝင်ကြသည်မှာ ဓမ္မတာထုံးစံလို ဖြစ်နေပေပြီ။

ရွာဦးကျောင်းရှိ သံဃာတော်များ၊ ကိုရင်များသည် ည ၇ နာရီ ဘုရားရှိခိုးဝတ်ပြုပြီးသည်နှင့် အိပ်ရာသို့ဝင်ကြလေပြီ။ ရွာဦးဆရာတော် ဦးဝိနယနှင့် ကျောင်းနေဦးပဉ္စင်း၊ ကိုရင်နှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားကပ္ပိယ အယောက်နှစ်ဆယ်ကျော်တို့သည် မိမိတို့၏ သက်ဆိုင်ရာ အခန်းများသို့ ဝင်ရောက်ကာ တိတ်ဆိတ်ငြိမ်သက် အိပ်စက်စပြုပြီ ဖြစ်သည်။

သို့သော် ညဥ့်ယံကို ဥပေက္ခာပြုကာ အိပ်စက်ခြင်းကို ဂရုမစိုက်နိုင်ဘဲ သက်ဝင်လှုပ်ရှားနေကြသည့် သက်ရှိသုံးဦးကတော့ ရှိနေပေသည်။

ဘုန်းကြီးကျောင်း၏ အနောက်ဘက် ပန္နည်းများ ထည့်သိုလှောင်ရာ ဘုံဗွာနသည် သောင်းငွေ၏ မုံမွှာနသော ဖြစ်သည်။ သောင်းငွေ အပိုင်စားရထားသည့် မနမျာဖြစ်ပေရာ အခန်းထဲတွင် ဖယောင်းတိုင် မှိန်မှိန်ကလေးတစ်တိုင်သာ ထွန်းထားပေသည်။ လင်းလင်းထင်းထင်း ထွန်း၍မဖြစ်ပေ။ အထဲတွင် သူတို့စီရင်နေကြသည့် လုပ်ရပ်ကို ဆရာတော် သိသွားပါက ပြဿနာဖြစ်နိုင်သည်။ ထို့ကြောင့် တိုးတိုးတိတ်တိတ် စကားပြောသံပင် မထွက်ရလေမအောင် စီရင်နေကြခြင်း ဖြစ်ပေသည်။ သူကို့၏ သူငှေးဖြစ် သိုက်တူး စီမံကိန်းသည် လူသိခံ၍မဖြစ်။

အခန်းကျဉ်းကလေးထဲတွင် မောင်ရှည်နှင့် ဖောင်ကြည်သည် ထောင့်တစ်နေရာ၌ ပြိမ်ဆိမ်ဖွာ ထိုင်နေသည်။ သောင်းငွေသည် စင်ကြယ်စွာ ဆေးကြောသုတ်သင်ထားသော ကျောက်ခွဲ့ရုပ်ကလေး သုံးကောင်ကို ကြေးလင်ပန်းကြီးထဲတွင် ဧသချာစွာ ကည့်ကာ စင်ပေါ်တင်ထားသည်။ စင်၏ပတ်ပတ်လည်တွင် ဘုန်းပွဲနှင့် ငှက်ပျောပွဲတွင် ဖယောင်းတိုင်နှင့် အမွှေးတိုင် တစ်တိုင်စီ ထပ်ထွန်းလိုက်သည်။ အခန်းသည် လင်းလင်းထင်းထင်း ဖြစ်သွားသည်။

သောင်းငွေသည် ဘုရားဝတ်ပြုခြင်း၊ ပရိကံပြုခြင်းများကို စတင်ပြုလုပ်သည်။ ဂါထာ မန္တန်များကို နှုတ်မှ တတွတ်တွတ်ရွတ်ကာ ကျောက်ခွဲ့သုံးကောင်ကိုအသက်သွင်းလေတော့သည်။ ဘုရားရှိခိုးခြင်း၊ ဂါထာမန္တန် ရွတ်ဆိုခြင်းများသည် တစ်နာရီခန့် ကြာလေသည်။

တိုးတိုးတိတ်တိတ် လူသူမရိပ်မိစေရန် ပြုလုပ်ရသော အလုပ်ဖြစ်သဖြင့် စကားမပြောရဲ။ အသက်ပင် ရဲရဲတင်းတင်း မရှူရဲပေ။ ထို့အတူ ကျောက်ခွဲ့သုံးကောင်ကို စီရင်နေချိန်တွင် စကားမဆိုရဟူသော စည်းကမ်းချက်ကလည်း ရှိနေပေရာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်နှာရိပ် မျက်နှာကဲဖြင့်သာ စကားဆိုနေရသည်။

ညကား တဖြည်းဖြည်း နက်ရှိုင်းတိတ်ဆိတ်စ ပြုလာပေ၏။ တိတ်ဆိတ်နေသော ညဥ့်ယံကိုဖောက်ကာ သစ်ရွက်ကို လေတိုးသံ၊ ညဥ့်ငှက်များ အော်မြည်သံသာ တစ်ခါတစ်ရံ ကြားနေရပေသည်။ တစ်ချက်တစ်ချက် ချွေးယိုကြားမှ အစာရှာနေသော မြွေဆိုး၏တွန်သံ ထွက်ပေါ်လာတတ်ပေသည်။

သောင်းငွေသည် ဘုရားရှိခိုးပူဇော်ခြင်းကို ရပ်လိုက်လေသည်။မောင်ရှည်တို့ကို ပြုံးပြလိုက်သည်။ သူ၏အပြုံးသည် မာကြေမနေသည့်အပြုံး၊ သူ၏ အစီအရင်ကိုယုံကြည်စိတ်ချသည့်အပြုံးမျိုးဖြစ်သည်။ ငါတို့ သူဌေးကြီးတွေ ဖြစ်တော့မည်ဟူသော စရာမ အပြုံးမျိုးကြီးဖြစ်သည်ဟု ဆိုနိုင်သည်။

"ကဲ- စကားပြောချင် ပြောလို့ရပြီဟေ့၊ တိုးတိုးပေါ့၊ အေးလူ ကြားဦးမယ်"

သောင်းငွေသည် စားပွဲပေါ်တင်ထားသော ကြေးလင်ပန်းကို ယူလိုက်သည်။ ကြေးလင်ပန်းထဲတွင် ကျောက်ခွဲ့သုံးကောင် ပါလာသည်။

"ကဲ- မင်းတို့ကို ငါခိုင်းစရာရှိတယ်၊ ငါတို့လုပ်ငန်းကို အကူအညီပေးရမယ်၊ ငါတို့ အကျိုးစီးပွားကို စောင့်ရှောက်ရမယ်၊ မင်းတို့ကို ငါပိုင်ပြီ၊ ငါ ကျွေးတာစား၊ ငါခိုင်းတာလုပ် ဟုတ်ပြီလား"

ပြောပြောဆိုဆို ကျောက်ခွဲ့ရုပ်တစ်ရုပ်ကို ကောက်ယူလိုက်သည်။

"မောင်ရှည်၊ မင်းတူးယူရုံလာတဲ့ ကျောက်ရုပ် ခွဲ့သုံးကောင်က စာတိုပေါက်တွေ ပါတယ်ကွ၊ အဲဒီစာတိုပေါက်ထဲကို ပြဒါးထည့်ရမယ်"

သောင်းငွေသည် ကျောက်ခွဲ့ရုပ်ကလေးများ၏ စာတိုပေါက်မှတစ်ဆင့် ပြဒါးရည်များကို ထည့်လေသည်။

"ကျွန်တော် မသိဘူး ကိုကြီးသောင်းငွေ၊ ယူးဆန်းတယ်"

"ယန်းဆို နဂိုကတည်းက ဆေးစီရင်ထားတဲ့ ခွဲ့ပေပွလေကွာ၊ ပထမဦးဆုံး ခွဲ့ဗိုက်တွေထဲကို ပြဒါးရည် ထည့်ရမယ်၊ ကြည့်နေ"

မောင်ရှည်နှင့် ဖောင်ကြည်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။ အပြုံးကိုယ်စီနှင့် သူဌေးဖြစ်စီမံကိန်း၏ အစပထမ မဟုတ်လား။ သူတို့နှစ်ယောက်လည်း အသက်ကို မှန်မှန်မရှူရဲ၊ ခြေလှုပ်လက်လှုပ်ပင် ရဲရဲတင်းတင်း မလုပ်ရဲဘဲ သောင်းငွေ လုပ်ပုံကိုင်ပုံကိုသာ ရပ်တတိတ်ဆိတ် စောင့်ကြည့်နေကြလေသည်။

ကျောက်ခွဲ့ရုပ်ကလေး သုံးကောင်ထဲသို့ ပြဒါးရည်များ သွန်ထည့်ပြီးသည်နှင့် သောင်းငွေသည် ဂါထာမန္တန်များကို စတင်ရွတ်ဆိုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်နွားသုံးကောင်ကား ကြေးလင်ပန်းထဲတွင် မလှုပ်မယှက်။ ပြီးတော့ ကြေးဖွန်းနှစ်ချောင်းတလည်း လင်ပန်းထဲတွင်ပင် အဆင်သင့် ရှိနေသည်။

ဆယ်မိနစ်ခန့် ကြာသောအခါ သောင်းငွေ၏ "ဦ" ပေါ့ များလှသည့် ဂါထာသည် ရွတ်ဆိုမှု ပြီးစီးသွားတော့သည်။

သောင်းငွေသည် မောင်ရှည်နှင့် အောင်ကြည်ကို လှည့်၍ပြုံးပြလိုက်ပြီး ကြေးပန်းထဲမှ ကြေးဖွန်းနှစ်ချောင်းကို ကောက်ကိုင်လိုက်၏။

ထို့နောက် ကြေးဖွန်းနှစ်ချောင်းကို တယ်ညာကိုင်ပြီး ကြေးလင်ပန်း နှုတ်ခမ်းကို အသံမြည်အောင် သုံးချက်ခန့် ဆင့်၍ ချွင်ချွင်ချွင်ဟု ခေါက်လိုက်လေသည်။ ထိုအခါ

"ချွင် . . . ချွင် . . . ချွင်"

ကြေးပန်းထဲမှ ကျောက်နွား အရုပ်ကလေးသုံးကောင်သည် အသက်ဝင် လှုပ်ရှားလာတော့သည် တကား။ မောင်ရှည်နှင့် အောင်ကြည်သည် ကျောက်နွားသုံးကောင်ကို ကြည့်ကာ မျက်လုံးတွေပြူး၊ ပါးစပ်တွေဟကာ တအံ့တသြ ဖြစ်သွားကြသည်။

"ဟာ"

"ဟင်"

"မောင်ရှည်ရေ ကြည့်စမ်း နွားကလေးတွေက နားရွက်တွေတောင် လှုပ်နေတာဟ"

ကြေးလင်ပန်းထဲမှ နွားရုပ်ကလေးများသည် တချွင်ချွင်သော ကြေးဖွန်းများ၏အသံကြောင့် တလှုပ်လှုပ် ဖြစ်လာကြသည်သာမက အမြီးများ၊ နားရွက်များပင် သက်ရှိနွားများကဲ့သို့ လှုပ်လာကြလေသည်။

သောင်းငွေသည် အောင်နိုင်သူပမာ ပြုံးပြုံးကြီး ငေးကြည့်နေပေသည်။

"ဟော့ကောင်တွေ၊ အသံမထွက်ကြနဲ့ကွ၊ ဖင်းကို့ကို လာပြီးဖေ့မနေဦး မယ် ဟား ဟား ဟား"

အောင်ကြည်နှင့် မောင်ရှည်သည် လန့်ဖျပ်သွားကာ နေရာ၌ တိတ်ပိတ် ကိုက်ဆိတ်သွားကြပေသည်။ နွားရုပ်ကလေးများသည် ဟန္တေ့ထွေ့ တလှုပ်လှုပ် ဖြင့် ကြေးလင်ပန်းထဲမှာပင် သက်ရှိနွား များပမာ နားရွက်များခပ်ခြင်း၊ အမြီး များယမ်းနေကြခြင်းဖြင့် တရွေ့ရွေ့ သွားလာနေကြတာ မိနစ်ပေါင်း တော် တော်ကြာလေသည်။

ထို့နောက် သောင်းငွေသည် ကြေးဖွန်းကို အသာချလိုက်သည်နှင့် နွားရုပ်ကလေးများလည်း ငြိမ်သက်သွား ကြသည်။ အောင်ကြည်နှင့် မောင်ရှည် ကို တစ်ချက်ကြည့်ကာ -

"ကဲ- မင်းတို့မြင်ကြပြီ့အကိုင်းပဲ၊ ကျောက်နွားရုပ်သုံးကောင်ကို အသက် သွင်းလိုက်တာ အောင်မြင်ပြီပေါ့၊ ဟေး ဟေး ဟေး သက်ရှိနွားတွေအတိုင်းပဲ ကွာ"

မောင်ရှည်သည် ဝမ်းသာအားရ ဖြင့် -

"တကယ့်နွားတွေလိုပဲဗျာ၊ အံ့သြ စရာ ကောင်းလိုက်တာဗျို့ ကိုကြီး သောင်းငွေ"

အောင်ကြည်သည် တဟဲဟဲဖြင့် သွားကြီးဖြီးကာ -

"ကျုပ်တို့တော့ ပထမအဆင့် အောင်မြင်ပြီဗျို့၊ နောက်ထပ် ရတနာ သိုက်တူးရမယ့် အဆင့်ပဲလိုတော့တယ်၊ ကျုပ်တို့ ကြီးစားကြမှ သူဌေးဖြစ်မှာဗျ"

သောင်းငွေ၏ မျက်နှာကြီးသည် ဖယောင်းတိုင်မီးရောင်အောက်မှာပင် လောဘငွေ့ဖြင့် တစ်ကိုယ်လုံး အဆီပြန် လာသည်မှာ ခေတ္တဝက်သား အခေါက် ပြင်ကြီးကို မီးကင်လိုက်သည်နှင့် တူလာ သည်။ အမဲသားခြောက်ယောင် လက် ချောင်းများသည် တဆတ်ဆတ် တုန် လာသည်။

အပြင်ဘက်တွင် ဆောင်းနှောင်း လေသည် ပြင်းထန်စွာ တိုက်ခတ်လျက် ရှိသည်။ အခန်းကျဉ်းကလေးထဲတွင် ဖယောင်းတိုင်မီးညွှန့်ပါ၀ါသည် မသိ မသာ လှုပ်ရှားနေသည်။

ရွာထိပ်ဘက်ဆီမှ ခွေးဟူသံ ထွက်ပေါ်လာသည်။ သောင်းငွေသည် ဝါနောက်နောက် မီးရောင်အောက်ဆီမှ သင်ဆိုးတစ်ကောင်၏ မျက်စိပေါက် ကျဉ်းကျဉ်းလို မျက်စိများဖြင့် မီးညွှန့်ကို ငေးကြည့်ကာ -

"မနက်စောစော မိုးဟနေ ယွက် ကြမယ်၊ မင်းတို့နှစ်ယောက် ပေါက်တူးနဲ့ ပေါက်ချွန်းတစ်လက်စီ ယူလာခဲ့ကြပေ့၊ ဒီကို ကျီးမနိုးခင် လာကြ၊ မမေ့နဲ့"

*

လင်းအရုဏ်ဦး ရောင်နီပြည့် အန်စ ကာလ။ ဂါးနက်ကုန်းကျေးရွာ၏ မြောက်ဘက်ရှိ သိုက်ပြေးတောင်ခြေ တွင် လူသုံးဦး ပတ်ဝန်းကျင်ကိုဂရုမစိုက် နိုင်ဘဲ အလုပ်ရှုပ်လျက်ရှိသည်။ တောင် ခြေမှနေကာ ကျေးရွာသို့ လှမ်းမျှော် ကြည့်လိုက်မည်ဆိုပါက ရွာကလေး သည် မြူနှင်းများအောက်တွင် နစ်မြုပ် ပျောက်ကွယ်လျက် ရှိပေသည်။ ဆောင်း နှောင်းကာလ မိုးမြူလိုလို၊ နှင်းလိုလို ထုပိန်းသောအရာက ရွာကလေးကို ဝှက်ထားခြင်း ဖြစ်ပေသည်။

ယာတောသို့အသွား တော[illegible]သို့ ဟင်းရွက်ခူး၊ ငှက်ထောင်၊ [illegible]ည် လူ များပင် လှုပ်ရှားမှုမရှိ[illegible]ပေ။ ငြိမ်သက်

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်လှပေသည်။ လူသုံးဦးသည် ကိရိယာ တန်ဆာပလာများနှင့်အတူ တောင်ခြေသို့ နှင်းမကွဲ လင်းမရောင်ခြည် မသန်းမီ စီရီယကြီးစွာဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ခြေရှိ သစ်ပင်ကြီးများသည် နှင်းမြူများအောက်တွင် တောင့်တောင့်ကြီးတွေရပ်ကာ ငြိမ်သက်ငေးမောလို့။ သစ်ပင်ထိပ်ဖျားတွင် အိပ်တန်းမှ နိုးထခါစ ချိုးလည်ပြောက် နှစ်ကောင်သည် ဦးခေါင်းတညိတ်ညိတ်ဖြင့် လူသုံးဦး၏ လှုပ်ရှားမှုကို စောင့်ကြည့်နေသကဲ့သို့ ရှိသည်။

တဖြည်းဖြည်းဖြင့် အရှေ့ဘက်ဆီမှ လင်းပြောင်လာ၍ ပါးလျားစ ပြုလာပြီ။ တောင်းကတ်တွင် အရောင်ဖျော့လာပြီ ဖြစ်သည်။ ကပ်ကစီဆုပ်သည် အဝေးဘက်သို့ ညင်သာစွာ လွင့်မျောနေလေသည်။ ကိုးလေးငေး တောစုပ်နှင့် ယန်းတောဆီမှ ချိုးကူသံ၊ ပတာကြက်တောင်ပံခတ်သံ၊ ငိုးပုရစ်တွေက တစီစီ မြည်နေကြသည်။

အချိန်ကာလက ဆောင်းတွင်းရာသီပို့ တေးခံနေပေသည်။ လေက လတ်ဆတ်လွန်းလှသည်။ သိုက်မပြေးတောင်ကုန်း၏ အချိုးအဆစ် မညီညာသော အနားသတ်မျဉ်းတွေက ခုန်ပေါက်ကြီးတစ်ကောင်၏ ကောက်ကြောင်းတွေနှင့် သဏ္ဌာန်တူသည်။ ယန်းပင်အိုကြီးတွေက တစ္ဆေကြီးမတွေလို ငြိမ်သက်နေကြဆဲ။

တောစိုး သစ်ပင်ကြီးအောက် မဟာပင်ခြေအနီးတွင် ဒေသင်းငွေနှင့် အဖော်နှစ်ယောက်သည် သူဌေးဖြစ်အိပ်မက်ကို မက်နေကြလေပြီကော။

နဒသင်းငွေသည် ဆိုင်ရာဆိုင်ရာတို့ကို ပူဇော်ပသရင်း မောပိုက်ပင်ပန်းဟန်ဖြင့် ကန်တော့ပွဲရှေ့တွင် ဆောင့်ကြောင့်ထိုင်နေသည်။ နာရီဝက်ခန့် ရှုတ်ဖတ်သရဇ္ဈာယ်ရသဖြင့် ခံတွင်းက ချဉ်လာသည်။ ဆေးလိပ်သောက်ချင်နေပြီ။ သို့သော် ဆေးလိပ် မသောက်ရဲ၊ စည်းပေါက်သွားမှာစိုးရသည်။

တောစိုးသစ်ပင်ကြီးဆီမှ သစ်ရွက်ချင်း ပွတ်တိုက်သံ တရှဲရှဲ မြည်လာသည်။ မောင်ရှည်နှင့် အောင်ကြည်သည် ပေါက်တူး၊ ပေါက်ချွန်း ကိုယ်စီကိုင်ကာ ငြိမ်ငြိမ်သက်သက် မလှုပ်မယှက် ထိုင်နေကြသည်။ အဆင်သင့်ခိုင်းသလိုပြုလုပ်ရန် ပြင်ဆင်ထားခြင်း ဖြစ်သည်။

အုန်း၊ ငှက်ပျောပွဲဆီမှ မီးညှိန့်တွေ ဖြာဝေနေဆဲ။ အမွှေးတက်ဆီတွင် အလင်းမှိန်ပျပျသာ ရှိသေးသည်။ ညဟာရှည်သော ကာလတွေက မကုန်သေးပေ။ ဒေသင်းငွေသည် တံတွေးကို ဂလုခနဲ မြည်အောင် မျိုချလိုက်သည်။ ရှုတ်ဖတ်သရဇ္ဈာယ်မှုကတော့ ပြီးစီးနေပေပြီ။

ဒေသင်းငွေသည် မောင်ရှည်နှင့် အောင်ကြည်ကို တစ်ချက်ကြည့်ကာ ကြေးလင်ပန်းထဲမှ ကျောက်နွားရုပ် သုံးကောင်ကို ထုတ်ယူပိုက်မလေသည်။

"လာကြ၊ လာကြ ငါခိုင်းသလိုလုပ်၊ ငါပြောသလို လုပ်၊ သိုက်ရှိတဲ့နေရာကို တစ်လက်မ မလွဲ ညွှန်ပြကြ"

ဒေသင်းငွေသည် ကြေးလင်ပန်းထဲမှ ကြေးပွန်းနှစ်မဖျာင်းကို ကောက်ကိုင်ကာ တချွင်ချွင်မြည်အောင် တီးချင်းယှဉ်ခုတ်သလို တီးခတ်လေသည်။

"ချွင် . . . ချွင်"

"ချွင် . . . ချွင်"

ထို့နောက် နှုတ်မှ အသံကျယ်ကျယ်ဖြင့် မာန်သွင်းရွတ်ဆိုလေသည်။

"သိုက်လမ်းညွှန်မည့် ကျောက်နွားများ ဝှေ့လိုက်ပါတော့လား၊ ရွှေစင်ကိုးတင်း၊ လှည်းကိုးတင်း ညွှန်ပြပါတော့ ခုချက်ချင်း၊ သိုက်လမ်းညွှန် နွားရတနာများ၊ ဒီတောင်ကို မောင် ဖြိုပါ့မယ်၊ ဒီတောင်ကို မောင်ဖြိုပါ့မယ်၊ ဝှေ့လိုက် ဝှေ့လိုက် ဖွေသားချော၊ ဖွေသားချော၊ ဝှေ့လိုက် ဝှေ့လိုက်"

ကျောက်နွားရုပ်တွေကို ချော့သိပ်တဲ့သီဆိုမှု ပြီးလျှင်ပြီးချင်း ထူးခြားမှုတစ်စုံတစ်ရာ ဖြစ်မပေါ်လာလေတော့သည်။ ကျောက်နွားသုံးကောင်သည် နားရွက် တဖျပ်ဖျပ်လှုပ်၊ အမြီးတယမ်းယမ်းခါကာ ကြေးပန်းထဲမှ ခုန်ဆင်းပြီး သိုက်မြေတောင်ဘက်ဆီသို့ သက်ရှိနွားများပမာ တစ်ဟုန်ထိုး ပြေးထွက်သွားကြလေသည်တကား။ မောင်ရှည်နှင့် အောင်ကြည်သည် အံ့ဩတကြီး ငေးကြည့်နေကြလေသည်။

"ဟာ- နွားရုပ်တွေ တောင်ခြေဘက်ကို ပြေးကုန်ပြီဟေ့"

"ဟုတ်တယ်၊ သိုက်ရှိတဲ့နေရာကို ပြေးတာဖြစ်မယ်"

ထိုအခါ ဒေသင်းငွေသည် လက်ထဲမှာ ကိုင်တွယ်ထားသော ကြေးပွန်းနှစ်ချောင်းကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ကျောက်နွား သုံးကောင်သည် နှင်းမြူထဲတွင် ဝင်ရောက်ပျောက်ကွယ်သွားသည်။

"ကဲ မှော- မောင်ရှည်တို့ နွားသုံးကောင် ပြေးတဲ့ဘက်ကို လိုက်ကြစို့၊ အချိန်က မှောင်နေတုန်းပဲဟေ့၊ ရတယ် ပိုကောင်းတယ်"

"လူမသိစေ လူမမြင်စေလေ ... ကောင်းလေ၊ ကဲ- လိုက်ကြစို့"

ဒေသင်းငွေသည် ... မှ ပြေးထွက်သွားရာ မောင်... နှင့် အောင်



www.burmeseclassic.com

www.burmeseclassic.com

ကြည်ကလည်း နောက်မှ ပြေးလိုက်သွား လေသည်။

"မြန်လိုက်တာဟေ့၊ တကယ့်မွှား မတွေ့ကျနေတာပဲ"

"ဟုတ်တယ် ကိုကြီးသောင်းငွေ"

"ဟုတ်တယ်ဗျာ ကိုသောင်းငွေ၊ အမီလိုက်မှ၊ တော်ကြာ ပျောက်သွားဦး မယ်"

မောင်ကြည်နှင့် မောင်ရှည် သည် ပေါက်ထူး၊ ပေါက်ချွန်းများ ထမ်း ကာ ကျောက်နွားများ အပြေးထွက်သွား ရာသို့ ကြွက်ပြီးကန်းမျှ သွေးမျှးမသွေး တန်း ပြေးလိုက်သွားကြလေသည်။

"လိုက်ဟ၊ လိုက်ဟ"

"တောင်ခြေကို ပြေးကာဟေ့၊ လိုက် လိုက်"

သုံးဦးစလုံး နွားရှပ်ကလေးများ ပြေးလွှားရာသို့ လိုက်ပါသွားကြလေ သည်။

အချိန်ကား နှင်းမကွဲချင်သေး။ မှုန်ဝါးဝါး အလင်းသာ ပတ်ဝန်းကျင် တစ်ခုလုံးကို လွှမ်းခြုံပါစေပင် ရှိသေး သည်။ သောင်းငွေသည် ပြေးလွှားနေ ရင်းမှပင်

"မှုသားချောတွေ၊ သိုက်ရှိရာကို ပြကြ၊ သိုက်ရှိရာကို ပြကြ"

ကျောက်နွား သုံးကောင်သည် တောင်ခြေ၏တစ်နေရာသို့ ရောက်လေ လျှင် ဆက်၍မပြေးတော့ဘဲ ရပ်တန့် သွားလေသည်။ ခေါင်းချင်းဆိုင်ကာ ငြိမ် သက်သွားကြခြင်း ဖြစ်ပေသည်။

သုံးဦးစလုံး ရပ်တန့်ကာ အမော ဖြေမိလိုက်ကြလေသည်။ အောင်ကြည် နှင့် မောင်ရှည်သည် ပေါက်တူးပေါက် ချွန်းများကို ပစ်ချကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။

"ဟူး . . . မောလိုက်တာကွ"

သောင်းငွေသည် မမောနိုင်၊ ကျောက်နွားသုံးကောင် ခေါင်းချင်းဆိုင် နေရာကို သေသေချာချာ ကြည့်လိုက်မိ သည်။

"ကျောက်နွားသုံးကောင် ရပ် တန့်ပုံ နေရာက ထူးခြားတယ်ဟေ့၊ ဒီမှာ လာကြည့်ကြစမ်း"

သောင်းငွေသည် ခါးကြားကွင် ကိုးယူလာသော ယက်နှီပ်မာတ်မီးဖြင့် မဟာင်မြေနံရံ၏ တစ်နေရာကို မီးထိုး ကြည့်သည်။ မီးအလင်းရောင်သည် တောင်ခြေ၏ တစ်နေရာဆီသို့ ပြေး လွှားလျက်ရှိသည်။ ဗီးအမောင် ရပ်တန့် သွားသည့် နေရာတွင်ကား

"ဒီမှာ ကြည့်ကြစမ်း"

သောင်းငွေ ဗီးထိုးပြသောနေရာ တွင် ဖျာကြမ်းကစ်ချပ်စာခန့် ကျောက် သားများသည် ထူးထူးခြားခြား အကဲကွဲ ကာ အစီပယ်စီပယ်မာမြွာမြွာ ဖြစ်နေပေ သည်။ မှန်သားပြင်ကို ပတ်စုံတစ်ရာ ထိ ခိုက်မိသဖြင့် ဖြာထွက်နေသော အက်ကွဲ ကြောင်းများသဏ္ဌာန် ဖြစ်ပေါ်နေခြင်း ဖြစ်ပေသည်။

"တောင်ခြေ မြေသားကျောက် နံရံတွေမှာ ဒီနေရာကတော့ တော်တော် ထူးခြားသကွ၊ ပေါက်ချွန်းရဲ့ ကော်ကြည့် လိုက်ရင် ကောင်းမယ် အောင်ကြည်၊ ကဲဟေ့- ပေါက်ချွန်းနဲ့ ကျောက်သား တစ်ဖုံလောက်တော့ခွာကြည့်ကြရအောင်၊ ကဲ- မောင်ရှည်ရေ ပေါက်ချွန်းနဲ့ပေါက် ပြီး တစ်ကော်လောက် ပေါက်ကြည့်စမ်း ကွာ၊ ဘာထူးခြားချက် ရှိမလဲလို့"

မောင်ရှည်သည် ပေါက်ချွန်းကို ကိုင်ကာ တောင်နံရံ၏ အက်ကွဲကြောင်း တစ်ခုထဲသို့ မှန်းဆကာ ပေါက်ချွန်းဖြင့် တစ်ချက် ခပ်ပြင်းပြင်း ပေါက်ချလိုက် သည်။

"ဒုန်း"

ကျောက်သား ကစ်လွှာခန့် ပဲ့ ထွက်သွားသည်။

"ဝုန်း"

ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ် တစ်ခုက ဖြစ်ပွားသွားလေသည်။

"ဟီး ဟီး ဟီး"

ရယ်သံတစ်သံ၊ ကြောက်မက် ဖွယ် အက်ရှရှ ရယ်သံတစ်သံ။ ရယ်သံ သည် ပေါက်ချွန်းကြောင့် ပဲ့ကျသွား သည့် နေရာနှင့် ဝါးနှစ်ပြန်ခန့်နေရာရှိ သစ်ပင်တစ်ပင်ဆီမှထွက်ပေါ်လာသော ရယ်သံဖြစ်သည်။ သူတို့အားလုံးသည် ကြောင်အလန့်ဖျပ်ကာ ရယ်သံရှိရာသို့ ပြိုင်တူလိုလိုပင် လှည့်ကြည့်မိကြသည်။

"ဟာ"

"ဟင်"

"ဟိုက်"

သူတို့မြင်လိုက်ရသည့် မြင်ကွင်း ကား ထဘီရင်ရှားနှင့် မိန်းမကြီးတစ် ယောက်သာ ဖြစ်သည်။ သပိက်ရောင် ကဲ့သို့ မည်းနက်သော အသားရောင်ဖြင့် အပေါ်အင်္ကျီ မပါ၊ ထဘီတစ်ထည်ကို သာ ရင်ရှား၍ ဆံပင်ဖားလျားချထား သော မိန်းမကြီးတစ်ယောက်သည် ငုတ် တုတ်ထိုင်ကာ ဟားဟားဖြင့် ရယ်ပြနေ လေသည်တကား။

အောင်ကြည်သည် တစ်ကိုယ် လုံး ဆတ်ခနဲ တစ်ချက်တုန်သွားကာ -

"ဘုရား ဘုရား- ဘယ်က မိန်းမ ကြီးလဲ၊ တို့ရွာထဲမှာ ဒီလောက် ရုပ်ဆိုး၊ အသားမည်းတဲ့ မိန်းမကြီး မ မ မရှိဘူး"

မောင်ရှည်သည် လက်ထဲမှ ပေါက်ချွန်းကို ယောင်ယမ်းကာ လွှတ်ချ လိုက်သည်။ သောင်းငွေကတော့ မျက်စိ တည်တည်ဖြင့် မိန်းမကြီးကို စိုက်ကြည့် နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား နှင်းကွဲစပြုပေပြီ။ အရာဝတ္ထုများကို ထင်သာမြင်သာ ဖြစ်လာစေပြီ။ ထိုစဉ် မိန်းမကြီး၏လက်ထဲသို့ တစ်ကောင်သာသာ ရောမ ပြောင်းဖူးဖက် ဆေးလိပ်ကြီးတစ်လိပ် ရောက်လာကာ တဖွားဖွား ဖွာရှိုက်လေတော့သည်။ ဆေးလိပ်မီးက ရဲခနဲ ရဲခနဲ။ ပတ်ဝန်းကျင်တွင် ဆေးလိပ်မီးခိုးငွေ့များ ချက်ချင်းပျံ့နှံ့သွားလေသည်။

မောင်ရှည်သည် ကတုန်ကယင်ဖြင့် -

"ကို . . . ကို . . . ကိုကြီး သောင်းငွေ၊ သ. . . သ. . . သရဲ"

"ဟေ့ကောင်၊ တိတ်တိတ်မနေစမ်း။ ဒါ အမှောင့်အယှက်ကွ။ သိုက်စောင့် ဖြစ်ကိန်မယ်"

ထိုစဉ် တောင်ခြေ တောစပ်မှ နေကာ တောခွေးရိုင်းတစ်ကောင်၏ အသည်းတုန်လှုပ်ဖွယ် ဝမ်းခေါင်းသံကြီးဖြင့် ဟူလိုက်သံနှင့် ငှက်ဆိုးတစ်ကောင်၏ ဂီးခနဲမြည်ကာ ပျံသန်းသွားသံ ထွက်ပေါ်လာသည်။

"ဝူး . . . အူး . . . ဂူး"

"ဝီး . . . ဝီး"

မောင်ရှည်သည် မောင်ကြည့်နားသို့ ပြေးကပ်လိုက်လေသည်။ ကာစီဆက်တည်းမှာပင် မိန်းမကြီး ရပ်တန့်နေရာအနီးရှိ သစ်ပင်ပေါ်မှ အိပ်တန်းကက်နေသော ငှက်အချို့၏ မပျော်ပဲ အော်သံ၊ ယူးယွန်းယွှပ်ရှူးသံများ ဆက်လက်ထွက်ပေါ်လာပြန်လေသည်။

"ဒီး . . . ဒီး"

"ဖလွတ် . . . ဖလွတ်"

"ဖြန်း . . . ဖြန်း"

ထိုစဉ် စက်ရုံ၏ မီးခိုးခေါင်းတိုင်ဆီမှ မီးခိုးတွေ စွန့်ထုတ်သကဲ့သို့ မိန်းမကြီး၏ နှုတ်မှ ဆေးလိပ်မီးခိုးများကလည်း တဖွားဖွား လွှင့်ထွက်လာပြန်လေသည်။

"ဟီး ဟီး ဟီး ဟား ဟား ဟား"

မိန်းမကြီးဆီမှ ရယ်သံ။ ရယ်သံအက်ကွဲကွဲကြီးသည် တိတ်ဆိတ်နေသည့်အချိန်တွင် ကြောက်မက်ဖွယ်ပေါ်လာရာ ပို၍ချောက်ချားဖွယ်ကောင်းလှပေသည်။ မိန်းမကြီး ရှိုက်ဖွာနေသော ဆေးလိပ်ကြီးကား ကြီးမားလှသော ပြောင်းဖူးဖက် ဆေးလိပ်ကြီးဖြစ်ရာ သောင်းငွေတို့ တစ်သက်နှင့်တစ်ကိုယ် ဤမျှကြီးမားသော ဆေးလိပ်ကြီးကို မမြင်ဖူးကြပေ။

"ကိုကြီးသောင်းငွေ လုပ်ပါဦးဗျ။ ဒါ ဒါ သိုက်စောင့် သရဲမကြီးဖြစ်မယ်၊ လုပ်ပါဦး။ ဆေးလိပ်ကြီးကလည်း အကြီးကြီးပဲဗျို့"

"ကုတ်ကယ် ကိုသောင်းငွေ၊ သရဲမကြီးဟာ ဘွားခနဲ ပေါ်လာတာဗျ။ ဆေးလိပ်ကြီးနဲ့ဗျ။ ရောဂေါ် သင်္ဘောခေါင်းတိုင်ကြီးကျနေတာပဲ၊ သတိထား ဗျ။ သတိထား"

သောင်းငွေသည် ဟန်ကိုယ့်ဖို့ မာန်ကိုယ့်ဖို့ ပုံစံဖြင့် ခါးထောက်ကာ အဘွားအိုကြီးကို စိုက်ကြည့်လိုက်သည်။

"နင် ဘာကောင်မလဲ"

"ဟဲ့- သိုက်ဆရာရှူးရဲ့၊ ငါ ကယ်သူဂါ သိချင်ရင် ငါ့အစွယ်တို နင် မကြာခင် မြင်ရမှာပေါ့ဟဲ့၊ ဘူးလေ၊ နင်တို့ သတ္တိရှိရင် ဆက်တူးစမ်း၊ ဟဲ့- ဆက်တူး"

မိန်းမကြီး၏ နက်ကျောကျောကြီးရှည် အသံကြီး ထွက်ပေါ်လာပြန်လေသည်။ အောင်ကြည်နှင့် မောင်ရှည်သည် ခေါ်းချမ်းသော နံနက်ဖေဖော်ကာလမှာပင် ချွေးစေးတွေ ရွှဲတရက်ပြန်လာလေသည်။ နောက်ကြောင်းပြန်လှည့်ရမည်လား။ ဆက်လက်ပြီး ရင်ဆိုင်ရမည်လား။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဝေခွဲမရ ဖြစ်နေစဉ် သောင်းငွေသည် မောင်ရှည်၏လက်ထဲမှ ပေါက်ချွန်းကို ရုတ်တရက် ဆွဲလုလိုက်သည်။ ထို့နောက် တောင်နံရံ အက်ကွဲကြောင်းကို ပေါက်ချွန်းဖြင့် အားရပါးရ ပေါက်လေသည်။

"တဲကွာ တဲကွာ"

"ချွင် ချွင် ချွင်"

ပေါက်ချွန်းနှင့် ကျောက်နံရံကို ပစ်ခတ်သံ၊ သောင်းငွေ၏နှုတ်မှ ဦးဖြူကူသော အသံ၊ ပြောင်းဟူသော အသံတွေ ရောယှက်ထွက်ပေါ်လာလေသည်။ ထိုအခါ မောင်ရှည်နှင့် အောင်ကြည်သည် ရပ်မနေမိဘူး။ ခေါင်းဆောင်ကိုယ်တိုင် ပေါက်ချွန်းဖြင့် တူးဆွနေသော အခါ ရပ်ကြည့်မနေနိုင်၊ ဝင်၍ကူညီရပေတော့သည်။ အောင်ကြည်က ပေါက်တူးဖြင့် ပေါက်သည်။ မောင်ရှည်က ထွက်လာသော မြေသား၊ ကျောက်လွှာများကို အားကုန်သရော ဝင်၍ သယ်ယူမလေသည်။

လူသုံးဦးသည် အစာမရှော ငတ်မွတ်နေသော တောဝက်တွေလို ကျောက်သား၊ မြေသားတွေကို မယားသာကကြီး ကူးဆွနေကြသည်။

"ဟေ့- လူမိုက်တွေ၊ လောဘသားတွေ ရပ်ကြ၊ ရပ်ကြ"

မိန်းမကြီးဆီမှ ဒေါသသံကြီး ထွက်သံ။

သူတို့သည် ဂရုမစိုက်နိုင်။ ပေါက်တူး၊ ပေါက်ချွန်းနှင့် မြေလွှာထိခတ်သံ၊ မြေကြီးကို ယက်ထုတ်သံတွေသာ မြန်ဆန်စွာ ထွက်ပေါ်နေသည်။

"ဟဲ့- မကြားဘူးလား ရပ်တော့လေ"

www.burmeseclassic.com

www.burmeseclassic.com

မောင်ရှည်သည် အသံထွက်ပေါ်လာရာဆီသို့ ယောင်ယမ်းကာ လှည့်ကြည့်မိသည်။ ထွက်ပြူစ နေ့အလင်းမှုမှုတွင် မိန်းမကြီး၏ ခန္ဓာကိုယ်ကို တစ်ထင်ရှားရှား မြင်လိုက်ရလေပြီ။ မိန်းမကြီးကား အရုပ်ဆိုးရုပ်ပျက်နီးပါး တကား။ မောင်းနှမ်း၍ အရောင်ပင် မပေါ်တော့သော ပဝါကြီးကို ခေါက်ယိုးပတ်ထားသည်။ နေခါတင်းသော မရှူသွားနှစ်ချောင်းက ကျိုးနေသေးသည်။ ဆံပင်ဖုတ်လိုက်၊ ပိန်လှီသော ခန္ဓာကိုယ်မှ နံရိုးများသည် မွဲခြောက်ခြောက် အသားခြောင်းများကို ကျားကန်ထားရပေသည်တကား။

"မသာမကြီး၊ သေမြင်းဆိုးမကြီး"

သောင်းငွေသည် မိန်းမကြီးကို ဂရုပင်မစိုက်၊ ဆဲရေးကာ ဆက်၍တူးသည်။

"ဟဲ့ ဟိရှောက်ကောင် ပြောမရရင် မသေဖို့သာပြင်ပေတော့ပေ့"

မိန်းမကြီးသည် ပြောပြောဆိုဆို ဆဘီကို မြင်ဂက်လိုက်သည်။ ခေါင်းလိုပ်ကြီးကို လက်ကြားတွင်ညှပ်လိုက်သည်။ ထို့နောက် အသံကုန်ဟစ်လေသည်။ အမွှေးမရှိသည့် ကြက်လည်ကိုင်နှင့်တူသည့် သူမ၏ မွဲခြောက်ခြောက် လည်ပင်းပိန်ပိန်ကို ဆန့်ထုတ်လိုက်ကာ -

"အစ်ကိုတော်ရေ . . . အစ်ကိုတော်"

သောင်းငွေသည် ကျောက်လွှာချပ်များကို တဒုန်းဒုန်း ပေါက်နေရာမှ ရပ်လိုက်ကာ -

"သေနာမကြီး၊ ဘယ်က အစ်ကိုတော်လဲ၊ နင့်ရုပ်မှ အားမနာကွာ၊ ငါတယ် မိန်းမကြီး"

ဆက်၍ အသံကုန် အော်ဟစ်ပြန်သည်။

"အစ်ကိုတော် ဟိန္ဒူ၊ အစ်ကိုတော် ဟိန္ဒူ၊ ရောက်ရာအရပ်က ကြွခဲ့ပါ"

မောင်ကြည်သည် အသက်ရှူရပ်မလို ဖြစ်သွားသည်။ သူသည် ပေါက်တူးပေါက်နေရာမှ သောင်းငွေအနားသို့ ပြေးကပ်လိုက်သည်။ မောင်ရှည်လည်း ထိုနည်းတူစွာ လက်ထဲမှာ ကိုင်ထားသော မြေစိုင်ခဲကြီးကို ယောင်ယမ်းကာ ပစ်ချလိုက်မိသည်။

"ဝုန်း"

"အစ်ကိုတော် ဟိန္ဒူ၊ အစ်ကိုတော် ဟိန္ဒူ"

မိန်းမကြီး၏အသံက လူကာ ပိန်မညှာ်၊ အရိုးပေါက်ဂက်နှင့် ဖြစ်သော်လည်း အသံက ဘွိုင်လာစို့ ပေါက်ကွဲသံတစ်မျှ ကျယ်လောင်လှသည်။

သောင်းငွေသည် နောက်ကတ်ချက် ပေါက်တူးပေါက်လိုက်စဉ်မှာပင် ပုယ်မန်းကျင်တွင် ကူးခြားချက်တစ်ခုပေါ်ရာ စတင်နေပြီဖြစ်ကြောင်း သိရှိလိုက်ရသည်။ တစ်သက်နှင့်တစ်ကိုယ် မကြားဖူးသော အသံများဖြစ်သည်။

အသံများသည် တစ်သံတည်း မဟုတ်။ ညင်သာသော အသံတွေ မဟုတ်။ ကြောက်မက် တုန်လှုပ်ဖွယ် အသံများပင်တည်း။

မာဘွားကြီး၏ ဗုံအော်သံ ဆိုးသည်နှင့် လူစုလူဝေးကြီး ပြေးဝင်လာသလို ဒီရေလှိုင်းတွေ တက်လာသံလိုလို အသံတွေကို စတင်ကြားလိုက်ရသည်။ လေတိုက်သံတွေလားလျှောင်တော်လည်းသံတွေပါလား။

သူတို့ သုံးယောက်သည် လေဖြတ်သူတွေလို အိုးတိုးအတ အယောင်ယောင်အမှားမှားဖြင့် ရပ်တန့်နေကြလေသည်။ အေးရှသော လေပြည်ရှိင်းများက သူတို့၏ခန္ဓာကိုယ်ကို ထိုးဖောက်ကိုက်ဖြတ်ရန် ဝင်လာကြလေပြီ။ တဟူးဟူး မြည်နေသော လေသံတွေကို ကြားနေရပြီ။ သုံးယောက်စလုံး ပြေးတပ်ပွေ့ဝင်လိုက်ကြသည်။

"ဘာသံမှတ်လဲ"

"ကြောက်စရာကြီးဗျ၊ လုပ်ပါဦး"

မောင်ရှည်သည် တဆက်ဆက်တုန်လျက်ရှိသည်။ မြေလွှာမြင်ကစ်ခုလုံး ဟာသိမ့်သိမ့်တုန်လာသည်။ ဖျိုးဖျိုးဖျစ်ဖျစ် မြည်သံကြီးသည် မြေကြီးထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သောင်းငွေသည် ခေါင်းမဆောင်တော့ ပီသသည်။ မှတ်ပပြေး။ သူစပြေးလျှင် စည်းပေါက်ပြီ မဟုတ်လား။ ထိုစဉ် တဖေါဖေါ လေပြုသံတွေ ထွက်ပေါ်လာပြီး မိန်းမကြီးနားတွင် နောဟံထပ်လူကြီးတစ်ယောက် ပေါ်လာသည်။ အရပ် ရှစ်ပေခန့် လူကြီးကတ်ယောက်ဖြစ်ပြီး အပေါ်အကျီဗလာ၊ ခါးတောင်းကျိုက်ထားပြီး ပေါင်နှစ်ဖက်တွင် ထိုးကွင်းမှင့်ဖြင့် ပြည့်နှက်နေသည်။ ဆံပင်ကို သျှောင်ထုံး ထုံးထားသည်။ ရောမဝမ်းဗိုက်ဖိုးစရည်း မည်းပြောင်ပြောင်ကြီးမှုင် ချက်ကြီးက ကွမ်းသီးလုံးလောက် မြှုထွက်နေလေသည်။

ရောမလူကြီးသည် သောင်းငွေတို့အုပ်စုကို နီရဲပြူးကြောင်သော မျက်လုံးနှစ်လုံးဖြင့် စိုက်ကြည့်နေလေသည်။

အောင်ကြည်သည် ရုတ်တရက် လေဖြတ်သူလို မလှုပ်မယှက် ဖြစ်နေရာမှ တုန်တုန်ယင်ယင်ဖြင့် -

"ဘိ . . . ဘိ . . . ဘိလူးကြီး"

ထိုစဉ် မိန်းမကြီးဆီမှ စူးရှကျယ်လောင်သောအသံ ထွက်လာပြန်သည်။

"အစ်ကိုတော်၊ သင်းတို့ နကောင် သိုက်နန်းကို ဖျက်နေပြီ၊ ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"တောက်"

ဧရာမလူကြီးဆီမှ တောက်ခတ်သံ။ တောက်ခတ်သံသည် ပြင်းထန်လွန်းလှရကား သစ်ပင်ပေါ်မှ သစ်ရွက်တွေပင် ကြွေကျလောက်သည်။

"မပူနဲ့ ညီမတော် ရှုပစန္ဒာ၊ မပူနဲ့ ရှုပစန္ဒာ"

သောင်းငွေတို့သုံးဦး အထိတ်တလန့်ဖြစ်နေရာမှ တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူလို ကြည့်မိလိုက်ကြလေသည်။ ဘုရား ဘုရား . . . သူတို့သုံးဦးသည် အထိတ်တလန့် ဖြစ်နေကြသည့်ကြားမှ ဧရာမလူကြီးက မိန်းမကြီးကို ရှုပစန္ဒာဟု ခေါ်လိုက်သဖြင့် ငိုရမလို ရယ်ရမလို ဖိုးတိုးဖားတားဖြစ်သွားကြခြင်း ဖြစ်သည်။

ယဘီဖောက်ထိုးဝတ်၊ အပေါ်မှ ရွှေသွားနှစ်ချောင်း မရှိ၊ ဖွဲ့ခြောက်ခြောက် သရဲမလိုမိန်းမကြီးကို "ရှုပစန္ဒာ" ဟု ခေါ်မပေါ်သံ ကြားလိုက်ရသောအခါ သူတို့အားလုံး ငုတ်တုတ်သေလိုက်ချင်သလို ခံစားလိုက်ရသည်။

ရှုပစန္ဒာတဲ့၊ အဘွားအိုကြီးက။

"ဟီ ဟီ ဟီ ဟား ဟား ဟား နာမည်နဲ့ ရုပ်နဲ့ လိုက်ပါရဲ့"

သောင်းငွေသည် ရယ်ချင်စိတ်ကိုအကြိတ်ကြိတ် မျိုချနေရသည်။ မောင်ရှည်နှင့် အောင်ကြည်တို့၏ မျက်နှာပြင်ပေါ်မှ အရိပ်များသည်လည်း ရယ်ချင်စိတ်ကို ချုပ်တည်းထားပုံရသည်။

သရဲမကြီးနာမည်က ရှုပစန္ဒာတဲ့။ နာမည်ရှင့်လူသည် တွဲဖက်၍ လိုက်ဖက်လှပေသည့်တကား။ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ပြုံးစေ့စေ့ဖြင့် တိုင်ပင်ထားသည့်အကိုင်း ကြည့်လိုက်ကြသေးသည်။ သို့သော် ထိုအပြုံးများသည် ရုတ်ခြည်း ပြန်ပျောက်သွားလေသည်။ သက်ကြီးစကား သက်ငယ်ကြား ဆိုသည့်အတိုင်း သိုက်ပြေးတောင်နှင့်ပတ်သက်၍ သူတို့ကြားသိဖူးသည်မှာ သိုက်ပြေးတောင်ရှိ သိုက်ကို မောင်နှမ နှစ်ယောက် စောင့်ရှောက်သည်ဟုသာ ကြားဖူးသည်။ နာမည်တော့ မသိကြပေ။

သိုက်လာတူးသည့် သိုက်ဆရာတွေကို သေအောင်ကြေအောင်၊ ရူးသွပ်အောင် ပြုလုပ်လိုက်သည့် မောင်နှမနှစ်ယောက်သည် နာမည်ကြီးသည်။ အင်မတန် ချောမော လှပကြသတဲ့၊ နန်းဝတ်နန်းစားများနှင့် ကြည့်၍ လှပကြသတဲ့။

ယခုတွေ့ရသည့် သရဲမကြီးနှင့်ဘီလူးလိုလို ဧရာမလူကြီးနှင့်တော့ ကြားဖူးသည့် သတင်းနှင့် ကွာနေသည်။

ယိုစဉ် ဧရာမလူကြီးယံမှ တျှယ်မလောင်လှသော စကားသံသည် ပါးနိုး၍ ထွက်ပေါ်လာလေသည်။

"ဟေ့ - မိဖွားမိဋ္ဌိမဟောင်မတွေ၊ ဆက်ကူးကြစင်းကွာ၊ ကူးကြ"

မိုက်ရူးရဲ သောင်းငွေသည် လေသံဘဦးစီးနေပြီ. ဖြစ်ရကား ပေါက်မွှန်းကို မှုတ်ယာရက် မပြောက်ကိုင်လိုက်ကာ ဝှန်းခနဲ ပေါက်ချလိုက်ပြန်သည်။ နောက်ကပ် ဆက်ကာဆက်ကာ တစ်ချက်ပြီးတစ်ချက် ကျောက်သားတွေ ကစ်လွှာပြီးတစ်လွှာ ပြိုကျ။

ယိုစဉ် ပေကျောက်လွှာကျောက်စများထဲမှ ဖြူဖွေးပြောင်လက်သော ဝိုင်းဝိုင်းသဏ္ဌာန် အရာကလေးတစ်ခုသည် ဖျင်ခနဲပြည်ကာ မောင်ရှည်၏မြေရင်းသို့ လိမ့်၍လိမ့်၍ ကျလာလေသည်။ ဝိုင်းစက်စက် အရာကလေးသည် လူကြီးတစ်ယောက်၏ လက်တစ်ဝါးသာသာ ခန့် ရှိမည်။ ဝိုင်းဝိုင်းအရာကလေးမှာ အလယ်ကောင် ဘုကလေးပါသည်။

"ဟာ- မောင်းကလေးဗျ၊ မောင်းကလေး"

သောင်းငွေနှင့် အောင်ကြည်သည် မောင်ရှည်ဆီသို့ ရောက်လာသည်။ မောင်ရှည်သည် မောင်းကလေးကို ကောက်ကိုင်လိုက်သည်။

"ငွေမောင်းကလေးဗျို့၊ ကိုကြီးသောင်းငွေ"

သောင်းငွေသည် မောင်းကလေးကို ဆတ်ခနဲ ကောက်ယူလိုက်လေသည်။

"ဟား ဟား ဟား တို့တူးတာ နိုးစပ်ပြီဟေ့၊ အောင်ကြည်၊ ငွေမောင်းကို တွေ့ရပြီဆိုတော့ သိုက်ကိုတွေ့ဖို့ မဝေးတော့ဘူးဟ"

အောင်ကြည့် မျက်နှာသည် ငလာဘကြောင့် ကြောက်မက်ဖွယ် အရောင်ထက်လာသည်။ တံတွေးကို ဂလုခနဲ မျိုချသည်။ ဘဲနန်းဖိုကြီး၏ လည်ပင်းကြီးလို ရှေ့သို့ ငေါထွက်လာသည်။

"ဟုတ်ကယ် ကိုသောင်းငွေ၊ ဆက်တူးမယ်"

ယိုစဉ် ဧရာမလူကြီးထံမှ အသံ ဟောဟောဟားကြီးထွက်ပေါ်လာပြန်သည်။

"ဆက်တူးကြ၊ ဆက်တူးကြဟေ့၊ ဟီ ဟီ ဟီ ဟား ဟား ဟား မင်းတို့ မဟောင်မြင်မဟော့မယ်၊ ဆက်တူး ဆက်တူး"

ရှုပစန္ဒာ မိန်းမကြီးကလည်း

"ဟုဟ်ဟယ်၊ ဆက်တူးကြ၊ နင်တို့ မသာခေတွေကိုမြှုပ်ဖို့ တွင်းပါ ဆက်တူးကြဟဲ့"

"တူးမယ်ဗျာ၊ တူးမယ် ...ဖြစ်လဲ၊ သေရင် မြေကြီး ...ရင် ရွှေထီး၊



www.burmeseclassic.com

www.burmeseclassic.com

ဟော့- မောင်ရှည်၊ ဒီငွေမောင်းကလေး ကို ယူထားလိုက်စမ်း"

မောင်ရှည်သည် အောင်းငွေ လှမ်းပေးလိုက်သော ငွေမောင်းကလေး ကို လှမ်းယူလိုက်သည်။ ငွေမောင်း ကလေးကား လက်ရာမြောက်လှသည်။

"လှလိုက်တဲ့ မောင်းကလေး၊ အမယ် မွှေကြိုးကလေးကောင်းပါကလား"

မောင်ရှည်သည် ငွေမောင်းက လေးကို ကျေနပ်သဘောကျစွာ ကြည့် နေသည်။ မောင်ရှည်သည် ၁၄ နှစ် အရွယ် လူငယ်ကလေးတစ်ယောက်သာ ဖြစ်သည်။ လောကအကြောင်းကို နား မလည်သေးသော လူငယ်တစ်ယောက် သာ ဖြစ်သည်။

ဓားဆိုတာ ခုတ်ရ ဖြတ်ရမည်။ ပေါက်တူးပေါက်ပြားဆိုတာ မြေကြီး ပေါက်ရမည်၊ ထွန်ယက်ရမည်။ ထို့အတူ မောင်းဆိုတာ တီးရမည်မဟုတ်ပါလား။ လက်ရာမြောက်လှသောမောင်းကလေး ကိုကြည့်ရင်း စိတ်ထဲတွင် ထွေပြားသွား သည်။ ဗာသိစိတ်နှင့် ခန္ဓာကိုယ် ဖြတ် ခနဲ လွတ်သွားသလို ခံစားလိုက်ရသည်။ သူသိသော အသိဉာဏ်တစ်ခုက ဒီငွေ လက်တွေ့ဘဝနှင့် ရှုံကိုက်ပြေးသွားနဲ့ ဖာပေါ်ယံတလွှာ အသိအစ်ခုသာ ဖြစ် ပေသည်။

ငွေဖြူရောင် လက်လက်ဖြင့် လက်ရာမြောက်လှပသော ငွေမောင်း ကလေးက မောင်ရှည်၏ အသိတရား တစ်ခုကို ဆွဲဆောင်မှုပေးနေပြီ။

ထိုအချိန်တွင် အေးခဲသော လေ ပြည်တချို့ မောင်ရှည်ထံ ပြေးဝင်လာကြ ပြီ။ မိန်းမကြီးနှင့် ရောမလူကြီး ဟိန္ဒ သည် မောင်ရှည်ကို မမိုတ်မသုန် စိုက် ကြည့်နေကြသည်။ လှုပ်ရှားမှုတစ်ခုကို ကြည့်ရှုအကဲခတ်နေကြသည်။ သူတို့၏ စူးရှသော အကြည့်များက မမြင်ရသော လှိုင်းသွားတစ်ချောင်းဖြင့် မောင်ရှည်၏ ရင်ဘတ်ကို ခပ်ဖွဖွ ယောက်လိုက်တာ နှင့်တူသည်။

မောင်ရှည်၏ မျက်နှာပြင်သည် ထူးခြားမှုတစ်ခုဖြင့် ပြုံးမည်ပေသော ကြည့်မှုနဲ့တစ်မျပ်ပေါ်က မျက်နှာပြင်လို ရုတ်တရက် လိမ့်စောင်းသွားသည်။ အသိနှင့် ခန္ဓာကိုယ် တစ်ချက်လွတ် သွားခြင်း ဖြစ်သည်။

မောင်ရှည်သည် ဘယ်ဘက် လက်ဖြင့် ကိုင်ထားသော ငွေမောင်း ကလေးကို ညာဘက် လက်ခလယ် အဆစ်နှင့် မာသာတယာ တီးခေါက်ကြည့် လိုက်မိသည်။ လာလာဆော အသံ ထွက်ပေါ်လာသည်။

"ဒနောင်"

နောက်တစ်ချက် . . .

"ဒနောင်"

နောက်ထပ်တစ်ချက် ဆက်တီး သည်။

"ဒနောင်"

မောင်းတီးသံများ ဆုံးသည်နှင့် ပတ်ဝန်းကျင်သည် ထူးခြားမှုများနှင့် စတင်လာလေသည်။

ထိုစဉ် သစ်ပင်တွေပေါ်မှ ငှက် တွေ တပုန်းပုန်း ထပျံကုန်သည်။ သစ် ပင်တွေ တဝေါဝေါမြည်ကာ လေနီကြမ်း တွေ တိုက်လာသည်။ တောင်ခြေ တော စပ်မှ တောခွေးရိုင်းတွေ တစီစီ အူလာ ကြသည်။

"ဟား ဟား ဟား ဟား"

"ဟီး ဟီး ဟီး"

မိန်းမကြီးနှင့် ရောမလူကြီးဆီမှ ရယ်သံကြီးများ ဆက်တိုက်ထွက်ပေါ် လာတော့သည်။ မြေကြီးသည် တဒီးဒီး မြည်ကာ တုန်လှုပ်လာလေ၏။

ထိုစဉ် သောင်းငွေတို့ တစ်မှိန် ယုံး မမှပေလျှာနေသော ကျောက်ဆွေးရုပ် သုံးကောင်သည် ရုတ်တရက် ဧရာမ ရုပ်ကြီးတွေ ဖြစ်သွားကာ တဘူးဘူး ကကကဲ ဆော်မြည်တွန်နေလေတော့သည် ပေတကား။

"ဟာ"

"ဟင်"

"ဟိုဟ်"

သူကိုဘုံးဦးသည် အံ့ဩတုန်လှုပ် မှုများဖြင့် ခန္ဓာကိုယ်များမှ မွှန်ထားများ ယိုစိမ့်မြိန့်ထွက်သွားမြေပြီး လက်ထဲမှာ ကိုင်ထားသော ပေါက်တူး၊ ပေါက်ချွန်း များကို လွှတ်ချမိလိုက်ကြပေသည်။

သောင်းငွေသည် အဖော် နှစ် ယောက်ရှေ့မှာပင် ဟန်မဆောင်နိုင် တော့ဘဲ ပူးနှစ်ဖက်ညွှတ်ဆင်းကာ ဘာဆက်လုပ်ရမည်မသိဘဲ ရုတ်တရက် လေသင်တုန်းဖြတ်သူလို ကြောင်တောင် တောင်ဖြစ်နေသည်။ အံ့ဩတကြီး ငေး ကြောင်နေကြလေပြီ။

"ဘယ် . . . ဘယ်လိုဖြစ် . . . ဖြစ်"

မောင်ရှည်သည် လက်ထဲမှာ ကိုင်ထားသော ငွေမောင်းကလေးကို ယောင်ယမ်းကာ လွှတ်ချလိုက်လေ သည်။ ထိုစဉ် ရောမ လူ့ဘီလူးကြီးက အောင်မြင်သော အသံဖြင့် -

"ဟား ဟား ဟား ဘာတတ်နိုင် သေးသလဲ၊ လူမိုက်တွေ၊ ကဲ- ဖေ့သား ကြီး သုံးကောင်ထဲက တစ်ကောင် လာ စမ်း၊ ဒီကို တစ်ကောင် လာစမ်း၊ ဖေ့ သားကြီးတွေ ပျောက်နေတာ ဘယ် ရောက်နေသလဲ မှတ်တယ်၊ သင်းတို့ မိစ္ဆာကောင်တွေလက်ထဲ ရောက်နေ တယ်၊ လာ လာ တစ်ကောင်ပြီ၊ မင်း တို့ရဲ့ အစွမ်းအစ ပြလိုက်စမ်းကွဲ"

www.burmeseclassic.com

www.burmeseclassic.com

ဧရာမ နွားကြီးသုံးကောင်ထဲမှ တစ်ကောင်က ပြေးထွက်ကာ လှဘီလူးကြီးဆီသို့ ကဆုန်ပေါက်၍ ပြေးသွားလေသည်။ နွားကြီးသည် လှဘီလူးကြီးရှေ့မှောက်သို့ ရောက်လေလျှင် လှဘီလူးကြီးကို ကြောင်ကလေး တစ်ကောင်လို ပွတ်သပ်နေသည်။

"ကဲ- ညီမတော်၊ ဆေးလိပ်ပေးစမ်း"

မိန်းမကြီးသည် တဟီးဟီး ရယ်နေရာမှ ဆေးလိပ်ကြီးကို တစ်ဖွာ၊ နှစ်ဖွာရှိုက်ပြီး လှမ်းပေးလိုက်လေသည်။ လှဘီလူးကြီးသည် လက်ထဲသို့ ဆေးလိပ်ရောက်သည်နှင့် အားရပါးရ ဖွာရှိုက်လိုက်ကာ နွားပါးစပ်ထဲသို့ ကည့်ပေးလိုက်လေသည်။

"ဖေ့သားကြီး မောနေပြီ၊ အားရှိသွားအောင် ဖွာလိုက်စမ်း၊ ရှိုက်ရှိုက်စမ်းကွဲ့၊ ဒါမှ လူမိုက်တွေကို သုံးမနိုင်မှာ"

"အမယ်လေး"

မောင်ကြည်သည် လန့်ဖျပ်သွားကာ သောင်းငွေထုပ်ကို ပြေးဖက်လေသည်။ မောင်ရှည်ကား ပူးချပ်းမှိုက်ကာ ကဆက်ဆက် တုန်နေပေပြီ။ မြေးပေါက်ကို ရှာဖွေနေလေပြီ။

"အမလေးရေ . . . ကယ်ပါ"

မောင်မှုည်သည် လုံချည်ကို ပြွင်းယိုင်းလိုက်သည်။ ရင်ဆိုင်ရမည်လော၊ ထွက်ပြေးရမည်လော။ သောင်းငွေတို့ကို လှမ်းကြည့်လိုက်တော့ လုံချည်တွေ ပြုပ်ပတ်နေကြပြီ။ ထိုစဉ် နွားကြီးသည် ပါးစပ်ထဲသို့ ဧရာမ ပြောင်းဖူးဖက်ဆေးလိပ်ကြီး ရောက်သွားသည်နှင့် တဗွမ်းဗွမ်းမြည်အောင် ဖွာရှိုက်လေသည်။ မီးခိုးလုံးကြီးများသည် နွားပါးစပ်ထဲမှ အလိပ်လိုက် အထွေးလိုက် ထွက်လာကာ ဆောင်းလေထဲသို့ လွင့်ပျံ့သွားသည်။

"အမယ်လေးဗျ၊ နွားကြီးက ဆေးလိပ်သောက်တယ်ဟ၊ နွားကြီး ဆေးလိပ်သောက်တယ်"

နွားကြီးသည် ဆေးလိပ်ကို အားရပါးရ ဖွာရှိုက်ပြီးနောက် ဖူးခနဲ နှာတစ်ချက်မှုတ်လိုက်ကာ သောင်းငွေတို့အုပ်စုကို လှည့်ကာ ရန်လိုသည့်ဟန်ဖြင့် ကြည့်လေသည်။

"ဘွတ် . . . အဲ"

"ဘုရား ဘုရား မွေ့မဟော့မယ်၊ ပြေး"

မောင်ကြည်၏ မကားမပင် မဆုံးလိုက်၊ ကောင်းကင်ဆီမှ တဝီဝီ တပေါပေါ မြည်သံကြီးများသည် တဖြည်းဖြည်း ကျယ်လောင်လာလေသည်။ မြသံများသည် တဖြည်းဖြည်း ကျယ်လောင်လာသည်။ သုံးယောက်စလုံး ကောင်းကင်သို့ မော့ကြည့်ကြသည်။ လေယာဉ်ပျံကွင်း၍ မော့ကြည့်ကြခြင်းဖြစ်သည်။

ယင်ပမည်း ယပ်ပယောက်စရာ ပင်၊ ကဂီဂီ ကဇေါ်ဇေါ် တဒီးဒီးဖြင့် ကျယ်လောင်စွာ မြည်ဟာသော အသံကြီးများသည် သူတို့ဆီသို့ ဦးတည်ရွေ့လျားခြင်း ဖြစ်သည်။

သူတို့ အဖြစ်မှန်ကို သိရှိလိုက်ရပြီ။ လေယာဉ်တွေမဟုတ်၊ ပုဇွန်ယောင် တွေ မဟုတ်။

"ဟိုက်- ဝိတုန်းမည်းကြီးပေါ့ဟ"

"အမယ်လေး- ဧရာမ ဝိတုန်းကြီးပေါ့ဟော့၊ ပြေးကြ"

မောင်ရှည် အထိတ်တလန့်ဖြင့် မော့ကြည့်လိုက်၏။ မြင်လိုက်ကြရသည့် အရာများကား -

"အား"

သခွားသီး၊ မရန်းသီး အရွယ်အစားရှိ ဧရာမ ပိတုန်းကြီးများသည် သူတို့၏ ဦးခေါင်းပေါ်တွင် ပျံဝဲနေခြင်းဖြစ်လေသည်။ အကောင်တစ်ရာခန့်ရှိမည်။ တဝီဝီမြည်ကာ ပျံသန်းနေကြပြီ။

လှဘီလူးကြီးသည် အောင်နိုင်သူပမာ တဟားဟား ရယ်ရင်း -

"မီညို၊ မိဖြူ၊ မီစောတို့၊ လူမိုက်သုံးကောင်ကို သူတို့အိမ် မြန်မြန်ရောက်အောင် ပို့လိုက်စမ်းကွယ်၊ ကဲ ကဲ ဖေ့သားကြီးသုံးကောင်ပါ အမဖော်လိုက်သွားပေးဟော့"

"တောင်မယ်လေး- ကြောက်ပါပြီဗျာ"

"ပြေးကြဟေ့၊ ပြေးကြ"

မောင်ရှည်သည် မည်သူ့အမိန့်မှ မစောင့်ဘဲ ရှေ့ဆုံးမှ ဦးဆောင်ကာ ရွာဆီသို့ ပြေးလေသည်။ သူတို့အနောက်မှ နွားကြီးသုံးကောင်နှင့် ဧရာမ ပိတုန်းကြီးများက လိုက်ကြပါလေတော့။

အတောယ်မျှသာ ပြေးမနေသူသုံးဦးသမ္ဘိရှိရှိ ပမှုံတက်၍ လှည့်ကြည့်လိုက်ပြည်ဆိုပါက ဖရုံဖရဲခြံပေါ် ကျနေသော ပေါက်ချွန်း၊ ပေါက်တူးများ၏ရှေ့တွင် နှန်းဝတ်နန်းစားနှင့် လှပတင့်တယ်လှသော ဖားကိုပေါ် ပါ်နှုန်နှင့် ညီမတော်ရှပနွှာ မင်းသမီးတို့ကို တကယ်သစ်စ နေခြည်နုနုအောက်တွင် မြူးမြူးရွှင်ရွှင်ဖြင့် တွေ့ရမည် ဖြစ်ပေသည်။

**မင်းဘုန်းသိခ်သူ**

□



www.burmeseclassic.com

www.burmeseclassic.com



# စာနဲ့သာ ကြောက်ချမ်းကြောင်း

ငါး၊ ဆယ်ကြော်
မြောက်ဝဆယ်ပတ်လည်

ဘဝတံကြွမှာ ဆန်းကြယ်ပုံများ ဖွံ့ဖြိုးဖို့ကောင်းလှပါတယ်။ ကျွန်တော် ငယ်ငယ်ရွယ်ရွယ် ဘဝက စာရေးသူ တစ်ယောက်ဖြစ်မလာဘဲ သက်ကြီးရွယ် အို အရွယ်ရောက်မှ စာရေးသူ တစ်ယောက် ဖြစ်လာခဲ့တယ်။ ငယ်ငယ်ရွယ် ရွယ် အသက် ၂၀ ပန်းကျင်အရွယ်က ကျွန်တော် ရန်ကုန်မြို့၊ ၃၂ လမ်းနဲ့ ၃၅ လမ်းတစ်ဝိုက်မှာ ကျင်လည်ခဲ့တယ်။ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်း ဆရာ၊ သတင်းထောက်နဲ့ ဂျာနယ်ဆရာ တွေ၊ ရုပ်ရှင်ဂီတ အနုပညာသမားတို့စု ဝေးရာ ၃၂ လမ်းနဲ့ ၃၅ လမ်းဝန်းကျင် မှာက စာပေအနုပညာရွာလေး ဖြစ် တယ်။ စာပေအနုပညာသမားတွေနဲ့ စည်ကားတယ်။ ကျွန်တော်က ကမ်းနား လမ်း ခြောက်ထပ်ရုံးသစ်မှာ ဝန်ထမ်း ဘဝနဲ့ အသက်မွေးနေတာ ဆိုတော့ အနုပညာရွာလေးနဲ့ အင်မတန်နီးတယ်။ အမြဲလိုလို အနုပညာရွာလေးထဲ ဖြတ် သန်းသွားလာ ငေးမောခဲ့တယ်။

ဝါရင့်စာရေးဆရာကြီးတွေ ပြော ဆိုနေကြတာတွေ ငေးမောနားထောင် နေခဲ့တယ်။ စာရေးဆရာကြီးတွေရဲ့ လက်ဖက်ရည်ဝိုင်း၊ စကားဝိုင်းဟာ ကျွန်တော့်အတွက် စာပေဟောပြောပွဲ တွေ ဖြစ်ခဲ့ရတယ်။ ဖတ်စရာ၊ မှတ်စရာ၊ ဗဟုသုတရစရာ၊ အားကျ ဂုဏ်ယူစရာ တွေ တစ်ပွေ့တစ်ပိုက်ကြီး ဖြစ်ခဲ့တယ်။

ကျွန်တော်ဟာ ကလေးဘဝ ကတည်းက စာဖတ်၊ စာရေးဝါသနာကြီး ခဲ့ပါတယ်။ စာရေးဆရာကြီး ဖြစ်ချင် စိတ်လည်း ပြင်းထန်ခဲ့ပါတယ်။ လူလတ် ပိုင်းရောက်လို့ စာပေလောကနဲ့ နီးစပ် ပါလျက် စာရေးဆရာကြီးတွေနဲ့ ထိတွေ့ ပါလျက် ကျွန်တော် စောစောစီးစီး ငယ် ငယ်ရွယ်ရွယ်က ဘာကြောင့် စာရေးသူ မဖြစ်ခဲ့ရသလဲ။

ကြောက်လို့ပါ။ ဘာကိုကြောက် တာလဲဆိုတော့ ကျွန်တော်ရေးတဲ့ စာမူ ပယ်ချခံရမှာကို ကျွန်တော် သိပ် ကြောက်တယ်။ ကျွန်တော်ရေးတဲ့စာကို ပယ်ချခံလိုက်ရရင် ကျွန်တော် အလွန် အမင်း နာလန်မထူနိုင်အောင် စိတ် ဓာတ်ကျသွားမယ်ဆိုတာ ကျွန်တော်သိ တယ်။ စာပေလောကမှာ ဇွဲကောင်း ရမယ်ဆိုတာ သိပါတယ်။

အောင်မြင် ကျော်ကြားနေတဲ့ ဝါရင့်စာရေးဆရာကြီးတွေတောင် တစ် ချိန်က စာမူတွေ အပယ်ခံခဲ့ရတာ ရှိခဲ့ တယ်။ ဇွဲကောင်းခဲ့ကြတယ်။ ကျွန်တော် ဇွဲမကောင်းနိုင်ဘူး။ ကျွန်တော်က စိတ် ထိခိုက် လွယ်တယ်။ နုလွန်းတယ်။ ယောကျ်ားမပီသဘူး၊ စိတ်နုတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အကြောင်းကိုယ်သိတော့ စာပေလောကထဲ ဝင်မတိုးဘူး၊ မစမ်းဘူး။ မကြိုးစားကြည့်ဘူး။ ဒါပေမဲ့ ဝမ်းထဲမှာ ပါနေတဲ့ စာပေပိုးက ထကြွနေတယ်။

အသက်အရွယ်လေး ရလာလေလေ၊ အတွေ့အကြုံလေးတွေ တိုးလာလေလေ စာပေပိုးက ပိုပိုထကြွလာတယ်။ စာပေမျိုးစုံကို ပိုပြီးဖတ်ဖြစ်လာတယ်။ စာဖတ်များလာလေလေ စာရေးရမှာ ကြောက်လာလေပဲ။ ဂါရင့်စာရေးဆရာကြီးတွေရဲ့ အရေးအသား ဟန်ပြပုံ၊ အပြောအဆို၊ အယူအဆတွေကို မှားကျတာ များလာလေလေ ကိုယ်ပိုင် စာရေးရမှာကို အားငယ်ပြီး ကြောက်လာလေပဲ။

ဒါပေမဲ့ မငြိမ်နိုင်တည်း၊ မချိသိပ်နိုင်အောင် စာရေးချင်စိတ်တွေ ထကြွလာတဲ့အခါ စာတွေရေးမိတယ်။ ရေးပြီးတာနဲ့ ပြန်ဖတ်ကြည့်ပြီး တိတ်တိတ်လေး သိမ်းထားတယ်။ မဂ္ဂဇင်း စာပေတိုက်တွေ ပို့ရမှာကြောက်တယ်။ ဒီလိုနဲ့ တိတ်တိုးစာရေးသူဘဝ နှစ်ပေါင်း ၃၀ ကြာခဲ့တယ်။ ရေးမိခဲ့တဲ့ စာထုပ် ပေထုပ်ကြီးကိုလည်း သွားလေရာ အမြတ်တနိုး သယ်ဆောင်ခဲ့တယ်။ ဖမ်းစမီတည်းက မတည်မြဲခဲ့တဲ့ ကျွန်တော့်ဘဝ ကိုပြောင်းဒီရွှေ့နဲ့ မနေခဲ့ရတာ မရှိ ရတုသဘင် အင်ဖွဲ့ဖို့ရလောက်ပါရဲ့။

ကျွန်တော့်အမေကို နှုတ်ချိုးလည်း တင်ပါရဲ့၊ အပြစ်လည်း တင်မိတယ်။ အမေဟာ အင်မတန် စာဖတ် ဝါသနာကြီးသလို ခဲရာခဲဆစ် ရှာသမျှ အချိန်လေးမှာ ခက်ခက်ခဲခဲနဲ့ စာတွေ ရေးတယ်။ အမေဟာ လောကဓံတရား မြင်းထန်ပြီး ကြမ်းတမ်းခက်ခဲ ပင်ပန်းလွန်းလှတဲ့ အိမ်ထောင်သည်ဘဝမှာ စာတွေရေးတယ်။

သူရေးတဲ့ စာမူလေးတွေကို ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေမှာ ကျွန်တော့်ကို စာမူ ပို့ခိုင်းလေ့ရှိတယ်။ ပို့ခိုင်းတဲ့နေရာကလည်း တကယ့်ထိတ်ထိတ်ကြဲ ထိပ်တန်းကိုမှ တက်၍မှန်းတယ်။ ရှုမဝမဂ္ဂဇင်းတိုက်ကြီးကိုမှ ပို့ခိုင်းသည်။ ကျွန်တော်က လမ်းမှာ အမေ့စာမူတွေကို ဖတ်ကြည့်တယ်။ အင်မတန်ဖတ်လို့ကောင်းတယ်။ ဘဝရေးတွေ၊ ဘာသာရေးတွေ အမေ ရေးတယ်။ အမေ့စာတွေ မြင့်တော့မြင့်တယ်။ ဘယ်လောက်မြင့်မှန်းတော့ မသိဘူး။ ဖတ်လို့ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော် နားမလည်ဘူး။ ကျွန်တော်က ၈ တန်းကျောင်းသားဘဝ ဆယ့်သုံးလေးနှစ်အရွယ် ရှုမဝမဂ္ဂဇင်းတိုက်ကြီး ခဏခဏ ရောက်တယ်။ အမေ့စာမူတွေ သွားသွား ပို့ရတယ်။

အမေ အသက် ၆၀ ကျော်နဲ့ ဆုံးသွားတယ်။ အမေရေးတဲ့စာတွေ ဘယ်စာအုပ်မှာမှ ပါဖူးတာလေ တောင်မပါခဲ့ပါဘူး။ ဒါပေမဲ့ အမေ ဘယ်တုန်းက စိတ်ဓာတ်မကျဘူး။ ဝမ်းကောင်းတယ်။ သူရေးတဲ့စာတွေ အပယ်ခံရပေမယ့် အရေးမပျက် ဆက်ပို့နေကာပဲ။ အမေ စိတ်ဓာတ်မကျပေမဲ့ စာမူ သွားသွားပို့ရတဲ့ ကျွန်တော်က အလွန်ကို စိတ်ဓာတ်ကျခဲ့တယ်။ ဒီလောက်စာရေးကောင်းတဲ့ အမေ့စာတွေတောင် အပယ်ခံရသေးတာ၊ ဒီအမေတာင်မှ ဒီလိုဆိုရင် ငါရေးတဲ့စာဆိုရင် ဂိုဆိုးမှာပဲလို့ စိတ်ဓာတ်ကျပြီး ပါပီထဲက ကြောက်စိတ် ဝင်ခဲ့တယ်။ အဲဒါ အမေ့ကြောင့်ပေါ့လို့ အမေ့ကို အပြစ်တင်မိတယ်။

အမေ့ကို ကျေးဇူးတင်မိတာက စာအုပ်နဲ့ ပျော်မွေ့အောင် တုတ်တစ်ချောင်းကိုင်ပြီး ရိုက်သွင်းပေးခဲ့လို့ ကျေးဇူးတင်တယ်။ ကျွန်တော် ကလေးဘဝ ငယ်ငယ်က မျောက်ရှုံးအောင် ဆော့လွန်း၊ ကစားလွန်းလို့ ထိပ်ပေါက်၊ ခေါင်းကွဲ၊ ခြေကျိုးလက်ကျိုး ထိန်းမနိုင်အောင် ဖြစ်တဲ့အခါ အမေက ကာတွန်းစာအုပ်၊ ကလေးဂျာနယ်၊ ပုံပြင်စာအုပ်တွေကို တုတ်တစ်ချောင်းကိုင် ဖတ်ခိုင်းခဲ့တယ်။ ကျွန်တော် ငြိမ်သွားတယ်။ လူပျိုပေါက်ဖြစ်လာတော့ အမေဖတ်ပြီးတဲ့ ခင်နှင်းယု၊ တက္ကသိုလ်ဘုန်းနိုင်၊ ငြိမ်းကျော်၊ ပါရဂူတို့ရေးတဲ့ စာအုပ်တွေ ဖတ်ခိုင်းတယ်။ စာအုပ်ဆိုင်နဲ့ကလည်း နီးတော့ စာရေးဆရာစုံအောင် ဖတ်ဖြစ်ခဲ့တယ်။ ဖတ်ပြီးရုံနဲ့ မပြီးသေးဘူး။ အမေက မေးမြန်းသေးတယ်။ စစ်ဆေးတယ်။ ကျွန်တော့် အယူအဆ၊ အတွေးအခေါ်တို့ပါ ပြောပြရတယ်။ ကောင်းတယ်၊ မကောင်းဘူး၊ ကြိုက်တယ်၊ မကြိုက်ဘူး အမေ့ကို ပြောပြတော့ အမေက ပြန်ပြီးဝေဖန်ပြတယ်။

ဒီလိုနဲ့ ကျွန်တော် လူပျိုပေါက်ဘဝ ရွာရိုးကိုးပေါက် မျှော်မသွားဖြစ်တော့ဘဲ ငြိမ်သွားတယ်။ စာဖတ်ပါများရာက စာရေးချင်စိတ်တွေ တဖွားဖွားဖြစ်လာတယ်။ ဝတ္ထုလေးတွေ၊ ကဗျာလေးတွေ စပြီး ကိုယ်တိုင်ရေးတတ်လာတယ်။ ပထမဆုံးစပြီး ရေးဖြစ်တာက ရည်းစားစာပေါ့။

ငယ်ချစ်ဦးအတွက် ပထမဆုံးရေးဖြစ်တဲ့ ရည်းစားစာပေးဖို့ အတန်တန် စဉ်းစားတယ်။ ရေးတဲ့စာကို ပယ်ချခံရမှာ၊ မရှိမှာ၊ ကိုယ့်ကိုပြန်မချစ်မှာ အင်မတန်ကြောက်တယ်။ စိုးရိမ်တယ်၊ အားငယ်တယ်။

ဒီလိုနဲ့ ငယ်ချစ်ဦးလေးအတွက် ပထမဆုံးရေးတဲ့ ရည်းစားစာ မပေးဖြစ်ဘဲ သိမ်းထားတယ်။ ငယ်ချစ်ဦးလည်း

www.burmeseclassic.com

www.burmeseclassic.com

သူများနောက်ပါသွားတယ်။ အဲဒီလူနဲ့ပဲ ညားသွားလေရဲ့။

သူငယ်ချင်း တစ်ယောက်က ကျွန်တော့်ကို ရည်းစားစာရေးခိုင်းတယ်။ မပေးဖြစ်ကဲ့ ငယ်ချစ်ဦးအတွက်ရည်းစားစာကို ပေးလိုက်တယ်။ သူက ကူးရေးပြီး သူချစ်သူကို ပေးတယ် စွဲသွားတယ်။ သူတို့ ညားသွားကြလေရဲ့။ နောက်တော့ သူငယ်ချင်းတွေအတွက် နောက်ကွယ်က ရည်းစားစာတွေ ပင်ကိုင်ရေးပေးခဲ့ရတယ်။ အားလုံး ညားသွားကြတယ်။ ငယ်သူငယ်ချင်းတွေနဲ့ ကွဲကွာခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့တယ်။ အသက် ၅၀ ကျော်မှ ငယ်သူငယ်ချင်းရဲ့ သမီး မင်္ဂလာဆောင်သွားရင်း မင်္ဂလာပွဲမှာ ငယ်ချစ်ဦးနဲ့ ပြန်ဆုံရတယ်။ ငယ်ချစ်ဦးက မုဆိုးမ၊ ကျွန်တော်က နှစ်ခုလပ်အဖ ပြန်ဆုံကြတယ်။ စကားလက်ဆုံကျရင်းက ရှေးဖြစ်နောက်ကြောင်းလေးတွေ ပြောမိကြတယ်။

ကျွန်တော်ရေးပေးတဲ့ ရည်းစားစာတွေကြောင့် သူငယ်ချင်းတွေအားလုံး ညားကုန်ကြကြောင်း၊ စာတွေအားလုံး သူငယ်ချင်းတွေက ပြလို့ သူဖတ်ရတယ်တဲ့။ အရေးအသားတွေဟာ ခံစားချက်ရှိလို့ထင်ပါရဲ့ သိပ်ကောင်းတာပဲတဲ့။ ဘယ်သူ့ကိုများ ရည်ရွယ်မှန်းဆ ရေးခဲ့တာလဲတဲ့။ ခပ်ပြုံးပြုံးလေး မသိချင်ယောင်ဆောင်ပြီး မေးလာတယ်။

ကျွန်တော် အဖြေရခက်သဖြင့် ပြုံးနေရင်း သက်ပြင်းချမိသည်။

မင်္ဂလာဆောင်ကအပြန် အိမ်ရောက်တော့ ကျွန်တော့်ရင်တွေ လှုပ်ရှားနေတယ်။ စာရေးချင်စိတ်တွေတဖွားဖွား ဖြစ်လာတယ်။ စိတ်ထဲမှာ ထိန်းမနိုင်တော့လို့ စာတစ်ပုဒ်ရေးချလိုက်တယ်။ အခါခါ ပြန်ဖတ်ကြည့်တယ်။ ဒီစာကိုတော့ မဂ္ဂဇင်းတိုက်ကို ပို့ဖြစ်အောင်ပို့မှဖြစ်မယ်။ ငါ့ အသက် ၅၀ ကျော်ပြီ။ အချိန်မရှိတော့ဘူး။ ဒီစာကို မဂ္ဂဇင်းတိုက်က ရွှေချင်လည်းရွှေး ပယ်ချင်လည်းပယ် ရေးပြီး မပို့ဘဲထားရင် ဘယ်တော့မှ စာရေးဆရာဖြစ်မှာမဟုတ်ဘူး။ ပို့ဖြစ်အောင် ပို့မယ်။ စိတ်ကြွငယ်ချစ်ဦးနဲ့ လွဲရတဲ့မာဖြစ်မျိုး မဖြစ်မခံနိုင်ဘူးဆိုပြီး မဂ္ဂဇင်းတိုက် ပို့လိုက်တယ်။ မကြာပါဘူး။ ပထမဆုံးတစ်ကြိမ်တစ်ခါတည်းပို့ဖြစ်တဲ့ စာမူဟာ ရွှေးချယ်ဖော်ပြမှုပါရှိလာတယ်။ မူးမေ့ ယဲ့ကျမတတ် ဝမ်းသာလုံးဆို့ ပီတိဖြစ်ရတယ်။ ဒီလိုနဲ့ စာတွေဖာဆက်မပြတ် ရေးဖြစ်လာပြီး အချိန်မနှောင်းမှ စာရေးသူဟစ်ဦးရယ်လို့ ဖြစ်လာခဲ့တယ်။

ရုပ်ချင်းခံရှင်ပြပွဲတစ်ခုမှာ ငယ်ချစ်ဦးနဲ့ ဒုတိယအကြိမ် ဆုံဖြစ်ကြပြန်တယ်။ ကျွန်တော်ရေးတဲ့စာတွေ မဂ္ဂဇင်းမှာ သူအမြဲဖတ်နေကြောင်း၊ အရင်က ဘာလို့မရေးခဲ့တာလဲတဲ့။ သူဆိုလည်း သတိရရင် စာလေးဘာလေး ရေးပါဦးလို့ ပြောသွားတယ်။ အိမ်ပြန်ရောက်တော့ ရင်တွေတုန်ရပြန်ပါတယ်။ စာရေးချင်စိတ်တွေ ပေါ်လာတယ်။

ဒီတစ်ခါတော့ ငယ်ချစ်ဦးဆီ ပထမဆုံး စာရေးပေးမယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ငယ်ချစ်ဦးဆီ ပထမဆုံး ရည်းစားစာရေးပြီး မပေးဖြစ်တာက ၁၅ နှစ်သားအရွယ်။ အခု ငယ်ချစ်ဦးဆီ ပထမဆုံး စာရေးပြီး ပေးဖြစ်တာက ၅၁ နှစ်အရွယ် ဖြစ်နေသည်။

ရေးလိုက်ချင်သည်က ငယ်ချစ်ဦးကို မပေးဖြစ်သော ၁၅ နှစ်သားက ရေးခဲ့သည့် စာအတိုင်း ပြန်ရေးချလိုက်ချင်သည်။ ရေးခဲ့သည့်စာကို ယခုတိုင် အလွတ်ရ မှတ်မိနေပါသေးသည်။

တစ်ချိန်က ငယ်ချစ်ဦးအတွက် ပထမဆုံး ရည်းစားစာကို ခံစားချက်နက်နက်ရှိုင်းရှိုင်းနဲ့ ရေးခဲ့သည်။ ပဲ့ပဲ့ဖြစ်ပြီး မပေးဖြစ်ခဲ့၊ ငယ်ချစ်ဦးနှင့် လွဲခဲ့ရသည်။

စာပေပါသနာပါပြီး စာတွေမရေးခဲ့ပါလျက် ငယ်ငယ်ရွယ်ရွယ် ဘဝက ကျွန်တော် ဘာ့ကြောင့် စာရေးသူဖြစ်မလာခဲ့သလဲ။ စာတွေရေးပြီး မဂ္ဂဇင်းအယ်ဒီတာတွေ ပယ်ချခံရမှာကြောက်လို့ အားငယ်စိတ်နဲ့ ဖွဲမရှိလို့ စာမပွဲမပို့ဖြစ်ခဲ့ဘူး။ ဆံဖြူသွားကျိုး ၅၀ ကျော်အရွယ်မှ အရဲစွန့်ပြီး မဂ္ဂဇင်းတိုက်ကို ပထမဆုံး ရေးပို့ဖြစ်တယ်။ အဲဒီ ပထမဆုံး စာမူလေး ရွေးချယ်ဖော်ပြခံရတယ်။ ဒီလိုနဲ့ စာတွေရေးဖြစ်ပြီး စာရေးသူ ဖြစ်လာခဲ့တယ်။

ယခု သက်ကြီးရွယ်အို အရွယ်ရောက်မှ ငယ်ချစ်ဦးက သူ့ဆီစာရေးပါဦးဟု ပြောလာသည်။ ရေးချင်သည်ကို မရေးနိုင်ဘဲ ရေးမိသည်က -

"နေကောင်းရဲ့လား။ ကျန်းမာရေး ဂရုစိုက်ပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ယောဂကာရေးသုံးပါး ရှုပွားပါ" လို့ ရေးချလိုက်တယ်။

ငယ်ချစ်ဦးကဲ ပထမဆုံး စာပို့ဖြစ်တယ်။ စာတိုက်ပုံးထဲ စာကို ထည့်ခါနီး လက်သီးကိုဆုပ်၊ အံကိုကြိတ်ပြီး 'တောက်'တစ်ချက် ခေါက်လိုက်မိရင်း -

"ဒီလိုမှန်းသိရင်ကွာ. . ." လို့ သက်ပြင်းချ ညည်းညူလိုက်မိပါတော့သည်။

ရေနံ့သာအောင်ချမ်းဇော်

□



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လမင်းကြီးသည် ပြည့်ပြည့်ဖြိုးဖြိုး သာယာလှပလျက်။

အပြာရောင် တောင်းကင်ပြင်တွင် ကြယ်၊ နက္ခတ်၊ တာရာ အစုအဖွဲ့များသည် လင်းလက်ပြီး တောက်ပနေ၏။ မြောက်အရပ်တွင်ရှိသော ဓူဝံကြယ်ကိုလည်း အထင်အရှား တွေ့မြင်နိုင်သည်။ လမင်းကြီးနှင့် လွန်စွာနီးကပ်လျက်ရှိနေသော သောကြာဂြိုဟ်မှာလည်း တောက်ပသော စိန်ပွင့်တစ်ပွင့် အလား အလွန်လှပနေသည်။

အသက် ၆၀ ကျော်ပြီဖြစ်သော အဘွားမယ်သုန်သည် ကြည်လင်ပြီး အပြာရောင်သန်းသော တောင်းကင်ပြင်ကြီးကို ကြည့်ပြီး

"တောက်တောက် နက္ခတ်စုံကတဲ့ နေ့၊ ကြယ်ငါးလုံးနဲ့ဝေါလဘဉ်ပုံသဏ္ဌာန်ရှိတဲ့ 'မာဃ' နက္ခတ်ကလည်း မိုးပြီး အရောင်တွက်သလိုပဲ၊ လနဲ့နီးတဲ့ သောကြာဂြိုဟ်ကလည်း အရမ်းတောက်ပတယ်၊ မာဃနက္ခတ်ကလည်း မြူးထူးတယ်ဆိုရင်တော့ လူသားတွေ အားလုံးဟာ သာယာတဲ့အာရုံတွေမှာ နစ်မျောပြီး ဒုစရိုက်အမှုတွေကို ပိုပြီးမားသန်တော့မှာပဲ"

အဘွားမယ်သုန်၏ ရင်ထဲမှ ထိတ်လန့်စိုးရိမ်မှုတွေ တိုးနေရွှယ်သော်။ ပြီးတော့ သူမှာလည်း အန္တရာယ်အကြီးကြီးရှိနေသည်။ မရဏကိန်းထဲသို့ တိုးဝင်နေသည့် အန္တရာယ်။ သည်အန္တရာယ်စက်ကွင်းမှ လွတ်ဖို့ အဘွားမယ်သုန် အကြီးအကျယ်အပြင်းအထန် ကြိုးစားရမည်။

သက်ရှိသတ္တဝါတိုင်းမွေးပြီး သေရမှာပါ။ ဒါက အထူးအဆန်း မဟုတ်။ သာမန်သေခြင်းမျိုး မဟုတ်ဘဲ သူများသတ်လို့ သေရမှာကိုတော့ အဖြစ်မခံနိုင်။ ပညာမရှိယာယ်၊ ဉာဏ်မရှိယာယ်၊ အတွေ့အကြုံမရှိယာယ်များ ပေါင်းစပ်ခြင်းဖြင့် မကောင်းသော သေခြင်း၏ အရွေ့အသက်များကို မမျှော်လွှားနိုင်။

ကံ ကံ၏အကျိုးကလည်း ရှိသေးသည်။ ထူးခြားဆန်းပြားတဲ့ လောကကြီးထဲမှာ မျက်စိနဲ့မမြင်နိုင်တဲ့ လျှို့ဝှက်ချက်တွေ အများကြီးပါ။

ကြည့်စမ်း၊ ကြည်လင်တောက်ပတဲ့ လရောင်အောက်မှာ လှလိုက်တဲ့ မြွေဟောက် နှစ်ကောင်။ ကြီးမားကျယ်ပြန့်တဲ့ ပါးပျဉ်းတွေနဲ့ လရောင်ဟပ်နေတဲ့ မျက်လုံးတွေဟာ အော်ရွှေရောင် တောက်လို့။ ချွန်မြတဲ့ သွားစွယ်တွေကို လှစ်ပြပြီး ရှည်လျားတဲ့ လျှာနှစ်ခွကိုလည်း အဝင်အထွက် လုပ်ပြနေလေရဲ့။ ကိုယ်လုံးမှာ နီညိုဖျော့ ပမာဏလောက်ရှိပြီး တစ်ဖို၊ တစ်မ တွဲလျက် ရှိနေသည်။

ကိုကိုကျက်ကျက်ကျင် အမြီးသည် အထီးဖြစ်ပြီး ရှည်ရှည်မျောမျော ပါပြီးသည် အမဖြစ်၏။ ထူးဆန်းသည်မှာ သူကိုနဂါးရှိ မြွေခွက်ထဲမှ ခွေးနို့တစ်ရည်ကို မြွေအမက ဦးစွာသောက်၏။ သည်အခြင်းအရာကို မြွေထီးက မှုံးမှုံးမှိုက်မှိုက် ကြည့်၏။ ခွေးနို့ကို မြွေခွက် နှစ်ခွက်နှင့် အညီအမျှ ထည့်ထားသော်လည်း မြွေထီးက ဘယ်တော့မှ ဦးစွာ မသောက်။ အမြဲတမ်း မြွေမကို ဦးစားပေး၏။

အမှန်စင်စစ် အဘွားမယ်သုန်သည် မိုးလေဝသလ္လာ ကင်းစင်ပြီး ကြယ်၊ နက္ခတ်တာရာစုံသည့် ညများတွင် ထူးကဲသော ဝိဇ္ဇာအတတ်ပညာများကို ပြုလုပ်လေ့ရှိသည်။ ၎င်းပညာရပ်များမှာ နက္ခတ်တာရာကြည့် အတတ်ပညာ၊ ဂါထာ၊ မန္တန်၊ မန္တရား ရွတ်ဖတ်သရဇ္ဈာယ်သည့် အတတ်ပညာ၊ ဆေးဝါးကျောက်၊ မှော် စီရင်သည့် အတတ်ပညာများ၊ နေ့အလိုက် နတ်နေအရပ်များ၊ ပွဲဖြစ်မီးစိတ်ဖြာပြီး ပိုင်ရာဆိုင်ရာများကို ပင့်ဖိတ်လှုပ်နိုးဆောင်ခြင်းဖြစ်ပါသည်။

၎င်းအချိန်များတွင် ခွေးနို့စစ်စစ်ကို မြွေခွက် နှစ်လုံးတွင်ထည့်၍ လှူဒါန်းသမှုကို ပြု၏။ ၎င်းခွေးနို့များကို မြွေဟောက် နှစ်ကောင်က လာသောက်လေ့ရှိသည်။

နှစ်ကာလ ရှည်ကြာလာသော် မြွေဟောက်နှစ်ကောင်က အဘွားမယ်သုန်အား ယဉ်ပါးစပြုလာပြီ ဖြစ်သည်။ တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ကျေးဇူးတရားကို အနည်းနှင့်အများ သိတတ်ကြလေသည်။

မှာ အဘွားမယ်သုန် အိမ်ပြန်တော့ လူ နှစ်ယောက် စောင့်ကြိုနေသည်။ ပါလာသော မားရှည်နှစ်လက်ကို ကြည့်ခြင်းဖြင့် ကောင်းသော စောင့်ကြိုခြင်း တော့မဟုတ်။ အိမ်ရှေ့တွင်မျှစ်ပေါ်တွင် ထိုင်စောင့်နေခြင်း ဖြစ်သည်။ အိမ်ထဲမှ ရေနံဆီမီးခွက်လေးသည် မိန်ပြိုမ်းလျက်။ ဘုရားစင်မှ ဂါးဆိုဖယောင်းတိုင်မီးသည် လင်းတော့။ တစ်အိမ်လုံးကို မှာမှောင်ချထားဟန် တူသည်။

လရောင်သည် အခိုးရှိ သစ်ပင်သစ်ကိုင်းများကို ထိုးဖောက်ပြီး ဖြာကျလျက်ရှိသည်။ ညည့်ငှက်များ မအော်မြည်သံမှအပ ဘာမျှမကြားရ၊ ဆောင်းအကုန် မနွေအကူး လေရူးကလည်း ငြိမ်သက်လျက်။

"အဘွားကြီး ဘယ်ကပြန်လာတာလဲ၊ ကျုပ်တို့စောင့်နေတာ ကြာပြီ၊ ခင်ဗျား ဉာဏ်နီဉာဏ်နက်တွေသုံးပြီး ကျုပ်တို့ကို ပြဿနာရှာဖို့ မစဉ်းစားနဲ့၊ ပေါဒီမှာ တွေ့လား ဒီဓား၊ ခင်ဗျားတစ်ကိုယ်လုံး အပိုင်းပိုင်းခုတ်ပြီး သံလွင်မြစ်ထဲ သွားပစ်လိုက်မယ်"




www.burmeseclassic.com

www.burmeseclassic.com

လေထုထဲမှ လရောင်ကို ထွင်းဖောက်ပြီး ပြောလာသည့်စကားသံ။ ထိုစကားသံနှင့်အတူ သေရည်အနံ့များကလည်း နံဟောင်လျက်။ အရက်များ အလွန်အကျွံ သောက်ထားသဖြင့် လျှာလေးအာလေးနှင့် လေသံလည်း မမှန်တော့။

အဘွားမယ်သုန်သည် ကြောက်ရွံ့ဟန်လည်း မပြ။ တည်ငြိမ်သော လေသံဖြင့် ပြောသည်မှာ -

"မင်းတို့ ဘာလိုချင်လဲ ပြော၊ အဘွားက အသက်ကြီးမနေပြီ၊ ဘာအလုပ်အကိုင်မှ မရှိဘူး၊ ဘာဝင်ငွေမှလည်း မရှိဘူး၊ သမီးနှစ်ယောက်က ထောက်ပံ့တဲ့ ငွေကြေးနဲ့ အသက်ရှင်ရပ်တည်ရတာ"

"ဒီမှာ အဘွားကြီး၊ အပိုတွေ လျှောက်မပြောမနေနဲ့၊ ကလကုန်တယ်၊ အချိန်ကုန်တယ်ဗျာ၊ ကျုပ်တို့ ဖဲရှုံးလာလို့ ငွေလိုတယ်၊ ခင်ဗျားဆီမှာ ငွေမရှိဘူး၊ ခရွှေတော့ ရှိတယ်၊ ရွှေရှိရင် ငွေရှိတာနဲ့ အတူတူပဲလေ၊ ဟုတ်တယ် မဟုတ်လား၊ ခင်ဗျား မပါလာက်ဆို သမဘာပေါက်ပါတယ်"

လူယုတ်မာ အချောင်သမားတွေကို ခွန်းကြီးခွန်းငယ် ဖနိုင်ယှပြီး ပြောလို့မဖြစ်။ မခုနှစ်ဖက်ကြား ပေါက်ရှိလို့သာ ယူလို့ပေါက်လည်း တိရစ္ဆာန်ထက် များစွာအဆင့်နိမ့်သည်။ သူတော်ကောင်း တစ်ဦး၊ သူယုတ်မာ သုံးမိုရှိသော ကာလီယုဂ်ယံမှာ သည်လိုလူတွေ အများကြီး။ အဲဒီအထဲမှာ ဘာသာဖျောက်ပြီးသူ့ကောက်ကောင်းယောင်ဆောင်ထားတဲ့ သူယုတ်မာက ပိုလို့ဆိုးသေး။

အဘွားမယ်သုန်သည် တည်ငြိမ်သော ခြေလှမ်းများဖြင့် အိမ်ပေါ်တက်သွားလိုက်သည်။ ရေနံဆီမီးခွက်ထွန်းပြီး အခန်းထဲမှ ဗျာအောက်ရှိ ရွှေလက်ကောက် နှစ်ကွင်းကို ပေးလိုက်သည်။

ရေနံဆီမီးခွက်အရောင်ဖြင့် ရွှေလက်ကောက် နှစ်ကွင်းမှာ လင်းလက်တောက်ပနေသည်။

"အဘွားမှာလည်း အဲဒါပဲ ရှိတော့တယ်၊ မင်းတို့ ယုံချင်လည်းယုံ၊ မယုံချင်လည်းနေ၊ နောက်လည်း မလာပါနဲ့တော့ကွယ်၊ တောင်းပန်ပါတယ်၊ ဘာဝင်ငွေမှလည်း မရှိဘူး၊ မင်းတို့ ကသိဆုံးပါ"

အဘွားမယ်သုန်သည် မချိတင်ကဲ ဝမ်းနည်းပက်လက် မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျပြီး ပြောလိုက်ခြင်းဖြစ်သည်။ ရွှေလက်ကောက် နှစ်ကွင်းရသည်နှင့် ဓားကိုင်လူဆိုးနှစ်ယောက် ထွက်ခွာသွားပေပြီ။

တမုန်မင်းစစ် အဘွားမယ်သုန်မှာ သမီးနှစ်ယောက် ရှိသည်။ အိမ်ထောင်ကိုယ်စီနှင့်။ သမက်တွေကလည်း တရက်ကြိုက်သည့် ဝမ်းတွေ၊ အတူနေလို့မဖြစ်။

ခင်ပွန်းဖြစ်သူ ဆုံးပါးသွားပြီး အိမ်ထောင်ရှိသူ သမီးတွေနှင့် အတူနေကြည့်သေး၏။ အရက်သောက်ပြီး မူးလာလျှင် ပြဿနာရှာ၏၊ ဆဲဆိုကြိမ်းမောင်း၏။ ကြာရှည် အတူတွဲနေလို့ မဖြစ်။ ပိုင်အိမ်မှာ နေမှပဲ့လည်း အကျုံးသိလိုက မသေး။ သည်ဘဝ္လရာယ် စက်ကွင်းဟ အချိန်မရွေး သေသွားနိုင်သည့် စက်ကွင်း။

✻

သာယာလှပသော လရောင်အောက်တွင် သံလွင်မြစ်သည် လွန်စွာလှပနေ၏။

မြစ်၏ ဘေးတစ်ဖက်တစ်ချက်မှ သစ်ဝင်ဝါးပင်များသည် လရောင်နှင့် ဟပ်လျက် စိမ်းဖန့်ဖန့်အရောင်ကို ဆောင်လျက်ရှိသည်။ စီးမျောနေသော သံလွင်မြစ်ရေသည် လရောင်အောက်တွင် ငွေရောင်တောက်နေသည်။

သံလွင်မြစ်နှင့် ပေ ၁၀၀၀ ကျော်သာဝေးသော ကော့ပီဖုံးရွာသည် ငြိမ်သက်တိတ်ဆိတ်စွာဖြင့် အိပ်မောကျလျက်။ သံလွင်မြစ်ကြောကို ဗဟိုပြုပြီး ရွာကို တောင်နှင့်မြောက် ခွဲခြမ်းထားသည်။ အိမ်ခြေ ၇၀ ကျော်ရှိပြီး တောင်ပိုင်းသည် ရွာ၏အရှေ့ပိုင်းဖြစ်လာပြီး မြောက်ပိုင်းသည် ရွာ၏ အနောက်ပိုင်းဖြစ်လာသည်။ ကောင်းကင်ရှိ လပုံသဏ္ဌာန်မှာ 'ဗ' ပုံ မပေါ်နေသည်။ လဆန်းစာမိုးမရ လဆုတ် ၈ ရက်၏ပုံဖြစ်သည်။ ညဉ့် ၁၂ နာရီကျော်ပြီ။

"ဦးကြီးတိုး နောက်တစ်ပုလင်းထပ်ပေးဗျာ၊ အမြည်းရော ဘာရှိသေးလဲ၊ ငါးကြော် ရှိသေးလား"

ဦးကြီးတိုးသည် ပေစိအားကြည့်ပြီး -

"မင်းတို့သောက်တာ အိပ်များနေပြီ၊ အရက်ဆိုတာ များသွားရင် လူမှန်းသူမှန်း မသိတော့ဘူး၊ အဲဒါဟာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ၊ ဒီတစ်ပုလင်းကုန်ရင် ပြန်တော့၊ ဒီမှာ ငါး ကြော်"

ပေစိနှင့် ကြောင်သိုး နှစ်ဦးစလုံး ငါးကြော်ကိုကြည့်ပြီး

"ဦးကြီးတိုး၊ ငါးနဲ့ကြော်ကြီးပါလားဗျ၊ နတ်မြောက်ထားတဲ့ ငါးရဲ့ကြော်ကြီး မဟုတ်လား"

"အဲဒါတော့ မသိဘူးကွာ၊ ဂျိမ်းမ စက်လှေနဲ့ မြို့မတက်ခင် ထားခဲ့တာပဲ၊ မစားချင်လည်း မစားနဲ့ပေါ့ ... ငါးရဲ့ အကောင်ကြီးကြီးတွေကတော့ နတ်နဲ့ပတ်သက်တဲ့လူ ... တော်တော်


www.burmeseclassic.com

www.burmeseclassic.com

များများ ရှောင်ကြတယ်၊ နတ်ပိုင်းဆိုင်ရာ ကိုးရာအယူအဆတွေပေါ့ကွာ"

မေစီနဲ့ ကြောင်သိုး နှစ်ဦးစလုံး မွန်းတည့်မပြန်ပေ။ အရက်ဖြစ်ပုလင်းနှင့် ငါးရံ့ခြောက်ကို တုန်ဖောင် စား သောက်လိုက်ကြသည်။ အရက်ပုလင်းနှင့် ငါးခြောက်ပန်းကန်တင်ထားသည့် စားပွဲပေါ်မှ ရေနံဆီမီးခွက်လေးသည် ဆီကုန်ပြီး ငြိမ်းသွား၏။ ဝန်းကျင်သည် မှောင်အတိကျသွား၏။

သူတို့နှစ်ဦးလည်း အရက်ဖိုး၊ အမြည်းဖိုးများပေးခဲ့ပြီး ရွာလယ် အရက်ဆိုင်အတွင်းမှထွက်ခဲ့သည်။ နှစ်ယောက်သား ဖရိုဖရဲကိုက်ပြီး အဖော်လည်း မူးနေပြီဖြစ်သည်။

"ဟေ့ကောင် မေစီ၊ အဘွားကြီးကို ညည်းပန်းနှိပ်စက်ပြီး ရွှေတွေကို ရအောင်ယူရမယ်၊ သူ့အလောင်းကို သံလွင်မြစ်ထဲ မျှောလိုက်ရုံပဲ"

ကြောင်သိုးသည် မေစီအား ကြည့်လျက် -

"လွယ်လွယ်နဲ့တော့ သူ့ရွှေတွေကို ပေးမယ်မထင်ဘူး၊ သူ့မှာ ဂျပန်ခေတ်က ရထားတဲ့ ရွှေတွေရှိတာကို တော့ သူ့သမက် အတိအကျ ပြောထားတယ်၊ အဘွားကြီးကို အချုပ်သတ်ပြီး တောင်းရင် ပိုကောင်းမယ်၊ ရွှေတွေ အကုန်ရတော့မှ သတ်ပြီး သံလွင်မြစ်ထဲ မျှောလိုက်ရင် ပိုမကောင်းဘူးလား"

မှောင်နှင့်မည်းမည်း တောလမ်းကလေးကို လက်နှိပ်ဓာတ်မီး နှစ်တောင့်ထိုး အလင်းရောင်ဖြင့် လာရခြင်းဖြစ်သည်။ လမ်းတစ်ဖက်တစ်ချက်ဆီမှ ချုံနွယ်ပိတ်ပေါင်း သစ်ပင်ကြီးငယ်များစွာတို့သည် မစို့မပို့ လအလင်းရောင်ကို ကာရံထား၏။ လေမတိုက်သဖြင့် သစ်ပင်ကြီးငယ်မှန်သမျှ လှုပ်ရှားမှုမရှိ။

တိတ်ဆိတ်သော ညဥ့်ယံတွင် သူတို့နှစ်ဦး၏ စကားပြောသံနှင့် ဖိနပ်သံများက လွှမ်းမိုးနေသည်။ မေစီမှ -

"အဘွားကြီး အခြေအနေကြည့်ပြီးလှုပ်ရှားကြတာပေါ့ကွာ၊ မင်းလျှောက်တဲ့ ခြေသံနဲ့ ဖိနပ်သံကလည်း ကျယ်လိုက်တာ၊ ခြေသံလုံလုံ လျှောက်စမ်းပါ"

ကျောပိုးမှ လူဆိုးနှစ်ဦးကို ပြပါဆိုလျှင် မေစီနှင့် ကြောင်သိုးက ထိပ်ဆုံးမှာရှိ၏။ မဟုတ်တာမှန်သမျှ အကုန်လုပ်၏။ အနီးအနားရှိ ရွာများမှ စောင့်ကြည့်စာရင်းတွင် ပါဝင်သူများလည်း ဖြစ်သည်။

အရက်မူးပြီး အမူးလွန်နေသဖြင့် ခြေလှမ်းများလည်း မမှန်တော့။ စကားပြောရင်လည်း အာလေး 'လျှာလေးနှင့်'။ သူတို့လက်ထဲမှ ဓားရှည်များကလည်း လရောင်ဖောက်တွင် လင်းလက်နေသည်။

ရွာအရှေ့ပိုင်းရှိ အဘွားမယ်သုန် အိမ်ရောက်တော့ လူမရှိ။ အိမ်ရှေ့အဝင်ပေါက်ကို ငါးကပ်ကလေးဖြင့် ကာထား၏။ ခနီမိုး၊ ထရံကာ၊ ပျဥ်ခင်း အိမ်တစ်လုံး ဖြစ်သည်။

တစ်အိမ်လုံးကို မွှေနှောက်ရှာဖွေပြီး -

"အဘွားကြီး ငါတို့ရန်ကလွတ်အောင် ရှောင်သွားပြီလား မသိဘူး"

မေစီ၏ ပြောဆိုချက်များကို ကြောင်သိုးက လုံးဝလက်မခံ။

"မထင်နဲ့ ကိုယ့်လူ၊ မှထင်နဲ့၊ ဒီအဘွားကြီး ငါတို့ကို ကြောက်မယ်ထင်လို့လား၊ အဲဒီလိုထင်ရင် လုံးဝမှားသွားလိမ့်မယ်၊ အခုလည်း ဒီအဘွားကြီး တစ်နေရာရာမှာ ရှိနေလိမ့်မယ်၊ ငါထင်ရင် မမှားဘူး၊ လာ လာ ငါတို့ နယ်တော်ရှင်နန်းဘက် သွားကြရအောင်"

အဘွားမယ်သုန်အိမ်နှင့် နတ်နန်းများ ရှိသည့်နေရာသည် ပေ ၅၀၀ လောက်သာ ကွာဝေးသည်။ မေစီနှင့် ကြောင်သိုး နတ်နန်းများရှိရာရောက်တော့ မှင်တက်မိမော ကြည့်ရှုနေမိသည်။

အဘယ်ကြောင့်ဆိုသော် နတ်နန်းများပတ်ပတ်လည်ပုံးတွင် ဖယောင်းတိုင်မီးများ၊ အမွှေးတိုင်မီးများမှထွက်နေသော အမွှေးနံ့သာများ၊ အောင်သပြေပန်းများ၊ လက်ဖက်ပွဲများ၊ သောက်တော်ရေများဖြင့် ဖြိုင်ဆိုင်နေသည်။

မျှာပေဘ်ရှင်

မြို့တော်ရှင်

နယ်တော်ရှင်

ဘုမ္မိသိုက်နန်းရှင်

တောင်ပိုင်သိုက်နန်းရှင် များအားလုံး လှုပ်ရှားသက်ဝင်နေသည်။

သို့သော် အဘွားမယ်သုန် မရှိ။ ကြီးမားလှသော ညောင်ပင်ကြီးအောက်ရှိ နတ်စင်များမှာ ဖယောင်းတိုင်မီးများဖြင့် လင်းထိန်တောက်ပပြီး အမွှေးတိုင်မီးမှထွက်သော အမွှေးနံ့သာများဖြင့် မွှေးကြိုင်နေလေတော့သည်။

သူတို့နှစ်ဦး နတ်စင်များကို ထူးဆန်းသောအကြည့်ဖြင့် ကြည့်ပြီး ကြောင်သိုးမှ -

"အဘွားကြီး ဒီကိုလာသွားတယ်ကွ၊ ငါထင်ရင် မလွဲဘူး၊ အဘွားကြီး ရှိတဲ့နေရာကို ငါသိတယ်၊ လာ သွားမယ်၊ မြန်မြန်လာ၊ ခြေသံမထွက်အောင် ဖြည်းဖြည်းလျှောက်"

သူတို့နှစ်ဦး အနည်းငယ်သော လရောင်ကို အားကိုးလျက် တောတန်းကလေးတစ်ခုကို ဖြတ်သည်။ လက်နှိပ်ဓာတ်မီးကလည်း ဓာတ်ခဲအား [illegible]တော့ သိပ်မလင်းတော့။



www.burmeseclassic.com

www.burmeseclassic.com

သံလွင်မြစ်နှင့် အလွန်ပင်နီးကပ်လာပြီဖြစ်သည်။ လေကြောင်းသင့်လျှင် တစ်ချက်တစ်ချက် ရေစီးသံကို ကြားနေရသည်။

မည်းမှောင်အုပ်ဆိုင်းနေသော ဝါးပင်အောက်အရောက်တွင် အဘွားမယ်သုန်ကို တွေ့ရသည်။ သူတို့နှစ်ဦးနှင့် ပေ ၅၀ ကျော်ကျော်အကွာတွင် ဖြစ်သည်။

အဘွားမယ်သုန်သည် မြေကြီးကို ဝေါ်ပြားတစ်ယက်ဖြင့် တူးဆွနေပြီး အဟာဓာတ်ဖိုးယောက်ရှိသည့် မြေအိုး တစ်အိုးကို မြေကြီးထဲ မြှုပ်နှံလျက်ရှိသည်။ ပြီး အရွယ်တူ မြေခွက် နှစ်ခွက်ကိုလည်း မြေအိုးမြှုပ်နှံသည့်အပေါ် တင်ထားပြီး ပျောက်ကွယ်သွားတော့သည်။ ကြည့်နေရင်း ပျောက်ကွယ်သွားသဖြင့် ပေစီ အတော်အံ့ဩသွားသည်။

"ဟာ ဗိုဟသွားကြီး ဘယ်ပျောက်သွားပါလိမ့်"

ကြောင်သိုးမှ တိုးညင်းစွာဖြင့် ပြောသည်မှာ -

"ဗိုဟသွားကြီး ငါတို့ ရန်ကိုကြောက်နေတာ၊ ရွှေတွေကို မြေအိုးထဲထည့်ပြီး ရှောင်ပြေးတာပေါ့ကွာ၊ ငါတို့ သူ့ကို ချောင်းကြည့်နေတာ မသိရှာဘူး။ လာ သွားမယ်၊ အဲဒီမြေအိုးကို ဖော်ယူမယ်"

သူတို့နှစ်ဦး အဘွားမယ်သုန် မြေကြီးထဲ မြေအိုးလောင်းမြှုပ်သည့် နေရာ ရောက်သော့ ဝါးတဝါး လရောင်အောက်တွင် အရွယ်တူ မြေခွက်ယဲဖွင် အညီအမျှကည့်ကားသော နှီးနှစ်ခွက်ကို တွေ့ရသည်။ ၎င်းနှီးနှစ်ခွက်ကို ဘေးဖယ်ပြီး မြေစာများကို လက်ဖြင့်ယက်ထုတ်လိုက်သည်နှင့် အိုးတစ်လုံးကို တွေ့ရသည်။ အိုးအဖုံးကို ဖွင့်လိုက်သည်နှင့် ဝိုးတဝါး လရောင်အောက်တွင် ရွှေလက်ကောက်များ၊ ရွှေဆွဲကြိုးများကိုတွေ့ရသည်။ ဝမ်းသာလွန်းသော ကြောင်သိုးသည် ပေစီအားကြည့်ပြီး -

"တွေ့လား၊ ငါပြောတာမှန်တယ်မဟုတ်လား၊ ငါထင်ရင် မမှားပါဘူးလို့ ပြောနေ၊ လာ လာ အဘွားကြီးကို အပြတ်ရှင်းပြီး သံလွင်မြစ်ထဲ မျှောလိုက်ရအောင်"

သူတို့နှစ်ဦး ယိုင်ရာမှအကကွင် ပေားနားကွင်ရှိသော နှီးခွက်များကို ခြေထောက်ဖြင့် နင်းမိသဖြင့် မှောက်ကုန်တော့သည်။

ယိုမှချိန်တွင် အနီးအနားရှိ ချုံပုတ်ထဲရောက်နေသော မြွေဟောက်နှစ်ကောင်သည် ပါးပျဉ်းကြီးများထောင်လျက် ရန်မူတော့သည်။ အမှန်စင်စစ် ၎င်းနှီးနှစ်ခွက်သည် မြွေဟောက်နှစ်ကောင် သောက်နေကျ ဖာမားမာမား။

ပေစီနှင့်ကြောင်သိုးမှာ လောဘဇောတိုက်ပြီး မြေဖိုးထဲရှိ မျှပျားကိုသာ ဖောမ့်ဖိုက်နေသဖြင့် လက်ထဲတွင် ဓားမရှိ။ ကကယ်ထမ်း အန္တရာယ်ကြုံတော့ ဓားကောက်ဖို့ အချိန်မရ၊ ဖမ့်ွ အရေးမရှိ။ အရက်ကလည်း အလွန်အကျွံ သောက်ထားတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့။

ဖမြီးကောက်ပြီး ပါးပျဉ်းကြီးများထွက်နေသော မြွေဟောက် နှစ်ကောင်သည် ပေစီ၊ ကြောင်သိုးကို့အရပ် ယက် လွန်စွာမြင့်မားနေသည်။ နှစ်ဦးစလုံး၏ နဖူးပြင်တွင် မြွေတွယ်ရာများ ခပ်နိုပ်လိုက်သည်။

ဟိတ်ဆိတ်ငြိမ်သက်သော ဝန်းကျင်တွင် "အား"ဟု အော်လိုက်သံသည် ချောက်ချားစရာကောင်းလွန်းလှသည်။ ရွှေတွေရှိသော မြေအိုးကို ရင်ဝယ်ပိုက်လျက် ကြောင်သိုးက ရှေ့၊ ပေစီက နောက် သံလွင်မြစ်ရှိရာသို့ သွေးရူးသွေးတန်း ပြေးတော့သည်။ ကြီးမားလှသော မြွေဟောက်နှစ်ကောင်က နောက်ကလိုက်လျက်။

"ကယ်ကြပါဦးဗျို့"

ဟု ကြောက်ရွံ့တုန်ယင်စွာဖြင့် အော်ဟစ်သံများကို မည်သူ တစ်ဦးတစ်ယောက်မှ ကြားလိမ့်မည်မဟုတ်ပါ။

သူတို့နှစ်ဦး သံလွင်မြစ်ကမ်းစပ် မရောက်ခင်မှာပင် မြွေဆိပ်တက်နေပြီဖြစ်သည်။

ရှေ့က ရွှေအိုးကိုပိုက်ထားသော ကြောင်သိုးက သံလွင်မြစ်ထဲ ဦးစွာခုန်ဆင်းလိုက်သည်။ နောက်မှ လိုက်လာသော ပေစီကလည်း မစဉ်းစား၊ မဆင်ခြင် ခုန်ဆင်းပြန်သည်။ သူတို့နောက်မှ မြွေဟောက်နှစ်ကောင်က သဲကြီးမဲကြီး လိုက်လျက်။

ညမှောင်မှောင် မဝိုးတဝါး လရောင်အောက်တွင် စီးမျောနေသော သံလွင်မြစ်ရေယဲတွင် သူတို့နှစ်ဦး တဖြည်းဖြည်း နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။

*

အဘွားမယ်သုန်သည် နတ်စင်ကွရှိရာနောက်တော့ ဖယောင်းတိုင်မီးများ၊ အမွှေးတိုင်မီးများဖြင့် လင်းလျက်တောက်ပလျက် ရှိသည်။ အမွှေးတိုင်မှ ထွက်သော နံ့သာများသည် ဝန်းကျင်တစ်ခုလုံး မွှေးကြိုင်လျက်။

အဘွားမယ်သုန်သည် ဂိုဏ်ရာဆိုင်ရာများကိုရှိခိုးဦးတိုက်ပြီး ဘုရ်မှိသိုက်နန်းရှင်၏ ညောင်ရေအိုးထဲမှ အောင်သပြေပန်းများကိုယူပြီးအထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်သည်။ ပြီးမှ ညောင်ရေအိုးထဲ ရေအသစ်ထည့်၊ အောင်သပြေ



www.burmeseclassic.com

www.burmeseclassic.com

ပန်းကို ပြန်ပူဇော်ထားလိုက်သည်။

ဘာပဲပြောပြော လောကကြီးတွင် ပိုင်ရာဆိုင်ရာများ သူနေရာနှင့်သူ ရှိနေသည်ကတော့ အမှန်။ မည်သူမျှ ငြင်းချက်မထုတ်နိုင်။

အသက်ကို ဉာဏ်စောင့်မှ ဆိုရိုးရှိသော်လည်း မိုးမိုးဉာဏ်နှင့် ပညာဉာဏ် မတူပါ။ အများကြီး ကွာခြားလွန်းလှသည်။

အမှန်စင်စစ် အဘွားမယ်သုန် ဧပစိနှင့်ကြောင်သိုးလာမည့်လမ်းကြောင်းများကို ကြိုတင်သိရှိထားခြင်းက သေကိန်းမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ ပိုင်ရာဆိုင်ရာများကို ပူဇော်ပသပြီး ကုမ္ပိသိုက်နန်းရှင်၏ ရှောင်ရေကိုးကြီးထဲတွင် ရွှေထည်ပစ္စည်းများကိုထည့်၍ စောင်သပြေပန်းများစိုက်ကာ လျှို့ဝှက်ထားခဲ့ခြင်း ဖြစ်သည်။

နတ်စင်များနှင့် မနီးမဝေး မြေဟောက်နှစ်ကောင်အား နှိုက်ယူသည့်နေရာတွင် မြေမှိုးထဲ ရွှေအဟုတ်ထည့်၍ ကမင်းရုပ်ပြု ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ပေစိနှင့် ကြောင်သိုးကို သက်ကွင်းထဲသို့ ပင်လာအောင် ကောင်းချောက်ဆင်ထားခြင်းသာ ဖြစ်သည်။

အဘွားမယ်သုန်သည် ရွှေထုပ်ကိုပိုက်လျက် လျှင်မြန်သော ခြေလှမ်းများဖြင့် အိမ်သို့ပြန်လာခဲ့သည်။

ထုံးစံအတိုင်း နတ်နေ့အရပ်များအလိုက် ဂါထာမန္တန်များ ရွတ်ဖတ်သရဇ္ဈာယ်အပြီးတွင် နွားနို့စစ်စစ် နှစ်ခွက်ကို မြေဟောက်ကြီးနှစ်ကောင်ကို ဒါနပြု၏။ လုံးဝ ပြန်ပေါ်မလာတော့၊ အစအန ရှာလို့မရအောင် ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။

အဘွားမယ်သုန် တစ်ယောက် မြေဟောက်ကြီးနှစ်ကောင် ပျောက်သွားကတည်းက အလွမ်းအဆွေး ဝေဒနာများ ခံစားခဲ့ရသည်။ သူ့အသက်ကို ကယ်သွားတဲ့ မြွေတွေလေ။ တစ်ရက် ပေါ်လာနိုး၊ တစ်လ ပေါ်လာနိုး၊ တစ်နှစ် ပေါ်လာနိုးနှင့် ပျောက်ကွယ်သွားတော့သည်။

အဘွားမယ်သုန် အသက် ၇၅ နှစ်ပြည့်၍ ကွယ်လွန်ချိန်တွင် ကောင်းကင်ယံတွင် ကြယ်မြောက်လုံး ပါဝင်၍ မြွေပုံသဏ္ဌာန်နှင့်တူသော အသလိုသယ နက္ခတ် မြူးလာသည်။ ညဦးနှစ်ချက်တီးချိန် အဘွားမယ်သုန် အလောင်းပြင်ဆင်ထားသည့်နေရာသို့ မြွေဟောက်ကြီး နှစ်ကောင် ရောက်လာသောအခါ လူအများက ရိုက်သတ်မည်ပြုသည်။

ထိုအခါ ရွာသူကြီး ဦးမြမှ -

"ဟေ့- အဲဒီမြွေတွေကို ဘာမှ မလုပ်ကြနဲ့၊ သူတို့ဘာသာသူတို့ လွှတ်လွတ်လပ်လပ် နေပါစေ၊ ငါ့ကို မယ်သုန်မသေခင် မှာသွားတယ်၊ ဝါခေါင်လပြည့်နေ့ ညဦး ငါ မပြန်နိုင်တော့ဘူး မြွေနှစ်ကောင် လာလိမ့်မယ်၊ သူတို့ကို ဘာမှ မလုပ်ပါနဲ့လို့ သေသေချာချာ မှာသွားတယ်"

ရွာသူကြီးဦးမြ စကားကြောင့် ရွာ သူရွာသားများ အလွန်အမင်း အံ့သြသွားကြသည်။

ကြီးမားလှသော ဝါဆိုဖယောင်းတိုင် မီးအလင်းရောင်အောက်တွင် မြွေဟောက်ကြီးနှစ်ကောင်မှာ အဘွားမယ်သုန်၏ အလောင်းကို လှည့်ပတ်ကြည့်ရှုပြီး ဘုရားစင်အောက်မှ လျှိုဆင်းကာ ပျောက်ကွယ်သွားတော့သည်။

**မင်းဟန်(သန်လျင်)**

❑

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရ ဝတ္ထုများ၊ မှုခင်းဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များ**

**မိမိလုပ်ငန်း**

**ပိုမိုတိုးတက်**

**အောင်မြင်စေရန်**

**လပြည့်ဝန်းမဂ္ဂဇင်းတွင်**

**ကြော်ငြာများ**

**ထည့်သွင်းနိုင်ပါသည်။**

အဖြူအမည်း

**တစ်မျက်နှာ**

ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း

**မျက်နှာဝက်**

ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊

အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း။

(၁၇×၁၈)လမ်းကြား။

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈



www.burmeseclassic.com

www.burmeseclassic.com

# မောင်ရေကြီး ဂဏန်းအကျွန်ုမယ်

ကြိုးမင်းကောက်



တစ်ချိန်က မောင်သက်အောင် တို့ရွာလေးတွင် စာသင်ကျောင်း မရှိ သေးပါ။

တစ်ရွာလုံးက ချစ်ခင်လေးစား မှားယားကြသော ဘဆရာကြီး၏ အိမ်၌ ကျောင်းစထောင်ခဲ့ကြရသည်။ ဘဆရာကြီး၏ အိမ်နှင့်ခြံဝင်းမှာလည်း ခင်မပတန်ကျယ်လှသဖြင့် မောင်သက် အောင်တို့အတွက် စာသင်ကြားရာ၌ လည်းကောင်း၊ ဆော့ကစားရာ၌လည်း ကောင်း အလွန်အဆင်ပြေ၍ ပျော်စရာ ကောင်းလွန်းလှသည်။

မောင်သက်အောင်က စာတော် ၏။ ဉာဏ်ကောင်း၏။ ထို့ကြောင့် ဘဆရာကြီး၏ အချစ်ဆုံးတပည့်တာရင်း ပင် ဖြစ်နေသည်။

မောင်သက်အောင်တွင် ဗရုတ် ကာစ်ခုတော့ရှိ၏။

ဖခင်၏ ညီဖြစ်သူ ဦးလေးတော် စပ်သူက မောင်သက်အောင်ကို အချစ် ပိုလွန်းသည့်အလျောက် ဦးလေး၏ ညာဉ်ဆိုးများက မောင်သက်အောင်ထံ ပူးဝင်ကပ်ငြိသည်လားတော့ မပြော တတ်ပါ။

ဦးလေးကလည်း တစ်ဖိမ်သား လုံး၏ ပြောမရ ဆိုမကောင်းမှုကြောင့် မပေယျာယကန်ပစ်ထား (ဥပေက္ခာမြို ကျစ်လျှုရှု)ထားသူပင်။

ပြောတိန္ဒစ်သား အရွယ်သာရှိ သေးသော မောင်သက်အောင်လေး အား ကျောင်းဆင်းချိန် (သို့မဟုတ်) ကျောင်းပိတ်ရက်များတွင် မိဘများ မသိ သည်နှင့် ပမ့်းယက်ကွင်ကမ်းကာ လယ် ကွင်းများဆီသို့ ခေါ်ဆောင်သွားတတ် သည်။ ငါးရှိက်သည်၊ ပုစွန်လုံး နှိုက် သည်။

"လက်လက်ဆတ်ဆတ် မား မရသာပိုရှိကာ၊ စားလို့ကောင်းတာ အားရှိတာ" ဟုဆိုကာ လယ်ကွန်သင်း ပေါ်တွင် ဖမ်းဆီး၍ နိုက်ရသမျှသော

www.burmeseclassic.com

ငါးပုစွန်တို့ကို အဆင်သင့်ပါလာသော မီးခြစ်ဖြင့် သစ်ကိုင်းခြောက်များရှာကာ မီးဖုတ်တော့သည်။ ပြီးလျှင် သူကိုယ်တိုင်လည်း စား၏။ မောင်သက်အောင်ကိုလည်း ကျွေးလေသည်။ ထို့ကြောင့်လည်း မောင်သက်အောင်လေးမှာဖို့ ကလေးပီပီ ဦးလေးနှင့် လိုက်သွားနေရပါမှု အပျော်ကြီးပျော်၍ ကျေနပ်နေပေတော့သည်။

ကြာလာသည်နှင့်အမျှ မောင်သက်အောင်တစ်ယောက် ဦးလေး၏ ငါးရှာ၊ ဖားရှာ၊ ပုစွန်ရှာ စသောပညာရပ်များကို တတ်ကျွမ်းလာခဲ့လေပြီ။

ထို့နောက်တွင် ဦးလေးအခေါ်ကို မစောင့်တော့။ ဦးလေးကို မမြင်၊ ဦးလေးမအားလပ်လျှင်လည်း ဂရုမစိုက်တော့။

အိမ်ရှေ့ရှိ ရေမြောင်းလေးထဲမှ ကုန်းကုန်းကွကွဖြင့် တက်လာကြသော ပုစွန်လုံးများကို သူကိုယ်တိုင်ဖမ်း၏။ လူကြီးများမေ့လျော့ လစ်သလို ရေအိုင်ငယ်များ၌ ငါးလေးများကို မရမက လိုက်လံဖမ်းဆီး၏။

ရလာသမျှသော အကောင်အရှင်လတ်လတ်များကို လူကြီးများ မရှိခိုက် မသိခိုက်မှာပင် မီးဖိုထဲသို့ ပစ်ထည့်၏။ မီးမှာမှုရှိန်နှင့်အတူ တွန့်လိမ်ကောက်ကွေးလျက် ဖျပ်ဖျပ်လူးရင်း မချိမဆံ့ဝေဒနာဖြင့် ထွက်ပေါ်လာသော အနံ့တို့သည် မောင်သက်အောင်အား သွားရည်ကျစေလေပြီ။ ထို့အတူ နှစ်ခြိုက်မြိန်ရှက်စွာ စားသောက်တော့သည်။ ဤကဲ့သို့သော အကြိမ်ပေါင်းကား မရေတွက်နိုင်တော့။

မောင်သက်အောင်တို့ ပထမတန်း အတန်းတင်စာမေးပွဲ ဖြေဆိုရန်ရက်က နီးကပ်လာလေပြီ။ ညစာစားပြီးသည်နှင့် အဘိုး၏ စာကြည့်စားပွဲဝယ် ခမ်းနားစွာ စာဖတ်နေပါတော့သည်။

စားပွဲအခင်းက မိုးရေကာဖျင်။ ကိုစဉ့်က လျှပ်စစ်မီးမရသေး။ မာဟ်ဆီမှောထားသည့် ရေနံဆီသုံးမီးတိုင်ခွက်နှစ်ခုကို အောက်မှ ငါးသေတ္တာဘူးခွံတစ်ခုစီ ခံထား၏။

ဇနှလယ်က တရားလွန်နေသော ကစားထားသည့်အရှိန်နှင့် ကမင်းစားလွန်သွားသည်ကြောင့်လား မသိ။ အိပ်ချင်စိတ်က ပျော်နိုင်အောင်ပင်။ ထိုအခါ အိပ်ငိုက်မှုနှင့်အတူ စားပွဲပေါ်တွင်တင်ထားသော လက်နှစ်ဖက်က ရှေ့သို့လျှောထွက်သွားခဲ့သည်။ တစ်ဆက်တည်းမှာပင် မီးတိုင်ခွက်များကင်ထားသော ငါးသေတ္တာဘူးခွံများကို လက်ဖြင့် ထိုက်မိတော့သည်။ မီးတိုင်ခွက်နှစ်ခုလုံး မောင်သက်အောင်၏ ရင်ဘတ်ပေါ်သို့ မှောက်ကျလေပြီ။

မီးတိုင်ခွက်များထဲမှ ရေနံဆီများက မာဟ်ဆီများရောနေသည်မို့ မောင်သက်အောင်၏ ရင်ဘတ်တစ်ပြင်လုံးကို ချက်ချင်းပင် မီးစွဲလောင်တော့သည်။ ဝယ်သီပါအောင် အော်ဟစ်ငိုယိုရင်း အိမ်အပေါ်ထပ် တစ်ထပ်လုံး ပုန်းဂိုင်းကြ ပြေးလွှားနေသည့် အသံများမှာ ကိတ်ဆိတ်သော ညဉ့်တာလတွင် ကမ္ဘာပျက်နေသည့်အလားပင်။

လသာသာအောက် အိမ်ရှေ့ကွပ်ပျစ်တွင် ရေနွေးကြမ်းသောက်ရင်း စကားစမြည်ပြောဆိုနေကြသည့် အဘိုးအဘွားနှင့် အိမ်နီးချင်းများ၊ အိမ်ရှိဦးလေး၊ ဒေါ်လေးများမှာ အိမ်အပေါ်ထပ်သို့ အပြေးအလွှား အလုအယက်တက်ကြတော့သည်။ မောင်သက်အောင်၏ အဖေနှင့် အမေမှာမူ အလုပ်ကိစ္စနှင့် ခရီးထွက်နေချိန်ဖြစ်လေသည်။

ဖားလုံးလိုလို အိမ်ပေါ်ထပ်သို့ ရောက်သည်နှင့် မောင်သက်အောင်လေး၏ မီးစွဲလောင်နေသော ခန္ဓာကိုယ်အား စောင်များ၊ ဂုန်နီအိတ်များဖြင့် လိုက်ရိုက်၊ လိုက်ပတ်ကြလေသည်။ အချို့ကလည်း အိမ်အောက်မှ သယ်ယူလာကြသော ရေပုံး၊ ရေအိုး၊ ရေခွက်တို့ဖြင့် လိုက်ပက်၊ လိုက်လောင်းဖြင့် ဆူညံကာ ပြောင်းဆန်သွားလေသည်။

မောင်သက်အောင်တစ်ယောက် မှာမူ ကံကောင်းထောက်မ၍ အော်ဟစ်ငိုယိုပြေးလွှားရင်းမှ အာကို ခလုတ်တိုက်မိသည်မသိ မှောက်လျက် လဲကျသွားလေသည်။

ခန္ဓာကိုယ်မှ မီးများငြိမ်းသွားသော်လည်း အကျီတစ်ထည်လုံးကုန်အောင် လောင်ကျွမ်းခံခဲ့ရသည့်အပြင် မောင်သက်အောင်မှာဖို့ မိမားရချက် မသက်သာပေ။

"ပူတယ် ပူတယ်"

"ရေလောင်းပေးပါ၊ ရေလောင်းပေးပါ" ဟု ထိတ်လန့် ကြောက်ရွံ့စွာ အော်ဟစ်ငိုယိုရင်း သတိလစ်သွားလေတော့သည်။

တစ်မိသားစုလုံးလည်း စိုးရိမ်ပူပန်ကြီးလျက် ကွမ်းရွက်နှင့် သကြားများရောခြေကာ မီးဟပ်ပေးခြင်း၊ ငှက်ပျောညွန့်အနု(အလိပ်) လေးများကို ဖြတ်တောက်၍ ကိုယ်မှာပတ်ပေးထားခြင်း၊ နီးစပ်ရာ အုန်းပင်များမှ အုန်းသီးများတက်ခုတ်ပြီး အုန်းရည်များ ချော့မော့တိုက်ခြင်းတို့ဖြင့် တရစပ်ပြုစုပေးကြလျက် မောင်သက်အောင်၏အသက်ကို ကယ်တင်ကြလေသည်။

တစ်ဖန် နွားလှည်းများ တပ်ဆင်ပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွင်းချင်းမောင်းပို့ရာ အတွင်း[illegible]အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရက်ပေါင်းကြာမြင့်စွာ ကုသမှုခံယူပြီး အသက်ဆက်ရှင်သန်ခွင့်ရရှိခဲ့လေသည်။

ငရင်းအဖြစ်ဆိုး ဝေဒနာဆိုးကြီးကို မောင်သက်အောင် ယခု အသက်သုံးဆယ်ကျော်သည့်တိုင် ထိတ်လန့်ကြောက်ရွံ့ဆဲ။ ခြောက်လှန့်မှုကို ခံစားနေရဆဲ။

ထို့ကြောင့် ကိုသက်အောင်သည် သူ၏ချစ်လှစွာသော သားနှင့် သမီးအား မီးနှင့်ပတ်သက်လာပါက အလိုမလိုက်။ တိရစ္ဆာန်လေးများကို ဖမ်းဆီးသတ်ဖြတ်သည်ကို ခွင့်မလွှတ်။ မီးဖိုချောင်ထဲကို ပင်ခွင့်မပေး။ မီးခလုတ်များကို အဖွင့်အပိတ်ပင် မပြုလုပ်နိုင်းခဲ့။ သူ၏ မျင်ဘက်မှ နာရီပါ အမှာရှက်များက အရာရာကို သတိပေးနေသည့်နှယ်။

အချိန်ကာလကိုက တရွေ့ရွေ့ဖြင့် ကုန်ဆုံးလာခဲ့ပေပြီ။ မွေးရပ်ဇာတိမြေသို့ မရောက်သည်မှာ ငါးနှစ်ကျော်ခဲ့ပြီ။ အိမ်ထောင်ရေး စီးပွားရေး လူမှုရေးနှင့် လုပ်ငန်းတာဝန် အရေးပေါင်းစုံကြားမှ နှစ်ရှည်လများ နစ်မြုပ်နေခဲ့သည်။

သည်တစ်ခါတော့ ကလေးများကျောင်းပိတ်ရက်ဖြင့်တိုက်ဆိုင်၍ ခွင့်ရက်ရှည်ရသည်မို့ မောင်သက်အောင်တို့ မိသားစု မွေးရပ်မြေသို့ ပြန်ဖြစ်ကြတော့သည်။ သို့သော် ရွာအပြန်ခရီးမှာ ပျော်ရွှင်စရာမရှိလှ။ အဘိုးအဘွားနှင့် မိဘနှစ်ပါးစလုံးမှာလည်း ကွယ်လွန်ခဲ့သည်မှာ ကြာပြီ။ ထို့ကြောင့်လည်း မွေးရပ်မြေကို မြန်မြန်ပြန်ရမည်ဟု စိတ်ကူးပိုကိုင်း ရင်ထဲမှာ ဟာလာဟင်းလင်းနှင့် ပျော်ချင်လာချင်စိတ်ကင်းမဲ့ခဲ့သည်လား မသိပေ။ ရွာပြန်ရောက်တော့လည်း အဘိုးအဘွားများ သက်ရှိထင်ရှားရှိခဲ့စဉ်က စိုက်ပျိုးထားခဲ့သော သစ်ပင်၊ စားပင်ကြီးငယ်များနှင့် အိမ်ခြံတို့ကို အဒေါ်ကြီး အဒေါ်ငယ်တို့ မိသားစုများက ဆက်လက်ထိန်းသိမ်းနေထိုင်ကြသည်မှလွဲ၍ ထူးခြားမှုမရှိ။

မောင်သက်အောင်တို့ မိသားစုရောက်သည်နှင့် အဒေါ်ကြီး၊ အဒေါ်ငယ်တို့ မိသားစု ညီအစ်ကိုမောင်နှမများက ဝမ်းပန်းတသာဖြင့် ကြိုဆိုကြသည်။ မောင်သက်အောင်၏ ကလေးနှစ်ယောက်ကိုလည်း အယုအယက်ချီကြ ပိုးကြနှင့် အလွမ်းသယ်ကြလေတော့သည်။

မောင်သက်အောင်၏ ဇနီးနှင့် သားသမီးတို့မှာလည်း ပျော်နေပုံရလေသည်။ သို့ပေမင့် မောင်သက်အောင်အဖို့မှာမူ ငယ်စဉ်ကတည်းက သူ့အပေါ် အချစ်ပိုလွန်းသော၊ အလိုလိုက်လွန်းသော၊ ဂနိုးပေါ်တွင် ထမ်းလျက်နေ့ရာစုံသို့ ခေါ်သွားတတ်သော ငါး၊ ပုစွန်တို့ကို ရှာဖွေ၍မီးဖုတ်ကျွေးတတ်သော ဦးလေးဖြစ်သူကိုသာ တွေ့ချင်မြင်ချင်စိတ်က ပြင်းပြနေလေသည်။

ဦးလေးက ဟာစ်ဖက်ရွာတွင် အိမ်ထောင်ကျနေသူမို့ ရွာရောက်ပြီး နောက်တစ်နေ့မှာပင် ဦးလေးရှိရာရွာသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဇနီးနှင့်ကလေးများကိုတော့ မောင်သက်အောင်၏ အဒေါ်ကြီးက ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ခေါ်ဆောင်သွားလေသည်။

မြေမြန်းသွားရင်းဖြင့် တစ်ဖက်ရွာရှိ ဦးလေးအိမ်သို့ရောက်လာခဲ့ပေပြီ။ အံ့ဩသွားစေလိုသောစိတ်ဖြင့် အသံမပြုဘဲ ခြံဝင်းထဲသို့ ဝင်လိုက်သည်။

အိမ်ဝါးကပ်မြိတ်အောက် နံတန်းလျားပေါ်တွင် ဘာတွေအလုပ်ရှုပ်နေမှန်းမသိသော ဦးလေးက မောင်သက်အောင်ကို မမြင်သေးပါ။ မောင်သက်အောင်လည်း အသံမပေးသေးဘဲ နောက်ဘက်မှနေ၍ ဦးလေးလုပ်သမျှကို ကြည့်နေမိလေသည်။

ဦးလေးကတော့ သူ့အလုပ်ထဲတွင် စိတ်ဝင်တစား အာရုံနှစ်လျက်ပင်။ သူ့ရှေ့မှာက အရှည်သုံးတောင်လောက် လုံးပတ်ကျပ်လုံးခန့်ရှိသော ငါးလုံးလေး နှစ်ချောင်း။ ကစ်ချောင်း၏ ထိပ်မှာ သံဆန်ကာခွက်လေးတစ်ခု တပ်ဆင်ထား၏။ ကျန်တစ်ချောင်း၏ ထိပ်ပိုင်းမှ အရှည်တစ်ပေခန့်ရှိ ငါးမူးလုံး သံစူးချွန်ကို တပ်ဆင်ထားလေသည်။ ပြီးတော့ အနီအနက်နှစ်ပင်လိမ် ပါယာကြိုးလေးများနှင့် ဆက်သွယ်ထားသလို လျှပ်စစ်မီးခလုတ် အဖွင့်အပိတ်ပေးလည်း ပါသေးသည်။

"ဦးလေး. ."

အသံပြုခေါ်လိုက်မှပင် ဦးလေးက ကာကွဲကာဖြင့် မော့ကြည့်လာတော့သည်။

ဦးလေး အရွယ်ရောက်တော်ကျသွားသည်ကို သတိပြုမိလိုက်သည်။

"ဟာ ဖိုးသား၊ မင်း ဘယ်တုန်းက ရောက်တာလဲ၊ တိမ်တိမ်မြုပ်မြုပ်ကွာ"

ဦးလေးဖြစ်သူမှာ တမဲ့မှာပြုံ ဝမ်းသာအယ်လဲသကြီးဖြင့် အဆက်မပြတ် မေးခွန်းမေး ပြန်ထုတ်တော့သည်။

"ဒီကိုလာပေါ့ ဦးလေးရာ၊ ဟာ၊ဝန်ဖာစ်ဖက် အိမ်ကောင်တစ်ဖက်နဲ့ဆိုတော့"

မောင်သက်အောင်၏ စကား[illegible]နှုတ်မှ မဆက်တော့ရုပ်[illegible]ဦးလေးကလည်း နားလည်[illegible]ပြီးသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com

"ထိုင်လကွာ မင်းက မတ်တတ်ကြီး"

"မောပြေရေ ဒီမှာ မင်းတူရောက်နေတယ်ဟေ့"

ဦးလေး၏ခေါ်သံမဆုံး ဘာမျှ မကြာလိုက်ပါ။ ဦးလေး၏ ဇနီးသည်က လင်ပန်းယာစ်ချက်ကွင် ရေနွေးကြမ်းအိုး နေနွေးကြမ်းပန်းကန်များအပြင် ငါးရံ့ခြောက်ဖုတ်ကို ဆီဆမ်းထားသော အမြည်းပန်းကန်နှင့် ရောက်လာကာ စကားဝိုင်းက စကားချင်းမှာပင် စိုပြည်သွားနေလေသည်။

"ပါနဲ့ ဦးလေး ခုလုပ်နေတာဘာလဲဗျ"

"ဟော- မင်းကလည်း ပါတောင်မသိဘူးလား"

"ဘာ မသိလို့ မေးတာပေါ့ ဦးလေးရ"

"ဟဲဒါ ငါးရှော့ရိုက်တာပေါ့ကွ"

"ဗျာ"

"မှတ်တယ်လေကွာ၊ ဘက်ထရီ အိုးကောင်းကောင်း တစ်လုံးကို ပလတ်စတစ်ပုံး အလွတ်ထဲမှာထည့်ပြီး ကျောမှာသိုင်းလွယ်ပေါ့ကွာ၊ ပြီးတော့ ငါးရှိနိုင်မယ့် ရေမြောင်း၊ ရေတိုင်တွေမှာဆင်းပြီး သည်ခလုတ်ကို ဖွင့်၊ ဟောသည်ချူတံနဲ့လိုက်ထိုး၊ လိုက်မွှေလုပ်လိုက်တာနဲ့ ငါးကြီးကြီး သေးသေးတွေအပြင် ငါးရှဉ့်ကစပြီး မခံနိုင်ဘူးမောင် ဖျပ်ဖျပ်လူးကုန်တာပဲ၊ ပြီးတော့မှ သံဆန်ခါခွက်နဲ့ လိုက်ခပ်ယူရုံပဲလေ"

ပုံပန်းသဏ္ဍာန်ဖြင့် လုပ်ပြရင်း စကားအရှည်ကြီးဖြင့် ရှင်းပြလိုက်ရသဖြင့် ဦးလေးမှာ အာခေါင်ခြောက်သွားဟန်တူ၏။ ရေနွေးကြမ်းတစ်ခွက်ကို သောက်ချလိုက်ပြန်သည်။

ဆက်ပြီး -

"တို့လည်း အဲဒီနည်းလမ်းလေးနဲ့ မနည်းအဆင်ပြေနေတာကွ၊ ငါးရှဉ့် အရှင်တွေဆို ဈေးကောင်းရတယ်လေကွာ"

ဦးလေး ပြောသမျှကို စိတ်ပင်ပန်းစွာ နားထောင်နေရာမှ မောင်သက်အောင်တစ်ယောက် ငယ်စဉ်ကလေးဘဝက ငါး၊ ဖား၊ ပုစွန်တို့ကို မရမက ရှာဖွေဖမ်းဆီးပြီး မီးဖုတ်ကျွေးခဲ့သော ဦးလေး၏ ပုံရိပ်ကို ပြန်လည်မြင်ယောင်မိလေတော့သည်။

"ကြည့်လည်းလုပ်ပါဦး ဦးလေးရာ၊ ကိုယ့်ကိုယ် ပြန်ပြီး မှတ်လိုက်ဖို့မှဖြင့်"

မောင်သက်အောင်က စိုးရိမ်စိတ်ဖြင့် ပြောလိုက်သည်။

"မပူပါနဲ့ ငါ့တူရာ၊ ဦးလေးက ကျွမ်းကျင်နေပါပြီကွ၊ ပြီးတော့လည်း ရွာမှာက စပါးနဲ့ပဲ ပြီးရင် အလုပ်ကမရှိတော့ဘူးလေကွာ၊ ဒီလိုမှ တစ်ဖက်တစ်လမ်းက မရှာရင်"

ထိုနေ့က ဦးလေးတို့ လင်မယားကို ကန်တော့ရန် အဆင်သင့်ဝယ်လာခဲ့သော ပုဆိုးတစ်ကွင်း၊ ထဘီတစ်ကွင်းနှင့် မုန့်ထုပ်များဖြင့် ကန်တော့ရင်း ညစာစားပြီးမှ ပြန်ခဲ့ရလေသည်။ မောင်သက်အောင် အလွန်ကြိုက်သော ငါးခုံးမဆီပြန် အိုးကပ်ဟင်းနှင့် ငါးပိရည်တို့စရာ စုံလို့ပင်။

ရောက်တုန်းရောက်ခိုက် ငယ်သူငယ်ချင်းများထံသို့ပါ သွားရောက်လည်ပတ်ရင်း တစ်ပတ်လောက်ကြာတော့မှ မောင်သက်အောင်တို့ရွာမှ ပြန်ခဲ့ကြလေသည်။

သည်လိုနှင့် မောင်သက်အောင်တို့ မိသားစု ရွာမှပြန်လာသည်မှာ သုံးလခန့်ပင် ရှိပေပြီ။ ရွာကို ပြန်တုန်းကတော့ အရာအားလုံးကို မေ့မေ့ပျောက်ပျောက် စိတ်လွတ်လက်လွတ်နှင့် ဖြေဖြေးရာမှ ယခုမှာလည်း မောင်သက်အောင်မှာဖို့ ကိုယ့်ဌာနဆိုင်ရာတာဝန်နှင့် ဇနီးသည်မှာလည်း အိမ်မှုကိစ္စက တစ်ဖက် ကလေးများ၏ တာဝန်က တစ်မျိုးဖြင့် ယုံးချာမတ်ချာလည်ရပြန်တော့သည်။ ရွာသို့ပြန်စဉ်က လွတ်လပ်ပျော်ရွှင်မှုများ၊ ဆွေမျိုးစုံမိတ်ပေါင်းစုံနှင့်တွေ့ဆုံကြည်နူးမှုများ လွင့်ပြယ်ပျောက်ကွယ်ကုန်ပြန်၏။

တစ်နေကုန် လေးလံထိုင်းမှိုင်းနေသော စိတ်များက အလုပ်မှ အိမ်ပြန်ရောက်သည့်တိုင် ကပ်ငြိလိုက်ပါလာခဲ့သလို မောင်သက်အောင်တစ်ယောက် အိမ်ပြန်ရောက်ရောက်ချင်း သတင်းဆိုးက သူ့ကို ကြိုနှင့်နေလေသည်။

အိမ်သို့ ရွာမှ လူကြုံလာသွားသည်တဲ့၊ ဦးလေး ဆုံးပြီတဲ့။ အဖြစ်က ဆိုးလွန်းလှသည်။ ရွာနောက်ဘက်ရှိ လယ်ကန်သင်းတွေမှာ သစ်ပင်မလွတ်သော အကိုင်းတွေကို ထင်းအတွက် ခုတ်ချိုင်ရာမှ ဓာတ်ကြိုးနှင့် မလွတ်သောအကိုင်းကို ခုတ်မိရာမှ ဓာတ်လိုက်သေဆုံးတာတဲ့။ အပင်ပေါ်မှာ တွဲလောင်းဖြစ်လျက် တစ်ကိုယ်လုံး မည်းချိပ်သွားတာပဲတဲ့။

"ဟာ" ဟူသော အထိတ်တလန့်ဖြင့် မောင်သက်အောင်၏ နှုတ်ဖျားမှ အာမေဍိတ်သံနှင့်အတူ မျက်ရည်များက ရစ်သိုင်းတွဲခိုကျလာလျက်။ မျက်ဝန်းအိမ်ထဲမှာမူ ဦးလေး၏ ပုံရိပ်များက အစီအရီ အထင်းသား မြင်ယောင်နေဆဲ။

**အောင်ဇော်ဦး(ကြို့ပင်ကောက်)**

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

(၇)

ပန်းရုံ အိပ်ရာမှထလျှင် ယခင်နေ့များကလို မလန်းပေ။ ဒီအိပ်မက်မက်ပြီး အိပ်ရေးပျက်ခဲ့သည်မှာ တစ်ရက်မဟုတ်၊ တစ်ပတ်ကျော်လာပြီ။ ခုလည်း ခေါင်းမကြည် ဖြစ်နေသည်။ သို့ပေမဲ့ ဆက်လှဲနေ၍ မဖြစ်ပေ။ အိမ်သားအားလုံးစားဖို့ ထမင်း၊ ဟင်း ချက်ရဦးမည်။ အသာပင်ထ၍ မီးဖိုထဲဝင်ခဲ့သည်။

ထမင်းအိုးကျက်၍ ဆွမ်းတော်ခူးနေစဉ် နောက်မှဖက်လိုက်၍ ပန်းရုံလန့်သွားသည်။ မောင်မောင်ကြီးမှ -

"ဘာတွေတွေးနေလို့ လန့်သွားတာလဲ ပန်းရုံလေး၊ ကိုပါ"

"အစ်ကိုမောင်က အသံမပေးဘဲ ဖက်လိုက်တော့ ပန်းရုံလန့်သွားတာပေါ့၊ အစ်ကိုနော် လွှတ်ပါဦး၊ ဆွမ်းတော်ကပ်ရဦးမယ်၊ အမေတို့ မြင်သွားရင် မကောင်းပါဘူး"

"ဘာဖြစ်လဲ၊ ဘယ်သူမြင်မြင် ကိုယ့်မိန်းမ ကိုယ်ဖက်တာ အပြစ်လား၊ ဒီလောက်တောင် အဖြစ်သည်းနေတာ မှတ်ပြီလား"

ပြောလည်းပြော ပန်းရုံလေးကို မလွှတ်ဘဲ အနမ်းမိုးရွာလိုက်သည်။

ထိုအခါ ပန်းရုံလေး မောင်မောင်ကြီးပြုသမျှ နုနေရသည်။

"ကဲ - တော်ပါတော့ အစ်ကိုမောင်ရယ်၊ ဘယ်မှထွက်မပြေးပါဘူး၊ ဟင်းလည်းချက်ရဦးမယ်၊ အမေနဲ့ အော်တိုင်လိုက်မှာနော်"

မောင်မောင်ကြီး ပန်းရုံလေးအား မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်လိုက်၍ အိမ်ရှေ့သို့ထွက်သွားသည်။

ပန်းရုံ လုပ်စရာရှိသည်များကို ဆက်လုပ်ရင်း ညက အိပ်မက်ဆီသို့ ဖာမွေးရောက်သွားသည်။ တစ်ယောက်က အစ်ကိုတော်၊ နောက်တစ်ယောက်က ဖာစ်ပတော်။ သူတို့နှစ်ယောက်နှင့် သူမ ရှုပ်ချင်းအကော်ကူသည်။ သူတို့ကို မြင်ရရင် ဟစ်ချိန်က ရင်းမှင်းနိုးနိုး နေခဲ့ရသလို ခံစားရသည်။ ဝမ်းနည်းဝမ်းသာဖြစ်ရသည်။ နန်းဝတ်နန်းစားတွေနဲ့ ကြည့်ကောင်းသည်။

'ဒါဆို သူတို့ပြောသလို သူတို့ ညီမဆိုတာ ဟုတ်များ ဟုတ်နေလား၊ ဘာဖြစ်လို့ သူတို့အသံ၊ သူတို့သဏ္ဌာန်ကိုမြင်ကာနဲ့ ရင်ထဲက နာကျင်ရတာလဲ၊ ငါလည်း သူတို့ပြောတဲ့အတိုင်း သိုက်နန်းက ဥစ္စာစောင့်မလေးလား၊ အဘိုးက ဘယ်သူလဲ၊ ငါမင်္ဂလာဆောင်မှာကို ဘယ်လိုသိတာလဲ၊ တကယ်ပဲ ငါ့ကို ပြန်ခေါ်မလား၊ သူတို့ခေါ်တိုင်း ရမလား၊ ဒီတစ်ခါ အိပ်မက်ပေးရင် ငါ ယုံအောင် ပြလို့ မေးရမလား၊ သူတို့ပြောသလို တကယ်ဟုတ်နေရင် ဘယ်လိုလုပ်ရမလဲ၊ ဒါဆို ငါ အစ်ကိုမောင်နဲ့ ဝေးရမှာပေါ့၊ အစ်ကိုမောင့်ကို ငါသိပ်ချစ်တာ၊ မခွဲနိုင်ဘူး၊ ဒီတစ်ခါ လာခေါ်ရင် ငါ ငြင်းလိုက်မယ်၊ ဘယ်တော့မှ မလိုက်ဘူး . . .'

"မလိုက်ဘူး မလိုက်ဘူး"

"ဟဲ့ သမီး၊ တစ်ယောက်တည်း ဘာတွေ အော်နေတာလဲ၊ ဘယ်ကို မလိုက်ဘူး ပြောနေတာလဲ သမီး"

နောက်မှ မောင်မောင်ကြီးအမေ အသံကြား၍ ပန်းရုံ လန့်သွားသည်။ သူမ အတွေးလွန်ပြီး အသံထွက်သွားခြင်းဖြစ်ပါသည်။

"အစ်ကိုမောင် ဈေးဝယ်ဖို့ခေါ်တာ မလိုက်ဘူးလို့ပြောတာပါ"

"ဩော် . . . အတော်ခက်တဲ့ ကလေးမပဲ၊ မောင်မောင်ကြီး ရွာထဲသွားတာ ကြာပြီလေ၊ ညည်းတို့ဟာ ဝါကောင် ရှူးချင်တယ်၊ ကဲ ကဲ လုပ်စရာရှိတာ ဆက်လုပ်၊ သမီးမလိုက်လို့ မရဘူး၊ သတို့သား၊ သတို့သမီး အဝတ်အစား ဝယ်မှာ၊ ကိုယ်ကြိုက်တဲ့ အရောင်၊ အသား စိတ်ကြိုက်သာဝယ်ကြ၊ သူများ ဝယ်မှ မကြိုက်ဘူးမပြောနဲ့၊ သမီးအဖေ အတွက် အဆာပြေစာလေး လုပ်ပေးပါဦး"

"ဟုတ်ကဲ့ အမေ၊ သမီးထမင်းခူးပြီး ယူလာခဲ့မယ်"

ပန်းရုံလည်း ထမင်းခူး၍ အဆာပြေစာ ပြင်ဆင်လိုက်တော့သည်။

(၈)

"××× တောက ချောနုမတွေတက် ××× တစ်မျိုးလေးလှတဲ့ ပပန်းမွှံ ××× မြကန်ပေါင်ရိုးပေါ်မှကွယ် ××× မပန်းမွှံအလှ ရှုမဝနိုင်ရှာပေ ××× ဒီ တစ်ခေါက်လာရင် ချစ်တဲ့အကြောင်းတွေ ပြောလိုက်မယ်လို့ ×××"

ကံအေးရွာလေးတွင် မင်္ဂလာဆောင်အိမ်မှ အသံချဲ့စက်သံ မြိုင်မြိုင်ဆိုင်ဆိုင် ကြားနေရသည်။ မောင်မောင်ကြီးနဲ့ သပြေစမ်းရွာသူ ပန်းရုံလေးတို့ မင်္ဂလာပွဲ။ ယနေ့သည် မင်္ဂလာဆောင်အစနေ့။

ထုံးသည်က မင်္ဂလာပွဲသည် သတို့သမီးအိမ်မှာ မဟုတ်၊ သတို့သား အိမ်မှာဆောင်သည့် မင်္ဂလာပွဲ။ မင်္ဂလာမဏ္ဍပ်ထဲတွင် လုပ်ငန်းစနေကြသည့် လူကြီး၊ လူရွယ်၊ ကာလသား၊ ကာလသမီး စုံစွာ တက်ညီလက်ညီ ပျော်ရွှင်စွာ လုပ်နေကြသည်။ တစ်ဦးနှင့် တစ်ဦး စကြ၊ နောက်ကြနှင့် မမောနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းချက်အဖွဲ့မှလည်း မနက်စာအမြဲ ချက်ပြုတ်နေကြသည်။ ဝက်သား ဘီးဆံပတ်တုံးကြီးတွေကလည်း ဟင်းအိုးအပြည့်။ တောရွာ သဘာဝ မင်္ဂလာဆောင် အစနေ့ နံနက်မှစ၍ မင်္ဂလာဆောင်ရက်ကြီးနေ့အထိ ရွာလုံးကျွတ် မနက်စာ၊ ညစာ ကျွေးရသည်။ မီးခိုးတိတ်၊ ဖိုခုံလောက်လဲပင် လုပ်လည်းလုပ်ကြသည်။ စားလည်း စားကြသည်။

ရပ်ဝေးမှဧည့်သည်များ တဖြည်းဖြည်းရောက်လာကြသည်။ နှစ်ဖက်မိဘဆွေမျိုးများ ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံနေကြသည်။ ယတို့သားနှင့် ယတို့သမီးတို့သည် အပေါင်းအသင်းတို့ကို ဝတ္တရားကျေပွန်စွာ မဏ္ဍပ်ကတ်နှုတ်ဆက်လိုက်လံဧည့်ခံနေကြသည်။ အရည်ပရိသတ်၊ အဖက်ပရိသတ် မချစ်ပင်းရအောင် ဧည့်ခံနေသည်။ နှစ်ဦးသား မဟောနိုင်၊ အပြုံးကိုယ်စီနှင့် လက်ချင်းကွဲကာ ပြုံးပျော်နေကြသည်။ ဩော်-နှုတ်ချိန်မှာ သူတို့နှစ်ဦးသားမှာ လ နဲ့ နေ၊ မြနဲ့ မှုမကာ လိုက်ဖက်တင့်တယ်နေကြလေသည်။ ဖိုးမောင်မောင်ကြီး၊ သူငယ်ချင်း အောင်ကြီးက -

"ကဲ- သတို့သား မင်းအလှည့်ကတော့ ပြီးပြီ၊ ငါ့အတွက် ဟိုအညိုဝမ်းဆက်လေးနဲ့ လုပ်ပေးကွာ၊ ငါ ဟစ်ခါမှ မမြင်ဖူးဘူး၊ ချမြင်ကာနဲ့ နိုက်သွားပြီကွာ"

အောင်ကြီး ပြောသည့် အညိုပမ်းဆက်ပေးမှာ ကြည့်လိုက်ရာ မြို့မှ ညီမဝမ်းကွဲ ဖြစ်နေသည်။ အောင်ကြီးအား လက်သီးဖြင့်ထိုးလိုက်ပြီး-

"အဲဒါ ငါ့ညီမဝမ်းကွဲဟ အောင်ကြီးရဲ့ မင်းလိုချင်ရင် လယ်တစ်ပွဲ၊ နွားတစ်ရှဉ်း၊ ရွှေတစ်ဆယ်သား တင်တောင်းရင် ဖြစ်မယ်"

"မင်းကွာ တကယ်သာရမယ်ဆို ငါ့အဖေ လယ်ရယ်၊ နွားရယ် ရှိတယ်၊ ရွှေကတော့ ကျောင်း၊ ဘုရားက ရွှေပဲ ရှိတယ်ကွ"

"အလကား စတာပါကွာ၊ မင်းကြိုက်ရင် ကြိုးစားကြည့်ပေါ့၊ ညီမကြိုက်ရင် ငါသဘောတူပါတယ်ကွာ"

"ဝမ်းသာလိုက်တာ ယောက်ဖကြီးရာ ဟား ဟား "

ထိုစဉ် ပန်းရုံလေး မောင်မောင်ကြီးတို့အနား ရောက်လာသည်။

"သိပ်ပျော်နေလား ပန်းရုံ"

မောင်ကြီးမေးလျှင် အပြုံးပန်းပွှေ့နှဲ့ဖေရင်း -

"ဒီနေ့ ဒီအချိန်မှာ ပန်းရုံလောက် ပျော်တဲ့သူရှိမှာ မဟုတ်ဘူး၊ ရှိခဲ့ရင်လည်း ပန်းရုံကို မီမှာမဟုတ်ဘူး၊ ကိုမောင်ကြီး၊ ဘာလဲ ပန်းရုံမတို့ကိုကြည့်ပြီး ရှပ်ကြီး အားကျနေပြီလား"

"မဟုတ်ရေးချ မဟုတ် ပန်းရုံရေ၊ ကိုက အနှောင်အဖွဲ့တွေ မလိုချင်ဘူး၊ ဖောဖောသီပဲ၊ ခု မောင်မောင်ကြီးကိုကြည့်၊ ဘာမှ လုပ်လို့မရတော့ဘူး၊ နောက်ကနေ ဟိုဟာမလုပ်နဲ့၊ ဒီဟာမကြည့်နဲ့၊ မသွားနဲ့၊ မစားနဲ့ဆိုပြီး နှောင့်ယှက်တဲ့သူ ရှိလာပြီ"

အောင်ကြီး စကားဆုံးလျှင်-

"အမယ် အပယ်. . . အဟုတ် အောက်မေ့လို့ နားထောင်နေတာ၊ ပန်းရုံတို့ချစ်တာကို မနှောင်လိုမဖြစ်ပါနဲ့၊ ကိုယ်မကွဲရင်လည်း မစွဲဘူးပြောပါ"

"အားကျသိမ့်မယ် အားအားကြီး၊ အောင်ကြီးတို့ကတော့ ဒါမျိုးဆို ဝေလာဝေး၊ ဟိုအညိုဝမ်းဆက်လေးဆိုတော်သေး"

"ဘယ်ဟာလဲ၊ ဩော် ဟိုအညိုလား၊ အဲဒါ ပန်းရုံယောက်မလေး၊ စိတ်ချ ကိုအောင်ကြီးကို စိတ်မကူးနဲ့၊ ဒုက္ခရောက်လိမ့်မယ်လို့ ပြောပေးမယ်၊ စိတ်ချနေ"

"ကဲ ကဲ ပန်းရုံတို့နှစ်ယောက် နောက်မှ စကားနိုင်လု၊ ခု ထမင်းစားကြမယ်၊ အစ်ကိုမောင်လည်း ဗိုက်ဆာလာပြီကွာ"

"ဟုတ်ကဲ့ အစ်ကိုမောင်၊ လာ သွားစားမယ်၊ ကိုအောင်ကြီးပါ လာ၊ ယောက်မလေးတို့ဝိုင်းမှာ သွားစားရအောင်"

"ဟေ. . ကြာသလားလို့ မောင်မောင်ကြီး၊ ရွှေယောက်ဖရေ ငါပါ တစ်ခါတည်း စားမယ်ဟေ့"

သူငယ်ချင်းတွေ ပြောမနာ ဆိုမနာ စိတ်မဆိုးကြဘဲ ထမင်းဝိုင်းဆီသို့ သွားကြသည်။ အသံချဲ့စက်ကလည်း နားဝင်ပီယံရှိလှပေသည်။

## (၉)

မောင်မောင်ကြီးတို့ မင်္ဂလာပွဲ ယွင်း မောင်ပုံဘက်ရွာမှ ဖိုးသုံးချောင်းတို့ မယ်ပလင်းအဖွဲ့မှ လာရောက်ဖျော်ဖြေကြသည်။ သူတို့အရပ်မှာ ဖိုးသုံးချောင်းတို့အဖွဲ့က အလှူမင်္ဂလာဆောင်တိုင်း ပင်တိုင်ဖျော်ဖြေနေကြပင်။ ယနေ့ညကွင်းလည်း ညမိုးချုပ်သည်နှင့် မယ်ပလင်းဖိုးသုံးချောင်းတို့အဖွဲ့ ရောက်လာပြီး ဖျော်ဖြေနေကြသည်။ ဝိုင်းပြောမယောင်မှတ်ပေ။ သုခကြွေးငွေဖြင့်သာ ဖျော်ဖြေတီးမှုတ်သီဆိုကြလေသည်။ အခြားမှ ဝါသနာပါသူများ ဝင်ရောက်သီဆိုဖြလည်း ရသည်။ မဏ္ဍပ်အတွင်း သီချင်းနားထောင်သူရှိ၏။ အချို့သူများက ထမင်းကျွေးရုံထဲ ယမကာ မှီဝဲနေကြသည်။ အမျိုးသမီးအဖွဲ့မှာ လက်ဖက်၊ ချင်းသုတ်နှင့် နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ကြီးလည်း ရယ်ဝေးရယ်နီး အပေါင်းအသင်းများကို ခေညွှန်နေသည်။ ဖောင်ကြီးမှ -

"ဟဲ့ သမင့်အားကြီး မဂ်လာဦး အကြို ရှုပ်ထားလေလေမောင်လိုက်ပါဦး"

"မင်းတို့ဝ ဝအောင်သောက်ပါကွာ၊ လိုရင်ပြော ထပ်ပေးမယ်၊ အားလုံး သောက်လေလေ ကောင်းလေလေ ပဲ"

"ကောင်းသွဲ့မနေနဲ့ မောင်မောင်ကြီး မင်္ဂလာ ဆွမ်းကျွေး ရည်လှည်ဖကွ လုပ်ရဲ့မှာပါကွ မဟုတ်ဘူးလား အပေါင်းအသင်းတို့"

"ဟိုင်းဟုတ် ဟိုင်းဟုတ်"

"မှန်ပါ့ပြေ ကိုမောင်ကြီး"

မောင်ကြီး မောင်မောင်ကြီးကို ဘယ့်နှယ်လဲဟု မျက်စပစ်လိုက်သည်။

"ဟဲ့- ပေးပေါင်းပြီ အားလုံးမှာ နင်ကြမ်းက တစ်ခွက်တော့ သောက်မယ်၊ အမျက်နဲ့ကို ပန်းရှိုလေးကလဲ ကြိုက်ဘူးဗျ"

"ပေးပါ တစ်ခွက်သာယောက် ကျွန်ုပ်ကလဲ"

မောင်မောင်ကြီးက အရက်ခွက်လှမ်းပေးပြီး မားလုံးကြမ်းဘူ ဖော်လိုက်သည်။

"မင်္ဂလာပွဲကြီး အောင်မြင်ပါစေ"

ပန်းရှိုသူငယ်ချင်းများကို လက်ဖက်၊ ချင်းသုပ်၊ မုန့်များနှင့် ဧည့်ခံနေသည်။ သူငယ်ချင်း အပျိုမများ တစ်ယောက်တစ်မျိုး အမျိုးမျိုး ပြောဆိုနောက်ပြောင်နေကြသည်။

အာသွက် လျှာသွက် ရွှေမိက -

"သူငယ်ချင်း ပန်းရှို ဟိုလေ နင် မောင်မောင်ကြီးနဲ့ စတွေ့တော့ ဘယ်လို ခံစားရလဲဟာ"

"သိချင်ရင် နင်ရည်းစားထား ကြည့်ပါလား"

"အေးပု နင်ဝင်မရှုပ်နဲ့၊ ကာယကံရှင် ပြောလိမ့်မယ် အသာနေ"

"ရွှေမိရယ် နင်က တစ်မျိုး၊ ကောင်မ တော်တော်တနေ၊ ငါမပြောလိုက်ချင်ဘူး၊ ငါမျိုးက ငါးစပ်ကပြောလို့ ရကာမဟုတ်ဘူး၊ ကိုယ်တိုင်လုပ်ကြည့်မှ သိမှာ" ဟု အဖျိုးခေါင်း ခေါ်စန်းမှ ဝင်၍ ပြောလိုက်သည်။

"မအေး ဟုတ်ပါယ် မရွှေမိရေ၊ ညည်း ခေါ်စန်းပြောသလို အနေရှုပ်ရင်းကကိုပုနဲ့ ယူလိုက်၊ ပေါ်မှာသိမှာပေါ့မယ်"

"ကောင်မတွေ ငါ့ဆိုရင် မကောင်းမပြောနဲ့ ငါက မှမပြိုပြီးလုပ်မှာ" ဟု ပြောလည်းပြော လက်ဖက်သုပ် တစ်ဇွန်းစားလိုက်ရာ ရှော့ဆီး စီးပါးမိ၍ စပ်သွားကာ ရွှေမိမှုံ့ကို ကြည့်၍ လူငယ်ချင်းကန်လိုက် ဟား တိုက်မဆုံးဖြစ်နေကြသည်။ ပန်းရှိုလည်း မနက်စောစောသ၍ အလှပြင်မှုမည်ကို သတိရ၍ သူငယ်ချင်းများကို နှုတ်ဆက်ကာ အခန်းထဲသို့ ဝင်သွားသည်။

အိပ်ရာထဲရောက်လျှင် ဘုရား ရှိခိုးကာ အသာပင်လှဲအိပ်လိုက်သည်။ အပြင်မှ စကားပြောသံများ တဖြည်းဖြည်းဝေး၍သွားကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

"အမိုက်မ ထစမ်း ဟေ့ ထစမ်း"

နားနားကပ်၍ ခေါ်သံ ကျယ်လောင်စွာကြား၍ ပန်းရှို မျက်စိဖွင့်ကြည့်လိုက်သည်။ ဟင် ဒီတစ်ခါတွေ့ရသည်က အသက်ကြီးကြီး အဘိုးတစ်ယောက်၊ ယောက်ျားပျို တစ်ယောက်၊ အရွယ်ဆိုးဆိုး ဗလကောင်းကောင်း လူနှစ်ယောက်၊ သူတို့လေးယောက် ပန်းရှို ပတ်လည်မှာ ရပ်နေကြသည်။ ပန်းရှို သူတို့ကိုလိုက်ကြည့်ရာ အားလုံး ပန်းရှိုကို အလေးထား ဂရုစိုက်ခြင်း မရှိ။ စိန်းစိန်းသာ ကြည့်နေကြသည်။ သူတို့ မျက်နှာမှာ အလိုမကျမှု ဒေါသအရောင် သန်းနေသည်။ မျက်လုံးများ အရောင်တောက်ပသည်။ အဝတ်အစားများမှာ ရှေးခေတ် နန်းဝတ်နန်းစားများနှင့် ကြည့်၍ကောင်းသည်။ အိပ်မက်ထဲမှ ဖောက်တော်ဆိုသည့်သူပါသည်။ ယခင်လို မျက်နှာမဟုတ်၊ ဒေါသမာန် အနည်းငယ်ဖွက်နေသည်။ အရုပ်ဆိုးဆိုးနှစ်ယောက်မှာ အမိန့်နာခံမည့်ပုံ ရိုင်းသည့် ပုံပန်း တစ်ဆမတော်၍ လုပ်မည့်ပုံ များပင်။

"ယ ညီမတော်ဒီတစ်ခါ အစ်ကို တော်တို့ရဲ့ မလိုက်လို့မရဘူး ညီမတော်"

"ဟင့်အင်း ပန်းရှို မလိုက်နိုင်ဘူး၊ မနက် မင်္ဂလာဆောင်ရမှာ၊ ရှင်တို့နဲ့ ကျွန်မနဲ့ ဘာမှမဆိုင်ပါဘဲနဲ့ မနှောင့်ယှက်ပါနဲ့၊ ရှင်တို့က ဘယ်သူတွေလဲ၊ ဘယ်ကလဲ"

"ကြော်.. နင်က မေ့နေပြီပေါ့၊ ဒီဘဝကို မလာခင်တုန်းကတော့ ကတိတွေ အထပ်ထပ်ပေးတာလည်း နင်ပဲ မဟုတ်လားဒေါ်၊ အဘိုးတို့ အစ်ကိုတော်တို့ ပြန်ခေါ်ရင် အချိန်မရွေး မလာ ပြန်လာပါမယ်ဆို၊ အေး တို့ကလည်း နင် ကတိမတည်လို့ပါ၊ အိမ်ထောင်မပြုဘဲ နေရင် သက်တမ်းစေ့စံနခွင့်ပေးပါတယ်၊ ခုတော့ အိမ်ထောင်ပြု တစ်ချိန်ချိန်မှာ မသမာသူတွေ နင့်အကြောင်းသိသွားရင် တို့ဘိုက်နန်းကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ်၊ နင့်ကို အကျဉ်းကိုင်ပြီး တို့တစ်တွေစောင့်ရှောက်ထားတဲ့ရတနာတွေယူကြမှာ၊ ဒါကို တို့ ကြည့်မနေနိုင်ဘူး၊ ဒီရတနာတွေက ဘုရားပစ္စည်းတွေ၊ ဘုရားကို လှူဒါန်းထားတာတွေ၊ ဘယ်လိုအကြောင်းနဲ့မှ အလမ်းမနိုင်ဘူး၊ ကာကွယ်ရမှာပဲ၊ နင့်ကိုခေါ်သွားရမယ်။

www.burmeseclassic.com

အခု တို့နဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့၊ မင်္ဂလာဆောင်ကို လာမယ့် ဧည့်သည်ထဲမှာသိုက်ဆရာတစ်ယောက် လာလိမ့်မယ်၊ ဘယ်လိုအကြောင်းနဲ့မှ သူသိလို့မဖြစ်ဘူး၊ အချိန်မီသေးတယ်"

"ရှင်- ကျွန်မ ပြန်လိုက်ရမယ်၊ ချမ်းသာပေးပါရှင်၊ ကျွန်မကို သနားပါဦး၊ မနက်ကျ မင်္ဂလာဆောင်ရမှာလေ၊ သတို့သမီးမရှိရင် သူဘယ်လိုနေမလဲ"

"ဒါတွေသိဖို့ တို့မှာအချိန်မရှိဘူး၊ ကိုယ်တော်လေး သူ့လိပ်ပြာကို အတိတ်မှတ်မိအောင် လုပ်ပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ ဘိုးဘိုး၊ ကိုယ်တော်လေး ဘိုးဘိုးမပပိန့်မပပိုင်း ညီမလေး ဟာလာဒေဗီကို ယခင်ဘဝမှတ်မိအောင် လုပ်ပေးပါ့မယ်"

မာဘိုးဆိုသူနှင့် အစ်ကိုတော်ဆိုသူ နှစ်ယောက်အား ပန်းရုံ အံ့ဩစွာ ကြည့်နေသည်။ သူတို့ပြောသည့်အတိုင်း ဆို ဒေဝမျိုးအရင်းကြီးပင်။ ဘုရားလှူရန် မှတနာတွေလည်းပါသည်။ ဒါဆို သူတို့ ပြောစကားမှာရ ပန်းရုံက ဥစ္စာစောင့်မလေးလား။ ယခင် အိပ်မက်မှာမဲ့မှာ အစ်မတော်ရဲ့အမ်းကိုပပ်လာမခါ မသေး တယ်၊ မလိုက်ဘူးပြောရာ အဘိုး စိတ် ဆိုးလိမ့်မယ်ပြောတာ ဖိဘိုးဘိုးလား၊ ကြည်ညိုဖွယ်ကောင်းကြီးဟော မျက်စိက မကြည့် ပူးရူး သူမျက်စိနဲ့ ပြိုင်မကြည့်ရဲပေ။

ပန်းရုံပေးနေစဉ် မစ်ကိုတော်ဆိုသူမှ သူမ နဖူးကို အသာလှမ်းနိုက် လိုက်သည်၊ နှိုက်လိုက်သည်က အသား ပင်၊ ဓါ့မပမဲ့ ခါနိုက်ခံရသူ ကိုက်ခံနဲ့ ဖြစ်သွားသည်။ ခေါင်းမူးသလိုလိုနဲ့ မြင်နေရာမှ မျက်စိထဲမှာ တဖြည်းဖြည်း မှုန်ပုံရိပ်တွေ ပေါ်လာသည်။ တစ်ပင် တွေ၊ တောင်တွေ၊ လူသွားလမ်းများ၊ လျှိုမြောင်များ၊ ရေကန်ကြီး အေးပတ် လည်မှာ ပန်းစုံအလှများ စီခြယ်ထား သည့် ပန်းဥယျာဉ်။ အထဲလမ်းမှဝင်သွား လျှင် လှပသည့် နန်းတော်အဆောက် အအုံ၊ တိုင်ကအစ အားလုံး ရွှေရောင် အတိ။ ဝင်းအိနေသည့် တံခါးအဝင်အဝ မှာလည်း ပန်းနွယ်ပန်းခက်တွေနှင့် အမြဲ တမ်း လင်းနေသည့် ဆီမီးခွက်များ။ တံခါးဝရွှေ့ရောက်လျှင် တံခါးနှစ်ချပ် အလိုအလျောက် ပွင့်သွား၍ ဆက်၍ အထဲသို့ ဝင်သွားရာ ခြေချရမည်ကို အားနာနေသည်။ ခင်းထားသည့်အခင်း များက နူးညံ့အိစက်နေသည်။ ခြေလှမ်း လိုက်လျှင် ညက်ညောသည့် အရာတက ပြောမပြတတ်ပေ။ အထဲမှာလည်း အခန်းတွေက အစီအရီ၊ အခန်းဝတိုင်း မှာ မိန်းမလှလေးများ အစောင့်တိုင်းမှာ ရှိသည်။

ပန်းရုံ သူ့ကိုယ်ကိုယ်ကို မယုံနိုင် မှန်ကြီးရှေ့ရပ်ကြည့်ရာ 'ကို' ဟု တုံ့ဩ လွှန်း၍ အသိထွက်သွားသည်၊ ပန်းရုံ ကိုယ်ပေါ်မှ အဝတ်အစားသည် ညနေ က ဝတ်ထားသော အကျီ၊ လုံချည် မဟုတ်တော့ပေ။ နန်းဝတ်နန်းစား အစိမ်းရောင် မာလကာမောက်ဆောင်တွေ၊ ပေါင်းမှာလည်း ခေါင်းဆောင်းဟု ရွှေ အတိ၊ စည်းပုံခေါင်းစကားပင်း ဖြစ်နေ သည်။ လည်ပင်း၊ လက်ကောက်ဝတ် ရွှေများနှင့်ပြည့်၊ မြေချင်းပါ ပါသေး သည်။ သဖြေဝင်းရှာသူ ပန်းရုံ မဟုတ် တော့ပေ။ သူတို့အမ်းကိုမပေါ်ဆိုသူ မပြော ဟဲ့အတိုင်း သူလည်း နန်းထဲက မာလာ ဒေဗီလေးမလေးလား၊ တွေးရင်း တစ် ချက် ပြုံးပြီးသွားသည်။ ထိုအခါ နောက်မှ အသံလည်းကြား၊ လူပါတွေ့လိုက်ရ သည်။

"ညီမလေးရဲ့ အပြုံးကို မမြင်ရ မတွေ့ရတာ အတော်ကြာသွားပြီ ညီမ တော်၊ အစ်မတော် ဝမ်းသာသွားပြီ၊ နန်းကို ညီမလေးပြန်လာခဲ့ပါ၊ ညီမတော် ရောက်မှ အတိုးလည်း ဖေးဖေးဆေး ဆေး တရားအလုပ်လုပ်နိုင်မှာ၊ မောင် တော်ရယ်၊ ညီမတော်ရယ်၊ အစ်မတော် နဲ့ တို့သုံးဦး ဒီသိုက်နန်းကို စောင့်ရှောက် ကြရအောင်၊ ဒါမှ တို့တစ်တွေ နောင် ဘုရားပွင့်လာရင် ဦးစွာတရားနာယူခွင့် ရမှာ၊ တို့ စောင့်ရကျိုးနပ်မှာ။

ဒီရတနာတွေက ဘုရားဝန္ဒည်း တွေ၊ ဘယ်လောဘသား ငမိုက်သား တွေရဲ့လက်ထဲ မရောက်အောင် ကာ ကွယ်ရမှာက အစ်မတော်တို့တာဝန်ပဲ၊ ဒါကြောင့် ညီမတော် နန်းကိုပြန်လာခဲ့ ပါ၊ အစ်ကိုတော်နဲ့ တစ်ခါတည်း လိုက် ခဲ့ပါ ညီမတော်"

ပန်းရုံတစ်ယောက် အစ်မတော် ဆိုသူ၏ စကားသံကိုကြားရလျှင် စိတ် ထဲ၌ ဝမ်းနည်းသလို ခံစားလာရသည်။ ရင်ထဲမှာလည်း မကောင်းတော့ပေ။ မာလာဒေဗီလား၊ ပန်းရုံလား၊ ဒီနှစ် ယောက်က တစ်ယောက်တည်းလား။ အခု ဂနရာနန်းကိုလည်းတွေ့ပြီ၊ သူတို့ စောင့်ရှောက်ရသော ရတနာမျိုးစုံကို လည်း မြင်ရသည်။ သူ့ပုံစံကလည်း မာရင်လိုမဟုတ်၊ ထဘက်ကို သိုက်နန်း ရှင်၊ သူ့စိတ်တွေကလည်း ဗလပဗလ သိုက်နန်းက ပျော်နေရင်၊ သူနေထိုင်ရာမှာ လည်း အမြွေမရဲ့ အမျိုးသမီးလေးများ ပိုင်းနေကြသည်၊ သူကိုတွဲ၍ သက္ကန် ပေါ် ခေါ်သွားသည်။ သလွန်ပေါ်မှာ ပြင်ဆင်ထားသည့်မှာ ယိုရတ်၊ ယိုင်ရတ် စရာ မရှိ၊ အိပ်ရမည့်ကိုပင် အားနာ မိသည်။ တားလုံး နေ့ရှောသလွန်ပေါ်မှ ထိမ်မျှခင်း၊ ခေါင်းအုံး၊ ဖိုးဖဲတစ်ပြင် များနှင့်ပင် သလွန်ပေါ် ယဲ့ပြီး သူ အား အနားမှ ခြေဆည်နှုတ်ယပ်ခြင်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သစ်သီးများ ကျွေးသည်။ အရသာ ရှိလိုက်ပုံများ ပြောမတတ်အောင်ပင်။ အချိန်အတော်ကြာသော် အမျိုးသမီးလေးတစ်ဦးဝင်လာပြီး-

"သခင်မလေး၊ ဘိုးဘိုးကြီးက ခေါ်ခိုင်းလိုက်ပါတယ် သခင်မလေး"

ယာမခါ သော အမျိုးသမီးလေး နောက်သို့ လိုက်သွားသည်။ တစ်လမ်းလုံး မီးရောင်စုံများ လင်းထိန်နေသည်။ ဘယ်တွေ့ ညာလှည့်ဖြင့် ခန်းမကျယ်ကြီးထဲ ရောက်သွားသည်။ ဘေးနှစ်ဖက်အပင်ဝမှာ ဝလကောင်းကောင်း လူနှစ်ယောက် စောင့်နေသည်။ ခန်းမကြီးထိပ်တွင် ဘိုးဘိုးကြီးဆိုသူ ထိုင်နေသည်။

သူမ လာသည်ကိုမြင်လျှင် -

"လာ လာ မြေးမလေး၊ ခုလိုအဝတ်အစားနဲ့ မြေးမလေးက သိပ်ကြည့်ကောင်းတာ၊ ဘိုးဘိုး ဖမ်းသာလိုက်တာ၊ ဘိုးဘိုးဆန္ဒပြည့်ဝလို့ ဒီသိုက်နန်းထဲမှာ မြေးလေးလိုချင်တာ လုပ်ချင်တာကိုပြော၊ ဘိုးဘိုးဘက်က အဆင်သင့်ပဲ၊ အန္တရာယ်များတဲ့ လူ့ပြည်က လွဲရင်ပြီးရော"

"ဟုတ်ကဲ့ပါ အဘိုး၊ သမီး အဘိုးစကားကို နားထောင်ပါ့မယ်၊ နောက်အဘိုးမကြိုက်တာ သမီးမလုပ်တော့ပါဘူး အဘိုး၊ သမီး ကတိပေးပါတယ်"

"သာဓုပါ သမီး သာဓု သာဓု၊ အဘိုးကို တစ်မျိုးမထင်ပါနဲ့၊ လူ့ပြည်က အချိန်ကျရင် သွားရမှာပါ၊ အဘိုးတို့ ယူထားတဲ့တာဝန်ပြီးဆုံးသွားရင် အဘိုးတို့အားလုံး ကိုယ်ပြုခဲ့တဲ့ ကံတရားအတိုင်း လျှောက်လှမ်းကြရမှာပါ မြေးလေး၊ စိတ်အေးအေးသာထား၊ ကဲ ကဲ သမီးလေးလည်း စိတ်တွေ အတော်ပင်ပန်းနေမှာပေါ့၊ ရော့ ဒီဆေးလေးကို သောက်လိုက်၊ ခံစားရတဲ့သောကတွေ ဘဝအမောတွေ ပြေသွားလိမ့်မယ်၊ ဆေးသောက်ပြီး မြေးလေး ကောင်းကောင်းအနားယူလိုက်ဦးနော်"

သိုက်နန်းရှင် ဘိုးဘိုးကြီးသည် ပန်းရွှဲကဖြစ်လည်း မာလာဒေဝီအား ငွေခွက်နှင့် ဆေးပေးလိုက်သည်။ ဆေးသောက်ပြီးသည်နှင့် တစ်ကိုယ်လုံးရှိ အကြောများထိ စိမ့်ဝင်ကာ အိပ်ချင်စိတ်တယ်လိုမှုထိန်းမရဘဲ ဆေးသောက်သည့်နေရာမှာပင် လဲကျသွားသည်။ တစ်ဖော် မိန်းမပျိုလေးများက မာလာဒေဝီကို သူ့အခန်းထဲသို့ ပြန်ပို့လိုက်သည်။ မာလာဒေဝီမှာ သူမ ဖြစ်တာင်ကို အာဆိုဘာမှ မသိတော့ပေ။

(၁၈)

မင်္ဂလာဆောင်အိမ်မှ အဆိုတော် ဌေးဌေးမြင့်၏ အစိန္တေယျသီချင်းသံ နံနက်စောစော ကျက်သရေရှိလှပေသည်။ မင်္ဂလာမဏ္ဍပ်ထဲတွင် ကဒါခဲ့စက်သံကြား၍ ဖိတ်ပျော်နေသူများ အိပ်ရာမှထ၍ ဟာဟင်များကို စတင်လုပ်ရှားကြသည်။ မဏ္ဍပ်တွင်း တံမြက်စည်းလှည်းသူများ၊ ဖခင်းခင်းသူများ မင်္ဂလာသတို့သား၊ သတို့သမီးထိုင်မည့် မင်္ဂလာစင်မြင့်ကို ပြင်ဆင်မနေသူများ အားလုံး အလုပ်ရှုပ်နေကြသည်။ စကားပြောသံများလည်း တစ်ယောက်တစ်မျိုးနှင့် ဆူညံလာသည်။ ထိုစဉ် အပျိုခေါင်း မစန်းအသံ ကြားရပြန်သည်။ -

"ဟဲ့- ရွှေမိနဲ့မိသက် သတို့သမီးပြင်ပေးမယ့် မိတ်ကပ်သမားကို အရှိုးကျော့အိမ်မှာ သွားခေါ်အေ၊ မိုးလင်းတော့မယ်၊ သူက ဘယ်လောက်ကြာမှန်း မသိဘူး"

"ဟုတ်ကဲ့ မမစန်း၊ ရွှေမိ သွားခေါ်လိုက်မယ်"

"အေး အေး ဟုတ်ပြီ၊ မိသက်ညည်းက သတို့သမီးကို သွားနှိုးလိုက်"

"ဟာ- မကြီးစန်းကလည်း သူ့ယောကျ်ားနဲ့အိပ်နေတာ မနှိုးရဲပါဘူး၊ ရှက်စရာကြီး၊ မမာနှာပါ အပျိုကြီးရာ"

အပျိုခေါင်း မစန်း စိတ်မတိုစွာဖြင့် မိသက်အား -

"ဟင် ဒီ. . . . မလေး ငါမပြောလိုက်ချင်ဘူး၊ သတို့သားက ဟိုမှာမတွေ့လား၊ သူ့အပေါင်းအသင်းတွေနဲ့ ထိုင်နေတာ၊ သွားနှိုးလိုက် မြန်မြန်"

"ဟုတ် မကြီးစန်း"-

မကြီးစန်းကား ပြောပြီး အိမ်ပေါ်သို့ အပြေးတက်သွားသည်။ မကြီးစန်းလည်း အမျိုးသမီးများကို ယုပ်ပန်းနေရာချပေးနေသည်။ ယိုမှာချိန် အပြေးတစ်ပိုင်းနှင့် မိသက်ရောက်လာပြီး -

"မကြီးစန်း မကြီးစန်း ဟို ဟိုမှာ"

စကား မပီမပီနှင့် ကြောင်တောင်တောင်ဖြစ်နေသော မိသက်ကို အပျိုခေါင်းမစန်းတစ်ချက်ရိုက်လိုက်ပြီး-

"ဟဲ့ မိသက်၊ ဘာဖြစ်လာတာလဲ၊ နင့် လူဆွဲလိုက်လို့လား"

မစန်း ဘယ်လိုမေးမေး မိသက်မပြော။ အိမ်ပေါ်သို့ ကြည့်နေရာမှ ဖြန်းခနဲ ရိုက်ကြီးတာင် ငိုချလိုက်သည်။

"မိသက် ကိုက်စမ်း၊ မရှက်ဘူးလား၊ လူတွေဝိုင်းအုံလာပြီ၊ ပြောစမ်း အစ်မကြီးကို ငါရှင်းပေးမယ်"

မစန်း ဘယ်လိုမေးမေး မိသက်တစ်ယောက် အငိုမတိတ်။ ငိုရင်းနှင့် အိမ်ဆီသို့သာ ကြည့်နေသည်။

အားရအောင် ငိုပြီးမှ -

"အစ်မကြီးစန်း ပန်း . . . ပန်း ပန်းရုံ ခေါ်လို့မရတော့ဘူး၊ သူ့ကိုယ်လုံးလည်း အေးစက်နေပြီ အစ်မကြီးရဲ့ ဟီး ဟီး ဟီး"

www.burmeseclassic.com

www.burmeseclassic.com

မိသက် ပြောရင်း ဆက်ငိုနေသည်။ မကြီးစန်းနှင့် အနားရှိသူများ အံ့ဩစွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ အစ်မကြီးစန်း သတိရပြီး -

"ဘာ. . . ပန်းရုံ ခေါ်လို့မရဘူး ဟုတ်လား၊ ဟဲ့- မောင်မောင်ကြီး မြန်မြန်လာစမ်း၊ ပန်းရုံကို သွားကြည့်စမ်း"

မစန်း အသံဆုံးလျှင် မောင်မောင်ကြီးတစ်ယောက် အပြေး အိမ်ပေါ် တက်သွားသည်။ မောင်မောင်ကြီးနောက်မှ အားလုံးလိုက်သွားကြသည်။

မောင်မောင်ကြီး အိပ်ခန်းထဲဝင်၍ အိပ်နေသော ပန်းရုံကိုကြည့်လိုက်သည်။ တစ်ညလုံး တစ်အိမ်လုံး မီးစက်မောင်းထား၍ မီးရောင်အောက်မှာ တစေ့စောင်းလေးအိပ်ပျော်နေသော ပန်းရုံကို တွေ့ရသည်။ အပြစ်ကင်းစွာ အိပ်စက်နေသည်။ အိပ်ပျော်နေသည့်တိုင် ပန်းရုံလေး လှဆဲပင်။ ပန်းရုံလေးအလှသည် တစိမ့်စိမ့် ကြည့်မဝပင်။ မောင်မောင်ကြီး မျှီးရက်တော့ပေ။ အိပ်ရေးမဝရင် အလှပျက်မှာစိုးလို့ပင်။ နောက်မှဝင်လာသည့် မကြီးစန်းက ပန်းရုံအိပ်နေသည်ကို ရပ်ကြည့်နေသော မောင်မောင်ကြီးကို ကွန်းမေးပြီး ပန်းရုံအားနားတိုင်ကာ ပန်းရုံနဖူးကို အသာကိုင်ကြည့်လိုက်သည်။

အို-ပန်းရုံ အသားတွေအေးစက်လို့ပါလား။ ရင်လေးကို အသာပါးကာပ်ကြည့်သည်။ လုံးဝအသက်ပရှူ ခြေဖျားလေး၊ လက်ဖျားလေး ကိုင်ကြည့်သည်။ ခရခဲကိုးအလား အေးစက်နေသည်။

'ဒါ. . ဒါဆို ပန်းရုံလေး မိသက်လေး ပြောတာ မှန်နေပြီပေါ့၊ ဘုရား ဘုရား ပန်းရုံ မိပန်းရုံ အသက်မရှိတော့ဘူး၊ သူ သေပြီပေါ့၊ မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး အိပ်ပျော်နေတာနေမှာပါနော်'

ဒေါ်စန်း အတွေးများ ယောက်ယက်ခတ်နေသည်။ ဒေါ်စန်းအပြုအမူကို မောင်မောင်ကြီး ကြည့်နေရင်း -

"ဒေါ်ကြီးစန်းကလည်း ပန်းရုံလေးအိပ်နေတာ မလုပ်ပါနဲ့၊ ကျွန်တော့်မိန်းမက အိပ်နေလည်း လှတာပဲ၊ မနာလို မဖြစ်ပါနဲ့ဗျာ"

"ဟဲ့ မောင်မောင်ကြီး၊ နင် စိတ်မှကောင်းသေးရဲ့လား ငမူးရဲ့၊ တစ်ညလုံး အပေါင်းအသင်းတွေနဲ့ အရက်သောက်နေတယ်၊ ကိုယ့်မိန်းမ ဘာဖြစ်လို့ဖြစ်မှန်း နင်မသိဘူး ငမူးရဲ့"

"ဒေါ်ကြီးစန်း ယူမျိုးနောက်ဆုံးည နှုတ်ဆက်ပွဲပါဗျာ၊ ကျွန်တော် မမူးပါဘူး၊ ခု ရေချိုး အဝတ်အစားလဲလိုက်ရင် သတို့သား ကိုလှချောပေါ့ဗျာ"

"အေး သတို့သား လှချောတော့ မဖြစ်ဘူး ငမူးရေ၊ နင် အခု မုဆိုးဖိုအသစ်စက်စက်ဖြစ်သွားပြီ၊ နင့် မိန်းမ ပန်းရုံ အသက်မရှိတော့ဘူး သေသွားပြီ ဟဲ့ သိရဲ့လား၊ အမယ်လေး အဖြစ်ဆိုးလှပါလား တူမကြီးရယ်၊ လာကြပါဦး ဒီမှာ ပန်းရုံလေး ဆုံးသွားပြီတော့ ဟီး ဟီး"

အဖျိုးခေါင်း မစန်းတစ်ယောက် ပြောလိုက် ငိုလိုက်နှင့် ဖြစ်နေရာ ပန်းရုံ အဖေ၊ အမေ၊ ဧည့်သည်များ အိမ်ပေါ် ပြည့်သွားသည်။

မောင်မောင်ကြီး ဒေါ်စန်းကို ကွန်းမေးပြီး ပန်းရုံကို နဖူးလေးကိုင်လိုက်၊ ပါးလေးစမ်းလိုက်၊ လက်လေးကို ဆုပ်ကိုင်ကြည့်ရင်း ပါးစပ်မှလည်း -

"သူတို့ပြောတာ မဟုတ်ဘူးနော်၊ ပန်းရုံ ပန်းရုံလေးအိပ်နေတာပါ၊ အစ်ကို မောင် သိပါတယ်၊ ပန်းရုံလေး ဘယ်တော့မှ မသေဘူး၊ အစ်ကိုမောင်နဲ့ တစ်သက်လုံးနေမှာနော်၊ ပန်းရုံလေးက အိပ်နေတာတောင်လှလိုက်တာ၊ ဒါကြောင့် အစ်ကိုမောင်က ချစ်တာ၊ အိပ်ရာက ထရင် ပန်းရုံလေး ရေချိုး၊ အစ်ကိုမောင့် အမေ အလှပြင်ဆရာမ ခေါ်ထားတယ်၊ နဂိုကလှတဲ့ ပန်းရုံအလှများ ပြင်လိုက်ရလို့တော့ တစ်လောကလုံးမှာ အလှဆုံး ပေါ့နော်၊ အစ်ကိုမောင်လည်း ပန်းရောင် ဆင်တူဝတ်မယ်၊ ဒါမှမဟုတ် ပန်းရုံလေး ကြိုက်တဲ့ အဖြူရောင်ဝတ်စုံလေး ဝတ်၊ အစ်ကိုမောင်က လည်ကတုံး အဖြူ ယောလုံချည်လေး ဝတ်မယ်နော်၊ စနိုးဦးကိုလေးနဲ့တူမှာ ပန်းရုံ အစ်ကိုမောင့် လက်ကိုတွဲပြီး မင်္ဂလာဆိုင်းပုံပေါ်မှာထိုင်၊ မင်္ဂလာဘိသိက်ဆရာက တောင်မြေယူတုနဲ့ ငွေခရုသွန်းလောင်း မင်္ဂလာပွဲကြီး တောင်မြင်၊ လာသမျှမိတ်ဆွေ အပေါင်းအသင်းတွေကို နှုတ်ဆက်၊ အဲဒီအချိန်မှာ ပန်းရုံနဲ့အစ်ကိုမောင်လောက် ပျော်မယ့်သူ ရှိမယ်မထင်ဘူး၊ သိပ်ပျော်တာပဲ ပန်းရုံရယ်"

ပန်းရုံလေးကို ရင်ခွင်မှပွေ့၍ မောင်မောင်ကြီးတစ်ယောက် စကားတွေ တတွတ်တွတ်ပြောနေသည်။ မြင်ရသည့်လူများ မျက်ရည်ဝဲနေကြသည်။ ဂါဠေပမဲ့ ဘယ်သူမှ အသံထွက်မငိုရဲကြ။ မောင်မောင်ကြီးအမေက အိပ်ခန်းဝိုးကို ဖြုတ်ပိုင်းလိုက်သည်။ အားလုံးအလုပ်ရှုပ်ကုန်သည်။ လောကဓံတရားသည် ကကယ်မျက်ကုန်ဆရာပင်။ မင်္ဂလာမ ကဂျိန်ပိုင်းအကွက်း အမင်္ဂလာဖြစ်သွားသည်။ ပြောမြယျှင် မယုံနိုင်ပေ။ ကိုယ်တွေ့ဖြစ်၍ မယုံ၍ မရပေ။ အလင်းရောင်ကလည်း တဖြည်းဖြည်း လင်းလာသည်။ အသုဘ ဖြစ်သွား၍ အမျိုးတောင်းတင်ရန် ကိစ္စကရှိသည်။ မဏ္ဍပ်တွင်းမှာ ငိုပွဲဆင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ကြီးကတော့ ပန်းရုံ့အလောင်းကို ပွေ့ပိုက်ထားဆဲ။

မောင်မောင်ကြီး ဖခင်က-

"သား မောင်မောင် စိတ်ထိန်းလိုက်ပါသား။ သမီးလေး အသက်မရှိတော့ဘူး။ သူ့ဈာပနကို မိုးမလင်းခင် မြှပ်ထားလိုက်ရအောင် သား"

"ဗျာ ရက်စက်လိုက်တာ အဖေရာ၊ အဖေ သားသမီးချင်း ကိုယ်ချင်းစာပါ၊ ပန်းရုံ့အိပ်နေတာကို ဘာကြောင့်ဒီသို့ ရတာလဲ အဖေ"

မောင်မောင်ကြီးသည် ဖိဘကို မာစ်ခါမှ ပြန်မပြော၊ ခု ပြန်ပြောနေသည်။

"သား မောင်မောင်၊ အဖေ မဟုတ်တာ မပြောပါဘူး၊ သား ဘယ်လောက်ခံစားနေရလဲဆိုတာ အဖေ နားလည်ပါတယ်၊ သားရဲ့ ပထမဦးဆုံး အချစ်ဦး ဆုံးရှုံးရတာ သားမေဒနာကို ဖြေပါလို့ အဖေပြောတာ မဟုတ်ပါဘူး၊ အဖြစ်မှန်ကို လက်ခံဖို့ပါသားရယ်၊ ပန်းရုံ့လေး တကယ်ဆုံးသွားပြီ သား၊ ဟိုမှာ သူ့အဖေ၊ အမေတွေ သမီးလေးဆုံးလို့ အနားမှာ အားရပါးရ မငိုရဲဘူး၊ အဝေး ကပဲ ဆွေးနေရတာ၊ သူတို့သမီး သေတာကို သူတို့လက်ခံတယ်၊ သားက ဘာလို့ တစ်ယူသန်နေရတာလဲ သားရယ်"

မောင်မောင်ကြီး သူ့အဖေကို မော့ကြည့်၍ ပန်းရုံ့လေးကို ပြန်ကြည့်ပြီး -

"အဖေ သားကတော့ ပန်းရုံ့ သေတာကို မယုံဘူး အဖေရယ်၊ ဒီမှာ ကြည့်ပါဦး၊ သူအိပ်နေတာ သနားစရာလေး အပြစ်ကင်းပါတယ် အဖေ၊

သားကို သူ မေးနေကျ မေးတယ် အဖေ၊ တကယ်လို့ ပန်းရုံ့တို့ မင်္ဂလာဆောင်ပြီးလို့ နှစ်ယောက်သား ခွဲသွားကြရင် အစ်ကိုမောင် ဘယ်လိုနေမလဲဟင်၊ အဲဒီလိုမေးတယ် အဖေရာ၊ ဒါဆို သူ သားနဲ့ ဝေးရမှာ၊ ခွဲရမှာကို ကြိုသိနေလို့ပေါ့နော်၊ အဖေ သားကိုပြောစမ်းပါဦး"

"သားရယ် တချို့အရာတွေက အချိန်ကို ဉာဏ်မမီကာတွေရှိတယ်သား၊ အဖေတို့ တာဝန်ရှိသေးတယ်၊ ပန်းရုံ့ သမီးလေး ကောင်းကောင်းဖို့ အလှူ အတန်းလုပ်ပြီး အမျှအတန်း ပေးဝေရမယ်သား၊ သား မငိုနဲ့တော့နော်၊ ပန်းရုံ့ မလေးကို မရှုချိုးပြီး သူ့အလောင်းလေး မြှပ်ထားရအောင်နော်"

မောင်မောင်ကြီး သူ့အဖေ စကားဆုံးလျှင် အတန်ငယ်ဆွဲငင်းစား၍-

"ဟဲ အဖေကို ရေချိုးပေးမယ်ဆိုချီး၊ ခေါင်းကြီးစမ်းကို ဟယ်ဟုလေးမြင်ဖိုင်း၊ မြင်လိုပြီးရင် ကျွန်မတော့်ကိုပြော၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့ ကျွန်တော် ပန်းရုံ့လေးနဲ့ မင်္ဂလာဆောင်မယ် အဖေ၊ ဒီမင်္ဂလာပွဲကို ပန်းရုံ့လေး သိပ်လုပ်ချင်နေကာ၊ အဖြူရောင်အင်္ကျီအစားလေးနဲ့ နှင်းဆီ ပန်းဖြူလေးကိုကိုင် ကျွန်တော့်လက်ကို တွဲပြီး မင်္ဂလာပွဲ ကျင်းပချင်တာ အဖေ၊ အဖေ ကျွန်တော့်ကို ကတိတစ်ခုပေးပါနော်၊ ကျွန်တော့်ကို ဒီနေ့ ပန်းရုံ့နဲ့ မင်္ဂလာဆောင်ပေးပါနော်၊ ရေချိုးပြီးရင် အဖြူရောင်ဝတ်စုံလေး ဝတ်ပေးပါနော် အဖေ၊ အဖေ ပြောပါ အဖေ"

"အေးပါ သားရယ်၊ သားစိတ်တိုင်းကျ ဖြစ်ရပါစေမယ်"

"ဒါမှ တို့အဖေ၊ ဝမ်းသာလိုက်တာ အဖေရယ်"

မောင်မောင်ကြီးအား သူ့အဖေသည် သနားစရာကောင်းသည့်အဝမျိုး၊ ရင်နာရသည့်အဝမျိုး နောင် သံသရာ အဆက်ဆက် ဘဝကိုင်း ဘဝတိုင်း မဆုံတွေ့ကြပါနဲ့' လို့ ရင်ထဲက ဆုတောင်းနေပေတော့သည်။

▲

"အဖြစ်ကတော့ ဒါပဲ သက်ပြင်း၊ ငါ ဒီသလောက် မင်းကိုပြောပြပြီးပြီ၊ မင်းဘာသိချင်သေးလဲ"

ကိုမြင့်ငွေသည် မောင်မောင်ကြီးနဲ့ ပန်းရုံ့အကြောင်းကို ပြောပြရ၍ မောသွားဟန် ရေနွေးကြမ်းတစ်ခွက် မော့မော့မရ သောက်လိုက်သည်။

ထိုအခါ သက်ပြင်းမှ -

"ဒါဆို ခင်ဗျားပြောသလို မျက်မြင်တွေ့ရလို့ ယုံလိုက်တာ၊ အပြော သက်သက်ဆို ယုံမှာမဟုတ်ဘူး"

"အေး နားထောင်၊ မင်းဟုံကြည့်သွားမယ်၊ မောင်မောင်ကြီး တစ်ကိုယ်တစ်ဝမ်းကွဲလှည်း မနေ့က မင်္ဂလာဆောင်ခါနီး ခုနစ်ရက်အလိုမှာ ဆုံးသွားသေးတယ်၊ မင်္ဂလာဆောင်မယ်နေ့က မသာ ရက်လည်နေပါကွာ၊ နှပဘာက မင်္ဂလာဆောင် အသုဘ သကြိုဟ်လေ"

"အေးပါ ကိုမြင့်ငွေရာ၊ ကျေးဇူးတင်ပါတယ်လို့ ပြောတော့ဘူး၊ ဒီဟာ ကောင်းပုံကအားမှုပြီး လာပြောပါ့မယ်၊ အစားလည်းစားပြီးပြီ၊ သိချင်တာလည်း သိရပြီ ဒီတော့"

"ကျွန်တော် ပြန်တော့မယ်လို့ ပြောမှာမဟုတ်လား၊ အကြောင်းသိတွေ့ပါကွာ၊ ကဲ နေလည်းစောင်းနေပြီ မနေ လို့ ပြန်မယ်ဆိုပြန်ပေတော့"

ကျွန်ုပ်လည်း ပစ္စည်းများသိမ်း၍ "သွားပြီ ကိုမြင့်ငွေရေ" ဟု နှုတ်ဆက်၍သာ ပြန်ခဲ့လေတော့သည်။

**သန့်လျှင်မောင်ကျော်ကခဲ**

မှတ်ချက် - ဤဇာတ်လမ်းသည် တကယ်ဖြစ်[illegible]ကို အမည်၊ နေရပ်များပြောင်း၍ ရေး[illegible]သည်။

□

www.burmeseclassic.com

www.burmeseclassic.com

ညဥ့်လေတစ်ချက် သုတ်ခနဲ တိုက်လိုက်စဉ်တွင် မချမ်းပါဘဲနှင့် ကြက်သီး ဖြန်းခနဲ ထသွားသည်။ ဟိုဘက် ခပ်လှမ်းလှမ်းဆီမှ မီးရောင်ထိန် လင်းနေသည့် နေရာကို သူမ မကြည့်ဖြစ်အောင် ကြိုးစားထားရသည်။

'အစ်မက လိုချင်တာကိုရအောင် ယူတတ်တယ်၊ ညီမသာ ဒီဝမ်းဆက်လေးကို ဖယ်ထားပေး၊ ပိုက်ဆံပြည့်တဲ့နေ့မှာ အစ်မ လာယူမယ်၊ ညီမက နေ့သွင်းမရောင်းဘူး ဆိုလို့သာပါဟယ်၊ အစ်မက ဆိုင်တော်တော်များများမှာ နေ့သွင်းဝယ်နေကျ ညီမရဲ့၊ အစ်မရဲ့ ဓာတ်သည်ဆိုင်စတွေ အများကြီးပဲ၊ အစ်မက မှန်မှန်လည်းပေးတယ်၊ မှန့်မှန်လည်း ယူတယ်'

ရှန်းရှန်းဝေသော ခပ်သွက်သွက် စကားသံက နားထဲမှာ ကလိုင်ခေါက်သလို ဆူညံနေသည်။ ထိုစကားသံများကြောင့် မီးရောင်ထိန်ညီးသောနေရာသို့ ငေးခနဲ ကြည့်လိုက်မိပြီးမှ ကိုယ့်ကိုယ်ကိုယ် စိတ်ညစ်သွား၏။

အလောင်းစင် ပြင်ဆင်ထားတာ မဟုတ်ပေမဲ့ ကနားဖျင်းနှင့် လူစုစုတို့ကို မြင်နေရခြင်းကိုက သူမကို ကောင်းကောင်းကြီး ချောက်ချားနေစေခဲ့ပြီ။ ထိုအစ်မကြီး သေသွားပြီဆိုတဲ့ အသိကိုက သူမကို ကောင်းကောင်းကြီး ခေါ်သွားပျက်စီးစေခဲ့ပြီ။

မဖြစ်ဘူး၊ အိမ်ခန်းထဲကို မြန်မြန်ဝင်မှ၊ ဧည့်ခန်းထဲမှာနေသရွေ့ အဲဒီအိမ်ဆီကိုပဲ စိတ်ရော၊ မျက်စိရော ရောက်နေတော့မှာ။ ဒီတော့ ကြောက်လို့ကိုဆုံးမှာ မဟုတ်တော့ချေ။

သူမ ,အခန်းထဲသို့ရောက်လျှင် ခုတင်ပေါ်တွင် ကျုံ့ကျုံ့ထိုင်ကာ ဘုရားရှိခိုးသည်။

'ဘုရားစင်ရှေ့မှာ မရှိခိုးရတာကို ခွင့်လွှတ်တော်မူပါ အရှင်ဘုရား၊ တပည့်တော် အိပ်ရာထဲကပဲ ဝတ်ပြုပါရစေ အရှင်ဘုရား'

သူမ ဦးကုန်းချလိုက်စဉ်မှာပင် ခြေးကစ်ကောင်က ကိုးအူလိုက်သံဖြင့် ကျောထဲတွင်စိမ့်သွားကာ ကမန်းကတန်း ခေါင်းပြီးခြုံလိုက်သည်။

"ယက်ယက် အိပ်ပြီလား"

"ဟား .....

မအောင်မယ်လေး"



# စိတ်

စံထိုက်ညွှ



www.burmeseclassic.com

www.burmeseclassic.com

အော်သံတွေ ဆူညံသွားပြီး ပြုတ်ကျစရာပစ္စည်းတွေ ပြုတ်ကျပြီးသောအခါ သူမ အခန်းထဲမှာ တစ်အိမ်သားလုံး ရောက်နေကြပြီ ဖြစ်သည်။

"ဘာဖြစ်တာလဲ"

မေမေက မေးသည်။

"ဘာတွေ့လို့လဲ"

ဖေဖေက မေးသည်။

"လတ်လတ်က ဘာဖြစ်လို့ အတင်းအော်ရတာလဲ"

မောင်ကို လာဆွဲဖွင့်သည့် ညီမဖြစ်သူက မေးသည်။

သူမ ဘာမှပြန်မပြောနိုင်။ လည်ချောင်းပေါ်သို့ ခုန်တက်ကစ်ဆို့လာသော ကြောက်စိတ်အလုံးကြီးကို အတင်းပြန်မျိုချနေရ၏။ အဲဒီအထဲမှာ အသက်ပါပါမသွားဘူးလို့ အာမ မခံနိုင်ဘူးလေ။

"ရော့ ရေသောက်"

မာမေက ရေတိုက်သည်။

သူမ နည်းနည်းချင်းစီ မျိုး ချသောက်လိုက်ပြီးမှ

"မိငယ်၊ နင်က ဘာလို့ ဂျဲဆောင်ကို လာဆွဲရတာလဲ၊ ငါကြောက်ရတဲ့အထဲမှာ၊ ပြီးတော့ ဆံပင်ဖားလျား သနပ်ခါးဘဲကျားနဲ့"

"ငယ် ညတိုင်း ဒီလိုပဲ သနပ်ခါးလိမ်းပြီးမှ အိပ်တာပဲ၊ လတ်လတ်က ဒီညကျမှ ဘာဖြစ်ရတာလဲ"

"သူဖောက်သည် တစ်ယောက်လျှော့သွားလို့ စိတ်ညစ်ပြီး ကယောင်ချောက်ချား ဖြစ်နေတာနေမှာပေါ့"

"ကိုကြီးနော်၊ အဲဒီ ဖောက်သည်ဆိုတာကြီးကို ဘာဖြစ်လို့ ခဏခဏပြောနေရတာလဲ၊ သွား သွား ဘာမှလာမပြောနဲ့"

ဒီတော့မှ သူမ ကြောက်နေသည့်အကြောင်းကို ဖေဖေ၊ မေမေတို့သတိရသွားကာ မျက်နှာတွေပြုံးယောင်သန်းလာကြသည်။ သူမက နှင်ထုတ်ပေမယ့် ကိုကြီးက မသွားသေးဘဲ -

"သူ ချန်ထားခိုင်းတဲ့ ဖဲပိုပမ်းဆက်ကို နင်သိမ်းထားသေးလား၊ တော်ကြာ သူသတိရလို့ လာယူနေရင် . . ."

"ကိုကြီး"

ဒီတစ်ခါတော့ သူမ နံ့စပ်ရာအကျီဆွဲတ်နှင့် ကောက်ပေါက်လိုက်မပဘှသည်။ သူမ လက်တည့်သူ မဟုတ်သလို ကိုကြီးက လျင်မြန်လွန်းသူ ဖြစ်သည်။ အခန်းထဲမှ ခုန်ပေါက်ပြေးထွက်သွားရင်း တော်ရယ်သွားသော ကိုကြီးအသံသည် ညည်ခန်းထဲသို့ရောက်ပြီး တိတ်သွား၏။

"လတ်လတ်က ဘာဖြစ်လို့ အဲဒီလောက်တောင် မကြောက်နေရတာလဲ၊ ဟိုကဖြင့် သေသွားတာ တစ်လတောင်ရှိတော့မယ်၊ ရှေ့ကျုပက်ထဲမှာ တစ်လပြည့် ဆွမ်းမကျွေးမှာဆို"

"နင်မသိပါဘူး မိငယ်ရာ၊ အဲဒီအစ်မကြီးက အဝတ်အစား အရမ်းမက်တာ၊ ဇွဲလမ်းစိတ်တော့ ရှိနေမှာပဲ"

ဖေဖေ၊ မေမေတို့ ပြန်ထွက်သွားတော့မှ ညီအစ်မနှစ်ယောက်သား သူမခုတင်ပေါ်တွင် ပူးထိုင်ကာ ဝေဖန်မိကြ၏။

"ပြီးတော့ ငါလည်း သတိထားမိနေတာ ရှိတယ်"

"ဘာကိုလဲ"

"သူချန်ထားခိုင်းတဲ့ ဝမ်းဆက်လေ၊ ဘယ်လိုမှ ရောင်းလို့မထွက်ဘူး၊ အဲဒီအဆင်က လူကြိုက်အရမ်းများတဲ့အဆင်၊ အရောင်ကလည်း ဒီလိုပဲ လွင်နေတာ၊ လူကြိုက်များလွန်းလို့ ငါရောင်းပစ်လိုက်မှာစိုးလို့ကို သူဖယ်ထားခိုင်းတာ၊ သူ့မှာ ပိုက်ဆံမပြည့်သေးလို့ပါတဲ့၊ ဝယ်နေကျ ဖောက်သည်ဆိုတော့ ဖယ်ထားပေးလိုက်တာ၊ သူသေသွားပြီဆိုတော့ ငါ ကြောက်မကြောက်နဲ့ အကောင်းယိုးရောင်းပစ်တာ၊ ဈေးလည်း မကန့်တာဆ လျှော့မပေးမဘာကို ဝယ်မယ့်သူမရှိဘူး ဖြစ်နေတယ်၊ မိငယ်၊ ငါ ဘာလုပ်ရမလဲဟင်"

သူမရဲ့ ညီမပါ အကြံအိုက်သွားသလို ငြိမ်သွား၏။

"ကကယ်တော့ စောစောသိရရင် သူ့အခေါင်းထဲကို ထည့်ပေးလိုက်ရမှာနော်၊ မိငယ်တို့က သတိမှုမရကာ"

"အခုမှ ငါတို့က ဘယ်ကိုပေးရမလဲ"

"ဒီလိုလုပ်"

သူမ၏ညီမက လက်ဖျောက်တီးကာ အကြံပေးသည်မှာ -

"လတ်လတ် ချပ်ဝတ်လိုက်"

"တော်စမ်း၊ ပါ့ကို မသာကြောင်းကြံနေတာလား၊ ဆိုင်မှာ အဲဒီဝမ်းဆက်ကို မြင်နေရတာနဲ့တင် နှလုံးရောဂါဖြစ်တော့မယ်၊ နင်ကတစ်မျိုး၊ နင်ချုပ်ဝတ်ပါလား၊ ငါပေးမယ်"

"ဟင့်အင်း . . . ငယ်လည်း ကြောက်တယ်"

ဒီလိုကျတော့လည်း ညီမဖြစ်သူက အကျောက်အကန် ငြင်းလေသည်။

"ငါ အဲဒါကြီးကို ဆိုင်မှာ မထားချင်ဘူး"

"လတ်လတ်ရဲ့ သူငယ်ချင်းတစ်ယောက်ယောက်ကို လက်ဆောင်ပေးလိုက်ရင်ရော"

"မေးကြည့်ပြီးပြီ၊ ဘယ်သူမှ လက်မခံချင်ကြဘူး"

"ဟွန်း . . . သူတို့ကလည်း အလကား ရတာကိုတောင်မှ [illegible]ယ် နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့်မို့လို့ ငါလွတ်ကြောက်နေတာပေါ့ မိငယ်ရဲ့၊ မေမေတို့ကိုပြောရင် အဓိပ္ပာယ်မရှိဘူးဆိုပြီး ငါပဲ အဆူခံရမှာ"

"အေးလေ၊ လတ်လတ် ဝမ်းဆက်ကိစ္စက တစ်မျိုးကြီးပဲ၊ ငယ်လည်း ကြက်သီးထလာပြီ"

ညီမဖြစ်သူကပြောရင်းနှင့် လက်မောင်းကို ပွတ်၏။ သူမတို့ ညီအစ်မနှစ်ယောက် အသားချင်းထိနေအောင် ပူးကပ်လိုက်ကြပြန်သည်။

ခဏငြိမ်သက်သွားပြီးမှ ညီမဖြစ်သူက အကြံပေးသည်မှာ -

"မနက်ဖြန် ငယ်တို့ မနက်အစောကြီးထပြီး အဲဒီအစ်မကြီးရဲ့ အိမ်နားမှာ အဲဒီဝမ်းဆက်ကို သွားပစ်ကြမယ်"

"သွားပစ်တော့ . . ."

"ပစ်လိုက်ရုံပဲလေ၊ ပြီးပြီပေါ့၊ သူ့ဘာသာသူ ကောက်ချင်တဲ့သူ ကောက်ယူသွားမှာပေါ့၊ ပိုသကူပစ်သလိုပေါ့"

အင်း ဒီလိုဆိုတော့လည်း မဆိုးပါဘူး။ မိငယ်က တော်သားပဲ။

ညီမဖြစ်သူရဲ့အကြံကို သဘောတူလိုက်ပြီး ညီမဖြစ်သူက သူမရဲ့ ခုတင်မှာပဲ နှစ်ယောက်သား ပူးကပ်အိပ်ကြလေသည်။ ညီမဖြစ်သူရဲ့ ခုတင်မှာ ဒီတစ်ခန်းတည်းရဲ့ ကိုဘက်နံရံမှာ ကပ်ထားပြီး သူမခုတင်နှင့် နှစ်ပေမျှသာ ကွာဝေးသော်လည်း မိငယ်က သူ့ခုတင်သို့ မပြန်တော့ချေ။ သူမရဲ့ခုတင်မှာ ကျပ်ကျပ်သပ်သပ် ပူးကပ်အိပ်နေလေသည်။

နောက်နေ့ မနက်စောစောပွင့် ညီအစ်မနှစ်ယောက်သား လမ်းလျှောက်ထွက်မည်ဟု အသံပစ်ကာ ဆိုင်ကဲမှ အထုပ်ကိုယူပြီး ထွက်ခဲ့ကြသည်။

သူမရဲ့ အထည်ဆိုင်ကလေးမှာ အိမ်ရှေ့မြေပိုကလေးတွင် ဆောက်ထားသော အိမ်နှင့်ဆိုင် တွဲလျက်ကလေးဖြစ်သည်။

သူမတို့ ထွက်လာကြသည်မှာ အနည်းငယ်စောသဖြင့် မြူထူထပ်သောလမ်းမှာ လူရှင်းနေ၏။ ထိုအစ်မကြီးအိမ်မှာလည်း လူသံတိတ်ဆိတ်ကာ အရိပ်အယောင် မမြင်ရချေ။ ထိုအိမ်ရှေ့မှ ဖြတ်ကျော်လာခဲ့ပြီးသောအခါ သူမတို့ နောက်ဘက်ဆီမှ ခြေသံလိုလို ကြားလိုက်ရသည်။ သူမ နှုတ်မတော်ဆဲမှာ မျှော်ပြန်ကာ ညီမဖြစ်သူကို မာ်မင်းပါင်နှင့် တို့လိုက်သည်။

"မိငယ်၊ နင် ခြေသံကြားလား"

"အင်း"

ပုကွပဲ၊ ညီမဖြစ်သူက သူမထက်မတောင် ဆိုးသေးသည်၊ အသံပင်မထွက်နိုင်တော့။ သူမလည်း ဒူးတဆတ်ဆတ်တုန်ကာ ခြေလှမ်းတစ်လှမ်းမှ ရွေ့မရတော့ပေ။ နောက်ဘက်ကိုလည်း လှည့်မကြည့်ရဲသဖြင့် ခြေသံကြားရတာ ဟုတ်မှ ဟုတ်ရဲ့လားလို့လည်း ပြန်မတွေးနိုင်တော့။ သူမလက်ထဲမှ အထုပ်က သူ့ဘာသာသူ ပြုတ်ကျတာလား၊ သူမ ပစ်ချလိုက်မိတာလား မကွဲပြားဘဲ မြေကြီးပေါ်သို့ ပြုတ်ကျသွားသည်။ ဒါကို ညီမဖြစ်သူက သူမ ပစ်ချလိုက်သည်ထင်ပြီး သူမလက်ကိုဆွဲကာ တစ်ရှူးထိုး ဆက်လျှောက်သည်။

"လာ လာ လတ်လတ်၊ မြန်မြန်ဆက်လျှောက်ကြမယ်၊ ပစ်ပြီးပြီ မဟုတ်လား"

ညီမဖြစ်သူက ခုနက အသံမထွက်နိုင်ပေမယ့် ခုတော့ အသံထွက်နိုင်ကာ လမ်းလည်း လျှောက်နိုင်ပြီမို့ သူမကို ဆွဲခေါ်၍ မရပ်မနား လျှောက်တော့၏။

ညီအစ်မနှစ်ယောက် နောက်ကို လှည့်မကြည့်ရဲဘဲ သုတ်ခြေတင်ကြပြီး ခပ်လှမ်းလှမ်း လမ်းဆုံကိုရောက်တော့ စိတ်မောလူမောနှင့် ရပ်လိုက်ကြသည်။ ကြောက်ဒူးတုန်နေသဖြင့် ရှေ့ဆက်ပြီးတော့လည်း မလျှောက်နိုင်ကြတော့ဘဲ ဒီလမ်းဆုံကသာ အိမ်ပြန်ကြဖို့ သဘောတူကြသည်။

အပြန်လမ်းတွင် မြူထူကပ်သော နံနက်ခင်း၌ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင်မျှမရှိဘဲ သူမတို့ ညီအစ်မနှစ်ယောက်တည်း လမ်းပေါ်မှာ ထီးထီးဖြစ်နေလေ၏။ အသွားတုန်းက အထုပ်ကျခဲ့သည့် နေရာသို့ရောက်တော့ ညီအစ်မနှစ်ယောက်သား ကြည့်ဖြစ်အောင် ကြည့်လိုက်ကြသေးသည်။

ခွေးဆွဲ သလား၊ လူကောက်သလားတော့ မသိ။ အထုပ်ကတော့ မရှိတော့ချေ။ ဟိုအစ်မကြီး၏ အိမ်မှာလည်း တိတ်ဆိတ်ငြိမ်သက်နေမြဲပင်။

သူမတို့ ညီအစ်မနှစ်ယောက်သည် တိုင်ပင်မထားဘဲနှင့် လက်ချင်းမြဲမြဲတွဲကာ လေး ငါးအိမ်မျှသာ ကွာဝေးသော သူမတို့အိမ်ဆီသို့ ခြေကုန်သုတ်ပြီး ပြေးကြလေတော့သည်။

ထိုဖြစ်ရပ်ကို သူမတို့ နောက်ထပ် ဝေဖန်ဆန်းစစ်ခြင်း မပြုကြတော့ချေ။ ထိုပမ်းဆက်ကို ဆိုင်မှာ မမြင်ရတော့သဖြင့် သူမလည်း စိတ်ဖိစီးမြင်းမှ ကင်းဝေးသွားလေသည်။ ဟုတ်ပဲဖြစ်ဖြစ် ထိုပမ်းဆက်ကို ပစ်လိုက်ခြင်းဖြင့် သူမစိတ်ထဲမှာ တော်တော်ကြီးကို ပေါ့ပါးသက်သာသွားသည်။ ခုတော့ သူမသည် ပျော်ရွှင်စွာ၊ သွက်လက်စွာ ဈေးရောင်းနေပြီဖြစ်သည်။


စံထိုက်သူ

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၆၀ ပြည့်နှစ် အချိန်ကာလ ဖြစ်သည်။

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ကန်ဘက်ရွာကြီးမှာ စည်ကားသော ရွာကြီးတစ်ရွာဖြစ်သည်။ ကန်ဘက်ရွာကြီး၏ အရှေ့တည့်တည့်တွင် နှာခေါင်းပေါက်ကျေးရွာ ရှိသည်။ အရှေ့တောင်ဘက်တွင် ကျွန်းချောင်းကျေးရွာရှိသည်။ အရှေ့မြောက်ဘက်တွင် ဂုံညင်းတန်းကျေးရွာ ရှိသည်။ တစ်ရွာနှင့်တစ်ရွာ ဆက်စပ်လျက်ရှိပြီး လပွတ္တာမြို့နှင့် မြောင်းမြမြို့သို့ မော်တော်ယာဉ်ငယ်များဖြင့် နေ့စဉ်အချိန်မှန်မှန် ပြေးဆွဲလျက်ရှိသည်။

ယနေ့ အောင်ကျေးတော်မူကျေးရွာဟု ခေါ်တွင်လျက်ရှိသည့် ကျွန်းချောင်းကျေးရွာ ကန်ဘက်ရွာကြီးနှင့် ချောင်းခြားပြီး အရှေ့တောင်ဘက်တွင် ရှိသည်။

လူနေအိမ်ခြေ (၁၀၀) ခန့်ရှိကာ လယ်သမား၊ ရေလုပ်သား (တံငါသည်) များ၊ ကုန်သည်များ စုပေါင်းနေထိုင်ကြသည်။

ကျွန်းချောင်းရွာရှိ လယ်ပိုင်ရှင် ဦးမောင်မြင့်၊ ဒေါ်ထွေးတို့တွင် 'ခင်ခင်ကြီး'၊ 'ခင်ခင်လေး' ဟူသော သမီးနှစ်ယောက် ရှိသည်။ အသက်သုံးဆယ်ကျော်သည့်တိုင် 'ခင်ခင်ကြီး' မှာ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့် မိဘနှစ်ပါးနှင့် လက်ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက်လျက်ရှိသည်။ မိုးသားပြီး ယောက်ျားများနှင့် အရောတဝင်မရှိဘဲ ကင်းကင်းရှင်းရှင်း နေတတ်သည်။

'ခင်ခင်လေး' မှာ အသက်နှစ်ဆယ်ပြည့်သည့်နှစ်မှာပင် တစ်ရွာတည်းသား ကိုကျော်အောင်နှင့် လူငယ်တို့ဘာဝ ချစ်ကြိုက်ကြပြီး နှစ်ဖက်မိဘများ၏ သဘောတူညီမှုဖြင့် အိမ်ထောင်ပြုခဲ့သောကြောင့် အောင်မင်း၊ အောင်ဝင်းဟူသော သားနှစ်ယောက်ပင် လူလားမြောက်ခဲ့ပေပြီ။

ကိုကျော်အောင်၏ မိဘနှစ်ပါးဖြစ်သော ဦးဘအေး၊ ဒေါ်မြခင်တို့မှာလည်း တစ်ဦးတည်းသောသား ကိုကျော်အောင်နှင့် ခင်ခင်လေးတို့ ထိမ်းမြားလက်ထပ်သောနှစ်မှာပင် ရွာလယ်ပိုင်းတွင် ခြံမြေကွက်ဝယ်ပြီး အိမ်ဆောက်ပေးခဲ့သည်။

ကိုကျော်အောင်နှင့် ခင်ခင်လေးတို့မှာ မိဘများ၏ ပံ့ပိုးမှု၊ ဇနီးမောင်နှံတို့၏ ကြိုးစားမှုဖြင့် ကုန်စုံဆိုင်တည်ခဲ့သည်။ ရိုးသား၍ကြိုးစားသော ကိုကျော်အောင်နှင့် ခင်ခင်လေးတို့ စီးပွားရေးဖြစ်ထွန်းခဲ့သည်။

ယခုနှစ် သင်္ကြန်အကြိုနေ့တွင် သားကြီး အောင်မင်းနှင့် သားငယ် မောင်ဝင်းတို့ကို ကိုရင်ဝတ်ပေးပြီး ဖခင်ဖြစ်သူကိုကျော်အောင်ကိုယ်တိုင် ရဟန်းခံဖို့ ရက်ရွေးပြီးဖြစ်သည်။ နှစ်ဖက်မိဘများနှင့် ကိုင်ပင်ကာ သင်္ကန်းပရိက္ခရာများ ဝယ်ယူရန်အတွက် မြောင်းမြမြို့သို့ သွားရမည်ဖြစ်သည်။

မူလတန်းကျောင်း ဆရာလေး ကိုယဉ်ထွေး အပါအဝင် မလှဦးစီး ကိုမင်းဆွေ၊ ကိုလှကြည်တို့နှင့် မြောင်းမြမြို့သို့တက်ကာ သင်္ကန်းပရိက္ခရာမှအစ ကိမ်ဆိုင်တွင် ရောင်းချဖို့ ကုန်ပစ္စည်းများ ဝယ်ရန် စီစဉ်ထားကြသည်။ ရောင်းကုန်အဖြစ် ငါးခြောက်၊ ပုစွန်ခြောက်များ ဝယ်ထားပြီး မြောင်းမြမြို့ရှိ ငါးပိ၊ ငါးခြောက်ပွဲရုံတွင် ရောင်းဖို့လည်း ဝယ်ထားပြီးဖြစ်သည်။ အသွားအပြန် (၁၀) ရက်ခန့်ကြာမည်ဖြစ်သည်။ စပါး (၅၀) ပါ သမ္ဗာန်ကြီးကို စီစဉ်ထားပြီး ဖြစ်ပေသည်။

သွားခါနီး "မောင်ကြီးရယ်တဲ့ မှာခဲ့မယ်ဆိုသည့် စကားပမာ" ခရီးမထွက်မီ ညဦးပိုင်းတွင် ကိုကျော်အောင်က ဇနီးဖြစ်သူ ခင်ခင်လေးအား တဖွဖွ မှာကြားလျက်ရှိသည်။

"ခင်လေး . . . ငါခရီးသွားနေတုန်း ကလေးနှစ်ယောက်ကို မြစ်ထဲ ရေဆင်းမကူးစေနဲ့နော်၊ သစ်ပင်အမြင့်ပေါ် လည်း မတက်စေနဲ့၊ ရှင်ပြုခါနီးဆိုတာ အဖျက်အဆီး ပေါ်တတ်တယ်"

"အောင်မင်းနဲ့ အောင်ဝင်းဟာ ကျွန်မကိုယ်နဲ့လွယ်မွေးထားတဲ့ သားအရင်းတွေပါရှင်၊ စိတ်ချသာသွား၊ ရှင်အလှူအတွက် ဝယ်စရာရှိတာတွေ မမေ့နဲ့၊ ဆိုင်မှာရောင်းဖို့လည်း ဝယ်ရမယ့် ပစ္စည်းတွေစုံအောင် ဝယ်ခဲ့ပါ၊ ဒါထက် မြောင်းမြကိုရောက်ရင် တာဝတီသာ (၂) လမ်းမှာရှိတဲ့ ကျွန်မတို့ဘကြီး ဦးလှမောင်၊ ဒေါ်လှတင့်တို့အိမ်မှာပဲ တည်းနော်၊ ရှင်ပါသွားတဲ့ ငါးခြောက်၊ ပုစွန်ခြောက်တွေကို ဘကြီးကို အပ်ပြီး ရောင်းနော်"

"ဖောပါ၊ ငါစိတ်ချပြီးသွားမယ်နော်၊ မနက်စောစော ရေတက်နဲ့ ငါတို့ ခရီးထွက်ကြမယ်"

ကိုကျော်အောင်က ခရီးထွက်ခါနီးတွင် နှစ်ဖက်မိဘများအား သားနှစ်ယောက်နှင့် ဇနီးဖြစ်သူ ခင်ခင်လေးကို အပ်ပြီး ခရီးထွက်သွားကြသည်။

တပေါင်းလကုန် တန်ခူးလဆန်း ရောက်ပြီဖြစ်၍ နေရှိန်လောင်မှုကြောင့် သောက်ရေကန်များ ခန်းခြောက်စပြုနေပြီဖြစ်သည်။ မြစ်ရေမှာလည်း ပင်လယ်ရေငန်ထောက်၍ ငန်စပြုနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က ကန်ဘက်ရွာကြီးနှင့် ကျွန်းချောင်းကျေးရွာတို့မှာ မြောင်းမြမြို့နှင့် အလှမ်းကွာဝေးသလို လပွတ္တာမြို့နှင့်လည်း သိပ်မနီးချေ။ ဆေးရုံ၊ ဆေးခန်းမရှိ၊ ကျွန်းမာရေးမှူး၊ ကျောက်ထိုးဆရာ၊ မြန်မာဆေးဆရာ (ဗိန္ဓောဆရာ)များသာ ကျေးရွာလူထု ကျန်းမာရေးအတွက် တာဝန်ယူလျက်ရှိသည်။

ကန်ဘက်ရွာကြီးနှင့် ကျွန်းချောင်းကျေးရွာတို့ ကံဆိုးမိုးမှောင်ကျသည်ဟု ဆိုရပါမည်။ ရုတ်တရက် ဝမ်းရောဂါ ကပ်ဆိုးကြီး ကျရောက်ခြင်းကြောင့်ဖြစ်သည်။

ကျန်းမာရေး ဗဟုသုတနည်းပါးသည့် ရွာသူရွာသားများမှာ ရေကိုကျိုချက်မသောက်သည့်အပြင် မရေနံ့ယောက်သော မြစ်ရေကိုပါ သုံးစွဲသည့်အတွက် ဝမ်းရောဂါများ နေရာကွက်ကျား ဖြစ်နေကြသည်။

ထိုကပ်ဆိုးထဲတွင် ခင်ခင်လေးတစ်ယောက် အပါအဝင် ဖြစ်သည်။ တစ်နေကုန် ဝမ်းတရစပ်သွားနေခြင်းကြောင့် မာရေးကြီးက သွေးနီးဆိုသလို အစ်မဖြစ်သူ ခင်ခင်ကြီးက သွားရောက်ပြုစုရသည်။

ကျန်းမာရေးဌာနမှ ဆေးမှူးဦးမောင်မောင်တင်နှင့် မြန်မာဆေးဆရာ ဦးသာဝတို့ကို သွားရောက်ပင့်သော်လည်း ပြန်မလောမြစ် (ပြန်ပါတော့မြစ်) တစ်ဖက်ကမ်းရှိ ကကရုံကျေးရွာတွင် ဝမ်းရောဂါ အကြီးအကျယ်ဖြစ်နေသောကြောင့် သွားရောက်ကုသပေးနေကြသည်။ ကျန်းမာရေးမှူးနှင့် မြန်မာဆေးဆရာတို့ အချိန်မီ ရောက်မလာခဲ့ပေ။

နှစ်ရက်ဆက်တိုက် ဝမ်းသွားသည့်ဒဏ်ကို အလူးအလဲခံလိုက်ရသည့် ခင်ခင်လေးမှာ မရှုအားသေမင်းခေါ်ရာနောက် ကောက်ကောက်ပါ လိုက်သွားရချေပြီ။

နှစ်ဖက်မိဘများမှာ သမီးနှင့်ချွေးမအတွက် ရက်ကပ်လွေရပြီဖြစ်သည်။ ယက်နီးပရိက္ခရာကုန်ပစ္စည်း သွားဝယ်ပြီး ပြန်လာမည့် ကိုကျော်အောင်အား ဘယ်လိုစပြီး ပြောရမှန်းမသိ ဖြစ်နေကြသည်။

ပမ်းရောဂါကြောင့် ရုတ်တရက် သေဆုံးသွားရရှာသော ခင်ခင်လေး၏ အလောင်းကို ဂုဏ်ညင်းတန်းသချိုင်းသို့ မနေ့ချင်းပို့ဆောင်သဂြိုဟ်ကြရသည်။

ခင်ခင်လေးကို အနိုးတပ်ပြုစုရသည့် ခင်ခင်ကြီးလည်း ပမ်းရောဂါပိုးကူးစက်မှုဒဏ် ခံရပြီဖြစ်သည်။ သမီးငယ်လည်း သေဆုံးပြီး ရက်မလည်မီ သမီးကြီးဖြစ်သည့် ခင်ခင်ကြီး ဆက်၍ရောဂါဆိုးဝင်ရောက်မှုကြောင့် တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်ကြရသည်။

ထိုအချိန်တွင် ကျန်းမာရေးမှူးဦးမောင်မောင်တင်နှင့် မြန်မာဆေးဆရာကြီး ဦးသာဝတို့ ပြန်ရောက်လာပြီဖြစ်သည်။ ကျန်းမာရေးမှူးနှင့် မြန်မာဆေးဆရာတို့၏ တစ်တပ်တစ်အားကြိုးစားမှုကြောင့် အဖိတ်အစဉ်မရှိပေ။ နေရာကွက်ကျား တစ်ယောက်စ နှစ်ယောက်စသာရှိသည်။ ကံကြမ္မာဖြိုဖျက်ဆိုးက ဦးအောင်မြင့်၊ ဒေါ်ထွေးတို့ကို တိုး၍ မွှေနေပြီဖြစ်သည်။

သမီးငယ် ခင်ခင်လေးအလောင်းကို မြေချပြီးအပြန် အိမ်အရောက်တွင် ခင်ခင်ကြီးမှာလည်း ဝမ်းသွားမှုဒဏ်ကြောင့် သတိလစ် မေ့မြောနေချေပြီ။ ဆေးဆရာကြီး ဦးသာဝမှာ ဦးအောင်မြင့်၏ ငယ်သူငယ်ချင်းဖြစ်သည်က တစ်ကြောင်း၊ မိမိလက်ပေါ် ကြီးပြင်းခဲ့သည့် ခင်ခင်ကြီးကို သမီးရင်းပမာ သံယောဇဉ်ဖြစ်သည်ကတစ်ကြောင်း အကြောင်းကြောင်းကြောင့် မာယက်မြက်ဆုံးဆေးဖြင့် ခင်ခင်ကြီးကို တိုက်ကျွေးကုသခဲ့သော်လည်း သတိပြန်မလည်လာသော ခင်ခင်ကြီးကိုကြည့်ကာ -

"အောင်မြင့်ရာ၊ ငါ ဆေးဆရာ သက်တမ်းတောက်လျှောက်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘယ်ရောဂါပဲဖြစ်ဖြစ် ငါ့ဆေးတစ်ခွက် သောက်မိရင် ရောဂါပျောက်ကြတာချည်းပါပဲ၊ မင်းဟာသိဆုံးပါကွာ၊ မင်းရဲ့သမီး ခုထိ သတိပြန်လည်မလာတာတော့ စဉ်းစားရခက်ခက်ပဲ၊ ဒါပေမဲ့ အကောင်းဆုံးဆေးတစ်ခွက်တော့ တိုက်ထားပြီးပါပြီ"

"ကံစီမံရာအတိုင်းပဲပေါ့ ကိုသာဝရာ"

"ကဲ- မယ်မြတို့အိမ်ဘက် ခဏကူးဦးမယ်၊ မင်း ဂရုစိုက်ပါ၊ သတိပြန်လည်လာရင် ငါ့ကို ချက်ချင်းလာခေါ်၊ နောက်ထပ် ဆေးတစ်ခွက်တိုက်လိုက်ရင် ကိုယ့်ဘက်ပါပြီသာ မှတ်ပေတော့"

ပြောပြောဆိုဆို ဆေးဆရာ ဦးသာဝ ဆေးလွယ်အိတ် လွယ်ကာ ဒေါ်မယ်မြအိမ်ဘက် ကူးသွားသည်။ သတိလစ်မေ့မြောနေသည့် ခင်ခင်ကြီးမှာ လုံးပသတိပြန်လည်မလာတော့ဘဲ အသက်ချုပ်သွားပြီဖြစ်သည်။

တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်ရသည့် ဦးအောင်မြင့်တို့ ဇနီးမောင်နှံမှာ လက်ရုံးသဖွယ် အားကိုးရသည့် ခင်ခင်ကြီးအတွက် အပူလုံးကြွကာ ယူကျုံးမရဖြစ်ရသည်။

ထိုအချိန်တွင် မြောင်းမြမြို့သို့ သက်နီးပရိက္ခရာနှင့် ကုန်ပစ္စည်းသွားဝယ်သည့် ကိုကျော်အောင်တို့ ပြန်ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ကြီးနှင့် ခင်ခင်လေးတို့ သတင်းကြားရသဖြင့် မယုံချင်စရာဖြစ်သည်။ အသွားအပြန် တစ်ဆယ်ရက်အတွက် မရီးနှင့်ဇနီး ပြောင်းလဲသွားသော ဘဝနှစ်ခုအတွက် ရတက်ပွေရသည်။

ခင်ခင်လေး မကွယ်လွန်မီ မြေးနှစ်ယောက်ကို ဘိုးအေ၊ ဘွားအေဖြစ်သော ဦးဘအေး၊ ဒေါ်မြခင်တို့က ခေါ်ယူစောင့်ရှောက်ထားရသည်။

အမိမဲ့သား ရေနည်းငါးပမာ သားနှစ်ယောက်ကိုကြည့်ပြီး ရင်ဆို့နေသည့် ကိုကျော်အောင်၏ ဘဝကား အသက်ရှင်လျက် ဘဝသေသူနှင့် တူတော့သည်။

လောလောဆယ် ကွယ်လွန်သွားသော ခင်ခင်ကြီးမဟုတ် ပြင်ဆင်ကြရသည်။ ခေါင်းပေါ်ပြန်စဝ်ကာ လှေသုံးစင်းဖြင့် ချက်ချင်း ကုံညင်းတန်းသင်္ချိုင်းသို့ ပို့ဆောင်ကြသည်။

ကုံညင်းတန်း ရွာဦးကျောင်းမှ ဆရာတော် ဦးသုမနကို ပင့်ကာ မြေမမြှုပ်မီ သရဏဂုံတင်သည်။

လတ်တလော သေဆုံးသွားသည့် သမီးကြီးမျက်နှာကို နောက်ဆုံးအကြိမ်ကြည့်ချင်သည် မိခင်ဒေါ်မြထွေး၏ တောင်းဆိုချက်ကြောင့် ပေါင်းဆိုချက်ကို လိုက်လျောပြီး ခေါင်းဖွင့်ပြခဲ့ရသည်။

ကိုကနိုက် ခေါင်းအတွင်းမှ

"ရေ ရေ ပေးပါ၊ ကျွန်မ ဘယ်ရောက်နေတာလဲ၊ ကိုကျော်အောင်နဲ့ သားနှစ်ယောက် ဘယ်မှာလဲ"

"ဟာ- သမီး ခင်ခင်ကြီး၊ သတိပြန်ရလာပြီ၊ ဟဲ့ ဟဲ့ ကျော်အောင်၊ ငါ့သမီးကြီးကို အပြင်ထုတ်ပေးကြပါဦး"

"ဟုတ်ကဲ့ အမေ"

ကိုကျော်အောင်မှာ ပြာပြာသလဲ ပြန်ပြောရင်း ခေါင်းအတွင်းမှ ခင်ခင်ကြီးကို ပွေ့ထုတ်လိုက်သည်။

ဦးအောင်မြင့်တို့ ဇနီးမောင်နှံမှာ ပျောက်ဆုံးသွားသည့် ရတနာထုပ်ကို ပြန်တွေ့ရသည့်အလား ဝမ်းသာအားရ ဖြစ်သွားကြသည်။ ဦးအောင်မြင့်မှာ မြန်မာဆေးဆရာကြီး ဦးသာဝ၏ ပြောစကားကို ပြန်လည်ကြားယောင်နေတော့သည်။

"အောင်မြင့်ရာ ငါ့ဆေးဆရာသက်တမ်းတလျှောက်မှာ ငယ်ပယ်ရွယ်ရွယ်နဲ့ ဘယ်ရောဂါပဲဖြစ်ဖြစ် ပျံ့အေးတစ်ခွက်သောက်မိရင် ရောဂါပျောက်ကြကာချည်းပါပဲ၊ မင်းအသိဆုံးပါကွာ၊ မင်းရဲ့သမီး ခုဟာ သတိပြန်လည်မလာတာတော့ စဉ်းစားရခက်ပါပဲ၊ ဒါပေမဲ့ အကောင်းဆုံးဆေးဟာစ်ပွက်တော့ ဖိုက်ထားပြီးပါပြီ"

မြန်မာ့ဆေးဆရာကြီး ဦးသာဝ၏ ဆေးစွမ်းပြပြီ ထင်ပါရဲ့။ ခင်ခင်ကြီး အသက်ပြန်ရှင်လာခဲ့ပြီ။

သမီးဖြစ်သူ ခင်ခင်ကြီးကို ကျွန်းချောင်းကျေးရွာ နေအိမ်သို့ ခေါ်ဆောင်လာခဲ့ပြီး ဆေးဆရာကြီး ဦးသာဝကို ပင့်ဆောင်ကာ ဆေးထပ်တိုက်သည်။ ရောဂါအတွက် စိတ်ချသွားရပြီ ဖြစ်သည်။ ကျွန်းမာမရေးမှူး ဦးအောင်မောင်ကာင်ကလည်း အားဆေးထိုးပေးသည်။ ဆရာနှစ်ဦး၏ပံ့ပိုးကူညီမှုကြောင့် ခင်ခင်ကြီး အသက်မှုပ်သန်ခွင့်ရခဲ့သည်။

သို့သော် ခင်ခင်ကြီးမှာ မိဘများအိမ်သို့ ရောက်လာသည့်တိုင်အောင် သူကိုယ်သူ ခင်ခင်ကြီးမဟုတ်ဘဲ ခင်ခင်လေးဖြစ်ကြောင်း၊ ခင်ပွန်းဖြစ်သူ ကိုကျော်အောင်နှင့် သားနှစ်ယောက်ဖြစ်သော အောင်မင်းနှင့် အောင်ဝင်းတို့ထံ ပို့ပေးရန် တဂိုဂို တရယ်ရယ် ဖြစ်နေသည်။

ဦးအောင်မြင့်နှင့် ဒေါ်ထွေးတို့ ခင်ခင်ကြီးမှာ မည်သည့်ယောကျ်ားလေးနှင့်မှ အရောတဝင်မရှိဘဲ မတ်ဖြစ်သည့် ကိုကျော်အောင်နှင့်လည်း မေးထူးခေါ်ပြောရုံသာရှိသော သမီးကြီး၏ ကိုယ်ကျင့်တရားကို သိထားသည့်အတွက် အခက်ကြုံနေကြရသည်။ သမီးကိုပဲ ဟိုးတိုးတိတ်တိတ် ပြောရသည်။

"သမီးရယ်၊ ယောကျ်ားလိုချင်ရင်ပြောပါ၊ သမီးကိုကြိုက်တဲ့ ရွာထဲက လူပျို လူလွတ်တွေရှိပါတယ်၊ ခုတော့ လူကြားလို့မှ မကောင်းပါဘူး သမီးရယ်"

"မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်မ ခင်ခင်လေးပါ၊ အမေတို့ထင်သလို ခင်ခင်ကြီး မဟုတ်ပါဘူး၊ သကြိုန်အကြိုမှာ ကိုကျော်အောင်နဲ့ သားနှစ်ယောက်ကို ရေဘန်းခံရှင်ပြုပေးဖို့ စီစဉ်ထားတာ အမေတို့လည်း သိသားနဲ့"

"ဟဲ့... ရေဘန်းခံ ရှင်ပြုရက် သတ်မှတ်ထားတာ အားလုံးသိတာပေါ့၊ ခက်တာက နင်က ခင်ခင်လေးမှမဟုတ်ဘဲ"

"ကျွန်မ ခင်ခင်လေးမှ ခင်ခင်လေး အစစ်ပါ၊ ကိုကျော်အောင်နဲ့ သားတွေဆီ ပို့ပေးပါ"

သူကြီးဦးသိန်းဆောင်၊ ဆေးဆရာကြီး ဦးသာဝ၊ ဦးဘအေး၊ ဒေါ်မြခင်၊ မိဘဖြစ်သူ ဦးအောင်မြင့်၊ ဒေါ်ထွေးကို သူကြီးဦးသိန်းဆောင်အိမ်တွင် ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။

သူကြီး ဦးသိန်းဆောင်က-

"အောင်မြင့်နဲ့ မထွေး နင်တို့ သေသေချာချာ နားထောင်... ကိုကျောင်းဆရာလေး ကိုယ်... သွား ပြော



www.burmeseclassic.com

www.burmeseclassic.com

ဖူးတယ်၊ ထင်းပုံကွင်းရွာမှာ မြောက်ဘက်ပိုင်းက ချစ်တီးမိန်းမတစ်ယောက်နေပြီး တောင်ဘက်ပိုင်းက မြန်မာမိန်းမတစ်ယောက် နေတယ်ပေါ့နဲ့ပြောနေရာက ပြန်သွားတော့ ရတဲ့အခါ ချစ်တီးရဲ့မိန်းမဝိညာဉ်က မြန်မာမိန်းမဆီ ကူးပြီး ကုလားစကားတွေ မပြောတော့တာပဲတဲ့၊ တဒိုဒို တရယ်ရယ်နဲ့ ဘို့လင် ချစ်တီးဆီ ပို့ပေးဖို့ပြောကြတယ်တဲ့။

ချစ်တီးမယားနဲ့ ချစ်တီးသား ယိတဲ့ ယျို့ဖွက်ချက်ကိုလည်း မြန်မာမိန်းမက ပြောပြနိုင်တယ်တဲ့၊ ခုလည်း ခင်ခင်ကြီးနဲ့ခင်ခင်လေးတို့အဖြစ်အပျက်က မီပုံစံမျိုးဖြစ်နေသလားမှ မသိဘူး"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ သုံ့ကြီးရယ်၊ ဝိညာဉ်တွေ အကြောင်းဆိုတာ ကျွန်မတို့ မကြုံဖူးတော့ နားမလည် ပါဘူး၊ ခက်တာက ခင်ခင်ကြီးနဲ့ ကျော်အောင်နဲ့ဆို မေးတုန်းကပါ ပြောရုံကလွဲပြီး ဘယ်လိုမှ အဆက်အဆံမရှိတာ တစ်ရွာလုံး အသိပါရှင်"

"ဒအး နင်တို့သမီး ခင်ခင်ကြီး လိမ္မာရေးခြားရှိတာ တစ်ရွာလုံးအသိ၊ ဘယ်ယောက်ျားလေးနဲ့မှ ရှုပ်ရှုပ်ယှက်ယှက် မရှိတာလည်း တစ်ရွာလုံးအသိပဲ၊ ခုလိုဖြစ်တာကတော့ ခုနကပြောသလို ခင်ခင်လေးရဲ့ဝိညာဉ် ပြန်လည်နိုးထလာပြီး ခင်ခင်ကြီးကို ပူးကပ်တာပဲဖြစ်ရမယ်။

ဘအေးနဲ့ မြခင်တို့လည်း မကျေနပ်စရာမရှိနိုင်သလို ခွေးမတစ်ယောက် ပြန်အစားရတယ်မှတ်ပြီး နင်တို့မြေးနှစ်ယောက်လည်း သူစိမ်းမိထွေးလက် မပါရအောင် ရဟန်းခံရှင်ပြုအမီ ပေးစားလိုက်ပေါ့၊ ဒါမှ ဥမကွဲသိုက်မပျက်ဖြစ်မှာ"

"လူကြားလို့မှ ကောင်းရဲ့လား သူကြီးရယ်"

ယိုအချိန်တွင် တစ်ချိန်လုံး ငြိမ်ပြီး နားထောင်နေသည့် ဆေးဆရာကြီး ဦးသာပက -

"ဟဲ့- ဘာလို့ကြားမကောင်းရမှာလဲ၊ ခုဟာက လော်လည်ဖောက်ပြားပြီး ဖြစ်တာမှ မဟုတ်ဘဲ၊ ဟဲ့ရဲ့ ခုနစ်ရက်၊ ချိုးမွမ်း ခုနစ်ရက်၊ ပတ်ဝန်းကျင်က ဘာပဲပြောပြော ငါ့သဘောက ပေးစားလိုက်တာ အကောင်းဆုံးပဲ၊ ဒါမှ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါး ဖွင့်မယ့် ရဟန်းခံရှင်ပြုလည်း အချိန်မီ အထမြောက်မှာ"

လူကြီးဦးသိန်းအောင်၊ ဆေးဆရာကြီးဦးသာ၊ ရုပ်မိ ရပ်ဖတို့၏ ဝိုင်းဝန်းနားချမှုကြောင့် နှစ်ဖက်မိဘတို့ ခေါင်းညိတ်လိုက်ကြသည်။

သကြံန်အကြိုနေ့တွင် ကိုကျော်အောင်နှင့် ခင်ခင်ကြီးတို့၏ ရဟန်းခံရှင်ပြုအလှူ အထမြောက်ခဲ့ပါသည်။

ခင်ခင်လေး မရှိတော့သော်လည်း ခင်ခင်လေးကိုယ်ပွားဝိညာဉ် ခင်ခင်ကြီးနှင့် ကိုကျော်အောင်တို့၏ ,အလှူမဏ္ဍပ်တွင် မွေးမြူးမိတ်သဂ်ဟများ စည်စည်ကားကား ရှိလှပါသည်။

အလှူထမင်း၊ အလှူဟင်းစား ရင်း ကိုကျော်အောင်နှင့် ခင်ခင်ကြီးတို့ အဖြစ်အပျက်ဇာတ်လမ်းကို မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် အတင်းပြောကြသူတွေလည်း ရှိကြသည်။

သဗ္ဗေသတ္တာ ကမ္မသကာဟုဆိုကာ ပြေရာပြေကြောင်း ပြောကြားသူတွေလည်း ရှိကြသည်။

မည်သို့ဆိုစေ ကိုကျော်အောင်နှင့် ခင်ခင်ကြီးတို့ အဖြစ်အပျက်မှာ မယုံ



နိုင်စရာ ပုံပြင်ပမာဖြစ်ကြသည်။

ဒဏ္ဍာရီလည်းမဟုတ်၊ ပုံပြင်လည်းမဟုတ်သည့် ထိုအဖြစ်အပျက်ဇာတ်လမ်းကို ရွာခံလူများကတစ်ဆင့် ပတ်ဝန်းကျင်ရွာများသို့ ပျံ့နှံ့သွားကာ ကြွမ္မာကြောင့်လား၊ ဝိညာဉ်ကြောင့်လား ခွဲခြားမသိနိုင်သော ဂဏ္ဍိရဆန်သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ပေတော့သည်။

အမည်၊ နေရပ်ဒေသများ လွှဲပြောင်းထားသည်မှအပ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ ကိုအဖြစ်အပျက် ဇာတ်လမ်းကို ပြောပြသော စာရေးဆရာကြီး ဦးယဉ်တင့် (ခ) မြောင်းမြ-မောင်ယဉ်တင့်အား ကျေးဇူးတင် ဂါရဝပြုလျက် -

**ကျော့မှူး စိန်လှ**

□



www.burmeseclassic.com

www.burmeseclassic.com

# မကြည့်မှာ သွေးအိုင်ထဲမှာ

ကိုမောင်စံသိန်း
(ဗိုလ်ချုပ်ရွာ)



တစ်နေ့ ဆွဲခန်းထဲမှာ ကျွန်တော့် လူနာယာတစ်ယောက်က ကျွန်တော့်ကို အမှုတစ်မှု တင်ပြပါတယ်။

"ဆရာ"

"ဗျာ"

"ဒီအမှုက ဘယ်လိုကြီးမှန်း လည်း မသိဘူး"

"ဟာ- ဘာဖြစ်လို့တုံး"

"ကျွန်မအမှု ပြစ်မှု ပုဒ်မ-၃၃၈ မှာ တရားခံကို ပုဒ်မ-၂၀၁ ပါ ကွဲထား တယ် ဆရာ"

"ဟာ - ဘယ်လိုဖြစ်တာလဲ"

"ကျွန်မ တရားခံက ဆိုင်ကယ် ကယ်နိုင်မောင်းတယ် ဆရာ၊ လမ်းမှာ လူ ပါးစ်မယောက်ပင်ပတိုက်မိတော့ အဖော် လေး ဒဏ်ရာရသွားတယ်"

"သေတော့ မသေဘူးပေါ့"

"လူမသေလို့ ပြင်းထန်စွာ နာ ကျင်မှုမို့ ပုဒ်မ ၃၃၈ နဲ့ စွဲတာပေါ့ ဆရာ ရဲ့"

"အေးလေ၊ အမှုက ဘာဖြစ်လို့ တုံး"

"ကျွန်မတရားခံက ဆိုင်ကယ် တိုက်ပြီး ထွက်ပြေးတယ် ဆရာ၊ ရက် တော်တော်နဲ့အဖမ်းမခံဘူး။ နောက်ပြီး ဆိုင်ကယ်ကို ခရမ်းမှာ သွားရောင်းပစ် လိုက်တယ်၊ အဲဒီကတစ်ဆင့် ပဲခူး ဘက်ကို တစ်ဆင့်ထပ်ရောင်းတယ် ပြောတယ်၊ သက်သေခံဆိုင်ကယ်ကို မမိဘူး"

"အဲဒီတော့ . ."

"အဲဒီတော့ . . တရားခံကို ပြစ်မှုပုဒ်မ-၃၃၈၊ သက်သေခံပစ္စည်း ခိုဖျောက် ဖျက်မှုနဲ့က ပြစ်မှု ပုဒ်မ -၂၀၁နဲ့ တရားစွဲ တင်လာတယ်"

"ဟာ မဟုတ်သေးပါဘူး"

"ကျွန်မတရားခံက ဒဏ်ရာရတဲ့ သူကို ကျေရာကျကြောင်းလည်း ပေး ပြီးပြီ ဆရာ၊ အမှုကို ကျေအေးခွင့်တင် တော့ အဲဒီ ပုဒ်မ-၂၀၁ ကြီးပါနေလို့ ခွင့်မပြုဘူးပဲ"

"မဟုတ်သေးပါဘူး"

"ဘာမဟုတ်တာလဲ ဆရာ"

ကျွန်တော့် လူနာယာ ဒေါ်သူဇာ နိုင် မျက်လုံးလေးပြူးပြီး ကျွန်တော့်ကို ကြည့်နေပါတယ်။

ဆရာတာပည့် ဆိုတေမယ့် တစ် ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး မိသားစုလို နေကြတာပါ။ သူတို့ လိုက်ပါ ဆောင်ရွက်နေတဲ့ အမှုက ဥပဒေကိစ္စ တွေ အခက်အခဲတွေရှိရင် ကျွန်တော့်ကို တိုင်ပင်ဆွေးနွေးလေ့ ရှိပါတယ်။ ကိုယ် သိသမျှတော့ ရှင်းပြ ပြရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ပညာဆိုတာ ဒီလိုပဲ လက်ဆင့်ကမ်း သင်ယူကြရတာပဲ မဟုတ်ပါလား။

ကျွန်တော်ကလည်း သူ့ကိုရှင်းပြရမှာ များမှာမို့ သူ့ကို အသာလေး ငေးကြည့်နေမိတယ်။

"ဘာမဟုတ်တာလဲ ဆရာရဲ့ ပြောပါဦး"

"ဟာ- မဟုတ်လို့ မဟုတ်ဘူးလို့ ပြောတာပေါ့"

"ဘာဖြစ်လို့ မဟုတ်တာလဲဆိုတာ သိချင်ပါတယ် ဆရာရယ်၊ ရှင်းပြပါဦး"

ကျွန်တော့် စားပွဲပေါ်မှာရှိတဲ့ လက်ဖက်ရည် လက်ကျန်လေးကိုမော့ပြီး ဓရေနွေးကြမ်းငှဲ့သောက်ဟာ အာရှင်းလိုက်ရပါတယ်။

အဲဒီအချိန်မှာပဲ ကာရာအိုကေမှ အမ်စီရာက ပြန်လာကြတဲ့ ကျွန်တော့် ဂျူနီယာတွေလည်း ရောက်လာကြပါတယ်။

"လာပေ့၊ ဆရာက မှိုမ ၂၀၁ ကို ပြောပြမယ်တဲ့"

ဒေါ်သူဇာခိုင်ရဲ့ ဖိတ်ခေါ်ချက်ကြောင့် ဂျူနီယာတွေဖြစ်တဲ့ ဒေါ်မြသီတာ၊ ဒေါ်သူဇာဝင်း၊ ဒေါ်ဇာနည်ဝင်း၊ ဒေါ်ဝင်းသီရီ၊ ဦးမြင့်အောင်၊ မဒေါ်တေးဘေးမြတ်၊ ဦးမိုး စတဲ့ ရှေ့နေလေးတွေ စုရုံးလာပါတယ်။

"ဆရာ ပြောပါဗျာ၊ ကျွန်တော်တို့ ၂၀၁ ကို စိတ်ဝင်စားပါတယ်"

ရှေ့နေ မောင်မြင့်အောင်က ထပ်တိုက်တွန်းလာပါတယ်။ အဖွဲ့ကလည်း စုံနေတော့ ကိုယ်သိတာလေး မျှဝေပြောရမယ့် ဆရာ့တာဝန်က ရှိလာပါတယ်။ အလှည့်ကျတော့ မနွံ့ကြစတမ်းလေ။ ပညာဆိုတာ ဒီလိုပဲ လက်ဆင့်ကမ်း သယ်ဆောင်နေတာပါပဲလေ။

*

"ဒီလိုကွ၊ (၁၂-၅-၂၀၀၂)နေ့မှာ တို့မြန်မာနိုင်ငံမှာ လူသိအတော်များတဲ့ ဟိုးလေးတကျော်ဖြစ်ခဲ့တဲ့ မှုခင်းတစ်ခုဖြစ်ခဲ့တယ်၊ အဲဒါက ရန်ကုန်မြို့ ဟင်းယားလိပ်ဟိုတယ်၊ အခန်းအမှတ် ၅၀၈ မှာ"

"ဟာ"

ဂျူနီယာတွေ ပြိုင်တူလိုလိုအာသံထွက်လာတယ်။

"ဟာ- စိတ်ဝင်စားစရာပဲ ဆရာ၊ ဘယ်လိုဖြစ်ကြတာလဲ၊ ပြောပါဦးဆရာ"

ဦးမြင့်အောင်က ပြောတယ်။

"မစ္စတာ ဆူဟိုဟာမာနိုကူချိဟာ ဂျပန်နိုင်ငံသားကွ၊ သူဟာ ပစ်ဆူဟီရှိ ကော်ပိုရေးရှင်း မြန်မာနိုင်ငံ ဌာနခွဲက အထွေထွေမန်နေဂျာကွ၊ သူက လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကတည်းက ဟင်းယားလိပ်ဟိုတယ်၊ အခန်းအမှတ် ၅၀၈၊ ၅၀၉၊ ၅၁၀ နဲ့ ၅၁၁ အခန်းလေးခန်းကို တစ်လ ဒေါ်လာ ၈၀၀၀ နဲ့ ငှားပြီးနေခဲ့တာ"

"ဟာ- ဘော့စ်ပါလား"

ဂျူနီယာ မောင်မိုးက ပါးစပ်အဟောင်းသားနဲ့ ပြောတယ်။ ကျန်လူတွေက စိတ်ဝင်စားနေကြပုံ ပေါက်ပါတယ်။

"အေးဟ၊ သူက နံနက်စာကို မနက် ဆယ်နာရီလောက်မှာ မှာယူစားသောက်ပြီး သူ့ကုမ္ပဏီရုံးကို သွားလေ့ရှိတယ်၊ ညဘက် ရှစ်နာရီ၊ ကိုးနာရီလောက်မှာ ဟိုတယ်ကို ပြန်လာလေ့ရှိတယ်၊ ညဘက်မှာ သူ့အခန်းကို အမျိုးသမီးချောချောလှလှတွေ လာလေ့ရှိတယ်၊ သူတို့က မနက် ခြောက်နာရီလောက်မှ ပြန်လေ့ရှိတယ်"

"ဟာ- တစ်ယောက်တည်း ပိုက်ဆံပေါပေါနဲ့ ဘယ်လောက်မွေ့နေလဲ မသိဘူး ဆရာ"

အာသွက်လျှာသွက် လူငယ်ပီပီ မောင်မိုးက ဝင်ထောက်တယ်။

"မွေ့တယ်၊ မမွေ့တယ်တော့ ငါ မသိဘူးလေကွာ၊ သူလည်း သူ့အလုပ်ကိစ္စ ရှိလို့နေမှာပေါ့၊ ဘာအလုပ်ကိစ္စလဲတော့ ငါမသိဘူး"

"ထားပါတော့ ဆရာရယ်"

ဦးမြင့်အောင်က ပြေရာပြေကြောင်းသမား။

"မစ္စတာ ဆူဟိုဟာမာနိုကူချိက သူ့ဆီလာတဲ့ အမျိုးသမီးချောချောလှလှတွေကို ဟိုတယ်ဝန်ထမ်းတွေက မေးလား မြန်းလား လုပ်တာတွေကို သူ မကြိုက်ဘူး၊ ဒါကြောင့် ဟိုတယ်ဝန်ထမ်းတွေက သူ့ဆီလာတဲ့ အမျိုးသမီးတွေကို မေးမြန်းစစ်ဆေးခြင်းမပြုဘဲ သွားလာခွင့်ပြုထားတယ်"

"ဟုတ်ကဲ့"

ဦးမြင့်အောင်က စကားထောက်ပေးတယ်။

"၁၃-၅-၂၀၀၂ နေ့ နံနက် ၈ နာရီမှာ ဟိုတယ်မန်နေဂျာများ အစည်းအဝေးရှိတယ်၊ ၁၂-၅-၂၀၀၂ နေ့ နံနက် ရှစ်နာရီကနေ ၁၃-၅-၂၀၀၂ နေ့ နံနက် ရှစ်နာရီထိ တာဝန်ကျတဲ့ မန်နေဂျာ ဒေါ်မာဂရက်က အခန်းအမှတ် ၅၀၈ မှာနေသူ မစ္စတာဆူဟိုဟာမာနိုကူချိဟာ နံနက်စာ မှာယူစားသောက်ခြင်း မရှိကြောင်း၊ အခန်းအမှတ် ၅၀၈ ၏ တံခါးပိတ်နေပြီး တံခါးတွင် (ဒီအင်ဒီ) မနှောင့်ယှက်ပါနှင့်ဟု အဓိပ္ပာယ်ရှိသည့် စာတန်းချိတ်ဆွဲထားသဖြင့် အခန်းသန့်ရှင်းရေး မလုပ်ရသေးကြောင်း အစည်းအဝေးမှာ တင်ပြတယ်"

"ဟိုတယ်ဆိုတာ ဝန်ဆောင်မှုလုပ်ငန်းတွေ သူ့တာဝန်နဲ့သူ ရှိတာပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

ဦးမြင့်အောင်က အတွေ့အကြုံရှိသူပီပီ နှိုင်းဆပြောတယ်။

"အစည်းအဝေးပြီးတော့ အိပ်ခန်းဆောင် ဒုကြီးကြပ်ရေးမှူး ဒေါ်ခင်မူမူက အိပ်ခန်းဆောင် ကြီးကြပ်ရေးမန်နေဂျာ ဒေါ်မီမီထွန်းထံ မစ္စတာဆူပဟိုဟာမာနိုကူချီ၏ ယာဉ်မောင်းနှင့် တံခါးစောင့်တို့က ၎င်းရုံးသွားရန်အတွက် စောင့်နေသော်လည်း ထွက်မလာကြောင်း လာရောက်တင်ပြတယ်။ ဒေါ်မီမီထွန်းက အခြေအနေကို အတွေ့တွေ့မန်နေဂျာထံ တင်ပြတယ်၊ မစ္စတာဆူပဟိုဟာမာနိုကူချီ၏ အခန်းသို့ ဆက်သွယ်ရာ ဆက်သွယ်မရသဖြင့် ကုမ္ပဏီရုံးသို့ ဆက်သွယ်မေးမြန်းရာ ရုံးသို့မလာကြောင်း သိရကြောင်း အထွေထွေမန်နေဂျာကို တင်ပြတယ်"

"ဟင်"

နားထောင်သူ အားလုံးလိုလို အာမေဋိတ်သံ ထွက်သွားကြတယ်။

"ဒါနဲ့ပဲ အထွေထွေမန်နေဂျာခန်းဖရက်တိုင်လာ၊ ငွေစာရင်းကိုင်ချုပ် ဦးသိန်းလွင်၊ ဒေါ်မီမီယွန်းနဲ့ အခန်းသန့်ရှင်းရေး မဒေါ်သန်းသန်းအေးတို့ အခန်းတွေကို ဖွင့်ပြီး ဝင်ရောက်ကြည့်ရှုကြတယ်၊ အခန်းအမှတ် ၅၁၁ က ပုံမှန်မာမနေအထားအတိုင်း တွေ့ရတယ်၊ အခန်းအမှတ် ၅၁၀ မှာ စီဒီပလေရာ နှစ်ခု ပျောက်နေကြောင်း မသန်းသန်းရွှေက ပြောပြတယ်။

အခန်းအမှတ် ၅၀၈ ကို ဖွင့်ပြီး ပင်ကြည့်ကြတော့ မစ္စတာဆူပဟိုဟာမာနိုကူချီဟာ ခုတင်အနီး ကြမ်းပြင်ပေါ်မှာ ကိုယ်တုံးလုံးနဲ့ သွေးအိုင်ထဲမှာ တစောင်းလဲကျ သေဆုံးနေတာကို တွေ့ကြရတယ်"

"ဟယ်"

အားလုံးလိုလို အသံထွက်လာတယ်။ဒေါ်သူဇာခိုင်ရဲ့အသံက အကျယ်ဆုံးလိုလိုပဲ။

"ဒါနဲ့ ဟိုတယ်ကနေ မရမ်းကုန်းရဲစခန်းနဲ့ ဖုန်းအမှတ် ၁၉၉ ကို ဖုန်းဆက် အကြောင်းကြားတယ်"

"ဟုတ်ကဲ့"

"ရဲတွေရောက်လာပြီး အခန်းတွင်း ဝင်ရောက်စစ်ဆေးကြတော့ မစ္စတာ ဆူပဟိုဟာမာနိုကူချီအပြင် အမျိုးသမီးလည်း ကိုယ်တုံးလုံးအနေအထားနဲ့ ဓားသွားတွေပေကျံပြီး ဒဏ်ရာတွေနဲ့ သေဆုံးနေတာကိုပါ ယပ်တွေ့ရတယ်"

"ဧအောင်မယ်လေး"

သူဇာခိုင်ရဲ့ အသံပဲ ပိုထွက်လာတယ်။

"ဒါနဲ့ပဲ ဟိုတယ်ငွေစာရင်းကိုင်ချုပ် ဦးသိန်းလွင်က တရားလိုပြုလုပ်ပြီး မရမ်းကုန်း ရဲစခန်းမှာ ဟိုင်ချက်ဖွင့်တယ်၊ ဒီတော့ ရဲက စုံစမ်းစစ်ဆေးရတာပေါ့"

"ရန်ကုန်မြို့မှာ နာမည်ကြီး ဟိုတယ်ပေါ်က လူနှစ်ယောက်တောင်သတ်တဲ့ အမှုဆိုတော့ လူတွေက စိတ်ဝင်စားကြမှာပဲနော် ဆရာ"

ဦးမြင့်အောင်ရဲ့အသံ။

"ဒါ ဘာပဲဖြစ်ဖြစ် ဝိန်းမကီစ္စပဲ ဖြစ်မယ် ဆရာ"

လူငယ်ပီပီ မောင်မိုးရဲ့ ထင်မြင်ချက်။

"မပီး- အကြောင်းတွေတော့ ရှိမယ် ဆရာရဲ့"

ဒေါ်မြသီတာရဲ့ အမြင်။

"အေးပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် အမှန်တရားက ပေါ်လာမှာပေါ့"

"သိချင်တယ် ဆရာ၊ ဆက်ပြောပါဦး"

ဒေါ်သူဇာခိုင်ရဲ့ အားမလိုအားမရ အလောတကြီးအသံ။

"အေး ရဲက စုံစမ်းစစ်ဆေးတော့ ဟိုတယ် အဝင်တံခါးမှာ တာဝန်ကျတဲ့ မောင်ယဉ်မင်းထွန်းက သေဆုံးနေတဲ့ အမျိုးသမီးဟာ ၁၁-၅-၂၀၀၂ နေ့ ည ၁၁ နာရီလောက်မှာ မစ္စတာ ဆူပဟိုဟာမာနိုကူချီရဲ့ အခန်းကိုလာတဲ့ အမျိုးသမီး ဖြစ်ကြောင်း ထွက်ဆိုတယ်"

"ဟုတ်ကဲ့"

"ဒေါ်ရှိုမီထွက်ဆိုတာက ၁၁-၅-၂၀၀၂ နေ့ ည ၁၁နာရီခွဲမိနစ်မှာ ၎င်း၏ တယ်လီဖုန်းမှတစ်ဆင့် မတင်မိုးဖွေးထံ ဂျပန်တစ်ယောက်မှ ဖုန်းဆက်ကြောင်း၊ ည ကိုးနာရီလောက်မှာ မတင်မိုးဖွေး ၎င်း၏အိမ်ကိုရောက်လာသဖြင့် ဂျပန်တစ်ဦး ဖုန်းဆက်ကြောင်းပြောပြရာ မတင်မိုးဖွေး ပြန်ထွက်သွားကြောင်း ထွက်ဆိုတယ်"

"ဟုတ်ကဲ့၊ သူတို့ အဆက်အသွယ်တွေ ရှိနေမှာပေါ့"

ဦးမြင့်အောင်က တွေးဆကြတယ်။

"ဒေါ်မြဖွေက အင်းလျားလိပ်ဟိုတယ်က အခန်းအမှတ် ၅၀၈ မှာ သေဆုံးနေသူဟာ ၎င်း၏သမီး မတင်မိုးဖွေး (ခ) မကြည်မာဖြစ်ကြောင်း ထွက်ဆိုတယ်"

"ကွင်းဆက်တွေ လိုက်လိုက်တော့ အစတော့ပေါ်ပြီ ဆရာ"

ဂျူနီယာ မောင်မိုးက အားသွက်လျှာသွက် ပြောတယ်။

"အေး ရဲက ကွင်းဆက်မပြတ်သက်သေတွေကို စုံစမ်းဖော်ထုတ်ပြီး ၁၅-၅-၂၀၀၂ နေ့မှာ တရားခံ ဝေလင်းကို ဖမ်းလိုက်တယ်"

"ရဲတွေ တော်လှချည်လား၊ မြန်လှချည်လား ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးက အံ့ဩနေတယ်။

"အေး . . . ဝေလင်း (ခ) နိုင်နိုင်ဦး (ခ) ရန်ကုန်းဟာ ဟိုတယ်မှာ ဘဲ(လ်)ဘွိုင်းတစ်ဦး ဖြစ်တယ်၊ သူ့မိခင်က စောစောက အခန်းသွားကြည့်ရာမှာပါတဲ့ ခေါ်သန်းသန်းအေး။ ခေါ်သန်းယန်းအေးဟာ မစ္စတာ ဆူဟိုဟာမာနိုကူချီ နေထိုင်တဲ့အခန်း အပါအဝင် အိပ်ခန်းသန့်ရှင်းရေး ဝန်ထမ်းဖြစ်တယ်"

"အင်း. .. အတွင်းလူ ပါရမယ်လို့ပြော ထင်သား"

မောင်မိုးရဲ့ အသံ။

"အေး ၁၆-၅-၂၀၀၂ နေ့မှာ အင်းစိန်မြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီးဆီမှာ တရားခံဝေလင်းက ဖြောင့်ချက်ပေးတယ်"

"ဟင်- ဘာတဲ့လဲ ဆရာ"

ခေါ်သူဇာခိုင်ရဲ့ အသံ။

"တရားခံဝေလင်းရဲ့ ဖြောင့်ချက်မှာ ည ၈၈ နာရီခန့်မှာ မတင်မိုးမွှေး (ခ) မကြည်မာနဲ့တွေ့ဖို့ ချိန်းထားသဖြင့် မစ္စတာဆူဟိုဟာမာနိုကူချီ ငှားရမ်းနေထိုင်သည့် အခန်းမှာနီးမှ စောင့်နေကြောင်း၊ မတင်မိုးမွှေးယွက်မလာသဖြင့် ပွင့်နေသည့် အခန်းအမှတ် ၅၀၈ ဘေးပေါက်မှ အခန်းအတွင်းသို့ဝင်ပြီး အခန်းအမှတ် ၅၁၁ တွင်တွေ့ရသည့် ဓားဦးချွန် တစ်ဖက်သွားပါ ခလုတ်နှိပ်စတီးမောင်းချဓားကို ယူခဲ့ကြောင်း၊ မစ္စတာဆူဟိုဟာမာနိုကူချီနှင့် မတင်မိုးမွှေးတို့ကို ချောင်းကြည့်နေစဉ် မတင်မိုးမွှေးနှင့် မစ္စတာဆူဟိုဟာမာနိုကူချီတို့က ၎င်းကိုတွေ့သွားကြောင်း၊ မစ္စတာဆူဟိုဟာမာနိုကူချီဒေါသဖြစ်ကာ အော်ဟစ်ပြီး ၎င်းထံပြေးလာရာ ၎င်း၏လက်တွင် အသင့်ရှိနေသည့်ဓားဖြင့် အချက်ပေါင်းများစွာထိုးခဲ့ကြောင်း၊ မတင်မိုးမွှေးက ခုတင်အောက်တွင် ပုန်းနေကြောင်း၊ မတင်မိုးမွှေးကို ခုတင်အောက်ကနေခေါ်ထုတ်ပြီး ၎င်းနှင့်မာတူထွက်ပြေးရန်ခေါ်ကြောင်း၊ မတင်မိုးမွှေးက မလိုက်သဖြင့် ဓားဖြင့် ဆက်ထိုးခဲ့ကြောင်း၊ အခန်းတွင်းမှတွေ့ရသည့် ပစ္စည်းများကို အိတ်ဖြင့်ထည့်၍ယူခဲ့ပြီး မတင်မိုးမွှေး ဝတ်ဆင်ထားသည့် လက်စွပ်၊ မစ္စတာဆူဟိုဟာမာနိုကူချီ ဝတ်ဆင်ထားသည့် မကျောက်စိမ်းဆွဲသီးပါ ဆွဲကြိုးကို ဖြုတ်ယူပြီး ဆက်သီးဖြင့် ၎င်းနေထိုင်ရာ လှိုင်သာယာသို့ ပြန်ခဲ့ကြောင်း ဖြောင့်ချက်ပေးပါတယ်"

"ဩော် - လူနှစ်ယောက်ရဲ့ အသက်ကို ဆရာရယ်"

မေါ်မြသီတာက ကရုဏာသံပါပါနဲ့ ပြောတယ်။

"တိုတိုပြောရရင်တော့ကွာ အဲဒီအမှုကို တရားစွဲ၊ အဖွဲ့အစည်းက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးကို အမှုဖွဲ့တင်ခဲ့တယ်၊ တရားခံက နှစ်ယောက်"

"ဘယ်သူတွေလဲ ဆရာ"

ဖအောင်မြင့်အောင်က သိလိုဇော နဲ့ မေးတယ်။

"အေး တရားခံကတော့ ဝေလင်းနဲ့ သူ့အဖေ စန်းဝေ"

"စန်းဝေက ဘာလို့ပါလာတာလဲ ဆရာ"

"ဒီအမှုမှာ စန်းဝေက သူ့သား ယူလာတဲ့ သက်သေခံပစ္စည်းတွေကို အိမ်ခြံဝင်းအတွင်း မြေတူးပြီး ဝှက်သိမ်းဖျောက်ဖျက်ခဲ့တဲ့အတွက် သက်သေခံပစ္စည်းဖျောက်ဖျက်မှုနဲ့ တရားစွဲတင်လာတယ်"

"ဩော် . . . "

"အမှုစစ်ဆေးပြီးတော့ ဝေလင်းဟာ လူနှစ်ယောက်ကိုသတ်တာ ပေါ်လွင်နေလို့ တရားရုံးက သေဒဏ်ချမှတ်တဲ့အပြင် သက်သေခံပစ္စည်း ဖျောက်ဖျက်မှုအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁၊ ပထမပိုင်းအရ အလုပ်နဲ့ ထောင်ဒဏ် ခုနစ်နှစ် အမိန့်ချမှတ်လိုက်တယ်"

"ကောင်းတယ်၊ သူ့များအသက်ကို ရက်ရက်စက်စက် ယတ်တဲ့သူ"

ခေါ်သူဇာခိုင်ရဲ့ အသံ။

"အေး နောက်တရားခံ စန်းဝေကိုလည်း သက်သေခံပစ္စည်း ဖျောက်ဖျက်မှုရဲ့ ထောင်ဒဏ် ခုနစ်နှစ် အမိန့်ချလိုက်တယ်"

"ပြီးရောပေါ့ ဆရာ"

မောင်မိုးက အဆုံးသတ်တယ်။

"မပြီးသေးဘူးကွ"

"ဘာလို့လဲ ဆရာ"

"အဲဒီအမှုကို တရားခံတွေက တရားရုံးချုပ်ကိုအယူခံဝင်တယ်၊ တရားရုံးချုပ်ကလည်း သေဒဏ် အတည်ပြုမှုအတွက် ပြန်လည်သုံးသပ်ရတယ်"

"ဩော် . . . "

"ဒီနေရာမှာ ဥပဒေပြဿနာ ဘာပေါ်လာသလဲဆိုတော့ တရားခံဝေလင်းအပေါ်မှာ သက်သေခံပစ္စည်း ဖျောက်ဖျက်မှုနဲ့ အပြစ်ပေးထားတာ ဥပဒေအရ မှန်ကန်မှုရှိ၊ မရှိ ပြဿနာ ပေါ်လာတယ်"

"ဘာဖြစ်လို့လဲ ဆရာ"

ဦးမြင့်အောင်က မေးတယ်။

"အေး- ဒါက ဥပဒေပြဿနာကွ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၂၀၁ မှာ ပြဋ္ဌာန်းထားတာက ပြစ်မှုကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန် အကြံဖြင့် ထိုပြစ်မှုကျူးလွန်ခြင်းနှင့် စပ်

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်သော သက်သေခံ တစ်ခုခုကို ပျောက်ပျက်စေလျှင် သို့တည်းမဟုတ် ထိုအကြံမျိုးဖြင့်ပင် ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟု မိမိသိသော သို့တည်းမဟုတ် ယုံကြည်သော သတင်းကို ပေးလျှင်လို့ ဆိုထားတယ်"

"ဟုတ်ကဲ့၊ တရားရုံးချုပ်က ဘယ်လိုသုံးသပ်လဲ ဆရာ"

ဦးမြင့်အောင်က မေးတယ်။

"တရားရုံးချုပ်က သုံးသပ်တာက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၂၀၁ အရ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ကြောင်း သိလျက်ဖြစ်စေ ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီခံရမည့် ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် သက်သေခံတစ်ခုခုကို ဖျောက်ဖျက်သူမှာ ပြစ်ဒဏ်စီရင်ရန် ဖြစ်သည်၊ မူရင်းပြစ်မှုကျူးလွန်သူကို ၎င်းကျူးလွန်သည့် ပြစ်မှုအပြင် သက်သေခံအရာကို ဖျောက်ဖျက်ခြင်းအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၂၀၁ အရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်း မပြုနိုင်ပေလို့ သုံးသပ်ထားတယ်"

"ဩော်- ရှင်းပါတယ် ဆရာ၊ ဒါ့ပြင် အမိန့်က . . ."

"အေး တရားခံဝေလင်းကို သေဒဏ်အမိန့်ကို အတည်ပြုတယ်၊ ပုဒ်မ- ၂၀၁ အရ ချမှတ်တဲ့ ထောင်ဒဏ် ခုနစ်နှစ်ကို ပယ်ဖျက်တယ်၊ တရားခံ စန်းဝေ အပေါ်မှာ ချမှတ်တဲ့ ထောင်ဒဏ် ခုနစ်နှစ်ကို အတည်ပြုခဲ့တယ်"

"ဩော်- ဒါကြောင့် ကျွန်မ မေး တုန်းက ဆရာက မဟုတ်ဘူးလို့ ပြောတာကိုး"

မဒေါ်သူဇာခိုင် မေါ်းမေယောင်ပော တယ်။

"အေးလေ၊ ငါက မဟုတ်လို့ မဟုတ်ဘူးလို့ ပြောတာပဲဟာ"

"ဒါဖြင့် ဘာလို့ ကျွန်မတရားခံကို ပုဒ်မ- ၂၀၁ တပ်ပြီး စွဲတင်တာလဲ"

"ဒါတော့လည်း ပညာရှိ သတိ ဖြစ်ခဲ့နေမှာပေါ့ကွာ"

"ဒါဆို ဘယ်လိုလုပ်ရမလဲ ဆရာ"

ဒေါ်သူဇာခိုင်က သူသိချင်တာကို အတင်းမေးလေရဲ့။

"တရားရုံးမှာ ဥပဒေအချက် ထောက်ပြပြီး ချေဖျက်ပစ်ပေါ့ကွာ"

"ဩော်- ဒါကြောင့် ဆရာက မဟုတ်ပါဘူးလို့ ပြောခဲ့တာကိုး"

ဒေါ်သူဇာခိုင် ပညာရသွားလေ တယ်။

**ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)**

□


နာမည်ကျော် နာမည်ပေးကင်ပွန်းတပ် ပါရဂူ - အနာဂတ်ဟောကိန်းများ လက္ခဏာနက္ခတ္တဗေဒ အထိုင်ပင်ခံ



# ဆရာကြီးရာဇာဇေယျာဝင်း(LL.B.)

မမှုမှမပျက် မမပ်မီလှမမသော နာမည်လှလှပေးများကို ဖုန်းဆက်လိုက်ပါ။ ကင်ပွန်းတပ်ရက်၊ မင်္ဂလာဆောင်ကွန်း၊ ဇာတာ၊ ဂဏန်းဗေဒင်အဟောများ နက္ခတ်အမော်များ၊ မိဘနာမည်တွဲသုံးပုံလမ်းညွှန်၊ တစ်သက်တာ ဟောစာတမ်းများ၊ နာမည်ပေး အမည်ပါရဂူဆရာကြီးနှင့် ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန် ... ဆိုင်အမည်၊ လုပ်ငန်းအမည်၊ ကုမ္ပဏီ ... ပါဝင်သော ... လုပ်ငန်းနာမည်များ ကောင်း၊ မကောင်း စစ်ဆေးပေးသည်။ ... ရက်ကောင်းရက်မြတ်များ ... (Viber Ph. 09 5152521) ... ၂၇ ၁၁ ၂၀၁၆ ရက်နေ့တွင် ... တင်ထားခဲ့သည်။

ဖုန်း - 01 394727 . 01 399426 . 09 73009994 . 09 5152521 (ဗိုက်ဘာရမည်)



ကလေးနာမည် ပေးသည့်ဗိုရင် ဆရာကြီးမှ စိတ်ချရသည်။ ရွှင်းလက်ဂုဏ် ဒ.က.က (၁) ဒုံ

ရုံးခန်း- တိုက်အမှတ်(၉၄)၊ ပထမထပ်၊ မန္တလေးလမ်း (လယ်)၊ ပေမြောင်းကြီးအနီး၊ သိမ်ဖြူစာတိုက်မှတ်တိုင်ဆင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
အိမ်အမှတ်(၉)၊ ဒုတိယထပ်၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွှန့်။
လမ်းညွှန် - ရန်ကုန် တာမွေသွား ၇/၂၀/၆၄/၈၀ စီး၊ သိမ်ဖြူစာတိုက်ဆင်း၊ ကိုယ်ပိုင်ကား - ဒေါ်သိန်းတင်လမ်းမှဝင်




www.burmeseclassic.com

www.burmeseclassic.com



ဂါဆို၊ ဝါခေါင်

ကိုသည့်အကိုင်း မိုးသားများ ကွဲဆိုင်းလျက် မကြာခဏ ကစ်ချုန်းရွာလျက် ရှိလေရာ သူငယ်ချင်း ဖြစ်သော ရဲမြင့်၏ ဖခင်ကြီး ဦးဘစိုးအား သတိရမိတော့သည်။ စာရေးသူ ငယ်စဉ်က ကြားသိကြုံတွေ့ရသော ဖြစ်ရပ်ဆန်းတစ်ခုအား ယနေ့ စာရေးဖြစ်နေသောအခါ အတွေးထဲ အစီအရီဝင်လာသောကြောင့် စာဖတ်သူများအား ရသတစ်ခုခုရမည်ဆိုလျှင် ရေးရကျိုးနပ်မည်။ ထို့ကြောင့် ရေးသားရပါသည်။ (စာရေးသူ)

✿

"ဟေး . . . ဘစို"

"ဟေ. . ဘယ်သူလဲ၊ လာ၊ အိမ်ပေါ်တက်ခဲ့ဟ"

"ဟ. . ဘစို ဘာဖြစ်လို့လဲ၊ အိမ်ထဲက အပြင်မထွက်ဘဲ ကုပ်နေရအောင် မင်းကလည်း ဘာများဖြစ်"

ခေါ်လည်းခေါ် အိမ်ပေါ်လည်း တက်လာနေသော မောင်စိန်ဖိုးအား ကိုဘစို မြင်တော့မှ -

"ဪ- စိန်ဖိုးလား။ လာထိုင် ရေနွေးသောက်"

"ဟ ဟင်- မင်းခြေထောက်က ဘာဖြစ်ထားလို့လဲဟ၊ ပတ်တီးစည်းထားတာ"

ကိုဘစို ခြေချင်းဝတ်အား စွပ်ကျယ်အဖြူစနှင့် ပတ်လျက် ညာခြေထောက်ဖူးအထိ ဖော်ထားပြီး ခြေဆင်းထိုင်လျက် ရေနွေးကြမ်းသောက်နေသော အခြေအနေကိုကြည့်၍ ကိုစိန်ဖိုးအား မေးခြင်းဖြစ်လေသည်။

"အဟား ဟား ပြောမပြောချင်ပါဘူး စိန်ဖိုးရာ၊ ငါ့အဖြစ်ကတော့ ရယ်ရမှာလည်းအခက် ငိုရမှာလည်းအခက် ဆိုတာမျိုး ဖြစ်နေပြီ စိန်ဖိုးရေ"

"ဟ- ဘစိုတို့ကတော့ကွာ လုပ်ရှော့မယ်၊ ကဲ-မှန်း ပြစမ်းပါဦး၊ မင်းခြေထောက်က ဖွတ်များပစ်ရမလား"

"နမိတ်မရှိ နမာမရှိ အ အားလား မကိုင်နဲ့ဟ ဖိုးစိန်ရ နာတယ်ကွ။ စောစောက ဒဏ်ကျေလိမ်းဆေး လိမ်းပြီး စည်းသွားတာ၊ ခြေလှုတ်တိုက်ပြီး ခေါက်လဲတာကွ၊ အင်း ဆယ်လေးငါးရက်လောက်တော့ အလုပ်ပျက်တော့မှာပဲကွာ ဒုက္ခပဲ"

"အေးပေါ့ကွာ ဒါလေး...တော့ ရှိမှာပေါ့၊ အဲဒါထက် ...း အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုက ဘယ်လို အနာတရဖြစ်လာတယ်ဆိုတာ ပြောပါဦးဟ"

"အေး မင်းနှမ အေးစိန်ပေါ့ကွာ ဖားသား စားချင်တယ်ဆိုလို့ ငါ ဖားသွားရိုက်တာကွ အဲဒါ"

ထိုအချိန် မီးဖိုခန်းအတွင်းမှ ထွက်လာသော မအေးစိန်က ရေနွေးအိုးအား ရေနွေးထပ်ဖြည့်ရင်း -

"တော်စမ်းပါ ကိုဘစိုးရယ် . . တောင်လွှဲချ မြောက်လွှဲချနဲ့ စိန်ဖိုး နင့်သူငယ်ချင်းစကား ယုံသလား။ ငါ တစ်ခါမှ မပြောဖူးပါဘူး။ သူဟာသူ အတွေးရှည်ပြီး ဖြစ်လာတာ တော်သေးတာပေါ့ ကံကောင်းလို့၊ ဖင်း နို့မို့လို့ကတော့"

# ဖားသရဲ

ဆန်းဝင်း (ညောင်မြေ)



"ဟော - အေးစိန်ပြောတော့ တစ်မျိုးဟ၊ ကဲပါ ဘစိုး၊ ရှင်းရှင်းနဲ့ မြန်မြန်လေးပြောကွာ၊ ခုထိ ဘာကစလို့ ဘာဖြစ်တယ်ကို မရောက်သေးဘူး၊ ဆက်ပြော"

"ဟား ဟား ဟား ဟား"

"ဟော - လုပ်ပြန်ပြီ၊ အပမီလာတာ မကုန်သေးတာလားဟ"

"ရယ်ချင်လို့ပါကွာ၊ မနေ့က အေး မနေ့ညက ဆိုပါတော့ စိန်ဖိုးရာ ဟင်း ဟင်း ဟင်း"

✿

ကိုဘစိုးကား ကျွဲ ပေါသင်းရွာ (ဟင်္သာတခရိုင် အင်္ဂပူ မြို့နယ်ကွင်း) တွင် လူသိများသော မှုပ်မှု ဖြစ်သည်။ ညီအစ်ကို ငါးယောက် ရှိသည်။ အကြီးဆုံးမှာ ဦးဖိုးချစ်၊ ပြီး ဦးဟတို့၊ ကိုဘထို့၊ ကိုဘကို ကိုမမောင်မှို့ (ဦးမောင်မှိုကား ကျွဲသောင်းတွဲစု သူကြီးဖြစ်သည်)။ နောက် ဒေါ်ဧတွေးမင်းဟူ၍ဖြစ်ပြီး ၎င်းတို့ ညီအစ်ကိုများကား ရုပ်ဥပ... လည်း တော်တော်တူကြသည်... ရတွင်း တူးခြင်း၊ ဒုတ်လုံးငင်...ခြင်း ဒုတ်စီ



www.burmeseclassic.com

www.burmeseclassic.com

သော ပန်းရန်အတတ်တွင် ဘုရားစေတီ လည်း တည်ကြသည်။

ကျွဲသောင်ရွာတွင် ထိုပညာရပ်များဖြင့် အသက်မွေးကြသောသူများမှာ သူတို့ညီအစ်ကို ကာစုသာရှိလေသည်။ နာမည်လည်းရော်၏။ စာရေးသူ၏ ဖခင်နှင့်ဦးဘစိုတို့ကား တစ်တန်းတည်းသော အသက်ရှိကြသည်။ အသက် (၄၅)နှစ်ခန့် အရွယ်ကောင်းများဖြစ်လေသည်။ ဦးဘစို၏သား ရဲမြင့်၊ ဦးမောင်မှို၏သား ခင်ဝင်းတို့ကား စာရေးသူနှင့် တစ်တန်းတည်း စာသင်ရသော ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်လေသည်။

ထိုညီအစ်ကိုအုပ်စုတွင် ကိုဘစိုကား မာလွန်စိပ်မြန်ပေါက်မြန်ရှိသော လူတစ်မျိုးဖြစ်သည်။စိတ်ကူးပေါက်လျှင် ချက်ချင်း အလုပ်တက်သော အကျင့်ကြောင့် ဇနီးသည် ဒေါ်အေးစိန်နှင့် ပြဿနာ တက်ရပေါင်းလည်း မနည်းတော့ပေ။

ယနေ့ကား ဝါခေါင်လ၏လဆိုက်ရက် တစ်ရက်ဖြစ်သည်။ ငါးများ၊ ဖားများ သမားများ ကွင်းလယ်တွင် မိမိတို့နည်း မိမိကျိုဟန်ဖြင့် ဖား၊ ငါးရှာကြသည်မှာလည်း ကွင်းထဲတွင် မီးအုပ်များ၊ ဘက်ထရီမီးများ ဖျားပန်းခတ်မျှရှိလေတော့သည်။ ညနေစောင်း တစ်ချီရွာလိုက်သောမိုးကြောင့် နိမ့်သော မြေချိုင့်ဝှမ်းများ ရေဖွေးသွားလေတော့သည်။

ညနေစောင်း မိုးရွာလျှင် ကွင်းထဲတွင် ဖားကျသည်ဟု ကိုဘစို ထင်မိလေသည်။ တကယ်တော့ ကိုဘစိုကား တံငါမဟုတ်ပေ။ သို့သော် ရံခါ ဖားသားစားချင်လျှင် တောခလေ့သားပီပီ ကိုယ်တိုင်မီးအုပ် ကြိမ်ပလိုင်းလွယ်၍ ကွင်းဆင်းဖားရှာတတ်သော အလေ့ကား အချို့သော ကျွဲသောင်ရွာသားများ၏ ဓလေ့ပင် ဖြစ်လေသည်။

ယနေ့ ထမင်း စားရသည်မှာ ကိုဘစို ခံတွင်း မတွေ့၊ ခြေရင်းအိမ်မှ ဖားသားချက်သည်ဟု သိရ၍ဟင်းခွက် လာပို့နိုး မျှော်မိသေးသည်။ သူ့မိသားစု ပင်လျှင်လောက်မည်မထင်။ ကိုခြင်းလုံးတို့ မိသားစုကား အများသားပင်။ အမှန်တော့ အချိန်ရာသီအရ ကိုယ့်အားကိုယ်ကိုးပြီး ရှာမှသာ စားရချေတော့မည်ဟု ဆုံးဖြတ်မိသည့်အတိုင်း ကိုဘစို သိမ်းထားသော မီးအုပ်ကို မီးဖိုချောင်တွင်းမှ ဆွဲထုတ်လာခဲ့ပြီး ပြုပြင်သည်။ အိမ်ရှေ့မြောင်းစပ်မှ ရွှံ့အနည်းငယ်ခွာ၍ ရေနံဆီမီးခွက်အား ဖောင်းရစ်အစာကိုင်ရောက်အောင် မံလိုက်ပြီး နွားရိုက်ကြိမ်လုံးအား ဟိပ်မှေ့ယမ်းဘေးယောင်ပျက်ဆေးပြင်းလိပ်တိုအား မီးညှိရှိက်ဖွာလျက် ဘယ်ကွင်းဘက်သွားရမည်ကို စိတ်ကူးချက်ဖြင့် အလျင်ဆုံး ဖားလွှက်ရိုက်လိုက်လေသေး၏။

အချိန်ကား ည(၁၁)နာရီကျော်ခန့်ရှိပေပြီ။ ကျွဲသောင်တစ်ရွာလုံး အိပ်မောကျနေချိန်ပင် ဖြစ်ပေတော့သည်။ တစ်ခါတစ်ရံ ဟောင်သောခွေးမှအပ ကိတ်ဆိတ်လျက်ပင် ရှိလေတော့သည်။

ကိုဘစိုကား ထိုင်ရာက မထသေးချေ။ ဆေးလိပ်တိုက နှစ်ဖွာ သုံးဖွာ ရေနွေးကြမ်းကလည်း နှစ်အိုး၊ သုံးအိုး၊ အပေါ့ထသွားလိုက် ထိုင်လိုက်နှင့် ကျွဲသောင်ရွာ၏အရှေ့၊ အနောက်၊ တောင်မြောက်၊ အနောက်မြောက်၊ အရှေ့မြောက် ဖားရိုက်မည့်နေရာများ စိတ်ကူးဖြင့် အရင်လှည့်ပြီးသား။

ကျွဲသောင် မြောက်ဘက်ကား ကွင်းမရှိ၊ ရွာဆုံးလျှင် ဇဝန်မြစ်သာရှိသည်။ ကျွဲသောင်ရွာ အရှေ့ဘက်တွင်လည်း ရေနက်ကွင်းက ရေပေါင်းလန်နေပြီး ကျွဲသောင်ရွာအနောက်ကား ဝေးလံလှသည်။ ကျွဲသောင်ရွာ တောင်ဘက်ကား သချိုင်းကုန်းကိုကျော်လျှင် ငှက်လည်ပြတ်တော။ ထိုတောကား နွားစားကျက်။ သူလည်း ရေနက်ကွင်းပင်၊ သို့သော် ရေများများ မရှိသေး။ ထိုကွင်းဘက်သို့ သွားမည်ဆိုလျှင် အဆင်မပြေနိုင်သည်ဟု စဉ်းစားလျက် မီးအုပ်ကို ပြင်ဆင် ရေနံဆီဖြည့်လျက် -

"အေးစိန်၊ အေးစိန်၊ အေးစိန်ဟာ"

"အင် ဟင် ဘာလဲ ကိုဘစို"

"ငါကွင်းထဲ ထွက်လိုက်ဦးမယ်၊ တံခါးပြန်ပိတ်ထားစမ်း၊ ဘ ဘ သွားမယ် ကြားလား"

"သွား မနေပါနဲ့ ကိုဘစိုရယ်၊ မနက်ကျမှ လာရောင်းတဲ့ အသယ်ဝယ်စားလိုက်လည်း ရတဲ့ဟာကို၊ ပြီးတော့ ရှင်က သူများလို မျက်စိကောင်းတာမဟုတ်ဘူး"

"စကားကလည်း များလိုက်တာ၊ တောက် တံခါးလာပိတ်မှာ ပိတ်စမ်းဟာ"

"ကဲ- စေတနာနဲ့ပြောတာ နားမထောင်လည်း သွား သွားတော့ တော်"

ကိုဘစို မအေးစိန်အား အချေအတင်ပြောရသည်နှင့် မီးအုပ်တွင်းမှ မီးတိုင်အား မီးညှိထွန်းပြီး ကြိမ်လုံးကို ကိုင်လျက် ဖားထည့်ရန် ပလိုင်းလည်း မပါ မေ့၍ကျန်ခဲ့လေသည်။

ထို့နောက် ရွာလယ်လမ်းမှ ရွာထိပ်ဘက် ဒက္ခိဏာရုံကျောင်းရှေ့လမ်းမှ တောင်ဘက်ကွင်းအားသွားရန် ထွက်ခဲ့လေတော့သည်။ ရွာပြင်ရောက်ရန်ကား ကျောင်းဝင်းကို ဖြတ်ကျော်ရပေဦးမည်၊ ကျောင်းလွန်လျှင် ကွင်းတစ်ကွင်းရှိသည်။ ထိုကွင်း၏ရှေ့အစပ်တွင်[illegible] ကျွဲသောင်ရွာသို့ဝင်သော[illegible]လမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွဲသောင်ရွာသုသာန်ပင် ဖြစ်လေတော့သည်။

ခန့်မှန်းခြေ ဆယ့်နှစ်နာရီ (သန်းခေါင်ခန့်)ပင်ရှိပေလိမ့်မည် ထင်ရသည်။ ကိုဘစို ထွက်မလာမီကပင် ကြက်တွန်သံတစ်ချီကြားခဲ့ပြီး သန်းခေါင်ကျော်ကြက်ဖြစ်နိုင်သည်ဟု ကိုဘစိုထင်သည်။ တဖြည်းဖြည်း ကျောင်းရှေ့ကပ်သွားရသောလမ်းအတိုင်း ကွင်းဘက်သို့ ထွက်ခဲ့လေသည်။ ကျောင်းဝင်းသစ်ပင်ရိပ်များအဆုံး ကွင်းအစပ်သို့ ရောက်သော်တစ်ကွင်းလုံး ကျွက်ကျွက်ညံအောင်အော်နေကြသော ဖားသံများကားပလိုင်းမပါခဲ့မိသော ကိုဘစိုအား ပြက်ရယ်ပြုနေသယောင်။ ကိုဘစို ပုဆိုးအားခပ်တိုတိုဝတ်လျက် ခါးပိုက်ထောင် (ဖားရိုက်ပြီးက ထည့်ရန်) ပြုလုပ်ပြီးမီးအုပ်အားကိုင်၍ ကွင်းအစသို့ ထွက်လိုက်၏။ ကွင်းလေတစ်ချက်ဝှေ့လိုက်သောကြောင့် စိမ့်ခနဲတစ်ချက်ဖြစ်သွားသည်။ အနောက်ဟောင်ဖေယာင့်ဆီမှမီးသွေးများ တက်လာနေသည်ထင့်ခပ်မှောင်မှောင်ပင်၊ ကြယ် မမြင်ရ။

"အက် အက် အဲ့ အက် အဲ့"

ကွင်း အလယ်လောက်ဆီကကွင်းဂဏိုင်သံပါနေသော ဖားကြီးအသံပင် ဖြစ်နိုင်သည်။ တစ်ကောင်တည်းနှင့် သုံးလေးဆယ်သားလောက်ရှိနိုင်သော အသံဖြစ်သည်။ ကိုဘစို ဝမ်းသာသွားသည်။ တစ်ကောင်လောက်ရလျှင်လည်း တော်သောက်ပြီဟု စိတ်ဆုံးဖြတ်ချက်ချလျက် အသံခပ်မှန်မှန်လေးလေးအော်နေသော ဖွပ်းလယ်ဆီသို့ မှန်း၍ ချဉ်းကပ်သွားလေသည်။ ဒီအတိုင်းမသွား မီးအုပ်တွင်းမှ မီးကိုမှုတ်သွားသည်။ ကြိမ်လုံးတစ်ကမ်းစာအရောက် ခတ်ဆီမီးခြစ်အား ခြစ်၍မီးခွက်အား ထွန်းလိုက်၏။ ထွန်းပြီးလျှင်ပြီးချင်း ဖားအော်နေရာ ကြိမ်လုံးတစ်ကမ်းနေရာသို့ မီးအုပ်ထိုးလိုက်၏။

အသံလည်း ပျောက်သွား၏၊ ဖားလည်း ရှာမတွေ့တော့ပေ။

"တောက်. . ကွာ၊ ဘယ်ရောက်သွားရပြန်တာလဲ ဟင်း"

"အဲ့ အဲ့ အဲ့ အဲ့အဲ့ အဲ့ အဲ့"

ရှေ့ကိုက် (၅၀)ခန့်က အော်ပြန်သည်။ ခုန်တာ မြန်လှချည့်ဟုတော့ ထင်မိလေသည်။ မီးခွက်အား မမှုတ်တော့ဘဲ ခပ်သုတ်သုတ်အော်သံအနီးသို့ ကြိမ်လုံးကို အသင့်ပြင်လျက် မပြေးရုံခြေလှမ်းဖြင့် ခပ်သုတ်သုတ်ခြေလှမ်းဖြင့်မီးအုပ်ဖြင့် ရိုက်ရန်ရွယ်၍ ကြည့်လိုက်ရာ မတွေ့။ အသံပျောက် ဖားလည်းမတွေ့။ ကိုဘစို စိတ်က မိုသွားလေပြီ။ ဘာကြောင့် ဒီလို ဖြစ်ပါလဲ၊ မဖြစ်နိုင်ပါဘူး။ စိတ်ပို့ပြဿနာဖြစ်နေသည်။ တစ်ပတ်လည် ဝေ့ကြည့်ရှာသည် မတွေ့ရ။ ဖားနှင့်တူသော မြေကြီးခဲပင်လျှင် မတွေ့ရ။ အသံလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်က အမှန်။

"ဖွဲဖွဲ. . အဲ့အဲ့ အဲ့အဲ့ အဲ့အဲ့"

ကောလုပ်ပြန်ပေါ့ ဟုတ်ရဲ့လားဖားရယ်၊ တစ်ခါ အသံပျောက်ရင် ဆယ့်ရှစ်ဟောင် ပါးနှစ်ပြန်လောက် ပျောက်ပျောက်သွားသည်။ စိတ်တိုမိသည်။ အသံလာရာသို့ မှန်းဆကြည့်ရာ ကိုက်(၅၀)ခန့်က အသံသေချာသည်။ ဒါပေမဲ့သင်္ချိုင်းကုန်းအစပ် ပေါက်တောအနီးသို့ ရောက်နေပေပြီ။ ဖားတော ဟုတ်နိုင်ပါ့မလား စဉ်းစားကြည့်မိ၏။ အသံကတော့ အသေအချာ။

"အဲ့အဲ့အဲ့. . အဲ့အဲ့အဲ့"

ဖြစ်ချင်တာဖြစ် ဒီဖားမှ မရလို့ကတော့ ပြန်လို့မဖြစ်၊ ရမှ ဖြစ်မည်။ အားစိုက်၏ မဲ့ပြုံးပြုံးနှင့် ဖားမရသည့်အတွက် အထေ့အငေါ့စကားတော့ မခံနိုင်။ ရအောင်ရိုက်မည်။ ဖားက ကြီးလို့ ခုန်ပြေးတာလည်း ဖြစ်နိုင်သည်။

ကိုဘစို ခပ်သွက်သွက် ဖားကြီးအော်သံကြားရာ သင်္ချိုင်းအစပ်သို့ရောက်သည်အထိ မီးအုပ်ကို ရှေ့တည့်တည့် ဦးတည်ထိုး၍ ခပ်သွက်သွက်လှမ်းလိုက်ရာ ဖားခံအော်သံကား ပျောက်မသွားသေး။ အနည်းငယ် အော်သံပြောင်းသည်တော့ ထင်မိ၏။ ထို့နောက်အသံထွက်ရာ ချုံအစပ်သို့ မီးအုပ်အားမြှောက်၍ ကြည့်လိုက်လေသောအခါ-

"ဟာ အ . . . မား"

ကိုဘစို မိုးမွှဲ့မွှဲ့ ဖျားစိမ့်စိမ့်အရိုန်အတွင်း ဒိဝိမား ကျဉ်စက်ဖြင့် တို့ခံလိုက်ရသည့်နှယ် ဖျွန်ခနဲ ရှိန်းခနဲ ဆံပင်များပါ ထောင်သွားလျက် နောက်သို့ပင်အနည်းငယ်ယိုင်သွားလေသည်။ ကိုဘစိုခေါ ကြက်သေသေသွားသည်ပင်။

"အိ အ အဲ့ အ အဲ့"

ချုံမအစပ် မီးရောင်ဖောက်တွင်မတော့ ဦးခေါင်းစုတ်ဖွားနှင့် ခန္ဓာကိုယ်ကဖွေးဖွေးဖြူ၍ ကိုယ်လုံးတီးနှင့် ဗိုက်ကြီးအဆမတန် ပူလွန်းသော လက်မောင်းနှစ်ဖက်လုံး ဖျောက်ဝံကဲ့သို့ အမွေးများပေါက်လျက်ရှိသော ကိုဘစို၏ မီးအုပ်ဆောင်း အမရောင်အား လက်ဝါးဖြင့်ကာကားလျက် မျက်နှာဖောက်သို့ငုံ့ပြီးဖားကဲ့သို့ ဖြည်းဖြည်းချင်း အော်နေသော လူပိုလို ဖျောက်ဝံလိုလို သတ္တဝါကြီးအား မြင်လိုက်ရခြင်းကြောင့်ပင် ဖြစ်လေသည်။

သို့သော် ဟန်ကိုယ်ဖို့ဟူသောဆောင်ပုဒ်အရ သတိရသော ကိုဘစိုကား မီးအုပ်ကို ရှေ့နားသို့ ချ... လျက်ပုဆိုးအမြန်ပြင်ဝတ် ... တင်းကျိုက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ခါးတောင်းကျိုက်နေရင်းကလည်း -

"တောက်- ဘစိုတဲ့ကွ၊ တစ်စိုတည်းရှိတယ်၊ နင့်ကိုမှ မလုပ်ရရင် ငါမကျေနပ်ဘူး၊ ကဲ လာပြီ သေပေတော့"

ဟူ၍ ခပ်ကျယ်ကျယ်ထန်ထန် မာန်အပြည့် ဖောက်ကာ ကြိမ်ဝါးလျက် စကားအဆုံး မယောင်စိုက်ထားသော ကြိမ်လုံးအား ဆတ်ခနဲနုတ်၍ သုပ်မခဲ့ နောက်ကြောင်းပြန်လှည့်ကာ ကဆုန်စိုင်း၍ ပြေးလေတော့သည်။ မီးမှုပ်ကား လင်းလျက် သတ္တဝါကြီးကား မည်ကဲ့သို့ရှိမည်ဆိုသည်ကား ကိုဘစို သိစရာမလိုတော့ပါပေ။

မကြောက်လန့်စိတ်နှင့် ဒေါသမပါဝင်တော့သော ဝုဏ်၏ ပြေးအားကား မာရသွန်အပြေးသမားတစ်ဦးနှယ် ဆယ့်ငါးမိနစ်ခန့် ပြေးပြီးသော့အခါ ရွာထိပ်အိမ်များမှန်း မရောက်သွား၍ တပြေးပလျှော့လျက် မောပန်းရေဆာလာမှန်းသိရလေတော့သည်။ ကိုဘစို စိတ်ထင်ဒီးဖြူကုန်းရွာထိပ်ဟု ထင်မှတ်သဖြင့် တစ်အိမ်ကျော်ခန့်အိမ်ကား ရေနံဆီမီးခွက်ရောင် လင်းနေသောကြောင့် ရေတောင်းသောက်ရန် ခြံအတွင်းသို့ ခပ်ဖြည်းဖြည်း ဝင်လိုက်လေသည်။

ကြောက်လန့်စွာ ပြေးသူများအဖို့ လမ်း၊ ရွာ အိမ်များတတ်သောသဘောရှိကြောင်း ရှေးလူကြီးများ ပြောဖူး၏။

ကိုဘစို ဇီးဖြူကုန်းရွာထင်သော်လည်း အမှန်ကား ကျောင်းမှုက်စောင်းထိုး ရွာအဝင်လမ်းပင် ဖြစ်သည်။ သူ ရေတောင်းသောက်ရန်ဝင်သော အိမ်ကား ကိုဘစို၏ ဦးလေးအရင်း အရက်သမား ဦးဖိုးငွေ၏ အိမ်ပင်ဖြစ်ကြောင်း နောက်မှ သိရလေသည်။

ဦးဖိုးငွေကား တိုင်ကပ်စင်ပေါ်တွင် ရေနံဆီမီးခွက်အားထွန်း၍ အိမ်ရှေ့ခန်းတစ်ခန်းလုံး အရက်မူး၍ လူးလျက် လှိမ့်လျက် တစ်ယောက်တည်း စကားတွေ ပြောလျက်။

"ဟျို့ ကိမ်ရှုပ်ဟို့ ရေဟစ်ခွက် လောက် ဟိုက်. . ."

"ဘယ် ခွေးမသားလဲ၊ ဘာ ရေကစ်ခွက်"

မျက်စိလည်လမ်းမှား မှုကွဲတွေ့ရေအာလှို့ကျောင်းတာ မကြားဖူး မနာသာ ဆဲကယ်၊ ဒါ ဘယ်သူတုံး။ အသံကား ဦးလေးဖိုးငွေ ဖြစ်သည်။ ထိုအချိန်၌ ကိုဘစိုသည် ရွာထိပ်က ဦးဖိုးငွေအိမ်ဟု မှတ်မိသွားလေတော့သည်။

'သရဲခြောက်လို့ မနည်းပြေးလာရတာ ခင်းကာ ဆီးပြီး ဆဲတယ်၊ တွေ့ကြသေးတာပေါ့ပါ' ဟု စိတ်ထဲတွင်ကြိမ်းလျက် တက်ပမှ ဒေါက်ရေအိုးအား ကြိမ်လုံးဖြင့်ကြားညှပ်၍ ရေအငသောက်လိုက်သည်။ ပြီးကျင် ပါးစပ်က ဆဲဆိုစကားများနေသော်လည်း မျက်လုံးမပွင့်သောဒုင်း၏ဦးလေးအား တစ်ချက် မဲပြုံးပြုံးလျက် သရဲဖားအား မရိုက်ခဲ့ရသော ဒေါသဖြင့် အပေါ်ပိုင်းဗလာကျင်းနေသော အိမ်ဦးခန်းတွင် လှိမ့်၍နေသော ဦးဖိုးငွေအား လက်ထဲမှ ကြိမ်လုံးဖြင့် လေးငါးချက်ဆင့်၍ ဆင့်၍ရိုက်ပြီး ဆင်းပြေးလေတော့၏။

"ရွှမ်း ဖြောင်း ဖြောင်း ဖြောင်း"

"အမလေး ဗျ၊ အ အ အား ဟား ဟား၊ ဘယ်မိကောင်ဆဲကွ ဟေ့ အ အား. ."

ဆဲဆိုလျက် အော်ဟစ်လျက်ကျန်ခဲ့သော ဦးဖိုးငွေ၏ အသံကား ဝေး၍ ဝေး၍ ကျန်ခဲ့လေတော့သည်။

✿

"အဟား. . ဟား. . ဟား"

"မင်း သတ္တိမခေဘူးပဲကွ၊ မရိုက်ဖြစ်တောင် အနည်းဆုံးတော့ ကြိမ်းဝါးပစ်ခဲ့နိုင်သေးတာပဲ၊ ဒါပေမဲ့ မင်းဦးလေးကတော့ သုံးရက်လောက် ကျပ်ထုပ်ထိုးလိုက်ရတယ်လို့ ကြားတယ်၊ ညသန်းခေါင်ကျော် ဘယ်သူတက်ရိုက်သွားမှန်း မသိကြဘူးတဲ့ဟေ့"

မနောက်တစ်နေ့တွင် ကိုစိန်ဖိုး ကျောင်းသို့ ဆွမ်းပို့သွားသောအခါ ဆရာတော်က -

"ဟာ - စိန်ဖိုး"

"မှန်ပါ အမိန့်ရှိပါ ဘုရား"

"မနေ့ညက တစ်နာရီကျော်လောက် ဟောဒီ ကျောင်းရှေ့လမ်းကရေခြေချင်းဝတ်လောက်ယံမှာ ဖြန်းဖြန်းဖြန်းဖြန်းနဲ့ လူတစ်ယောက် အသားကုန်မာရသွန်ပြေးသကွ၊ ကစ်ဆုံကစ်ယောက်ပေါ့ကွာ၊ ပုဆိုးစိပ်လမ်းလျှောက်နေရင်း ကျောင်းပေါ် မြင်သကွ၊ မြန်သလားမမေးရဲ၊ ဟေ့ ဘာများဖြစ်သလဲမသိဘူး၊ စိန်ဖိုး မင်းကြားပါသလား"

'သိပါတယ်ဘုရား' ဟုဆိုလျှင် ဦးဖိုးငွေ ဖာရိုက်ခံရသော ကိစ္စ၊ ဘစိုဖြစ်ကြောင်းပေါ်မည်။ ထို့ကြောင့် -

"မှန်ပါ၊ တပည့်တော်လည်း အမှတ်တမဲ့ပါ ဘုရား"

"အေး နောက်တော့လည်း သိရမှာပေါ့ကွာ"

"မှန်ပါ ခွင့်ပြုပါဦး ဘုရား"

"အေး အေး"

ဆွမ်းချိုင့်အားဆွဲ၍ ကိုစိန်ဖိုး ဆရာတော်ကျောင်းမှ ထွက်လေတော့သည်၊ တော်တော်ပြဿနာရှာတဲ့ကောင်ပဲဟု တွေးလျက် ကိုစိန်ဖိုး ဟက်ခနဲ တစ်ချက်ရယ်လိုက်လေတော့သတည်း။

ဆန်းဝင်း(ဒေအောင်မြေ)

□

www.burmeseclassic.com

www.burmeseclassic.com

ဤရှောက်ချောင်းကျေးရွာတွင် စိုးဝင်းနှင့် မိုးမင်းမှာ နာမည်ချင်းက လည်းကောင်း၊ အမူအကျင့်စရိုက်တွေက လည်းကောင်း၊ စိတ်တူ ကိုယ်တူ အလုပ် တူတွေဖြစ်၍ စွယ်တော်ရွက်ကဲ့သို့ဟု ပြောရသည်အထိ အတွဲညီလှသည်။

စိုးဝင်းက မြစ်ဝကျွန်းပေါ်မှ ချက်မြှုပ်ဖြစ်ပြီး မိုးဝင်းက အညာဘက် ကဖြစ်သည်။ မိုးဝင်း၏ မိဘများက ဆွေမျိုးများရှိရာ လှိုင်းဘုန်းမြို့နယ် အတွင်းရှိ ရှောက်ချောင်းကျေးရွာသို့ ပြောင်းရွှေ့လာသဖြင့် စိုးဝင်းနှင့် တွဲမိ သွားသည်။ နှစ်ဦးစလုံး သက်တူရွယ်တူ တွေဖြစ်၍ စိုးကြီးနှင့် မိုးကြီးဟု အပေါင်းအသင်းများက ခေါ်ကြလေသည်။

ကွန်လေ့ပွဲကိုင်အလုပ်ကို လုပ် ကိုင်နေကြသည့် ရေလုပ်သားများဖြစ် သည့်အားလျော်စွာ မြစ်ကမ်းပါး၊ ချောင်း၊ မြောင်း စသည့် ငါးပေါသည့်နေရာများ တွင် ကွန်ပစ်ကြရပြီး ရသည့်ငါးများကို ဒိုင်သို့သွင်းကာ ဘဝကို ရပ်တည်နေကြ ရသည့် လူဖျိုလူလွတ်များ ဖြစ်ကြသည်။

ရပ်ရွာတွင် အလှူပွဲများရှိပါက ဦးရွှေရိုး၊ ဒေါ်မိုးအကဖြင့် အတွဲညီ ကကြသည်။ သူတို့နှစ်ဦးမှာ အပျော် အပြက် ဗျစ်ဗျစ်တောက် တတ် ပြောဆို၍ အစ အနောက်



သန်သည့် နေရာမှာလည်း လူကြီး လူငယ်မရွေး သူတို့ 'မစ၊ မနောက်ဖူး သည့်သူ ဟူ၍ မရှိသလောက်ပင်။ အသောက်အစား အပျော်အပါးလည်း ဝါသနာပါကြလေသည်။

အစက သူတို့ နှစ်ဦးမှာ ငါး သလောက် ပိုက်ချကြသည်။ အုန်းသီး တန်းခိုသည်။ ယင်းအလုပ်များမှာ ထင်သလောက်မကိုက်၍အလုပ်ပြောင်း ပြီး ကွန်လေ့ ပွဲကိုင်အလုပ်ကို လုပ်ကိုင် ကြခြင်းဖြစ်လေသည်။

စိုးဝင်းတို့က ဒေသခံများ ဖြစ် သည့်အပြင် ရေလုပ်ငန်းကိုလည်း မိရိုး ဖလာ အစဉ်အဆက် လုပ်ကိုင်နေသူ များဖြစ်၍ ရိုးရာဓလေ့ ပူဇော်ပသမှုတွေ နှင့် မကင်းပါ။ ဖွားတော်ရှင်ကို၊ ရေရှင် ပိုင်ဦးရှင်ကြီးတို့အား နှစ်စဉ် ဝါဝင် ဝါ ထွက် တင်မြှောက်ပန်ကြရသလို လေ့ထဲဆင်းသည်နှင့် (အဘိုး)ကို စားဦး စားဖျား ယမင်း၊ ဟင်း၊ ကွမ်း၊ ဆေး၊ လက်ဖက်တို့ကို တင်မြှောက်၍ လုပ်ငန်းအဆင်ပြေရေးနှင့် ဘေးမှား ရှိပါက ခွင့်လွှတ်ပါရန် တောင်းပန် ကြစမြဲပင်။

မိုးဝင်းက အိုက်ပြီး အယုံ အကြည် မရှိသဖြင့် ဤ ကိစ္စများကို မလုပ် သည့်အပြင် ပြက် ပြက်ချော် ပြော တတ် ပေါ့တတ် သေးသည်။

ငါးသလောက် ပိုက်ချစဉ်က မြစ် သည်။ ရေအ... တွင် စိုးဝင်းက လေ့... ပိုက်ကြီး ...ချည်၍ ပိုက်ကို

တာစ်မိုးအောက်

# ကျွင်းပိုင်ကြီးဓါဒေါသ



www.burmeseclassic.com

www.burmeseclassic.com

မျှော်ပြီးချလာသည်။ စားအိုးစားခွက်များနှင့်မဟုတ္တ ယူလာသောဓမယ်ဒလင်ကို တီး၍ သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ်ဆိုလာသည်။ ရေလုပ်ငန်း ယုပ်ကိုင်နေစဉ် မြစ်ထဲ၌ တီးမှုတ်ခြင်းကို ဆိုင်ရာပိုင်ရာများက မကြိုက်ကြပေ။ အထူးသဖြင့် ရေငန်ပိုင် ဦးမှုင်ကြီးမှ မကြိုက် မနှစ်သက်ဟု ကြားဖူး၍ စိုးဝင်းက တားမြစ်ရာ

"ဘာမှ မဆိုင်ပါဘူး၊ ငါ မောင်းတီးတာမှ မဟုတ်ဘဲ"ဟု မိုးဝင်းက ကန့်လန့်ပြောသည်။ စိုးဝင်းက -

"ကုလားစကား မပြောရဘူး၊ ကုလားသီချင်းလည်း မဆိုရဘူး" ဟု ပြောပြန်ရာ ကုလားသီချင်းအလိုက် တီးကွက်မျိုးဖြင့် "ပါသို ပါခေါင်မှာလေ မျှော်မိုးမလေးက ညှိတော့"သီချင်းကို ဆိုပြန်သည်။ စိုးဝင်းမှာ လွန်စွာကြောက်နေသော်လည်း မိုးဝင်းက ဂရုမစိုက်ချေ။ စားဦး စားဖျားကိုလည်း (အဘိုး)ကို မပင့်မမြှောက်ဘဲ စားသည့်အတွက် စိုးဝင်းက မိုးဝင်းနှင့် လက်တွဲဖြုတ်ရန်ပင် စိတ်ကူးမိလေသည်။

တစ်ခါကလည်း ပိုက်ထဲတွင် ဂျပ်မြွေ (မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ပိုင်းတွင်ရှိသည့် အဆိပ်ရှိသည့်မြွေ) တစ်ကောင်ပါလာသည်ကို မိုးဝင်းက သတ်ပစ်လိုက်သည်။ တံငါသည် ရေလုပ်သားများအဖို့ ပိုက်ထဲ၊ ကွန်ထဲတွင် မြွေပါလာပါက ပြန်လွှတ်ပေးရသည့် ထုံးစံရှိသည်။ နောက်တစ်ကြိမ် ဂျပ်မြွေတစ်ကောင် ပါလာပြန်ရာ ပိုက်မှဖြုတ်ရင်း မိုးဝင်းလက်ကို ကိုက်မိသွားသည်။

မိုးဝင်းက လှေကို ကမ်းသို့အမြန်ကပ်၍ လတာပြင်မှ (နုန်းမြေ)အား ဆီးကင်းခန့် သုံးလုံးလုံးပြီး "ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး"ဟု ဆိုကာ ရေဖြင့် သောက်ချလိုက်သည်။ ဘာမှ မဖြစ်တော့ချေ။" ရေလုပ်သားများ၏ ဆေးနည်းပင် ဖြစ်သည်။ လတာပြင်မှ နုန်းမြေကို မစားဖြစ်ရင်လည်း ခရာမြစ်ကိုဝါးစား၍လည်းကောင်း၊ သွေးသောက်၍လည်းကောင်း (မည်သည့် မြွေဆိပ်ကိုမဆို) မြွေဆိပ်ဖြေနိုင်သည်။ ခရာပင်မှာ မြစ်ကမ်း၊ ချောင်းကမ်း နံဘေးတွင် ပေါက်သည်။ ရှေးလူကြီးများ၏ ဆေးပညာနှင့် ယုံကြည်မှုပင်ဖြစ်ပေသည်။

ယနေ့လည်း ကွန်ပစ်ရန် အချိန်မကျသေး၍ လှေကို ချောင်းဂျို့ နက်စင်ဘေးမှ လမုငုတ်တွင် ကြိုးချည်၍ အရိပ်ခိုနေသည်။

မိုးပင်းတို့ လှေသမားသုံးလေးဦးက လှေနှစ်စင်း ရပ်နား၍ ရေအကျကို စောင့်ရင်း အရိပ်ခို အနားယူနေကြသည်။ သူတို့လည်း ပိုက်သမား၊ ကွန်သမားတွေပဲ ဖြစ်သည်။

မိုးဝင်းက နတ်စင်သို့သွားပြီး ပွဲတင်ထားသည့် ကွက်ပြီးမှည့်နေသော ငှက်ပျောသီးများကို ခွန့်လိုက်ရာ မည်သူမျှ တားချိန်မရလိုက်ပေ။ မည်သူမျှလည်း သူ့ဆီက တောင်းမစားမိကြပေ။ မိုးဝင်းက လှေဆီပြန်လာပြီး ပေပုံးထဲမှ ဟောဘမရက်ကိုလည်း ငှဲ့သောက်လိုက်သေးသည်။ အဘိုးကိုလည်း မတင်မြှောက်ခဲ့ပေ။

ရေကျစောင့်ရဦးမည်ဖြစ်၍ တစ်နာရီခန့်အချိန်ရှသည်နှင့် မိုးဝင်းက လှေအဖွဲ့သားများကို စည်းရုံးကာ စစ်တိုက်တမ်း ကစားကြရန် ပြောရာ လူငယ်ကာလသားများဖြစ်ကြသဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲကာ ကစားကြလေသည်။

စိုးဝင်း၊ မိုးဝင်းနှင့် အခြားတစ်ယောက်၊ ဟိုဘက်က သုံးယောက် နတ်စင်ကို အလယ်မှာထား၍ ညာဘက်ရှိ ညောင်ပင်နှင့် ဘယ်ဘက်ရှိ သမြပင်တို့တွင် အသီးသီးနေရာယူကာ ရွှံ့များဖြင့် ပစ်ခတ်၍ စစ်တိုက်တမ်းကစားကြလေသည်။

မိနစ် နှစ်ဆယ်ခန့်ပစ်ခတ်ကစားခဲ့ရာ နှစ်ဖက်အနည်းအကျဉ်းသာ ထိကြ၍ သစ်ပင်သစ်ကိုင်းများကိုသာ ထိသည်က များပြီး ကစားခြင်းကို ရပ်နားလိုက်ကြတော့သည်။

လူတွေလည်း ပင်ပန်း၍ ကမ်းစပ်ပေါ်တွင် တမောင့်အနားယူနေကြစဉ် ရေကျတော့မည်ဖြစ်၍ မိမိတို့လှေများကို ကြိုးဖြုတ်ကြပြီး အလုပ်လုပ်ရန် ထွက်ခွာသွားကြလေသည်။

ယခုတစ်ခါ စိုးဝင်းက ပဲ့ကိုင်ပြီး မိုးဝင်းက ကွန်ပစ်သည်။ စိုးဝင်းက ကမ်းအနီးတွင် လှေကိုမောင်း၍ ကွန်ပစ်ရန် လှော်ပေးခဲ့ရာ သုံးခါလောက်ပစ်မိသည်နှင့် ငါးအုံစုံ လေးငါးပိဿာခန့်ရလေသည်။ မိုးဝင်းကစ်လှည့် ပဲ့ကိုင်ပြီး စိုးဝင်းက တစ်လှည့်ကွန်ပစ်သည်။

အချိန်မှာ ညနေ ၅ နာရီ မကျော်မလေပြီ။ မှောင်နှင့်လည်း သိပ်မဝေးတော့ချေ။ သည်တစ်ကြိမ် ပစ်ပြီးလျှင် ပြန်ကြမည်တော့မည်။ ရေ့နား ဖျိုက်တောအစပ်တွင် ငါးအုပ်မြူးနေသည်ကို တွေ့ရ၍ မိုးဝင်းကို အရိပ်အကဲပြကာ စိုးဝင်းက ကွန်ပစ်ရန် ချိန်ဆနေစဉ် -

"ဗုန်း. . ."

လှေနောက်မှ ကျယ်လောင်သော အသံကြီး ကြားရ၍ စိုးဝင်းက လှည့်ကြည့်ရာ မိုးဝင်းမှာ လှေဝမ်းထဲသို့ မှောက်လျက်ကြီးလဲကျပြီး ပါးစပ်မှလည်း သွေးများ စီးကျနေသည်ကို တွေ့လိုက်ရလေသည်။ သူ့လှော်သည့် [illegible] တက်မှာလည်း ရေထဲမျော[illegible]သွား၍ အပိုလှော်တက်ဖြင့် ထိုး[illegible]ကာ -



www.burmeseclassic.com

www.burmeseclassic.com

"မိုးကြီး . . ဟေ့ . . မိုးကြီး"ဟု စိုးဝင်းမှ လှုပ်နိုးနေရာ တစ်အောင့် လောက်ကြာမှ အသံတိုးတိုးလေးဖြင့်-

"ကျောကုန်းက အရမ်းအောင့် တယ်၊ အမြန်ပြန်ကြမယ်"ဟု ပြောပြီး ထပ်မံသတိလစ်သွားတော့သည့်အတွက် လှေကို အမြန်လှော်ပြီး ရွာကို ပြန်ခဲ့ရ လေသည်။ ရွာထဲမှ ကျန်းမာရေးမှူးနှင့် ချက်ချင်းပြပြီး ညတွင်းချင်း မော်ကျွန်း ဆေးရုံသို့ စက်လှေဖြင့် အမြန်ပို့ခဲ့သော် လည်း လမ်းတွင် မိုးဝင်းတစ်ယောက် မယနဲ့သွားတော့သည်။

ဆေးရုံမှ ရင်ခွဲစစ်ဆေးချက်အရ ကျောကုန်းကို ပြင်းထန်စွာ အရိုက်ခံရ ကြောင်း၊ လက်ဝါးချောင်းရာကြီးဖြင့် ညို မည်းလျက်ရှိကြောင်း၊ ကျောကုန်းထဲမှ ဆံပင်ချည်ထွေးများ၊ အုန်းသီးစိပ်များနှင့် ငါးဖမ်းပိုက်အမွေးများ ရရှိကြောင်း သိရလေသည်။

မိုးဝင်း၏ အသုဘ ရက်မလည် ခင် နှစ်ရက်အလို၌ မိုးဝင်း၏ဒေါ်ကြီး ဖြစ်သူ ဒေါ်တင်အား ကွင်းပိုင်ကြီးက ဝင်ပူး၍ -

"ရွံ့တွေ၊ ခဲတွေနဲ့ ငါတို့နေရာကို ပစ်ကြတာ ငါတို့တွေရောကလေးတွေပါ ထိမှန်ကုန်တယ်၊ ကလေး တစ်ယောက် က မျက်လုံးကန်းသွားတယ်၊ ကလေး တစ်ယောက်က လက်ကျိုးသွားတယ်၊ ဒါကြောင့် ငါလုပ်လိုက်တာ၊ ဒီကောင် အဆိုးဆုံးပဲ၊ နောင် ဒီလိုလာလုပ်ရင် အားလုံးကို သတ်ပစ်မယ်၊ အာမှတ်လဲ၊ ငါတို့ ယုံဝမကျေနပ်ဘူး"ဟု ပြောရာ မိုးဝင်းမိဘများက -

"အမိုက်အမဲလေးမှတွေမို့ ခွင့် လွှတ်ပေးပါရန်နှင့် လာရောက်၍ ပူဇော် ပသပါမည်၊ နောင်မလုပ်ဖောင်လည်း ဆုံးမပါမည်"ဟု အကြိမ်ကြိမ်တောင်းပန် မှ ပွက်သွားလေသည်။

ဤကိစ္စများဖြစ်ပြီး သုံးလခန့် အကြာတွင် စိုးဝင်းတစ်ယောက် သံဝေဂ ပဲရသွား၍လား၊ ကြောက်ရွံ့သွား၍လား မပြောတတ်ပေ သာသနာ့ဘောင်သို့ အပြီးဝင်သွားလေသည်။

မိုးဝင်းကတော့ ရက်လည်ပြီး သုံးရက်မြောက်တွင် မိခင်ဒေါ်ကြင်အား ရွာအဝင် လက်ပံပင်ကြီးဘေးရှိ သစ် ငုတ်တိုကြီးတွင် နေရကြောင်း၊ သူ့ အတွက် ကုသိုလ်ကောင်းမှုပြုပြီး အမျှ အတန်း ပေးဝေပါရန် ပိန်ညှော်မည်း ခြောက်နေသည့်မျက်နှာဖြင့် ခရိုခနေ သည့် အဝတ်များဝတ်ထားပြီး အိပ်မက် ပေးကြောင်း သိရလေတော့သည်။

**တစ်မိုးအောက်**

□

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ဓမ္မကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ





ဖျံ-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
ထသတက(ကနယ်ဇင်း) ၁၁၇/၀၃၁၅




သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့
ဖြန့်ချိလိုက်ပါပြီ။



ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၉၁၇၅၄၊ ၃၉၂၉၉၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

Result Paper ကို အခါခါကြည့်ရင်း မောင်ရိုးဂုဏ်၏ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။ မောင်ရိုးဂုဏ်၏နောက်ရှိ Result လာကြည့်သူများက ရှေ့တွင် တစ်ကိုယ်လုံးတုန်လျက် ပိတ်ရပ်နေတာ ကြာပြီဖြစ်သော မောင်ရိုးဂုဏ်ကို အမြင်ကတ်ပုဒ်မဖြင့် မကျေမချမ်း တိုးဝှေ့တွန်းဖယ်ကာ Paper ကို လာကြည့်နေကြသည်။ တချို့က "သေပြီကွာ" ဟုအော်ကာ စိတ်ပျက်လက်ပျက် ပြန်သွားကြသလို တချို့က လည်း -

"ဟေ့- ဟေ့ အောင်ပါပြီဟေ့။ လုံး အောင်းကာယ်၊ နောက်တစ်နှစ် ပျော်ပျော်ကြီး တက်ဦးမယ်"ဟူ၍ ရွှင်မြူးစွာ ဟစ်အော်လျက် ထွက်ခွာသွားကြသည်။ တစ်ယောက်တလေကသာ မောင်ရိုးဂုဏ်ကဲ့သို့ Paper ကို အခါခါကြည့်ကာ ငကြောင်စီစီဖြစ်နေသည်။

ပတ်ဝန်းကျင်မှ လူများ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားသော်လည်း မောင်ရိုးဂုဏ်ကတော့ နေရာမှ မရွေ့သေး။ အထက် အောက် ပြေးလွှားနေသော မျက်လုံး အစုံက လည်း Result Paper မှ မခွာသေး။

"၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇"

၁၇ ယောက်၊ ဟုတ်ပါတယ်၊ မျက်စိ မမှားပါဘူး။ စိတ်ထဲတွင် တိုးဖွဖွ ရွတ်တွားရင်း မောင်ရိုးဂုဏ် မယုံနိုင်သေး၍ ပဉ္စမအကြိမ်မြောက် ထပ်ရေကြည့်ပြန်သည်။

"၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇"

ဟုတ်ပါတီ၊ သေချာစွာ ရေတွက်ကြည့်ပြီးပါပြီ။ ၁၇ ယောက်တိတိ။ မျက်စိရှေ့မှ စာရွက်က အောင်စာရင်းစာရွက်မှ ဟုတ်ရဲ့လားဟု မောင်ရိုးဂုဏ် သံသယဝင်သွားသည်။

၁၇ ယောက်တည်းရယ်၊ ဘာကြီးလဲ၊ ဒါက အောင်တဲ့သူတွေလား၊ ကျတဲ့သူတွေလား။

သောကနှင့် ဒွိဟတို့၏ ဖွဲ့နှောက်မှုကြောင့် ရင်ထဲတွင် တလှပ်လှပ် ခုန်နေရာမှ တဆတ်ဆတ် တုန်လာသည်။

သူငယ်ချင်း ရင်ဖအေး ဖုန်းဆက်ပြောစဉ်က ဒီတကောင် နောက်နေတာဖြစ်မယ်ဟု ထင်မှတ်ခဲ့မိရာ ယနေ့လို မျက်မြင်ဒိဋ္ဌ တွေ့လိုက်ရမှ မောင်ရိုးဂုဏ် ချောက်ချားသွားရပြီ။ Dream do come true အိပ်မက်က ကကယ်ဖြစ်လေပြီ။ သို့သော် ဖြစ်လာသည့် အိပ်မက်က အိပ်မက်ဆိုး nightmare ကြီး။

ယမန်နှစ် ကျောင်းတက်ခဲ့စဉ်ကာလက Pre test (အကြိုစာမေးပွဲ) ကျွေးများလွန်း၍ စိတ်ညစ်ညစ်ဖြင့် "ငါတို့ တစ်ခန်းလုံး ကျရင် အေးရောကွာ" ဟု နောက်ပြောင်ပြောဆိုခဲ့မိသော စကားသည် ယခုတော့ အမှန်တကယ် ဖြစ်သွားခဲ့ပါပြီ။

Result Paper ကို စိုက်ကြည့်နေပေမယ့် မောင်ရိုးဂုဏ်၏ မျက်လုံးတွေက Paper ကို မမြင်တော့ဘဲ နောက်တတ်ရာရာများကိုသာ မှန်းမြင်နေမိသည်။ အိမ်ရှေ့က စပ်စုတတ်သည့် ပုန်ပြားဖါးသည် ဒေါ်အေးကြည်၊ ဝယ်စားနေကျ ရှမ်းခေါက်ဆွဲဆိုင်မှ အန်တီတုတ်၊ လူတကာအကြောင်း အတင်းပြောတက်သော ကုန်စုံဆိုင်က ဒေါ်သောင်းကင်။

ဩော်- သူတို့တစ်တွေများ ငါ စာမေးပွဲကျတဲ့အကြောင်း သိသွားရင် ဘယ်လောက် ပြောလိုက်ကြမလဲ။

အတွေးနှင့်ပင် မျက်လုံးထဲတွင် ကွင်းကွင်းကွက်ကွက် မြင်လာ၏။ လည်ကတုံးအကျီဖြူ ပုဆိုးစိမ်းပြာနှင့် မောင်ရိုးဂုဏ် ကျောင်းသွားသည်ကိုမြင်လျှင် ဒေါ်အေးကြည်က မုန့်ဟင်းအိုးအနီးမှာ ရပ်နေသည့် သူ့ယောက်ျားကို လက်ကုတ်ခေါ်ကာ မေးငေါ့ပြမည်။

"ကြား မကြားဘူးပေါ်၊ ဆယ်တန်းအခါခါကျတဲ့ တို့သား ဖိုးမောင်တောင် တက္ကသိုလ်မှာ စာမေးပွဲအောင်တယ်၊ သူက ကျတယ်မဲ့၊ အထက်တန်းကျောင်းတုန်းက ကုပ်ခဲ့သမျှ မပတိုးမျှ သောင်းကျန်းနေသလားမှ မသိတာ၊ ကျောင်း ကျောင်းဆိုပြီး ဘယ်တွေ သရေထိုးနေသလဲ မခန့်မှန်းတတ်ပေါင်တော်" ဟူ၍ မပြောရုံတမည်သာ ရှိတော့သည်။

ရှမ်းဆိုင်မှ အန်တီတုတ်က -

"ရိုးရိုးအေးအေး နေတဲ့ မိုကောင်လေးပေါ့၊ စာမေးပွဲကျတယ်ဆိုလေ၊ ပုံစံလေးက ထက်ထက်မြက်မြက်နဲ့ ဘာဖြစ်ပျော့ကျလဲ မသိ"

ကရုဏာသက်ဟန် သဏ္ဌာန်လုပ်ကာ လာသမျှလူတိုင်းကို မောင်ရိုးဂုဏ်အကြောင်း ဖောက်သည်ချလိမ့်မည်။ ဒေါ်သောင်းကင်ကတော့ ဝယ်သူလာလျှင် -

"ဟိုဆောင့်ကြွား ဆောင့်ကြွား ကွန်ပျူတာကျောင်းသားလေး စာမေးပွဲကျသတဲ့၊ တက္ကသိုလ်ကျောင်းသားဖြစ်ပြီး စာမေးပွဲကျတယ် ဆိုကတည်းက တွေးသာကြည့်ပေတော့၊ ဘယ်လောက် အလေလိုက်သလဲဆိုတာ" ဟူ၍ ကြား တကြား မောင်းမြှောင်းပြောပည်မှာ အမှန်အကျ။

တွေးရုံမျှဖြင့် ရပ်[illegible]ထဲသို့ မောင်ရိုးဂုဏ် မျက်နှာမ[illegible]တော့။



www.burmeseclassic.com

www.burmeseclassic.com

မောင်ရိုးဂုဏ်က နာမည်နှင့်လိုက်အောင် ကိုယ့်ရိုးသားမှုအပေါ် ဂုဏ်ယူတတ်လွန်းခဲ့သူ။ ပညာဂုဏ်မြောက်ခြင်း မဟုတ်သော်လည်း ကန်သက်နှင့်ကတ်ကိုယ် မကျူးလွန်ဖူးသဖြင့် အောင်မြင်သူဟူ၍ ကိုယ့်ကိုယ်ကိုယ် ဂုဏ်မြှင့်ကာက်ခဲ့သည်။ ယခုတော့ မောင်ရိုးဂုဏ် ပင့်ကြွားခွင့်မရှိတော့၊ ကျူးလွန်ဖူးသွားခဲ့ပြီ။ ကျူးလွန်မှုသည် ခံရသူအဖို့ ခါးသီးလွန်းလှ၏။ ပြီး၍ နာကျင်စရာကောင်းသည်က ယိုကျူးလွန်မှုမှာ တရားမျှတခြင်းမရှိဘဲ မောင်ရိုးဂုဏ် မိမားမနေရ၏။ မြေခြံ • မာဆုံးသတ်မှာတော့ လူတွေက ရိုးသားမှုဂုဏ်ကို မမြင်ဘဲ စာမေးပွဲကျသည်ကိုသာ မြင်ပေတော့မည် မဟုတ်ပါလား။

မကျောင်းသား နောက်တစ်ဆုပ်လာရောက်တိုးတိုက်လိုက်မှ မောင်ရိုးဂုဏ် သတိဝင်လာကာ စိန်ရာမှထွာ၍ ခပ်ဝေးဝေးရှိ ထိုင်ခုံတစ်လုံးကွင် သွားထိုင်ပြီး ပြေးလွှားနေသည့်စိတ်ကို ကြိုးစား စုစည်းလိုက်သည်။ ဘယ်သူ ဘာပြောပြော ဂရုမစိုက်တော့။ မြတ်ဘုရားရှင့်တောင် ပေါကြားတော်မူခဲ့သားပဲ။ အိုးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်တဲ့။ ငါ ဂရုမစိုက်ရင် ရသားပဲ။ ဘယ်သူတွေက ဘာပဲပြောနေပါစေ၊ ငါ အဖက်မလုပ်ဘူးဟု ဆုံးဖြတ်လိုက်ပြီးမှ Hon: တန်းဝင်သွားသည့် တခြားမေဂျာက သူငယ်ချင်းကို မြင်သောအခါ တစ်ဖက်သို့ မျက်နှာလှည့်ကာ ပုန်းနေမိသည်။

ပတ်ဝန်းကျင်ကို အလွန်ဂရုစိုက်တတ်သူမောင်ရိုးဂုဏ်အတွက် ဥပေက္ခာဟူသောတရားသည် ခက်ခဲလွန်းပါ၏။ ထိုသူငယ်ချင်းက အားပေးမှာလား၊ ကဲ့ရဲ့မှာလား မသိသေးပေမယ့် ကိုယ့်ရှုံးနိမ့်မှုအပေါ် ကိုယ်သိမ်ငယ်ကာ ပုန်းရှောင်နေမိခြင်း ဖြစ်သည်။ နောက်ပြီး ယူကျုံးမရလည်း ဖြစ်မိ၏။ ၁၇ ယောက်ထဲ၌ ကိုယ့်ထက်သာလွန်သူ လွန်ရော ကျုံရော ၁၀ ယောက်မန်းယာရှိပြီး ကျန် ၇ ယောက်မန့်မှာ ရိုးရိုးသူများသာဖြစ်ကြောင်း၊ အချင်းချင်းဖို့ မောင်ရိုးဂုဏ် သိနေ၍ ပို၍ခံပြင်းမိသည်။ သူတို့၏ အောင်မြင်မှုအပေါ် ဣဿာမစ္ဆရိယ စိတ် မဖြစ်လိုသော်လည်း မတရားသည့် လောကကြီးကိုတော့ မောင်ရိုးဂုဏ် မုန်းတီးမိသည်။ နာကြည်းစရာအတွေးတို့ ပင်မရောက်လာသည့်အခါ စိတ်ဝိညာဉ်ဟာ လေတိုက်ခတ်သော ဂိဂွမ်းစပမာ အဝိုဝဲမနေရက်များဆီသို့ကာစဥ္စကလျှား ပျံ့လွင့်သွားခဲ့ပါပြီ။

◆

ကျူရှင်ဆိုသော ဝေါဟာရကို မောင်ရိုးဂုဏ် မုန်းသည်။ နုနယ်လွန်းသော အသိအာရုံထဲတွင် ခံစားနေရဆဲ မန်မိုရီတစ်ခုကို မောင်ရိုးဂုဏ် မမေ့ဖျောက်နိုင်စွမ်း မရှိသေး။ သူငယ်တန်းအောင်မြင်ပြီးသည့်နောက် ကျောင်းပိတ်နေသည့် ကာလတစ်ခုတွင် မောင်ရိုးဂုဏ်ဟာ ကလေးမိပိ ခြံထဲရှိ စွယ်တော်ပင်ကြီးအောက်မှာ ဆော့ကစားလျက် အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနေခဲ့သည်။

ဟုတ်ပါသည်၊ ဆော့ကစားခြင်းဆိုတာ ကလေးများအတွက် အားလပ်ရက်ကို အကျိုးရှိရှိ သဘာဝကျကျ ကုန်ဆုံးစေခြင်းသာ။ ကလေးများအတွက် ကစားခြင်းသည် ဖြတ်ထိုးဉာဏ်ကို ရင့်သန်စေပြီး ခန္ဓာကိုယ်ကိုလည်း သန်မာစေသည်။ အပေါင်းအသင်းနှင့် ဆော့ကစားခြင်းအားဖြင့် လူစုလူဝေးနှင့် နေထိုင်တတ်ကာ ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းမျိုးကို လေ့ကျင့်ပေးသကဲ့သို့ ရှိတာကြောင့် ကလေးအရွယ်တွင် ဆော့ကစားသင့်ပေသည်။

မောင်ရိုးဂုဏ်ကတော့ အဆော့သန်သော ကလေးတစ်ယောက်ဟု ဆိုရပေမည်။ ကစားနည်းအမျိုးမျိုး ကစားဖူးသည်။ ဘောလုံးကန်၊ ဒိုးပစ်၊ တိုင်ဦး၊ ပုံတောက်၊ ဂေါ်လီလုံးလိမ့် စသော ယောကျ်ားလေး ကစားနည်းများသာမက ကြိုးခုန်၊ ဖယ်တောက်၊ ဟင်းချက်၊ မျှေးဝယ်စသည့် မိန်းကလေးကစားနည်းများပါမကျန် အကုန်ကစားသူဖြစ်၏။ ယိုကဲ့သို့ အဆော့မက်သော ကလေးသည် ပထမတန်းသို့ ရောက်သည့်အခါ ကျူရှင်ဟူသော ကျောင်းပိုကန်းအကွက်မှားယပ်ရက်များကို ဖုံ့ပေးလိုက်ရသည်။ ကျောင်းပိတ်သော်လည်း ကစားခွင့်မရဘဲ ကျူရှင်ကို တက်ခဲ့ရသည်။

မောင်ရိုးဂုဏ်က ကျောင်း၌ စာညံ့သော ကလေးမဟုတ်။ စာမေးပွဲ ပုံမှန်အောင်ပြီး မာတန်မာသင့် အဆင့်ရသည့် ကလေးတစ်ယောက်ဖြစ်သော်လည်း မိဘများက ကိုမှုဖြင့် အားမရ။ ကျူရှင်မတက်ဘဲနဲ့တော့ ဒီခေတ်စာတော်တဲ့ကလေး ကျူရှင်များတက်ရင် ဘယ်လောက်တော်မလဲဟူသော မိဘတို့၏ သားသမီးအပေါ် ထားရှိသည့် စေတနာလောဘအတိုင်း မောင်ရိုးဂုဏ်ကို အိမ်အနီးရှိ နာမည်ကြီးကျူရှင်ဝိုင်းသို့ ပို့ခဲ့သည်။

ကျူရှင် စတက်ရသော ထိုနေ့ရက်ကို မောင်ရိုးဂုဏ်၏ ဦးနှောက်ဝယ် တံဆိပ်နှိပ်လိုက်သကဲ့သို့ ထင်းခနဲစွဲကျန်ရစ်ဆဲ။ ချောက်ချားဖွယ် မန်မိုရီဆိုးကြီးတစ်ခုလို အမှတ်ရနေဆဲ။

ထိုနေ့က စွယ်တော်ပင်အောက်တွင် ဆော့ကစားနေသော မောင်ရိုးဂုဏ်၏အနားသို့ မေမေရောက်လာပြီး-



www.burmeseclassic.com

www.burmeseclassic.com

"သား မဆော့နဲ့တော့၊ ဒီနေ့ ကျူရှင်သွားရမှာလေ" ဟု ပြောကာ မောင်ရိုးဂုဏ်ကို ဆွဲခေါ်သွားခဲ့သည်။ လွတ်လပ်ပေ့ါပါးစွာ ဆော့ကစားနေသော မောင်ရိုးဂုဏ်၏အသိဉာဏ်ထဲသို့ ကျူရှင်ဆိုသော ဝေါဟာရသည် ဓွတ် တရွတ် တိုးဝင်ကာ ဦးနှောက်ကို ကျပ်ခဲသွားစေခဲ့သည်။ ဘာလဲ၊ ကျူရှင်ဆိုတာ ဘာလဲ။ လော်လောဆယ်တော့ မောင်ရိုးဂုဏ် သဘောပေါက်လိုက်သည်က ကျူရှင်ဆိုသော အရာသည် မောင်ရိုးဂုဏ်၏ လွတ်လပ်စွာ ဆော့ကစားမှုကို ပိတ်ပင်တားမြစ်လိုက်သော အန္တရာယ်မဲ့တိုင်းပင်။

ယခင်ကလို မောင်ရိုးဂုဏ် လိပ်ပြာလေးတွေနှင့် ဆော့ခွင့်မရတော့သလို မေးရောင်ခြယ်ရင်း ပန်းချီဆွဲဖို့လည်း အချိန်မရှိတော့ပါ။ ကျူရှင်ဆိုသော အရာအတွက် မောင်ရိုးဂုဏ် ပိုင်သမျှအားလပ်ချိန်တွေကို ပေးလိုက်ရပြီ။

ထိုအချိန်ကစပြီး ကျူရှင်ဆိုသောအရာကို မောင်ရိုးဂုဏ် မုန်းမိသည်။ ကလေးမအသိဉာဏ်ဖြင့် ပျားပွင်းစွာ စွဲမြဲခဲ့၍များ မုန်းတီးနေတာလား။ ငါ့မူမဟုတ် ကလေးဘဝ၏ လွတ်လပ်ခွင့်တွေကို အမှန်တကယ် ဖျက်ဆီးခဲ့၍များ မုန်းတီးနေတာလား။ ယိုယွင်းပျက်စီးနေသည့် ကျူရှင်ဆိုသည့် သက်တမ်းတစ်လျှောက် နာကျင်ဖွယ်ရာ အမှတ်တရတွေကို ပိုင်ဆိုင်ခဲ့၍များ မုန်းတီးနေတာလား။

အဖြေမှန်ကို ယခုထက်တိုင် မောင်ရိုးဂုဏ် ကိုယ်တိုင် ဝေခွဲ၍မရသေး။ သေချာတာကတော့ ကျူရှင်ဆိုသော ဝေါဟာရကိုပင် မောင်ရိုးဂုဏ် မနှစ်သက်။ ကျူရှင်ဆိုသောအရာသည် ကျောင်းမှန်မှန်တက်ပြီး စာကျက်သော ကျောင်းသားတွေအတွက် မလိုအပ်ဘဲ သက်တမ်းခိုးသော အကြောက်သင်တန်း တစ်ခုသာ။

ကျူရှင်ဆိုသောအရာ ပေါ်လာကတည်းက ဆရာ၊ ဆရာမ အချို့သည် ထိုကျူရှင်အပေါ် အားကိုးကာ ကျောင်းတွင် သင်ကြားမှု လျော့ရဲလာသည်။ ထိုလျော့ရဲသော ဆရာ၊ ဆရာမများကြောင့် နာ လေးနာနှင့် ပြည့်ဝသော ဆရာစစ်ဆရာမှန်များ ရှားပါး ရောယောင်ကာ နစ်နာရသည်။ တချို့ ဆရာ၊ ဆရာမများကမူ ကျူရှင်သင်ကြားသူများအပေါ် မုန်းတီးစိတ်ဖြင့် အတန်းထဲက ကျောင်းသားများကို ကသိကအောက် အပြစ်ရှာကြသည်လည်း ရှိ၏။ ကိုးကဖြစ်အပျက်တို့တွင် ကြီးစွာနစ်နာရသူက ကျောင်းသားများသာဖြစ်ရာ ထိုနစ်နာမှုကို ခံစားခဲ့ရသူများထဲတွင် မောင်ရိုးဂုဏ်ဟာလည်း တစ်ယောက်အပါအဝင်။

နှစ်ပေါင်းများစွာ (ဆယ်နှစ် နီးပါး) တက်ခဲ့ရသောကြောင့်လည်း ကျူရှင်ဆိုသောအသံကို ကြားလိုက်ရသည့်အခါတိုင်း မောင်ရိုးဂုဏ်၏ နှလုံးသားဆတ်ခနဲကျက်ကာ လန့်ထိတ်သွားရသည်ချည်း။ ထိုမျှလောက်အထိ ကျူရှင်ကို မောင်ရိုးဂုဏ် လန့်ကြောက် မကြောက်မနေခဲ့သည်။

မောင်ရိုးဂုဏ်သည် ငယ်ငယ်က ဝဝဖွေးဖွေးနှင့် ချစ်စရာကောင်းသော ကလေးလေးဖြစ်သည်။ သို့သော် ရုပ်ကလေးနှင့်မှ မလိုက်အောင် မျက်နှာ ယားပုပ်၏။ ဘဝတွင် အလိုမကျမှုများ ပြည့်နှက်ခဲ့၍လား (သို့မဟုတ်) ဝဋ်ပဲလား မသိပေမယ့် မျက်နှာလေးက ပြုံးရယ်ခဲလှသည်။ အမြဲတမ်း ခပ်တည်တည်။ ထိုခပ်တည်တည်၏နောက်တွင် အားငယ်မှု သိမ်ငယ်မှုများ ရှိသည်။ ဝမ်းနည်းပိုကြွေးမှုများ ရှိသည်။ လောကကြီးအပေါ် နာကြည်းနေမှုများလည်း ရှိသည်။ မောင်ရိုးဂုဏ်ဟာ နာမည်နှင့်လိုက်အောင် ရိုးအလွန်းသောကြောင့် ကလေးဘဝတွင် နာကျင်စရာများကို ကြုံတွေ့ခဲ့ရသည်။

ခပ်တည်တည်နေသော မောင်ရိုးဂုဏ်ကို ဆရာမ တော်တော်များများက မချစ်ခင်ကြပေ။ အကြင်နာ၊ စေတနာ၊ တရားအား၊ အနစ်နာ ဟူသော နာ လေးနာတရားနှင့်မပြည့်ဝသော ဆရာမများသည် ပါတိတ်လက်ဆောင်ပေးသော၊ နေရာထက် မုန့်ဖိုးပေးမြဲဖြင့် လောကွတ်ပြုတတ်သော၊ မျှတစ်မျိုး ကွယ်ရာတစ်မျိုး ဆက်ဆံတတ်သော ကျောင်းသားများအပေါ်တွင် မေတ္တာသက်ဝင်ကာ တွေ့နေပြီး ရုပ်တည်ကြီးဖြင့်ပေတောင်းပဲ လာလာဆွဲနေသော မောင်ရိုးဂုဏ်ကိုတော့ အကြင်နာမဲ့ဆက်ဆံခဲ့ ကရုဏာလည်း သနားမထားခဲ့။ မောင်ရိုးဂုဏ်လို ခပ်နုံနုံ ကျောင်းသားမျိုးကို ဆက်ဆံနေ၍လည်း ပါတိတ်လက်ဆောင်ပို့လာမှာမှုတ်သည့်လားဟု သဘောပေါက်ခဲ့ကြသလား မသိ၊ ကျေးဇူး ရှင်သား ပွဲမြားကတ်သော နာလေးနာနှင့်မပြည့်ဝသည့် ဆရာ၊ ဆရာမများကြောင့် မောင်ရိုးဂုဏ်၏ စိတ်တွင် ထိခိုက်ခဲ့ရသည်။ နုနယ်လွန်းလှသော မောင်ရိုးဂုဏ်၏ ကလေးဘဝ နှလုံးသားကို သိမ်ငယ်သွားစေခဲ့သည်။

မအသင့် ၊ ၂ ၃ ရထနေတာချင်း အတူတူ ကိုယ်ရသည့် အလုပ်ရကျ အဖွက်လုပ်မည့် ဆရာမ မရှိ အတန်းပိုင် မရှိ။ ဘဝသည် ဘလာနဖွဲ့မမ မောင်ရိုးဂုဏ် ခံစားခဲ့ရသည်။

မောင်ရိုးဂုဏ်ကို ကျွင်စေဆုံး ဖြစ်ရပ်တစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com

လေးတန်းကျောင်းသားဘဝ၌ မောင်ရိုးဂုဏ် အ. လ. က (. . .) မင်းလယ်ဘုံတွင် ကျောင်းတက်နေခဲ့ရာ နှစ်ပတ် မာတန်းပေါင်းစာမေးပွဲကြီးကို ဖြေဆိုကြရစဉ် ဆရာမများအပေါ် စကားအရာဖြင့်လည်းကောင်း၊ လက်အရာဖြင့်လည်းကောင်း 'ဖား' ခြင်း မရှိသော မောင်ရိုးဂုဏ်သည် သာမန်ကျောင်းသားတစ်ယောက်အဖြစ်သာ စာမေးပွဲဖြေဆိုနေရပြီး အတန်းထဲမှ ခပ်ကဲကဲ ကျောင်းသား တစ်သိုက်မှုမူ ဆရာမအပေါ် လောကွတ်အပျော့မျှော်တတ်၍ အတန်းခေါင်းဆောင်ရာထူးကို ပိုင်ဆိုင်ထားကြသဖြင့် ဖြေဆိုနေသူများကို ဆရာမကိုယ်တိုင်က စောင့်ကြည့်ပေးနေကြသည်။ (သူတို့ကမူ စောစွာဖြေဆိုပြီးသွားကြပြီ။)

ထို ကျောင်းသားတစ်စုသည် 'မှားယွင်းသူမှာပေါ့' ဖားပေးရမည်။ အကူအညီလိုသူကို အကူအညီပေးရမည်' ဟူသော လောကတရားတော်ကို နားလည်သူများမဟုတ်ဘဲ ဆန့်ကျင်ဘက်ပြုကာ 'အားငယ်သူကို ဖိနှိပ်ပြီး ဒုက္ခရောက်နေသူအပေါ် လှောင်ရယ်လိုသူများ' သာဖြစ်ရာ အတန်းထဲမှ မိန်းကလေးများကိုလည်း မကြာခဏ နောက်ပြောင်ဒုက္ခပေးတတ်၍ အားနည်းသူဘက် ရပ်တည်ပေးတတ်သော မောင်ရိုးဂုဏ်နှင့် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ထိပ်တိုက်ရင်ဆိုင်ခဲ့ဖူးသည်။ သို့ကြောင့်လည်း မောင်ရိုးဂုဏ်အပေါ် အငြိုးအတေးထားလေသလား မပြောတတ်။ မောင်ရိုးဂုဏ် စာမေးပွဲဖြေဆိုနေသည့်အခိုက် -

"ဆရာမ၊ ဟိုမှာ မောင်ရိုးဂုဏ် ဘေးက ကောင်မလေးဆီက စာခိုးချနေတယ် ဆရာမ" ဟု စောင့်ကြည့်သူ သုံးယောက်ထဲမှ အစွန်ဆုံးတစ်ယောက်က ထအော်လိုက်သည်။

ကြားလိုက်ရသည့် အသံကြောင့် မောင်ရိုးဂုဏ်၏နဖူးကိုယ် ဆက်ခနဲ တုန်သွားသည်အထိ လန့်ထိတ်သွားခဲ့ရ၏။ ဘယ်မှာလဲ၊ ဘယ်မှာများ မိမိ စာခိုးချမိလို့လဲ။ ခေါ်သာကွက်သည့်စိတ်နှင့် အသံလာရာဆီသို့ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ သူငကောင်းသား သုံးယောက်က ပြုံးတုံ့တုံ့ဖြင့် မောင်ရိုးဂုဏ်ကို ယမျော်နေသည်။ သူတို့ မတရားလုပ်သော်လည်း မောင်ရိုးဂုဏ် ဘာမျှ ပြန်မလုပ်နိုင်။

"ဟို . . . မဟုတ် . . ."

"မောင်ရိုးဂုဏ်၊ နာမည်နဲ့လိုက်အောင် ရိုးရိုးသားသား နေစမ်း၊ ရှေ့တန်းတက်ပြီး ဖြေချေ၊ ခိုးမချနဲ့"

မိုးပြိုပြီဟုထင်ရသောအသံနှင့် အလားသဏ္ဌာန်တူသော ဆရာမ၏ စကား။ မောင်ရိုးဂုဏ်၏ ရိုးသားခြင်း ကောင်းကင်ကြီး ပြိုကျသွားခဲ့ပြီ။ တစ်သက်လုံး အရိုးသားဆုံး နေထိုင်လာခဲ့သော၊ မိမိ၏နာမည်ကို ထိန်းသိမ်းလာခဲ့သော မောင်ရိုးဂုဏ်သည် ယခုတော့ ခိုးမချပါဘဲ ဟိုမသူတော် သုံးယောက်၏ ချောက်တွန်းမှုကြောင့် ရှေ့နောက်မျှောသွားခဲ့ပြီ။ သို့သော် ဆရာမကို မောင်ရိုးဂုဏ် ကြောက်ရွံ့သဖြင့် တစ်ခွန်းမျှ ပြန်မပြောဝံ့ဘဲ ရှေ့တန်းသို့ ပြောင်းရွှေ့ထိုင်ခဲ့သည်။

စာဆက်ဖြေသော်လည်း စာထဲတွင် စိတ်မပါတော့ဘဲ ဆရာမ၏ စကားကိုသာ နားထဲတွင် အခါခါကြားနေမိ၏။

"မောင်ရိုးဂုဏ်၊ နာမည်နဲ့လိုက်အောင် ရိုးရိုးသားသား နေစမ်း၊ ရှေ့တန်းတက်ပြီး ဖြေချေ၊ ခိုးမချနဲ့"

"မောင်ရိုးဂုဏ်၊ နာမည်နဲ့လိုက်အောင် ရိုးရိုးသားသား နေစမ်း၊ ရှေ့တန်းတက်ပြီး ဖြေချေ၊ ခိုးမချနဲ့"

"မောင်ရိုးဂုဏ်၊ နာမည်နဲ့လိုက်အောင် ရိုးရိုးသားသား နေစမ်း၊ ရှေ့တန်းတက်ပြီး ဖြေချေ၊ ခိုးမချနဲ့"

မိမိ ခိုးမချပါဘဲ သူခိုးဟု စွပ်စွဲခံရပြီး မိမိဘက်မှ ကူညီဖြေရှင်းပေးမည့်သူလည်း မရှိ။ အားနည်းသူများဘက်မှ ရပ်တည်ပေးခဲ့မိသည့်အတွက် ဟိုသုံးယောက်က မိမိအပေါ် အငြိုးထားပြီး ဒုက္ခပေးခြင်းဖြစ်ရာ အားနည်းသူဘက်မှ ရပ်တည်ပေးခဲ့မိသည်ကပဲ အပြစ်ဖြစ်နေသလားဟု မောင်ရိုးဂုဏ် စဉ်းစားကြည့်သည်။ မဟုတ်ပါ၊ အားနည်းသည့် အမှန်တရားဘက်မှ ရပ်တည်ပေးခြင်းသည် မှန်မြတ်သော အလုပ်တစ်ခု မဟုတ်ပါလား။

"ဆရာမ၊ မောင်ရိုးဂုဏ် စာခိုးချပြန်ပြီ၊ ဘေးက ကောင်မလေးဆီက ကြည့်နေတယ်"

အဝေးနယ်လှန်ကာ ပိုင်နေမိစဉ် ကြားလိုက်ရသည့် စကားကြောင့် ဒေါသချွေးတို့ ဆူပွက်သွားမိရသည်။ မိမိကို ဟိုသုံးကောင် အကြီးအကျယ် ဒုက္ခပေးနေပြီ။

သူတို့ လုပ်ပုံကြောင့် မောင်ရိုးဂုဏ် ကျောင်းထုတ်ခံရမည်ကို ကြောက်၍ ကြောက်ကန်ကန်ကာ ထအော်လိုက်မိ၏။

"မ . . . မဟုတ်ပါဘူး ဆရာမ၊ ကျွန်တော် . . . ကျွန်တော် ခိုးမချပါဘူး"

"ခိုးမချဘဲ သူတို့က ပြောမလား၊ မောင်ရိုးဂုဏ်နော် ကိုယ် ရထားတဲ့ အဆင့်တွေကိုလည်း အားနာဦး၊ ဘေးက ကောင်မလေးတွေက မင်းလောက်တောင် အဆင့်ကောင်းကြတာ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ခိုးကြည့်နေတာလဲ၊ စာမကျက်လာဘူးလား၊ ရှေ့တန်းအလွတ်မှာ တက်ဖြေတော့"



www.burmeseclassic.com

www.burmeseclassic.com

မောင်ရိုးဂုဏ်သည် အစွပ်စွဲခံနေရသော်လည်း ပြန်လည်ဖြေရှင်းခွင့်ပင်မရ။ ဆရာမသည် မိမိ ခန့်အပ်ထားသော အတန်းခေါင်းဆောင်များ၏ စိတ်ဓာတ်နှင့် သဘောထားကို အနည်းငယ်တော့ လေ့လာထားသင့်သည်ဟု မောင်ရိုးဂုဏ် ဝမ်းနည်းစွာ တွေးမိသည်။ ယခုတော့ မျက်စိစုံမှိတ် ယုံနေပြီ။ ရှေ့တန်းသို့ ပြောင်းထိုင်ရင်း ဟိုသုံးကောင်ကို လှမ်းကြည့်မိတော့ သူတို့က အောင်နိုင်သူ အပြုံးဖြင့် မောင်ရိုးဂုဏ်ကို လှောင်ပြောင်နေကြ၏။

အမှန်တရားသည် အမှား၏ တိုက်စားမှုကြောင့် ဤလောက ကယောပရ ပျောက်ကွယ်သွားမည်လားဟု မောင်ရိုးဂုဏ် ရှုရှုံးပိုက်ပိုက် တွေးလိုက်မိသည်။

"မောင်ရိုးဂုဏ် ကူးချနေပြန်ပြီ ဆရာမ"

ကပ်ကြားလိုက်ရသည့် စကားကြောင့် မောင်ရိုးဂုဏ် စိတ်ကုန်သွားသည်။ ဟို သုံးကောင်က တစ်ယောက်တစ်လှည့်စီအော်ရန် တိုင်ပင်ထားကြလေသလားမသိ။ သို့သော် ပျှော်တစ်ကြိမ်တွင်တော့ နောက်ဆုံးတစ်ယောက် ကဆိုသွားခဲ့ပြီ။ အမှန်တရားက မောင်ရိုးဂုဏ်၏မာနအားတွင် သက်သေသက္ခာယဖြင့် မားမားကြီး ရပ်နေ၏။

"မောင်ရိုးဂုဏ် ဘာဖြစ်လို့ မင်းခိုးချ ... မောင်- မောင်ရိုးဂုဏ်က တစ်ခုံလုံးမှာ တစ်ယောက်တည်း ထိုင်နေတာပဲ၊ ဘယ်သူ့ဆီက ကူးချမှာလဲ၊ ဟဲ့- မောင်ပိုင် မင်း ဘာတွေလျှောက်ပြောနေတာလဲ"

"ဗျာ- ခြော် ကန် . . . ကန်တော့နော် ဆရာမ။ သား အမြင်မှားသွားတာပါ၊ အတန်းခေါင်းဆောင်ဆိုတော့တာဝန်ကျေချင်တဲ့စိတ်နဲ့ လောကြီးသွားတာပါ၊ တောင်းပန်ပါတယ် ဆရာမရယ်၊ တားတားကို ခွင့်လွှတ်နော် ချာမ"

ငိုမလို ရယ်မလို အမူအရာနှင့် ဆရာမ တောင်းပန်နေသည့် ထိုသူ ကောင်းသားကိုကြည့်ကာ မောင်ရိုးဂုဏ် လောကကြီးကို စိတ်အကုန်ကြီး ကုန်သွား၏။

မဟုတ်တာ လုပ်ပြီးလျှင်လည်း မျက်နှာပြောင်ပြောင်ဖြင့် ပြောင်လိမ်ရမှ ဤနိုင်ငံ၊ ဤလောက၌ ကျင်လည်၍ အဆင်ပြေမည်လား မသိ။ နာ ဝေလးနာ နှင့်မညီသော အတန်းပိုင်ဆရာမသည် ထိုကျောင်းသား၏ တောင်းပန်စကား အပေါ် သဘောနှစ်ဝင်ကာ တစ်ချိန်လုံး အစွပ်စွဲခံနေရသော မောင်ရိုးဂုဏ်ကို အဖက်မလုပ်တော့ဘဲ ထိုသုံးယောက်နှင့် စကားတို့ကို အီစရာအီစရာ ပြောနေကော့၏။

ထိုအချက်ကြောင့် ကျောင်းဆိုသောအရာကို ပထမဆုံးအကြိမ် မောင်ရိုးဂုဏ် နာကြည်းသွားခဲ့သည်။ သူငယ်တန်းကျောင်းသားများကို ကြိမ်လုံးဖြင့် မညှာမတာ မယော်ပယော်တီးစဉ်ကလည်းကောင်း၊ ကျောင်းနောက်ကျသဖြင့် မဟုတ်မတန်း ကျောင်းသားများကို ဖယ်တန်းပေးမတက်ဘဲ တစ်ကျောင်းလုံး၏ အမြင်များ လိုက်ကောက်နိုင်းစဉ်ကလည်းကောင်း၊ မောင်ရိုးဂုဏ်ထံမှ ခဲဖျက်နှင့် ခဲတံကိုတောင်းကာ ပါတိတ်ပေးသော ကျောင်းသားများ၏ အဖြေလွှာကို အတန်းပိုင်ဆရာမ ပြင်ဆင်ပေးနေစဉ်ကလည်းကောင်း ယခုလောက်စိတ်မနာခဲ့။ ကြိမ်လုံးဖြင့် အရိုက်ခံခဲ့ရသော ဒဏ်ရာသည် ပျောက်ပျက်ခဲ့တာကြာပြီဖြစ်သလို တစ်ကျောင်းလုံး၏ အမှိုက်ကောက်ခဲ့ရခြင်းသည်လည်း အတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ ပါတိတ်ဆည်းကပ်သည့် ကျောင်းသားများ၏ အဖြေလွှာဟာလည်း ဘယ်လောက်ပဲ အမှန်ပြင်ပြင် 1 to 10 မချိတ်နိုင်သဖြင့် မောင်ရိုးဂုဏ် သည်လောက်ကြီး အမှတ်အတေး မရှိခဲ့။ ထိုအကြောင်းအရာများသည် နာကျင်ဖွယ်ရာ ရှိကောင်းရှိသော်လည်း 'သူခိုး' ဟု စွပ်စွဲခံရတာလောက် မောင်ရိုးဂုဏ် မရှက်ခဲ့၊ ဝမ်းမနည်းခဲ့ပေ။ ယခုတော့ တစ်သက်လုံး စာခိုးမချခဲ့သော မောင်ရိုးဂုဏ်သည် သူတစ်ပါး၏ စွပ်စွဲမှုကြောင့် သူခိုးဟူသော ဂုဏ်ပုဒ်နှင့် အတူ သန့်စင်သော ရိုးဂုဏ်သည်လည်း အများအမြင်တွင် အုတ်ရောဇရော သဲဇရောဇရော ဖြစ်သွားခဲ့ရပြီ။

မောင်ရိုးဂုဏ်၏ ကျောင်းနှင့် ပတ်သက်သည့် အကြောက်တရားများကို အတန်ငယ်လျှော့ပါးအောင် ပြုလုပ်ပေးခဲ့သော ဆရာ၊ ဆရာမများလည်း ရှိခဲ့ပါသည်။ လေးတန်းသင်္ချာ သင်ကြားပေးသော ဆရာကြီးသည် မောင်ရိုးဂုဏ်နှင့် မောင်ရိုးဂုဏ်၏ သူငယ်ချင်း မောင်ဖေအးလှတို့ နှစ်ယောက်ကို အလွန်ချစ်ခင်ပြီး ရိုးသား အေးဆေးသည့် မောင်ရိုးဂုဏ်တို့နှစ်ယောက်၏ စိတ်ဓာတ်ကို အိုးကျူးသတိပြုမိသူ တစ်ဦးလည်း ဖြစ်သည်။

စာမေးပြီး စာမရလျှင် အဆူအဆဲကြမ်းသော ဆရာကြီးကို ကျောင်းသားအချို့က ရွံ့ကြောက်ကြသော်လည်း မပွင့်လှချောင်ပြန်ဟပ်သော မောင်ရိုးဂုဏ်ကိုနှစ်ယောက်သည် ဆရာကြီးကို ချစ်သည့်စိတ်ကြောင့် သင်္ချာနှင့်ပတ်သက်လျှင်တစ်ဖက်ကမ်းခပ်ဖြစ်လေအောင် ကြိုးစားခဲ့ကြသည်။ သို့မို့ စာမရလျှင် ဆရာကြီး [illegible]မကောင်းဖြစ်မည်စိုး၍ စာမရလျှင် အဆင်သင့်

www.burmeseclassic.com

ဖြစ်နေစေရန် အမြဲတမ်း သန့်ရှင်းသပ်ရပ်စွာ ဆင်မြန်းမှုများကို ထွက်ချက်နေပုံရကြသည်။

ဤအချက်ကို ပြန်တွေးမိလျှင် ဆရာ၊ ဆရာမများအနေဖြင့် စာမရပါက မိုက်မည်နှက်မည်ဟူသော စကားလုံးများဖြင့် ကျောင်းသားများကို ချုပ်ချယ်မည့်အစား မေတ္တာကရုဏာဖြင့် ဖျောင်းဖျ ဆုံးမပါက ပို၍ အကျိုးထူးပေလိမ့်မည်ဟု မောင်နိုးဂုဏ် သုံးသပ်မိသည်။

◆

"ဟိတ်- ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

အတွေးကိုလိုနီရဲ့ရင်၊ အတိတ်ဆီတွင် သံသရာလည်နေစဉ် မောင်နိုးဂုဏ်၏ ပခုံးကိုပုတ်ကာ မေးမြန်းလိုက်သည့်အသံကြောင့် သတိပြန်ဝင်လာပြီး နံဘေးသို့ စောင်းငဲ့ကြည့်မိတော့ မြင်လိုက်ရသူက ဖြိုးပပ။ ထုံးစံအတိုင်း ဖြိုးပပ၏ မျက်နှာတွင် အပြုံးချိုချိုတို့ ထယက်လက် တောက်ပနေပြီး မျက်ဝန်းတို့ကလည်း ပြုံးရယ်လို့။ သို့ပေမဲ့ မောင်နိုးဂုဏ်ကတော့ ဖြိုးပပ၏ အပြုံးမျက်လုံးတို့ကို ရင်မဆိုင်ရဲ။ ထိုအပြုံးများက မောင်နိုးဂုဏ်၏ နှလုံးသားကို ခြွေယူနေခဲ့တာ ယခုဆိုလျှင် ယုံယုံသာ ကျန်တော့သည်။

"ဟို- ဒီ ဒီလိုပါပဲဟာ"

မောင်နိုးဂုဏ်က ဝသီအတိုင်း မပွင့်တပွင့် ဆိုလိုက်သည်။ မောင်နိုးဂုဏ်၏ မပွင့်တပွင့် စကားကြောင့် ဖြိုးပပ၏ အပြုံးကလေးများ အရောင်မှိန်သွားပြီး -

"ဘာတုံးဟ၊ ဒီလိုပဲ ဆိုတာက၊ ဘာလဲ နင်က Hon: တန်းဝင်သွားလို့ နိုးနိုးအောင်တဲ့ ငါ့ကို မခေါ်ချင်တဲ့ သဘောလား"

"ဘာရယ် . . ."

ဖြိုးပပ၏ စကားကြောင့် မောင်နိုးဂုဏ်၏ အကြည့်တူးတူးများက ဖြိုးပပ၏မျက်နှာသို့ ရိုက်ရောက်သွားသည်။ ထိုသို့ စိုက်ကြည့်လိုက်သည့်အခါ၌ မောင်နိုးဂုဏ်၏မျက်နှာသည် အလွန်ကြောက်စရာကောင်းသည်။

ထိုသို့ဆို၍ မောင်နိုးဂုဏ်ကို ရုပ်ရည်ကြမ်းတမ်းခက်ထန်သူဟု ထင်လျှင်မှားပေမည်။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ လှပုံသွယ်သွယ်နှင့် မောင်နိုးဂုဏ်က Cute Type အမျိုးအစား ကောင်လေးတစ်ယောက်ဖြစ်ပြီး ပြုံးလိုက်လျှင် အလွန်ဆွဲဆောင်မှုရှိသည်။ သို့သော်လည်း တပိုကျို ဝတ်ဆင်တတ်သော စတိုင်ကြောင့်ပေလား၊ စာသင်ခန်းအောင်းတတ်သော အကျင့်ကြောင့်ပဲလား မသိ၊ ကွန်ပျူတာတက္ကသိုလ်တွင် ရေပန်းစားစာရင်း မဝင်ခဲ့။

မည်မျှပင် ချစ်စရာရုပ်ရည် ရှိပါစေ၊ တောက်ပသည့် သူ့မျက်လုံးများနှင့် ပြတ်သားတင်းမာသည့် သူ့နှုတ်ခမ်းများကြောင့် စူးစူးရဲရဲ စိုက်ကြည့်လိုက်သည့်အခါမျိုး၌ မောင်နိုးဂုဏ်၏ မျက်နှာသည် သိပ်ကြောက်စရာ ကောင်းလှသည်။

ကျွန်းရဲတစ်ကောင်၏ စိုက်ကြည့်ခြင်းကို ခံလိုက်ရသော သမင်ပျို တစ်ကောင်လို တစ်ဖက်လူကို ချောက်ချားသွားစေသည်။

"ဟဲ့- နင်ကလည်း အဲသလိုကြီး မကြည့်နဲ့လေဟာ၊ နင် အဲသလိုကြည့်ရင် ငါကြောက်တတ်မှန်း သိရဲ့သားနဲ့၊ ဘာဖြစ်လို့ စိတ်တိုသွားရတာလဲ၊ ငါ ဘာမှားသွားလို့လဲ"

"နင် ငါ့ကို လှောင်တာကိုးဟ၊ ငါ့ကိုလှောင်ရင် မကြိုက်ဘူးဆိုတာ နင်လည်း သိသားပဲ"

"လှောင်တယ် ဟုတ်လား၊ ဘယ်ဘယ်ဟာကို ပြောတာလဲ၊ ငါ နင့်ကို မလှောင်မိပါဘူး"

"ခုနကတင် ပြောလိုက်တယ်လေ၊ Hon: တန်းဝင်သွားလို့ နိုးနိုးမအောင်တဲ့ ငါ့ကို မခေါ်ချင်တဲ့ သဘောလားဆိုတဲ့ စကားက ငါ့ကို မလှောင်မှာ မဟုတ်လို့ ဘာလဲ၊ ငါ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အရမ်းစိတ်ညစ်နေတယ်ဟာ၊ မလျှောက်ပါနဲ့"

"ဘုရားရေ- အဲဒါ ငါ လှောင်လိုက်သလို ဖြစ်သွားလို့လား၊ ငါက နိုးနိုးပြောတာပါဟယ်။ ငါ့လိုလူတောင် အောင်မှတော့ နင့်လို စာတော်တဲ့လူက Hon: ဝင်မယ်မှာပင်လို့ ပြောမိတာပါ၊ ဘာလဲ Hon: မဝင်လို့ စိတ်တိုနေတာလား"

"ကျလို့ပေါ့ ကျလို့ ငါ ဒီမှာ သေချင်နေတာ၊ ဟိုးနောက်မှာရှိတဲ့ သာဓုကန်ယံတောင် ခုန်ချချင်နေတာ"

"ဟဲ့ ဟဲ့ မကြံကောင်းမစည်ရာတွေ မလုပ်နဲ့နော်၊ တကယ်ပဲလား၊ ငါက Result မကြည့်ရသေးဘူး၊ ငါ့ကို နွေရည်တို့က အောင်တယ်ဆိုပြီး ဖုန်းလှမ်းဆက်လို့ လာကြည့်တာ၊ ငါက ငါ့ကိုယ်ငါ ကျမယ်ထင်နေတာဟ၊ ဘယ်လိုဖြစ်ပြီး နင်က ကျရတာလဲ၊ နင်တကယ်ပဲ ကျတယ်လားဟာ၊ မဖြစ်နိုင်တာ၊ နင်က အတန်းထဲမှာ ဒီလောက် စာလုပ်ပြီးတော့ ဘယ်လိုလုပ် စာမေးပွဲကျရတာလဲ"

"ဆရာမတွေကိုသာ မေးကြည့်ဟာ၊ မသိဘူး၊ ကျတာတော့ အမှန်ပဲ"

"ဟို- အကြွေးစာရင်း ကျန်လို့များလားဟယ်၊ သွားစစ်ကြည့်ပြီးပြီလား"

"သွားစစ်ကြည့်ပြီးလို့ စိတ်တိုနေတာ၊ စာရေးမတွေက ဘာပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်မှတ်လဲ၊ ကိုယ့်ဘာသာကိုယ် အသုံးမကျလို့ စာမေးပွဲကျတာကိုများ ငါတို့ကိုလာပြီး အလုပ်ရှုပ်ခိုင်းနေတယ် တဲ့၊ ဟား ဟား ဟုတ်ပါတယ်၊ ကျွန်တော် သောက်သုံးမကျလို့ စာမေးပွဲကျတာပါ၊ ခင်ဗျားတို့ကို နှောင့်ယှက်မိတဲ့အတွက် တောင်းပန်ပါတယ်လို့ ပြောပစ်ခဲ့ချင်တာ၊ ပြောမထွက်လို့သာ"

"ငါ စိတ်မကောင်းလိုက်တာ ရိုးဂုဏ်ရယ်၊ ငါ ဘာပြောရမလဲတောင် မသိတော့ဘူး၊ နင် မဖြေနိုင်လို့လား"

"မနှစ်ကလောက်တော့ ဖြေနိုင်ပါတယ်၊ ပုံမှန်အောင်ချက်ဆိုရင် ငါ Hon: မအောင် ပင်တယ်၊ ခုဟာက ဂုဏ်ထူးတယောက်တည်း မအောင်ဟာလေ၊ ဌါတစ်သက် မကြားဖူးခဲ့တဲ့ အောင်ချက်မျိုးပေါ့၊ ထူးဆန်းတာက ပျံ့ယက်ညွှံ့တဲ့သူတွေလည်း သုံးလေးယောက် အောင်တယ်၊ ဟူး . . . ကံတရားပေါ့မှာ"

"အဲဒါ ဘာဖြစ်လို့လဲဆိုတာ နင်သိလား ရိုးဂုဏ်"

"ဘာကိုလဲ၊ စာမေးပွဲကျတာကို ပြောတာလား၊ ပါညံ့လို့ ကျတာပေါ့၊ ဒါမှမဟုတ် ပါ ကံဆိုးလို့ပေါ့၊ ရှင်းရှင်းလေးပဲဟာ"

"မဟုတ်ဘူး၊ နင့်ထက်ညံ့တဲ့လူတွေ ဘာဖြစ်လို့ စာမေးပွဲအောင်လဲဆိုတာ နင်သိလား"

"သူတို့ ကံကောင်းလို့ ဒါမှမဟုတ် ဉာဏ်ကောင်းလို့နေမှာပေါ့"

"အဲဒါပဲ ရိုးဂုဏ်၊ နင်က ရိုးကို ရိုးလွန်းတယ်၊ ငါ ဘာဖြစ်လို့ မအောင်လဲဆိုတာ နင်သိလား၊ ငါက နင့်လောက်လည်း စာတော်တာမဟုတ်ဘူး၊ ကျောင်းလည်း တက်တာမဟုတ်ဘူးလေ"

"သိပါတယ်၊ နင်က တစ်နေ့တစ်နေ့ နင့်ကောင်လေးနဲ့ လျှောက်လည်နေတာပဲကို၊ နင်အောင်တာ ကံကောင်းလို့နေမှာပေါ့၊ ဒါမှမဟုတ် အနားနီးမှ စာကျက်လို့လည်း ဖြစ်နိုင်တာပဲ"

"မဟုတ်ဘူးဟေ့၊ ငါက ခိုးချတာ၊ ဘေးက နှစ်ယောက်ဆီကရော၊ နောက်ကတစ်ယောက်ဆီကရော၊ ရှေ့က တစ်ယောက်ဆီကရော ကူးတာ၊ Copy တွေလည်း ထည့်သွားသေးတယ်၊ အိမ်သာမှာလည်း စာသွားကျက်တယ်၊ ကဲ- ရှင်းပြီလား၊ နင်ကတော့ ဘေးလူပြတာတောင် မကူးခဲ့ဘူး မဟုတ်လား"

"ဟာ- မဖြစ်နိုင်တာ၊ နင်က မိန်းကလေးလေ၊ မိန်းကလေးတန်မဲ့နဲ့ အဲဒါတွေ လုပ်ရလား"

"ဘာဖြစ်လဲ၊ လူတကာ လုပ်နေတာပဲ၊ စာမေးပွဲအောင်ဖို့က အရေးအကြီးဆုံး မဟုတ်လား"

"ဟုတ်သင့်သလောက် ဟုတ်ပေမယ့် စာမေးပွဲဆိုတာ ကိုယ့်မှာရှိတဲ့ အရည်အချင်းကို စစ်ဆေးတာလေ၊ ဒီလို မရိုးသားမှတော့ ဘယ်လိုလုပ် ကိုယ့်အရည်အချင်း အစစ်အမှန် ဟုတ်တော့မှာလဲ၊ နောက်ပြီး ဘယ်လိုလုပ် တရားမှာလဲ"

"ကျွတ် အဲဒါပဲ မိုးဂုဏ်၊ နင့်ကို အဲဒီတုန်းကလည်း ငါတိုက်တွန်းခဲ့သားနဲ့၊ စာမေးပွဲ ခုံတွေမှာ လူတကာတွေ အဖြေတွေ ဝင်ရေးနေတဲ့အချိန်မှာ နင်က စာတွေကျက်နေတယ်၊ အလွန်ဆုံး နင်မှတ်မိလို့လား၊ ဂဏ်ရေးခဲ့တာ မဟုတ်ဘူး၊ ရိုးသားတာက ဘာသုံးကျလို့ရလဲ၊ အခု နင် စာတော်ရဲ့သားနဲ့ စာမေးပွဲကျပြီ မဟုတ်လား"

"ပါ အဲဒါမျိုးတွေ မလုပ်ချင်ဘူး၊ လုပ်လည်းမလုပ်နိုင်ဘူး ဖြိုး၊ နင် အောင်သွားတဲ့အတွက် ငါဝမ်းသာပါတယ်ဟာ၊ တကယ်ပါ၊ ဒါပေမဲ့ ငါ ခိုးမချလို့ ကျခဲ့တဲ့အတွက်လည်း ငါ နောင်တမရဘူး၊ အခု ငါ နောင်တရနေတာက ဘာလဲဆိုတာ နင်သိလား"

"ဘာကိုလဲ သယ်ရင်း"

"ငါ ဒီကျောင်းကို တက်ခဲ့မိတဲ့ အတွက် ငါ နောင်တရနေတယ်၊ ငါ မျှော်လင့်ထားတာနဲ့ ဒီကျောင်းနဲ့က တခြားစီပဲ"

"ကျွတ်-ခက်ပါ့ သယ်ရင်းရယ်၊ ကဲ- အခု နင် ဘာဆက်လုပ်မလဲ"

"ဘာလုပ်စရာ ရှိတော့လို့လဲ၊ နောက်ဆုံးနှစ်မှ ကျတာဆိုတော့လည်း ကျောင်းပြန်တက်ရုံသာ ရှိတော့တာပေါ့၊ မလာမလောဆယ်တော့ ငါ ဘုရားသွားချင်တာပဲ သိတယ်၊ ငါ့စိတ်တွေကို ဖြေးချမ်းဖို့ လိုနေပြီ၊ ပူလောင်ဆူမြိုက်နေတဲ့ ငါ့မှာကျင်စိတ်တွေကို ဘုရားရိပ်၊ တရားရိပ်မှာ သွားနှစ်သိမ့်မလို့၊ ပြီးမှ အတိတ်ကို ပြန်မပွားပြီး အနာဂတ်အတွက် ဘာတွေလုပ်ရမလဲဆိုတာ ငါ စဉ်းစားဦးမယ်"

"ဘုရားသွားတာ ကောင်းပါတယ် သယ်ရင်းရယ်၊ နောက်ပြီး အရမ်းလည်း စိတ်ညစ်မနေပါနဲ့၊ နင့်မှာ နင့်လမ်းကြောင်း ရှိနေပြီပဲ၊ နင်ဖြစ်ချင်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်နေပြီပဲဟာ၊ ဒါကောင်တွေက ပကာသနတွေပါ၊ ဒါတွေအတွက် နင့်ရဲ့ လွတ်လပ်တဲ့ စိတ်ဝိညာဉ်ကို အညစ်အကြေးမထဲပါနဲ့ဟာ"

"ကျေးဇူးတင်တယ် ဖြိုး၊ နင်က ငါ့အပေါ် နားအလည်ဆုံး လူတစ်ယောက်ပဲ၊ ပါနဲ့ နင်ရော၊ ကျောင်းပြီးတော့ ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ"

"ငါလား၊ မြေ-ဟုတ်ဘူးပဲ၊ ငါ့မှာလည်း သတင်းတွေ[illegible]တယ်ဟ၊ စည်သူကိုနဲ့ ငါ ပြတ်[illegible]ပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို နင်နဲ့ စည်သူကို ပြတ်သွားပြီ ဟုတ်လား။ ဘယ်လိုဖြစ်ရတာလဲ၊ နင်တို့နှစ်ယောက် သိပ်ချစ်ကြတာ မဟုတ်လား"

"ဘယ်ကသာ ဒီလိုပဲ၊ လူအထင်ကြီးအောင် ချစ်ဟန်ဆောင်နေကြတာပေါ့၊ သူကလည်း နောက်ကွယ်မှာ ခြေရှုပ်နေတာ မသိရင်ခက်မယ်၊ ပါကလည်း ဘယ်ရလိမ့်မလဲ၊ ဖေ့စ်ဘုတ်မှာ ကောင်မလေးတစ်ယောက်ကို ကြူနေတာ နဲ့ဆို ဘာလိုလို အဆင့်ဖြစ်နေပြီလေ၊ ဖခု ငါ ကမ္ဘောဒီးယားမှာ အလုပ်ဝင်တော့မှာ၊ အစကတော့ နင့်အတွက်ပါ ပြောပေးမလို့၊ ငါတို့နှစ်ယောက် အတူတူ အလုပ်လုပ်ကြမယ်လို့ တွေးထားတာ၊ နင်က ငါ့အတွက် အကောင်းဆုံး သူငယ်ချင်းပါကွာ၊ နင့်အတွက် ငါ အရမ်းစိတ်မကောင်းဖြစ်နေပာယ်ဆိုတာ ယုံပါ သယ်ရင်းရယ်။

ဒါပေမဲ့ လုံးဝ စိတ်မလျှော့နဲ့။ နောက်ရက်က ၅ နှစ်တန်းဆိုတော့ နှစ်တိုးတာနဲ့ ပညာပေတွပါ တိုးလာမှာ၊ နင်ဖြစ်စေချင်သလို ဆရာမတွေက စာတွေကို သေချာအင်ချင် သင်မှာကွ၊ နောက်ပြီး တစ်ခါတည်း အကြံပေးခဲ့မယ်၊ ရည်းစားလေး ဘာလေးလည်း ထားဦး ကိုယ်တော်၊ နင့်အတွက် နောက်ထပ် အခွင့်အရေးရတယ်လို့မှတ် ဟားဟား . . ."

"ဟဲ့- ဖြိုး၊ စကားကောင်း ပြောနေရင်း ဘာဖြစ်လို့ ထရယ်ရတာလဲ"

"ဘာမှ မဟုတ်ပါဘူး၊ တစ်နှစ်လုံး နင့်ကိုငါ အခြောက်ထင်ပြီး ပေါင်းလာခဲ့မိတာကို သတိရလို့ပါ"

"အရှူးမ၊ ငါ့ကို လူရှေ့သူရှေ့မှာ မိတ်ကပ်ဘူးပါလားတဲ့၊ ငါ ထအော်မှ နင်က 'အယ်- နင်က အခြောက်မဟုတ်ဘူးလား' လို့ တအံ့တသြ အော်မေးတယ်လေ"

"ဟား ဟား . . . ဒါက နင့်ကို ကကယ်ပဲ မိန်းမလျှာ ထင်နေခဲ့တာ၊ အဲဒီအကြောင်း ပြန်တွေးမိတိုင်း ခုထက်ထိ ရယ်ချင်ကုန်း"

ဖြိုးပပက သူ့အကျင့်အတိုင်း ကလေးမလေးတစ်ယောက်လို သွက်လက်ပေါ့ပါးစွာ ရယ်မောနေသည်ကို မောင်ရိုးဂုဏ် ငေးကြည့်နေမိ၏။ ရယ်လိုက်တိုင်း ပေါ်လာတတ်သည့် သွားစွယ်လေးနှင့် လုံခြမ်းဝန်းလို တွေးပြူးသွားသည့် မျက်လုံးဟမလေးများသည် မောင်ရိုးဂုဏ်၏ နှလုံးသားကို မကြာမကြာ လှုပ်ခါစေခဲ့သော အလှတရားများ။ ယခုတော့ ထိုအလှတရားများနှင့် ထာဝရ ဝေးကွာရတော့မည်။

"ငါတို့နှစ်ယောက် အတူတူ အလုပ်လုပ်ကြမယ်လို့ တွေးထားတာ" တဲ့။

ယခုတော့ နီးစပ်နိုင်မည့် အခွင့်အရေးတစ်ခုကို မောင်ရိုးဂုဏ် လက်လွှတ်လိုက်ရပြီ။ မာမေးပွဲပျက်သော အရာသည် မိမိ၏ နှလုံးသားကို နာကျင်ထိခိုက်စေရုံသာမက ယခုဆိုလျှင် ဟက်တက်ပါ ကွဲစေခဲ့ပြီဟု မောင်ရိုးဂုဏ် ဝမ်းနည်းပက်လက် တွေးမိသည်။ ဘာပဲပြောပြော ချစ်ရသူ ဖြိုးပပ၏ဘဝ အညွန့်တလူလူ ဖြစ်နေသည့်အတွက် မောင်ရိုးဂုဏ် ကျေနပ်ပါသည်။

"ဖြိုး၊ ငါသွားတော့မယ်နော်၊ ဖုန်းဆက်ဦး"

◆

၅ တန်းနှစ်တွင် မောင်ရိုးဂုဏ်၏ ဘဝအခြေအနေ တစ်မျိုး တစ်မည် ပြောင်းလဲခဲ့သည်။ ယခင်က မပြည့်စုံခဲ့သော မောင်ရိုးဂုဏ်တို့ မိသားစုသည် တစ်နှစ်ထက်တစ်နှစ် လုပ်ငန်းများ အဆင်ပြေကာ ငွေကြေးကောင်းလာ၍ ယို့ ၂၀၀၃ ခုနှစ် မောင်ရိုးဂုဏ် ပဋ္ဌမတန်းတက်မည့် အချိန်တွင် စီးပွားရေး ပြေလည်နေပြီဟု ဆိုရပေမည်။

မောင်ရိုးဂုဏ်သည် မွေးချင်း ပေါက်ဖော်ထဲတွင် နို့ညှာဖြစ်ပြီး မောင်နှမ လေးယောက် ရှိခဲ့သည်။ မောင်ရိုးဂုဏ်၏အထက်တွင် အစ်မ နှစ်ယောက်ရှိပြီး မောင်ရိုးဂုဏ်၏အောက်၌ ညီတစ်ယောက်ရှိရာ ညီအငယ်ဆုံးမှာ အသက် နှစ်နှစ်သားအရွယ်တွင် ဦးနှောက်အမြှေးရောင်ရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ ယိုအငယ်ကောင် မဆုံးပါးခင်က တစ်နှစ်ခွဲမျှ ရောဂါကုသပေးခဲ့ရ၍ မောင်ရိုးဂုဏ်တို့ မိသားစု ချွတ်ခြုံကျခဲ့၏၊ ရှိသမျှ ပေါင်နှံ ရောင်းချခဲ့ရ၏။ မပြည့်စုံမှုများကြားတွင် မောင်ရိုးဂုဏ်တို့ မိသားစုသည် ရုန်းကန် ရပ်တည်ခဲ့ကြသည်။

မွေးရာပါဗီဇအရ အားငယ်လွယ်သော မောင်ရိုးဂုဏ်သည် သိတတ်စအရွယ်၌ ညီငယ်၏ သေဆုံးမှု၊ ကျပ်တည်းမှုများကြောင့် မိသားစု ကတောက်ကဆတ်ဖြစ်မှုတို့ကို တွေ့မြင်ခဲ့ရ၍ လောကခံ၏ ခပ်ပြင်းပြင်း ပွန်းတိုက်မှုကြောင့် မောင်ရိုးဂုဏ်၏ မသိစိတ်တွင် သိမ်ငယ်ခြင်းတို့ သန္ဓေတည်သွားခဲ့သည်။

ထိုသန္ဓေတည်မှုကြောင့် လောကဇာတ်ခုံပေါ် ဝယ် ကပြသည့်အခါ၌ မောင်ရိုးဂုဏ်၏စိတ်သည် ကြိုးတန်းလျှောက်သည့်ပမာ လှုပ်ခါနေရသည်ကို မည်သူကမျှ ဂရုမပြုမိခဲ့ကြ။

သို့ပေမဲ့ အဆိုးထဲက အကောင်း တွေးရသော် အချို့အချို့သော ... ၏ စိတ်အခြေခံသည် မောင်ရိုးဂုဏ်ထက်

www.burmeseclassic.com

www.burmeseclassic.com

အားငယ်တတ်ခဲ့သောကြောင့် လောကဓံ၏ ပွန်းတိုက်မှုကို ခံရသည့်အခါ အလွန်အမင်း စိတ်ဖောက်ပြားသွားပြီး စိတ္တဇလူသတ်သမားအဖြစ် ပြောင်းလဲသွားတတ်သည်ကို သတင်းစာများ၊ စာစောင်များတွင် တွေ့ရှိကြားသိရသည့်အတွက် ဘာပဲပြောပြော မောင်ရိုးဂုဏ်ဟာ ထိုမျှလောက် မဆိုးရွားသည်ကိုပင် ကျေနပ်နေရပေမည်။

သို့သော်လည်း မောင်ရိုးဂုဏ်၏ အားငယ်စိတ်ကို တိုးသထက်တိုး၊ ဆိုးသထက်ဆိုးအောင် ပံ့ပိုးပေးမည့် ဌာနဆီသို့ မောင်ရိုးဂုဏ် ရောက်ရှိခဲ့ရသည်။ ဤသည်မှာ စည်းကမ်းကြီးလှသော အထက်တန်းကျောင်းတစ်ကျောင်း ဖြစ်၏။

အ. ထ. က (. . . )ပင်လယ်ပုံ ကျောင်းသည် စည်းကမ်းကြီးပြီး အောင်ချက်ကောင်းသောကျောင်းတစ်ကျောင်းဟူ၍ သတင်းမွှေးလျက်ရှိသည်ကြောင့် မောင်ရိုးဂုဏ်၏ မိဘများသည် သားလူလေး မောင်ရွှေသွေးကို ပညာတတ် လူချည်သန့်ကြီး ဖြစ်စေလိုသော စေတနာမွန်ကိုဖြင့် ထိုကျောင်းတွင် ပြောင်းရွှေ့အပ်နှံရန် ကြိုးစားခဲ့ကြသည်။

ထိုကျောင်းသို့ ပင်ရောက်ရန်မှာ လွယ်ကူသော အလုပ်တစ်ခု မဟုတ်ပါပေ။ ကျောင်းပင်ကြေးကို သူတကာထပ် ပိုပေးနိုင်မှ ပင်ခွင့်ရမည်ဖြစ်တာကြောင့် မောင်ရိုးဂုဏ်၏ ဖိဘများသည် ငွေ ၅ သောင်းကို နှီးခဲ့ကြ၏။

ထိုငွေမှာ ထိုကာလက ကြီးစွာသော ပမာဏဖြစ်၍ မောင်ရိုးဂုဏ်ခမျာ ဤတန်ဖိုးကြီးလှသော ကျောင်းတွင် တက်မရောက်ရသည့်အတွက် ဘာမှဖြစ်မည်မဟုတ်သော တာဝန်တစ်ခု ပိုခဲ့ရသည်။

တာဝန်ဖိအားများကို မုန်းတီးစက်ဆုပ်သော မောင်ရိုးဂုဏ်အတွက် ထို ၅ သောင်းကျပ်သည် နှလုံးခုန်နှုန်းမြန်စေရန် တွန်းအားတစ်ရပ်ဖြစ်ခဲ့ပြီး ဘာလုပ်လုပ် ဖိအားများဖြင့် ချောက်ချားစေခဲ့သည်။

ဖိအား (Pressure)ဆိုကတည်းက ပျော်ရွှင်မှု (Enjoy)နှင့်မတူ၊ နှစ်မြိုက်ပျော်ရွှင်စွာ လုပ်ကိုင်နေရခြင်း မဟုတ်ဘဲ တစ်စုံတစ်ရာ၏ ဖိနှိပ်မှုကြောင့် ပြေးလွှားနေရခြင်း ဖြစ်တာကြောင့် နှလုံးအိမ်ထဲတွင် သင်္ချိုင်းမှန်မနေသည့် ကြောက်ရွံ့နာကျင်စိတ်ကို မီးထိုးမပေးနေသကဲ့သို့ရှိရာ ထိုကာလများသည် မောင်ရိုးဂုဏ်အတွက် အကြောက်သင့်တန်းတက်ခဲ့သည့် ကာလများဖြစ်ခဲ့ရ၏။ သို့ပေမဲ့ စည်းစနစ်ကြီးသော ကျောင်းဖြစ်တာကြောင့် ယခင်ကျောင်းတို့နှင့် အကွာကြီး ကွာလိမ့်မည်ဟုတွေးကာ ကျောင်းမတက်မီက မျှော်လင့်ချက်ဖြင့် ကျိတ်ပျော်ခဲ့ရသည်ကိုတော့ မောင်ရိုးဂုဏ် ဝန်ခံရပေမည်။

မိမိကပဲ နာမည်စိုးနေသလား၊ လူ့သဘာဝကိုက သည်လိုချည်းလား မောင်ရိုးဂုဏ် တွေးမရတော့။ ယခင်တစ်ခေါက်က စိတ်အနာကြီး နာခဲ့ရသည့် အဖြစ်အပျက်မျိုးကို ဤကျောင်းတွင် သုံးခေါက်ထက်မနည်း ကြုံခဲ့ရလေရာ မောင်ရိုးဂုဏ်အတွက် ဘယ်လိုအရာက စိတ်နာစရာလဲဟာပ ယူ၍ပင် ကိုယ့်ကိုယ်ကိုယ် မေးခွန်းမြန်ထုတ်ရသည်အထိ။

ဤကျောင်းတွင် ပိုက်ဆံရှိ သားသမီး ပေါများသောကြောင့် ဘက်လိုက်ခြင်းဟူသော ပေါ်ဟာရသည် အလွန်ခေတ်စားခဲ့ပြီ။ အတန်းထဲကအစ သန့်ရှင်းရေးကွင်းအဆုံး မသမာမှုတို့က ပြည့်နှက်နေသည်။ ပညာရေးနှင့် ပတ်သက်၍ ဤကျောင်းသည် စည်းကမ်းကြီးသည် မှန်သော်လည်း အခြားအရာများကျ စည်းကမ်းမဲ့နေဆဲ။ စာတော်ပြီး ပိုက်ဆံရှိသည့်ကျောင်းသားတစ်ယောက် သန့်ရှင်းရေးကွင်းမဆင်း၍ ဆရာမကို တိုင်မိပါက တိုင်မိသူသည်သာ အပြစ်ရှာခံရသည်။ ဆရာမနှင့် ရင်းနှီးသော ကျောင်းသူက မိမိကို မကြည့်၍ 'တောင်' လိုက်ပါလျှင် အစစ်အဆေးမရှိဘဲအပြစ်ပေးတတ်၏။

ကြာတော့ ရိုးသားခြင်းဟာ နုံအခြင်းပါလားဟု မောင်ရိုးဂုဏ် အထင်ရောက်လာသည်။ ပတ်ဝန်းကျင် ဂယက်ရိုက်ခတ်မှုကြောင့် တစ်ဆယ်ကျော်အရွယ် မောင်ရိုးဂုဏ်၏ နုနုနယ်နယ် အသိဉာဏ်အတွင်းသို့ အတွေးဆိုးတို့ မနေရာယူလာသည်။

လူဆိုတာ 'ဖား' တတ်ရမည်၊ 'လိမ်' တတ်ရမည်၊ သူတစ်ပါး မျက်နှာပေါ် စကြိမ်ချောက်မတတ်ရမည်။ ကြမ်းပိုးကို လိပ်ဖြစ်အောင်၊ လိပ်ကို ကြမ်းပိုးဖြစ်အောင် ပြောတတ်ရမည်။ သူတစ်ပါးကို အနိုင်ယူရန်အတွက် ဘာမဆို လုပ်ရဲရမည်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်မျိုး မွေးမြူထားရမည်။ သူကကာအပေါ် မည်သို့ မရိုးမသားကြံစည်ရမလဲဟု အမြဲစဉ်းစားနေရမည်။ သူများ မိုးခါးရေသောက်နေလျှင် ကိုယ်လည်း သောက်ရဲရမည် စသည်ဖြင့် အတွေးအမှားတို့ဝင်ကာ မောင်ရိုးဂုဏ် လမ်းမှားလိုက်မိတော့မည့် ဆဲဆဲတွင် ဆရာမ ဒေါ်ဧဂဧဂချိုနှင့် တွေ့ဆုံခဲ့သည်။


(ရှေ့လစာတက်သိမ်း)

ဂါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဝမ်းကြာဖူးငုံ ပန်းမှုန်ပွင့် အရွယ် ××× လွယ်မွေးခဲ့တဲ့ မဟာမေမေ ××× ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က မွေးခဲ့ပါသော ××× ကျွေးခဲ့ရှာသော ××× မွေးခဲ့ပါသော ××× သူ့ရဲ့ကောင်း မေမေ ×××"

ကျောင်းသွားရန် အိမ်မှထွက်လာစဉ် ရုတ်တရက်ကြားလိုက်ရသော ဂန္ထဝင်မေမေ သီချင်းသံကြောင့် မျက်ဝန်းတွင် မျက်ရည်များ ပြည့်ဝိုင်းလာပြီး ပါးပေါ်သို့ ဝိုးဝိုးပေါက်ပေါက်ကျလာသည့်အတွက် အလျင်အမြန်ပင် သုတ်လိုက်ရပါသည်။

မေမေ ကွယ်လွန်ပြီးသည့်နောက် ပြန်မရနိုင်တော့သော အမြတ်နိုးဆုံး အရာတစ်ခု ပျောက်သွားသည့် ကြေကွဲမှုမျိုးဖြင့် လှိုက်လှဲဆို့နင့်စွာ ဝမ်းနည်းပူဆွေးရသည့် ခံစားမှုများ မကြာခဏဆိုသလို ပြင်းထန်စွာ ဖြစ်၍နေတတ်ပါသည်။

အခြားသော ချစ်ခြင်းမေတ္တာဖွဲ့ တေးသီချင်းများ ကြားရသည့်အခါ လူတိုင်း၏ နှလုံးသားတွင် ခံစားမှုရသာ ဖြစ်မလာနိုင်ကြသော်လည်း မိဘမေတ္တာကို ဖွဲ့ဆိုထားသည့် တေးသီချင်းများကို ကြားရသည့်အခါ ကြားရသူတိုင်း၏ နှလုံးသားကိုယ်စီတွင် တူညီသော ခံစားမှုရသများ အဟုန်ပြင်းစွာ စီးဆင်း၍ သွားတတ်ကြပါသည်။

လူတိုင်းတွင် မိဘ ရှိကြပြီး၊ မရှင်းပေးလို့ အမြတ်မယူ အပြည့်အဝ ကြည်ဖြူလှပါသော အနန္တမေတ္တာရှင်များ၏ မေတ္တာတရားများကို မဖောက်မပျက်ပေးကြရင်း လေးနက်သော ခံစားမှုရသပေါင်းစုံတို့က နှလုံးသားထဲကို ကိုးမဖောက်ပင်ရောက်သွားခြင်းပင် ဖြစ်ပါသည်။

မိဘကျေးဇူးတရားဖွဲ့ တေးသီချင်းများထက် မိခင်မေတ္တာကို သီကုံးဖွဲ့နွဲ့သော တေးသီချင်းများနှင့် စာသားများကို ကြားရသည့်အခါ လေးနက်ပြီး အနှစ်သာရပြည့်စုံလှသည့် ခံစားမှုရသပေါင်းစုံတို့သည် နှလုံးသွေးနှင့်အတူ လှည့်ပတ်စီးဆင်းပြီး ခန္ဓာကိုယ်တစ်ခုလုံးကို နွေးထွေးစွာ လွှမ်းခြုံ၍ သွားတတ်ပါသည်။

ယခုလည်း ဂန္ထဝင်မေမေသီချင်းသံကြားလိုက်သည်နှင့် (၁၁-၁-၂၀၁၁) နံနက် အရုဏ်ဦးအချိန်တွင် ကွယ်လွန်သွားခဲ့ရှာပြီဖြစ်သော မွေးသမိခင် ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်စိန် (ခ) ဒေါ်စိန်ကြိုင်အား မကြေကွဲစွာ တမ်းတမြင်ယောင်ရင်း ငိုကြွေးမိခဲ့ပါပြီ။

အမေ ကွယ်လွန်သွားခဲ့သော်လည်း အမေ မရှိတော့ပြီဟု မထင်မိကြပါ။ အမေ၏ နောက်ဆုံးပြောခဲ့သော စကားရပ်ငွေ့လည်း ဖြစ်ပါသည်။

အမေ ခံစားရသည့် အသည်းကင်ဆာရောဂါဝေဒနာသည်နောက်ဆက်များများမှာ ဝေဒနာ၏ဒဏ်ကို အလူးအလဲခံစားရသော ဂုဏ်ဖြင့် အောင့်ဟစ်ညည်းညူခဲ့ကြသည်ကို မြင်ခဲ့၊ ကြားခဲ့မှုပါသည်။

အမေသည် အောင့်ဟစ်ညည်းညူခြင်း မရှိသည့်အပြင် ညပ်ယာမသာ လေသံဖြင့် -

'အမေ မိုဘက်လှည့်ပြီးအကြာကြီးအိပ်လိုက်မယ်၊ အမေ့ကို မနိုးခဲ့နော်' ဟု ပြောကာ တစ်သက်စာ ကာဝရ မပြုဘဲ အမေ အိပ်ပျော်သွားခဲ့ခြင်းပါ။

အလွန် နူးညံ့ သိမ်မွေ့သော အမေ၊ နောက်ဆုံးအချိန်မှာပင် နူးညံ့သည့်စကားဖြင့် ညင်သာစွာ ကွယ်လွန်သွားခဲ့ရှာသော အမေပါ။

လူမမာမေး လာကြသော မမကြီး၏ လုပ်ဖော်ကိုင်ဖက် ဆရာမများကို 'ဘဝသံသရာ' သီချင်း ဆိုပြခဲ့ပြီး -

'ဒီကနေ့ မွေးတဲ့ကလေးရှိသလို၊ သေဆုံးသွားတဲ့လူလည်း ရှိတာပါပဲ ဆရာမတို့၊ ဘဝသံသရာ ရထားကြီးပေါ်က အလှည့်ကျရင် ဆင်းခဲ့ရမယ့်သဘောပါ၊ လယ်တီဆရာတော်ဘုရားကြီးရဲ့ သံဝေဂ ကဗျာလေး ကြားဖူးတယ်မဟုတ်လား၊ တစ်နေကွယ် သေနယ်သို့ တစ်ခါကူး၊ မေ့လျော့ကာ မသေဘူး မထင်ပါနှင့်၊ မနေကွယ်ဟာ အကြိမ်များရင်ဖြင့်၊ သေနယ်မှာ တစ်ကြိမ်သွားရမယ်၊ ဟားမရဘူး ဆိုတဲ့အတိုင်း သိပြီးသားမို့ သွားစိန်ကြီးကတော့ မနက်ဖြန်ဖုန်းခန် လဲသေသွားရင်လည်း ဒီကနေ့မှာတော့ ပျော်ပျော်ပါပဲကွယ်'

စကားဖြင့် အရိပ်ပြသမှုပဲဘာကို နှလုံးသွင်းပြီး သေခြင်းတရားကို မဟုန်မလှုပ် အဆင်သင့်ပြင်ဆင်ထားပါသည့် သစ္စာရ တရားပြည့်ဝသော နှလုံးသားပိုင်ရှင် အမေပါ။

သက်တမ်းတစ်လျှောက် ဇာတ်ရဲ့ဒုက္ခပွဲတရား ပြည့်ဝပြီး မမှုသချိစာ မတောသိုး ပတ်ကြိမ်တစ်ခါမျှ မပြောခဲ့ဖူးလေသော အမေ၊ မေတ္တာတရားကို သက်ဆိုင်ရာ ပေးသွား၊ သီချင်းစာသားများဖြင့် ကာရွာလိုလို၊ ရကုလိုလို ဖော်ကျူးသီကုံး စပ်ဆိုပြတတ်ပါသည့်အမေ၊ မေ့မေ့မပျောက်လေ မေ့မရနိုင်အောင် လွမ်းဆွတ်တသရပါသည်။

အမေ၏ မိဘများမှာ မညာကက် စာပေသမားများဖြစ်ကြပြီး အမေ၏ မိဘများမှာ ဂီတအနုပညာသည်များ ဖြစ်ကြလေသည်။ နိုင်ငံရေး လူသိများသော ပုဂ္ဂိုလ်များ မဟုတ်ကြသော်လည်း ကျွန်မ နှင့်ယ်တစ်ကြော



www.burmeseclassic.com

www.burmeseclassic.com

မှာဖြင့် သူ့ခေတ် သူ့အခါ ရေပန်းစားခဲ့ကြသူတွေပါ။

ဂါသနာ ဗီဇမတူသော မိသားစုနှစ်ခုမှ ဆင်းသက်လာကြသော်လည်း အဖေနှင့် အမေကို့ကွင် တူညီသည်က သားသမီးများအား ကွဲ့ရပညာတတ်များ ဖြစ်စေချင်သည့် မလေးနက်မှိုင်မာသော ရည်မှန်းချက်ပင်ဖြစ်သည်။

ထိုရည်မှန်းချက် အတိုင်းလည်း သားသမီးများအား ဘွဲ့ရပညာတတ်များ ဖြစ်အောင် ကင်မကောက်၏ စစ်မှုထမ်းဝင်ငွေဖြင့် ခက်ခက်ခဲခဲ ရုန်းကန်ရင်း စနစ်တကျ သင်ကြားပေးနိုင်ခဲ့လေသည်။

မိသားစုထမင်းဝိုင်းတွင် အဖေ အစဉ်တစိုက် ပြောလေ့ရှိသောစကားမှာ -

'အဖေ့ သားတွေက စစ်ဗိုလ်၊ သမီးတွေက ကျောင်းဆရာမ ဖြစ်ရမယ်' ဆိုသည့်စကားပါ။

ထိုစကားကို မယ်မယ်လေး ကပဲ့ယည်းက ကြားနေရတာပါ။

'ဟာဟုသစ္စ္စာ၊ သိပ္ပံ၊ ဝိနယော၊ သုသိက္ခိတော လို့ မင်္ဂလာသုတ်မှာ ပါတယ်ကွဲ့၊ အကြားအမြင်၊ အသိ ပညာများပြားခြင်း၊ အသိပညာ၊ အတတ်ပညာများ တတ်မြောက်ခြင်း၊ ကိုယ်ကျင့်သိက္ခာရှိခြင်းလို့ အဓိပ္ပာယ်ရတယ်၊ အမေကတော့ သားသမီးတွေအားလုံးကို အဲဒီလိုဖြစ်စေချင်တယ်' ဆိုသည့် ဆုံးမစကားများဖြင့် ပုံသွင်းပေးခဲ့ပါသော ဝိသုကာ အမေပါ။

အမေ့ ရည်မှန်းချက်အတိုင်း သားများက တပ်မတော့်အသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသလို၊ သမီးများကလည်း သက်ဆိုင်ရာ အခြေခံပညာကျောင်းအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြပြန်တော့ သားသမီး မစုံတော့သည့် ထမင်းဝိုင်းမှာ အမေ မျက်ရည်ကျရပြန်ပါပြီ။

တပ်မတော်အသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသည့် သားများကလည်း ရပ်ဝေးတွင် တိုင်းပြည်တာဝန်တစ်ဖက်နှင့် ဖလာနိုင်ကြသောအခါ သားများ တာဝန်ကျရာ ဖွို့ငယ်ဟော် (ကယားပြည်နယ်)၊ ပင်လောင်း (ရှမ်းပြည်နယ်တောင်ပိုင်း)၊ ကျိုင်းတုံ (ရှမ်းပြည်နယ်အရှေ့ပိုင်း)၊ ကျောက်မြူ (မွန်ပြည်နယ်) မှတ္တမ မြောင်းမြ (ဧရာဝတီတိုင်းဒေသကြီး) မှ အမေ တစ်ယောက်တည်း သွားခဲ့ရပြန်ပါသည်။ ယနေ့အချိန်လို လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှု မရှိသေးသည့်အချိန်မှာ သားများကို တွေ့ချင်၊ မြင်ချင်မဇောဖြင့် ခရီးကြမ်းများကို မမောနိုင်၊ မပန်းနိုင် သွားခဲ့ရသည့်အမေ။

သမီးများကလည်း နိုင်ငံ့ဂုဏ်ဆောင်ကျောင်းဆရာမများမို့ အဖေနှင့်အကူအဖော်အဖြစ် လိုက်မပေးနိုင်ကြသောအခါ အမေမှာ အဖော်မပါ တစ်တပ်ပြီး တစ်တပ် လှည့်ပတ်သွားရသည့်အပြင် နာလန်ထခါစ သားကို ခံတွင်းမြိန်စေသော ဟင်းလျာများ ချက်ပြုတ်ကျွေးမွေး၍ ပြုစုပေးရသည်က တစ်မျိုး၊ စစ်ဆင်ရေးမှအပြန် ငှက်ဖျားမိလာသော သားကို ဆင့်လျော်သော ဆေးဝါး၊ ဓာတ်စာများဖြင့် အမျိုးမျိုးအဖုံဖုံ ပြုစုပေးပြီး နေကောင်းပြီဆိုမှ ပြန်လာခဲ့ရရှာသည့် သားသမီးများအတွက် စွန့်လွှတ် စွန့်စားဝံ့ပါသော မဟာသူရဲကောင်း အမေပါ။

ဘယ်ကိုသွားသွား ကဗျာမပီ၊ စာမညီသော အရေးအသားတို့ဖြင့် ဒိုင်ယာရီမှာ စာစီတတ်သည့်အလေ့အကျင့်ကို သိတာမို့ အမေတစ်ယောက်တည်းမည်သို့ သွားလာ၊ ဖြစ်ပျက်ခဲ့ပုံကို့ကို ဒိုင်ယာရီမှတစ်ဆင့် သိရပါသည်။

**အမေ၏ ဒိုင်ယာရီ စာသားများကို ကူးယူဖော်ပြပါသည်။**

- တောင်တန်းသီဝေ၊ မောသျှမ်းမြေ
  မြို့နီး ပတ်ဝိုင်း၊ မြင်လေတိုင်းမှာ
  မျက်ရည် ကာကျ၊ သည်ဖြစ်မျိုးကို
  မှောက်ယပ် တိုးကာ၊ ဝင်ဖော့ပါကူ။
- ပုံကောင် ဉာဏ်ကာ၊ ပြန်မရလို့
  သည်းလို့ ငိုကြွေး၊ နေ့စဉ်တွေးလျက်
  လေယာဉ်မြင်တိုင်း၊ မျက်ရည်ဝိုင်းရ။
- တောင်တန်းပပ်ချာ၊ ယှဉ်ကြည့်ပါလျှင်
  ဘယ်ဟာရှေ့နောက်၊ ဘယ်တောင်မြောက်ဟု
  မှန်းလို့ မမြင်၊ မမှဖြစ်တင်။
- လက်ကုဂ်ချီလျက်၊ လေယာဉ်တက်ခါက်
  သည်မှာရောက်လျှင်၊ လိုက်ပါရစေ
  မြတ်စိန္တေမှာ၊ နေ့စဉ်ဆုပန်
  နေရပြန်သည်။

ဟု ရေးသားထားသည်ကို ဖတ်ပြီး ယလယာဉ်လက်မှတ် ခက်ခဲ၍ ဖြစ်မည်ဟု နားလည်လိုက်ပါသည်။

- မြို့မိုးဝေမှိုင်း၊ ပြာရီရှိုင်းကာ
  လွမ်းမောစရာ၊ သားရှိရာသို့
  အမေလာခဲ့ပြီ။
- မိုးထိ ရောက်အောင်၊
  မြင့်သော တောင်မို့
  မိုးထိတောင်ဟု ခေါ်လေသလား။
- မြင့်မောက်ကြမ်းတမ်း၊
  အမေ မပန်းပါ
  သေလျှင်သော်မှ နောင်တမရှိပြီ
  သားကို မြင်ဖို့အရေးသာ၊
  အမေမျှော်ရည်
  ကယားမြေမှ သားကြီး ။



www.burmeseclassic.com

www.burmeseclassic.com

ဟု ရေးသားခဲ့သည်ကို ဖတ်ပြီး ကိုကို တာဝန်ကျသော လှိုင်ကော်မှ တပ်သို့ သွားစဉ်က ခရီးလမ်း ချောမွေ့မှုမရှိ၍ ရေးသားထားခြင်းဖြစ်မည်ဟု နားလည်ရပါသည်။

- လွမ်းဟန်တစ်ဝက်၊ ငိုရခက်ကာ
  မျက်ရည်ဖြာ၍၊ သားကြီးထံသို့ မက်
  ဆော့ချ်ပို့သော်
  ဒေါကန်နေမှာ၊ အမေသိပါသည်။
- ပြန်လျှင် လှိုင်ကော်၊ သားနှစ်ဖော်နှင့်
  သူ၏ကြင်ယာ၊ ကြည့်သွားပါရန်
  သားမှာသံကြောင်း။
- လှိုင်ကော်ခရီး၊ ဝေးမြန်းကြည့်သော်
  လေယာဉ်မရှိ၊ အမေသိ၍
  ပြန်ခဲ့ပါသည်၊ မြောင်းမြဆီ။

ဟု ရေးသားထားပြန်ရာ လေယာဉ်လက်မှတ် မရသဖြင့် လိုရာခရီး မရောက်မှ၍ ပြန်လာရသည်ကိုပင် သားဖြစ်သူ စိတ်ဆိုးနေမည်ကို မှန်းဆပြီး ကြောက်ခွင့်ရ ရေးသားထားသည်ဟု နားလည်ရပါသည်။

- မောမပြေပဲမပါက်၊ အပဲ ရောက်ခဲ့
  မိုးဖျော့လာလျှင်၊ ခေါင်ကန်းတင်
  လျှောက်၊ မမြင်လောက်မှောင်
  မြူပွေ့ဖုံးလွှမ်း၊ ဘယ်သို့လွမ်းရ
  ကာဇီပြလျှင် ဆုံးမည်မထင်။
- သားတွေကိုချစ်၊ ကိုယ့်မိုက်ပြစ်မို့
  ကိုယ်သာခံရ၊ သံဝေဂနှင့်
  စိမ့်စိမ့်ငိုပြီး၊ ပြန်ရက်နီးပြီ သမီးကို့ဆီ။

စသည်ဖြင့် အမေ၏ အဓိပ္ပာယ်ခံစားမှု၊ အရေးအသားတို့ကို ပြန်လည်ဖတ်ရသည့်အခါ နှလုံးသွေးတို့ကို ခွေးအပွေးလိုက်မောနေပါသည်။

ခက်ခဲကြမ်းတမ်းလှသည့် ခရီးလမ်းတွင် တွေ့ခဲ့ရသော သားရှိသလို မတွေ့ခဲ့ရသည့် သားလည်း ရှိခဲ့ပြန်တော့ ပူဆွေးသောကများနှင့် ပြန်လာခဲ့ရရှာသော စွန့်လွှတ်စွန့်စားမှု ပြည့်ဝသည့် ချစ်ခြင်းမေတ္တာပိုင်ရှင် အမေပါ။

သမီးဖြစ်သူ ကျောင်းဆရာမ တစ်ဦးကိုပင် ပုံမှန်ကျောင်းဆင်းချိန်ထက် နောက်ကျသည့်အခါ စိုးရိမ်စိတ်ဖြင့် လိုက်လာတတ်သောကြောင့် အမေ ကွယ်လွန်ပြီး နောက်ပိုင်းတွင် ဟိုယခင် ကျောင်းဆင်းနောက်ကျခဲ့စဉ်က အမေ လိုက်လာပြီး စောင့်ဆိုင်းနေခဲ့သော သရက်ပင်အိုကြီးအောက်ရောက်လျှင် -

'သမီးရေ . . . အမေဒီမှာ'

ဟု လက်ကို ဝှေ့ယမ်းပြီး ပြုံးပြကြိုဆိုခဲ့ဖူးသော အမေ၏ အပြုံးမျက်နှာကို မြင်ယောင်ရင်း လပြည့်ညလွန်သော် လဆုတ်တစ်ရက် မဖြစ်ဘဲ လကွယ်ညမိုက်မိုက်ဖြစ်သွားသကဲ့သို့ ဆုံးရှုံးမှုကြီးမားလှသည့် မိမိဘဝကို ပြန်လည်စဉ်းစားမိရင်း ကြေကွဲဝမ်းနည်းရပြန်ပါသည်။

မအေမ ငယ်စဉ်က ယောကျ်ားလေးဆန်ဆန် အပြုအမူမျိုးဖြင့် နေထိုင်ခဲ့သည်ဟု ဆိုပါသည်။

ထို့သော် သားသမီးများ ရလာသည့်အခါပြွင်မှ မိခင်မေတ္တာစိတ်ဖြင့် နိန္နံမ ပီသရှာသောမက ရင်သွေးများအပေါ် ချစ်သေနေးဖြာပြီး ပြောင်းလဲလာခဲ့သော ကလေ။

သားသမီး အစဉ်အဆက် ပုခက်လွှဲသိပ်ရင်း၊ ကြည်လင်သာယာသည့် ကရုဏာသံဖြင့် အမေ သီဆိုပြခဲ့သော ယိမ်ဗျာချေငြိ၊ ပဟာထိခင်၊ ကယ်ပန်းချီ မေးယို့မပီ၊ သုဝဏ္ဏသာမ စသည့် ဓတေးသီချင်းများ နားထောင်ရသည့်အခါ ခိုယ်နှလုံးများ နူးညံ့၍ မိဘများအပေါ် ကြည်ညိုလေးစားသော မျှစ်မြတ်နိုးစိတ်များ တိုးပွားလာရပါသည်။ မိသားစုအတွင်း ပြောင်မြောက်လှသည့် ဂီတပညာရှင်အဖြစ် ဂုဏ်ယူ တမ်းတမိပါသည်။

သားသမီးများကို စည်းကမ်းရှိစေရန် ဆုံးမရာ၌ အဖေက စာပေသမ္မားပီပီ 'စည်းကမ်းသည် လူ၏တန်ဖိုး'၊ 'ဖွင့်ပြီးပြန်ပိတ်၊ ယူပြီးပြန်ထား' ကဲ့သို့သော စာတမ်းကလေးများကို အလွယ်တကူ မြင်နိုင်သည့် နေရာများတွင် ချိတ်ဆွဲထားကာ ဆုံးမမှုပေးသလို၊ အမေကလည်း ခေတ်ဟောင်းအဆိုတော်ကြီး မေလှမြိုင် သီဆိုခဲ့သည့် 'စည်းကမ်း' ဆိုသည့် တေးသီချင်းနှင့် ဆုံးမပေးခဲ့ပါသည်။ ယိုတေးသီချင်း စာသားကို ယိုက်ဆိုစေပြီး အဓိပ္ပာယ်နားလည်လာအောင်၊ လိုက်နာကျင့်သုံးတတ်လာအောင် ဆုံးမမှုပေးခဲ့ပါသည်။

ထို့ပြင် မှန်သောစကားသာ ပြောဆိုရန်နှင့် ကတိသစ္စာကို မအလေးမနက် တန်ဖိုးထားတတ်ရန်ကိုလည်း

'စကားသစ္စာ၊ မှန်စေသာခါကား ဥဒေါနလေးနက်၊ ပေါ်ဆိုကက်၍၊ ခွယ်မြုက်သစ်ပင်၊ ဆေးမက်ဝင်၏ ဟုံ၊ ကပ်ဟီသစ္စာ ဗိုင်ပြုပြီး မှန်ကန်တဲ့စကားပြောကဲ့သူဟာ မြက်ပင် ပေးလိုက်ရင် မောင် အမြားသူအတွက် ဆေးဖြစ်တယ်လို့ ဆိုတယ်၊ မှန်ကန်တဲ့စကားပြောတဲ့သူသာ မြဲမှာရှိမယ်'

ဟုဆိုဆုံးမပေးခဲ့သလို ကြွယ်ဝချမ်းသာမှု၊ ဓနဥစ္စာတို့အပေါ် လွန်ကဲစွာ မက်မောတွယ်တာခြင်းနှင့် မလောဘကြီးခြင်း တို့ကို မလျှောက်စေရန်

'ဥစ္စာ ကံအောင်၊ အသက်ဉာဏ် မှောင်ပဲ၊ ပြည်းစိမ်ဥစ္စာဆိုကာ ကုသိုလ်ကံရှိမှ စံစားရကာ၊ ကုသိုလ်ကံမရှိရင် ခံစား၊ စံစားလို့ မရနိုင်ပါဘူး၊ ကိုယ့် ကိုယ့်ရဲ့အသက်ကိုတော့ ... ဉာဏ်နဲ့ ထိန်းသိမ်းစောင့်ရှောက်ရတယ်'

www.burmeseclassic.com

www.burmeseclassic.com

စသည်ဖြင့် နူးညံ့သည့် နည်းလမ်းများသုံး၍ သားသမီးဆုံးမသည့် ပရိ ယာယ် အလွန်ကြွယ်လိုက်ပါသော မဟာမော်ကွန်းကမ္ဘည်း ထွန်းလောက်သည့် အမေပါ။

အမေသည် တပ်မတော်သားဖြစ်သောပဲ့ စစ်မြေပြင်တာဝန်များ ထမ်းဆောင်ရချိန် များသည့်အတွက် သားလေးယောက်နှင့် သမီး ငါးယောက်၏ ငယ်စဉ်တောင်ကျေး အမေးအဖ ကစပြီး ကွဲ့ရဲ လုပ်ငန်းခွင်ဝင်ကြသည့် အချိန်ထိ နိစ္စဓူဝ ပြဿနာပေါင်းစုံ၊ အခက်အခဲပေါင်းစုံတို့ကို မြတ်နိုးယုယ္ပါ စိတ်၊ ကုဋေကုဋာသုံးဖိတ်၍ မားမားမတ်မတ် ရပ်တည်ကာ ရင်ဆိုင်ဖြေရှင်းပေးခဲ့သည့် မြင်းမိုရ်ယက်ပြင့်တော်ခနရာမှ မေတ္တာဓာတ် အနန္တနှင့် မာတာမိခင် အမေပါ။

မီးဖွားပြီးကာစ သွေးနု သားနုအချိန်တွေမှာ မိုးရေ မရှောင်နိုင်၊ ဆပ်ပြာလည်း မရှောင်နိုင်ခဲ့သော အမေ့လက်ချောင်းလေးတွေ လက်သီးဆုပ်ပြီး ပြန်ဖြန့်လိုက်သည့်အခါ လက်မလယ်လေး တစ်ချောင်းမှာ အကြောကပ်ပြီး ကွေးလျက်ကျန်ခဲ့တတ်ပါသည်။ ဆွဲဆန့်လိုက်လျှင် မျက်ရည်ကျသည်အထိ နာလှသော်လည်း သားသမီးများအပေါ် တစ်စုံတစ်ရာ ငြိုငြင်မှုမရှိ၊ ထာဝရကြည်ဖြူသောစိတ်နှလုံးသားနှင့် အနက်ရှိုင်းဆုံး မေတ္တာပိုင်ရှင် အမေပါ။

မေ့မရသည်သာမက မျက်ဝန်းတွင် အစဉ် မြင်ယောင်လျက်ရှိသော အမေ့ပုံရိပ်တစ်ခုမှာ လသာသည့် ညတစ်ည မိသားစုစုံလင်စွာရှိသည့်အချိန် အမေက ပြောင်းဖူးပြုတ်၏ ပြောင်းဆန်လေးများကို ပန်းကန်ထဲခြွေပြီး ထည့်ပေးလိုက်၊ ကလေးများက စားလိုက်နှင့် ကိုးယောက် တစ်ယောက်မို့ ခြွေပေးရသည်မှာ လက်မလည်နိုင်ဖြစ်ပြီး ပွနေသော ပြောင်းဖူးကို အေးသည်အထိ မစောင့်နိုင်တော့ဘဲ ခြွေပေးရသည့်အခါ ပူလွန်း၍ တစ်ချက် တစ်ချက် အမေ့မျက်နှာလေး ရှုံ့သွားသည်ကို သတိထားမိလာပါသည်။

'မေ့ပြီ မစားကြနဲ့တော့အမေ့လက် ပူနေပြီ၊ အမေ သနားပါတယ်'

ဟု ပြောပေးသော်လည်း အမေ့ရဲ့လက်က ပြောင်းဖူးပူပူကို ဆက်ခြွေရင်း -

'စားကြပါ၊ အမေ ဘာမှမဖြစ်ပါဘူး'

ဟု ရွှန်းစိုသော အပြုံးမျက်နှာဖြင့် ပြောရှာပါသည်။

'သားသမီးတွေကို ပဋိသန္ဓေရယူ့ ဗိုက်ထဲမှာ လူ့ပ်ရှားလာပြီဆိုရင် အမေဖြစ်လေ ဖဲ့ဒီအချိန်ကစပြီး ချစ်လိုက်ရတာ၊ ချစ်လို့ကိုမဝနိုင်ပါဘူးကွယ်'

ဟု ကျေနပ်အားရမှုအပြည့်နှင့် ပြုံးရွှင်စွာပြောရင်း ဗုဒ္ဓပင်ဖာဟ်တော်ထဲမှ ဇိဗ္ဗိသာရမင်း၊ ဝေဒေဟီ မိဖုရားကြီးနှင့် သားတော် အဇာတသတ်မင်းသားအကြောင်း စပ်ဆိုထားသော စာသားများကို တစ်ပိုဒ်ဆိုပြလိုက်၊ ရှင်းပြလိုက်နှင့် ရင်သွေးဟူက ချစ်မဝဖြစ်ရသည့် အကြောင်းများ ပြောပြလျက် -

- ဝမ်းကြာတိုက်တွင်း၊ လှုပ်ရှားခြင်း
  ချစ်ခြင်း အစပါ။
- ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်
  က၊ ကျွေးရ မွေးရ ချစ်မဝ။
- မေတ္တာရေစင်၊ သွေးကိုပင်၊ နို့ချိုဖြစ်
  စေသော အရှင်
  ကျေးဇူးတော် အခါခါတင်။

ဟု အသံနေ အသံထားဖြင့် ကဗျာမပီ၊ စာမညီ တတ်သလောက် ဉာဏ်သုံးကာ ရွတ်တရက်ဆိုပြလိုက်သောအခါ အားလုံးမျက်ရည်ဝိုင်းကြရပါသည်။

မေ့ဖျောက်၍ မရနိုင်သော ဟန်မိုးမနေ့လွယိုက်ဟန်လှသည့် ဂန္ဓီတွေးမွှေးညှံ့သော စာဆိုရှင် အမေပါ။

အမေသည် ပုံကိုပတ်စများကိုလည်း မကြာခဏဆိုသလို ပြောပြတတ်ပါသေးသည်။ မဟော်သဓာ ဇာတ်တော်ထဲမှ သားတရားစီရင်ခန်းတွင် ဘီလူးမနှင့် မိခင်ရင်းတို့ အလေးပုပ္ပကြသည့်အကြောင်း ပြောပြရာ၌ မိမိသားသမီး၏ နာကျင်မှုဖြင့် ငိုကြွေးသံကို မကြားလို၍ လွှတ်ပေးလိုက်ရသူ မိခင်ရင်း၏ ရင်ကွဲမတတ် ခံစားရသည့်အဖြစ်ကို ပြောပြရင်း -

- မေ့ရင်ငွေ့ဒ္ဓ၊ ငိုကြွေးမြည်ဆို
  အူနု ကွဲခတ်၊ အသည်းပြတ်သလို
  ကရုဏာထားလို့ သနားပါဆို
  ငိုယိုရင်း အမှန်၊ တောင်းပန်လိုက်
  မယ် ဖျို။

ဟု ရွတ်တရက် စပ်ဆိုပြတတ်ပြီး မိခင်တို့၏ ချစ်ခြင်းမေတ္တာအပေါ် ရသမြောက်အောင် ညွှန်းဖွဲ့ဆိုလျက် ပုံဖော်ပေးစွမ်းနိုင်ခဲ့ပါသော အမေပါ။

၁၉၇၅ ခုနှစ်လောက်က အလွန်ပြင်းထန်သည့် မုန်တိုင်းကျခဲ့ဖူးပါသည်။ အိမ်ရှေ့မျက်နှာစာတွင် ဘောလုံးကွင်းရှိသည့်အတွက် လေကာပေးနိုင်မည့် အကာအကွယ်မရှိသောကြောင့် လေတိုက်ရိုက်ထိပြီး အန္တရာယ်ရှိနိုင်၍ အိမ်နောက်ဖေး အဆောင်တွင် ရွှေ့ပြောင်းနေသင့်သည်ဟု အမေက တွက်ဆပြီး ရေဒီယိုမှ လေကြီးမိုးကြီးကျလာမည့် မိုးလေဝသ သတင်းကြားကြားချင်း လိုအပ်သမျှ စားစရာ၊ ဆေးဝါး၊ ကျောင်း စာအုပ်များနှင့်အသုံးအဆောင်အားလုံး

www.burmeseclassic.com

မီးဖိုကအစ နောက်ဖေးဆောင်သို့ ရွှေ့ပြောင်းထားလိုက်ပြီး မကြာမီ လေပြင်းမုန်တိုင်း တစ်ဟုန်တည်း ပြင်းပြင်းထန်ထန် ကျရောက်လာသောအခါ အိမ်ခေါင်မိုးမှ သွပ်ပြားများ ကွာတက်၍ လွင့်ထွက်ခြင်း၊ အိမ်ရှေ့ဆင်ဝင် ပြိုကျခြင်းတို့ဖြင့် ဝုန်းဝုန်းဒိုင်းဒိုင်းမြည်ကာ သည်းထိတ်ရင်ဖို ကြောက်စရာ အလွန်ကောင်းလှသည့်အချိန်တွင် ကြက်သားပေါက် (၁၁) ကောင်နှင့် ကြက်မကြီးမှာ စုးစုးပါးပါးအော်ရင်း မိုးရေထဲသို့ ပြေးလိုက်၊ အိမ်အောက်သို့ ပြေးဝင်လိုက် လုပ်ကာ ပျာယီးပျာယာဖြစ်နေသည်ကို ကြည့်မိသောအခါ ကြက်သားပေါက် (၁၀)ကောင်သည် အိမ်အောက်တွင် ရှိနေသော်လည်း ကြက်သားပေါက်တစ်ကောင်မှာမူ ရေစီးထဲသို့ မျောပါသွားသဖြင့် ကြက်မကြီးမှာ ရပ်တန့်မနေနိုင်ဖြစ်လျက် မိုးရေထဲ ဟိုပြေးသည်ပြေးဖြစ်၍ အမေမပြောပြခဲ့ဖူးသော ပဋာစာရီကဲ့သို့ လုပ်နေသည့်အတွက် အမေက ချက်ချင်း မိုးရေထဲဆင်းသွားပြီး ကြက်သားပေါက်လေးကို ဆယ်ပေးလိုက်ရပါသည်။

ကြက်သားပေါက်လေး ပြန်ရပြီး ကြက်ကလေး (၁၁) ကောင်ပြည့်သွား၍ ကြက်မကြီး ငြိမ်သွားသော်လည်း မေမေနှင့် ပါလာသော သစ်ပိုင်းစကစ်နက အမေ့နဖူးကိုရိုက်မိပြီး သွေးများယိုစီးကျလာပါတော့သည်။

အမေသည် ဒဏ်ရာကိုဂရုမစိုက်သည့်အပြင် ကြက်မနှင့် ကြက်သားပေါက်လေး(၁၁)ကောင်ကို မြင်းတောင်းနှင့်ဟည့်ပြီး ယူလာလိုက်ပါသေးသည်။

'ကြက်မကြီးကိုကြည့်ပြီး မိခင်ချင်း ကိုယ်ချင်းစာလို့ပါကွယ်၊ မိခင်မေတ္တာဆိုတာ ဘယ်နှယောက်ရှိရှိအဆုံးရှုံးမခံနိုင်ပါဘူး၊ သားသမီးများလို့လည်း လျော့မသွားဘူး'

ဟု မျက်နှာပေါ်မှာ သွေးများစီးကျနေရင်း ပြောပြရှာသည့် အမေ့ကို ကိုယ်ချင်းစာတရားပြည့်ဝသော ကရုဏာရှင်အမေဟု တင်စားချင်ပါသည်။

ထိုကဲ့သို့ မုန်တိုင်းကျသည့်အချိန်အတောအတွင်း ဝရုန်းသုန်းကားဖြစ်၍ ရေစီးဖြင့် မျောပါပြီး သေဆုံးသွားသော ကလေးများရှိသလို၊ အဆောက်အအုံများ ပြိုကျပြီး ဆိခိုက်ဒဏ်ရာ ပြင်းထန်စွာရသောသူနှင့် သေဆုံးသွားသောသူများ ရှိကြသော်လည်း အမေ၏ အမြော်အမြင်ကြီးမားမှုကြောင့် သားသမီး ကိုးယောက်သာမက အိမ်မွေးတိရစ္ဆာန်များပါ မသေမသီ၊ ရန်မဖြစ်၊ နေရေး ထိုင်ရေး စားရေး သောက်ရေး မပူပင်ရသည့်အပြင် ကျောင်းစာအုပ်များပင် လျှင် ပျက်စီးဆုံးရှုံးမှု မရှိခဲ့ပါ။ အားလုံး နွေးနွေးထွေးထွေး ရှိခဲ့ကြပြီး အမေ့ ဒိုင်ယာရီ၏ စာမျက်နှာတစ်နေရာတွင် -

အများကြီးမောရမည့်၊
သားသမီးဖောကို
မပြုံးမပျက်၊
သိမ်းကျုံးဖက်လျက်
- လောကမံကို၊
ကြံ့ကြံ့ခိုင် ရင်ဆိုင်လို
ခွန်အားအပြည့်နဲ့ မပြိုပြင်လို
- ကြမ်းတမ်းမယ်ဆိုမဲ့၊
အနာဂတ်ကို
ဘွာမခက်လိုခဲ့။ ။

ဟုပင် မှတ်တမ်းတင်ခဲ့သော အမေ့ရင်ထဲက ခံစားချက်ကို သိရသည့်အခါ သံမဏိစိတ်ဓာတ်ဖြင့် စွမ်းဆောင်ချက်များကို ရသမြောက်အောင် ဖော်ဆောင်ပေးစွမ်းနိုင်ခဲ့ပါသော အမေဟု ဝမ်းမြောက်ဂုဏ်ယူရပြန်ပါသည်။

- အမေသည် ည (၁၀) နာရီကျော်လျှင် ရေနံဆီမှန်အိမ်လေးကိုင်၍ သားသမီးများ၏ အိပ်ရာတစ်ခုချင်းစီကို လိုက်ကြည့်တတ်ပြီး စောင်လွတ်နေသည့် ကလေးကို စောင်ခြုံပေးခြင်း၊ ခေါင်းအုံးနှင့် ခေါင်းလွဲနေလျှင် တည့်မတ်ပေးခြင်း၊ ခြင်မဝင်နိုင်စေရန် ခြင်ထောင်ကို မွေ့ရာနှင့် လုံလုံခြုံခြုံဖိပေးခြင်းတို့ကို အစဉ်တစိုက် လုပ်ပေးလေ့ရှိပါသည်။ ထိုကဲ့သို့ ည တစ်နာရီလောက်တွင် တစ်ခါထလာပြီး ယပ်မိလုပ်ပေးတတ်ပြန်ပါသည်။ တစ်ညလျှင် အနည်းဆုံး နှစ်ကြိမ် အိပ်ရာတိုင်းမှာ လိုက်ကြည့်ပေးသည့် အလေ့အကျင့်ရှိပါသည်။ နို့စို့ကလေး ရှိလျက်နှင့်ပင် ကျန်ကလေးများအပေါ် ဂရုစိုက်မှု လျော့မသွားခဲ့ပါသော မီးအိမ်ရှင်အမေ့ကို ညစဉ်တမ်းကမိပါသည်။

တစ်ခါတစ်ရံ ညသန်းခေါင်အချိန် ခြင်ထောင်ထဲသို့ပင်လျက် ကလေးတစ်ယောက်ချင်းအား နဖူးစမ်းခြင်း၊ လည်ပင်းစမ်းခြင်းတို့ လုပ်နေသောကြောင့် -

'အမေ ဘာဖြစ်လို့ ကိုယ်တွေ လိုက်စမ်းနေရတာလဲ'

ဟု ကိုကိုက မေးသည့်အခါ -

'အမေ စိတ်မပူလေးပြီး အိပ်လို့မရဘူးကွယ်၊ အမေ့ကလေးတွေထဲက တစ်ယောက်ယောက်တော့ နေမကောင်းဖြစ်နေရှာပြီ ထင်တယ်၊ ဘယ်သူ နေမကောင်းတာလဲ သိချင်လို့ လိုက်စမ်းကြည့်တာပါ"

ဟု ပြောသည့်အတွက် ကိုကိုက မှန်အိမ်ကိုင်ပေးပြီး အမေနှင့်အတူ လိုက်ကြည့်သောအခါ အမှန်တကယ်လည်း တစ်ယောက်ယောက်က ဖျားနေသည်ကို တွေ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကံမေ၏ လေးနက်သောမေတ္တာ ကရုဏာများကြောင့် အလိုလိုသိနေတာပဲ ဖြစ်မှာပါ။ ထိုဖြစ်ရပ်မျိုး မကြာခဏ ဖြစ်လေ့ဖြစ်ထရှိခဲ့ဖူးပါသည်။

ဖေအေးမြကြည်ပြင် မေတ္တာမရောင် တို့ အမှာနဲ့ပြင်းပြင်း စိုးဆင်းပေးပါသည့် လှုဆန်းလှသော မဆေးလိပ်ညာဥ်ပိုင်ရှင် အမေပါ။

သားသမီး ကိုးယောက်၏ ပညာ ရေးစရိတ်စကာ ကုန်ကျမှုများအတွက် ငြိုငြင်မှုနဲ့တိုသည့်စကား တစ်ကြိမ် တစ်ခါမျှ မပြောခဲ့ဖူးရှာသည့် အမေ။

'သားသမီးတွေရဲ့ ဘွဲ့ နှင်းဆက်ပွဲ မပွဲရှေ့မှာ ထိုင်ကြည့်ရတဲ့ အရသာကို ကိုက်အကြီးကြီးနဲ့မနေပြီး တားအကောင်း စားစီးရတဲ့ ဘဝမျိုးနဲ့တောင် မလဲနိုင်ပါ ဘူးကွယ်'

ဟု ပီတိအပြုံးနှင့် ဂုဏ်ယူတတ် သော စုန်မေ မေတ္တာပိုင်ရှင် အမေကို သားသမီးများအတွက် မေတ္တာတရား အပေးဆပ်နိုင်ဆုံး လူသားမဖြစ် ဂုဏ် ယူရပါသည်။

ကောင်းကင်တွင် လမင်းထိန် ထိန်သာသော ညမျိုး၌ အမေက လမင်း ကြီးကို ငေးမောကြည့်ရင်း လက်အုပ်ချီ ကာ ဘုရားဂုဏ်တော်များ ရွတ်ဖတ် သရဇ္ဈာယ်ပြီး -

"ဖိုးလမင်းကြီးရယ်၊ သားတို့ ဘေးဘယာပေးကွာဖို့ ဆုတောင်းပေး နေပါတယ် ဆိုတဲ့ အကြောင်းရယ်၊ တစ်နေ့မှ မမေ့ပါဘူးဆိုတဲ့အကြောင်း သားတွေကို ပြောဖြစ်အောင် ပြောပေး ပါနော်"

ဆိုပြီး ကရုဏာသံဖြင့် စိတ္တဇ ဆန်ဆန် လေးနက်စွာ တတွတ်တွတ် ပြောဆိုသည့်အခါ ကြားရသည်နှင့်ပင် မျက်ရည်ကျခဲ့ရပါသည်။

ငယ်စဉ်ဘဝက သားသမီးများ ကို ဖိုးလမင်းကြီးဆီမှ ထမင်းဆီဆမ်းကို မျှလင်ဂန်းနှင့် တောင်းကျွေးခဲ့ဖူးသော အမေ၊ သားသမီးများ ကြီးပြင်းလာသည့် အချိန် နိုင်ငံတာဝန်ထမ်းဆောင်နေ သော အရှယ်မှာပင် ဖိုးလမင်းကြီးက တစ်ဆင့် အမှာစကားပေး ပို့ပေးနေမှ ပြန်ပါသေးသည့် အမေ့မာဖြစ်ကို တွေး ကာ သနားတရုဏာ ဖြစ်ရပါသည်။

အမေ့ မေတ္တာများက အမှန် ပင်ကယ်လည်း စူးရှကိန်းရက်မှု ရှိလှပါ ပေသည်။

တစ်ခါတစ်ရံ တာဝန် ထမ်း ဆောင်နေသော တပ်နက်တာအသီးသီး မှ ခွင့်ရရှိ၍ ပြန်လာကြသောအခါ -

"သားတို့လေ၊ ညတချိန် စစ် ကြောင်းထွက်ရင်း လသာသာနဲ့ အမေ့ ကို သတိရလိုက်တာ"ဟု ပြောကြသည်။

ဖုန်းဆက်ခြင်းထက်ပင် ကိန်းရောက် မြန်ဆန်မှုရှိလှပါပေသည်။ ဆက်သွယ်မှု ရှိလာပြင်ပ ပရိ၊ အချိန်မရွေး၊ နေရာ မရွေး ဆက်သွယ်၍ ရနိုင်ပါသော ဝန်ဆုံ တစ်ခွပ်မှာ ဖုန်းယှဉ်မရနိုင်သည့် မေတ္တာ မနောပိုင်ရှင်မာဖြစ် မှတ်ကျောက်တင် ခံနိုင်ပါသော အမေပါ။

ပေးကမ်းလှူဒါန်းမှု အစုစုကို လည်း ကြည်ဖြူသဒ္ဓါထက်သန်စွာဖြင့် သိမ်၊ ကျောင်း၊ ရဟန်း တစ်ပါးတစ်ပါး ပေးလှူခဲ့သည့် ဝံသာနုရက္ခိတ တရား ပြည့်ဝလှသော အမေ။

အမေ့လုပ်ရပ် အစုစုတို့ကို စေ့ငု သေချာမှုနဲ့ လေးနက်စွာ တွေး ရေး ဖော်ပြရသည်နှင့်သော် မမောမပန်း ရေးပြ၍ ကုန်မည်မထင်ပါ။

အမေ နှစ်သက်သော အရောင် ကြွေပြား ဘုတ်ဂူလေးထဲမှာ အမေ ထာဝရအိပ်စက်ရန် လုပ်ပေးခဲ့သော် လည်း အမေကဲ့သို့ ဂရုတစိုက် မကြည့် နိုင်ခဲ့ပါ။ အမေသည် မေတ္တာအပေါင်း တွင် သရဖူဆောင်းနိုင်ခဲ့သော အနိုင်းမဲ့ မေတ္တာရှင်ဖြစ်ပါပေသည်။

အမေ ယာဝရ ရှိနေဆဲပါ။ အမေ၏ ပိုင်ယာရိ စာသားများကို ဖတ် ရှုရင်း၊ အမေ့မေတ္တာတရားများကို တမ်း တရင်း နွေးထွေးလိုက်မောစွာ ခံစားနေ ရဆဲပါ အမေ။

မည်သည့် ချစ်ခြင်းမေတ္တာမျိုး ကမှ အမေ၏ မေတ္တာအရည်အသွေးကို ကိုယ်ယှဉ်နိုင်း၍ မမီနိုင်ပါ။ အမေဟု မာတာ ပိခင် ပုံကိုင်ရှင်မှား စာဝန်းချိုခြယ် မှုန်း၍ မှတ်တမ်းတင် ဂုဏ်ပြုရေးသား ရင်း မြင့်မြတ်ရာ ဘုံဌာနမှ ဘာဂု အနု မောဒနာ ခေါ်ဆိုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

**နိုင်(ပညာရေး)**

□



www.burmeseclassic.com

www.burmeseclassic.com

# ဇိုနတ်ငံမော

စာလေးဝတ္ထုအောင်



လွန်ခဲ့သော နှစ်အနည်းငယ် ခိုက်ခိုက်တုန် ချမ်းအေးလှသော နေ့တစ်နေ့တွင် ကျွန်တော်က လမ်းပေါ်မှ ပိုက်ဆံအိတ်တစ်လုံးကို အမှတ်မထင် တွေ့ရှိခဲ့သည်။ အထဲတွင် ဘာကိုယ်ရေးကိုယ်တာ အချက်အလက်မှုမပါ။ သုံးဒေါ်လာမျှနှင့် နှစ်ပေါင်းများစွာ ထည့်သွင်းသယ်ဆောင်ခဲ့မှုကြောင့် တွန့်ကြေနေသော စာတစ်စောင်သာ ပါရှိသည်။

ဆုတ်ဖြဲထားသော စာအိတ်ပေါ်တွင် ဖတ်၍ရသည်မှာ စာပို့သူ၏ လိပ်စာ၊ ကျွန်တော်က စာကိုဖွင့်ဖတ်လိုက်ရာ စာက ၁၉၂၄ ခုနှစ်၊ နှစ်ပေါင်း (၆၀)ကျော်က ရေးသားထားခဲ့သော စာဖြစ်ကြောင်း တွေ့ရသည်။ ကျွန်တော်က ပိုက်ဆံအိတ်ပိုင်ရှင် မည်သူမည်ဂါ ဖြစ်သည်ကို သဲလွန်စ ရလိုရငြား မျှော်လင့်ချက်ဖြင့် စာကို ဂရုတစိုက် ဖတ်သည်။

စာက သမားရိုးကျ ရည်းစားစာပင် ဖြစ်သည်။ စာရေးသူက ဘိမ်မေ့မှုနှုန်းညံ့ဖွာဖြင့် 'မိုက်ကယ်' ဆိုသူ၏ သူမ၏အမေက သူနှင့်ထပ်မံတွေ့ဆုံရန် တားမြစ်ကြောင်း၊ သို့တစေ သူမအနေဖြင့် သူ့ကို အမြဲချစ်နေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အောက်တွင် 'ဟယ်နာ' ဟု လက်မှတ်ရေးထိုးထားသည်။

နိုးမိုးနှင့်ပုပသော စာတစ်စောင်ပင်။ သို့သော် 'မိုက်ကယ်' ဆိုသော အမည်မှအပ ပိုင်ရှင်ကိုဖော်ထုတ်ရန် လမ်းစမမြင်။ သို့နှင့် ကျွန်တော်က တိုစမ်းရေး‌ရှောနသို့ အကူအညီတောင်းခံခဲ့သည်။

"ဒီလိုပါဗျာ၊ အကူအညီတောင်းခံရမှုကတော့ ခပ်ဆန်းဆန်းပါပဲ၊ ကျွန်တော်ကောက်ရတဲ့ ပိုက်ဆံအိတ်ပိုင်ရှင်ကို ရှာနေပါတယ်၊ ပိုက်ဆံအိတ်ထဲက စာထဲမှာပါတဲ့ လိပ်စာရဲ့ တယ်လီဖုန်းနံပါတ်ကိုများ ပြောပေးနိုင်မလား"

တိုစမ်းရေး‌ရှောနမှ မအော်ပရေတာက သူ၏ ကြီးကြပ်ရေးမှူးနှင့် ဆက်သွယ်ပေးသည်။ သူမက စာပါလိပ်စာဖြင့် တယ်လီဖုန်းတစ်ဆင်ထားကြောင်း၊ သို့သော် ကျွန်တော့်ကို ဖုန်းနံပါတ်မပေးနိုင်ကြောင်း ပြောသည်။ သူမအနေနှင့် ထိုဖုန်းနံပါတ်ကို ဆက်သွယ်ကာ အကျိုးအကြောင်း ရှင်းပြမည်ဖြစ်ကြောင်း၊ ထိုသူက ကျွန်တော်နှင့် စကားပြောလိုသည်ဟုဆိုလျှင် ဆက်သွယ်ပေးမည်ဖြစ်ကြောင်း ပြန်ကြားသည်။ ကျွန်တော်က အနည်းငယ် စောင့်ပြီးမှ သူမက ပြန်လည်ဆက်သွယ်သည်။

"ဒီမှာ အမျိုးသမီးတစ်ယောက်က ရှင်နဲ့ စကားပြောမယ်တဲ့"

ကျွန်တော်က ထိုအမျိုးသမီးကို 'ဟယ်နာ' ကိုသူ့ကို သိသလားဟု မေးသည်။

"အို သိတာပေါ့၊ ကျွန်မတို့က ဒီအိမ်ကို ဟယ်နာမိသားစုဆီက ဝယ်ခဲ့တာ"

"အခု သူတို့ကို ဘယ်မှာ ရှာတွေ့နိုင်မလဲဆိုတာများ သိပါသလား" ဟု ကျွန်တော်ကမေးသည်။

"ဟယ်နာက သူ့အမေကို နှစ်ပေါင်းများစွာက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာကို ပို့ထားခဲ့တယ်၊ အဲဒီဂေဟာကများ ယမီးဖြစ်သူကို ခြေရာခံနိုင်မှာပေါ့"

ထိုအမျိုးသမီးက ဂေဟာအမည်ကို ပြောပြသည်။ ကျွန်တော်က ဖုန်းဖြင့်ဆက်သွယ်ရာ 'ဟယ်နာ' ၏မိခင်ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဖြေကြားသော အမျိုးသမီးက 'ဟယ်နာ' ရှိနိုင်ဖွယ်ရှိသော လိပ်စာကိုပေးသည်။

www.burmeseclassic.com

ကျွန်တော်က ဖုန်းဆက်သည်။ မြေကြားသော အမျိုးသမီးက ယနေ့အခါ ဟယ်နာကိုယ်တိုင်ပင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်လျက်ရှိကြောင်း ရှင်းပြသည်။ သူမက ဖုန်းနံပါတ်ပေးရာ ကျွန်တော် ဆက်သွယ်ခဲ့သည်။

"ကုက်ပါတယ်၊ ဟယ်နာက ကျွန်မပဲဖြစ်မှာပါ"

ကျွန်တော်က ခရွှေဝင်ရောက်၍ သူမနှင့် တွေ့နိုင်မည်လားဟု မေးသည်။ အချိန်က ည (၁၀) နာရီထိုးလုပြီ။

ညွှန်ကြားရေးမှူးက -

"ဟယ်နာ အိပ်ကောင်းအိပ်နေလောက်ပါပြီ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သူက ဧည့်ခန်းထဲမှာ ရုပ်မြင်သံကြားကြည့်မကောင်းကြည့်နေနိုင်တယ်"

ညွှန်ကြားရေးမှူးနှင့် အစောင့်တစ်ဦးတို့က မဟာတံခါးဝတွင် ကျွန်တော့်ကို ကြိုနေကြသည်။ ကျွန်တော်တို့က တတိယထပ်သို့ တက်သွားကြကာ သူနာပြုဆရာမနှင့်တွေ့ရာ 'ဟယ်နာ' မှာ ရုပ်မြင်သံကြား တကယ်ပင်ကြည့်နေကြောင်း ပြောသည်။

ကျွန်တော်တို့က ဧည့်ခန်းအတွင်းသို့ ဝင်ခဲ့ကြသည်။ ဟယ်နာကား ငွေရောင်ဆံပင်များနှင့် နွေးထွေးသော အပြုံး၊ ခင်မင်ဖွယ်သော မျက်လုံးများဖြင့် နှစ်လိုဖွယ် အဘွားကြီး။ ကျွန်တော်က ပိုက်ဆံအိတ်အကြောင်း ပြောပြကာ ယင်းကို သူမအား ပြသည်။ ယင်းကိုမြင်လိုက်သည့်အခိုက်တွင် သူမက သက်ပြင်းတစ်ချက် ရှူလိုက်သည်။

"လူကလေး၊ ဒီစာဟာ အဘွားနဲ့ မိုက်ကယ်တို့ရဲ့ နောက်ဆုံးအဆက်အသွယ်ပါပဲ"

သူမက အခြားတစ်ဖက်သို့ လှည့်လိုက်သည်။ ပြီးလျှင် ဝေးစိုက်ဆင်ခြင်ဟန်ဖြင့် ပြောသည်။

"ငါက သူ့ကိုသိပ်ချစ်ခဲ့တာ၊ ဒါပေမဲ့ ငါက အဲဒီတုန်းက (၁၆) နှစ်ပဲ ရှိသေးတယ်၊ အမေက သိပ်ငယ်သေးတယ်လို့ ယူဆတယ်၊ သူက သိပ်ချောတာ၊ သိတယ် မဟုတ်လား ရှိမ်း(စ်)ဘွန်းမင်းသား ရှောင်ကွန်နရီလိုမျိုး"

ကျွန်တော်တို့ နှစ်ဦးစလုံး ရယ်လိုက်ကြသည်။ ဂေဟာညွှန်ကြားရေးမှူးက ကျွန်တော်တို့နှစ်ဦးကိုထားခဲ့ကာ ထွက်ခွာသွားသည်။

"ဟုတ်တယ်၊ သူ့နာမည်က မိုက်ကယ်ဂိုး(လ်)စတိုင်းပါ၊ ရှင် သူ့ကိုများတွေ့ရင် အဘွားက အမြဲသတိရနေတယ်လို့ ပြောပေးပါ၊ အဘွား လုံးဝအိမ်ထောင်မပြုခဲ့ဘူး" ဟု သူမက မျက်ဝန်းအစုံတွင် စို့ထွက်လာသော မျက်ရည်များကြားမှ ပြုံးလျက်ပြောသည်။

"တယ်သူမှ မိုက်ကယ်နဲ့ ယှဉ်လို့မရဘူး ထင်ပါရဲ့ကွယ်"

ကျွန်တော်က ဟယ်နာကို ကျေးဇူးတင်စကားဆိုကာ နှုတ်ဆက်လျက် ပထမထပ်သို့ ဓာတ်လှေကားဖြင့် ဆင်းလာခဲ့သည်။ ကျွန်တော်က တံခါးဝတွင် ရပ်နေစဉ် အစောင့်က မေးသည်။

"ဟယ်နာဆီက အကူအညီရခဲ့သလား"

သူမအနေနှင့် သဲလွန်စပေးလိုက်ကြောင်း ကျွန်တော်က သူ့ကိုပြောသည်။

"နာမည် အပြည့်အစုံတစ်ခုတော့ ရလာခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီကိစ္စအတွက်တော့ ဒီကိစ္စကို ဆက်မလုပ်သေးဘူး"

ကျွန်တော် ယာစ်မနေနိုင်ပါ။ ပိုက်ဆံအိတ်ပိုင်ရှင်ကို ရှာနေခဲ့ကြောင်း ရှင်းပြသည်။ ကျွန်တော်တို့ စကားပြောနေကြစဉ် ကျွန်တော်က အစောင့်ကို ခရာကြိုးအနီရောင်ဖြင့် ချည်ထားသော အညိုရောင် သားရေပိုက်ဆံအိတ်ကို ထုတ်ပြလိုက်သည်။

"ဟေး . . ဒီပိုက်ဆံအိတ်ကို ကျုပ်ကောင်းကောင်း သိကယ်ဗျာ၊ အဲဒါ မစ္စတာဂိုး(လ်)စတိုင်းဟာပဲ၊ သူက အမြဲပျောက်တတ်တာ"

"မစ္စတာဂိုး(လ်)စတိုင်းဆိုတာ ဘယ်သူလဲ"

ဟု ကျွန်တော်က မေးသည်။

"သူက ရှစ်ထပ်မှာရှိတဲ့ အဘိုးအိုတစ်ဦးပါ၊ အဲဒါ မိုက်ကယ်ဂိုး(လ်)စတိုင်းရဲ့ ပိုက်ဆံအိတ်ဆိုတာ သေချာပါတယ်၊ သူက မကြာခဏ လမ်းလျှောက်ထွက်လေ့ရှိတယ်"

ကျွန်တော်က အစောင့်ဖြစ်သူကို ကျေးဇူးတင်စကားပြောကာ ညွှန်ကြားရေးမှူးရုံးခန်းသို့ အပြေးသွားလျက် အကြောင်းစုံကို ပြောပြလိုက်သည်။ သူက ကျွန်တော်နှင့်အတူ ရှစ်ထပ်သို့ လိုက်ပါလာခဲ့သည်။ ကျွန်တော်က မစ္စတာဂိုး(လ်)စတိုင်း မအိပ်သေးစေရန် ရှိခိုးဆုတောင်းမိ၏။

"သူ ဧည့်ခန်းထဲမှာပဲ ရှိဦးမယ်ထင်တယ်"

ဟု သူနာပြုဆရာမက ပြောသည်။

"သူက ညဘက်မှာ စာဖတ်ရတာကြိုက်တယ်"

ကျွန်တော်တို့က မီးဖွင့်ထားသော အခန်းဆီသို့သွားခဲ့ကြသည်။ လူတစ်ယောက်က စာဖတ်နေသည်။ ညွှန်ကြားရေးမှူးက ၎င်းကို ပိုက်ဆံအိတ်ပျောက်ခြင်း ရှိမရှိ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မိုက်ကယ်ဂိုး(လ်)စတိုင်းက မော့ကြည့်သည်။ ဘောင်းဘီနောက်အိတ်ကို စမ်းကြည့်ပြီး ပြောသည်။

"ဘုရားရေ. . . ပျောက်နေပြီ"

သူက ပိုက်ဆံအိတ်ကိုမြင်သည်နှင့် စိတ်သက်သာရာ ရသွားဟန် ပြုး၏။

"ဟုတ်တယ်၊ ဒီပိုက်ဆံအိတ်ပဲ၊ ဒီနေ့လယ်က ကျ ပျောက်ခဲ့တာ ဖြစ်မယ်၊ မင်းကို ဆုချချင်တယ်"

"မလုပ်ပါနဲ့ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဟု ကျွန်တော်က ပြောသည်။

"ဒါပေမဲ့ ကျွန်တော် အမှာကို ပြောစရာတစ်ခုရှိတယ်၊ ပိုက်ဆံအိတ်ကို ဘယ်သူပိုင်သလဲဆိုတာ သိချင်တဲ့ ဆန္ဒလွန်ကဲ ချက်နဲ့ အထဲက စာကို ကျွန်တော်ဖတ်ကြည့်ခဲ့ပါတယ်"

သူ့မျက်နှာပေါ်က အပြုံး ပျောက်ကွယ်သွားသည်။

"မင်း အဲဒီစာကို ဖတ်ခဲ့တယ်"

"ဖတ်ခဲ့ရုံတင် မကဘူး၊ ဟယ်နာ ဘယ်မှာရှိတယ်ဆိုတာကိုပါ သိတယ်လို့ ထင်တယ်ဗျ"

သူ့မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"ဟယ်နာ သူဘယ်မှာရှိတယ်ဆိုတာ မင်းသိတယ်၊ သူ အရင်ကလို ချောတုန်းပဲလား"

ကျွန်တော်က တုံ့နေးသွားသည်။

"မကျူးဖူးမြဲပြီး ငါ့ကိုပြောပါကွာ"

ဟု မိုက်ကယ်က မေးပြန်သည်။

"သူမနေကောင်းပါတယ်၊ ပြီးတော့ အဲဒါ သိခဲ့တုန်းက အတိုင်း ချောမောနေတုန်းပါပဲ"

"သူ ဘယ်မှာရှိတယ်ဆိုတာ ငါ့ကိုပြောပြနိုင်မလား။ သူ့ကို မနက်ဖြန် ငါ ဖုန်းဆက်ချင်လို့ပါ"

သူက ကျွန်တော့်လက်ကို ဆုပ်ကိုင်ပြီးပြောသည်။

"မင်း သိလား၊ အဲဒီစာရောက်လာတော့ ငါ့ဘဝ ဆုံးပါးခဲ့ရတာပါပဲ၊ ငါ ဘယ်တုန်းကမှ အိမ်ထောင်မပြုခဲ့ဘူး၊ ငါ သူ့ကို အမြဲချစ်နေခဲ့တာပါ"

"မိုက်ကယ်" ဟု ကျွန်တော်ကပြောသည်။

"ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ကျွန်တော်တို့သုံးယောက် ဓာတ်လှေကားဖြင့် တတိယ ထပ်သို့ ဆင်းလာခဲ့ကြသည်။ ကျွန်တော်တို့က ဟယ်နာထိုင် လျက် ရုပ်မြင်သံကြားကြည့်သော ဧည့်ခန်းသို့ လျှောက်သွား ခဲ့ကြသည်။ ညွှန်ကြားရေးမှူးက ဟယ်နာထံသို့ သွားသည်။

"ဟယ်နာ" ဟု သူက ညင်သာစွာပြောသည်။

"ဒီလူကို ခင်ဗျားသိသလား"

မိုက်ကယ်နှင့် ကျွန်တော်တို့က တံခါးဝတွင် ရပ်လျက် စောင့်နေကြသည်။ သူမက မျက်မှန်ကို နေသားတကျ ရှိစေ လျက် ခေတ္တမျှကြည့်သည်။ သို့သော် စကားတစ်ခွန်းမျှမပြော။

"ဟယ်နာ . . . ဒါ မိုက်ကယ်လေ၊ မိုက်ကယ်ဂိုး(လ်) စတိုင်း၊ ခင်ဗျား မှတ်မိလား"

"မိုက်ကယ်. . . မိုက်ကယ်. . . ရှင် နော်"

သူက သူမအပါးသို့ ဖြည်းညင်းစွာ လျှောက်လှမ်း လာသည်။ သူမက ရပ်မနေလျက်။ ထို့နောက် ပွေ့ဖက်ကြ သည်။ သူတို့နှစ်ယောက် ခုံရှည်တစ်ခုပေါ် ကျွင်ထိုင်ကာ စကား စတင်ပြောကြသည်။ ညွှန်ကြားရေးမှူးနှင့် ကျွန်တော်တို့က ထွက်ခွာလာခဲ့ကြသည်။ ကျွန်တော်တို့ နှစ်ဦးလုံးက ငိုကြွေး ကြလျက်။

"ဘုရားသခင်ရဲ့ ကောင်းချီးပေးမှုကို မြင်တယ်မဟုတ် လား" ဟု ကျွန်တော်က တည်ငြိမ်စွာ ပြောလိုက်သည်။

"ဖြစ်ရမယ့်ကိစ္စတစ်ခုဟာ ဖြစ်ကိုဖြစ်ရမှာပါပဲ"

ရက်သတ္တသုံးပတ် လွန်မြောက်သောအခါ ညွှန်ကြား ရေးမှူးထံမှ ဖုန်းဆက်လာသည်။

"ခင်ဗျား တနင်္ဂနွေနေ့မှာ တခြားအလုပ်တွေကို ထား ခဲ့ပြီး မင်္ဂလာပွဲတစ်ပွဲကို တက်ရောက်နိုင်မလား"

သူက အဖြေကို မစောင့်။

"ဟုတ်ပါတယ်၊ မိုက်ကယ်နဲ့ ဟယ်နာတို့ စုလျားရစ် ပတ် လက်ထပ်ကြမလို့"

လှပသော မင်္ဂလာပွဲတစ်ပွဲပါ။ ဂေဟာနေပုဂ္ဂိုလ်များ အားလုံး တက်ရောက်ခဲ့ကြသည်။ ဟယ်နာက သနပ်ခါးရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး လှပနေသည်။ မိုက်ကယ်က နက် ပြာရောင်ရှုပ်ရှုပ် ဝတ်စုံကိုဝတ်လျက် အမုပ်မြင့်မြင့်နှင့်။ ဂေဟာ က သူတို့ကို သီးသန့်အခန်းတစ်ခန်း စီစဉ်ပေးသည်။ သင့် အနေနှင့် (၇၆) နှစ်အရွယ် သတို့သမီးနှင့် (၇၈) နှစ်အရွယ် သတို့သားတို့ ဆယ်ကျော်သက်အရွယ်များကဲ့သို့ ပြုမူနေကြ သည်ကို မြင်တွေ့လိုပါက ဤစုံတွဲကို ကြည့်ရပါမည်။

နှစ်ပေါင်း (၆၀) မျှ ကြာညောင်းခဲ့သော အချစ်ပုံပြင် ၏ လှပသေသပ်သော ဇာတ်သိမ်းပါပေ။

(၁၁/၂၀၁၂ ထုတ် Reader's Digest မဂ္ဂဇင်းပါ Arnold Fine ရေး Letter in the Wallet ကို ပြန်ဆိုသည်)

**စိန်ဝင်းမော်**


□





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





(ယခင်လမှ အဆက်)




BURMESE CLASSIC .com

## အခန်း (၆)
## ယဉ်ကျေးမှုရေးရာ ပြယုဂ်

၁၉၇၀ ပြည့်နှစ် ဟောင်ကောင်ခရီးစဉ်တွင် ဖအသက် နှစ်ဆယ့်ကိုးနှစ်ရှိ ဘရုစ်ကို ချစ်ခင်ကြည်ညိုကြသည့် ဖအားပေး သူ ပရိသတ်တို့မှာ သူသွားလေရာတွင် တွေ့ဆုံရှိနေကြသည်။ လူထုပရိသတ်မှာလည်း သူ့ကို လာရောက်နှုတ်ဆက်ကြသည်။ စားသောက်ဆိုင်တွင် သူ ညစာ စားသောက်သည့် အခါများ၌ပင်လည်း သူ့ကို ငေးမောကြည့်ရှုကြပြီး သူတို့မိတ်ဆွေအပေါင်း အသင်းတွေကို ကီးတိုးပြောဆိုကြမေးသည်။ တွေ့ခဲ့ဖူးကား ပြောပွဲ စီစဉ်သူတွေကလည်း သူ့ကို အင်တာဗျူးချင်ကြသည်။ ရုပ်မြင်သံကြားမဲဒေးသော ဖြေကွက်များကလည်း သူ့ရဲ့ ကွန်ဖူး ပညာ သရုပ်ဖော်ပြသမှုကို ပြသပေးစေလိုကြသည်။

ဘရုစ်က သူ့အပေါ် ဖျော်ဖြေမှုအားလုံးကို အနည်းအကျဉ်း အံ့ဩမိရသည်။ ကိုအချိန်တွင် ဟောင်ကောင်၌ 'ပျားပျံစိမ်းကောင်' ရုပ်သံဇာတ်လမ်း ပြန်လည်ပြသနေသည်။ ဒေသခံတို့က ပျားကူစိမ်းကောင်ဟု ခေါ်ပေါ်ခြင်းမပြုဘဲ ယင်းအစား ရေပန်းစား လူကြိုက်များနေသော ဘရုစ်ကို 'ကေတိုရှိုး' ဟူ၍သာ အမှတ်ယပြုကြသည်။ သူတို့က 'မဂ္ဂဟို' ဇာတ်လိုက်အပေါ် စွဲလမ်းနေကြသည်။ အဆိုးတွင် တမွှမ်ဇာတ်ကောင်စရိုက်မှာ အစဉ်အလာကြီးမားပြီး အလား အလာကောင်းသည့် နည်းလမ်းတစ်ခုအဖြစ် အမေရိကန် ရုပ်မြင်သံကြား ပြသမှုတစ်ခုက ထည့်သွင်းစဉ်းစားရမည်ဟု ဆိုသည်။

ဟောင်ကောင်တွင် ဘရုစ်အပေါ် ကြိုဆိုလက်ခံမှုသည် တရုတ်ပြည်၌ ရုပ်ရှင်ဖြင့် သူ့အသက်မွေးမှုလုပ်ငန်း တကယ့်ကို စတင်ဟုပြောပြုလိုပြင်းဟု သူတွေးတောမိပြန်သည်။ အကယ်၍သာ သူ့အနေဖြင့် ဟောင်ကောင်တွင် ထူးချွန် ပြောင်မြောက်သော ရုပ်ရှင်မင်းသားသာ ဖြစ်လာပါမူ အမေရိကန်ပြည်ထောင်စု ရုပ်ရှင်လောကသို့ သူပြောင်းရွှေ့ရပေတော့မည်။ ထို့ပြင် ဟောင်ကောင်တွင် ရုပ်ရှင်ကားများ ဖန်တီး လုပ်ကိုင်ရန် အခြေအနေ အကြောင်းအရာကောင်းတွေ အများအပြားပင် ရှိပေလိမ့်မည်။ ပွဲဦးမေသတွင် ဇာတ်ရှင်ကား များ မည်သို့မည်ပုံ ဖန်တီးခြင်းအားဖြင့် ပရိသတ်အပေါ် အကျိုးသက်ရောက်မှု ပိုမို ရရှိနိုင်မည်ကို သူအလိုရှိသည့် နည်းလမ်းအတိုင်း ရုပ်ရှင်ကားများသာ ဖန်တီးလုပ်ကိုင်နိုင်ပါ က အမေရိကန်တွင် တရုတ်ရုပ်ရှင်ကားများ မည်သို့ပုံ ပြောင်းလဲလာမှုအပေါ် သက်မှုမိစေရန် သူ အထောက်အပံ့ ပြုနိုင်ကြောင်း ဆိုလိုခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွပ်ရဲ့ ပထမဆုံး တရုတ်ဇာတ်ကား ဖန်တီး မပြုသခင်က တရုတ်ရုပ်ရှင်ကားတွေဟာ သဘောဝ ကျကျ အမျိုးအစားထဲ မပါဘူးလို့ ထင်မှတ်ရတာပဲ”

ဘရုစ်က ဆိုလာသည်။

“အဲဒီကားတွေထဲမှာ အမှုအရာတွေက ပိုလွန်းနေပြီး ခုန်ပျံနေကဲ့ အခန်းတွေကလည်းအများ သား။ အားလုံးမြုကြည့်ရင်တော့ သဘာဝမကျတာ ဟိုပဲ ဖတ္တ့နေရတယ်”

ဂိုးလ်ဒင်းဟားဗက်စ်နှင့် ပိုက်ကူးသော ဘရုစ်ရဲ့ ပထမ ဆုံး ရုပ်ရှင်ကားမှာ “ဧရာမဆရာကြီး”ဖြစ်ပြီး ၁၉၇၁ ခုတွင် ရုံတင်ပြသခဲ့သည်။ (ယင်းရုပ်ရှင်ကားခေါင်းစီးနာမည်ကိုပင် များမကြာမီ အမေရိကန်ပြည်ထောင်စုတွင် “အမျက်ကြီးတဲ့ လက်သီး” ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။)

ထိုဧရာမဆရာကြီး (Big Boss) ဇာတ်ကားတွင် ဘရုစ်သည် “ချမ်း” (Cheng) ဟု နာမည်တွင်သော လူငယ် တစ်ဦးအဖြစ် သရုပ်ဆောင်ရသည်။ နဆွေမျိုးသားချင်း တော် စပ်သူရဲ့ ရေခဲစက်ရုံတွင် သူ အလုပ်လုပ်သည်။ ချမ်းက သူ့ဘယ်သောအခါမှ ရန်မဖြစ်ပါဟု မိခင်ဖြစ်သူအား ကတိ ပြုထားခဲ့သည်။ သို့သော်လည်း သူ့သားချင်း ကွယ်လွန်သည့် အခါ သူမှာနေဖြင့် ကကိကဝတ် ချိုးဖောက်ရန် လိုအပ်လာ ခဲ့ပြီး စက်ရုံတွင်းမှ မူးယစ်ဆေးဝါး ခိုးထုတ်ရောင်းချနေသည့် ရာဇဝတ်မှုများကို တိုက်ခိုက်ဖြေရှင်းရနေတော့သည်။ ဧရာမ ဆရာကြီးသည် ဘရုစ်အနေဖြင့် ပထမဆုံးရုပ်ရှင်သရုပ်ဆောင် အဖြစ် ပါဝင်တင်ဆက်ခြင်းဟူသော သတ်မှတ်ရပေသည်။

ဟောင်ကောင်တွင် ‘ဧရာမဆရာကြီး’ ဇာတ်ကားကို ပွဲဦးထွက် တင်ဆက်ပြသသည့်အခါ ရုပ်ရှင်ကြည့်ပရိသတ် တို့မှာ ငြိမ်ချက်သားကောင်းလှသည်။ ထိုရုပ်ရှင်ကားမှာပေါ် ပရိသတ်တွေ မည်သို့မည်ပုံ တွေးတောသုံးသပ်သည်ကို ဘရုစ် သေချာပေါက် မသိနိုင်ပါချေ။ သို့သော်လည်း နောက်ဆုံး ဇာတ်သိမ်းခန်းပြီးဆုံးသည်တွင် ရုပ်ရှင်ရုံတွင်း မီးရောင်များ လင်းလက်လာသည့်အခါ လူတိုင်းပင် ပြင်းပြင်းပြပြ လက်ခုပ် သြဘာသံပေးကြသည်။ ရုပ်ရှင်ပြသနေစဉ် သူတို့ ငြိမ်ချက် သား ကောင်းရခြင်းမှာ ဇာတ်လမ်းက ညှို့ယူဖမ်းစားထား သောကြောင့်သာပင်။ ဤသို့သော ဇာတ်ကားမျိုး သူတို့ တစ်ခါမျှ မကြည့်ရှုခဲ့ရဖူးပါပေ။

ဧရာမဆရာကြီး ရုပ်ရှင်ကားမပြမီက အာရှဒေသ တွင် ငွေအမြောက်အမြား သုံ့ယူသွားသည့် ဇာတ်ကားမှာ




၁၉၇၁ ခုတွင် ဘရုစ်သည် ဟောင်ကောင်ရှိ (Golden Harvest) ဂိုးလ်ဒင်းဟားဗက်စ် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုအတွက် ကိုယ်ခံပညာ အက်ရှင်ဇာတ်လမ်းတွဲများ ရိုက် ကူးရန် (Raymond Chow) ရေမွန်ချောင်နှင့် ပတ်သက်၍ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့သည်။

ဘရုစ်နှင့် ရေမွန်ချောင်တို့ ပူးတွဲဆောင်ရွက်ခြင်း မပြုမီက တရုတ်အက်ရှင်ဇာတ်ကား အများစုသည် အနည်း ငယ် ညံ့ဖျင်းကြသည်။ သူတို့မှာ ဝါယာကြိုးများ အသုံးပြု၍ မင်းသားများနှင့် ကိုယ်ခံပညာ အနုပညာရှင်တို့အား လေ ထဲတွင် ပျံသန်းနေသယောင် လုပ်ပြကြသည်။

ထိုလှည့်ကွက် ရုပ်ရှင်ဇာတ်ကားများမှာ ကလေး ကလားဆန်သည်ဟူသော ဘရုစ်က ရှုမြင်ပုံရသည်။ အခြား သော ကိုယ်ခံပညာ ရုပ်ရှင်မင်းသားများထက် သူက ပို၍ သာလွန်ကြောင်း စောကြောမိသည်။ သူ့အဖို့ရာ အထူးစီမံ ပြုလုပ်ချက်များ မလိုအပ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

"ဂီတတေးသံသာ" (The Sound of Music) အမေရိကန်တေးဂီတကို အခြေခံသော ရုပ်ရှင်ဇာတ်လမ်းဖြစ်သည်။ ဇရာမဆရာကြီး ရုပ်ရှင်ကားသည် ဂီတတေးသံသာဇာတ်ကား လက်မှတ်ရောင်းရငွေ စံချိန်ကို ချိုးပစ်နိုင်ခဲ့သည်။ သို့သော်လည်း စံချိန်သစ်မှာ ကာလရှည်ကြာခြင်း မရှိခဲ့ပါချေ။ မည်သို့ဆိုရပါလျှင် ဂိုးလ်ဒင်းဟားဗက်စ် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဘရုဇ်ရဲ့ ဒုတိယရုပ်ရှင်ဖြစ်သော "အမျက်ကြီးတဲ့ လက်သီး" (Fist of Fury) ဇာတ်ကားကြောင့် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာသည့် ထို အမျက်ကြီးတဲ့လက်သီးကိုပင် "တရုတ်တို့ ဆက်နွယ်မှု" (The Chinese Connection) ဟု အမည်နာမ ပေးခဲ့ပြန်လေသည်။



အမျက်ကြီးတဲ့လက်သီး ဇာတ်ကားတွင် ဘရုစ်သည် ချန်ဇန်း (Chen Zhen) အမည်ရှိ လူတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ရပြီး ကျောင်းတော်ဟောင်းရှိရာသို့ ပြန်လာခဲ့သည်။ ကိုယ်ခံပညာတွင် အထင်ကရ သင်တန်းနည်းပြဆရာဖြစ်သူမှာ ဘရုစ် အနှစ်သက်ဆုံး ဆရာတစ်ဦးပင်ဖြစ်သည်။ ထိုဆရာ အသတ်ခံရကြောင်း ဘရုစ်တစ်ယောက် စုံစမ်းသိရှိခဲ့ရသည်။ ဆရာသမား သေဆုံးမှုအတွက် လက်စားချေသည့်အနေဖြင့် ဆိုးသွမ်းသော လူတစ်စုနှင့် ကိုက်နိုက်သတ်ပုတ်ရသော ဇာတ်လမ်းဖြစ်သည်။



ယင်းဇာတ်ကားသည်လည်း ဘရုစ်ရိုက်ကူးသော ရုပ်ရှင်ကားများနှင့် မပ်ဆပ်ဆပ်သာဖြစ်ပြီး ရက်စက်ကြမ်းကြုတ်သည့် ကိုက်နိုက်မှုအခန်းအချို့ ပါဝင်သည်။ တကယ်တော့ သူပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကားတိုင်းတွင် သူက လူလားမြောက်သူ လူကြီးတစ်ယောက်အနေဖြင့် ရိုက်ကူးရာ (အသက် ၁၇ နှစ်အောက်ရှိ ကလေးသူငယ်များအဖို့ သူ့ရုပ်ရှင်ကား ကြည့်ရှုလိုပါက မိဘမှုပ်ထိန်းသူ (သို့) အသက်အရွယ်ကြီးရင့်သူ တစ်ဦးဦးရဲ့ လိုက်ပါစောင့်ရှောက်မှုလိုအပ်သောအဆင့် သတ်မှတ်ထားရသည်။ သို့သော်လည်း ဘရုစ်အနေဖြင့် အကြမ်းဖက်မှုကို ချီးကျူးအမွှမ်းမတင်လိုပါချေ။ သူ့ရုပ်ရှင်ကားများအတွင်းမှ ကိုက်နိုက်သတ်ပုတ်မှုများသည် စိတ်ကူးယဉ်ဟိပ်မက်တို့ကို စည်းခြားအနားသတ်ပေးခြင်းသာ ဖြစ်သည်ဟု သူက ဆိုလေသည်။

"ရုပ်ရှင်ကားတွေထဲက အကြမ်းဖက်မှုတွေကို ပုံကြီးချဲ့နေတာမျိုး ကျွန်တော် အယုံအကြည်မရှိပါဘူး"

"အဲဒါက ကျန်းမာရေးကို ထိခိုက်ကျဆင်းစေတာပဲလေ"

ဇရာမဆရာကြီးနှင့် အမျက်ကြီးတဲ့လက်သီး ရုပ်ရှင်ကားများမှာ လွန်စွာ အောင်မြင်မှုရရှိသဖြင့် ဘရုစ်အနေဖြင့် ဂိုးလ်ဒင်းဟားဗက်ကို စွန့်ခွာပြီး သူကိုယ်တိုင် လာရောက်လုပ်ကိုင်ရန် အခြားရုပ်ရှင်ကုမ္ပဏီတို့က လိုလားကြသည်။ သို့သော်လည်း ဘရုစ်သည် ရေမွန်ချောင် (Raymond Chow) ကိုသာ ဆက်လက်ကတိသစ္စာ နိုင်မြဲနေဆဲပင်။ ထို့ကြောင့် ရေမွန်ချောင်ကလည်း သစ္စာရှိမှုအပေါ် တုံ့ပြန်ချီးမြှင့်သည့်အနေဖြင့် နောက်ပိုင်း ကိုယ်ခံပညာပါဝင်သည့် အက်ရှင်ကားများအပေါ် ချုပ်ပိုင်ခွင့်ပြုလိုက်တော့သည်။

၁၉၇၂ ခုနှစ် နှောင်းပိုင်းတွင် ထွက်ပေါ်လာ[illegible] "နဂါးနည်းဟန်ပန်" (The Way of the Dragon) [illegible]ကားတွင် ဘရုစ်မှာ ရုပ်ရှင်မင်းသားသက်သက်[illegible] မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com





ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ထုတ်လုပ်သူနှင့် မှုပ်ရှပ်ကားကို စီစဉ်ညွှန်ကြားသူအဖြစ်သို့ပါ ရောက်ရှိခဲ့သည်။

နဂါးနည်းဟန်ပန် ဇာတ်ညွှန်းသည် ယင်းဇာတ်ညွှန်းကို အမေရိကန်ပြည်ထောင်စုတွင် "နဂါးလေး ပြန်လာပြီ" (Return of the Dragon) ဟု ခေါ်ဆိုကြသည်။ အခြားသော ဇာတ်လမ်းများနီးပါး ဆင်တူလှသည်။ ဘရုစ်သည် တန်လွန်း (Tang Lung) ဆိုသော လူတစ်ယောက်အဖြစ် အီတလီနိုင်ငံ ရောမမြို့သို့ ခရီးထွက်လာခဲ့ပြီး သူ့ညီအစ်ကိုသားချင်းတို့နှင့် စားသောက်ဆိုင်တစ်ခုတွင် အလုပ်လုပ်ကြသည်။ လူဆိုးတစ်စုက သူ့အစ်ကိုပိုင်သည့် စားသောက်ဆိုင်ကို အပိုင်စီးဖို့ ကြိုးပမ်းရာမှ သူက ပြန်လည်တိုက်ခိုက်ရယူခြင်း ဖြစ်သည်။

ဇာတ်လမ်း၏ အထွတ်အထိပ် တိုက်ပွဲအခန်းတွင် ကိုယ်ခံပညာတွင် ထင်ရှားကျော်ကြားသည့် အခြားဆရာကြီးတစ်ဆူဖြစ်သူ ချပ်နောရစ် (Chuck Norris) နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရတော့သည်။ အဆိုပါ တိုက်ပွဲကို ရောမမြို့တော်တွင် ရှိမန်အင်ပါယာခေတ်က ရှိခဲ့သော အားကစားကွင်းကြီးအတွင်း ကျင်းပခဲ့လေသည်။

☛ နဂါးနည်းဟန်ပန် ဇာတ်ကားမှာလည်း ပေါက်သွားသည့် အခြားသော ဘရုစ်ကားတစ်ခုပင် ဖြစ်သည်။ ဟောလီဝုဒ်ရုပ်ရှင်လောကမှ စတင်၍ အာရုံစိုက်ဂရုပြုလာရသော ရုပ်ရှင်ကားပင် ဖြစ်သည်။

## ဘရုစ်လီနှင့် ချပ်နောရစ် ဧတွေ့ကြရာဝယ်

၂၀၁၂ ခုတွင် ချပ်နောရစ်ပါဝင်သော "သုံးစွဲနိုင်သူများ ၂" (Expendables 2) တွင် ဘုတ်ကာဆိုသူရဲ့ စရိုက်လက္ခဏာကို ပြောပြထားသည်။

"မင်းကို တောကြီးမြွေဟောက် နည်းနည်းဆော်ထည့်လိုက်မယ်လို့ ငါ ကြားမိတယ်"

ဘုတ်ကာက ကျုံပြန်ပြောဆိုရာတွင်-

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ငါးရက်လောက် မချိမဆံ့ ခံစားလိုက်ရပြီးနောက် တောကြီးမြွေဟောက် ကြွသွားပြီ"

ထင်ရှားကျော်ကြားသည့် ထိုရုပ်ရှင်ဇာတ်ကားသည် နောရစ် (Norris) ကို တင်မားဟန်မိုးသြဇာဖြင့် မာဂလူသားတစ်ယောက်အဖြစ် ဂုဏ်မောက်စေရန် ရုပ်တည်ပေးခဲ့သည်။ သူက အာဂလူသားကစ်ယောက်မျှသာ မဟုတ်ပါသေးချေ။ ကမ္ဘာ့မစ်ဒဲလ်ဝိတ် ခရာတေးချန်ပီယံဘွဲ့ကို ခြောက်ကြိမ်တိုင် ဆွတ်ခူးခဲ့သူလည်း ဖြစ်သည်။ ထို့ပြင် သူသည် ဂုဏ်သိက္ခာကြီးမားသည့် ကိုယ်ခံပညာရပ်ဆိုင်ရာ သမိုင်းပြတိုက်ခန်းမဆောင်တွင်လည်း အဖွဲ့ဝင်တစ်ဦး ဖြစ်သေးသည်။ ၁၉၉၀ ပြည့်နှစ်တွင် သူသည် နှစ်ပေါင်း ၄၅၀၀ သက်တမ်းရှိ သမိုင်းတွင်သော တိုက်ကွမ်ဒိုပညာရပ်တွင် အဆင့်ရှစ်ရှိ ခါးပတ်နက်ဆရာ အဖြစ် ရရှိခဲ့သော ပထမဆုံး အနောက်တိုင်းသား တစ်ဦးသာတည်း။

ဘရုစ်လီနည်းတူ ချပ်နောရစ် (Chuck Norris) သည်လည်း ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်သံဇာတ်လမ်းများတွင် သရုပ်ဆောင်စဉ်တွင် ကိုယ်ခံပညာကို အသုံးချတတ်လေသည်။ ပြင်ပလောကပြိုင်ပွဲများတွင် ကြံ့ခိုင်တောင့်တင်းခဲ့ ရှုံးနိမ့်ခဲ့ဖူးသော်

www.burmeseclassic.com

www.burmeseclassic.com

လည်း ရုပ်ရှင်ဇာတ်လမ်းတွင် တိုက်ပွဲ၌ တစ်ကြိမ်မျှ ရှုံးနိမ့်ခဲ့ဖူးသည်။ ယင်းမှာ နောရစ်နှင့် ဘရုစ်လီတို့ ယှဉ်ပြိုင်တိုက်ခိုက်ရသော နဂါးနည်းဟန်ပန် (The Way of the Dragon) တွင် ဖြစ်သည်။

ကိုယ်ခံပညာရှင် နှစ်ဦးစလုံးမှာ တစ်ဦးကိုတစ်ဦး နက်နက်ရှိုင်းရှိုင်းပင် လေးစားကြသည်။ တစ်ခါတလေ သူတို့နှစ်ဦးသား အတူတကွ လေ့ကျင့်ခန်းလုပ်ကြသည်။ နဂါးနည်းဟန်ပန် ရုပ်ရှင်ကားတွင် တစ်ဦးနှင့်တစ်ဦး အကြီးအကျယ်တိုက်ခိုက်သတ်ပုတ်သော အခန်းများရှိသော်ငြားလည်း တကယ်တော့ သူတို့နှစ်ဦးမှာ သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းများသာ မဟုတ်ပါလား။





## အခန်း (၇)
## သက်ဆိုးမရှည်ရှာသူ

၁၉၇၂ ခုနှစ် ကျရောက်လာသည့်အခါ ဘရုစ်သည် ဝမ်းနားဘရားသား (Warner Brothers) ရုပ်ရှင်ကုမ္ပဏီနှင့် အဆက်အသွယ်ရသဖြင့် အခြားရုပ်ရှင်ကားတစ်ခုဖြစ်သည့် "သေမင်းနှင့်ကစားခြင်း" (Games of Death) ကို ဘတ်စကက်ဘော ထူးချွန်သူ ကာရင်အဗ္ဗဒူဂျက်ဘားနှင့် တွဲဖက်၍ ဟောင်ကောင်တွင် ရိုက်ကူးခဲ့သည်။

ဟောလီဝုဒ်ရှိ ဧရာမစတူဒီယိုကြီး တစ်ခုကလည်း ရုပ်ရှင်တစ်ကားဖြစ်သည့် Enter the Dragon (နဂါးခံတွင်းသို့အဝင်) ဆိုသော ကားကို ဘရုစ်နှင့် ရိုက်ကူးလိုကြသည်။ ထိုစဉ် ဘရုစ်မှာ အသက်သုံးဆယ့်တစ်နှစ် ရှိပြီဖြစ်သည်။ ယင်းရုပ်ရှင်ကားသည် ဟောင်ကောင်နှင့် ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီများအတွက် ရုပ်ရှင်ကားတစ်ခုကို ပထမဆုံး ပူးပေါင်းယှဉ်တွဲလုပ်ခြင်း ဖြစ်သည်။

အမေရိကန်လူမျိုးများအတွင်းသို့ တရုတ်ယဉ်ကျေးမှုများ ယူဆောင်လာရသည့် ဘရုစ်စိတ်ကူးအိပ်မက်များ အရာထင်ခဲ့ရပေပြီ။ သူရိုက်ကူးသော ရုပ်ရှင်ကားများမှတစ်ဆင့် ရှိးရာကိုယ်ခံပညာရပ်များကို လူပေါင်းသိန်းနှင့်ချီ၍ နားလည်လာပြီး အရသာခံစားနိုင်လိမ့်မည်ဟု ဘရုစ်က ယုံကြည်လေသည်။ ထိုသို့ ခံစားနားလည်လာတတ်ခြင်းဖြင့် တရုတ်ရိုးရာ ယဉ်ကျေးမှုတို့ကို ကြိုဆိုလိုလားကြပေလိမ့်မည်။ ယင်းသည်ပင် တရုတ်လူမျိုးတို့အဖို့ရာမူ ဘရုစ်ကို သူ့ရဲကောင်းတစ်ယောက်အဖြစ် ဖော်ဆောင်စေခြင်းသာ မဟုတ်ပါလား။

အမေရိကန်ပြည်ထောင်စုတွင် ဓနကိုင်သော်ငြားလည်း တရုတ်ယဉ်ကျေးမှု အမွေအနှစ်များမှာ သူ့အဖို့ရာ အရေးပါအရာရောက်ဆဲသာပင်။ မိသားစုနှင့်လည်း နီးနီးကပ်ကပ် ဆက်လက်ရှိနေခဲ့သည်။ ၁၉၆၅ ခုတွင် ဘရန်ဒန် (Brandon) ကို မွေးဖွားပြီး မကြာမီ ဘရုစ်ဖခင် ကွယ်လွန်ရှာသည်။ စီးပွားသူသည်လည်း ဖခင်ကွယ်လွန်ပြီး နှစ်အတန်ကြာတွင် ဘရုစ်မိသားစုနှင့် အတူနေရန် လော့စ်အိန်ဂျယ်လိစ် (Los Angeles) သို့ ပြောင်းရွှေ့လာခဲ့သည်။ ဘရုစ် အစ်ကိုအစ်မတို့သည်လည်း အမေရိကန်ပြည်ထောင်စုတွင်ပင် ရောက်နှင့်ခဲ့ကြလေပြီ။ သူ့ညီငယ် ရောဘတ် (Robert) မှာ ထိုင်းလက်ဝှေ့ ဟောင်ကောင်တွင် ထင်ရှားကျော်ကြားသည့် ဂီတသမားတစ်ဦးဖြစ်ခဲ့ပြီး သူသည်လည်း ရှေးနည်း[illegible] မှာပင လော့အိန်ဂျယ်လိစ်သို့ ပြောင်းရွှေ့လာပြန်သည်။

နဂါးခံတွင်းသို့အဝင် ဇာတ်ကားသည် တရုတ်ရိုးရာ ယဉ်ကျေးမှုအချို့ကို ပြင်ပကမ္ဘာသို့ ခွင့်[illegible]ပေးခြင်းဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဧရာမအခွင့်အလမ်းကြီး တစ်ရပ်ဟုသာ ဘရုစ်က စောကြော မိပြန်သည်။ တာဝန်နှင့် ဝတ္တရားများကြီးမားမှု သိစိတ်ကို သူ မှုံ့မြဲဖွယ်ခံစားရခြင်းမှာလည်း ကိုရုပ်ရှင်ကားကြောင့်သာ ဖြစ်သည်။ အကယ်၍သာ နဂါးခံတွင်းသို့အဝင် ဇာတ်ကားကို ကရုဏ်လူမျိုးတို့ နိုးရာယဉ်ကျေးမှုများဖော်ပြ ဝန်းပြဖန်းတင် တော့မည်ဆိုပါလျှင် ယင်းတို့ကို ဝှက်ပြမိုးမြှောက်ရမည်ဟု သာ သူခံစားတွေးတောမိသည်။

ဘရုစ်သည် အမြဲလိုပင် အလုပ်ကို ပင်ပင်ပန်းပန်း လုပ်သည်။ အကန့်အသက်မဲ့ သူ့အင်အားတွေကိုလည်း သူ့ သင်တန်းများနှင့် ရုပ်ရှင်ရိုက်ကူးမှုများအတွင်း မြှုပ်နှံထား သည်။ သို့သော်လည်း ယခုအခါ သူ့ဇာတ်ဇာတ်ညွှန်းများမှာ မယုံနိုင် လောက်အောင်ပင် များများ ကသီလင်တရှိလှသည်။ နာရီ ကကြည့်ကြည့်ဖြင့်လည်း အလုပ်လုပ်တတ်သေးသည်။ နဂါး ခံတွင်းသို့အဝင် ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းရေး သားခြင်း၊ လေ့ကျင့်ခန်းများ လုပ်ကိုင်ခြင်း၊ ကိုက်ခိုက်သတ် ပုတ် အခန်းများအတွက် ဇာတ်ကွက်စီစဉ်ခြင်းများ လုပ်ကိုင် နေရသည်။

၁၉၇၃ ခု မေလတွင် ဟောင်ကောင်၌ နဂါးခံတွင်းသို့ အဝင် ရုပ်ရှင်ကားအတွက် အချက်ပြအသံပြု၍ အလုပ်လုပ် နေစဉ် မူးလဲကျသွားသည်။ သူ့မှာ ခြေကုန်လက်ပန်းကျလျက် ရှိသည်။ ထိတ်လန့်စရာကောင်းသော ဖြစ်ရပ်သာပင်။ သို့သော် လည်း သူ နာလန်က ပြန်ကောင်းလာခဲ့သည်။

ယင်းနောက် ဇူလိုင်လ ၂၀ ရက်နေ့တွင် နောက်ထပ် ရိုက်ကူးမည့် ရုပ်ရှင်ကား "သေမင်းနှင့်ကစားခြင်း" (Games of Death) အတွက် ဇာတ်ညွှန်းရေးသားနေစဉ် ခေါင်းကိုက် ဝေဒနာ ခံစားရသဖြင့် ညည်းကွားမိတော့သည်။ ထို့ကြောင့် ပင် အေးဆေးဘက်၍ သူ့အိပ်စက်လိုက်တော့သည်။

ညစာစားချိန်ရောက်သည်တွင် သေမင်းနှင့်ကစားခြင်း ရုပ်ရှင်ကားတွင် ပွဲဖက်ပါဝင် သရုပ်ဆောင်သူတစ်ဦးက ဘရုစ်ကို သွားနိုးရာ မထနိုင်တော့ပေ။ ရေမွန်ချောင် (Raymond Chow) လည်း ထိုအတူသာပင်။ သူတို့ ဖာရေးပေါ် သူ့နာပြုယာဉ် ခေါ်ရတော့သည်။ သူနာပြုယာဉ်သည် ဘရုစ် ကို ဆေးရုံသို့ ပို့ပေးလိုက်သည်။

ဆေးရုံရောက်သည့်အခါ ဘရုစ်မှာ အသက်မရှိတော့ ကြောင်း ကြေညာရတော့သည်။ ထိုစဉ် သူ့အသက် သုံးဆယ့် နှစ်နှစ်မျှသာ ရှိသေးသည်။ ဘရုစ် အနိစ္စရောက်ရသည့် ဖာကြောင်းတရားမှာ ဦးနှောက်အာရုံကြောတွင်း သွေးခဲခြင်း (Cerebral edema) သို့မဟုတ် ဦးနှောက်ရောင်ကိုင်းခြင်း





www.burmeseclassic.com

www.burmeseclassic.com

(Brain swelling) ကြောင့် ဖြစ်ပေသည်။ ယင်းသို့ ဖြစ်ရခြင်းမှာလည်း အကိုက်အခဲပျောက်ဆေးများ မှိုဲခြင်းကြောင့်ဟု ရလဒ်အဖြေထွက်လာသည်။ထိုသတင်းသည် ဟောင်ကောင်ရှိ ဘရုစ်ကို ချစ်ခင်လေးစားသူ ပရိသတ်တို့အဖို့ရာ ယူကျုံးမရ ဖြစ်စေတော့သည်။

ဘရုစ်မှာ လူသိထင်ရှား ရေပန်းစားလွန်းသဖြင့် ဟောင်ကောင်တွင် သူ့ရှာပန အခမ်းအနားသို့ ပရိသတ်ပေါင်း နှစ်သောင်းငါးထောင်ခန့် တက်ရောက်သည်ဟု ဆိုကြသည်။ အသုဘအခမ်းအနား ပို့ဆောင်ရာတွင် ကားများဖြတ်သန်းရာ၌ လိုက်ပါပို့ဆောင်သူများဖြင့် ပြွတ်သိပ်နေတော့သည်။



ပရိသတ်တွေမှာ ကျဆုံးသွားသော သူတို့ရဲ့ သူရဲကောင်းကို ဖျတ်ခနဲကြည့်ရှုဖို့ရန်ပင် ရဲတိုင်၏ အတားအဆီးတို့ကို တွန်းလှန်ဖယ်ရှားနေကြရသည်။ ယင်းနောက် သူတို့ခမျှာ နောက်ဆုံး ရှိုးသတ္တာ ရှုတ်ဆက်ကြသည့်အနေဖြင့် ဘရုစ်၏ ခေါင်းတလားနောက်မှ လေးစားစွာ လမ်းလျှောက်ကာ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

ကျန်ရစ်သူ မုဆိုးမ ဘရုစ်ရဲ့ဇနီး သယ်လင်ဒါ (Linda) က်မူ အမေရိကန်ရှိ ဆီးယဲလ် (Seattle) မြို့တွင် သင်္ဂြိုဟ်လိုသည်။ ထိုမြို့၌ပင် သူတို့သားသမီး နှစ်ဦးဖြစ်သည့် ဘရန်ဒန် (Branden) နှင့် ရှာနွန် (Shannon) တို့နှင့်အတူ အခြေချနေထိုင်ရန် စီစဉ်ခဲ့သည်။ ထို့ကြောင့်ပင် ဝါရှင်တန်ပြည်နယ် ဆီးတဲလ်တွင် ရှာပနအခမ်းအနားတစ်ခု ကျင်းပပြန်သည်။ ရုပ်ရှင်မင်းသားများဖြစ်ကြသည့် စတိဗ်မက်ကွင်း (Steve Mc Queen) နှင့် ဂျိမ်းကိုဘမ်း (James Coburn) တို့က သူ့ခေါင်းတလားကို ဝိုင်းပန်းသယ်ဆောင်ပေးခဲ့ကြသည်။ နှစ်မည် နှစ်တိုင်းပင် ဆီးတဲလ်မှ ဘရုစ်အုတ်ဂူရှိရာသို့ လူထောင်ပေါင်းများစွာ လာရောက်လည်ပတ်လျက်ရှိဆဲ ဖြစ်သည်။

ဘရန်ဒန်လီ (Brandon Lee)

ဘရုစ်သည် ဗိုးရာကိုယ်ခံပညာဆိုင်ရာ အခြားသော အနုပညာရှင်များကိုလည်း ဖျက်ရှင်ကားများတွင် သရုပ်ဆောင်လာနိုင်စေရန် ဦးဆောင်လမ်းပြပေးခဲ့သူ ဖြစ်သည်။ ၎င်းအနုပညာရှင်များ အနက် ချပ်နော့ရစ် (Chuck Norris)၊ ဂျင်းကလော့ဗန်ဒမ်း (Jean Claude Van damme)၊ စတီဗင်ဆေးဂဲလ် (Steven Seagal)၊ စင်သီယာ (Cynthia)၊




ဘရုစ်လီနှင့် လင်ဒါလီ တို့ရဲ့သား ဘရန်ဒန်လီ (Brandon Lee) တို့ ဖြစ်ကြသည်။


ဝမ်းနည်းဖွယ်ကောင်းသည်က ဘရန်ဒန်လီလည်း ဖခင်နည်းတူ ၁၉၉၃ ခုတွင် အနိစ္စ ရောက်ခဲ့ရခြင်းပင် ဖြစ်သည်။ (The Crow) အမည်ရှိ ရုပ်ရှင်ကားမှ ထူးဆန်းခြားနား သေနတ်ထိမှန် ဒဏ်ရာရသည့်အခန်း ရိုက်ကူးနေစဉ် အသတ်ခံရခြင်း ဖြစ်သည်။ ကျည်ဆံဖြင့် သေနတ်ပစ်ရမည့် ယင်းမှတ်ရသော်လည်း တကယ့်ကျည်ဆံ အစစ်ဖြင့် ထိမှန်သေဆုံးရခြင်း ဖြစ်သည်။ ထွယ်လွန်ချိန်က သူ့အသက်မှာ နှစ်ဆယ့်ရှစ်နှစ်မျှသာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com










## အခန်း (၈)
## ယုံတမ်းစကားများ တိုးပွားလာခြင်း

ဟောလိဝုဒ်ရှိ တရုတ်ရုပ်ရှင်ကား ပြသရာ ရုံရှေ့တွင် တန်းစီနေသော လူတန်းကြီးမှာ လမ်းထောင့်ချိုးသို့ရောက် လုလုသာပင်။ အချိန်မှာ ညနေခင်း ၇ နာရီခွဲခန့်ပင် ရှိလေပြီ။ နဂါးခံတွင်းသို့အဝင် ဇာတ်ကားမှာလည်း နာရီဝက်အတွင်း စတင်ပြသရန် စီစဉ်ထားသည်။ သို့သော်လည်း တန်းစီနေသော လူသိုက်မှာ ထိုပြပွဲအတွက် မဟုတ်ပါချေ။ ထိုလူတန်းကြီးတား ည ၁၀ နာရီပွဲအတွက် တန်းစီနေခြင်းသာဖြစ်သည်။ ၈ နာရီ တွင် ပြသမည့်ပွဲအတွက် ရုပ်ရှင်လက်မှတ်များ ရောင်းချ၍ ကုန်သွားလေပြီ။ ထို့ကြောင့်ပင် ရုပ်ရှင်ကြည့် ပရိသတ်မှာ နောက်ကားအတွက် အချိန် နှစ်နာရီခွဲမျှ တန်းစီစောင့်ဆိုင်း နေရခြင်းသာ မဟုတ်ပါလား။

နဂါးခံတွင်းသို့အဝင် ရုပ်ရှင်ကားသည် အမေရိကန် တွင် ဦးစွာထုတ်လုပ်ရိုက်ကူးသော မိုးရာပညာများဖြင့် ကြီး ကျယ်ခမ်းနားသည့် ပွဲအနေဖြင့် ကြော်ငြာထားခြင်း ဖြစ် သည်။ အဆိုပါ ရုပ်ရှင်ကား ဖွင့်ပွဲကို ၁၉၇၃ ခု ဩဂုတ်လ ၂၄ ရက်နေ့တွင် ဟောလိဝုဒ်၌ ကျင်းပခဲ့သည်။ ဘရုစ် အနိစ္စ ရောက်ပြီး ငါးလမျှအကြာတွင် ဖြစ်သည်။

ရုပ်ရှင်ဝေဖန်သူ အချို့မှလွဲ၍ ရုပ်ရှင်ကြည့်ပရိသတ် တို့ကမူ နှစ်သက်ကြသည်။ လူတိုင်းလိုလိုပင် ထိုရုပ်ရှင်ကားကို ကြည့်ရှုလိုကြကြောင်း ထင်မှတ်ရလေသည်။ ထိုရုပ်ရှင်ကား ရိုက်ကူးရာတွင် ကုန်ကျစရိတ် ဒေါ်လာ တစ်သန်းပင်မရှိသော် လည်း အဆိုပါဇာတ်ကား ဝင်ငွေမှာ ဒေါ်လာသန်း နှစ်ရာ ကျော်ပင်ရှိ၍ ရာဇဝင်တွင်လောက်အောင်ပင် ဘဏ္ဍာရေးအရ အကြီးအကျယ် ဝက်ဝက်ကွဲ ဖောင်မြင်မှုရရှိခဲ့သော ရုပ်ရှင် ကား ဖြစ်သည်။

နဂါးခံတွင်းသို့အဝင်တွင် ဘရုစ်သည် ရှောင်လင် ဘုန်းတော်ကြီး 'လီ'အဖြစ် ပါဝင်သရုပ်ဆောင်ရသည်။ လူသူ အရောက်နည်းပြီး ဝေးလံလှသော ထူးဆန်းအံ့သြဖွယ်ကျွန်း ရှိ ယုတ်မာရက်စက်သူ ဟန် (Han) ကျင်းပပြုလုပ်သည့် တံခွန်စိုက်ပြိုင်ပွဲသို့ လီတစ်ယောက် လက်စသတ်အနိုင်ယူရန် ဖိတ်ကြားခံရသည်။ ဟန်သည် ဂုဏ်ငယ် မျက်နှာမရဖြစ်နေ သည့် ရှောင်လင်ကျောင်းသားဟောင်း တစ်ဦးပင်ဖြစ်သည်။ ယခုအခါ ဟန်သည် မကောင်းမှုဒုစရိုက် လုပ်ငန်းနယ်ပယ် တွင် လှုပ်ရှားနေသူဖြစ်သည်။ သူက တံခွန်စိုက်ပြိုင်ပွဲများကို

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းများစွာ ကျင်းပလာပြီး ထိုပြိုင်ပွဲများမှ လူသစ်များ စုဆောင်းပြီး သူ့ပင်ကိုစွမ်းရည် ကိုယ်ခံပညာဖြင့် ကျကျနန ကာကွယ်နိုင်စွမ်းရှိသည်။ ထို့ပြင် သူ့ဘယ်လက်တွင် သံချွန် လက်နက် တပ်ဆင်ထားသည်။ သို့သော်လည်း လီကို သူ မယှဉ်နိုင်ပါချေ။ နောက်ဆုံးတွင် ကျွန်းပေါ်ရှိ အကျဉ်းသား များကို လီက လွှတ်ပေးလိုက်သည်။ နဂါးခံတွင်းသို့အဝင်တွင် အသက်ဝင် ထင်ရှားဆုံးအခန်းမှာ လီက ဟန်ကို မှန်များ တပ်ဆင်ထားသော အခန်းအတွင်း သူ့ပိုင်လှံဖြင့် သူ့ကိုသတ် ပစ်လိုက်သည့် ဇာတ်ကွက်ပင် ဖြစ်သည်။

ယင်းရုပ်ရှင်ကားကို ရုပ်ရှင်ရုံများတွင် ပြသနေစဉ် ထို အချိန်၌ပင် ဘရုစ်ပါဝင်လှုပ်ရှားသည့်အပေါ် ယုံတမ်းစကား များ ထွက်ပေါ်လာတော့သည်။ ယင်းသို့ ဖြစ်ရခြင်းကို ရှင်းမပြ နိုင်ရခြင်းမှာ ဘာယ့်အတွက်ကြောင့်နည်း။ သူ အနိစ္စရောက်ပြီး ရာစု လေးစုမျှရှိခဲ့သော်လည်း ဘရုစ်မှာ ယမင်ကာယက်ပင် ရေပန်းစား လူကြိုက်များနေဆဲ ဖြစ်သည်။ သူ့ကို ချစ်မင် နှစ်သက်ဆဲ လူမှုကွန်ရက်များ ပါဖင်ချိုရှိနေဆဲ ဖြစ်သလိုပင် ဘရုစ်ကို အကြောင်းပြု၍ ညီလာခံများ ကမ္ဘာအနှံ့တွင် ကျင်းပနေဆဲဖြစ်သည်။

၂၀၁၂ ခုတွင် ဘရုစ်မှာ ရေပန်းစားလွန်းသဖြင့် ဆန် ဖရန်စစ္စကိုရှိ ဓရာမတော့တောအသင်းကြီးက ဘရုစ်လီကို ချီးကျူးဂုဏ်ပြုသည့် အခမ်းအနားတစ်ခု ကျင်းပဖြစ်ခဲ့သည်။ နောက်ဆုံးတွင် ဘရုစ်ရဲ့ မွေးရပ်မြေ၌ ခရစ်ကက်ဘောလုံးကို လင်ဒါလီ (Linda Lee) က ဦးစွာပစ်လွှတ်လိုက်ပြီး ရှန်နွမ်လီ (Shannon Lee) တမူ နိုင်ငံတော်သီချင်းကို သီဆိုလေသည်။

ဘရုစ်သည် ကိုယ်ခံပညာရပ်များ ရေရှည်ဖံ့ဖြိုးနိုင်သည့် အကျိုးသက်ရောက်မှု ပြုလုပ်ရာတွင် ဖာနေ့ဘက်တိုင်းသား တိုင်းတံ ကွန်ဖူးပညာ ယူဆောင်လာခြင်းနှင့် ဂျစ်ကွန်ဂူး (Jeet kune do) ကို တီထွင်ဖွံ့ဖြိုးပေးခြင်းသာ ဖြစ်သည်။ တရုတ် ယဉ်ကျေးမှု ရေပန်းစားလာရန် ချဲ့ထွင်လာရာ၌လည်း သူက လက်လှမ်းမီနေဆဲသာပင်။

အက်ရှင်ဇာတ်ကားများတွင် နိုးရာကိုယ်ခံပညာရှင် သရုပ်ဆောင်အများအပြားပင် ဘရုစ်ခြေရာနင်းရန် ကြိုးပမ်း ကြသည်။ ရုပ်ပြစာအုပ်များတွင်လည်း ဇာတ်ကောင်များမှာ ဂျစ်ကွန်ဒိုးကို လေ့ကျင့်ကြသည်။ ဗွီဒီယိုကစားပွဲများ၌မူ ဘရုစ် သေဆုံးပြီးနောက်ပိုင်း ဇာတ်ကောင်စရိုက်များစွာပင် ပုံဖော် တန်ဆာဆင်လာကြသည်။

တစ်ဟုန်ထိုး တိုးပွားလာသော ကိုယ်ခံပညာမျိုးစုံ






ဖျော်ဖြေသော Mixed Martial Arts (M.M.A) တွင်လည်း ဘရုစ်ကြာ အရှိန်အဟုန်က အားပေးကောင်းသဖြင့် လူအများက သူ့ကို (M.M.A) ရဲ့ဖခင် မှုပင် ခေါ်ဆိုကြတော့သည်။ တံခွန်စိုက် အဆုံးစွန်သတ်ပုတ်ပြိုင်ပွဲ Ultimate Fighting Championship (UFC) ဥက္ကဋ္ဌကြီး (Dana White) ဒါနာဝိုက် လည်း ထိုအုပ်စုတွင် ပါဝင်ပေသည်။ ဘရုစ် ယုံကြည်သက်ဝင် သည့် နည်းလမ်းအကြောင်း သူက ပြောပြရာတွင်

"ကွဲပြားခြားနားကဲ့ ကျင့်ဝတ် စည်းကမ်းဟိုင်းကာ ကောင်းတာမှန်သမျှ ခင်ဗျား ထုတ်ယူဟတ်ပြီး မကောင်းတာ မလုပ်ဖြစ်တာပါ။ အသုံးမတည့်တာတွေ ခင်ဗျားဖွန့်ပစ်ရမှာ ပါလေ"

ဘရုစ်လီသမီး ရှန်နွမ်လီက ပြောဆိုရာတွင် ဂျစ်ကွန်ဒိုး သည် (M.M.A) နှင့် ကစ်ကက်ကညီမကျနိုင်ပေမယ့် ဘရုစ် အား (M.M.A) ဖခင်ဟု ခေါ်ဆိုခြင်းက သင့်တော်သည်ဟု ဆိုပြန်သည်။ ဟန်ပန်ပုံစံများမှ ကင်းလွတ်ပြီး ပြည့်စုံသော



www.burmeseclassic.com

www.burmeseclassic.com




တိုက်ခိုက်ရေးသမားတစ်ဦး ဖြစ်လာစေရန် ဘရုစ်က ဦးစွာ သင်ကြားပေးခဲ့သောကြောင့်သာ ဖြစ်သည်။

အားကစားသမားများ၊ ဖျော်ဖြေကပြတင်ဆက်သူများ၊ လူ့အလွှာအသီးသီးမှ ပရိသတ်တို့မှာ သူ့ပင့်ဘာဝများတွင် ဘရုစ်ရဲ့ အလွန်လေးနက်သည့် မြေဇာမာရှိန်အဝါများ သက်ရောက်နေကြောင်း ချီးမွမ်းကြသည်။

ဘရုစ်သည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်တို့ရဲ့ ယဉ်ကျေးမှုများကို ပေါင်းစည်းပေးသူ ဖြစ်သည်။ ရာစုချီ၍ သက်တမ်းရင့်သည့် ကိုးရာကိုယ်ခံနည်းပညာတို့ကို အနောက်တိုင်းသားတို့ကို သင်ကြားပေးခဲ့သလိုပင် ရုပ်ရှင် ယုတ်လုပ်သည့် ခေတ်မီနည်းပညာရပ်များကို အရှေ့တိုင်းသားများထံ ယူဆောင်လာသူ ဖြစ်သည်။

"မိုးကောင်းကင်ကြီးအောက်မှာ၊ ကွန်းခိုရာ နေရာတွေအောက်မှာ အားလုံးဟာ မိသားစုတစ်ခု တည်းပါ၊ အကြောင်းအားလျော်စွာ လူတွေဟာ အမျိုးမျိုးကဖြစ်ကို ဖြစ်နေရတာပေ"

ဟု သူတစ်ခါက ဆိုဖူးသည်။

မနေ့စဉ် လူမှုဘဝသရုပ်ဖော် ရုပ်ရှင်ကားသစ်ကို လုံးဝ ဖန်တီးကုက်လုပ်သူအနေဖြင့် ဂုဏ်အရည်အချင်းနှင့် ပြည့်စုံကြောင်း ဘရုစ်ကို ယုံကြည်လက်ခံထားကြသည်။ မည်သို့ ဆိုစေကာမူ သူသည် သမိုင်းတွင် ကြီးကျယ်လှသည့် ကိုယ်ခံ ပညာဖြင့် အနုပညာရှင်တစ်ဦးသာ ဖြစ်ပေသည်။ သူက အတွေးအခေါ် သမားတစ်ဦးဖြစ်သည့်နည်းတူ ဆရာတစ်ဦး ဆိုလျှင်လည်း မှားမည်မထင်ပေ။ ထို့ပြင် ရုပ်ရှင်မင်းသား တစ်ယောက်လည်း ဖြစ်နေပေးသည်။ ဘရုစ်က ကဗျာဝင် ရေးဖွဲ့နိုင်သူ။ တိုတောင်းလွန်းလှသည့် သုံးဆယ့်နှစ်နှစ်တာ သူရှင်သန်နေချိန်ကာလတွင် ထိုထိုသောကိစ္စရပ်တွေကို သူ လုပ်ဆောင်ခဲ့သေးသည်။


"သူ အသက်ရှင်သန်နေတဲ့ နေ့ရက်တိုင်းဟာ သူ့အဖို့ စူးစမ်းရှာဖွေတဲ့ နေ့ရက်တွေပါပဲ"

ဆီးတဲလ် (Seattle) တွင် ကျင်းပသည့် ဘရုစ်အသုဘ အခမ်းအနားတွင် သူ့ဇနီးလင်ဒါ (Linda) ပြောကြားခဲ့သည်။

"သူ ရှင်သန်လှုပ်ရှား သွားလာနေခဲ့တဲ့ သုံးဆယ့်နှစ်နှစ်တာ ကာလမှာ ပရိယေသန များစွာ ပြည့်နှက်နေခဲ့တယ်"

ဘရုစ် ယုံကြည်သက်ဝင်သည်က " လူတွေ ဟာ မိမိခန္ဓာကိုယ်ပြင်ပရှိ ရုပ်ဘဝအတွက်သာ ရှုန်း





www.burmeseclassic.com

www.burmeseclassic.com

ကန်လှုပ်ရှားနေကြပေမယ့် မိမိကိုယ်တွင်း ရှာဖွေကြတဲ့ စိတ်လောကကို သတိမမူမိကြဘူး"



## ဂျက်ကီချန်း

ဘရုစ်လီမရှိသည့်နောက်ပိုင်း ရုပ်ရှင်ပိတ်ကားထက် အောင်မြင်မှု အရှိဆုံး ကိုယ်ခံပညာ အနုပညာရှင်မှာ ဂျက်ကီချန်း (Jackie Chan) သာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သူ့ကို ဟောင်ကောင်တွင် ၁၉၅၄ ခုနှစ်၌ မွေးဖွားခဲ့သည်။ သူ အသက် ဆယ့်ခုနစ်နှစ်တွင် စတန့်မင်းသားအဖြစ် "အမျက်ကြီးတဲ့လက်သီး" (Fist of Fury) တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ အနည်းငယ်အကြာတွင် "နဂါးခံတွင်းသို့အဝင်" (Enter the Dragon) ၌ ထို့အတူသာပင်။



ဟောင်ကောင်တွင် ရုပ်ရှင်ကားပေါင်းများစွာ ရိုက်ကူးပေါ်ထွက်လာပြီးနောက် ချန်းတစ်ယောက် ဟောလိဝုဒ်သို့ ပြောင်းရွှေ့သွားမှဲ့သည်။ ထိုမှ ပွန်စွာနာမည်ကြီးသည့် မင်းသားတစ်လက် ဖြစ်လာခဲ့သည်။ ရုပ်ရှင်မင်းသားအဖြစ် အသက်မွေးရသည့် သူ့ဘဝတွင် ရုပ်ရှင်ဇာတ်ကားပေါင်း တစ်ရာကျော်မျှ ထွက်ပေါ်လာခဲ့သည်။ လက်မှတ်ရောင်းချရာတွင် များသောအားဖြင့် အကြီးအကျယ် 'ပေါက်'သွားသည့် ရုပ်ရှင်ကားများရှိရာ နာမည်ကျော်ဇာတ်ကား "ရုံးဆင်းချိန်" (Rush hour) အပါအဝင် ဖြစ်သည်။

ချန်းက သူ့ဘဝတစ်သက်တာ အသက်မွေးမှုလုပ်ငန်းတွင် ဒဏ်ရာပေါင်းမြောက်မြားစွာ ရခဲ့ကြောင်း သိရှိရသည်။ သို့သော်လည်း ကိုးရာပညာ အနုပညာရှင်များစွာက သူ့ကို ပုံတူကူးချဖို့ ကြိုးပမ်းနေစဉ်တွင် ချန်းကမူ ထူးထူးခြားခြားရှိလှသည့် ကိန္နရာများ လုပ်ဆောင်မှုဖြင့် ထင်ရှားလာခဲ့သည်။ သူ့တွင် ရိုးရာကိုယ်ခံပညာဖြင့် သဘာဝမျိုးကျ ယဉ်ယူမှုများစွာ မရှိလှပေ။ သူ့ကို လူသိများ ထင်ရှားရသည့်မှာလည်း ရုပ်ရှင်ဇာတ်ကားများမှ သူ့ဟာသ ကြောင့်လည်း ဖြစ်သည်။



"ကျွန်တော်ကတော့ နောက်ထပ် ဘရုစ်လီ တစ်ယောက် မဖြစ်ချင်ဘူး။ ပထမဆုံးသော ဂျက်ကီချန်းလေးသာ ဖြစ်ချင်သာ"

ဘာသာပြန်ဆိုသူ
**ခိုင်ဇော်(ဒဿန)**

❑



www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်ရာ

## ပန်းတနော်နောင်လတ်



ဧရာဝတီတိုင်းဒေသကြီးဖြစ်လာကဲ့ ဧရာဝတီ တိုင်းမှာ ပြည်တွင်းသောင်းကျန်းသူတွေ ရှိနေတဲ့ ကာလ။ နယ်မြေရှင်းလင်းရေး လုပ်ခါနီးကာလ။ မွှေပင်းပုန်၊ မိုးဟိန်းစစ်ဆင်ရေးတွေ ဆောင်ရွက်ခါနီးကာလ။

"ဘာမေးစရာရှိလဲ"

"မရှိပါဘူး"

"ဆက်လုပ်"

အရာရှိကို တပ်ကြပ်အောင်ပွင့်နဲ့ တပည့်တပ်သား ရဲဘော် လေးယောက်က အလေးပြုပြီး ချက်ချင်း တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ သူတို့တာဝန်က သူပုန်ဗိုလ်ဦးပိုင်ကို အရှင်ဖမ်းဖို့။

ဦးပိုင် ရှိနေတယ်လို့ သတင်းအတိအကျရထားတဲ့ နေရာက ဧရာဝတီတိုင်း၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်ထဲ က ဆင့်ခေါင်းရွာဖျားက လယ်သမားကြီး ဦးဖိုးထိန်ရဲ့ လယ် စောင့်တဲ လေးသေးလေးထဲမှာ။

❂

သာမောင်၊ တောင်လုံးကျော်၊ အောင်ကျော်ဦးနဲ့ပေတူး က တပ်ကြပ်အောင်ပွင့် ညွှန်ကြားတဲ့အတိုင်း လယ်သမားကြီး ဦးဖိုးထိန်ရဲ့ လယ်စောင့်တဲလေးကို ဝိုင်းလိုက်ကြတယ်။ မြေသံလုံလုံနဲ့ ဝိုင်းတာ။ ပါးလံအကွာလောက်က ဝိုင်းတာ။

ဆရာအောင်ပွင့်တို့ ဝိုင်းတာကို သူပုန်ဗိုလ်ဦးပိုင်နဲ့ ဦးပိုင်ရဲ့ တပည့်တစ်ယောက်က သတိမထားမိကြဘူး။ ထမင်းစားနေကြလို့ သတိမထားမိကြတာ။ ဆာဆာနဲ့ စားနေ ကြတာလား၊ စားကောင်းကောင်းနဲ့ စားနေကြတာလား၊ ခေါင်းတောင်မဖော်ကြဘူး။

ဒီအခွင့်အရေးကို လက်လွှတ်မခံဘဲ တောင်လုံးကျော် တို့က သေနတ်နဲ့ပစ်တယ်၊ ဦးပိုင်ကိုတော့ သေလောက်တဲ့ နေရာမပစ်ဘူး။ ခြေထောက်ကိုပဲ ပစ်ကြတာ။

"ဒိုင်း. . ."

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ထမင်းပွဲထဲ သွေးတွေအိုင်ထွန်းသွားတယ်။ ဦးပိုင်ရဲ့ တပည့်ဆီက ထွက်ကျတဲ့သွေးတွေ။ ဒီလူ့တစ်ကိုယ်လုံး ဆန်ခါ ပေါက်တွေလို ဖြစ်သွားပြီး သူ့ဆရာသမား ဦးပိုင်ဘက် လဲကျ သွားတယ်။

မျက်နှာချင်းဆိုင်ထိုင်ပြီး ထမင်းစားနေကြတာ။ ဦးပိုင် ကိုလည်း သေနတ်မှန်တယ်။ ခြေသလုံးတွေနဲ့ ပေါင်တွေကို မှန်တာ။ ဒါပေမဲ့ သေနတ်မှန်ထားတဲ့ သူပုန်ဗိုလ်ဦးပိုင် လဲကျလာတဲ့၊ သေသွားတဲ့ သူ့တပည့်ကိုထမ်းပြီး [illegible] က လွှားခနဲ ခုန်ချတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ဒဏ်ရာရထားတယ် ထင်တဲ့၊ ခြေကျိုးသွားတယ်လို့ ထင်တဲ့ ဦးပိုင်က၊ သူ့တပည့်အလောင်းကိုထမ်းပြီး တဲပေါ်က လွှားခနဲခုန်ဆင်းရင်း ကိုင်ထားတဲ့ သေနတ်နဲ့ ပြန်ပစ်တယ်။ ဝစ်ပြီးပြေးတယ်။ သူ့တပည့်ဆီက ကျနေတဲ့သွေးတွေက တန်းလန်း တန်းလန်းနဲ့။

ဦးပိုင်ဆိုတဲ့ သူပုန်ဗိုလ်ကြီးကို အရှင်ဖမ်းဖို့ အမိန့်ရခဲ့တာက ဦးပိုင်ကိုမိရင်၊ ရရင် နောက်ဆက်တွဲကွင်းဆက်တွေ သိနိုင်တာမို့။ ဒါကြောင့် အရာရှိက အရှင်ဖမ်းဖို့ အမိန့်ပေးတာ။

ဒါပေမယ့် သာမောင်တို့ဆရာတပည့်တွေက ဦးပိုင်ကို အရှင်ဖမ်းဖို့ထက် ဦးပိုင်ရဲ့ သေနတ်ကျည်ဆန် အမှန်မခံရအောင် ရှောင်ခဲ့ကြရတယ်။ ဒါတောင် သာမောင်ရဲ့ပေါင်မှာ တစ်ချက်၊ အောင်ကျော်ဦးရဲ့ ခြေသလုံးမှာ တစ်ချက် ထိမှန်ခံခဲ့ရသေးတယ်။

ပြေးသွားတဲ့ ဦးပိုင်ကို သူတို့မြင်တယ်။ လူသေကောင်ကြီး ထမ်းပြေးတဲ့ ဦးပိုင်ကိုတွေ့တယ်။ မြင်တယ်၊ တွေ့တယ် ဆိုပေမယ့် ဆရာပဖောင်ပွင့်ဖို့ မပဟူးဟို့က လိုက်မဖမ်းရဲတော့ဘူး။ ဦးပိုင်ကို သေနတ်မှန်ပေမယ့် ဦးပိုင်က လဲကျမသွားဘူး။ ဦးပိုင်ကိုယ်က သွေးမကျဘူးဆိုတာတွေ့လို့၊ အဲဒါတွေ ထက်ပိုတဲ့ ဘာတွေကိုပဲတွေ့တွေ့ ဆရာအောင်ပွင့်ဖို့ မလိုက်ရဲတာက ဦးပိုင်ပစ်တဲ့ သေနတ်အမှန်ခံရမှာ ကြောက်လို့။

မဲမိုလို့နဲ့ ဦးပိုင်က ဝေးဝေးသွားတယ်။ သရက်တောကြီးထဲ ဝင်သွားတယ်။ အချိန်က ညီအစ်ကို မသိတသိ။ အဲဒီ ဦးပိုင်ဆိုတဲ့ သူပုန်ဗိုလ်ကြီးရဲ့ ခြေထောက်ကို ကိုယ်တိုင် သေနတ်နဲ့ သေသေချာချာချိန်ပြီး ပစ်ခဲ့တဲ့ ဖောင်လုံးကျော် ဆိုတဲ့ ကိုကျော်အေးကတော့ အဲဒီအဖြစ်အပျက်ကို ဒီနေ့အထိ မမေ့သေးပါဘူး။

✿

ရွှေလင်းယုန်၊ မိုးဟိန်းစစ်ဆင်ရေး စပြီ။ နယ်မြေရှင်းလင်းရေး စပြီ။ စစချင်း သူပုန်ဗိုလ်ဦးပိုင်နဲ့ အဖွဲ့က လက်နက်ချ အာလင်းဝင်ခဲ့တယ်။ လက်နက်ချ အာလင်းဝင်တဲ့ နေရာက ပန်းတနော်မြို့နယ်ထဲက ကပိုင်ရွာ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ။

"ကြို့ဆိုပါတယ်များ"

လက်နက်ချ အာလင်းဝင်လာကြတဲ့ သူပုန်ဗိုလ် ဦးပိုင်တို့အဖွဲ့က သူပုန်တွေ၊ သောင်းကျန်းသူတွေ မဟုတ်တော့ဘူး။ ပြည်သူတွေဖြစ်လာကြပြီ မဟုတ်လား။ ရန်သူနဲ့တွေ့တော့ မီးလို၊ ပြည်သူနဲ့တွေ့တော့ ပန်းလိုဆိုတဲ့စကားကို ကျင့်သုံးတဲ့ တပ်မတော်သားပီပီ တာဝန်ရှိတဲ့ ဗိုလ်မှူးကြီးက ဦးပိုင်တို့ကို လှိုက်လှဲစွာ ကြိုဆိုခဲ့ပါတယ်။

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီးခင်ဗျား"

ဦးပိုင်ကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားပါတယ်။ လက်ဆွဲနှုတ်ဆက်ကြတဲ့ လူကြီးနှစ်ယောက်ရဲ့ မျက်နှာတွေက အပြုံးတွေက သန့်စင်ကြည်လင်လှပါတယ်။

တကယ်တော့ တပ်မတော်သားတွေဆိုတဲ့ စစ်သားတွေလည်း ပြည်သူကမွေးတဲ့ ပြည်သူ့သားတွေ၊ ပြည်သူတွေ၊ သူပုန် ဒါမှမဟုတ် သောင်းကျန်းသူလို့ ခေါ်ခဲ့တဲ့ တောတွင်း လက်နက်ကိုင်တွေလည်း ပြည်သူကမွေးတဲ့ ပြည်သူ့သားတွေ၊ ပြည်သူတွေ မဟုတ်ပါလား။

✿

"အဲဒီဦးလေးကြီးက သေနတ်ပြီးကယ်ကွ"

"မယုံဘူး"

"ငါကိုယ်တိုင် သေနတ်နဲ့ပစ်တာ"

"မထိလို့ဖြစ်မှာပေါ့"

"ထိတယ်၊ ခြေထောက်ကို သေသေချာချာထိတယ်"

"မင်း မြင်လို့လား"

"မြင်တယ်၊ သူနဲ့ပါနဲ့ နီးနီးလေး"

"ထိရင် ခြေထောက်ကျိုးမှာပေါ့"

"မကျိုးလို့ သေနတ်ပြီးတယ်လို့ ပြောတာ"

"မဖြစ်နိုင်ဘူး၊ မင်းပစ်တာ မထိလို့ ဖြစ်ရမယ်"

"ဟေ့ကောင်၊ မင်းနဲ့ငါ လောင်းမလား"

"လောင်းမယ်"

ရဲဘော်နှစ်ယောက်၊ တပ်မတော်သားနှစ်ယောက်၊ စစ်သားနှစ်ယောက် အငြင်းအခုံဖြစ်နေကြခြင်း ဖြစ်သည်။ သူတို့ ဘာပြောနေကြသည်ကို မကြားသော်လည်း သူတို့ နှစ်ယောက်၏ဟန်ပန်ကို မလှမ်းမကမ်းမှ မြင်ရသော ဗိုလ်မှူးကြီးက အော်ခေါ် လိုက်သည်။

"ဟေ့ကောင်တွေ လာခဲ့"

ရဲဘော်နှစ်ယောက်အနက် တစ်ယောက်က ကိုကျော်အေးဆိုသော တောင်လုံးကျော်။ တစ်ယောက်က မြင့်အေး။ ရောက်လာသော ရဲဘော်နှစ်ယောက်အနက် ကိုကျော်အေး ဆိုသော ဖောင်လုံးကျော်ကို ဦးပိုင်မှတ်မိသည်။ သူ့ကို သေနတ်ဖြင့်ပစ်သော ရဲဘော်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ဘာဖြစ်နေတာလဲ"

ခေါင်းလုံးကျော်က ဗိုလ်မှူးကို ရှင်းပြခဲ့သည်။

"ဂါ အကြောင်းအရာ လုပ်ရမှာမဟုတ်ဘူးကွ၊ မင်းတို့ နားချင်ပြီယင်တယ်"

လက်နက်ချ အလင်းဝင်လာသော ဦးပိုင်ကို ဗိုလ်မှူးက ထမင်းကျွေးသည်။ ထမင်းကျွေးပြီး နှစ်ဦးသား ရေနွေးကြမ်းဝိုင်းထိုင်နေခြင်းဖြစ်သည်။

ရဲဘော်နှစ်ယောက်က သူတို့ဗိုလ်မှူးကို စကားခွန်းတုံ့ မပြန်ရဲ၊ အပြစ်ပေးလျှင် နာခံရန် အသင့်သာရှိနေကြသည်။

ဦးပိုင်က ခေါင်းလုံးကျော်၏ စကားကို ပြည့်စုံစွာ ကြားပြီးသောကြောင့် ဗိုလ်မှူးကို မေတ္တာရပ်ခံ စကားပြောခဲ့သည်။

"လူငယ်တွေကို အပြစ်မပေးပါနဲ့ ဗိုလ်မှူးရယ်၊ သူတို့က လူငယ်တွေဆိုတော့ လူငယ်ပီပီ အပေါင်းအစားစကား ပြောမိတာဖြစ်မှာပါ၊ တော့ဗီ ရဲဘော်လေးက ကျွန်တော်နဲ့ ကျွန်တော့်တပည့် ဆင်ခေါင်းက လယ်တဲလေးမှာ ထမင်းစားနေတုန်း သေနတ်နဲ့ပစ်တာ။

ရဲဘော်တွေက သေနတ်နဲ့ ဝိုင်းပစ်လို့ ကျွန်တော့်တပည့် သေနတ်မှန်ပြီး သေပါတယ်၊ ဒီရဲဘော် ပစ်တဲ့ကျည်ဆန်က ကျွန်တော့်ခြေထောက်ကို မှန်ပါတယ်"

အဲဒီစကားလည်းရောက်ရော ဗိုလ်မှူးက -

"ဟုတ်လား၊ ဒါဆို ဦးပိုင်မှာ သေနတ်ပြီးကော ကာစ်ခုခု ရှိပြီထင်တယ်" ဆိုပြီး မေးပါတယ်။

"သေနတ်ပြီးတာတော့ မရှိပါဘူး ဗိုလ်မှူး၊ ကျွန်တော် ဖာမြဲယုံယုံကြည်ကြည်၊ ဖားကိုးဖားထားပြုပြီး ရွတ်ဖတ်တဲ့ ဂါထာတစ်ပုဒ်တော့ ရှိပါတယ်၊ ဒီဂါထာက သိဒ်စွမ်းတာ ဗိုလ်မှူးရဲ့၊ ဒီဂါထာအစွမ်းကြောင့် ကျွန်တော့်ကို သေနတ်မှန်ပေမယ့် ဘာမှမဖြစ်တာထင်ပါတယ် ဗိုလ်မှူး" ဆိုတဲ့ ဦးပိုင်ကို ဗိုလ်မှူးက -

"အဲဒီဂါထာ ကျွန်တော့်ကို ပေးပါလား ဦးပိုင်၊ ကျွန်တော်လည်း ယုံယုံကြည်ကြည်၊ အားကိုးအားထားပြုပြီး ရွတ်ဖတ် ပူဇော်ချင်ပါတယ်"

လို့ပြောတော့ ဦးပိုင်က -

"စိတ်ချပါ ဗိုလ်မှူး၊ ဒီဂါထာကို ကျွန်တော်ရွတ်လည်း ရွတ်ဆိုပြပါမယ်၊ စာရွက်နဲ့ ရေးလည်းရေးပေးပါမယ်၊ ဒါပေမဲ့ ကျွန်တော့်အကြောင်း နည်းနည်းလောက်ပြောပြီးမှ ရွတ်ဖတ်ပေး ရေးပေးပါမယ်၊ ကျေးဇူးပြုပြီး နားထောင်ပေးပါ ဗိုလ်မှူး"

လို့ ခွင့်တောင်းစကားပြောရင်း အခုလို ပြောပြခဲ့တော့တာပါပဲ။

✿

ကျွန်တော့်နောက်ကွယ်မှာ ကျွန်တော်တို့ ဒေသက လူတွေက တောသူဌေးလို့ ခေါ်ကြတယ်ဆိုတာ ကြားခဲ့ဖူးပါတယ်။ ကုန်စုံဆိုင်ဖွင့်ထားတဲ့ ကျွန်တော်၊ လယ်ယာလုပ်ငန်းကို အလွန်နှစ်သက်ပါတယ်။ လယ်ယာအလုပ်ကို ကိုယ်တိုင်ဦးစီး ဦးဆောင်လုပ်ပါတယ်။ ဒီလိုနေရင်း တစ်နှစ်မှာ၊ ညတစ်ညမှာ ဓားပြအတိုက် ခံခဲ့ရတယ်။

"မလှုပ်နဲ့ သေသွားမယ်"

"ယုတ်... ယုတ်စမ်း ရွှေမှာ၊ ငွေမှာ ယူတော်စမ်း"

"မြန်မြန်ထုတ်"

ဓားပြက နှစ်ယောက်၊ မျက်နှာတွေကို ပီပီသသ မမြင်အောင်၊ မြင်ရင် မမှတ်မိအောင် ဆေးတွေနဲ့ အကြောင်အကျားလုပ်ထားတယ်။ မျက်နှာကစ်ဂက်သာသာကို ပုဆိုးတစ်ထည်ခေါက်ချိုးချိုးပြီး အုပ်ချည်ထားတယ်။ အသံကိုလည်း ဖျက်ပြောတယ်။

ကျွန်တော်က မခုခံပါဘူး၊ ခုခံရင် ဇနီးနဲ့သမီးတွေကို ရန်ရှာမှာစိုးလို့။ ကျွန်တော့်မှာ သားမရှိဘူး။ သမီးသုံးယောက် ရှိတယ်။ ဓားပြနှစ်ယောက်ကို သူတို့တောင်းတဲ့အတိုင်း ရွှေတွေ၊ ငွေတွေ ပေးလိုက်ပါတယ်။

ဒါပေမဲ့ ဓားပြတွေက ကောင်းကောင်းပြန်မသွားဘူး။ ကျွန်တော့်ခေါင်းကို ဓားနဲ့၊ ဓားနောင့်နဲ့ ရိုက်ခွဲပြီးမှ ပြန်သွားတယ်။ သူတို့နှစ်ယောက်မှာ ကိုင်ထားကြတာက ဓားကြီး မြတောင်ဓားတွေ။ မကျေနပ်ပေမယ့် ကျွန်တော် ယည်းခံနေခဲ့ပါတယ်။ ကျေးလက်တောရွာတွေမှာ နေရတာ နီးရာဓားကို ကြောက်ရတယ်မဟုတ်လား။

✿

နောက်နှစ်မှာ တစ်ခါ ဓားပြအတိုက်ခံရပြန်တယ်။ ဓားပြတိုက်တာကလည်း ဓားပြနှစ်ယောက်။ အဲဒီဓားပြနှစ်ယောက်က ဟိုနှစ်က ဓားပြလာတိုက်တဲ့ ဓားပြတွေ။

ဟိုတစ်ခါ ဓားပြလာတိုက်တုန်းကလို သူတို့ကိုင်ထားကြတာက ဓားတွေ၊ ငှက်ကြီးတောင်ဓားတွေ။ ရွှေတွေ၊ ငွေတွေကိုယူပြီး ဟိုတစ်ခါတုန်းကလို လက်စွမ်းပြခဲ့တယ်။

သူတို့ဓားပြတွေရဲ့ လက်စွမ်းကြောင့် ကျွန်တော် ဒုတိယအကြိမ် ခေါင်းကွဲခဲ့ရဖူးပါတယ်။

✿



www.burmeseclassic.com

www.burmeseclassic.com

တတိယမို့ သုံးကြိမ်တိတိ အဲဒီဓားပြတွေက ဓားပြလာတိုက်ခဲ့တယ်။ ရလေလိုလေ အိုတစ္ဆေဆိုသလို ရမှန်းသိလို့ ဓားပြလာတိုက်တာ။ ဒါဆို တစ်နှစ်တစ်ခါ ဓားပြအတိုက်ခံရမှာ သေချာတယ်။ ပြီးတော့ တစ်နှစ်တစ်ခါ ကျွန်တော့်ခေါင်း အကွဲခံရမှာ သေချာတယ်။

ဒါမျိုးတော့ အဖြစ်မခံနိုင်ဘူးဆိုပြီး ကျွန်တော် ပြန်ပြီး ခုခံတယ်။ နှစ်ယောက်တစ်ယောက်ဆိုပေမယ့် ကျွန်တော် မကြောက်ဘူး။ ကျွန်တော့်ခေါင်းကို ဓားနောင့်နဲ့ထုတဲ့ ဓားပြရဲ့ဓားကို လုပြီးခုခံတယ်။

ဓားပြက ပြန်လုတယ်။ အဲဒီအချိန်မှာ ဘေးက ဓားပြက ကျွန်တော့်ကို ဓားနဲ့ခုတ်တယ်။ ကျွန်တော်က ရှောင်ပြီး လုနေတဲ့ ဓားဦးကို သူ့ဘက်လှည့်လိုက်တယ်။ သူ့အရှိန်နဲ့သူ သူ့ဗိုက်ထဲ ဓားကြီးတောင်ဓားဝင်သွားပြီး သေသွားတာပါပဲ။

ကျန်တဲ့ဓားပြက အံ့အားသင့်သလို ဖြစ်နေတုန်း ကျွန်တော်က လက်စတုန်းအောင် ဓားနဲ့ခုတ်ပစ်လိုက်ပြန်တယ်။ မသတ်လို့ မဖြစ်ဘူးလေ။ သူ့ကိုမသတ်ရင် သူက ကျွန်တော့်ကို သတ်မယ်၊ ပြီးတော့ ကျွန်တော့်မိသားစုကို သတ်မယ်ဆိုတာ သိလို့ မသတ်ချင်ဘဲ သတ်ခဲ့ရတာ။

ဓားပြနှစ်ယောက်ကို ကျွန်တော် သတ်မိပြီးဖြစ်လို့ ရွာမှာ မနေရဲတော့ဘူး။ အိမ်မှာ မနေရဲတော့ဘူး။ နေရင် အစိုးရက လာဖမ်းမှာသိလို့ တောထဲကိုပြေးတယ်။ တောထဲမှာဆိုတာ တကယ့်သရက်တောတို့၊ ကုက္ကိုတောတို့ကို ပြောတာ။

အဲဒီတောထဲမှာ ပုန်းလျှိုးကွယ်လျှိုးနေရင်း အိမ်က ဟိုတစ်ဟိုတစ်ပုန်းပို့တဲ့ ထမင်းဟင်းကိုစားရင်း ကျွန်တော် ဆုံးဖြတ်တယ်။ အဖမ်းခံမယ်။ တောတွင်းလက်နက်ကိုင်တွေနဲ့ ပူးပေါင်းမယ်။

နောက်ဆုံးတော့ တောတွင်းလက်နက်ကိုင်တွေနဲ့ ပူးပေါင်းမယ်ဆိုပြီး ဗိုလ်သန်းနဲ့ ဆက်သွယ်တယ်။ ဗိုလ်သန်းရဲ့ တပ်ထဲဝင်တယ်။ ဗိုလ်သန်းဆိုတာ တောတွင်းလက်နက်ကိုင် တစ်ယောက်ဖြစ်တဲ့ ဗိုလ်မှူး။

❂

ဗိုလ်မှူးရေ ရှေ့ဆက်မပြောခင် ကျွန်တော့်အမှုအကျင့် တချို့ ပြောပါမယ်။ တောထဲမရောက်ခင်၊ ဓားပြ အတိုက်မခံရခင်ကတည်းက၊ ရွာမှာနေကတည်းက ကျွန်တော်က ငါးပါးသီလ စောင့်ထိန်းတယ်၊ ခုအချိန်အထိလည်း ပျက်သေစာမသောက်ဘူး၊ သူတစ်ပါးသားမယားကို မပြစ်မှားဘူး၊ သူတစ်ပါး စိတ်ဆင်းရဲအောင်မလုပ်ဘူး၊ ပြောရရင် ကြက်၊ ဘဲတောင် မသတ်ခဲ့ဘူး၊ မခိုးဘူး၊ မုသားမပြောဘူး။

ဓားပြနှစ်ယောက်ကို ကြောက်ကြောက်လန့်လန့်နဲ့ မခုခံချင်ဘဲ ခုခံပြီး၊ မသတ်ချင်ဘဲ သတ်ခဲ့ရတာကလွဲလို့ တောထဲမှာနေရင်း တိုက်ပွဲဖြစ်လို့ သူပစ်ကိုယ်ပစ် ပစ်ကြတာက လွဲလို့ ဘယ်သူ့ကိုမှ မဖမ်းဘူး၊ မညှဉ်းဆဲဘူး၊ မသတ်ဘူး၊ ဖမ်းမိတဲ့ လူတွေကိုလည်း မညှဉ်းဆဲဘူး၊ မသတ်ဘူး။

ဝါတွင်းရော ဝါပရော အမြဲတမ်း ဥပုသ်နေ့တိုင်း ဥပုသ်စောင့်တယ်၊ ဘုန်းကြီးကျောင်း မသွားအားရင် အိမ်မှာ ဘုရားမှာပဲ စောင့်တယ်၊ မွေးနေ့ဖြစ်တဲ့ ကြာသပတေးနေ့တိုင်း အသား သတ်လွတ်စားတယ်။

တောထဲ ရောက်နေတော့လည်း အဲဒီအကျင့်ကို မဖျက်ဘူး။ ဗိုလ်မှူး 'နွားမသားဂုဏ်ဂါထာ' လို့ တချို့လူတွေ ပြောတဲ့ 'ဂါထာ' ကို ကြားဖူးလား၊ မိခင်နွားမကြီးက သူ့သားသမီးဖြစ်တဲ့ နွားကလေးကို တခြားသားရဲပါတွေ ရန်မပြုနိုင်အောင် ဂုဏ်ထားတဲ့ဂါထာဖြစ်လို့ 'နွားမသားဂုဏ်ဂါထာ' လို့ ပြောတာပဲ၊ တကယ်တော့ အဲဒီဂါထာက 'နမောတောဂါထာတော်ကြီး'။

'နွားမသားဂုဏ်ဂါထာ' လို့ခေါ်တဲ့ 'နမောတော ဂါထာတော်ကြီး' ရဲ့ အစွမ်းတွေ၊ ဂုဏ်ကျေးဇူးတွေ အများကြီးရှိတယ်။

အဲဒီအများကြီးထဲက ဗိုလ်မှူးကို တပ်မတော်သားတွေနဲ့ ဆက်နွယ်တာကို ပြောပါမယ်၊ တပ်မတော်သားတွေက ကျွန်တော်ပုန်းခိုနေတဲ့ နေရာအတိအကျကို သတင်းရတယ်၊ သတင်းရလို့ လာပိုင်းတယ်၊ လာဖမ်းတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို ရှာမတွေ့ဘူး၊ ပိုက်စိပ်တိုက် ရှာပေမယ့် မတွေ့တော့ ထွက်ပြေးသွားပြီ၊ တခြားကို ပြောင်းသွားပြီလို့ ယူဆပြီး ပြန်သွားကြတယ်။

တကယ်တော့ တပ်မတော်သားတွေ ရှာတဲ့နေရာမှာပဲ ကျွန်တော်ရှိနေတာ၊ ကျွန်တော့်ကို တပ်မတော်သားတွေက မမြင်ဘူး၊ ကျွန်တော်က မြင်တယ်။

ငှက်ပျောပင်လေး တစ်ပင်ရှိရင် အဲဒီငှက်ပျောပင် ဘေးမှာပုန်းပြီး နမောတောဂါထာကို အဆက်မပြတ်ရွတ်တာ၊ ချုံပုတ်လေးတစ်ခု ရှိရင်လည်း ချုံပုတ်လေးဘေးမှာပုန်းပြီး နမောတောဂါထာကို အဆက်မပြတ်ရွတ်တာ၊ ခုံလေးတစ်ခု၊ သစ်ငုတ်လေးတစ်ငုတ်စတဲ့ ခေါင်းတစ်လုံးစာ ပုန်းရောင်ရှိရင် ပုန်းပြီး နမောတောဂါထာတော်ကို ယုံယုံကြည်ကြည် အားကိုးအားထားပြုပြီး ရွတ်ဖတ်ပူဇော်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ရဲဘော်တွေကို ကျွန်တော်က မြင်ရပေမယ့် ရဲဘော်တွေက ကျွန်တော့်ကို မမြင်ရတာဖြစ်ပါတယ်၊ ပြေးရရင် ဗိုလ်မှူးရေ နမောတော ဂါထာတော်ကို ကျွန်တော်တော့ အိမ်သာသွားရင်ပေါင် ရွတ်တယ်၊ ထမင်းမစားခင်နဲ့ ထမင်းစားပြီးရင် ရွတ်တယ်၊ အချိန်တိုင်း၊ သတိရတိုင်း ရွတ်တယ်။

သေနတ်ပြီးတယ် ဆိုတာကတော့ အဲဒီ နမောတော ဂါထာတော်ကြီးရဲ့ အစွမ်းသတ္တိ ဂုဏ်ကျေးဇူးကြောင့်ဖြစ်မယ် ထင်ပါတယ်။

ဗိုလ်မှူးရေ ကျွန်တော်တော့ သေနတ်ပြီးတယ်ဆိုပြီး တစ်ချက်တလေတောင်မှ သေနတ်နဲ့ အပစ်မခံခဲ့ဖူးပါဘူး၊ ဂါပေမဲ့ ပျော်ဒီတူမောင်ပေ့ မြင်ချင်သလို ဗိုလ်မှူးလည်း မြင်အောင် ဒီတစ်ခါ ပထမအကြိမ်ရော နောက်ဆုံးအကြိမ်ပါဖြစ် သုံးချက်တိတိ သေနတ်နဲ့ အပစ်ခံပါမယ်၊ သုံးချက်ထက် ပိုမပစ်ပါနဲ့။

ပစ်တဲ့အခါ 'မျက်စိ' ကို မပစ်ပါနဲ့၊ မျက်စိက ပိုကြည့်သည်ကြည့်နဲ့ မသန့်ရှင်းဘူး။

'ယောက်ျားတန်ဆာ' ကိုလည်း မပစ်ပါနဲ့၊ အဲဒါက လည်း မသန့်ရှင်းလို့ပါ။

သေနတ်နဲ့ သုံးချက်တိတိ မပစ်ခင် ကျွန်တော့်ကို မိနစ် နှစ်ဆယ်လောက် ခွင့်ပေးပါ၊ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေဖို့ အချိန်တောင်းပါရစေ။

ပြီးတော့ ဒီလို သေနတ်နဲ့ သုံးချက်ပစ်တဲ့အခါ မတော်လို့ ကျွန်တော့်ကို ထိမှန်တယ်ဆိုရင် ဒါဟာ ကျွန်တော့် မှာတိယ်ဟပ်မကြောင့် သာဖြစ်လို့ ပျော်ဒီတူမောင်နှစ်ယောက်ကို လုံးဝအပြစ်မပေးပါနဲ့လို့ ဗိုလ်မှူးဖွင့်ပြောမှ ကျွန်တော် အပစ် ခံပါမယ်။

✪

လက်နက်ချ အလင်းဝင်တဲ့ ဗိုလ်ကြီးဦးပိုင်ရဲ့စကားကို စိတ်ဝင်တစား နားထောင်နေတဲ့ ဗိုလ်မှူးကြီးက -

"ကျွန်တော် ကတိပေးပါတယ်"

လို့လည်းဆိုလိုက်ရော ဦးသန်းက မျက်နှာ၊ လက်၊ ခြေတွေကို ဆေးကြောသန့်စင်ပြီးမှ ကပိုင်ဘုန်းတော်ကြီး ကျောင်းက ဘုရားခန်းထဲက ကျောင်းဆောင်နဲ့ သီတင်းသုံး နေတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့ကိုသွားပြီး သက်တော် ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းလို့ ဘုရားဂုဏ်တော် ကိုးပါးကို အာရုံပြုကြည်ညိုလို့ ဘုရားရှိခိုးပါတယ်၊ မေတ္တာ ပို့ပါတယ်၊ အမျှဝေပါတယ်။

ဒီလိုလုပ်တာကို ဗိုလ်မှူးနဲ့ ရဲဘော်တွေ မြင်တယ်၊ ဗိုလ်မှူးက အလောင်းအစားစကားပြောတဲ့ တောင်လုံးကျော်နဲ့ မြင့်ဆွေကို တီးတိုးအမိန့်ပေးတယ်။

ဦးပိုင် ဘုရားရှိခိုးပြီးပြီ၊ မေတ္တာပို့ပြီးပြီ၊ အမျှဝေပြီးပြီ၊ အမျှဝေပြီး ဘုရားစင်ရှေ့မှာ ထိုင်နေပုံက ဝိပဿနာ ဘာဝနာ တရားအားကုက်ဖို့ ကင်ပျဉ်ခွေထိုင်တဲ့ ပုံစံအတိုင်း။

မျက်စိကို စုံမှိတ်လို့။ တောင်လုံးကျော်တို့က မိနစ် သုံးဆယ်နီးပါးကြာအောင် စောင့်တယ်။ အဲဒီတော့မှ ဗိုလ်မှူး က အမိန့်ပေးတဲ့သင်္ကေတ လက်ကောက်ပြလိုက်တယ်။ ကိုမြင့် ဆွေက သေနတ်မောင်းခလုတ်ကို ဖြုတ်လိုက်တဲ့အခါ

"ဒိုင်း. . ." ဆိုတဲ့ အသံထွက်မလာဘူး။

"ချောက်. . ." တဲ့။

ချောက်ဆိုတဲ့ မြည်သံနဲ့ထွက်သွားတဲ့ ကျည်ဆန်က ဦးပိုင်ရဲ့ ခြေသလုံးကို ထိမှန်တဲ့အခါ

"ဘုတ်. . ." ဆိုတဲ့အသံ ထွက်လာပြန်ပါတယ်။

ကျည်ဆန်က ဦးပိုင်ရဲ့ ခြေသလုံးနားမှာ။ အလက်ာ ကျော်စွာ ရွှေမန်းဦးကင်မောင်ကြီးလို ဖြူဖြူပပ မွဲမွဲလှလှကြီး ကိုယ်နေဟန်ထားရှိတဲ့ ဦးပိုင်ရဲ့ ခြေသလုံးဝဝကြီးက ဆေး လိပ်မီးနဲ့ အတို့ခံရပြီးလို့ ကျန်တဲ့အမာရွတ်လို ဖြစ်သွားတယ်။

တောင်လုံးကျော်နဲ့ ဗိုလ်မှူးကြီးကို ကိုမြင့်ဆွေက ကြည့်လိုက်တယ်။ ဗိုလ်မှူးကြီးက လက်ကောက်ပြလိုက်ပြန် တယ်။

"ချောက်"

နောက်တစ်ကြိမ်ချက် ထပ်ပစ်တဲ့အခါလည်း ကိုမြင့် ဆွေရဲ့ သေနတ်က "ဒိုင်း" လို့ မမြည်ပြန်ပါဘူး။ ဦးပိုင်ရဲ့ လက်ဝဲဘက်လက်ပြင်ကို ထိမှန်သွားတဲ့ ကျည်ဆန်သံကလည်း ဘုတ်ခနဲ။ ဦးပိုင်ရဲ့ လက်ဝဲဘက်လက်ပြင်ကလည်း ဆေးလိပ် မီးနဲ့ အတို့ခံရသလို အမာရွတ်လေးဖြစ်လို့။

"ဦးပိုင်"

ဗိုလ်မှူးကြီးက ပခုံးပုတ်နှိုးလိုက်တော့မှ ဦးပိုင်မျက်လုံး ပွင့်လာတယ်လေ။

"ကဲ- မြင့်ဆွေနဲ့ တောင်လုံးကျော် ဦးပိုင်ကို ရိုရိုသေ သေနဲ့ ကန်တော့ကြ"

ရဲဘော်နှစ်ယောက်က ဗုဒ္ဓဘာသာဝင်တွေပီပီ ဦးပိုင် ကို ရိုရိုသေသေ ကန်တော့လိုက်တာနဲ့ ဦးပိုင်က -

"ငါ့ တူမောင်တို့အပါအဝင် တပ်မတော်သားအားလုံး၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ တစ်ကမ္ဘာလုံး၊ စကြဝဠာ



www.burmeseclassic.com

www.burmeseclassic.com

မှာ နေထိုင်ကြသူအားလုံး၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံး၊ သုံးဆယ့်တစ်ဘုံသားအားလုံး ကျန်းမာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ၊ ဆင်းရဲနွံ့ငရဲကင်းပါစေ၊ အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရလွယ်၊ ရောက်လွယ်နိုင်သူများဖြစ်အောင် ဆောင်ရွက်နိုင်ကြပါစေ"

ဆိုပြီး ဆုပေးလိုက်တဲ့အခါ တောင်လုံးကျော်တို့သာမက ဗိုလ်မှူးကြီးကပါ လိုက်လိုက်လှဲလှဲ သာဓုခေါ်လိုက်ကြတော့တာပါပဲ။

✪

အဲဒီနေရာမှာ ပြောစရာတစ်ခု ကျန်ပါတယ်။ အဲဒါက ဦးပိုင်ပြောခဲ့၊ ရေးပေးခဲ့တဲ့ 'နွားမသားဝှက်ဂါထာ' လို့ခေါ်တဲ့ 'နမောတေဂါထာတော်ကြီး'။ အဲဒီ 'နမောတေဂါထာတော်ကြီး' ကို 'အချုပ်အနှောင်မှ လွတ်မြောက်စေသောဂါထာ' လို့လည်း ခေါ်ပါတယ်။ နမောတေဂါထာကို အများကောင်းကျိုး ရည်ရွယ်ပြီး ဖော်ပြလိုက်ပါတယ်။

**နမောတေ ဂါထာ**

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နော သ္မိ၊
တဿ မေ သရဏံ ဘဝ။

✪

လက်နက်ချအလင်းဝင်ပြီး ပြည်သူတစ်ယောက်ဖြစ်လာတဲ့ ဦးပိုင်က ဒါနု၊ သီလ၊ ဘာဝနာ အလုပ်တွေလုပ်ရင်း ဘဝချုပ်သိမ်းခဲ့တာ ကြာပါပြီ။

ဦးပိုင်နဲ့ဆုံခဲ့တဲ့ ဗိုလ်မှူးကြီးကတော့ သူရဘွဲ့ရပြီး ရှေ့တန်းတစ်နေရာမှာ နိုင်ငံနဲ့လူမျိုးအတွက် အသက်ပေးလှူခဲ့တာ ကြာပြီလို့ သိရပါတယ်။ ဟုတ်၊ မဟုတ်တော့ တိတိကျကျ မသိရပါဘူး။

သိတာက ဦးပိုင် သေနတ်ပြီး မပြီး သိရအောင် ဦးပိုင်ကို သေနတ်နဲ့ပစ်ခဲ့တဲ့ ရဲဘော်မြင့်ဆွေက တပ်ကြပ်ကြီးဘဝနဲ့ ပင်စင်ယူပြီးတာ ကြာပြီဆိုတာပါပဲ။

ဖဲဒီအကြောင်း ဖဲဒီတပ်ကြပ်ကြီးမြင့်ဆွေကိုယ်တိုင် ပြောပြလို့သိရတာ။

**ပန်းတနော် နောင်လတ်**

☐

**ဆရာဦးသိန်းဝင်း**
B.A(Geog.), ဗ, ဘ, န, ၀(တ, ဆ-၁၄၃၂)
**ပြည်တော်စံ**
တိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျောက်ပေါင်း၊
အာရုံကြောအားနည်း၊
လေငန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊
အကြောနှင့်ပတ်သက်သော ရောဂါများ
ကုသပေးပါသည်။
❖ လေဖြတ်ရောဂါနှင့် ကျောက်ပေါင်းရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည်။ ❖

လေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ


လေဖြတ်မည့် လက္ခဏာများ
❖ ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
❖ မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲလှုပ်ရှားခြင်း
❖ ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
❖ ခြေ၊ လက်များ ထုံကျဉ်ခြင်း
❖ လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
❖ စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်း တို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

**ဆေးခန်းဖွင့်ချိန်** - နံနက် (၁၁း၀၀)နာရီမှ ညနေ (၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ် (၁၉)၊ (၁၁၂) လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)
☎ ၀၉-၅၃၉၅၃၂၂၈၀၄၊ ၀၉-၄၀၄၂၃၆၄၈၇



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လက်မသာသာ တုတ်သော ကုက္ကိုသားချောင်းကိုသစ်တုံးပေါ်တင်၍ မောင်ချစ် ဓားမဖြင့်ခုတ်၏၊ တစ်ခါနဲ့ မပြတ်။ ဒုတိယအချက် မပြတ်သေး။ တတိယအချက်ကျမှ ပြတ်သည်။

"အဲဒီလို မခုတ်ရဘူး ငါ့မြေး၊ ဖယ်လိုက် အဘိုး ခုတ်ပြမယ်"

မောင်ချစ် ဖယ်ပေးသည်။

"ဖြတ်မယ့်ထင်းချောင်းကို တည့်တည့်မထားရဘူး ငါ့မြေးရဲ့၊ ဒီလို စွေစွေလေး ထားရတယ် ကြည့်"

အဘိုးက ခုတ်ပြသည်။ တစ်ခါနဲ့ ပြတ်သွား၏။

မောင်ချစ် သဘောကျသွားသည်။ အဘိုးနည်းကိုယူ၍ ဖြတ်ကြည့်သည်။ တစ်ချက်တည်းနှင့် ပြတ်သွားသည်။ မောင်ချစ် အဘိုးကို လှမ်းကြည့်၏။ အဘိုးကပြုံးပြီး ခေါင်းညိတ်ပြသည်။

မောင်ချစ် ထင်းများကို ဆက်ဖြတ်သည်။ အဘိုးက ယန်းပတ်မှင်းခေါင်း ဓလေ့ကားတစ်ပြက်နေသည်ကို ထန်းလျှော်ဖြင့် ချည်တုပ်နေသည်။

အဘိုးနှင့် နေရသည်ကို မောင်ချစ် ပျော်သည်။ အဘိုးက မောင်ချစ်ကို ချစ်သည်၊ ညှာသည်၊ ကြင်နာသည်။ မောင်ချစ်လည်း အဘိုးကို ချစ်ပါသည်။ အဘိုးက ထန်းသင်မတက်၊ မောင်ချစ်က ထန်းပင်အောက်မှာ မြူသီးကောက်။ အဘိုးသည် ထန်းတက်သမားဖြစ်သော်လည်း ထန်းရည်ပါး မသောက်။ ထန်းရည်အိုးကိုပေါ့ အဘိုးရော မောင်ချစ်ပါ ကြိုက်သည်။ ထန်းတက်ပြီးလျှင် မြေးအဘိုးနှစ်ယောက် ထန်းလျက်ချက်ကြသည်။

အဘိုးက မှင်းရဲသည်ကိုမကြိုက်၊ မနက်မိုးလင်းပိုင်း ထန်းတက်နားချိန်မှာ ထန်းလျှက်ဖွာသည်။ ထန်းခေါက်တောင်း အမျိုးမျိုး ရက်သည်။ ထန်းပလပ်ကုလားထိုင် လုပ်သည်။ အဘိုး၏ လက်ရာများမှာ သေသပ်ကောင်းမွန်၍ ဝယ်သူများ သဘောကျသည်။

မောင်ချစ်တို့ မြေးအဘိုးအတွက် စားဝတ်နေရေး မပူရ။ တဲဝန်းကျင်မှာ စားပင် သီးပင်အမျိုးမျိုး စိုက်ပျိုးထားသည်။ ထိုသစ်ပင်များကို မောင်ချစ် ရေလောင်းပေါင်းသင် မြေဆွ ပြုစုပေးရသည်။ မောင်ချစ်အတွက် ပျင်းစရာ အချိန်မရှိ။

သို့သော် တစ်ခါတစ်ခါမှာတော့ ရွာထဲမှာနေသော အဖေ၊ အမေနှင့် ညီမလေးကို သတိရသည်။ အဖေက လယ်သမားအရက်သမား။ မူးလျှင် ကောင်းသည်။ မူးလျှင် အမေ့ကို ရန်လုပ်သည်။ လင်မယား စကားများလျှင် မောင်ချစ် အမေ့ဘက်မှ ကာကွယ်ပြောသည်၊ အဖေက သဘောမကျ။

အဘိုးကလည်း သားဖြစ်သူ အရက်သောက်သည်ကို မကြိုက်၍ အတူမနေ။ ထန်းတောထဲမှာပင် ကိုယ့်ဘာသာ ဟယိုးနေသည်။ မောင်ချစ်လည်း အဘိုးနှင့်အတူ ထန်းတဲမှာ လိုက်နေသည်။

မောင်ချစ် ထင်းများအားလုံး ဖြတ်ပြီးသောအခါ တစ်ကိုယ်လုံး ချွေးများရွှဲနေသည်။ လေနုနု တိုးလာ၍ ချွေးများလည်း ပြေလွင့်သွားသည်။ မောင်ချစ် နဖူးမှချွေးများကို လက်ဖြင့်သပ်ချရင်း အနောက်ဘက်တောင်းကင်ကို ကြည့်လိုက်သည်။

"ဟာ . . . လှလိုက်တာကွာ"

နီရဲတောက်ပနေသော အနောက်ဘက် ကောင်းကင်ကိုကြည့်၍ မောင်ချစ် အံ့ဩသဘောကျ ဖြစ်မိနေသည်၊ ဤကဲ့သို့ ကောင်းကင်တစ်ခွင်လုံး နီရဲတောက်ပနေသည်ကို မောင်ချစ် အရင်က မမြင်ဖူးပါ။ နေဝင်၍ တိမ်တောက်သည်နှင့်မတူ။ တိမ်ဟူ၍လည်းမတွေ့ရ၊ နီရဲနေပုံက သိပ်လှသည်။

"အဘိုးရေ . . . အဘိုး၊ ဟိုမှာ ကြည့်ပါဦး၊ လှလိုက်တာ"

အဘိုးက ရင်းထောင်ကို ပြုပြင်နေရာမှမောင်ချစ်ညွှန်ပြသောအနောက်ဘက်ကောင်းကင်ကို လှမ်းကြည့်လိုက်သည်။

"ဟေ"

လက်ထဲမှ ရင်းထောင်ကို အဘိုး လွှတ်ချလိုက်သည်။

"အဲဒါ လေနီကြမ်းကွ၊ မြန်မြန် လုပ်ပေတော့ ထမင်းကလေး အမြန်အလွှား စားရမယ်"

အဘိုးက ဟဲဆီသို့ ခပ်ယုတ် သုတ်ခြေ၍ မောင်ချစ်ပါ ပြေးလိုက်သွားရသည်။

"လေနီကြမ်း ဆိုတာ ဘာလဲ အဘိုး"

မောင်ချစ် မီးဖိုထားမှ ထမင်းပန်းကို ယူယူလိုက်သည်။ အဘိုးက ဟင်းအိုးများကို ဖွင့်နေသည်။

"ယခင်း မြန်မြန်မူ၊ ပြဲပြဲ ဟင်းကလေး ပန်းကန်ထဲထည့်မနေနဲ့ အချိန်မရတော့ဘူး အိုးထဲကပဲ ခပ်စား မြန်မြန်လုပ်"

အဘိုးက ခရိုးချည်သံချော် ပြီး ထဲသို့ ငှန်းတစ်ချောင်း ပဲပြုတ်ကိုထဲသို့ ထွန်းတစ်ချောင်း ထည့်လိုက်သည်။

မောင်ချစ်က ထမင်းအိုးကဘ ပန်းကန်ကို အဘိုးအား သွမ်းပေးသည်၊ အဘိုးက သူ့ပန်းကန်ထဲသို့ ပဲပြုတ်များနှင့် ခရမ်းချဉ်သီးများကို ခပ်ထည့်၍ မြန်မြန်နယ်၍ စားနေသည်။ မောင်ချစ်လည်း အဘိုးလိုပင် သွ[illegible]နယ်၍ ကန်



www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ပဲပြုတ်များနှင့် ခရမ်းချဉ်သီးချက်များ ထည့်နယ်ပြီး ပလုတ်ပလောင်းစားလိုက်သည်။

"လေနီကြမ်းဆိုတာ ဘယ်လိုဟာမျိုးလဲ အဘိုး"

မာမြေမရသေးသော မေးခွန်းကို မောင်ချစ်က ထမင်းစားရင်း ထပ်မေးသည်။

"အခု မကြာခင် မင်းသိပါလိမ့်မယ်၊ မြန်မြန်စား၊ အဘိုးတို့ စားပြီးတောင်ပေါင် မနေမယ်ပထင်ဘူး။အဘိုးမင်းအရွယ်လောက်ကပေါ့၊ ဆယ့်နှစ်သားလောက်မှာ ဒါမျိုး တစ်ကြိမ်ကြုံဖူးတယ်၊ ညနေစာ ထမင်းငတ်သွားတာပဲ"

မောင်ချစ်သည် နီရာမှ လိမ္မော်ရောင် ရင့်ရင့်မှိုင်းမှိုင်းသို့ ပြောင်းလာသော ကောင်းကင်ကို လှမ်းကြည့်လိုက်သည်။ တဲအတွင်းမှာပင် နီနီဂါဂါ ဖြစ်လာ၍ ကိုယ့်တစ်ကိုယ်လုံးပါ ကိုယ်ရောင်ကိုယ်ဝါတောက်သလို ယင်လာရသည်။

"အဘိုးကသာ လေနီကြမ်းတိုက်မယ်ပြောတယ်၊ ခုဖြင့် လေကနည်းနည်းတောင် မတိုက်ဘူး"

"ဟ- မဲပါ အကောင်းမဟုတ်ဘူးကွ၊ လေမှန်တိုင်းမတိုက်ခင် လေငြိမ်တယ်ဆိုတာ အဲဒါမျိုးကိုပြောတာ၊ စားစား မြန်မြန်စား၊ သိပ်ဝါးမနေနဲ့ မျိုချ"

မြေးအဘိုးနှစ်ယောက် စကားမပြောတော့ဘဲ ထမင်းကိုသာပင် နိုင်သမျှ ဝင်အောင် စားနေကြရသည်။

မောင်ချစ် အစ်ပန်းကန်ကုန်သောအခါ လည်ပင်းတွင် နင်နေ၍ ရေတစ်မှုတ် ခပ်သောက်လိုက်ရသည်။ အဘိုးလည်း မြန်မြန်မျိုချရ၍ နင်နေဟန်တူပါသည်။ မောင်ချစ် ရေတစ်မှုတ် ခပ်ပေးသည်။

မောင်ချစ် ထမင်း မဝသေး၊ နောက်ထပ်တစ်ပန်းကန်ထပ်ထည့်သည်။

ထိုအချိန်မှာပင် ဟပေါ်ဝေါ် ပြည်သံကြီးကို အဝေးဆီမှ ကြားရသည်။ မောင်ချစ် အဘိုးကို ပှမ်းကြည့်လိုက်သည်။

"ကဲ- ငါ့မြေး ထားခဲ့တော့၊ မြန်မြန်မြေးမှ ပွတ်မယ်၊ ထန်းတောထဲမှာ အန္တရာယ်မကင်းဘူး၊ လာ လာ မြန်မြန်ယူက်"

အဘိုးက လက်မှထမင်းပန်းကန်ကို အမြန်ချ၍ တဲထဲမှထွက်သည်။

"ဒါတွေ မသိမ်းတော့ဘူးလား အဘိုး၊ လေထဲ ပါကုန်လိမ့်မယ်"

"ဒီအချိန်မှာ လူ့အသက်ထက် ဘယ်ဟာမှ ပိုအဖိုးမတန်ဘူးကွ"

အဘိုးက ပြောပြောဆိုဆို မြေးထွက်သွားပြီ။ မောင်ချစ် ပဲပြုတ်တစ်ဆုပ်ကို ဗိုးယဲမှနှိုက်ယူ၍ ဖါးစပ်ထဲ ကယျာကယာသွင်း၍ ဖါးရင်း အဘိုးနောက်သို့ ပြေးလိုက်သည်။ နောက်ဘက်မှ အသံကြီးက ပို၍ပြည့်ဟည်းလာသည်။ မောင်ချစ် နည်းနည်းတော့ ကြောက်သွားမိသည်။ အဘိုးကိုမီအောင် တအားပြေးလိုက်၏။ အဘိုးက ရှေ့မှပြေးနေသဲ။ ခုထိ ထန်းတောထဲမှ မထွက်နိုင်သေး။

"ဝီ . . . ဝီ . . . ဝီ . . . ဝီ"

လေချွန်သံ အကြီးစားကြီးကို ကြားနေရသည်။

မောင်ချစ် အဘိုးကို မီချိန်မှာ ထန်းတောထဲသို့ လေဦးရောက်လာသည်။ ထန်းပင်ထန်းလက်များကို လေတိုးသံက ပြင်းထန်လှသည်။

လေနီကြမ်းဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်၊ လေတွေက နီနေသလား၊ မောင်ချစ် နောက်လှည့်ကြည့်ချင်သည်။ သို့သော် လေတိုးသည်က ပြင်းလွန်း၍ ပြေးရင်း လဲမသွားအောင် မနည်းထိန်းနေရသည်။ ရှေ့မှ အဘိုး ပြေးနေပုံကလည်း ဒေါသရေးရှင်ရေးမို့ မောင်ချစ် နောက်လှည့်မကြည့်ဝံ့။

ထန်းပင်များပေါ်မှ ထန်းလက်ခွများ၊ ထန်းရွက်ခြောက်များ၊ ထန်းနို့ချောင်းများ၊ ချိတ်ဆွဲထားသော ထန်းရည်အိုးများ လွင့်စဉ်ပြုတ်ကျလာသည်။ မှန်လိုက်လျှင်တော့ မသက်သာ။ ကြည့်ပြီး ရှောင်တိမ်းနေရန်လည်း မဖြစ်နိုင်။ မှန်ကာမှမှန်ရော၊ အဘိုးကိုသာမီအောင် ပြေးလိုက်နေရသည်။

လေပို၍ကြမ်းလာသည်။ မောင်ချစ်နှင့်အဘိုး ထန်းတောကိုလွန်လာပြီ။ သို့သော် အဘိုးက ပြေးနေသဲ။ မောင်ချစ် အဘိုးကိုမီအောင် လိုက်နေရသည်။ နောက်မှ လေတွန်းအားနှင့်မို့ ပြေး၍မြန်လှ၏။

ထန်းတောကိုလွန်ပြီး ယာခင်းတစ်ခင်းအကျော်မှာပင် မရသွင်းရေထုတ်မြောင်း တစ်ခုကို တွေ့ရ၏။ အဘိုးက မြောင်းကလေးထဲ ခုန်ဆင်းပြီး ဝမ်းလျားမှောက်လိုက်၏။ မောင်ချစ်လည်း အဘိုးဘေးမှာပင် အဘိုးလို ဝမ်းလျားမှောက်နေလိုက်သည်။ လေက တစ်ချီတစ်ချီ ပို၍ပြင်းလာ၏။

မောင်ချစ် မြောင်းထဲမှာ မှောက်နေရာမှ ထန်းတောဆီသို့ လှမ်းကြည့်လိုက်သည်။ မျက်လုံးထဲသို့ သဲများဝင်လာ၍ မျက်စိကို အမြန်ပိတ်ပစ်လိုက်ရ၏။ ပြီးမှ အဘိုးဘက်သို့ လှည့်ကြည့်လိုက်သည်။ အဘိုးက မျက်လုံးကို လက်ဖြင့်အုပ်ကာပြီး မျက်စိများကို မှေးမှေးထား၍ ကြည့်နေသည်။ မောင်ချစ် အဘိုးလိုလုပ်ပြီး ကြည့်သည်။

အကြောမာသော ထန်းပင်ကြီးများ လေပြင်းဒဏ်ကို ကြံ့ခံနေကြရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထန်းလက်များကတော့ လေပြင်းတိုက်ရာသို့ လွင့်မျောနေကြသည်။ ထန်းပင်ပေါ်မှ မြူအိုးများ မရှိကြတော့ပါ။ မြူအိုးလေး တစ်လုံးသာ ကွင်းစပ်နှင့်နီးသော ထန်းပင်ပေါ်မှာ မကွဲသေးဘဲ လေထဲမှာတွဲလွဲလွင့်နေသည်။အစွမ်းကောင်းသော မြူအိုးလေးကို မောင်ချစ် သဘောကျနေ၏။

သို့သော် မကြာလှပါချေ၊ မြူအိုးလေး တွဲလွဲလွဲရင်း ကြိုးပြတ်၍လေထဲသို့ လွင့်ပါသွားသည်။ အောက်မှ ကျောက်စရစ်ကုန်းမြေမာနှင့် တွေ့သောအခါ မြူအိုးလေး အစိတ်စိတ် အမြွာမြွာ ကွဲကြေသွားသည်။

မြူအိုးများကို မကွဲမအောင် ဟရှိကာဆ ကိုင်တွယ်တတ်သော အဘိုး တစ်ယောက် နှမြောနေလိမ့်မည်ဟု မောင်ချစ် တွေးမိသည်။

"အဘိုး၊ ထန်းပင်ပေါ်က မြူအိုးတွေ ကုန်ပြီ"

မိုးသံ လေသံကြောင့် အဘိုး ကြားအောင် အော်ပြောရသည်။

"ထန်းပင်ပေါ်ကတင် ဘယ်က မလဲကွ၊ တဲအောက မြူအိုးတွေလည်း ကုန်ပြီပေါ့"

"ဗျာ"

အဘိုးပြောမှ တဲအောက်တွင် တစ်ခုပေါ်တစ်ခု ဆင့်စီထပ်ထားသော မြူအိုးအပုံကြီးကို သတိရမိသည်။

"နှမြောစရာကြီး အဘိုးရာ"

"မင်းက မြူအိုးပဲ နှမြောနေတာကိုးကွ၊ ဟိုမှာ တဲတောင် မရှိတော့ဘူး"

မောင်ချစ် မျက်လုံးကို အံ့မဝင် ဖောင်ကား၍ တဲလေးဆီသို့ လှမ်းကြည့်လိုက်သည်၊ ဘာမှမရှိ။

"ပြိုကျနေတာလည်း မတွေ့ရဘူး အဘိုး"

"ဘယ်တွေ့မလဲကွ၊ လွင့်ပါသွားမှာပေါ့"

"ဟင်. . . ဒါဆို တဲထဲကပစ္စည်းတွေရော"

"ကုန်ပြီပေါ့ကွ"

အဘိုး ပြောပုံက ခပ်ပေါ့ပေါ့။

"ထန်းလျက်ဖိုး၊ တောင်းဖိုး ရထားတဲ့ ငွေတွေရော"

အဘိုးက ပုဆိုးခါးပိုက်ကို ပုတ်ပြသည်။

"အဘိုး ဘယ်အချိန်က ယူခဲ့တာလဲ"

"မင်း ကမင်းခူးနေတုန်းကပေါ့ကွ"

အားလုံးကြိုသိနေသော အဘိုးကို မောင်ချစ် သဘောကျစွာ လှမ်းကြည့်လိုက်မိသည်။

အဝေးဆီမှ ကဂေါ်ဂေါ် အော်မြည်လာသော အသံကြီးကို ထပ်မံကြားနေရပြန်သည်။ ယခုတစ်ကြိမ် အသံမြည်လာပုံမှာ ပိုမိုကြမ်းတော့မည်ကို သိသာသည်။ တစ်ကမ္ဘာလုံးမှာ ရှိသမျှ လေများ စုပြုံတိုက်ခတ်လာသည် လားဟုပင် ထင်လိုက်မိသည်။

"ဝပ်နေ ပုံမပြီး ခေါင်းမဖော်နဲ့၊ မြက်ပင်တွေကို မြဲမြဲဆွဲထား"

အဘိုး ခေါင်းမဖော်ဘဲ မြောင်းထဲမှာ ဝပ်လိုက်သည်။ လက်က မြောင်းပေါ်မှ မြက်ပင်များကို ဆွဲထားသည်။ မောင်ချစ်လည်း အဘိုးလိုပင် လိုက်လုပ်သည်။ သို့သော် ခေါင်းကိုတော့ နည်းနည်းမော့ကြည့်လိုက်သေးသည်။

အင်အားကြီးမားသော လေပြင်းသည် ထန်းတောကြီးတစ်ခုလုံးကို ကြမ်းတမ်းစွာ မွှေ့ယမ်းပစ်လိုက်သည်။

ကြောက်စရာ အသံများနှင့်အတူ ထန်းပင်တချို့ အမြစ်မှ လဲကျကုန်သည်။ အချို့ ခါးမှပြတ်ကျသည်။ ထန်းလည်ဆစ်ကျိုးဟူသော စကားကို ယခင်က ကြားဖူးရုံသာရှိသည်။ ခုတော့ ကိုယ်တိုင်ပင် မြင်နေရ၏။ ထန်းခေါင်းကြီးများ ကျိုးပြတ်လွင့်စဉ်ပြီး မြေပြင်ပေါ်သို့ ပြင်းထန်စွာ ကျရောက်သံမှာ ဒုန်းခနဲ ဒုန်းခနဲ ကြောက်စရာ။ ကိုယ့်အပေါ်သာ တည့်တည့်ကျလျှင် သေပြီဟု စဉ်းစား၍ မောင်ချစ် ထိတ်လန့်နေမိသည်။

အကျိုးအပဲ့ အပြတ်အသတ်များသည် လေနှင့်အတူလွင့်စဉ်ပါလာသည်။ မောင်ချစ် ခေါင်းကို အလျှင်အမြန်ငုံ့၍ ပြားပြားဝပ်နေလိုက်ရသည်။ အမှိုက်များ၊ သစ်ကိုင်းများ၊ အကျိုးအပဲ့ အစအနများ ခေါင်းပေါ်မှ တဝီဝီ ဖြတ်ပြေးသွားကြသည်။

အဘယ်ကြောင့် အဘိုး မြောင်းထဲမှာဝပ်သည်ကို မောင်ချစ် နားလည်သွားသည်။ မြေပေါ်မှာသာ နေလျှင် ကျိုးပဲ့လွင့်စဉ်လာသည်ကို မှန်မည်။ မမှန်လျှင်လည်း ကိုယ်တိုင် လေထဲလွင့်ပါသွားမည်။

လေပြင်းသည် တစ်ချီပြီးတစ်ချီ ဆက်တိုက်ဆက်တိုက် လာနေသည်။ ကျိုးပဲ့သံ၊ လဲပြိုသံများမှာ ချောက်ချားစရာ။

ကောင်းကင်တစ်ခုလုံး မှိုင်းမှုန်ရာမှ မည်းမှောင်လာပြန်သည်။ လေနှင့်အတူ မိုးပေါက်များပါလာသည်။ လေပြင်းနှင့်ပါလာသော မိုးပေါက်များ ထိမှန်သည်မှာ ပြင်းထန်လွန်း၍ အသားများ ကျိန်းစပ်နေ၏။ သို့သော် အဘိုးရော မောင်ချစ်ပါ ခေါင်းမဖော်ရဲ၊ မလှုပ်ရဲ။

လေနီကြမ်းသည် မိုးသက်မုန်တိုင်းသို့ ပြောင်းသွားပြီး အဘိုးရော မောင်ချစ်ပါ ရွှဲရွှဲစိုနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

ပို၍ဆိုးသည်မှာ မြောင်းထဲတွင် ရေများ စီးဆင်းလာခြင်းဖြစ်သည်။

"ငါ့မြေး၊ မြန်မြန် မြောင်းထဲက လှိမ့်တက်လိုက်၊ မတ်တတ်မယနဲ့၊ အပေါ်က ယာကန်သင်းရိုးမှာကပ်"

အဘိုးက မြောင်းထဲမှ လှိမ့်တက်ပြီး ယာကန်သင်းရိုးတစ်ဖက်သို့ ရောက်သွားပြီ။ မောင်ချစ် အဘိုးလိုပင် မြောင်းထဲမှ လှိမ့်တက်သည်။ လေပြင်းဒဏ်ကို ပို၍ခံရသည်။ လူတစ်ကိုယ်လုံး လေထဲ လွင့်ပါမသွားအောင် ကန်သင်းရိုးမှ မြက်ပင်များကို မနည်းဆွဲထားရသည်။ မောင်ချစ် ခေါင်းမဖော်ရဲတော့ပါ။ ဘာမှလည်း မကြည့်ချင်တော့ပါ။ လေနှင့် မိုးကိုသာ မြန်မြန် ရပ်စဲစေချင်သည်။ မြောင်းထဲမှာ ရေများပြည့်လျှံလာသည်။ မောင်ချစ်တို့မြေးအဘိုး မှောက်ဝပ်နေသော ယာခင်းထဲမှာပင် ရေများတဖြည်းဖြည်း မြင့်တက်လာပြီ။ ဆက်ဝပ်နေလျှင် ရေမွန်းသေပေလိမ့်မည်။ မတ်တက်ထကျွက်လည်း လေထဲလွင့်ပါမည်။

မောင်ချစ် အဘိုးဘက်ကို ယှဉ်ကြည့်လိုက်သည်။ အဘိုး မျက်နှာတစ်ခြမ်းစောင်း၍ နှာခေါင်းဖော်ပြီး ရေထဲမှာ ဆက်မှောက်နေသည်။ မောင်ချစ် လည်း အဘိုးလိုပင် နေရသည်။ မိုးပေါက်များမှန်၍ ပါးတစ်ခြမ်းမှာ ကျိန်းစပ်နေသည်။ လက်ဖြင့် ကာလိုသော်လည်း ကန်သင်းမှ မြက်ပင်များကို ဆွဲထားရာမှ လက်မလွှတ်ရဲ။

မိုးနှင့်လေက ကြမ်းဆဲရမ်းဆဲ။ တဖြည်းဖြည်း ပို၍ မှောင်လာသည်။ မောင်ချစ် ချမ်းလည်းချမ်း၊ ကြောက်လည်းကြောက်၍ မိုက်မိုက်တုန်နေပြီ။

"ငါ့မြေး ချမ်းနေပြီလား"

အဘိုးက မောင်ချစ်နား တိုးကပ်၍ လက်တစ်ဖက်ဖြင့် ဖက်ထားလိုက်သည်။ အဘိုး၏ ကိုယ်ငွေ့နွေးနွေးကို မောင်ချစ် ခံစားရသည်။

"လေအား နည်းနည်းလျော့လာပြီ ငါ့မြေး၊ မကြာနေရင် ငြိမ်းသွားတော့မှာ"

အဘိုးက မောင်ချစ်ကို အားပေးသည်။ မိုးက သဲသဲမဲမဲ ရွာနေဆဲ၊ လေ အားကတော့ နည်းနည်းလျော့သွားသည်။

အဘိုးနှင့် မောင်ချစ် ကန်သင်းဘေးတွင် ဝပ်နေရာမှ မတ်တတ်မတ် လိုက်ကြသည်။ မိုးက သွန်ချသလို ရွာနေဆဲ။ မြောင်းထဲမှရေများ အရှိန်ပြင်းစွာ စီးဆင်းနေသည်။ လေတိုက်သည်က သိသာစွာ မလျော့ပါးသွားပြီ။

ကောင်းကင်သည် မည်းမှောင်ရာမှ အလင်းရောင်သန်းလာသည်။ မိုး အားပါ လျော့လာပြီ။ ရွာစရာ ကုန်သွားဟန်တူ၏။

ဟုန်းခြိမ်းရာကောင်းလှသည်၊ မိုး ရေစလေပါ ကိတ်သွားသည်နှင့် ကောင်း ကင်မှာ လဆန်း (၁)ရက် လကလေး ထိန်ထိန်သာနေသည်။

အစတွင် မိုးတိမ်ဖြူဖြူကလေး ကောင်းကင်မှာ ကျန်နေသေးသော် လည်း ကောင်းကင်တစ်ခုလုံး ကြည်လင် သန့်ရှင်းနေသည်။ သဘာဝတရားသည် အပြောင်းအလဲ မြန်လွန်းလှ၏။ မကြာ ခင်ကမှ ကြောက်မက်ဖွယ် ခက်ထန် ကြမ်းကြုတ်သော ကောင်းကင်သည် ခုတော့ ရှင်းသန့်ကြည်စွာ သာယာလှပ နေ၏။ သို့သော် မြေပြင်မှာတော့ အကျိုးအပဲ့ အပျက်အစီးများက တင်း ကျမ်းပြည့်နေသည်။

သူ့ရှေ့တွင် မြင်နေကျ ထန်း တောကြီး မရှိတော့၍ မောင်ချစ် အံ့ဩ သည်။ ထန်းပင်မြင့်မြင့်ကြီးများသည် မြေပြင်ပေါ်မှာ အထုံးအရုံး လဲနေကြ သည်။ ဤထန်းပင်ကြီးများသည် မောင် ချစ်တို့ မြေးအဘိုးကို နေ့စဉ် ထန်းရည် ချိုများ ပေးခဲ့သည်။ မောင်ချစ် ထန်းပင် ကြီးများကို လွမ်းဆွတ်မိသည်။ ထန်းပင် ဖျံများနှင့် ယန်းပင်ဝယ်များသာ မယိုင် မလဲ ကျန်ရစ်ကြသည်။

"လာ ငါ့မြေး၊ ရွာထဲသွားမယ်၊ ရွာထဲမှာ တော်တော် အပျက်အစီးများ မယ်"

အဘိုးပြောမှ ကာဝ၊ ကာဝနှင့် ညီမလေးကို သတိရသည်။

"ဘာမှမဖြစ်ကြပါစေနဲ့ဗျာ"

မောင်ချစ် စိတ်ထဲမှ ဆုတောင်း နေမိသည်။

မြေးအဘိုးနှစ်ယောက် လရောင် လေးနှင့် ရွာဆီသို့သွားကြသည်။ အုတ် ကွင်းကန် ရွာကလေးဆီမှ နွေးသံ၊ လူသံ ဆူဆူညံညံ အသံများ ကြားနေရသည်။

"ဘာဖြစ်ကုန်ကြပါလိမ့်"

မောင်ချစ် ရိုးရိမ်မိသည်။ အဘိုး မြေပုပ်များ ပိုသွက်နေ၍ မောင်ချစ် မြန်မြန်လိုက်နေရသည်။

ရွာကလေးနှင့် နီးလာပြီ။ ခေါ် သံ၊ ထုသံ၊ မော်သံ၊ ငိုသံ ဆူညံနေ သည်။ ရွာတောင်ဘက်အပေါက်မှ ဝင် လိုက်သည်နှင့် ကိုကောင်း၊ မထေးလှတို့ အိမ်ကလေးပေါ်မှာ ဧရာမ မန်ကျည်း ပင်ကြီး လဲကျပြီး ပိနေသည်။

"ဟာ . . . လူတွေတော့ ဒုက္ခပဲ"

အဘိုးနှင့် မောင်ချစ် ပင်မေးကြ သည်။ ကံတရားသည် ဆန်းကြယ်လှ ၏။ လေတိုက်စဉ်က အိမ်မှာ ကိုကောင်း မရှိ၊ မထေးလှတို့သားအမိ အိမ်ထဲမှ ကွပ်ပျစ်ပေါ်မှာ ကြောက်ကြောက်နှင့် တစ်ယောက်ကိုတစ်ယောက် ဖက်နေပြီ စဉ် ပင်စည်လက်နှစ်ဖက်ခန့်ကြီး‌သော မန်ကျည်းပင်ကြီး အိမ်ပေါ်သို့ လဲကျလာ

www.burmeseclassic.com

www.burmeseclassic.com

မောင်ချစ် သူ့ညီမလေးကို စိုးရိမ်သည်။

"မိညို ကိုပုက်ထဲမှာ သိပ်ထားတယ်"

တစောင်းလှဲထားသော ပုတ်ကြီးဆီသို့ မောင်ချစ် လှမ်းကြည့်လိုက်သည်။

"အေး အေး၊ ဘာမှမဖြစ်ကြရင် ပြီးတာပဲ၊ ရော့ ရော့ အိမ်ပြင်ဖို့ ငွေယူထားလိုက်ကြ"

အဘိုးက ခါးပိုက်ထဲမှာ ပလတ်စတစ်အိတ်နှင့် ကည့်ကားသော ငွေများမှ ပာစ်မယောင်ပာန်ငါးရွက်ကို သမီးငြိမ်းခင်လက်သို့ ပေးလိုက်သည်။ ငြိမ်းခင် လှမ်းယူလိုက်သည်။

သားအဖချင်း ကျေးဇူးတင်ကြောင်း ပြောစရာမရှိ။ မျက်လုံးအိမ်မှာ ရစ်ဝဲနေသော မျက်ရည်များက အဖေ့ မေတ္တာစေတနာကို နားလည်ပါကြောင်း ဖော်ပြနေပြီး ဖြစ်ပါ၏။

"ကဲ ငါတို့သွားတော့မယ်"

"ဟုတ် ဟုတ်ကဲ့ပါ အဖေ၊ လား သွားတော့နော်"

"ဟုတ်ကဲ့ အမေ"

အိမ်ထဲမှထွက်မလာကဲ အပျက်အစီးများ ရှင်းလင်းနေသော အဖေ့ကို မောင်ချစ် နှုတ်မဆက်ခဲ့တော့ပါ။

မြေးအဘိုး နှစ်ယောက် ရွာမှထွက်ပြီး ရွာဦးဘုန်းကြီးကျောင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဘုန်းကြီးကျောင်းမှာလည်း ပြာသာဒ်ဘုံဆောင်များ ကျိုးပြတ်ကုန်သည်။ သွပ်မိုးများ ကွာလွင့်ကုန်သည်။ ဘုန်းတော်ကြီးနှင့် ကိုရင်များ အလုပ်ရှုပ်နေကြသည်။

ဆိုသော် ကျောင်းအောက်ထပ်မှာတော့ အကောင်းပကတိ ဖြစ်ပါ၏။

"လာ ငါ့မြေး၊ ခုအချိန်မှာတော့ အရေးအကြီးဆုံးက အိပ်ဖို့ပဲ"

မောင်ချစ် သဘောတူသည်။ သူလည်း အိပ်ချင်နေပြီ။

"ဒီလောက် ပျက်စီးကုန်တာ၊ ဘယ်မှာ အိပ်စရာရှိမှာလဲ အဘိုး"

"လာပါကွာ ရှိပါတယ်"

အဘိုးက မောင်ချစ်လက်ကို ဆွဲခေါ်ခဲ့သည်။ ဘုန်းကြီးကျောင်းဝင်း အရှေ့တောင်ထောင့်မှ သိမ်တော်ဘုရားဂူကထဲသို့ ဝင်ခဲ့သည်။ ဘုရားရှေ့မှ တန်ဆောင်းမှာ ပြိုကျပျက်စီးလျက်။

"အဘိုးက ဒီမှာအိပ်မလို့ လာတာလား"

မောင်ချစ် မေးပုံက အဘိုးကို သရော်သော လေသံ။

"မပုတ်ပါဘူးကွာ၊ ဗိုလ်ပာန်ဆောင်းလည်း ပြိုမှာပဲလို့ အဘိုး မှန်းထားပါတယ်"

အဘိုးက တန်ဆောင်း အပျက်အစီးများကြားမှဖြတ်၍ ဘုရားလိုဏ်ခေါင်းဆီသို့ လာခဲ့သည်။

"ကဲ-တွေ့ကယ်မဟုတ်လား၊ သူကကောင် ထိုထက် အရင်ဦးနေပြီ"

ဘုရားလိုဏ်ခေါင်းအဝတွင် ခွေးနက်ကြီးတစ်ကောင် အိပ်နှင့်နေသည်။

"လာ လာ သူရှိတော့ အစောင့်ရတာပေါ့"

အဘိုးနှင့် မောင်ချစ် ခွေးနက်ကြီးဘေးမှဖြတ်၍ ဘုရားလိုဏ်ခေါင်းထဲသို့ ဝင်ခဲ့ကြသည်။ မောင်ချစ် အဘိုးကို သဘောကျမိသည်။ ဘုရားလိုဏ်ခေါင်းထဲမှာ နွေးနေ၏။ မြေးအဘိုးနှစ်ယောက် လုံခြုံနွေးထွေးစွာ အိပ်စက်အနားယူကြရသည်။

❖

နောက်နေ့မနက် မောင်ချစ် အိပ်ရာမှနိုးသောအခါ ဘေးမှာ ထိုင်လျက်ရှိသော အဘိုးကို တွေ့ရသည်။

"ကဲ- ထ သွားစို့၊ ငါတို့ပစ္စည်းလေးတွေ ရှာတန်သလောက်ရအောင် ပြန်ရှာပြီး စုရဦးမယ်"

အဘိုးနှင့် မောင်ချစ် သိမ်တော်ကန်မှာ မျက်နှာသစ်ပြီး ထန်းတောသို့ ပြန်ခဲ့ကြသည်။

ထန်းတောသို့ ရောက်သောအခါ တဲလေးလည်း မရှိ၊ ထန်းပင်များလည်း ပြိုလဲပျက်စီးကုန်၍ မောင်ချစ် စိတ်မကောင်းဖြစ်မိသည်။

"တဲလေးလည်းမရှိတော့ ဘယ်လိုနေရမလဲ အဘိုး"

မောင်ချစ် မေးပုံက အားငယ်သောလေသံ။

"ပိုမှာလေ"

အဘိုး ညွှန်ပြရာသို့ မောင်ချစ် လှမ်းကြည့်လိုက်သည်။

ကျန်နေသော အမြင့်ဆုံး ထန်းပင်များ၏ထန်းရွက်များတွင် စာကလေးများ မာသူမကောင်းသိုက် အသစ်များ ပြန်လည်တည်ဆောက်နေကြသည်။

"တို့လည်း တဲအသစ် ပြန်ဆောက်ရမှာပေါ့ကွ"

အဘိုးပြောလိုသော အဓိပ္ပာယ်ကို မောင်ချစ် နားလည်လိုက်ပါသည်။

"ဟာ- ဒီမှာ လာကြည့်စမ်း"

အဘိုးက သစ်သားဓားအိမ်နှင့် အသေအချာ ထည့်ထားသော ထန်းလှီးဓားကို ထန်းပင်ငယ်၏ ထန်းလက်ခွကြားမှ ဝမ်းသာအားရ ဆွဲထုတ်လိုက်သည်။

"ဒါ အရေးကြီးတဲ့ ပစ္စည်းကွ၊ ထားခဲ့တဲ့နေရာမှာပဲ ပြန်တွေ့ရတာ ကံကောင်းတယ်၊ ဒါရှိရင် ထန်းလှီးလို့ရပြီ"

မောင်ချစ်က လဲနေသော ထန်းပင်ကြီးများဆီသို့ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ထန်းလှီးစရာ ထန်းပင်တွေမှ မရှိတော့ဘဲ၊ အခု အဘိုး ဘယ်လိုလုပ်မလဲ"

"အခု ဘယ်လိုလုပ်မလဲဆိုရင် လုပ်စရာတွေ အများကြီးပေါ့ကွ၊ အခု တဲဆောက်ရမယ်၊ ပြီးရင် လဲနေတဲ့ ထန်းပင်တွေ ထန်းသားခွဲရောင်းမယ်၊ ထန်းလက်တွေလည်း အများကြီး ရောင်းရမယ်၊ ထန်းပလပ်လျှော်တွေ ခွာပြီး တောင်းရက်မယ်၊ ထန်းပလပ်ကုလားထိုင်တွေ အများကြီးလုပ်ရမယ်၊ အဲဒါတွေပြီးရင်လည်း အများကြီးပါကွာ၊ လုပ်ချင်စိတ်ရှိဖို့ပဲ လိုပါတယ်"

အဘိုးက ထန်းလှီးဓားထက်ထက်ကို ဓားအိမ်မှထုတ်၍ ရေစိုသည်ကို သံချေးမတက်အောင် သူ့ပုဆိုးနှင့် အသေအချာ သုတ်နေသည်။ အဘိုး၏ ဓားကိုကြည့်ရင်း မနေ့က ထင်းဖြတ်သောဓားမကို မောင်ချစ် သတိရသည်။ ထင်းဖြတ်သောနေရာကို လှမ်းကြည့်လိုက်သည်။ ပြန့်ကျဲနေသော ထင်းများအနီးတွင် ဓားကိုတွေ့ရသည်။

"ဟိုမှာ ဓားမလည်း တွေ့ပြီ အဘိုး"

မောင်ချစ် ပြေးယူလိုက်သည်။

"ဒါဆိုရင် တဲဆောက်လို့ရပြီပေါ့ကွ၊ ဟော ဟိုမှာကြည့်စမ်း"

ခပ်လှမ်းလှမ်းမှ ထန်းပင်ပယ်တစ်ပင်တွင် ပုဆိုးနှစ်ထည်နှင့် စောင်တစ်ထည် ငြိနေသည်။

"ဟိုမှာရော အကျီ"

သူ့ရစ်ချုံတွင် မောင်ချစ်၏ အကျီတစ်ထည်။

မြေအဘိုးနှစ်ယောက် ရှာဖွေရသမျှ ပစ္စည်းများကို စုလိုက်သောအခါ ပုဆိုး ငါးထည်၊ စောင်တစ်ထည်၊ အကျီတစ်ထည်၊ ဓားနှစ်ချောင်း၊ သတ္တုအိုးနှစ်လုံး၊ သံပန်းကန်ပြားနှစ်ချပ်၊ မြေအိုးတစ်လုံး၊ ဇွန်းတစ်ချောင်း၊ မြူအိုးရှစ်လုံး အကောင်းပြန်ရသည်။

ထန်းလျက်တောင်းထဲမှာ ထန်းလျက်များ အရည်ပျော်နေကြပြီ။ ဆန်အိုးမှာ အကောင်းအတိုင်းရှိသော်လည်း အထဲမှဆန်များမှာ ရေစိုနေကြပြီ။ ဆီပုလင်းကတော့ ကွဲသွားသည်။

"ငါတို့ သိပ်မဆုံးရှုံးပါဘူးကွာ"

အဘိုး၏မျက်နှာမှာ ကြည်ကြည်လင်လင် ရှိနေသည်။

"အဘိုး၊ ဟိုမှာ သဘော်ပင်တွေ လဲကုန်ပြီ"

အသီးများနှင့် လဲကျနေသော သဘော်ပင်များကိုကြည့်ပြီး မောင်ချစ် နှမြောနေသည်။

"လဲကုန်ရင် အသစ်ပြန်စိုက်ရမှာပေါ့ကွ၊ အခုလောလောဆယ်တော့ အဲဒီအသီးတွေ ခူးယူပြီး အချဉ်ရည်ချက်စားရမှာပေါ့"

ယခင်က ပစ္စည်းများ၊ သစ်ပင်များကို တရိုတသေ တယုတယရှိသော အဘိုးသည် ယနေ့ဘာပြောပြော နှမြောသည်ကို မတွေ့ရ၍ မောင်ချစ် အံ့ဩနေ၏။

"ဟိုမှာ အဘိုးရဲ့ ရေနွေးကြမ်းကရားအိုးကြီး ကွဲသွားပြီ"

ဒါကိုတော့ အဘိုး နှမြောလိမ့်မည်ဟု မောင်ချစ် ထင်သည်။ ရေနွေးကြမ်း အလွန်ကြိုက်သော အဘိုးသည် လက်ဖက်ဆီချိုးကပ်နေသော ဂျုံမြေကရားကြီးကို အလွန်ဂုဏ်ယူသည်။ နှစ်ပေါင်း သုံးဆယ်တိုင်တိုင် မကွဲမရှ အောင် တရိုတသေကိုင်တွယ်ခဲ့သည်ဟု အမြဲကြွားလေ့ရှိသည်။ အဘိုးက ကွဲနေသော ရေနွေးကြမ်းကရားအိုးကြီးကို လှမ်းကြည့်လိုက်သည်။

"သူ့ထက် ခိုင်မာတာတွေတောင် ကျိုးပြတ်ကုန်သေးတာပဲကွာ၊ သူက မြေအိုးပဲ ကွဲမှာပေါ့"

အဘိုးပြောပုံက ပေါ့ပေါ့လွယ်လွယ်။

"အဘိုး မနှမြောဘူးလား"

"ကိုယ်ပေါ့ဆလို့ ကွဲတာမှမဟုတ်ဘဲကွ၊ လေမုန်တိုင်းတိုက်လို့ ကွဲတာ၊ နှမြောနေလို့ ဘာဖြစ်မှာလဲ"

မောင်ချစ် စိတ်ထဲမှာ အဘိုးကို နားလည်သလိုလို ရှိလိုက်သည်။

"အဘိုး၊ ဟိုမှာ ကျွန်တော်တို့ စိုက်ထားတဲ့ ခရမ်းပင်တွေ၊ ရုံးပတီပင်တွေအားလုံး လဲကုန်ပြီ"

မောင်ချစ် ပြောပုံက အဘိုးကို စူးစမ်းလိုသော သဘော။

"ဟုတ်ပါရဲ့၊ သေကုန်မှာပဲ၊ ဘယ်လိုလုပ်မလဲ"

အဘိုးက မောင်ချစ်ကို ပြန်ပြီး စူးစမ်းသည်။

"ဘယ်လိုလုပ်ရမှာလဲ၊ ပြန်စိုက်ရမှာပေါ့"

မောင်ချစ် ပြောပုံကို သဘောကျ၍ အဘိုး အားရကျေနပ်စွာ ရယ်လိုက်သည်။

လယ်တွင်းသားစောချစ်

❑



www.burmeseclassic.com

www.burmeseclassic.com

ပခုက္ကူပါဒစောင်ကို ခေါင်းမြီးခြုံလျက် အိမ်ရှေ့ခန်း ဘုရားစင်အောက်တွင် အိပ်နေသော ကျွန်တော့်အား အမေက ဒေါသကြီးစွာ ခြေဖြင့် လှဲကန်လိုက်ရသည့် အကြောင်းရင်းသည်ကား။

အမေသည် ပင်ကို အေးဆေးတည်ငြိမ်စွာ မနေတတ်သူတစ်ဦးလည်း ဖြစ်သဖြင့် အမေတို့ညီအစ်ကိုမောင်နှမများအားလုံးက အမေ့ကို မောင်အော ဟူသော ငယ်နာမည်ကိုသာ ခေါ်ကြလေသည်။

အမေသည် သားသမီးများအပေါ်၌လည်း သံယောဇဉ်ကြီးလွန်းပြီး ဒေါက်ကန်ရုံကိစ္စမျှဖြင့် ကျွန်တော်တို့အပေါ် ဆူပူသည်ဟူ၍ မရှိ။ စိတ်ရှည်လက်ရှည် အေးဆေးစွာပင် ဆိုဆုံးမတတ်သူတစ်ဦး ဖြစ်သည်။



# အမေနှင့်ကျွန်တော်

အောင်စိုး(ပြည်)

ရုံးဖွင့်ရက်များတွင် ညနေပိုင်း အလုပ်မှ အိမ်ပြန်ရောက်ကြပြီး မိသားစုအားလုံးစုံလင်သော ညစာထမင်းဝိုင်းတွင်မှ အမေသည် သူ့ရုံးမှာ တစ်နေ့တာ ကြုံခဲ့ရသော အတွေ့အကြုံကလေးများကိုဖြစ်စေ၊ တိုက်ဆိုင်လျှင် သူ့ငယ်စဉ်က အကြောင်းကလေးများကိုဖြစ်စေ ကျွန်တော်တို့အား ပြန်လည် ပြောပြတတ်လေ့ရှိသည်။

စကားပြောရာတွင်လည်း အေးအေးဆေးဆေး လေးလေးပင်ပင် ပြောတတ်သူတစ်ဦးဖြစ်သောကြောင့် သွက်သွက်လက်လက် ချက်ချက်ချာချာရှိလှသော အညာသူမကြီးဖြစ်သည့် အမေ့မေက အမေပြောသော စကားများကို ပထမစကားတစ်ခွန်းနှင့် နောက်ထွက်လာမည့် စကားတို့အကြား ဘတ်စ်ကား

www.burmeseclassic.com

www.burmeseclassic.com

စောင့်သလို စောင့်နေရသည်ဟုဆိုကာ စောင့်၍ နားထောင်ရလေ့ရှိသည်ကို စိတ်သိပ်ရှည်လေ့ မရှိပေ။

ကျွန်တော်တို့ကား အဖေပြောပြသော အဖေငယ်စဉ်က အတွေ့အကြုံများကို စိတ်ရှည်စွာ နားထောင်မှတ်သားလေ့ ရှိကြပါသည်။ ထို့အတူ အဖေကလည်း သားသမီးများအပေါ် စိတ်ရှည်စွာ ရှင်းပြလေ့ရှိလေသည်။

သို့သော် အနှီစိတ်ရှည်လှသော အဖေသည် စောင်ခေါင်းမြီးခြုံကာ အိပ်နေလေသော ကျွန်တော့်ကို ခြေဖြင့်ထောက်ကန်ရင်းလာက်အောင် အဘယ်သို့သော အကြောင်းများ ရှိပါလေသနည်း။ ရှင်းပြပါမည်။

အဖေသည် တပ်မတော်သားဟောင်းတစ်ဦးလည်း ဖြစ်သည်။ မကွေးမြို့ တပ်ဟ(၈၈)ကွင်း အရေး တာဝန်ကျစဉ်က နေ့တာနားဖြစ်သည့် ရှမ်းပြည်နယ်တွင် အခြေအနေ သိပ်မကောင်းသေးပေ။ တိုက်ပွဲကြီးငယ်များ မကြာခဏ ဖြစ်နေဆဲ ဖြစ်သည်။ နာမည်ကျော် စစ်ဆင်ရေးတာဝန် တိုက်ပွဲများဖြစ်စဉ်ကလည်း အဖေ် နေ့တာနားမှာ၊ နေ့တာနားကွက်နေရသည့်အချိန်က များပြီး ကျွန်တော်တို့ညီအစ်ကိုမောင်နှမများကား နောက်တန်းတွင် အမေနှင့် နေရသည်က များသည်။

နောက်ပိုင်း အဖေ ဗိုလ်မှူးဝတ်ကိုင်း၊ ပုသိမ်သို့ တပ်ပြောင်းရပြီး ထိုမှ တစ်ဖန် ဖျာပုံနယ်ရ (၃၈) တပ်ရင်းသို့ ပြောင်းခဲ့ရသဖြင့် စစ်သားဘဝ အညာတစ်ခွင်မှာသာ နေခဲ့ရပြီး ရှမ်းပြည်နယ်တွင် တိုက်ပွဲပေါင်းများစွာဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ဘာသာတရား ကိုင်းရှိုင်းမှု၏ အကာအကွယ်ပေးမှုတို့ကြောင့် ထိခိုက်မှု တစ်စုံတစ်ရာမရှိခဲ့ဘဲ အသက်ဘေးမှ လွတ်ခဲ့ရသော အဖေသည် ထိုအခါမှသာ သူ့ဇာတိဖြစ်သော ဖျာပုံမြို့ကလေးတွင် ပြန်လည်နေခွင့်ရကာ သူ့ညီအစ်ကိုမောင်နှမများ၊ သူ့ ငယ်သူငယ်ချင်းများနှင့် ပြန်လည်ဆုံတွေ့ခွင့် ရရှိခဲ့လေတော့သည်။

ဖျာပုံမြို့သို့ ရောက်သောအခါ အဖေ တာဝန်တွေ ပေါ့သွားသည့်အလျောက် သူ့ စိတ်အားထက်သန်ရာ ဘာသာရေးဘက်တွင် ပို၍ အားစိုက်အင်စိုက် လုပ်ဖြစ်တော့သည်။ တစ်နေ့အဖေ့ယောက်ဖ (ညီမအကြီးဆုံး၏ ခင်ပွန်း) မှာ ဂိဏ္ဍမဟိဒ္ဓိဂိုဏ်းဝင် ဆရာတစ်ဦးဖြစ်ရကား သူ့ဟိမ်သို့ ပိဋ္ဋကမဟိဒ္ဓိဂိုဏ်းမှ သာသနာပြု ဆရာကြီးများ ရောက်လာပြီး ဖျာပုံမြို့နယ်အကွင်းရှိ တောရွာအချို့မှ မွန်ဘုရင်များကည် ထားနဲ့ပြီး ပျက်စီးယိုယွင်းနေသော ဘုရားအချို့ကို ပြုပြင်မွမ်းမံခြင်း၊ ဘုရားအသစ်တည်ခြင်း၊ ဖုန်စိုးရက်သားသမီးများကို နေးကုသခြင်း လုပ်ငန်းများတွင် အဖေပါ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ရာမှ ဟိမ်ဖေသည်လည်း ယုံကြည်ရာ ဂိဏ္ဍမဟိဒ္ဓိ သာသနာပြုဂိုဏ်းသို့ ဝင်ဖြစ်ခဲ့လေတော့သည်။

ကျွန်တော်တို့ ဖျာပုံတွင်နေစဉ်အမေပါ ခြမ်းသူ့ဟိမ်သို့ သာသနာပြုဆရာကြီးများ မကြာခဏ လာလေ့ရှိသကဲ့သို့ ဆရာကြီးများ လာရောက်သည့်အခါများတွင်လည်း နီးစပ်ရာရွာများမှ ပယောဂနှင့်ပတ်သက်သော ဝေဒနာသည်များ ရောက်ရောက်လာကြကာ ဆေးကုသမှုခံယူကြသည်ကို တွေ့ရလေသည်။

ကြည့်ရသည်မှာ များစွာ စိတ်ဝင်စားဖွယ် ကောင်းလှတော့သည်။ ဘုရားစင်အောက် ဓာတ်ခန်းရှေ့တွင် လူနာကို ဘုရားဝတ်ပြုစေကာ ဘုရားကို အာရုံပြုစေပြီး လူနာတွင် ဝင်ပူးကပ်နေသော လိပ်ပြာရှင်ကိုခေါ်၍ ပယောဂကုသည်ကို ထိုစဉ်က ကလေးများဖြစ်သော ကျွန်တော်တို့ အလွန်စိတ်ဝင်စားမိကြပါသည်။

တစ်ခါတစ်ရံ လူနာကို ဝင်ပူးကပ်နေသော လိပ်ပြာရှင်သည် လူနာထံမှ သူလုပ်ထားသောရောဂါကို ပြန်ထုတ်ခိုင်းသည့်အခါ ပေကတ်ကတ်လုပ်နေတတ်ကြသည်မျိုး၊ မူတူတူလုပ်တတ်သည်မျိုးလည်းရှိတတ်သလို ဆရာများကလည်း လိပ်ပြာရှင်၏ပညာကို ချေ၍ အလျှော့ခံခြင်းမျိုးဖြင့် တစ်ဖုံ၊ ချောက်၍ ပညာစွန့်ခိုင်းခြင်းမျိုးဖြင့် တစ်သွယ် ရောဂါကုသကြသည်မှာ ကြည့်၍ပင် ကောင်းလှပေတော့သည်။

လိပ်ပြာရှင်မှာ တစ်ခါတစ်ရံတွင်တော့ ငိုယိုကာ မာမျှော့စွဲစွဲတတ်ကြသည်ကိုလည်း တွေ့ရတတ်ပြီး၊ တစ်ခါတစ်ရံ နေးကုသသော ဆရာခိုင်းသည်ကို မလုပ်ဘဲ ပေကတ်ကတ်လုပ်နေတတ်ကြသည့်အခါများလည်း ရှိပေသည်။

ထိုအခါများတွင် အထက်ဆရာကြီးများက ဗေဒ်ဘွားကြီး၊ ဗေဒ်ဘွားလေး၊ ဦးစောအောင်၊ ဦးမောင်နောင် စသည့် သာသနာစောင့်ပုဂ္ဂိုလ်များကို ပင့်ဖိတ်ကာ လိပ်ပြာရှင်အား နှံကြိုနှံကြား ချိုင်းကြိုချိုင်းကြားမှ ကိုင်၍ ချုပ်နှောင်ယားစေပြီး ပုဝ်းရေ့တွင် အသင့်ထားရှိသည့် ကျောက်ပြင်နှင့် နူးနှင့် သောင့်စေကာ အပြစ်ပေးပြီး ပညာစွန့်ခိုင်းသည်များကိုလည်း တွေ့ရသည်။

ရောဂါကုသရန် လူနာမရှိသည့်ညများတွင်တော့ ဦးလေး ကိုယ်[illegible] ဘုရားဝတ်ပြုကာ အထက်ပုဂ္ဂိုလ်များကို ပင့်ဖိတ်ပြီး အထက်[illegible]များ တြ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကာ ခေတ်စီးလေသောအခါ သာသနာ့ရေးဆိုင်ရာကိစ္စများ ဆွေးနွေးမေးမြန်းခြင်း၊ ကျောင်းသူ ကျောင်းသားများ ရောက်ရှိနေပါက ဖြေဆိုထားသော စာမေးပွဲများ အောင်မြင်နိုင်၊ မအောင်မြင်နိုင်၊ ဂုဏ်ထူးပါ၊ မပါ မေးမြန်းခြင်း၊ ဝန်ထမ်းများ နယ်ပြောင်းရ၊ မပြောင်းရ၊ ရာထူးတိုးရန် အလား အလာရှိ မရှိ မေးမြန်းခြင်း၊ ဗုဒ္ဓဂယာ ရောက်နေသူများရှိပါကလည်း ကြုံတွေ့နေရသော ဒုက္ခမှ မည်သည့်အချိန် ကင်းလွတ်နိုင်မည် စသည့်ကိစ္စကို မေးမြန်းကာ အထက်ပုဂ္ဂိုလ်များ၏ ဖြေကြားချက်များကို နားထောင်ရသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပေတော့သည်။

သို့သော်ကျွန်တော်ကား အထက်ပါ မေးခွန်းကာသည့်ကိစ္စများကို စိတ်ဝင်စားမှု ရှိပေသော်ငြားလည်း စာမေးပွဲဖြေဆိုထားသည့်ကိစ္စတွင်တော့ ကိုယ်ဖြေဆိုနိုင်မှသာ ကိုယ်အောင်မည်ဟု ခိုင်မာစွာ ယုံကြည်သူတစ်ဦးလည်း ဖြစ်လေသည်။

ဖျာပုံမှာ ကျွန်တော် (၁၀) တန်း မအောင်မြင်ခဲ့ပြီးနောက် အဖေမှာ ရန်ကုန်မြို့ ရွှေကြက်ကုတ်ဘုရား တောင်ဘက်မုခ်၊ ရွှေဘုံကုတ်ဘုရားလမ်းရှိ ဆက်သွယ်ရေး ဌာနသို့ ပြောင်းရွှေ့ရပြန်လေသည်။

ကျွန်တော်ကား ရန်ကုန်မြို့ကြီး ပြကြီးသို့ ပြောင်းရွှေ့ရခြင်း၊ တက္ကသိုလ် စာပေးစာယူသင်တန်းတက်နေသော ကျွန်တော့်အဖို့ စာမေးပွဲဖြေဆိုသော အခါ နာမည်ကျော် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် အနီးကပ်သင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုရမည် ဖြစ်ခြင်းတို့ကြောင့် ပျော်ရွှင်နေမိတော့သည်။ အဖေကား သူချစ်ရသော ညီအစ်ကို မောင်နှမများနှင့် တစ်ဖန်

ပြန်လည်ခွဲခွာရမည် ဖြစ်သဖြင့် စိတ်မကောင်းဖြစ်ခြင်း ဖြစ်ကောင်းဖြစ်နိုင်မည် ဖြစ်သော်လည်း ကျွန်တော်တို့ ညီအစ်ကို မောင်နှမများကား အဖေ၏ စိတ်ခံစားမှုကို အကဲမခတ်မိ။ ရန်ကုန်ပြောင်းရမည့်အရေး အပျော်ကြီးသာ ပျော်နေမိကြပေတော့သည်။

ကျွန်တော့်ကို အဖေမြေနှင့်ကန် ခဲ့ရသည့် အခြေခံအကြောင်းရင်းထဲတွင် ကျွန်တော်နှင့် အထက်အောက်ဖြစ်သော ကျွန်တော့်ညီနှင့်လည်း ပတ်သက် နေမြန်သဖြင့် ၎င်း၏အကြောင်းကိုလည်း တင်ပြမှသာ ပြည့်စုံမည် ဖြစ်သဖြင့် အနည်းငယ်တင်ပြပါအံ့။

ကျွန်တော့် အောက်တွင် ညီ တစ်ယောက်ရှိပြီး အဆိုပါညီမှာ အခြေခံ ပညာ မူလတန်းအောင်ပြီးသည့်နောက် သူ့ကိုယ်သူ ကွဲ့ရကျောင်းပြီးသွားသည်ဟု မှတ်ယူလေသည်လားမသိ။ မည်သို့မျှ ကျောင်းဆက်လက်ယားမရတော့ပေ။ ပညာမသင်ယိုတော့ ဟုဆိုကာ ကျောင်းဆက်မတက်တော့ပေ။

သူ ငယ်စဉ်ကလည်း သာမန် ကလေးများ စကားပြောဆိုချိန် ရောက်သည့်တိုင် စကားတော်တော်နှင့် မပြောသဖြင့် အမေတို့ အဖေတို့က ရွှေလူကြီးသူများကို မေးမြန်းချက်အရ သူသည် သိုက်တစ်ခုခုက လာသူဖြစ်သည်ဟု ယုံကြည်ခဲ့ကြလေသည်။

သူစကားပြောအောင် သူ့ပါးစပ်ထဲကို ထမင်းအိုးမွှေသော ယောက်မဖြင့် ပါးစပ်ဖြဲ၍ မွှေကြသည်ကိုလည်း ကျွန်တော် မှတ်မိနေသေးတော့သည်။မည်သို့ အကြောင်းကြောင့်ဟုတော့ မသိ။ ထို့နောက်ပိုင်းတွင်တော့ တိုက်ဆိုင်မှုပေလား မသိ။ သူ တဖြည်းဖြည်း စကားပြောဆိုလာသည်ကို တွေ့ရလေသည်။

ထို့ပြင် ဖျာပုံမှာ နေခဲ့ကြစဉ်က ဦးလေးဖြစ်သူ သင်္ဘောလှော်နေသော (ဖျာပုံ-ရန်ကုန်) နေ့ရက်များတွင် အဖေသည် ဘုရားဖူးများပတ်ပြ၍ အထက်ပုဂ္ဂိုလ်များပအား လျှောက်ထားပင့်ဖိတ် လေ့ရှိပြီး သိလိုသည်များကို မေးမြန်းလေ့လည်းရှိလေသည်။

ထိုအခါများတွင် ကျွန်တော့်ညီ ဖြစ်သူမှာ သူ့ပင်ကိုအသံမဟုတ်သော မပီကလာပီကလာ အထစ်အငေါ့ အသံဖြင့်လည်းကောင်း၊ သူ့မူလကိုယ်နေဟန် ထား မဟုတ်သော အနေအထိုင်ဖြင့် လည်းကောင်း (ဥပမာ-အဲဘဝအောင်မင်းခေါင် ကြွလာသည့်အခါများတွင် အဘအောင်မင်းခေါင် ထိုင်သည့်ပုံစံမျိုး ဖြင့် ထိုင်လျက်အနေမှာထားဖြင့်) အမေနှင့် သူ၏ညီမများ၊ မိတ်ဆွေများ မေးမြန်းသမျှကို ဖြေကြားပေးနေလေတော့ သည်။

ကျွန်တော်ကား (၁၀) တန်း ကျောင်းသားတစ်ယောက်ဖြစ်ရကား ထိုကိစ္စများကို ကြာကြာစိတ်မဝင်စားနိုင် ပေ။ ကိုယ့် (၁၀)တန်းကို နှစ်ချင်းပေါက် အောင်မြင်ရေးအတွက်သာ ကြိုးစားနေရသော အချိန်ဖြစ်လေသည်။ ထို့ပြင် ကျွန်တော့်မှာ ဘာသာရေးကို ပစ်ပယ် သော်လည်း အဆိုပါကိစ္စများတွင်မူ ယုံကြည်မှုနည်းပါးသူ တစ်ယောက် လည်းဖြစ်လေသည်။ သို့သော် အဖေတို့ ဦးလေးတို့ ယုံကြည်မှုကိုကား ဘယ် တော့မှ စောဒကတက်လေ့၊ ဝေဖန်လေ့ မရှိပါ။

ဤသို့နှင့် ကျွန်တော် ဖျာပုံမှာ (၁၀) တန်းအောင်မြင်ပြီးနောက် ကျွန် တော်တို့ မိသားစု ရန်ကုန်သို့ ပြောင်း ရွှေ့ရောက်ရှိလာပြီး (၅) နှစ်ခန့်ကြာ ကျွန်တော် တက္ကသိုလ် စာပေးစာယူ

www.burmeseclassic.com

www.burmeseclassic.com

သင်တန်းတွင် ဥပဒေဘာသာ နောက်ဆုံးနှစ် တက်ရောက်နေစဉ်တွင် ကျွန်တော့်ညီလည်း အိမ်ထောင်ကျပြီး အိမ်ထောင်ခွဲသွားပါတော့သည်။

ညီဖြစ်သူ အိမ်တွင် ရှိစဉ်က တော့ အဖေမှာ အလုပ်ပင်ပန်းသော်လည်း သူ့သားဖြစ်သူနှင့် ညအချိန်များတွင် အထက်ပုဂ္ဂိုလ်များကို လျှောက်ထားပင့်ဖိတ်ပြီး တပ်ထဲက သူ့မိတ်ဆွေများနှင့် ညီဖြစ်သူ၏နှာကိုယ်တွင် ဓာတ်စီးကြွရောက်လာသော ဆိုင်ရာပုဂ္ဂိုလ်များထံ သိလိုသည်များ လျှောက်ထား မေးမြန်းခြင်းတို့ဖြင့် အာသင်မပြေနေသော်လည်း ညီဖြစ်သူ အိမ်ထောင်ကျပြီး အိမ်ခွဲသွားချိန်မှာတော့ အဖေ ကန်တော့ ဘုရားပုံမှန်ရှိခိုး၊ သာသနာပွဲများတင်ခြင်း စသည်တို့ကို ပြုလုပ်နေသော်လည်း ညီဖြစ်သူ ရှိစဉ်ကကဲ့သို့ အထက်ပုဂ္ဂိုလ်များအားပင့်ဖိတ်လျှောက်ထားပြီး မေးမြန်းလိုသည်များ မေးမြန်းရန် အခွင့်အလမ်းမရဘဲ ရှိနေလေတော့သည်။ ထို့ကြောင့် အဖေ့ကို ကြည့်ရသည်မှာ တစ်ခုခုလိုနေသလို ဖြစ်နေလေသည်ကို တွေ့ရလေသည်။

တစ်ည ကျွန်တော်မှာ နောက်ဆုံးနှစ်စာမေးပွဲ နီးလာသဖြင့် ဘုရားခန်းရှိရာ အိမ်ပေါ်ထပ်မဆင်းဘဲ ကျွန်တော့်စာကြည့်စားပွဲတွင် စာကျက်နေစဉ် အဖေသည် ကျွန်တော်စာကျက်နေရာ အပေါ်ထပ် ဘုရားခန်းသို့ ရောက်ရှိလာလေသည်။ ထို့နောက် အဖေ ကန်တော့နေသည်ကို ကျွန်တော်စာကြည့်ရင်း သတိထားမိလေ၏။ ခဏအကြာ အဖေ့ထံမှ စကားသံတစ်ခွန်း ထွက်လာသည်။

"ဟေ့-သားကြီး ခဏလာကွာ၊ ဘုရားကို အာရုံပြုစမ်း"

ထို့ကြောင့် ကျွန်တော်လည်း စာအုပ်အသာချပြီး ဘုရားစင်ရှေ့ ဒူးတုပ်ထိုင် လက်အုပ်ချီ ဦးသုံးကြိမ်ချ ကန်တော့လိုက်ပြီးနောက် ဘုရားကို လက်အုပ်ကလေးချီလျက် အနေအထားဖြင့်ရှိစဉ် အဖေမှာ ကျွန်တော့်ခေါင်းပေါ် လက်ညှိုးလေးအသာထောက်ကာ တီးတိုးညင်သာစွာ ရွတ်ဖတ်ရင်း သာသနာပြု အထက်ပုဂ္ဂိုလ်များအား ဓာတ်ခန်းသို့ ကြွမြန်းချီးမြှင့်ပေးပါရန် လျှောက်ထားပင့်ဖိတ်နေလေသည်။

ကျွန်တော့်ညီဖြစ်သူ ဆိုလျှင် အဖေကြာကြာ မပင့်ဖိတ်လိုက်ရ၊ ခဏကာ ရွတ်ဖတ်ပင့်လျှောက်ရုံဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး 'ပုန်းဝိုင်း' ဆို ကြွလာလေတော့သည်။ ကျွန်တော့်ကို ပုဂ္ဂိုလ်များ ဓာတ်စီးဖို့ ပင့်ဖိတ်ရာတွင်မူ အချိန်အတော်ကြာသည်အထိ မည်သည့်ပုဂ္ဂိုလ်မျှ ကြွရောက်ဓာတ်စီးခြင်းမရှိပဲလေ။ မည်သည့်ပုဂ္ဂိုလ်မျှ ကြွမည်မဟုတ်သည်ကိုလည်း ကျွန်တော် သိနေသည်လေ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်မှာ အဖေ့ကိုကြောက်၍သာအဖေ ခိုင်းသည့်အတိုင်း ဘုရားစင်ရှေ့ ဒူးတုပ်လျက် လက်အုပ်ချီနေရသော်လည်း ကျွန်တော့် အမှန်တကယ် ပြုလုပ်နေသည်မှာ မည်သည့်ဘုရားစာမျှ ရွတ်နေခြင်းမရှိဘဲ မကြာခင် ရက်ပိုင်းအတွင်း ကျွန်တော်ဖြေဆိုရတော့မည့် နောက်ဆုံးနှစ်စာမေးပွဲအတွက် ကျွန်တော်ကျက်မှတ်ထားပြီးသောစာများ မေ့ကုန်မည်စိုးသောကြောင့် ချက်ချင်း အသာမိတ်လျက် အဖေမကြားရအောင် ပါးစပ်က တတွတ်တွတ် ပြန်လည်ရွတ်ဖတ်နေခြင်းသာဖြစ်ရာ မည်သည့်ပုဂ္ဂိုလ်က ကြွချင်ပါမည်နည်း။

ခဏအကြာ အဖေက -

"တော်ပြီကွာ၊ အယုံအကြည်မရှိတဲ့အကောင်၊ မင်းနဲ့ မဖြစ်ပါဘူး"

ဟုဆိုပြီး ဆင်းသွားလေတော့သည်။

ဒီနေ့တော့ ဘုရားစင်အောက်တွင် ခေါင်းခေါင်းမြီးခြုံကာ အိပ်နေသော ကျွန်တော့်ကို တော်တန်ရုံကိစ္စမျှဖြင့် ကျွန်တော်တို့အပေါ် ဆူပူသည်ဟူ၍ပင်မရှိ စိတ်ရှည်လက်ရှည် အေးအေးဆေးဆေးနေ ဆိုဆုံးမတတ်သူ တစ်ဦးဖြစ်သည် ဆိုရသော အဖေက အဘယ်ကြောင့် ပြေဖြင့် ကန်လိုက်ရသည်ကို ရှင်းပြပါတော့မယ်။ ဤသို့တည်း. . .။

အဖေသည် တပ်ကဝင်စင်ယူပြီးနောက် ကျွန်တော်တို့ မြောက်ဥက္ကလာတွင် ပြောင်းရွှေ့နေထိုင်ကြစဉ်က ဖြစ်လေသည်။ ချမ်းမြေးလှပသော ဇအောင်း ပွင့်အောလကစ်နေ၊ နံနက် အရုဏ် မတက်မီ သုံးနာရီလောက်ကတည်းက ကျွန်တော်မှအပ ကျွန်တော်တို့တစ်အိမ်လုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြလေသည်။ ဖိမ်သာမာက်သူတက်၊ မျက်နှာသစ်သူသစ်၊ သနပ်ခါးလိမ်းသူလိမ်း၊ အဝတ်အစားလဲသူကလဲ၊ ဘုရားရှိခိုးသူက ရှိခိုး၊ အဝတ်အထည် ပစ္စည်းပစ္စယများနှင့် စားသောက်ဖွယ်ရာများ ဖြင်းကကည့်သူကထည့်နှင့် ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားရန် ပြင်ဆင်နေကြခြင်းပင် ဖြစ်လေသည်။

ကျွန်တော်ကား ဖျာပုံမြို့တွင် နေထိုင်စဉ်က ကျောင်းကာလများများ သူငယ်ချင်းများနှင့်အတူ သွားရောက်ဖူးမြော်ခဲ့ဖူးပြီးဖြစ်သဖြင့်တစ်ကြောင်း၊ ကျိုက်ထီးရိုးဘုရားတွင် ဆုတောင်းမှုများ ထားခဲ့သည်ကလည်း မရှိသဖြင့် တစ်ကြောင်း အိမ်က မိသားစု သွားသော

www.burmeseclassic.com

အခါ မလိုက်တော့ဘဲ အိမ်စောင့်ကျန်ခဲ့မည်ဖြစ်၍ ဘုရားစင်ရှေ့ အိပ်နေရာမှ မထဘဲ စောင်ခေါင်းမြီးခြုံကာ အိပ်နေခြင်း ဖြစ်လေသည်။

ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားတွင် ဆုတောင်းမှားခဲ့သည့် အကြောင်းလေးကိုလည်း အနည်းငယ်ဖော်ပြချင်ပါသေးသည်။ ထိုစဉ်က ကျွန်တော် (၁၀) တန်းနှစ်ပတ် ဖျာပုံ အထက (၃) မှ ဆရာများ၊ သူငယ်ချင်းများနှင့်အတူ ဒီဇင်ဘာကျောင်းပိတ်ရက် အလွန်ချမ်းအေးလှသော အခါသမယတွင် ကျိုက်ထီးရိုးသို့ ဘုရားဖူး သွားရောက်ခဲ့ရာ ကျိုက်ထီးရိုးတောင်ပေါ် ရောက်သောအခါ ဒီဇင်ဘာ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် အလွန်စည်ကားနေပြီး ခြေချရန်နေရာပင် မရှိသလောက် ဖြစ်ခဲ့လေသည်။ ယနေ့အခါလို ကားနှင့်တက်ကြရခြင်း မဟုတ်ဘဲ ခြေကျင်တက်ကြခြင်း ဖြစ်လေသည်။

ကျွန်တော်တို့အဖွဲ့မှာ ကင်ပွန်းစခန်းမှ နံနက်(၁၁)နာရီခန့်တွင် စတက်ကြပြီး ရေမြောင်ကြီးရောက်သောအခါ စိပ်မပြေနပြေ ရေချိုးကြပြီးမှ ဆက်တက်ကြရာ မိုးချုပ်သွားသဖြင့် မီးတုတ်များဝယ်ပြီး တောင်ပေါ်သို့ ဆက်တက်ခဲ့ရလေသည်။

ရင်ပြင်တော်ပေါ်ရောက်သောအခါ အမိုးအကာနှင့် အိပ်စရာနေရာလုံးဝနေရာမရတော့သဖြင့် တောင်ပေါ်မြေကွက်လပ်တွင်သာ မီးဖိုလေးများဖို၍ အိပ်ခဲ့ရလေတော့သည်။ ကျွန်တော်တို့မှာ ပြာပုံဘေးက ခွေးပေါက်စလေးများနှယ်။ ဘုရားရင်ပြင်တော်ပေါ် လျှောက်ပြန်တော့လည်း ရေခဲတုံးပေါ် လမ်းလျှောက်ရသကဲ့သို့ အေးလွန်း၍ ခုန်ဆွခုန်ဆွနှင့် Sky Net က ထုတ်လွှင့်နေသော မျောက်မင်းသား စွန်းပွမှုန်းနှယ်ရှိလေတော့သည်။

တောင်ပေါ်မှ အစားအစာများမှာလည်း အလွန်စျေးကြီးလှသည်ဖြစ်ရာ မရှိဆင်းရဲသား ကျွန်တော်ကား မြိုက်မဲ ဝိလေသည်လားမသိ။ ဘုရားရှိခိုးပြီး နောက် ဆုတောင်းသောအခါ နောက်ဟီးနောက်တောက်နှင့်

"အရှင်ဘုရား၊ ဘုရားတပည့် တော်အနေဖြင့် အချေးယည်ကောင်းကောင်း၊ ပိုက်ဆံပေါပေါရှိသည့်အခါမှသာ နောက်တစ်ကြိမ် လာရောက်ဖူးမြော်ရပါလို၏ ဘုရား"

ဟု ဆုတောင်းလိုက်မိလေတော့သည်။

ထို့နောက်ပိုင်းတွင်တော့ ကျွန်တော့်အနေဖြင့် အဆင်ကောင်းသော်လည်း ကိုယ့်ဆုတောင်းအတိုင်း ပြည့်စုံခြင်း မရှိသေးသဖြင့် ကျိုက်ထီးရိုးသို့ ဘုရားဖူးမသွားဖြစ်တော့သောကြောင့် ဆုတောင်းမှားထားသည်ဟု ဆိုရခြင်းလည်းဖြစ်လေသည်။

ယခု ကျွန်ုပ်တို့ တစ်မိသားစုလုံး ဘုရားဖူးသွားကြမည် ဖြစ်သော်လည်း ကျွန်တော့်မှာ ကိုယ့်ဆုတောင်းနှင့်ကိုယ်မို့ မိသားစုနှင့်အတူ ဘုရားဖူးမလိုက်ဖြစ်ခြင်းလည်း ဖြစ်လေသည်။

စောစောက အကြောင်းလေးပြန်ဆက်ပါမည်။ ကျွန်တော် အိမ်ရှေ့ဘုရားစင်အောက်ကြမ်းပြင်တွင် စောင်ခေါင်းမြီးခြုံပြီး အိပ်နေခိုက် အိမ်ထောင်ဦးစီးဖြစ်သူ ကျွန်တော့်အဖေမှာ ဘုရားဖူးခရီးစဉ် သွားလမ်းလာလမ်းချောင့်ဖြူးကာ အန္တရာယ်ကင်းရေးအတွက် ဘုရားဆွမ်းတော်၊ ရေချမ်းများကပ်ပြီး ဘုရားရှိခိုးပြီး ဖြစ်လေသည်။ အဖေသည် ဘုရားစင်၏ အောက်ဘက်နား ဘေးတစ်ဖက်တစ်ချက်နေရာများတွင် သူယုံကြည်ရာ သာသနာပြု အထက်ပုဂ္ဂိုလ်များအတွက် မှည့်ရှူးပြီး ရွှေကျိုက်ဘုရားစောင်းတန်းမှ ဝယ်ယူပူဇော်လာသော အထက်ပုဂ္ဂိုလ်များ၏ ပုံတော်များနှင့် ဟာကွ ကျောင်းဆောင် အသေးလေးလေးများထားရှိပြီး အဆိုပါ သာသနာပြုပုဂ္ဂိုလ်များကိုလည်း ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဖာလင်းတိုင်၊ အမွှေးတိုင်တို့ကိုလည်း မပြတ် ကပ်လှူပူဇော်လေ့ရှိလေရာ ထိုနေ့နံနက်ကလည်း ကပ်လှူပူဇော်ထားပြီး ဖြစ်လေသည်။

ခရီးဝေးသွားသည် ဖြစ်မေ၊ ရန် ကုန်မြို့ထဲသို့ အလုပ်သွားသည်ဖြစ်စေ အဖေသည် သူယုံကြည်ရာ ပုဂ္ဂိုလ်များကို တိုင်တည်ကန်တော့ကာ ခွင့်ပြုချက်တောင်းခံပြီးမှ အိမ်မှ ထွက်သွားလေ့ရှိလေသည်။ ထို့ကြောင့်လည်း မာမေ သွားလေရာ အန္တရာယ် ကင်းရှင်းခဲ့ခြင်း ဖြစ်မည်ထင်သည်။

တစ်ခါက သာမညသို့ ဘုရားဖူးခရီးသွားရာတွင် ကားကိမ်းမှောက်ပြီး ကားပေါ်မှ အဖေ လွင့်စဉ်ကျခဲ့သည့်ဘိုင် နာကျင်မှုတစ်စုံတစ်ရာ မဖြစ်ခဲ့ဘဲ ချက်ချင်းပင် ပြန်ထနိုင်ပြီး အသွားအလာမပျက် သွားလာနိုင်ခဲ့သည်မှာ ကျွန်တော်တို့ လက်တွေ့ပင် ဖြစ်လေသည်။

ထို့ပြင် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ စော်ဘွားကြီး၊ စော်ဘွားလေး၊ ဦးစောအောင်၊ ဦးစောနောင် အစရှိသည့်သာသနာပြုပုဂ္ဂိုလ်များ၏ ကျောင်းဆောင်လေးများရှေ့တွင်မူ ရေနွေးကြမ်း၊ စီးကရက်စသည်တို့ကိုပါဆက်သလှူဒါန်းပူဇော်လေ့လည်း ရှိလေသည်။

အဖေသည် သူယုံကြည်သော၊ ကိုးကွယ်သော ဆာသနာပြုပုဂ္ဂိုလ်များ



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန် ပြောဆိုသည်မျိုးကိုတော့ သဘောမကျလှပေ။

ကျွန်တော်တို့ မောင်နှမများကလည်း အဖေယုံကြည်ရာအလုပ်အားလုံး (ဥပမာ- သာသနာ့ပွဲများ ပွဲလဲခြင်း) တို့ကို တက်ညီလက်ညီ ကူညီလုပ်ကိုင်ပေးခြင်းဖြင့် ကျွန်တော်တို့ မိသားစုမှာ ပျော်စရာကောင်းလှလေသည်။

သို့သော် ကျွန်တော်ကား ပျော်တတ်ရွှင်တတ်၊ နောက်တတ်ပြောင်တတ်သည့် အကျင့်ကလေးက မည်သို့မျှ ဖျောက်မရပေ။ သူငယ်ချင်း မိတ်ဆွေများကတော့ ကျွန်တော်နှင့်တွေ့လျှင် မုတ်သုံးယောက်သည့် ရယ်စရာလေးများ ပြောပြတတ်သဖြင့် ကျွန်တော့်ကို ခင်မင်ကြလေသည်။

ကျွန်တော်ကား စောင်ခေါင်းမြီးခြုံ၍ အိပ်နေသည်ဆိုသော်လည်း အမှန်စင်စစ် အိပ်ပျော်နေခြင်းမရှိဘဲ အိမ်သူအိမ်သားအားလုံး ပြောဆိုသမျှတို့ကို မမြင်ရသော်လည်း နားကကြားသိနေရလေသည်။

တိုနေ့ နံနက်က အဖေသည် ဘုရားရှိခိုးပြီးသည့်နောက် အထက်ပုဂ္ဂိုလ်များ၏ ကျောင်းဆောင်တစ်ခုချင်းစီ၏ရှေ့တွင် ယတ်တတ်ရပ်ကာ ဘုရားဖူးရန် အိမ်ကမထွက်ခွာမီ လက်အုပ်ချီ၍ ကန်တော့ရင်း သူ့အလေ့အထအတိုင်း ဘုရားဖူးသွားခွင့်ပြုပါရန် လျှောက်ထားတောင်းပန်နေလေသည်။

အမေနှင့်တကွ ကျန်ညီအစ်ကို မောင်နှမများကား မျှည်းများကို ကားပေါ်သို့ပင် တင်ပြီးကြပြီးဖြစ်လေသည်။ ဘုရားဖူးထွက်ရန် အဆင်သင့်ဖြစ်နေကြပြီ ဖြစ်သော်လည်း အဖေ၏ ဆုတောင်းမှု ကိစ္စအဝဝ မပြီးစီးသေးသဖြင့် အဖေ့ကို စောင့်ဆိုင်းနေကြလေသည်ဖြစ်ရာ တစ်အိမ်လုံးတွင် အဖေ၏ ခွင့်တောင်း ပြောဆိုနေသံမှ တစ်ပါးမည်သူတစ်ဦးတစ်ယောက်၏ အသံကိုမျှမကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

အဖေမှာ သာသနာပြု အထက်ပုဂ္ဂိုလ်တစ်ဦးပြီးတစ်ဦး လက်အုပ်ချီ၍ ကန်တော့ကာ ခွင့်တောင်းလျက်ရှိရာ နောက်ဆုံး သူဆုတောင်းခြင်း၊ ခွင့်ပြုမိန့်တောင်းခံခြင်း ပြုသည့်နေရာမှာ သာသနာပြုပုဂ္ဂိုလ် ရှမ်းညီနောင်နှစ်ပါးဖြစ်သော ဦးစောအောင်၊ ဦးစောနောင် တို့၏ ကျောင်းဆောင်ရှေ့တွင် ဖြစ်လေသည်။

ဤနေရာ ရောက်သောအခါ အဖေသည် အဆိုပါကျောင်းဆောင်ပေါ် ကြွပန်းကန်ပြား နှစ်ပြားပေါ်တွင် မီးညှိ၍ ဆက်ကပ်ထားသော ဒူးယားအစီခံ စီးကရက်ကလေး နှစ်လိပ်၏ ထိပ်မှ ဆေးလိပ်မီးကလေးများ ရဲခနဲ ရဲခနဲ ဆေးလိပ်ဖွာနေသည့်အလား ဖြစ်နေသည်ကို ကြည့်ရှုရင်း (အတွေ့အကြုံအရ ကျွန်တော့်စီမံချက်မှ ဖြစ်ပေါ်နေခြင်း) အသံကို အနည်းငယ်မြှင့်လိုက်ကာ -

"ဟဲ- အစ်ကိုကြီး ဦးစောအောင်နဲ့ ဦးစောနောင်တို့ခင်ဗျား . . . ညီဘွား ကို ဘုရားဖူးသွားခွင့်ပြုပါ ခင်ဗျား"

ဟူ၍အသံယှက်လျက် ခွင့်တောင်းလိုက်လေရာ ယင်းအဖေ့ခွင့်တောင်းသံ ဆုံးသည်နှင့် ချက်ချင်းပင် -

"ကောင်းပြီ ညီဘွားရေ ကိုယ်တော်ကို ညီဘွားကို သွားခွင့်ပြုလိုက်တယ်"

ဆိုသော အသံအောင်အောင်ကြီးက ရုတ်တရက် ထွက်ပေါ်လာလေရာ အိမ်သားအားလုံးမှာ ထိုအသံကြီး ရုတ်တရက် ထွက်ပေါ်လာသဖြင့် အံ့အားသင့်လျက်ရှိကြသော်လည်း အဖေကား ဒီအသံ ဘယ်အကောင်ဆီက လာသည်ကို သိနေသည့်အလား စောင်ခေါင်းမြီးခြုံထားသော ကျွန်တော်၏ တင်ပါးဆီသို့ မန်ယူအသင်းမှ ကျောနံပါတ် (10) ဖြစ်သော Wayne Rooney (ဝိန်းရိုးနီ) ၏ အပိုင်ကိုင်သွင်းသည့် ကန်ချက်မျိုးဖြင့် အားကုန် ကန်ထည့်လိုက်ပါတော့လေသတည်း။

**(ဤ ဟာသဝတ္ထုတိုလေးဖြင့် သက်ရှိထင်ရှား ကျေးဇူးရှင်အမိ၊ အဖ နှစ်ပါးအား ရိုသေစွာ ကန်တော့အပ်ပါ၏။)**

**အောင်စိုး(မြည်)**

❑



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ရာသီဥတုလေးကလည်း ကောင်း၊ မာလုပ်လည်း အမောကြီးပြီး သွားတာမို့ မိတ်ကပ်ပြည့်ရင် မထက်ထံ စရိတ်ငွေပေးဖို့ တောတောလေး ထွက်ခဲ့တယ်။ သမီးလေးရဲ့ ဘွဲ့နှင်းသဘင်က လည်း နီးကပ်နေပြီလေ။ ဝုကတည်းက ကြိုတင်ငွေ ပေးထားမှ စိတ်ချရမှာ။ အလှပြင်ဆိုင်ရောက်တော့ လူများနေလို့ စရိတ်ငွေပေးဖို့စောင့်ရင်း အတွေးတစ်ခု ဝင်လာတယ်။

"ပိုက်ဆံမရှိရင် ဘွဲ့ယူဖို့ခက်တဲ့ ခေတ်ကြီးပါလား"

အလှပြင်ဆိုင်မှ ထွက်လာပြီး ဦးချစ်မောင်လမ်းမပေါ် အရောက်မှာ တက္ကစီငှားဖို့ စောင့်ဆိုင်းရင်း ဘေးဝဲယာကို ဘာရယ်မဟုတ် ဟိုဟိုဒီဒီ ကြည့်လိုက်တော့ လမ်းနံဘေးမှာရောင်းနေတဲ့ မုန့်လင်မယားဆိုင်လေးကို အမှတ်မထင် တွေ့လိုက်တယ်။ စားချင်တဲ့ စိတ်ကလေး ပေါ်လာတာနဲ့ မုန့်ဆိုင်လေးဆီ ခြေလှမ်းတွေက ဦးတည်လိုက်တယ်။ ဆိုင်ရှေ့အရောက် -

"ဘယ်လိုရောင်းလဲကွယ်"

"အယ်နဲ့ကို သုံးရာ၊ အခုနှစ်ဆယ်ကို ငါးရာပါ"

"ဒါဆိုလည်း ငါးရာဖိုးယည့်"

ကိုယ့်ရှေ့မှာ တစ်ယောက်ရှိနေ သေးလို့ ခဏစောင့်နေလိုက်ရတယ်။ မုန့်သည်လင်မယားရဲ့ မုန့်လုပ်နေတာကို ကြည့်ရင်း စပ်စုလိုက်တယ်။

"တစ်နေကုန် ရောင်းတာလား"

"ဟုတ်၊ နေ့လယ်ထမင်းစားနားပြီး နှစ်နာရီဆို ပြန်ထွက်ပါတယ်"

ကျွန်မ နာရီကိုကြည့်လိုက်တော့ ညနေ ၄ နာရီထိုးနေပြီ။

"ညအထိ ရောင်းတာလား"

"မုန့်ကုန်တဲ့အချိန်ပေါ့ အန်တီ၊ တစ်ခါတလေ နောက်ကျတဲ့အခါလည်း ရှိသလို စောတဲ့အခါလည်း ရှိပါတယ်"

"တစ်နေ့ ဘယ်လောက်ကျန်လဲ" လို့ ထပ်မေးမိပြန်တယ်။

"စားရလောက်ပြီး ခုနစ်ထောင်၊ ရှစ်ထောင်လောက်တော့ ကျန်ပါတယ်"

"မာမောက်ကျန်တာပဲနော်"

"ကျွန်တော်က ဆိုက်ကားနင်းတယ်"

ဘေးမှ ဝိုင်းကူပေးနေတဲ့သူက ဝင်ဖြေလိုက်တယ်။ ဒါနဲ့ ကျွန်မလည်း-

"မင်းတို့ ဘာတော်လဲကွဲ့"

"ကျွန်မတို့က လင်မယားပါ"

စကားပြောရထာ နှစ်ဖြိုက်သူ ပီပီ ကျွန်မ ဆက်ပြီးပြောလိုက်ပြန်တယ်။

"မင်းတို့ နှစ်ယောက်ပေါင်းဆိုတော့ ဝင်ငွေက ကောင်းမှာပဲ"

"မဆိုးပါဘူး၊ ဒါပေမဲ့ မီးနဲ့အလုပ်လုပ်နေရတာဆိုတော့ သူများတွေလို မသက်သာဘူးပေါ့ဗျာ"

ယောကျ်ားဖြစ်သူက ဒယ်အိုးပေါ်ရှိ ခွက်ကလေးတွေထဲ ဆီထည့်ရင်း ပြန်ဖြေတယ်။ မယားဖြစ်သူက -

"ကျွန်မတို့မှာ အသုံး[illegible] သိပ်မရှိဘူး၊ ရတဲ့ပိုက်ဆံ[illegible]တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး ကောင်းတယ်၊ ကောင်းတယ်၊ နှစ်လုံး၊ သုံးလုံး မထိုးလေနဲ့"

"နှစ်လုံး၊ သုံးလုံး မထိုးပါဘူး၊ လောင်းကစားလည်း ဝါသနာမပါဘူး၊ ဒါပေမဲ့ အောင်ဘာလေထီတော့ တစ်လ တစ်ကြိမ် မှန်မှန်ထိုးတယ်"

"ကောင်းတာပေါ့၊ အောင်ဘာလေထီထိုးတာ အန္တရာယ်လည်းကင်း၊ ကိုယ့်တိုင်းပြည်ကထီ ကိုယ့်လူမျိုးထိုးတာ ဂုဏ်ယူစရာတောင်ကောင်းသေး"

"သမီးလေးက ခြောက်တန်းရောက်နေပြီ၊ ကျူရှင်ဖိုးတွေ ကုန်ရဦးမယ်၊ ခုကတည်းက စုနေရမယ်၊ ကုန်ဈေးနှုန်းတွေ ဒီလောက်တက်နေတာ စုနိုင်မှ မလွယ်ဘူး အန်တီ"

ယောက်ျားဖြစ်သူကလည်း -

"ကျွန်တော် ဆိုက်ကားနင်းလို့ရတဲ့ ပိုက်ဆံကို စုတယ်၊ ဆိုက်ကားက အပိုင်ဆိုပေမယ့် အိမ်က ငှားနေရတာ၊ အပိုင်မဝယ်နိုင်သေးဘူး"

ကျွန်မ မုန့်သည် လင်မယားရဲ့ အပြောမှာမျောပါနေမိတယ်။ ယောက်ျားလုပ်သူက ဆက်ပြောပြန်တယ်။

"သမီးလေး အရွယ်ရောက်လာရင် ကိုးပိုင်အိမ်ပိုင်လေးဖြစ်အောင် အခုကတည်းက ကြိုးစားနေရတယ်အန်တီ"

"မကောင်းတာပေါ့ ဂျူတူ၊ နေ့စက်ကြီးမှာ အခန်းတစ်ခန်းပိုင်ဖို့က မလွယ်ဘူးကွဲ့"

"အိမ်ငှားမတွေကလည်း တစ်ခါစာချုပ်ရင် တစ်ခါတက်တယ်၊ ခဏခဏ ပြောင်းနေရရင်လည်း မဖြစ်ဘူး၊ သမီး မိန်းကလေးရှိတော့ ပတ်ဝန်းကျင်ကောင်းမှဖြစ်မှာ၊ အိမ်ပိုင်လေးတော့ ရှိထားမှ"

ပြောပြောဆိုဆို နဖူးမှချွေးကို သပ်ချရင်း ဆက်ပြန်တယ်။

"ကျောင်းစရိတ်တွေ ကုန်ရဦးမှာ၊ သမီးကို ဆရာဝန်မကြီး ဖြစ်စေချင်တာ"

ပြောဆိုရင်း ယောက်ျားဖြစ်သူက မုန့်ရည်ထည့်၊ မယားဖြစ်သူက မုန့်နှစ်ထဲကို ကြက်သွန်မြိတ်နဲ့ ပဲပြုတ်ကို အသင့်ထည့်လို့ ကြိုးစားလုပ်ကိုင်နေပုံကိုကြည့်ရင်း သူတို့လင်မယားအတွက် ကျွန်မရင်ထဲမှာ ပီတိဖြာနေမိတယ်။

"သမီးလေးက နောက်သုံး၊ လေးနှစ်ဆို လှချင်ပချင်တဲ့အရွယ် ရောက်လာတော့မှာ၊ ကုန်စရာချည်းပဲ"

"ဟုက်ကယ် အန်တီရေ၊ ခေတ်ကျပ်ကြီးထဲ လူလာဖြစ်ရတော့ ရုန်းကန်နေရဦးမှာ"

"ကျွန်တော်လည်း တစ်ဖက်ကနေ တတ်နိုင်သလောက် ရှာပါတယ်၊ မိန်းမနဲ့ ကလေးကို အိမ်ပိုင်လေးနဲ့ထားချင်တာ၊ အရင်က အရက်သောက်တယ်၊ အခုတော့ ဖြတ်လိုက်ပါပြီ"

သူတို့တွေရဲ့ မြင့်မြတ်တဲ့ဆန္ဒကို တစ်ဝကြီး နားထောင်ပေးနေမိတယ်။

"ယောက်ျား၊ ဖယ်ဖိုးထဲ ဆီထည့်လိုက်ဦးလေ"

မုန့်သည်လင်မယား စကားသာ ပြောနေပေမယ့် မုန့်လေးတွေကို ဇွန်းလေးနဲ့ ယိုးကော်လိုက်၊ လင်ပန်းထဲ ပစ်ထည့်လိုက်နဲ့ သူတို့လက်တွေရဲ့ ဟန်ချက်ညီညီ လှုပ်ရှားနေပုံလေးမဟုတ်ကို ကြည့်ကောင်းကောင်းနဲ့ ကြည့်မနေမိတယ်။ မယားဖြစ်သူက -

"ပွဲထားတာက သမီးမိန်းကလေးဆိုတော့ ပညာလေးတတ်ထားမှ ကျွန်မတို့လို လမ်းဘေးဈေးသည် မဖြစ်မှာ"

သူတို့လင်မယားရဲ့ မိဘပီသတဲ့ စိတ်ကို သိလိုက်ရတဲ့ကျွန်မ မချီးကျူးဘဲ မနေနိုင်လောက်အောင် ဖြစ်သွားရပါတယ်။

"မင်းတို့ရဲ့ စိတ်ဓာတ်တွေကို အန်တီ ချီးကျူးတယ်ကွယ်၊ မင်းတို့နဲ့ အခုလို စကားပြောရတာ တန်ဖိုးရှိလိုက်တာ"

"ရေနွေးကြမ်း သောက်ပါဦး အန်တီ၊ လက်ဖက်ခြောက်ကတော့ အကောင်းစား မဟုတ်ဘူး၊ အသင့်အတင့်ပေါ့"

"ရပါတယ်၊ နွေးသားတဲ့ ရေနွေးကြမ်းက သောက်ကောင်းပါတယ်ကွယ်"

ရေနွေးခွက်ကိုကိုင်ရန် ထိုးကိုလင်ပန်းဘေးနားက လွတ်တဲ့နေရာမှာ ချထားရင်း -

"အန်တီက မမှတ်တတ်ဘူး၊ ပြန်ခါနီး ထိုးယူဖို့ သတိပေးနော်"

"စိတ်ချ အန်တီ၊ သမီးတို့ဆီမှာ ဘာပစ္စည်းကျန်ကျန် အကုန်ပြန်ပေးတယ်၊ ဟိုတစ်ခေါက်ကတောင် နိုင်ငံခြားသားတစ်ယောက် မုန့်လာဝယ်ရင်း သူ့မှန်းတျှန်ခဲ့တာ ယောက်ျားကို အပြေးလိုက်ပေးနိုင်းရတယ်၊ နိုင်ငံခြားသားကြီးက ဝမ်းသာလွန်းလို့ ဒေါ်လာ ငါးရွက် ထုတ်ပေးတာ သူက မယူလာဘူး"

"ကျွန်တော်က သူများဆီက အလကားရတဲ့ ပိုက်ဆံကို မနှစ်သက်ဘူး အန်တီ"

"လေးစားပါတယ်ကွယ်"

"ဆိုက်ကားနင်းလို့ရတဲ့ ပိုက်ဆံကို စုတယ်၊ မုန့်ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ ရအောင် သုံးတယ်၊ ချွေတာစားတယ်၊ အဝတ်အစားကို ယိုဟပ်မှ ဝယ်ဝတ်တယ်၊ အကြွေးကင်းအောင် နေတယ်၊ သာရေးနာရေးအတွက်ကတော့ [illegible] နိုင်သလောက် ထည့်တယ်၊ [illegible]ကြီးတော့ မလုပ်နိုင်သေးဘူး [illegible]တီရေ၊ ထီ



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ရင် ကောင်းမယ်" ဟု ပြောပြောဆိုဆို တစ်ဆက်တည်း -

"ကဲ . . . မိန်းမရေ အဘွားကို ဆေးခန်းသွားပို့ပေးလိုက်ဦးမယ်"

"သမီးတို့က အဘွားနဲ့ နေကြတာလား" ဟု စပ်စုလိုက်မိပါတယ်။

"မဟုတ်ဘူး အန်တီ၊ သမီးတို့ရဲ့ အိမ်ရှင်ပါ၊ သူ့မှာ သားသမီးတွေရှိတယ်၊ ဘယ်သူမှ ဆေးခန်း မပို့ပေးကြဘူး၊ မအားလို့တဲ့၊ အဲဒါကို အိမ်ကနေယောက်ျားက သနားလို့ ပို့ပေးနေရတာ"

"ဟုသိုလ်ရတာပေါ့ကွယ်၊ သာဓု သာဓု သာဓု"

စုန်မရကိုသာမသောက်ပြီး ဆန် တက်မလာတဲ့ သားသမီးရဲ့မေတ္တာကို မျှော်နေတဲ့ အိမ်ရှင်အဘွားကို စာနာသနားသွားမိပြန်တယ်။

"အန်တီ မုန့်ရပြီ၊ တစ်ခုပိုထည့်ပေးလိုက်တယ်၊ နောက်ကြွလည်း အားပေးပါနော်"

"အန်တီဖြင့် သမီးတို့ ယပ်မယား နဲ့ စကားပြောရတာ မုန့်ကိုတောင်မေ့နေတယ်၊ ကြိုးစားကြ၊ ကြိုးစားကြ၊ တစ်နေ့ကျရင် ဆန္ဒတွေ ပြည့်လာမှာပါကွယ်၊ ပြန်လိုက်ဦးမယ်နော်"

ကျွန်မလည်း မုန့်ဆိုင်လေးမှ ထွက်ခွာလာခဲ့တယ်။ မုန့်လင်မယား မျောင်းမနတဲ့ ဇနီးမောင်နှံရဲ့ ရိုးသားဖြင့် မြက်လှတဲ့ ရင်တွင်းစကားသံလေးတွေကို သူတို့လို ဘဝတူချင်းတွေကို ကြားသိစေချင်တယ်။

တစ်နေ့လုပ်တစ်နေ့စား လူတန်းစားတွေ အများကြီးရှိကြတဲ့ ဒီလောကကြီးမှာ သူတို့လင်မယားလို စိတ်ဓာတ်မျိုးကို အတုယူစေချင်တဲ့ ဆန္ဒတွေ ကျွန်မရင်ထဲမှ တစိမ့်စိမ့် ပေါက်ဖွားနေမိတယ်။ ဒီလိုသာ ကြိုးစားကြမယ်ဆိုရင် ဆင်းရဲတွင်းက လွတ်မြောက်ကြမှာ အမှန်ပါ။

ဘဝကို အားမငယ်ဘဲ ကျရာနေရာမှာ ကြိုးစားလုပ်ကိုင်ရင်း တက်ညီလက်ညီ စိတ်တူကိုယ်တူနဲ့ ဘဝလှေကို လှော်ခတ်နေသော မုန့်သည်လင်မယားရဲ့ "မိုးမိုးကျင့် မြင့်မြင့်ကြံ" ဆိုတဲ့ အောင်ပုဝ်နဲ့အတူ လောကကြီးကို စိန်ခေါ်နေတာကတော့ ဘဝသားအားလုံးအတွက် အယူယူအားကျစရာလို့ ဆိုလိုက်ချင်ပါတော့တယ်။

**ကြည်သိမ့်**

□



မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

## နက္ခတ္တ လက္ခဏာနှင့် ရွယ်ဂုံပညာရှင်

## ဆရာအောင်ကျော်ခိုင်

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား။ စီးပွားရေးအခက်တွေ့နေသလား။
အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား။ အိမ်ကအမျိုးသားက
ခြေလှမ်းများမှားနေသလား။ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား။
သားသမီးတွေ ပြောစကား နားမထောင်ဘူးလား။ နိုင်ငံခြားခရီး
ကြာနေသလား။ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား။
အတိုက်အခံတွေ ပေါ်သလား။ ဈေးရောင်းကောင်းချင်လား။


**ဒါတွေ ခက်နေတာ လွယ်ဖို့ သင် ဆရာနဲ့တွေ့ဖို့ အချိန်တန်ပြီ**

ဟောခန်းတည်နေရာ ❻ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် မြောက်ဘက်မုခ် သူတော်စင်မျှားနန်းအနီး။
လမ်းညွှန် ❻ ရုံးရှေ့မှတ်တိုင်၊ လှိုင်သာယာမြို့နယ် ဆင်း ရောက်ပြီ။
ဖုန်း ❻ ၀၉-၄၂၀၀၇၂၉၃၂၊ ၀၉-၇၉၅၁၈၇၈၁၊ ၀၉-၇၆၄၂၈၂၉၃၂ (ပိတ်ရက်မရှိပါ)
ဦးစိုးတင့် - KBZ Bank A/c No - 229 301 22901079701
(အခါပေးအမျိုးမျိုး၊ ဗေဒင်ဟော၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ဝိုက်ဓာတ်ဆင်နှင့် အဆောင်ယတြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ကိုးမြို့ရှင်ထံ ဆုပန်ခြွေ

စိုးစိုးကြည်သည် တပ်အရှေ့ဘက် သဖန်းပင်အောက်ရှိ ကိုးမြို့ရှင်နတ်နန်းရှိရာသို့ ဦးတည်၍ လျှောက်လိုက်သည်။ သူမနှင့်အတူ လေးငါးခြောက်နှစ် မရှိတရှိ အငယ်ဆုံးသားကလေး စိုးဇော်မြင့်ကို လက်ဆွဲလျက်။ တစ်ဖက်ကလည်း အဘကိုးမြို့ရှင်အား တင်မြှောက်ပသရန် သစ်သီးဂလံအချို့တို့ကို ဆွဲခြင်းတစ်လုံးထဲ ထည့်ကာ ဆွဲလာခဲ့သည်။ အကြီးကောင် နှစ်ယောက်ကတော့ ကျောင်းသွားကြပြီဖြစ်၍ ခေါ်မလာဖြစ်တော့။

သူမအနေနှင့် ညကမက်သည့် အိပ်မက်ဆိုးကြောင့် လင်အတွက်၊ သားအတွက်၊ အိမ်အတွက်၊ ပြီးတော့ မိမိအတွက် အဘကိုးမြို့ရှင်ထံ ဆုတောင်းပေးရန် လာခဲ့ခြင်း ဖြစ်သည်။

"ဟို. . . အိပ်မက်က ဆိုးလိုက်တာ၊ ပြန်လို့တောင် မပြောဝံ့ဘူး"

မတွေးဝံ့စရာဆိုပေမယ့် အိပ်ရာမှနိုးလာတော့ အိပ်မက်က တဝဲလည်လည်၊ အာရုံထဲက ထွက်ကို မထွက်တော့။ အိပ်မက်ထဲမှာ မိမိတို့တစ်အိမ်သားလုံး အိမ်နီကြီးတစ်အိမ်မှာ ပိတ်မိနေကြစဉ် မီးဟုန်းဟုန်းတောက်သည်နှင့် ကြုံလိုက်ရသည်။ လင်တွေ၊ သားတွေ မိမိရှေ့မှာတင် မရှုမလှ မီးလောင်ကျွမ်းခံလိုက်ရသည်ကို ရင်နင့်စဖွယ် တွေ့မြင်နေရသည်။

မိမိမှာလည်း ကျွမ်းမြှေနေသည့် မီးလောင်ပြင်အောက်မှာ အနှစ်မွန်းခံနေရတုန်း အငယ်ဆုံးသားလေး ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်အား ဝေဒနာများကြားမှ သိလိုက်ရသည်။

သားငယ်လေး သေသည် ရှင်သည်မျှ မသိလိုက်ရ။ သို့ဖြင့် . . .

"သားရေ သားရေ. . သားဘယ်ရောက်နေတုံး"ဟု တကြော်ကြော်ဟစ်ခေါ်ရင်း အိပ်မက်မှ အလန့်တကြား လန့်နိုးလာခဲ့သည်။

ခွေးတွေ. . ခွေးတွေ၊ ခွေးစီးကိုဆိုတာ တစ်ကိုယ်လုံးအနံ့ စိုးပြန့်လို့ပေါ့။ ထိုအိပ်မက်အကြောင်းနှင့် ဆက်နွှယ်၍ ဈေးဟွင် တခေါခေါ အိဂ်မော ကျနေသည့် လင်တော်မောင် သိန်းမြိုင်အား နှိုးပြီးပြောလိုက်ရသည်။

"ဟာ- စိုးကလည်းကွာ၊ မင်းညက မြေထောက်မဆေးဘဲ အိပ်လို့မဟုတ်လား။ ဟဲဟဲ. . ပြီးတော့ ထမင်းစားပြီးတန်းအိပ်တာယ်ဆိုတော့ မင်းပါးမှာ ယမင်းမေ့ကပ်ပြီး ထမင်းလုံးတချို့ခြောက်တာနေမှာ၊ ဒါမှမဟုတ် ခွေးလေခေျာက်ချားလို့ မက်တာဖြစ်မှာပါ။ ဟား. . မင်းနိုးလိုက်တာနဲ့ ငါ့အိပ်မက်ပျောက် ဘယ်ရောက်နေမှန်း မသိတော့ဘူး၊ ငါ့အိပ်မက်ကို ပြန်လျော်ပေး ဟင်းဟင်း"

ယောကျ်ားဖြစ်သူ သိန်းမြိုင်က တောင်ပြုံးစိစိမျက်နှာပေးနှင့် စသလို၊ နောက်သလို ပြောယူရသေး။

စိုးစိုးကြည်ခမျာ ညက အိပ်မက်ကောက်ကြောင်းတို့ကို တွေးမိသည်နှင့် အမျှ ရင်လှိုက်သည်းဖိုဖြစ်မိသလို အိပ်ရေးက ခပ်ကြီးကြီး၊ ဘာဆိုဘာမှ အယုံအကြည်မရှိသည့် လင်ဖြစ်သူစကားကို ကြားယောင်ရင်း ရင်ဖိုအပြုံးကလေး ပြုံးလိုက်မိသည်။

တိုက်ဆိုင်တာလားတော့ မသိ၊ လင်ဖြစ်သူ မော်တော်ယာဉ်ဌာနသို့ အလုပ်သွားချိန်တွင် နံရံမှာ ချိတ်ထားသည့် သူ့မှန်ဘောင်သွင်း ဓာတ်ပုံတစ်ပုံမှာ အလိုလိုနေရင်း ကြမ်းပြင်သို့ ပြုတ်ကျသွားကာ တစ်စစီကွဲကြေသွားလေတော့၏။ အတိတ်နိမိတ်တို့က အိပ်မက်နှင့်အတူ အကောင်အထည် ပြလာပါပြီကော။

ရှမ်းလူမျိုးတို့က ကိုးမြို့ရှင်နတ်ကွန်းကို ယုံကြည်စိတ်အပြည့်နှင့် ကိုးကွယ်ပသတတ်သည်ကို သိထား၍ ရှမ်းပြည်ရောက်ဟုန်းပျော်ဖိုက် ရှမ်းထုံးစံအတိုင်း (၉)ဂဏန်းဖြင့် ပသရန် ရည်ရွယ်လိုက်သည်။

ထို့ကြောင့်ပင် စိုးစိုးကြည် ပန်းသီး (၉)လုံး၊ ထောပတ်သီး (၉)လုံး၊ သရက်သီး (၉)လုံးတို့ကို မိမိတတ်နိုင်သမျှ နက်ရှင်းပေါ်သို့ တင်ကာ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို ထွန်းပြီး တင်မြှောက်ပသလိုက်လေ၏။

"အဘ ကိုးမြို့ရှင်ရှင့်၊ သမီးတို့ မိသားစု ဘေးပေါင်းရန်စွယ် အန္တရာယ်ဆိုးတို့မှ ကင်းလွတ်စေခြင်းငှာ အဘကို ပူဇော်ပသပါတယ်၊ သမီးတို့ကို ကြည့်ရှုစောင်မ ပေးသနားတော်မူပါ"

တစ်ချို့ကလည်း တတ်နိုင်လျှင် တတ်နိုင်သလောက် လက်ဖက်(၉)ပုံ၊ ငါးကြော်(အဂါစုံ) (၉)ကောင်၊ မုန့်ဖြူမုန့်နီ (၉)ချပ်စီ၊ ရှမ်းပဲပုပ် (၉)ချပ်၊ ဖယောင်းတိုင် အမွှေးတိုင်(၉)တိုင်စီတို့ကို ထွန်းညှိ၍ဆက်သကြသည်လည်း ရှိ၏။ ဘာရယ်လို့တော့မဟုတ်။ လင်ဖြစ်သူ ရှမ်းပြည်တစ်ခွင် တာဝန်ကျစဉ်အတွင်း အဘကိုးမြို့ရှင်အပေါ် သက်ဝင်ယုံကြည်မှုတော့ ရှိခဲ့ပါသည်။

ရှေးလူကြီးသူမတို့ ပြောစကားအရ အဘကိုးမြို့ရှင်၏ မွန်မြတ် အနစ်နာခံသော စိတ်ထားအပေါ် လေးစားခဲ့ရသည်။ အဘကိုးမြို့ရှင်၏ နောက်ဆုံးဇာတ်သိမ်းခန်းကို နားထောင်ရသော အခါ စိုးစိုးကြည်သည် မျက်ရည်မဆိုင်း နိုင်လောက်အောင် ကျမျက်ရည်ဝေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဖောက် ပခန်းမြို့စားကြီး ဦးမင်းကျော်သည် ကိုးမြို့ရှင်၏ မွေးစားသား ခွန်ချိုနှင့် ခွန်သာတို့အား ခေါင်းဖြတ်သတ်ခဲ့ရန် သစ္စာရေသောက်ခိုင်းလေ၏။ တောတွင်း တစ်နေရာတွင် ကိုးမြို့ရှင်နှင့် ခွန်ချို ခွန်သာညီအစ်ကို နှစ်ယောက်တို့ ဆုံမိကြလေသည်။ ညီနောင်နှစ်ဦးတို့မှာ တစ်ချိန်က ကျွေးကျေးဇူးရှင်ဖြစ်နေ၍ ခေါင်းဖြတ်၍ မသတ်ရက်နိုင်။ သို့ကြောင့် ချီတုံချတုံ ဖြစ်ကာ မှိုင်တွေနေကြလေ၏။ ဖြစ်ကြောင်းကုန်စင်ကို သိရလေသော ကိုးမြို့ရှင်သည် ညီနောင်နှစ်ပါးတို့ ကံကြီးထိုက်မှုကို မလိုလား၍ မိမိဦးခေါင်းတော်ကို မိမိကိုယ်တိုင်ဖြတ်ကာ ခွန်ချိုခွန်သာတို့အား သွေးစက်လက်ဖြင့် ပေးဆက်ရှာလေတော့၏။

ဪ. . . အများမတွက်နှင့် မိမိအသက်ကိုပင် ပေးဆက်ပုံသည့် "သွေးသစ္စာရှင်" ကိုးမြို့ရှင်ပါတကား။

နတ်များစွာတို့ကို သက်ဝင်ယုံကြည်မှုဖြင့် မပသလေပြား မဟာကိုးမြို့ရှင်၏ မွန်မြတ်သည့် ဇာတ်နာဇာတ်လမ်းကို သိထားရ၍ စိုးစိုးကြည်သည် အဘကိုးမြို့ရှင်ကိုတော့ လေးစားသက်ဝင်ယုံကြည်မိခဲ့သည်။ စိုးစိုးကြည်သည် အဖကိုးမြို့ရှင် အကြောင်းကို တွေးရင်း ပြန့်လွင့်သွားသည့် စိတ်သဏ္ဍာန်တို့ကို စုစည်းကာ မိမိအနီးတွင် ခပ်ငေးငေးလေး ထိုင်ကြည့်နေသည့် အငယ်ဆုံးသားလေးကို ယဟိပေးပြောကြားလိုက်သည်။

"သား သားလေး၊ အဘိုးကို ကန်တော့လေ၊ သား သွားလေရာရာမှာ ခလုတ်မထိ ဆူးမငြိ အသက်အန္တရာယ် အပေါင်းက လွတ်ငြိမ်းပါစေလို့ ဆုတောင်းလိုက်နော်"

စိုးစိုးကြည်သည် အဘကိုးမြို့ရှင်အား လက်အုပ်မိုးလျက် ကန်တော့ပြီး သားဖြစ်သူကိုပါ ရှိခိုး ဦးချစေလိုက်လေ၏။

✪

## အစဉ်အလာမရှိသည့် တိုက်ပွဲတစ်ပွဲ

အမှတ်(၇)အုပ်၊ တပ်မတော်(လေ)ဆိုင်းဘုတ်က အမြဲလိုလို မြူခြေဆိုင်းနေပေသည်။ အမှတ်(၆) ရွာတောင်ခြေ၏ အရှေ့ဘက် ကတ္တရာကားလမ်းမထိပ်တွင် ဝင့်ကြွားစွာ နေရာယူထားပေသည်။ ရှေ့နောက် ဝဲယာ ရှမ်းတောင်တန်းကြီးတွေနှင့် ဝန်းရံနေသည့် အမှတ် (၇၁)အုပ်၊ ရေဒါစခန်းကုန်းလေးသည် "မပြုပ်မရှိ" တောင်မျက်စိ" ခေါင်ပုဒ်နှင့်အညီ ရေဒါမျှော်စင်ကြီးမှာ အရပ်လေးမျက်နှာသို့ တာဝန်ကျေကျေ ဖြန့်ကျက်လည်ပတ်ရင်း နှစ်ဆယ့်လေးနာရီလုံးလုံး ရန်သူလေယာဉ်လှုပ်ရှားမှုတို့အား "ပုက်ဆိုး" ဆိုသည့် အမည်ဝှက်ဖြင့် မှည့်ခေါ်ထားသည့် ရန်သူ့လေယာဉ်တို့ကို စောင့်ကြည့်ရလေ၏။

ထို့ပြင်လည်း ပြည်တွင်း လေယာဉ်များ၏ သွားလာမှုတို့ကို ရေဒါစက်ဝန်းမှ ရှာဖွေကာ တာဝန်ကျ ရေဒါအော်ပရေတာမှ ရေဒါဒိုင်ခွက် (Screen) တွင် ပေါ်လာသမျှ မျက်ခြည်မပြတ် စောင့်ကြည့်နေရသည်။ မဲဗိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ စသည့် ရှမ်းပြည်အရှေ့ဂိုဏ်း၊ တောင်ပိုင်းတို့မှ ဖြတ်သွားဖြတ်လာ လေယာဉ်တို့ကို ရေဒါစက်ဝိုင်းတွင် မြင်သည်နှင့် လေကြောင်းထိန်းသိမ်းရေးဌာန A.T.C (Air Traffic Controller)တို့နှင့် ချိတ်ဆက်မှုယူကာ ပင်မရေဒါစခန်းဖြစ်သည့်အမှတ်

(၇၄)အုပ်၊ မှော်ဘီသို့ သတင်းဆက်ပို့ရသည်။

ဤနည်းဖြင့် ငှက်ဆိုး (ရန်သူ့လေယာဉ်)များကို အရေးပေါ်တွေ့ရှိပါက ဌာနချုပ်ရုံးသို့ ချက်ချင်းဆိုသလို သတင်းပို့ရသည်နှင့် ရေဒါအော်ပရေတာတို့မှာ အလုပ်ရှုပ်ကုန်ကြတော့၏။

အမိနိုင်ငံအား ကျူးကျော်လာသည့် ရန်သူ့ငှက်ဆိုးလေယာဉ်တို့အား ကာကွယ်ပစ်ချရန် အသင့်ရှိနေကြသည့် တိုက်ခိုက်ရေးလေယာဉ်မှူး (Fighter Pilot)များနှင့်လည်း အဆင်သင့် ချိတ်ဆက်ထားရသည်။

သည်သို့ဖြင့် အမှတ်(၇၁)အုပ် ရေဒါစခန်းကုန်းသည် ရေဒါအော်ပရေတာ၊ ရေဒီယိုအော်ပရေတာနှင့် တပ်ဆွယ်လေယာဉ်ကွင်းရှိ တာဝါ(မျှော်စင်)တွင် အယိုင်မျှသည့် လေကြောင်းထိန်းသိမ်းရေးဌာနတို့နှင့် ကိုယ်တိုင်တိုက်ပွဲမဝင်ရသည့်တိုင် သက်ဆောင်ကမ်းတိုက်ပွဲဝင်အဖြစ် လေအေးပေးခန်း အမှောင်ခန်းထဲမှာ အရိပ်မဲ့စစ်တာဝန်များကို ထမ်းရွက်ရလေ၏။

ထိုစဉ်က နမ့်စန်မြို့ (ရှမ်းပြည်တောင်ပိုင်း)နှင့် မြို့နီးချုပ်စပ်တို့တွင် ခလရ(၆၆)၊ ခမရ (၅၀၆)၊ ခလရ( ၂၄၇) တပ်တို့က မြို့လုံခြုံရေး၊ ရွာနီးချုပ်စပ်ဒေသကာကွယ်ရေး လေယာဉ်ကွင်းလုံခြုံရေးတို့အတွက် စစ်ရေးတာဝန်(တိုက်ခိုက်ရေး) ယူနေချိန်တွင် မြေပြင်တိုက်ပွဲနှင့် လုံးလုံးမှ မဆက်စပ်သည့် ပညာသည်အုပ်စုတို့ စုဝေးရာ အမှတ် (၇၁)အုပ်သည် ဆိုခဲ့ပြီးသည့်အတိုင်း နောက်တန်းထိုင် ရန်သူ့လေယာဉ်သတင်းပေးအဖြစ်နှင့်သာ စခန်းသွားနေရလေ၏။

၁၉၉၁ ခုနှစ်၊ သင်္ကြန်ပြီးစ မေလ၏ နေ့တစ်နေ့၊



www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဂျိမ်း. . . ဂျိမ်း. . . ဘုန်း. . ဘုန်း"

အမှတ်(၇၁)အုပ် ရေဒါစခန်းကုန်းမှ မာငရှူးရှူး မိုးရွဲသွား ကားလမ်းဘက်ဆီမှ ပြင်းထန်သည့်ပေါက်ကွဲသံတို့ကြောင့် အမှတ်(၇၁)မဟုပ်မန စစ်ဘည်များနှင့် မိဿားစုဝင်တို့သည် အလွန်အမင်း ကိက်လန့်တကြား ဖြစ်သွားကြသည်။

"ဟေ့- ဓာသုတ်သံတွေ၊ ပုံးသံတွေ ကြားနေရတယ်၊ ဧကန္တ ခလရ (၂၄၇)နဲ့မဟာ ခလရ(၆၆)ရဲ့ကားပဲကွ၊ တနေလာက အက်စ်အက်စ်မေ (S.S.A) တစ်ဖွဲ့ဖြတ်သွားကြတယ်လို့ ပြောသံကြားတယ်၊ သူတို့တစ်ဖတ္တ တိုက်ပွဲဖြစ်နေတယ် ထင်ပါရဲ့"

တပ်ကျွင်းရှပ်ရှင်ရုံအနီးမှ ဘိယိယက်နံ့တွင် ဘီလိယက်ယိုးနေသည့် တပ်ကြပ်စိုးမြင့်က ထိုးလက်ဓား ကိုးက်ကိုကိုင်ထားရင်းမှ အနီးရှိလေတပ်သားတို့အား မှုံ့ပြေတကြီး ပြောလိုက်သည်။

ထိုစဉ်က လေတပ်စစ်သည်တို့သည် တပ်မတော်(ကြည်း)မှ စစ်ဟပ်တစ်တပ်နှင့် သောင်းကျန်းသူ အက်စ်အက်စ်အေတို့ တိုက်ပွဲဖြစ်နေကြသည်ဟူ၍သာ တပ်ကြပ်စိုးမြင့် ထင်မြင်ယူဆသလို ခပ်ပေါ့ပေါ့လေး တွေးထားလိုက်ကြသည်။

ဝင်စစ်မှာ တပ်ပိုင် ထုံးဖိုအတွက် ထင်းခုတ်ထွက်သည့် (၇၁)အုပ်မှ လေတပ်သားတို့နှင့် အက်စ်အက်စ်အေတို့ ထိပ်တိုက်တွေ့ကာ တိုက်ပွဲဖြစ်သွားခြင်းကိုတော့မှ မည်သူတစ်စုံတစ်ယောက်မျှ မသိလိုက်ကြချေသေး။

တပ်မတော်(လေ) သမိုင်းတွင် အစဉ်အလာမရှိလေ၍ ထိုသို့ မိမိတပ်နှင့် သောင်းကျန်းသူတို့ တိုက်ပွဲဖြစ်ကြောင်း လေတပ်စစ်သည်တို့ မထင်မှတ်ခြင်းအတွက် အပြစ်တော့မဆိုသာပါချေ။

မိမိတို့တပ်မှာ တိုက်ခိုက်ရေးတပ်မဟုတ်မူ၍ ထင်မှတ်မထားခြင်းလည်း ဖြစ်ပေမည်။ သို့ပင်ဖြစ်ငြားဟာကယ်ဖြစ်ပျက်သွားသည့်မာမှန်တရားကိုတော့မူ အမှတ်(၇)အုပ်မှ မိသားစုသည် ကြေကွဲဆို့နှင့်နာကြည်းဖွယ်ဖြစ်ရပ်ကို ယက်ခံလိုက်ရလေတော့၏။

သည်အဖြစ်အပျက်တို့ ဖြစ်ပွားခဲ့သည့် ဇာတ်လမ်းအစသည်ကား။

❀

**အွမ်းခံရင်း ငှက်သံငို့ ထိုတစ်ခနဲဝယ်**

"သိန်းမြင့်ရေ တို့တပ် ပီဖာက်စ်အိုင် ရန်ပုံငွေအတွက် ယုံးဖုတ်ဖို့ ထုံးထင်းတွေ နည်းနေပြီကွ၊ ဒီနေ့ကော့ ခင်းမော်တော်ကားနဲ့ပဲ ဟိုက်းဖက်ကက်က ထင်းမှေ့ကို နှစ်ခေါက်လောက် တိုက်ပေးပါဦး ဂျိညီရာ"

ကုံးဖို့တာဝန်ခံ ဗိုလ်ကြီးဝင်းကိုက မော်တော်ယာဉ်ဌာနဘက်သို့ ထွက်လာရင်း ကားဆေးနေသည့် ယာဉ်မောင်း သိန်းမြင့်ထံသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး အကူအညီတောင်းလိုက်သည်။

"ဟာ- ဗိုလ်ကြီးကလည်းဗျာ၊ ခုတလော တောအဖွဲ့ (အက်စ်အက်စ်အေ)တွေ လှုပ်ရှားနေလို့ ကျွန်တော်တို့ ထင်းခုတ်ထွက်နေကျ နောင်အိမ်ရွာသူကြီးကတောင် မလာပါနဲ့ဦးဆိုပြီး သတိပေးနေသေးတာပဲ၊ ထင်းတာဝန်ခံ တပ်ကြပ်ကြီးဌေးအောင်(လေကြောင်း)က ကျွန်တော့်ကို ခုတလော မသွားဖို့တားနေတယ်၊ နယ်မြေက မအေးချမ်းတော့ သွားလို့ ဖြစ်ပါ့မလား ဗိုလ်ကြီး"

ထိုစဉ်က သိန်းမြင့်တို့သည် အမှတ်(၇၁)အုပ်နှင့် ၆မိုင်၊ ၇မိုင်ခန့်ဝေးသည့် ဟိုက်ဖက်ရွာနှင့် ကိုမှအလွန်နောင်အိမ်ရွာလို့ ထင်းတိုက်နေကျဖြစ်သည်။ ဖြစ်နိုင်လျှင် သိန်းမြင့်အနေနှင့် ကိုရွာဘက်သို့ ထင်းတိုက်မသွားချင်။ တိုက်တိုက်ဆိုင်ဆိုင် ဇနီးဖြစ်သူ စိုးစိုးကြည်ကလည်း သူ့အိပ်မက်အကြောင်းကို နိုးပြီးပြောပြလေတော့ သူ့ရင်ထဲမှာ ထင့်ခနဲတော့ ဖြစ်မိသည်။

ညမှာနိုးကမက်သည့် သူ့အိပ်မက်ကလည်း သိပ်တော့မကောင်းပေ။ အိပ်မက်ထဲမှာ သူမောင်းလာသည့် ကားသည် ဘရိမ်ပေါက်ပြီး လောက်ခကာမှုပျံ့ခဲရင်း နက်မှောင်သည့်ချောက်ကြီး ထဲသို့ ကလိမ့်ကောက်ကွေး ကျသွားသည်ဟု သည်းထိတ်ရင်ဖိုဖြစ်ဖွယ် မြင်မက်လိုက်သည်။

ကားသာ မရဆေးနေရသော်လည်း ထိုအိပ်မက်ဆိုးကြောင့် သိန်းမြင့်သည် စိတ်လက်မရွှင်လန်းချေ ငေးလေးငိုင်ငိုင်နေသည်။

အိပ်မက်အကြောင်းကို တွေးရင်း ငေးငိုင်နေသည့် သိန်းမြင့်၏ စိတ်အလျင်သည် တောင်းပန်သလိုနှင့် အမိန့်ပေးစေခိုင်းလိုက်သည့် ဗိုလ်ကြီးဝင်းကို စကားကြောင့် ဆတ်ခနဲတုန်လှုပ်မိရာမှ ပစ္စုပ္ပန်ကမ္ဘာသို့ ပြန်လည်ရောက်ရှိလာတော့၏။

"စစ်တပ်ပဲကွာ ဘာကြောက်စရာလိုလဲ၊ တပ်စုတစ်စု မင်းနဲ့အတူ ထည့်ပေးလိုက်မယ်၊ လက်နက်အပြည့်အစုံနဲ့ပေါ့ကွာ"

ဗိုလ်ကြီးဝင်းကို စကားအဆုံးမှာတော့ သိန်းမြင့်လည်း မည်သို့မျှ ခွန်းတုံ့

www.burmeseclassic.com

www.burmeseclassic.com

မပြန်တော့ဘဲ လုပ်စရာရှိသည်တို့ကို ပြင်ဆင်ရန် မိမိနေထိုင်ရာ (၆)ခန်းတွဲ လိုင်းဘက်သို့ ပြန်လာလိုက်သည်။

ထိုစဉ်က အမှတ်(၇၁)အုပ်သည် တပ်ရန်ပုံငွေနှင့် မိသားစု သက်သာချောင်ချိရေးအတွက် ထုံးဖုတ်ခြင်း၊ ပြောင်းစိုက်၊ ဂျုံး(မျှင်း)စိုက်၊ စပါးစိုက်ခြင်းတို့ဖြင့် တစ်ဖက်တစ်လမ်းမှ တပ်ရင်း ရန်ပုံငွေရှာနေချိန်ဖြစ်၏။ လေတပ်သားတို့မှာ ပရိုင်မာရီဂျော့(ဗ်)ဟု ခေါ်သော မိမိတို့ အဓိကလုပ်ငန်းစဉ်တို့ကို ဝင်နေကြသော်လည်း အားလပ်ရက် အားလပ်ချိန်များတွင် ဆပ်ကင်ရီဂျော့ဗ်ဟု ခေါ် တပ်မိသားစု အိမ်ထောင်သည် (ဖနီး၊ မယား၊ သမီးသား)တို့နှင့်အတူ ပြောင်းစိုက်၊ စပါးစိုက်ကြလေကုန်၏။

စပါးရိတ်ချိန်၊ ချင်းမဖော်ချိန်၊ ပြောင်းချိုးချိန်များတွင်လည်း တစ်တပ်တစ်အား လုပ်အားပေးနေကြရ၍ တပ်ရင်းရန်ပုံငွေ များစွာရကာ နေ့ကျောင်းပိတ်ရက် ရောက်သည့်အခါ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်နိုင်ရန် စီစဉ်ပေးနိုင်တော့၏။

နှစ်တိုင်းလိုလိုပင် ပုဂံဘုရားဖူး ထင်းလေးနှင့် စစ်ကိုင်းကောင်းမှုဘက် မကျန် တပ်ရင်းမှ အကုန်အကျခံလျက် နှစ်စဉ်မပျက် ပို့ဆောင်ပေးနိုင်ခဲ့လေ၏။ ထိုရန်ပုံငွေကတွင် ကျွန်ုပ်တို့ ဇာတ်လမ်းနှင့် အဓိကသက်ဆိုင်သည့် ထုံးဖုတ်လုပ်ငန်းတစ်ခုလည်း အပါအဝင် ဖြစ်ခဲ့ရသည်။

"တပ်မတော်ဆိုတာ စစ်တိုက်တာတစ်ခုထဲ စစ်မှုရေးရာတစ်ခုထဲ လုပ်နေလို့ မပြီးသေးဘူး၊ လိုအပ်လာရင် ပြည်သူ့အဝတ်ဆင်းပြီးတော့ လက်အားပေးနိုင်ရမယ်၊ လောလောဆယ်ဆယ် တို့တပ်ရဲ့ မိသားစုကို ဖြည့်ဆည်းပေးဖို့ တို့တစ်တွေ စိုက်တန်စိုက်၊ မွေးတန်မွေး (ဝက်နှင့် နွား၊ ကြက်)၊ ဖုတ်တန်ဖုတ် (မီးသွေးနှင့် ထုံး)လုပ်ရမယ်၊ ဒါဟာ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ လိုအပ်ချက်လို့လဲ ပြောလို့ရတယ်"

အုပ်မှူး ဒု-ဗိုလ်မှူးကြီးမြင့်မောင်၏ ဩဝါဒလမ်းညွှန်စကားအတိုင်းပင် အမှတ်(၇၁)အုပ် ရေဒါစခန်းသည် အမှတ်(၄)ကျေးရွာအနီးတွင် ထုံးဖိုတည်ကာ လေတပ်သားတို့ကို အလှည့်ကျ တာဝန်ပေးအပ်ခဲ့သည်။ တာဝန်ခံအရာရှိကတော့ ဗိုလ်ကြီးဝင်းကိုပင်ဖြစ်သည်။

ထိုကာလနေ့သည် စနေနေ့ဖြစ်ချေ၍ သိန်းမြိုင်၏သားသုံးယောက်အနက် သားကြီးနှစ်ယောက်တို့မှာ ကျောင်းပိတ်ရက်ဖြစ်ရကား သူနှင့်အတူ ထင်းခုတ်လိုက်ရန် ပူဆာကြလေ၏။

"အဖေ ဒီနေ့ သားတို့ ကျောင်းပိတ်တယ်၊ အဖေနဲ့ တောထဲလိုက်မယ်နော်"

"ဟာ- ငါက ထင်းခုတ်ရဦးမယ်၊ ခုတ်ပြီးပုံထားတဲ့ ထင်းပုံးပွေ့ကိုလည်း ရဲဘော်တွေနဲ့အတူ ကားပေါ် သယ်တင်ရဦးမယ်၊ အလုပ်ရှုပ်သကွာ၊ မလိုက်ခဲ့နဲ့"

သိန်းမြိုင်က စိတ်မရှည်သလို ငြီးငွေ့ပြောဆိုပြီးမှ ညှိုးလျော်ကျသွားသည့် သားတို့မျက်နှာကို မြင်လိုက်ရသည်နှင့် စိတ်တစ်မျိုးပြောင်းကာ -

"အဲ . . အဲ၊ သားတို့ သွားချင်ရင်လည်း မင်းတို့အမေကို ပြောကြည့်ကွာ၊ သူကခေါ်လိုက်ပေးရင်တော့ သားတို့ လိုက်ခဲ့ကြပေါ့"

"ဟေး ပါမှ ဟိုမဖြေ့"

ကလေးတွေ ပျော်နေကြသည်ကို ပီတိမျက်ရည်နှင့်ကြည့်ရင်း သိန်းမြိုင်ပါ ရောပျော်လိုက်မိသည်။ သိန်းမြိုင်တစ်ယောက် ညကမက်သည့် အိပ်မက်ဆိုးတို့ကိုပင် အခိုက်အတန့်မျှ မေ့ထားလိုက်မိသည်။

သို့နှင့် သိန်းမြိုင်တို့လင်မယားနှင့် သားသုံးယောက်တို့သည် မိခင်ထိန်းသိမ်းမှုကို ခံယူရင်း တပျော်တပါး ထင်းတင်မည့် ကားနှင့် ထွက်ဖြစ်ကြသည်။

ပျော်ပွဲစားလည်း ထွက်သည့်သဘောဖြင့် သူတို့မိသားစုသည် ထမင်းချိုင့်၊ ရေဘူးအပြည့်အစုံဖြင့် ကက်ဆက်တစ်လုံးကိုဆွဲကာ မော်တော်ယာဉ်ဌာနသို့ စုဝေးကြလေ၏။

မော်တော်ယာဉ် ဌာနမှာတော့ အတူလိုက်ပါမည့် မယေဟိပ်ရဲဘော်တို့ စုံစုံညီညီရောက်ရှိနေကြချေပြီ။

တပ်ပိတ်ရက်ဖြစ်၍ လေကြောင်းဌာနမှ စစ်သည်မှူးနှင့် ပုံမြှုမ္မေးဌာနမှ စစ်သည်အချို့တို့လည်း လုံခြုံရေးမပျာ ရှိနှင့် ထုံးဖိုတာဝန်ခံ ဗိုလ်ကြီးဝင်းကို မာဝိန်ဖြင့် လိုက်ပါဖြစ်ကြသည်။

ယိုမန္တက သိန်းမြိုင်တို့မိသားစုသည် ကက်ဆက်နှင့်အတူ သီချင်းခေွများလည်း များစွာပါလာကြ၍ ကားစီးရင်း တပျော်တပါး သီချင်းခွေများ ဖွင့်သွားကြသည်။

"ရွှမ်းရိုးမက ဒိုးစည်သံ ×× ဗဟုံကြီးလို့ ညံ ×××"

သီချင်းသံက မြိုင်မြိုင်ဆိုင်ဆိုင် ထွက်မပေါ်နေသလို ထိုနေ့က သူတို့ မိသားစုများ အပျော်လွန်ပြီးမှ ကြေကွဲစရာအဖြစ်ဆိုးနှင့် ကြုံမှုမှာကို လားလားမျှ မသိရှာသေးပါတကား။

တာဝန်ခံ အကြပ်ကြီးအဖြစ် လေကြောင်းဌာနမှ တပ်ကြပ်ကြီးမြေဆအောင်နှင့်အတူ သိန်းမြိုင်အပါအဝင် လေတပ်သား(၈၈)ဦးခန့် လိုက်ပါသည့်အဖွဲ့သည် နံနက်(၇း၃၀)နာရီခန့်တွင် အမှတ်(၇၁)အုပ်မှ ထိုက်ဖတ်ရွာ



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ တရွေ့ရွေ့ထွက်ခွာလာကြ၏။ ကလေးများကတော့ ကက်ဆက်ဖွင့်ရင်း ကားပေါ်မှာပင် ကခုန်လာကြသည်။

"အဖေ၊ ဟိုရောက်ရင် သား ပြော့ ပေါ့ယဲ့မှာ မှက်လိုက်ပစ်မယ် နော်၊ အခုကတည်းက ပြောထားမယ်၊ ဟွင်း . . ဟင်း၊ လောက်မလေးခွတောင် ယူလာခဲ့သေး၊ ဟောဒီမှာ ကြည့်ပါလား"

သားကြီးဖြစ်သူက သူ့ကျောနောက်မှာ ထိုးထားသည့် လေးခွကို နောက်လှည့်ပြရင်း စည်းကုံးရေးယူလိုက်သည်။

"ကိုကို ငှက်ပစ်လို့ ကျလာရင် သားသွားကောက်ပြီး တောထဲမှာပဲ မီးဖုတ်စားမယ်နော်"

အငယ်ကောင်ကပါ ဖယ်ထွန့် ကက်လိုက်သေး။

"ဟဲ . . ဟဲ၊ ငါ့သားနှစ်ကောင် ကတော့ တောထဲတောင် မတိုးရသေးဘူး၊ အတိုင်အဖောက်တွေ ညီလို့ပါလား ဟင်"

ရွှားရှားပါးပါး အားလပ်ခွင့်ရတုန်း ထင်းခုတ်၊ ထင်းတင်ရင်း မိသားစုများပါ အပန်းဖြေ ပျော်ပွဲစားထွက်လာရသည့်အတွက် သိန်းမြိုင်အဖို့ အိပ်မက်ကောက်ကြောင်း အတိတ်နိမိတ်ဆိုးကိုပင် သတိမရချေတော့ပဲ သွားကြီးဖြီးကာ ကလေးတွေနှင့်အတူ ရောပျော်ပစ်လိုက်သည်။

"တောထဲမှာ ငှက်ပစ်ဖို့ချည်း စိတ်စောမနေနဲ့ သား၊ တလောတုန်းက နောင်အိမ်တောထဲမှာ ရှမ်းမုဆိုးတစ်ယောက်ကို စပါးကြီးမြွေမျိုသွားတာ မင်းကြားလိုက်တယ် မှတ်လား၊ စပါးကြီးကောင်က မင်းတို့ လျှောက်သွားနေတဲ့ ခြေရာကို ထောက်ပြီး ညှို့ထားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်နော်"

"အို- အမေကလည်း၊ စပါးကြီးလောက်တော့ အပျော့ပဲ၊ ဒီလောက်လေးခွနဲ့ ပစ်ထည့်လိုက်မှာပေါ့၊ သားမြွေအမျိုးခံပြီး မသေစေရဘူး စိတ်ချ၊ သားလေး အဖေ အမေတို့နဲ့ သေပွဲ ခွဲမနေနိုင်ပါဘူး"

"ဟို အကြီးကောင်နော်၊ အဖေ ကလဲတွေ ဘာတွေ လုပ်မနေနဲ့၊ စပါးကြီးနဲ့တွေ့မှ ဂုတ်တုတ်ခမေ့နေဦးမယ်"

သားအမိနှစ်ဦး ပြောနေသည့် စကားကို နားထောင်ပြီး သိန်းမြိုင်က သဘောကျနေရာမှ သား စကားအပေါ်ပင် ထောက်လိုက်သည်။

စိုးစိုးကြည်က သူ့ကိုသားအဖနှစ်ဦးကို ကြည့်ပြီး ကြည်နူးချမ်းမြေ့စွာ ပြုံးလိုက်မိသည်။

"အင်း ဒီသားအဖတစ်တွေ အတိုင်အဖောက်ကို ညီလို့"

စိုးစိုးကြည်စကားကို အလယ်ကောင်က ထောက်ခံလိုက်သည်။

"ဟုတ်တယ် အမေ၊ ကိုကိုက စပါးကြီးကိုတွေ့ရင် လေးခွနဲ့ ပစ်မယ်တဲ့ ဟာ ဟာ့ ရယ်ရတယ်၊ သားဆို စပါးကြီးမြွေကိုတွေ့တာနဲ့ အဖေ အမေကို့ဆီ တစ်ချိုးတည်း ပြေးလာခဲ့မှာပဲ၊ အဖေ အမေတို့က သားမသေအောင် သားအသက်ကို ကယ်ပေးမှာပဲ မဟုတ်လား ဟင်"

သည်သို့ဖြင့် သိန်းမြိုင်သည် မိသားစုစကားဝိုင်းအပေါ် နှစ်မြိုက်စွာ နာခံရင်း ရွှေကျားပျံ မရွှေဝါ ဆေးပေါ့လိပ်အား ရှိုက်ဖွာလျက် ဟိုက်ဖတ်ရွာဘက်သို့ စတီယာရင်ကိုထိန်းပြီး ကားဆက်မောင်းလိုက်သည်။

"တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်" ဟူသည့် တပ်မတော်အခြေအလာနှင့်အညီ သိန်းမြိုင်မောင်းနှင်လာသည့်ကားသည် ဟိုက်ဖတ်ရွာသို့ရောက်ရှိလာသည်။

အမှန်တကယ် သစ်ပင်လှဲ၊ ထင်းခုတ်၊ ထင်းဖြတ်ရမည့်ရွာက သစ်ပင်ပေါ် တောထူသည့် ဟိုက်ဖတ်အလွန် တစ်မိုင်ကျော်ကျော်ခန့်ရှိ နောင်ဖအိမ်ရွာတွင် ဖြစ်လေရကား ဟိုက်ဖတ်ရွာတွင် ကခဏအောင့်မျှသာ နားလိုက်ကြသည်။

သိန်းမြိုင် မောင်းနှင်လာသည့် တီအီးအလဲဗင်း (TE-11) ကားထဲမှ ရဲဘော်အချို့နှင့် သိန်းမြိုင်၏ဇနီးဖြစ်သူ စိုးစိုးကြည်လည်း သားသုံးယောက်ကို ပါလာသည့်အတွက် တစ်ခုသော ကုန်စုံဆိုင်တစ်ဆိုင်မှာ မုန့်ပဲသရေစာတို့ကို ဆင်းဝယ်လိုက်သည်။

ရှေ့ရည်မှန်းချက် ဖြစ်သည့် နောင်ဖအိမ်ရွာသို့သွားရမည်ဖြစ်၍ နဂိုကပင် စိတ်မြန်တက်၊ စိတ်ဆက်တက်သည့် သိန်းမြိုင်က ကားစက်ကို နှိုးလက်စဖြင့် လှမ်းအော်လိုက်သည်။

"တဲ့-မြန်မြန် ကားပေါ်တက်ကြ၊ အချိန်မရှိဘူး၊ ဒီနေ့ တစ်ခေါက် နှစ်ခေါက်မှ မသယ်နိုင်ရင် မင်းတို့ ကျေးရွာရှင်တွေက ငါ့ကို ပွမ်းနေဦးမယ်၊ ကဲ့ကဲ့ ကြတော့ ထွက်မယ်"

ဇနီးဖြစ်သူ စိုးစိုးကြည်နှင့် မုန့်ဆင်းဝယ်သည့် ရဲဘော်တို့တောင် ကားပေါ်တက်၍ မပြီးသေး၊ သိန်းမြိုင် ကားက ဘီးစရွေ့နေပြီ။ သို့ဖြင့် နောင်ဖအိမ်သူကြီး၏ အိမ်အနီးမှ တောကြီးမျက်မည်းထဲတွင် ကားထိုးရပ်ပြီးသည်နှင့် သိန်းမြိုင်တို့လည်း ကားပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

ပါလာသည့် ငါးမန်းလှဖြင့် သစ်ပင်လှဲသူကလှဲ၊ လဲကျသွားသည့် သစ်ရိုင်းပင်တို့ကို အရွက်သ[illegible] ဖြတ်သူက ဖြတ်၊ ချိုင်သူက[illegible]။ ကောက်စု

www.burmeseclassic.com

www.burmeseclassic.com

သူက စုဖြင့် လျှပ်တစ်ပြက်အတွင်းမှာပင် လေတပ်သားတို့သည် ချွေးတလုံးလုံးဖြင့် ခေါင်းပင် မဖော်နိုင်အောင် အလုပ်ရှုပ်နေကြတော့၏။

ဇနီးဖြစ်သူ စိုးစိုးကြည်နှင့် သားသုံးယောက်တို့ကတော့ တစ်ခုသော ဈောင်မှတ်ဆိတ်ပင်အောက်တွင်နေရာယူရင်း ပါလာသည့် ထမင်းချိုင့်တို့ကို ဖွင့်ကာ တပျော်တပါး ပျော်ပွဲစားထမင်းဝိုင်း တစ်ခုကို ဖန်တီးလိုက်ကြသည်။

ယိုစဉ် လေတပ်သားတို့ သစ်ပင်ခုတ်လှဲသံ၊ ထင်းဖြတ်နေကြသံ ကြား၍လားမဆိုနိုင်။ မနော်ပိပ်ဟိမ်ပ်သူကြီး ဦးစိန္တာသည် သိန်းမြိုင်တို့ရှိရာသို့ မှုမ်းမားရှည်တဝင့်ဝင့်ဖြင့် ခရှ့ရှိဖုံ့နွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ရင်း ရောက်ချလာသည်။

သူကြီးဖြစ်သူ ဦးစိန္တာမှာ ယခင်သိန်းမြိုင် ထင်းဖြတ်လာစဉ်ကတည်းက ခင်မင်ရင်းနှီးရှိထားလေရကား ရောက်ရောက်ချင်းမှာပင် ပရိသန္တာရ စကားဆိုလိုက်လေ၏။

"အိမ်း- ဆရာသိန်းမြိုင်တို့ ရောက်လာကြပလား၊ မြန်မြန်ခုတ်၊ မြန်မြန် ထင်းတိုက်ပြီး မြန်မြန်မြန်ကြပေပေ၊ ခေတ်အခြေအနေက မကောင်းဘူး မှတ်လား၊ မှက်စံအက်စံအေ တော အဖွဲ့တွေက ကျိုင်းတောင်ဘက်ကနေ ဆီဆိုင်၊ မဲနယ်ကောင်ဘက်ကို ဖြတ်ကြမယ်လို့ ကြားယားတယ်။

ဟမလားဟစောင် ထွန်ဒေါ (ကျွန်တော်)တို့ရွာရဲ့ အရှေ့ဘက်မှာ ကျောက်ထုလာတဲ့ အကျဉ်းဦးစီးကားနဲ့ ပက်ပင်းတိုးလို့ ကားကိုမီးရှို့ပြီး အကျဉ်းသားရဲ့ဘက်တွေကို ပစ်သတ်သွားသေးတယ်၊ သူတို့ လှုပ်ရှားအဖွဲ့တွေက မကုန်သေးဘူး၊ ရွာဘေးကဖြတ်မှာမို့ ရွာသားတွေကိုလည်း ထင်းခုတ်၊ မီးသွေးဖုတ်၊ အမဲမလိုက်ကြဖို့ သတိပေးသွားသေးတယ်"

"ဟင်-တောအဖွဲ့တွေ ဖြတ်နေတုန်းပဲလား သူကြီး၊ အကျဉ်းဦးစီးဆိုတာဟို ကျွန်တော်တို့ နမ့်စန် မိန်းမသေတောင်နားက ဘေးမဲ့တောင်အကျဉ်းဦးစီးလား ဦးစိန္တာ"

"အဲ အစစ်ပေါ့ဗျာ၊ အဲဒီတုန်းက အကျဉ်းဦးစီးကားထဲက ရဲဘက်တွေဆိုတာ ခြံလှောင်ပြီးရိုက်သတ်ခံလိုက်ရတဲ့ ကြက်ကလေး ငှက်ကလေးတွေလို သံမြေကျင်း တန်းလန်းနဲ့ သေလိုက်ကြတာ ဟတုံးအရုံးပါပဲဗျာ၊ အင်း သိပ်သနားဖို့ကောင်းတယ်"

ရဲဘော်သိန်းမြိုင်သည် သူကြီးဦးစိန္တာစကားကြောင့် ကျောသဲစိမ့်သလို အကြောက်တရားဖြင့် ခံစားလိုက်ရသည်။

'အင်း ငါတို့ထင်းဖြတ်နေတုန်း ရောက်လာမှဖြင့် ဟုတ်ပေ့ ဖြစ်နေဦးမယ်၊ ဟိုမှာ လူအင်အား လက်နက်အင်အားလည်း မယောက်မလောက်ထားလားရှိတာ မဟုတ်ဘူး၊ ဖြစ်လာရင်တော့ ခံဖက်ကချည်းပဲ'

သည်သို့သော အတွေးပေါက်မိသည်နှင့် သိန်းမြိုင်သည် ခပ်ယှမ်းယှမ်းရှိ ထင်းဖြတ်လက်စ တာဝန်ခံအကြပ်ကြီး ဆရာဒွေးမောင်ဆီသို့ လှမ်းဖော်ပြောလိုက်ရသည်။

"ဗျို့ ဆရာဒွေးအောင်၊ သုတ်သုတ်ကလေးဖြတ်ပြီး ခပ်မြန်မြန် ကားပေါ်တင်လိုက်ကြစို့၊ နောက်တစ်ခေါက်ဟိုက်ဖို့ ကျန်သေးရဲ့မှတ်လား၊ ကျန်တာတွေ ဆရာ့ဟာပည့်တွေကို သက်ပိုထားနိုင်းလိုက်ပေါ့"

"အေး . အေး၊ သိန်းမြိုင်ရေ၊ ကားတစ်စီးစာလောက်တော့ ရပါပြီကွာ၊ မင့်ကားကို ထင်းပုံရှေ့ ဖင်ထိုးထားလိုက်တော့"

ဆရာဒွေးအောင် ပြောအပြီး သိန်းမြိုင်လည်း စောစောပိုင်းကမှ သတိပေးသွားသည့် သူကြီးစကားကို အမှတ်ရလာသည်နှင့် အဆောတလျင် သူ့ကားကို သစ်ပုံရှိရာသို့ ဖင်ထိုးလိုက်သည်။

ဇနီးဖြစ်သူ စိုးစိုးကြည်နှင့် သားသုံးယောက်တို့လည်း အရိပ်ကောင်းသည့် ဈောင်မှတ်ဆိတ်ပင်အောက်မှာ အမြိုက်သား နေရာယူကာ ထမင်းစားနေကြဆဲ။

လေတပ်သားရဲဘော်အချို့တို့မှာ အမှတ်(၄)တိုးဖို့တွင် အဆိုပါ ကိုးထင်းကိုကို ချပေးရမည်ဖြစ်၍ သိန်းမြိုင်မောင်းသည့် TE-11 ကားနှင့်ပင် ဖြတ်တောက်ယားသည့် ထင်းလုံးတို့ကို တင်ဆောင်ပြီးသကာလ အမှတ်(၇၁)အဝိုင်ကိုးဖို့သို့ ဦးဆုံးအခေါက်အဖြစ် ပို့ရန်ထွက်သွားကြသည်။

ကျန်နေသူများကတော့ ထင်းလှဲထင်းဖြတ်ခြင်းအမှုကို မြူလျက် ကျန်ခနေရစ်သည်။

ပထမ ကစ်ခေါက်တော့ဖြင့် မဖောင်မြင်စွာ ပြီးဆုံးသွားချေပြီ။

နောက်ချန် အဖွဲ့တို့မှာလည်း ဖြတ်လက်စထင်းတို့နှင့် မလောက်ငှသေးသည့်ထင်းအတွက် သစ်ရှိင်းပင် အချို့တို့ကို ခုတ်လှဲနေကြမြန်၏။

အမှတ်(၇၁)အုပ် တိုးဖို့(နမ့်စန်မြို့အသွား အမှတ်(၄)ရွာနဘေးကားလမ်းအနီးတွင်ရှိသည်)မှာ မနောင်ဟိမ်ရွာနှင့်ဆိုလျှင် သိပ်မဝေးရကား စိတ်မြန်လက်မြန်သမား သိန်းမြိုင်အမြင်း[illegible]နှင်လိုက်၍ ခဏချင်းပင် [illegible]ဟိမ်တောသို့ ပြန်ရောက်[illegible]သည်။


www.burmeseclassic.com

www.burmeseclassic.com

တစ်စစဖြင့် အချိန်မှာ ညနေ ငါး နာရီခန့်ပင် ရှိချေပြီ။

"ကဲ . . ကဲ၊ အမြန်တင်ကြမယ်၊ မှောင်သွားရင် ဒီလမ်းခရီးက ကား မောင်းလို့ သိပ်မကောင်းတော့ဘူး"

သိန်းမြိုင်သည် မောစောကမှ ကြားထားသည့် သူကြီးမဟားကြောင့် မိမိရဲဘော်တို့ ကြောက်နေမည်စိုး၍ စကားမဖွဲတော့ဘဲ တိုတိုတုတ်တုတ်ပင် ဆော်ဩလိုက်သည်။

သို့ဖြင့် ဒုတိယမှာပေါက် သို့ တည်းမဟုတ် နောက်ဆုံးအခေါက်သည် သိန်းမြိုင်ကိုက်တွန်းလိုက်သည့်အတိုင်း သစ်တင်ခြင်းကိစ္စတို့ဖြင့် မဆောလျင်စွာ ပြီးဆုံးသွားချေ၏။

ဟိုက်ဖက်ရွာသို့အဝင် ကမ္ဘာ့ဖ လှိုင်း ဆီစက်နှင့် ဟုန်စုံပိုင်ရှင် ဦးစိုင်း ဝဏ္ဏ ဆိုင်ရှေ့မှာ ခဲကောမျှရဂ်ပြီးလျှင် ဟပ်၏မှာကြားချက်အရ မြေပဲဆီ နှစ် ပီပါအား တင်လိုက်ကြ၏။ ပါလာသည့် အဖွဲ့သားများကတော့ မာင်ထားသည့် သစ်လုံးများနှင့် ဆီပီပါကို့အပေါ် တိုင် လျက် နေရာယူလိုက်ကြ၏။

ကားထွက်ခါနီးကျမှ သိန်းမြိုင် မောင်းသည့်ကားသည် စက်နိုး၍မရ တော့။ ဝန်နှင့် အားမမျှ၍ဖြစ်ပေမည်။

သို့ကြောင့် သိန်းမြိုင်လည်း ပါ လာသည့် ထိုးထိုးထောင်ထောင် သစ် လုံးရှည်တို့အား ဦးစိုင်းဝဏ္ဏဆိုင်ရှေ့ ဘေးတက်ခပ်ကျကျတွင် လူအားသုံးပြီး ဆွဲချရပြန်သည်။

"ဗျို့ ဦးစိုင်း ကားဝိတ်လေးနေ လို့ သစ်လုံးတွေကို ခဏချထားခဲ့မယ် နော်၊ နောက်တစ်ခေါက်မှ ကျွန်တော်တို့ လာသယ်ကြမယ်ဗျို့၊ သွားပြီ"

သိန်းမြိုင်သည် သူ့ဝသီအတိုင်း ရွှေကျားပုံဆေးပေါ့လိပ် ခဲလက်စဖြင့် ဦးစိုင်းအား လှမ်းအော်ပြောပြီးသည်နှင့် မဆိုင်းမတွမှာပင် ဦးစိုင်း အဖြေကို စောင့်မနေတော့ပဲ ဝူးခနဲ ကားစက်နိုး ထွက်လိုက်၏။

သည်တစ်ခါတော့ ကားအင်ဂျင် စက်သည် ဝန်ပေါ့လာ၍ထင့်။ လျော့ လျော့လျှူလျှူပင် တာမှတ္တတ်လိုက်သည့် ပြိုင်မြင်းပမာ ဒုန်းစိုင်းထွက်လိုက်နိုင် တော့သည်။

အမှတ်မထင် ဦးစိုင်းဝဏ္ဏအား နောက်တစ်ခေါက်မှ လာသယ်မယ် မယ်ဗျို့ ဆိုသည့်နှုတ်ဆက်စကားအား ပြောသွားပေးသည့် သိန်းမြိုင်ဆိုသည့် ယာဉ်မောင်းရဲဘော်လေးသည် ထိုစဉ် ခါက သူ၏ နောက်ဆုံးခရီးဖြစ်မှန်း မသိ သွားခဲ့ရှာပါတကား။

အပြန်ခရီးအဖြစ် ကားပေါင်းထဲ တွင် ယာဉ်မောင်းသိန်းမြိုင်၊ ဇနီးစိုးစိုး ကြည်နှင့်အတူ ဟိုင်းဂီ(။ ၂)အဖြစ် လိုက် ပါလာသည့် ဆရာငွေနအောင်တို့က နေရာယူကာ စီးနင်းလိုက်ပါလာကြခြင်း ဖြစ်သည်။

နောက်ခန်းမှာတော့ သစ်ခုက်၊ သစ်တင်ရဲဘော်တို့နှင့် အဖွဲ့ကျနေပြီဖြစ် သည့် သိန်းမြိုင်၏ သားသုံးယောက်တို့ က ရဲဘော်ပို့၏ပေါင်ပေါ်တွင်ထိုင်ရင်း အပူအပင်မရှိ စီးမျောလိုက်ပါလာကြ သည်။

သားသုံးယောက် တို့သည်လည်း ကလေးပီပီ လမ်းတစ်လျှောက် သစ်ပင် ထက်မှာ နားခိုနေသည့် ငှက်တို့အား လောက်လေးခွကိုယ်စီဖြင့် ကားပေါ်မှ ပင် လှမ်းပစ်နေချေသေး။

တီအီးအလဲဗင်းကားမှာ သစ် တုံးရှည်များ မရှိတော့၍ ချောင်ချိနေ ပြီဖြစ်ရကား နောက်ခန်းတွင် ပါလာ သည့် ရဲဘော်တို့သည် ယခင်ကလို အမြင့်ပိုင်းတွင် မထိုင်ဖြစ်တော့ဘဲ ကား ဝမ်းဗိုက်အတွင်းပိုင်း ခပ်နိမ့်နိမ့်မှာပင် နေရာယူဖြစ်လိုက်သည်။

ဒါသည်ပင်လျှင် နောင်ဖြစ်ပျက် သွားသည့် ဖြစ်စဉ်အတွက် ကံကြမ္မာက မဆိုစလောက်ကလေး ပံ့ပိုးပေးလေ သလားဟု တွေးစရာဖြစ်ခဲ့သည်။

✿

## မအောက်မေ့ တိုက်ပွဲဖြစ်စဉ်

ညီအစ်ကို မသိတသိ အချိန်။ ဆည်းဆာနေရောင် ပုစွန်ဆီမှော့မှော့ သိကရိရိပ်တောက်မှာ ဟိပ်မက်ခရီးစဉ် ကစ်ခုပမာ တရွေ့ရွေ့တလိမ့်လိမ့်ဖြင့် တီအီးအလဲပင်းကားကလေး ထွက်ခွာ လာပါပြီ။

ဟိုက်ဖက်ရွာအထွက် တစ်မိုင်ခွဲ ခန့်ရှိ ခေါ်ရခါးရဲရွာသို့ တငြိမ့်ငြိမ့် တဖိဖိဖြင့် ဖြတ်ကျော်လာသည်မှာ ခုခိုလျှင် ကျောက်တောင်ကွေ့သို့ပင် ရောက်ရှိလာပါသည်။

ထိုစဉ် စစ်စိမ်းယူနီဖောင်းလိုလို ဝတ်ထားသူတစ်ဦးသည် ကားလမ်းမ ပေါ်သို့ ရုတ်ခြည်းထွက်လာကာ လက် ကားယား ခြေကားယားပြလျက် ကားကို တားသည်။ သည်လမ်း သည်ခရီးမှာ အန္တရာယ်ကို ဖိတ်ခေါ်လျက် စွန့်စွန့် စားစားထွက်ကြသည်မို့ သိန်းမြိုင်၏ ဆဋ္ဌမအာရုံမှာ နိုးကြားတက်ကြွလာ သည်နှင့်အမျှ လမ်းဘေးသို့ ချက်ချင်း ဆိုသလို အကြည့်ရောက်သွားတော့၏။

"လား လား အစိမ်းဝတ်ယူနီ ဖောင်းတွေနဲ့ သေနတ်ကိုင်ပြီး စောင့် နေကြတာ မနည်းမနောပါပဲလား"

(နောက်လ ဖတ်သိမ်း)

ညိုရောင်

□

www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ် မိုးရာသီကာလတွင် သစ်ပင်ရွှေ့စိုက်သူများအတွက် နည်းကောင်းတစ်ခုကို လက်ဆောင်ပေးလိုက်မါမည်။ ဖတ်ကောင်းစေရန်အတွက် ဇာတ်လမ်းတစ်ခုပမာ ရေးထားပါသည်။

တစ်နေ့သော် ကျွန်ုပ်မိတ်ဆွေကြီး ကိုလွှယ်အိတ်သည် ပိန္နဲသီးကြီးတစ်လုံးကို ထမ်းလျက် ရောက်လာ၏။ လက်တစ်ဖက်ကလည်း အရိုးရှည်ထီးအနက်ကြီးကို ကိုင်ထားရသည်ဖြစ်၍ ကြည့်ရသည်မှာ မနိုင်မနင်းရှိလှ၏။ ကျွန်ုပ်ထံသို့ မကြာခဏဆိုသလို ရောက်တတ်ပါသည်။ ရောက်တိုင်း၊ လာတိုင်းမှာလည်း ခြံထွက်အသီးအနှံ လက်ဆောင်များ ပါလာတတ်၏။

သုံးခွမြို့မှ လှိုင်ယာယာသို့ လာရသည့်ခရီးကား မဝေးလှပါ။ မှာကူးတက သယ်ဆောင်လာတတ်သော ဓမ္မာနာကား မဝေးလှပါ။ ကျွန်ုပ်သည်လည်း သူ့အပေါ်ထား ယောဖကာနာကို ကြီးအောင် လုပ်မှုကတ်သင့်ပေမည်။

မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးပေတည်း။ ဆွေရိပ် မျိုးရိပ်ကား အေးချမ်းလှပေ၏။

ကျွန်ုပ်သည် ထိုင်ရာမှထ၍ ကိုလွှယ်အိတ် ပခုံးပေါ်မှ ပိန္နဲသီးကို ကူ၍ချပေး၏။ ကိုလွှယ်အိတ်ကို ရေခပ်၍တိုက်၏။ သူ၏လက်ထဲမှ ထီးကိုယူ၍ နေရာတွင် ချိတ်ထားပေး၏။

ကိုလွှယ်အိတ်သည် ရောက်မဆိုက်ပင် ဆိုလာ၏။

"ဆရာသမားကို တိုင်ပင်ရဦးမယ်ဗျ၊ ကျွန်တော့်အိမ်ရှေ့က ခအောင်းရေကြည်ပင်ကို အခုမိုးတွင်းမှာ ရွှေ့ဖို့ရှိတယ်ဗျ၊ ဆေးဖက်ဝင်တဲ့အပင်မို့ သေမှာစိုးတယ်ဗျာ။

အဲဒါ နည်းလမ်းကောင်းများရှိရင် တောင်းဖို့လာခဲ့တာပဲဗျ"

ကိုလွှယ်အိတ်သည် ဒါးကြားတွင် ညှပ်ထားသော လက်ကိုင်ပဝါဖြင့် မျက်နှာနှင့်ကုပ်ပိုးမှ ချွေးများကို သုတ်လျက် ပြောနေ၏။



ကြည်မြင်းစံ

(အောင်မြေသာယာ)

# မိုးရာသီသစ်ပင်ရွှေ့နည်း ဘူမိနက်သန်ရှာမှ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် အကြံအောင်ပါပြီ။ ကိုလွယ်အိတ်အတွက် အခန့်သင့်လှသော သစ်ပင်ရွှေ့နည်းကောင်းတစ်ခု ကျွန်ုပ်၌ ရှိနှင့်နေပြီးဖြစ်၏။ ထိုနည်းမှာ ဘာမျှမခက်ပါ။ ဘူမိနက်သန် နေရာမှန်သာလျှင် ဖြစ်ပါသည်။

ကိုလွယ်အိတ် အိမ်ရှေ့မှ ခအောင်းရေကြည်ပင်သည် ပေါက်လုံးသာသာလျှ ရှိပါသေးသည်။ ထို့ထက်မျှမကသော အပင်ကြီးများပင် ဤနည်းကိုသုံးစွဲ၍ ရွှေ့ပြောင်းစိုက်ပါက ရှင်နိုင်ပါသည်။

သာမန်အမြင်ဖြင့် ကြည့်သော် ဘာမှမထူးဘူးဟု ထင် ကောင်းထင်နိုင်ပါသည်။ ထိုသို့မဟုတ်ပါက မိမိတန်ဖိုးထား သော သစ်ပင်ကိုသာမဟုတ်ပါ။ သက်ရှိ သက်မဲ့ မာရာဝတ္ထု စသည်တို့ကို မူလအတိုင်း ရှိစေချင်ကြပါမည်။

စာရှုသူ စဉ်းစားကြည့်ပါ။

မြွေးကြီးမှ လက်ပေးမသင်နဲ့ဟု ဆိုရိုးစကားရှိပါသည်။ အရွယ်ရင့်သောကြောင့် အသင်ရခက်သည့် သဘောကို ပေါ်လွင်စေသော စကားဖြစ်ပါသည်။

သစ်ပင်၊ ပန်းပင်တို့သည်လည်း အရွယ်အသက်နုစဉ်၌သာ ရွှေ့ကောင်းပါသည်။

အရွယ်ရင့်သောအခါ နှစ်ရှည်လများ ထိုနေရာ၌ အမြစ်တွယ်၍ မြေ၊ လေ၊ နေ၊ ရေ ဟူသော ဓာတ်ကြီးလေးပါးတို့ ကို ခံယူစားသုံးနေတတ်ပြီ ဖြစ်နေ၏။ တစ်နည်းဆိုရသော် အားလုံးသော အကျင့်တို့ ရနေပြီဖြစ်၏။ ထိုအကျင့်ကို ရုတ် တရက် ပြောင်းလဲခြင်းခံရသော သစ်ပင်သည် အခန့်မသင့် လျှင် သေတတ်၏။ တန်ဖိုးကြီးလျှင် ကြီးသရွေ့ ဆုံးရှုံးရလေ ၏။

ယခု ကျွန်ုပ်မိတ်ဆွေ ကိုလွယ်အိတ်သည် ဆေးဖက် ဝင်သော ခအောင်းရေကြည်ပင်ကို အိမ်ရှေ့၌ စိုက်ထားခဲ့၏။ အပင်ကြီးလာသောအခါ အိမ်နှင့် မလွတ်မကင်းဖြစ်လာ၏။ ထိုအခါ ၎င်းအပင်ကို ရွှေ့ရပေတော့မည်။ သူလည်း သူ နှစ်သက်၍ စိုက်ထားသော အပင်ကို သေမည်စိုးနေ၏။

တကယ်တော့ ကိုလွယ်အိတ်သည် ဥယျာဉ်၊ ခြံ၊ မြေ စိုက်ပျိုး၍ စီးပွားရှာနေသောသူဖြစ်၏။ သူကိုယ်တိုင်လည်း သစ်ပင်ကြီးငယ်တို့ကို ရွှေ့ပြောင်းစိုက်ဖူး၏။ အခန့်မသင့်လျှင် သေတတ်သည့် အတွေ့အကြုံရှိနေ၏။

ထိုသို့ မဖြစ်လိုသောကြောင့်သာ ကျွန်ုပ်အား အကူ အညီတောင်းခြင်း ဖြစ်ပါသည်။ ကျွန်ုပ် ကိုလွယ်အိတ်အား အသေအချာ ပြောပြလေ၏။

ဦးစွာပထမ မိမိရွှေ့လိုသော သစ်ပင်၏ အရပ်လေး မျက်နှာကို မှတ်သားရမည်။ သစ်ပင်၏ဟန်ပန်အနေအထား အစောင်းအတည့်တို့ကို မှတ်သားရမည်။ အရပ်လေးမျက်နှာ သို့ မျက်နေသော အတိုင်း၊ အခက်တို့သည် ရွှေ့စိုက်သော နေရာတွင် ထိုအတိုင်း ရှိရပါမည်။ စောင်းလျှင်လည်း ယို အစောင်းအတိုင်း ပြန်ထားပေးပါ။ အပင်နုပါက တည့်ပေးနိုင် ပါသည်။

အပင်အောက်ခြေမှ မြေများကိုလည်း သွားနေရာနှင့် သူ ပြန်ထားပေးနိုင်အောင် အမှတ်အသားပြု၍ သယ်ယူပြီး ဖို့ပေးရပါမည်။ ရေသောက်မြစ်နှင့် ခြေမြစ်လက်တက်များကို များများပါအောင် တူးဖော်ရပါမည်။ ဇမြအစိုဓာတ်၊ ရာသီ အစိုဓာတ်များသော မိုးရာသီကို ဦးစားပေး၍ ရွှေ့သင့်ပါ သည်။

ဤနည်းမှာ သဘာဝအတိုင်း ရှိနှင့်နေသော သစ်ပင်ကို သဘာဝအတိုင်း အသေးစိတ် ပုံတူကူးခြင်း ဖြစ်ပါသည်။ နံနက်စောစော (သို့မဟုတ်) ညနေပိုင်းများတွင် အပြီးလုပ် ဆောင်သင့်ပါသည်။

သစ်ပင်ချစ်သူတိုင်း အောင်မြင်စွာ ရွှေ့ပြောင်းနိုင် ပါစေ။

**ကြည်မင်းစံ(အောင်မြေသာယာ)**

❑



www.burmeseclassic.com

www.burmeseclassic.com



# ဗီယက်နမ်မြောက်ပိုင်းခရီး တမ်းကောလှေဆိပ်၊

## ဟနွိုင်းမြို့တော်က ရေပေါ်ရုပ်သေးနှင့် ဟင်းပွဲနှစ်ရာညစာ

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ဗီယက်နမ်နိုင်ငံကို ဒုတိယအကြိမ်မြောက် အလည်အပတ်ထွက်ခဲ့တဲ့ ဒီခရီးစဉ်မှာ ဗီယက်နမ်မြောက်ပိုင်း ဟနွိုင်းမြို့တော်က (Flower Garden) ဟိုတယ်ရဲ့ ကိုးထပ်မှာ တစ်ညတည်းခိုခဲ့ရပါပြီ။ တစ်ခန်းလုံးမှာ တစ်ယောက်တည်း သီးသန့်နေခွင့်ရခဲ့တာမို့ လွတ်လွတ်လပ်လပ်ပဲ အိပ်စက်နိုင်ခဲ့ပါတယ်။

မနေ့ညကလည်း ဟနွိုင်းရောက်ရောက်ချင်းမှာပဲ ဈေးဝယ်သန်တဲ့ ကိုယ်တို့မြန်မာတွေဟာ ဈေးရှိရာအနံ့ခံပြီး ဟိုတယ်နဲ့ မဝေးလှတဲ့ (Dong Xuan Market)က ညဈေးကို အပြေးအလွှား သွားခဲ့ကြပါသေးတယ်။ ဈေးပတ်ရတာကလည်း လူရှောင်ရ ပစ္စည်းရှာရ၊ ဈေးမေးပြ ဆစ်ရ ဖေါက်တဲ့ ဖေါက်ပြန်သွားရနဲ့မို့ မောတော်ပင်ပန်းခဲ့ပါတယ်။ ဒါပေမဲ့ ဗီယက်နမ်တောင်ပိုင်းက ဟိုချီမင်းစီးတီး ပေါ် ဆိုင်ဂုံမှာလို တော့ ညလုံးပေါက်နီးပါး စည်ကားနေတဲ့ဈေး မဟုတ်ပါဘူး။ နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းမင်က ကွန်မြူနစ်နယ်မြေဖြစ်တာမို့ ဟနွိုင်းမြို့တော်ဟာ ဆိုင်ဂုံလို မီးလင်းလုနီးပါးအထိ စည်ကားနေတဲ့ "မအိပ်တဲ့မြို့" မဟုတ်လေတော့ ၁၂ နာရီ နီးတာနဲ့ လူခြေတိတ်လာပါတယ်။ ညဈေးကနေ ဟိုတယ်ကို လမ်းလျှောက်ပြန်ခဲ့ပြီး မောမောနဲ့ အိပ်ပစ်လိုက်မိပါတယ်။

မအိပ်ခင်နေ မာသက်ရှည်ဆိုတဲ့ ငံဆောင်ပုဗ်နဲ့ မာဖိုင် မာမနေနည်းစွာ တစ်ဆက်လုံး နေထိုင်ခဲ့တဲ့ ကိုယ်ကတော့ ဟေးဟီးအနှောင့်အယှက်ကင်းတဲ့ တစ်ယောက်ခန်းမှာ အိပ်ခဲ့ရပေမယ့်လည်း ဟိုတယ်က အိပ်ရာထဖို့ သတိပေးရင်းနှိုးတဲ့ (Morning Call) ပေါ်မရောမလိုဘဲ မနက်စောစော နိုးလာခဲ့ပါတယ်။

**ခရီးစဉ် ဒုတိယနေ့ (၃. ၃. ၁၇) တနင်္ဂနွေနေ့**
**ဟနွိုင်းမှ နင်ဘင်းသို့**

မနက်စောစောနိုးတာနဲ့ မရေချိုး အဝတ်အစားလဲပြီး အနည်းငယ် ချမ်းအေးတာမို့ အေးတဲ့အရပ်ရောက်တုန်း ချမ်းချင်ယောင်ဆောင်ကာ ကိုရီးယားမင်းသားတွေလို ရှိုးလည်းထုတ်ကြည့်ချင်တာမို့ ရန်ကုန်မှာ ဘယ်လိုမှဝတ်ဖို့ အခွင့်အလမ်းမရှိခဲ့တဲ့ လည်စည်းကိုပတ်ကာ လမ်းထွက်လျှောက်ဖို့ ဟိုတယ်ရဲ့အောက်ထပ်ကို ဆင်းခဲ့ပါတယ်။

ဟိုတယ်ရှေ့လမ်းကနေ သတ်သတ်မှတ်မှတ် လမ်းမမှားရအောင် မှတ်ပြီး လမ်းလျှောက်ထွက်ခဲ့တယ်။ လမ်းထိပ်





ဟနွိုင်းမြို့တော်က ပန်းအလှဆင်မြင်ကွင်းများ

မှာ သီးနှံနဲ့ အသားငါးတွေရောင်းတဲ့ စည်ပင်သာယာဈေးလေး ရှိပါတယ်။ ကိုလိုနီခေတ်က ကတ်တပ်ဈေးရုံတွေအတိုင်း ရှိနေတာမို့ စိတ်ဝင်စားသွားတယ်။ ဈေးပတ်လည် မာမြင့်ဆက်က လမ်းဘေးမှာတော့ အသီးအနှံရောင်းတဲ့ အဘွားအိုယည်းမလေးတွေနဲ့ စည်ကားလို့ပါ။

ဈေးထဲက ငါးတန်းကိုလည်း ဝင်ကြည့်ခဲ့ပါသေးတယ်။ ပင်လယ်နဲ့နီးတဲ့ ဗီယက်နမ်နိုင်ငံဖြစ်လို့ ပင်လယ်စာတွေ၊ ငါးပုစွန်တွေပေါသလို စိုက်ပျိုးမြေလည်း အောင်မြင်တဲ့နိုင်ငံမို့ အသီးအနှံတွေကလည်း ကြီးမားထွားကျိုင်း လတ်ဆတ်လှပါတယ်။

ဈေးသွားဈေးလာလူတွေ၊ ဈေးသည်တွေရဲ့ ရုပ်ရည်နဲ့ အသွင်အပြင်တွေဟာ ဆံပင်အရောင်၊ အသားအရောင်ကအစ မြန်မာတွေနဲ့ ဘာမှမခြားလှတာမို့ ကိုယ့်နိုင်ငံ ရန်ကုန် အင်းစိန်ဖြိုက မနက်ဈေးလေးကို ရောက်နေရသလိုပါပဲ။

ဈေးအပြင်တန်းမှာတော့ ပန်းဆိုင်လေး ရလေးငါးဆိုင်ကို တွေ့လိုက်ရတယ်။ Nice Smile ဆိုတဲ့ ပန်းအလှပြင်ဆိုင်မှာတော့ စောစောစီးစီးလည်း ပန်းခြင်းတွေ၊ ပန်းအိုးတွေ အလှထိုးပြီး အသင့်ဖြစ်နေတာတွေ့လိုက်ရလို့ စိတ်ဝင်စားစွာ

www.burmeseclassic.com

www.burmeseclassic.com




ဟနွိုင်းမြို့တော်က မျိုးနွယ်စု ပြတိုက်




ဟန်နွိုင်းမြို့တော်က နန်းတော်ခံတပ်ဟောင်း

မှာယ်ပုံရိုက်မိပါတယ်။ ဗီယက်နမ်တွေက ပန်းအလှဆင်ပညာမှာ တော်တော်ချွန်ကြတယ်လေ။

လက်ဖက်ရည်ဆိုင်တွေကော့ ကိုယ်တို့ဆီမှာလို မများလှပါဘူး။ မနက်စောစော ကော်ဖီဖျော်ရည်ဆိုင်မှာ အေးအေးဆေးဆေး ထိုင်နေကြတာမျိုးလည်း မတွေ့ရသလောက်ပါပဲ။ တစ်နေရာမှာတော့ ပြင်သစ်ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ ဗီယက်နမ်မို့ ပြင်သစ်အမည် La Camellia နဲ့ ဆိုင်တစ်ဆိုင်ရဲ့ဆိုင်းဘုတ်ကို တွေ့လိုက်ရပါတယ်။

မိုင်ဒယ်ရွှေမှာတော့ သစ်သီးအထမ်းသည်မလေးတွေ ရောက်မှနေပြီး သူတို့ရဲ့ သစ်သီးဆိုင်းထမ်းကိုထမ်းပြီး ဓာတ်ပုံရိုက်ခိုင်း သူတို့သစ်သီးတွေ ဝယ်ယူအားပေးဖို့လည်း လက်ဟန်ခြေဟန်နဲ့ ပြောနေကြရဲ့။ နိုင်ငံခြားသူတွေနဲ့ ကိုယ်တို့ အဖွဲ့ထဲက အချို့ရှိုးသည်တွေလည်း အဲဒီယာဉ်အမှတ်ရ ပွဲစ်ကျွေးနေရင်းနဲ့ အမှတ်တရဓာတ်ပုံရိုက်နေကြပါသေးတယ်။

ကိုယ်တို့လည်း လမ်းလျှောက်ရာက ပြန်လှည့်လာခဲ့ပြီး တည်းခိုရာ ဟိုတယ်ကို ပြန်ရောက်တော့ ၁၀ နာရီမှာ မနက်စာ စားလိုက်ပါတယ်။ ဗီယက်နမ် အစားအသောက်တွေဟာ ကိုယ်တို့အတွက်တော့ ခံတွင်းကိုမှာဆောင်မပြတာမို့ ဖောဖောပါပဲ စားနိုင်ပါတယ်။ ခရီးသွားတွေ့မှ အားရပါးရ စားရတာလေ။

မနက်စာစားပြီးတဲ့အခါ ဒီညလည်း ဒီဟိုတယ်မှာပဲ ပြန်တည်းရမှာမို့ ပစ္စည်းတွေ သိမ်းဆည်းစရာမလိုဘဲ ဟန်နွိုင်းမြို့တော်ကနေ ကီလိုမီတာ ၁၀၀ ဝေးကွာတဲ့ နင်ဘင်ပြည်နယ် (Ninh Binh province) ဘက်က တမ်ကော့ (Tam Coc) မှာရှိတဲ့ တောင်နဲ့ ရွာတစ်ရွာကိုလည်ပတ်ခဲ့ကြတယ်။

ဒေသခံလမ်းညွှန်မလေး လန်က ပတ္တမြားမမျက် သူ့ပရိုနိုင်ငံအကြောင်းတွေ တတွတ်တွတ် ပြောပြလာပါတယ်။ ဗီယက်နမ်မှာ ခရိုင် ၆၄ ခုရှိပြီး ဟန်နွိုင်းခရိုင်ထဲကို အခြားခရိုင်တစ်ခု ပေါင်းထည့်လိုက်လို့ ခရိုင် ၆၃ ခုသာရှိတော့သတဲ့။ ဗီယက်နမ်အစိုးရဟာ အဲဒီခရိုင်တွေမှာ ဖိုးဟိုသိပ္ပံ အညီ ဆောက်ပေးနေတဲ့အပြင် မော်တော်ကားတင်သွင်းခွင့်ကိုလည်း အပြတ်ခွင့်မကောက်ခံသေးဘဲ လွတ်လွတ်လပ်လပ် လွှတ်ထားတော့ တိုင်းပြည်စည်ပင်ဖွံ့ဖြိုးပြီး လူနေမှုအဆင့်တွေ တိုးတက်အောင် လုပ်ဆောင်ပေးနေတယ်လို့ ပြောပါတယ်။

ဟန္နိုင်းမြို့ထဲ တစ်နေရာမှာတော့ ပျော်တော်ရပ်နေတဲ့ လီနင်ရုပ်တုကြီးရှိနေတဲ့ ပန်းခြံတစ်ခုကို တွေ့ခဲ့ရတယ်။ ဟိုဗယ်အထက်တန်းကျောင်းသားဘဝတုန်းက လီနင်နှစ်တစ်ရာပြည့်ပွဲအတွက် မြန်မာကဗျာဆရာတစ်ရာရဲ့ ကဗျာမှုဒ်တစ်ရာကို ဖိတ်ခေါ်ပြိုင်ပွဲလုပ်ပြီး သတင်းစာက ဟောမ်းဆိုလို့ ပို့ပေးခဲ့ဖူးတယ်။ ကဗျာဆရာတစ်ယောက်ကို တစ်ပုဒ်ပဲ ပို့ရမယ်ဆိုလို့ အပုဒ်များများပါရအောင် ကလောင်အမည်ခွဲနဲ့ပါ တလေးအစတွေးနဲ့ အကြံအဖန်လုပ်ပြီး ပို့လိုက်မိတော့ ကဗျာနှစ်ပုဒ်တောင် အရွေးခံရပါတယ်။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်ရဲ့ "ရွှေတူဂျာနယ်" ကနေ သခင်တင်တို့ ဦးစီးထုတ်ဝေပေးတဲ့ ကဗျာပေါင်းချုပ် စာအုပ်ပါ။ အဲဒီကဗျာလေးတွေရေးဖို့ လီနင့်ဘဝအကြောင်းတွေ ရှာဖတ်ခဲ့ရတယ်။ စိတ်ထဲမှာ စွဲနေတာကတော့ ပေထရိုဂရက်မြို့တော်က တံတားတစ်စင်းပေါ်မှာ လီနင်ခြေကျွင်ချော်ပြီး ပြုတ်ကျခဲ့တဲ့အကြောင်းပါ။ ပြည်သူတွေနဲ့ အလှမ်းမကွာဘဲ ဆင်ခွယ်နန်းပေါ်မှာ တစ်ထီးတစ်နန်းမဖြစ်ခဲ့ဘဲ နိမ့်နိမ့်သားသား လီနင်နေထိုင်ခဲ့ပုံကို ဖော်ပြတာဖြစ်တဲ့ အဲဒီ အကြောင်းလေးကိုပဲ ကဗျာတစ်ပုဒ်မှာ ထည့်ရေးခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com

ဗီယက်နမ်နိုင်ငံမှာ တိုက်အိမ်တွေဟာ နေရာကျဉ်းပြီး ရှည်မျောမျောဖြစ်နေရတဲ့ အကြောင်းကို ဒေသခံလမ်းညွှန် ဗီယက်နမ်မလေး လန်(Lan)က သူ့ Bob ကေဆံပင်ပုံလေး တခါခါနဲ့ ရှင်းပြပါတယ်။ စတုရန်းတစ်မီတာ သုံးပေပတ်လည် လောက်မြေကို အမေရိကန်ဒေါ်လာငွေ ငါးသိန်းလောက် ရှိတာမို့ ဒီဗီယက်နမ်မှာလည်း နယူးယော့မြို့ကြီးလိုပဲ အိမ်-ခြံ-မြေ ဈေးတွေက ခေါင်ခိုက်အောင် ကြီးလွန်းလှသတဲ့။

ဆိုင်ကယ်တွေ များပြားလွန်းတဲ့ ဗီယက်နမ်လမ်းမ တွေဟာ ဒီနေ့တော့ တနင်္ဂနွေနေ့မို့ လမ်းသိပ်မကျပ်လှပါဘူး။ ဗီယက်နမ်မှာ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးစည်ပင်လာလို့ အရင်နှစ်က ထိုင်းလူမျိုးတွေ ၄. ၆ သန်းလောက်ဝင်ရောက်ပြီး လည်ပတ်ဖို့လာကြပေမယ့် ဒီနှစ်မှာ ၁၀ သန်းလောက်တောင် လာလည်ကြသတဲ့။

အင်ဒိုချိုင်းနား (Indo China) ဆိုတာ ဗီယက်နမ်၊ လာအိုနဲ့ ကမ္ဘောဒီးယားကို ခေါ်တာလို့လည်း "လန်"ကဆက်လက် ပြောပြနေပါတယ်။ ဗီယက်နမ်တွေဟာ ပြင်သစ်ကိုလိုနီဘဝ ကနေ လွတ်မြောက်ဖို့ တောတွေ တောင်တွေထဲမှာ ကိုးနှစ် လောက် ပုန်းအောင်းပြီး ခုခံခဲ့ရတယ်။ ဒဲဗီယန်ဖူးမှာ ပြင်သစ်ကိုလိုနီ ဆိုက်ပွဲပေမဲ့ ဂျပန်ပေမဲ့ ကူညီမှုမပါဝင်းပြီး တိုက်ထုတ် ပေးခဲ့တယ်။ နောက် ဂျပန်တွေကြီးစိုးလာပြန်တော့ ဗီယက်နမ် တွေက ပြန်တိုက်ရပြန်တယ်။ အမေရိကန်ပြည်ထောင်စုရဲ့ အဏုမြူဗုံးကြဲချမှုကြောင့် ဂျပန်တွေ အားနည်းသွားချိန်မှာ အခွင့်ကောင်းယူပြီး ဟိုချီမင်းက ဗီယက်နမ်နိုင်ငံရဲ့ လွတ်လပ် ရေးကို ပြန်လည်တိုက်ယူပေးခဲ့ပါတယ်တဲ့။

သူတို့ဒေသခံ လမ်းညွှန်တွေဟာ အချိန်ရရင်ရသလို သူတို့နိုင်ငံရဲ့ သမိုင်းကြောင်းတွေ၊ သူတို့လူမျိုးတွေရဲ့ ယဉ် ကျေးမှုနဲ့ မိုးရာသီရေမှုတွေကို ဧည့်သည်တွေကို မမေ့မလျော့ တာဝန်ကျေစွာ တဖွဖွ ပြောပြနေတတ်တာကို သတိထားမိ ပါတယ်။

ယမ်းမေးဟာစ်နေရာက နံရံမှာ သစ်ပင်ကလေးတွေကို ခြင်းတောင်းနဲ့ယှဉ်စိုက်ပြီး နံရံတစ်လျှောက်က သံပန်းနဲ့ ခင်းထောင်းကြောင်းကွက်ကလေးတွေ လုပ်ထားတဲ့နေရာမှာ ထည့် ထားလို့ သစ်တောနံရံကြီးဖြစ်နေတာကို တွေ့လိုက်ရတယ်။ ဒါလည်း နောက်ပိုင်းခေတ်တွေမှာ ဆန်းသစ်လာတဲ့ မြို့ပြ အလှဆင်နည်းပါစ်မျိုးပါပဲ။ မှန်ကူကွက် မြေနီကုန်း ခုံးကျော်တံတားရဲ့ အောက်ခံကွန်ကရစ်တိုင်တွေမှာတောင် လုပ်ထားသေးရဲ့။



ဗီယက်နမ်မြောက်ပိုင်း ဟနွိုင်းမြို့တော်က ဟိုတယ်စားသောက်ခန်းအဝင်မှာ အမှတ်တရ



<u>တန်းကျောလှေဆိပ်အနီးရှိဆိုင်များမှ ပိုးချည်ထိုးလက်မှုပညာပန်းချီများ</u>

ဟနွိုင်းမြို့တော်နယ်မြေရဲ့ နယ်နိမိတ်ထဲမှာ ဗီယက်နမ် လူမျိုးစုပြတိုက်(Vietnam Museum of Ethnology)လည်း ရှိပါတယ်။ Cau Giay District ခရိုင်၊ Nguyen Van Huyen လမ်းမှာပါ။ ဟနွိုင်းမြို့ရဲ့ 1. Trang Tien, Hoan Kien လမ်းမှာလည်း ဗီယက်နမ်သမိုင်း အမျိုးသားပြတိုက် (the National Museum of Vietnamese History) ရှိပါသေး တယ်။ မြန်မာနိုင်ငံက ခရီးသွားကုမ္ပဏီတွေဟာ သူများနိုင်ငံ ရောက်ရင် ပြတိုက်တွေ ပို့ပေးလေ့မရှိတာမို့ ပြတိုက်ချစ်သူ ကိုယ်ကတော့ လက်လျှော့ထားပါတယ်။


ဟနွိုင်းရဲ့ (Nguyen Tri Phuong)မှာ ရှေးဟောင်း သမိုင်းဝင်ဘုရင့်ခံတပ် (Imperial Citadel of Thang Long) ခေါ် ဟနွိုင်းခံတပ်(Hanoi Citadel)လည်း မပျက်မစီး ကျန် နေသေးရဲ့။ ယင်းရဲ့အလယ်ပိုင်းကို ယူနက်စကိုက ကမ္ဘာ့ အမွေအနှစ်အဖြစ် သတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက် ပေးထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဒါပေမဲ့ ရှေးခေတ်က ဗီယက်နမ်ဘုရင်ရဲ့ မိဖုရား နေထိုင်ရာ အနု (Hoa Lu Temple) ဖြစ်နေတဲ့နေရာကို ဝင်ရောက်လေ့လာမယ်ဆိုတဲ့ အစီအစဉ်က လမ်းညွှန်စာရွက်ပေါ်မှာပါနေတော့ သွားရောက်လေ့လာဖို့ မျှော်လင့်မိမယ်မယ့် အဲဒါလည်း လေမှာ လွင့်ပြယ်သွားခဲ့ပါပြီ။ ခရီးသွားအဖွဲ့တွေနဲ့ ခမ်းယှက်ဟိုင်း အခုလိုပဲ ခရီးစဉ်တွေ ပျောက်တာကတော့ ဖြစ်နေကျပါပဲ။

ကားစထွက်တာနဲ့ "လန်"က ဗီယက်နမ်လို နှုတ်ဆက်စကားကို သင်ပေးပါတယ်။ လများမကြာခင်လေးက ဗီယက်နမ် တောင်ပိုင်းခရီးသွားခဲ့တုန်းက လမ်းညွှန်မစ္စတာထိုင်း သင်ပေးခဲ့လို့ စင်းချောင်(Hello)ဆိုတာကို မမေ့သေးပါဘူး။

ဟန္နိုင်းက မထွက်ခင်မှာပဲ လမ်းဘေးဝဲယာ တစ်လျှောက်မှာ ဖြူနှစ်နှစ်အရောင်နဲ့ပန်းတွေ အဆုပ်လိုက် အခဲလိုက် ပွင့်နေတာ သတိထားကြည့်မိလို့ လန့်ကိုမေးကြည့်တော့ နို့ရည်ပန်း (Milk flower)ပါတဲ့။ ဒီအချိန်ဆို ဗီယက်နမ်တစ် နိုင်ငံလုံးမှာ ပွင့်ကြမြဖြစ်ပြီး စူးရှတဲ့အနံ့မွှေးမွှေးလည်း ရှိတယ်လို့ ပြောပါတယ်။

ကားရပ်ပြီး လမ်းညွှန်နှစ်ယောက် ရေသန့်ဘူးတွေ ဝယ်ကြလို့ နို့နှစ်ပန်းပင်တွေကို အနီးကပ်ကြည့်ခွင့်ရမှ ကိုယ်ထင်ထားသလို မရိုးပန်းပင်တွေဆိုတာ အတည်ပြုလိုက်နိုင်ပါတော့တယ်။ အရွက်ကလည်း မရိုးပင်အရွက်ပါ၊ အနံ့လည်း တူရဲ့။ မင်္ဂလာဒုံမှာနေတုန်းက မရိုးပန်းတွေပွင့်ချိန်ဆို သူ



မွှေးတဲ့အနံ့က စူးလွန်းလို့ ဖူးဖေကာ စိတ်ညစ်ခဲ့ရတာကို အမှတ်ရမိတယ်။ ခေါင်းတောင် ကိုက်ယူရအောင် မွှေးပ) အနံ့မျိုးပါ။ ဖဲဒီမရိုးပန်းတွေ ပွင့်ချိန်ဆို ပန်းနာရင်ကျပ် ရှိသူတွေလည်း အသက်ရှူမဝဖြစ်တတ်ကြပါတယ်။

မြို့အထွက်နားဆီမှာပဲဟာ (iAMUDA ဆိုတဲ့အမည်နဲ့ ဟိုင်းရာစီပံကိန်းဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့လိုက်ရမယ်။ မလေးရှားနိုင်ငံက ဗီယက်နမ်မှာ လာရောက်လုပ်ကိုင်တဲ့ စီမံကိန်းပါတဲ့။ ချောင်းကိုပိတ်ပြီး လုပ်ထားတဲ့ ဆည်ကြီး တစ်ခုရဲ့ မတ်ယည်ကာမြေမှာ ဝိုက်ပြီးနေရာယူကာ အင်္ဂလိပ် စာလုံး ယူ(U)ပုံသဏ္ဌာန် တည်ဆောက်နေမဲ့ မဆင့်မြင့် အိမ်ရာတွေပါ။ မလှမ်းမကမ်း လမ်းဘေးတစ်နေရာမှာတော့ Thang Long University ဆိုတဲ့ဆိုင်းဘုတ်နဲ့ တက္ကသိုလ်ကျောင်းတစ်ကျောင်းကိုလည်း တွေ့လိုက်ရပါတယ်။

ဒီနေ့ အသွားလမ်းတစ်လျှောက်မှာ ရထားလမ်းတွေလည်း ဖြတ်ခဲ့ရ၊ မီးရထားဘူတာ အသေးလေးတွေလည်း တွေ့ခဲ့ရတယ်။

လန်က ဟောလီဝုဒ်က နောက်ဆုံးရိုက်သွားတဲ့ နာမည်ကျော်လှတဲ့ "ကင်းကောင်"ရုပ်ရှင်ကားကို သူတို့ ဗီယက်နမ်နိုင်ငံက ကျွန်းတစ်ကျွန်းမှာ လာရောက်ရိုက်ကူး သွားပြီး အဲဒီကျွန်းရဲ့အမည်ဟာ လူခေါင်းကျွန်း(Skull Island) ဖြစ်တဲ့အကြောင်းတွေကိုလည်း ဂုဏ်ယူစွာပြောပြပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ဗီယက်နမ်မြောက်ပိုင်း ကမ္ဘာ့အမွေ သဘာဝအနှစ် ဒေသ တမ်ကော့လှေဆိပ်သို့အသွား

လူတိုင်းဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအကြောင်းကို မြိန်ရေရှက်ရေ ပြောချင်ကြတာပဲလေ။

### တမ်စကော့ (Tam Coc) လှေဆိပ်

ဗီလိုနဲ့ တမ်ကော့(Tam Coc)လှေဆိပ်ကို ရောက်သွားပါတယ်။ လှေဆိပ်မှာ လှေကလေးတွေ ကြက်တောင်စိုက်ယိုးဆိုက်ရပ်နားနေဟာမှ မှမျှားကြီးရယ်ပါ။ ညိုဒွန်(the Ngo Dong) မြစ်ရိုးလေးတစ်လျှောက်ကို ခြေနင်း ဒါမှမဟုတ် လက်လှော်လှေကလေးပေါ်စီးပြီး လှည့်လည်ကြည့်ရှုရမှာပါ။

လှေလှော်သမားက လှေရဲ့နောက်မှာထိုင်ပြီး ခြေထောက်နဲ့ လှေလှော်နေတာကို တွေ့ရတော့ ကိုယ်တို့ အင်းလေးမှာလို ခြေထောက်တစ်ချောင်းကို အားပြုကာ မတ်တတ်ရပ်ပြီး လှော်တာက ပိုခက်မယ်လို့တွေးရင်း ကိုယ့်ဒေသအတွက် ဂုဏ်ယူမိပါရဲ့။ လှေသမားတွေဟာ အမျိုးသားကြီးတွေချည်းမဟုတ်ဘဲ ချောချောလှလှအမျိုးသမီးလေးတွေ၊ လူပျိုဖြစ်စ လူငယ်လေးတွေပါ အမျိုးမျိုးဖြစ်နေပါတယ်။ ကိုယ်တို့ပလှေသမားကြီးကတော့ အသက်ကြီးကြီးအဘိုးကြီးမို့ အားနာရတယ်။

လှေဆိပ်မှာ ခေတ်မီလှပတဲ့ ရုံလေးတွေဆောက်ပြီး ဒီဒေသမှာတွေ့ရမယ့် ကမ္ဘာ့အမွေအနှစ်နေရာတွေကို ဓာတ်ပုံတွေ၊ အင်္ဂလိပ်-ဗီယက်နမ် ဘာသာနှစ်မျိုးနဲ့ ရေးသား ဖော်ပြထားတဲ့ အညွှန်းစာတွေနဲ့အတူ ပြသထားပါတယ်။ ရုံတစ်ရုံရဲ့ ထိပ်စီးမှာ "အမွေအနှစ်တွေကို အတူတကွ ထိန်းသိမ်း ကာကွယ်ကြပါစို့"လို့လည်း သတိပေး ရေးထားပါသေးတယ်။







www.burmeseclassic.com

www.burmeseclassic.com





အဲဒီအရပ်မှာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့က ကမ္ဘာ့သဘာဝနဲ့ယဉ်ကျေးမှုအမွေအနှစ် (the World natural and cultural heritage) နယ်မြေအဖြစ် ယူနက်စကို (UNESCO) အဖွဲ့ကြီးက ဂုဏ်ယူစွာ အသိအမှတ်ပြုလိုက်တဲ့ ထရန့်အန်းမြေယာရှုခင်း အစုအဝေး(Trang An Landscape Complex)ရပ်ဝန်းကြီးတစ်ခုရှိနေပါတယ်။ အဲဒီရပ်ဝန်းကြီးမှာ တမ်ကော့လှေဆိပ်လည်း ပါနေတာပေါ့။ ထရန့်အန်းမြေယာရှုခင်းအစုအဝေးကြီးဟာ ၂,၁၆၈ ဟက်တာခေလာက် ကျယ်ပါတယ်။ ဟနွိုင်းမြို့တော်ကနေ တောင်ဘက်ကို ကီလိုမီတာ ၉၀ အကွာလောက်သွားရင် ရောက်ပါတယ်။

အဲဒီ မြေယာရှုခင်းကြီးကို အရပ်ဒေသအမျိုးမျိုးကို မျက်နှာလှည့်နေသော ခမ်းနားထည်ဝါလှတဲ့ ငေးမောကြည့်ချင်စရာ အံ့ဩဖွယ်တောင်တန်းကြီးတွေက ဝန်းရံပတ်လည်ဝိုင်းထားရဲ့။ အဲဒီတောင်တွေဟာလည်း ဂူလိုဏ်တွေ၊ သန့်ရှင်းလတ်ဆတ်တဲ့ တောင်ကြားလွင်ပြင်တွေနဲ့ ဆက်နေပေါ့။ ဒီနေရာဟာ မကြာသေးခင်ကမှ ပြည်တွင်းပြည်ပခရီးသွားတွေအတွက် အိပ်မက်ဆန်တဲ့ နေရာလေးတစ်ခု (Place of dream) မချော်လင့်ဘဲ တကယ့်ကို ဖြစ်လာခဲ့တာပါ။

ထရန့်အန်းမှာ tectonic geology၊ ဘူမိရုပ်သွင်ပညာ (geomorphology)၊ ရှေးဟောင်းသုတေသနပညာဆိုင်ရာနဲ့ ဇာနပညာဆန်တဲ့ အလှဆိုင်ရာ ကမ္ဘာနဲ့ချီပြီး ထူးခြားတဲ့ အံ့မခန်းတန်ဖိုး (global outstanding value)တွေ ရှိနေပါတယ်။ အဲဒီရပ်ဝန်းကြီးကို ယူနက်စကို အဖွဲ့ကြီးက အသိအမှတ်ပြုရာမှာ ယဉ်ကျေးမှုတန်ဖိုး၊ ဇာနပညာမြောက် အလှအပနဲ့ ဘူမိရုပ်သွင်ပညာ၊ ရှေးဟောင်း သုတေသနပညာဆိုင်ရာဆိုတဲ့ မှတ်ကျောက်သုံးခုပေါ်မှာ အခြေပြုခဲ့တာ စံပြုပိုင်းမှာခဲ့တာ ဖြစ်တယ်လို့လည်း သိရတယ်။

တမ်ကော့(Tam Coc)ဆိုတဲ့ အခေါ်အဝေါ်ကတော့ လှပ ဆန်းကြယ်သောဂူလိုဏ် ဂရော့တို(grottos)သုံးခုလို့ ဆိုလိုပါတယ်။ အဲဒီဂူသုံးဂူမှာ Ca grotto ဂူလိုဏ်က ၁၂၇ မီတာ အရှည်၊ Hai grotto ဂူလိုဏ်က မီတာ ၇၀ အရှည်နဲ့ Ba grotto ဂူလိုဏ်က ၄၅ မီတာအရှည် အသီးသီးရှိကြပါတယ်။

တမ်ကော့ဆိုတာဟာ "ကုန်းမြေပေါ်က ဟလောင်းပင်လယ်အော်"(Halong bay on land) သို့မဟုတ် "တောင်ဗီယက်နမ်ရဲ့ ဒုတိယအကောင်းဆုံးဂူ" (the second nicest cave in South Vietnam) လို့ ထင်ရှားကျော်ကြားတယ်။





ဗီယက်နမ်မြောက်ပိုင်း ကမ္ဘာ့အမွေ သဘာဝအနှစ်ဒေသ တမ်ကော့ လှေစီးခရီးစဉ်မှာ မြင်တွေ့ခဲ့ရသမျှ



www.burmeseclassic.com

www.burmeseclassic.com





ဒီနေရာဟာ မြောက်ပိုင်းနဲ့ ဗီယက်နမ်နိုင်ငံ တစ်ခုလုံးရဲ့ ကမ္ဘာလှည့်ခရီးသည် အလာရောက်ဆုံး အဓိကနေရာတစ်ခု လည်းဖြစ်ပါတယ်။

အလွန်လှပပြီး ဆွဲဆောင်မှုရှိတဲ့မြစ်ကြောင်း တစ်လျှောက်က နှာမည်ကျော် ထုံးကျောက်ဂူကြီးတွေကို ပေးမော ရင်း ကျောက်ဂူကြီးတွေအထဲကို လှေစီးရင်းနဲ့ ဖြတ်သန်း ခရီးနှင်ကာ လှေလော်ကြပါတယ်။ ကွင်းပြင်များ၊ တောတောင် မှမမြင်ရများကို ဖြတ်သန်းတဲ့အခါ ဖြတ်သန်းရပါတယ်။ တချို့ လှေတွေမှာတော့ ကိုယ်တို့လို ခရီးသည်မပါဘဲ ဒေသခံ အမျိုးသမီးနဲ့ တိုလီမုတ်စလေးတွေ ရောင်းနေကြရဲ့။ ကမ်းပါး နေရာအချို့မှာတော့ စားသောက်ဆိုင်လိုလို တည်းခိုခန်းလိုလို ဟိုကာလေးတွေ၊ ဘုန်းပေါ်လေးတွေလည်း တွေ့ရပါတယ်။ အဲဒီမှာ (Homestay) တည်းခိုနေထိုင်ပြီး ဒေသခံအလုပ်အပ ကိစ္စကို စီစဉ်နိုင်ခွင့် ရှိပုံရတယ်။ တစ်နာရီလောက် လှေနဲ့ လှည့်လည်ကြည့်ရှုပြီး စတင်ထွက်ခွာခဲ့တဲ့ လှေဆိပ်ကို လာ လမ်းအတိုင်း ပြန်လည်ရောက်ရှိသွားပါတော့တယ်။

လှေဆိပ်ကအတက် မှာတွေ့ရတဲ့ ဈေးဆိုင်တန်းလေး တွေမှာ ဗေဗေယွက်ကုန်လေးတွေ ဝယ်ကြတယ်။ အဲဒီမှာ မြင်နေကျ လက်မှုထည် ပိုက်ဆံအိတ်၊ လွယ်အိတ်လေးတွေ၊ ပဝါတွေအပြင် ကိုလိုနီခေတ်က ပုလိပ်တွေဆောင်းတဲ့ ဖော့ဦးထုပ်တွေကိုပါ တွေ့လိုက်ရပါတယ်။ ကိုယ်တို့မြန်မာပြည်မှာ ရုပ်ရှင်နဲ့ဗွီဒီယိုမှာမတွေ့ရတော့ဘဲ အတော်အသုံးပြပ်မှာပါပဲ။ ပုလိပ်တွေဆောင်းတဲ့ ကာကီရောင်အပြင် အစိမ်းနဲ့ အဖြူရောင်တွေကိုပါ တွေ့ရတယ်။

ဒီလောကလေးကတင် ကြည့်ရတဲ့ "မီ"ကို အသိ ကစ်ပေါက်က မင်းသမီးလေး ပိုင်ဖြိုးသုနဲ့ ရုပ်ရှင်တွေကြီး ရိုက်မယ်ဆိုရင် ခေတ်ကိုမြင်ရှိတဲ့မှာလား၊ မရှုံ့ယုံကြည်တာဘဲ ရှိတဲ့မှာလားဆိုတော့ မှုရှင်းအတိုင်းပဲ၊ ပါဆိုရင် ယွဲ့ကောင်းရောက် မရောင်ကာလလေးမှာ "မီ" ဝတ္ထုထဲမှာလည်း ကရားစီရင်တဲ့ ထိုးခန်း၊ ရုံခန်း၊ အချုပ်ခန်းတွေ ပါနေတော့ သူတို့ကိုမြင်ဖို့ ဖော့ဦးထုပ်တစ်လုံး ဝယ်လိုက်ပါတယ်။ ဒေါင် ၆၀၀၀၀ ဈေးဆိုရာကနေ ဒေါင် ၄၀၀၀၀ နဲ့ရခဲ့လို့ မြန်မာငွေ ၂၄၀၀ ကျပ်လောက်ပဲ ကျသင့်တယ်။

ရန်ကုန်မြို့နဲ့မရောက်ခင် သူကိုကို နှုန်းအတက်ပြီး ပြောပြ လိုက်တော့ သူကိုလည်း အဲဒီပုလိပ်ဦးထုပ်ကို ဝယ်ချင်လို့ နေပါသတဲ့၊ ဖော့ဦးထုပ်က တစ်လုံးယက်မှာ ကိုမနေကာရှိ





ဗီယက်နမ်မြောက်ပိုင်း ကမ္ဘာ့အမွေ သဘာဝအနှစ်သာ တမ်ငုကော့ လှေစီးခရီးစဉ်မှာ မြင်တွေ့ခဲ့ရသမျှ



www.burmeseclassic.com

www.burmeseclassic.com





ငှက်သတ္တဝါလေးတွေ၊ ကိန္နရီ ကိန္နရာလို ဒဏ္ဍာရီလာဖော်ဆောင်မှုတွေ၊ နဂါးသင်္ကေ နဂါးသား၊ နဂါးဆိုး စတဲ့အရုပ်တွေကို ကြိုးနဲ့ဆွဲတာ မဟုတ်ဘဲ တုတ်ရှည်ရှည်နဲ့ထိုးကာ အရုပ်တွေကို သက်ဝင်လှုပ်ရှားစေပြီး ဗီယက်နမ်ရိုးရာကျေးလက်တေးဂီတ တေးသွားနဲ့အတူ တင်ဆက်သွားတာပါ။

တင်ဆက်မှုကို ပိုမိုကြွတက်ပြီး အသက်ဝင်လာစေဖို့ မီးတောက်မီးလျှံတွေ၊ မိုးစက်မိုးပွန်နဲ့ မိုးမျှချလာမှုတွေ၊ မီးခိုးငွေ့တွေ၊ လျှပ်စီးလက်ခြင်း၊ မိုးချုန်းသံ၊ မိုးကြိုးပစ်သံတွေ အကူအညီနဲ့လည်း ခေတ်မီဆန်းသစ်စွာ တင်ဆက်သွားပါတယ်။ တင်ဆက်ကပြကြတဲ့ သရုပ်ဖော်မှုတွေမှာ ဇာတ်ကောင် တစ်ဦးချင်း ရုပ်ပွဲနဲ့ အဖွဲ့လိုက် လှုပ်ရှားမှုတွေလည်း မျိုးစုံပါဝင်ပါတယ်။

ရေထဲကနေ ရှူးခနဲ မီးတောက်တွေ ပန်းမှုတ်ပြီး ရေအောက်က ဘွားခနဲထွက်လာတဲ့ နဂါးတွေ၊ ရေထဲမှာ ကူးခတ်နေတဲ့ ချစ်စရာ ဘဲငန်းလေးတွေ၊ ကျေးလက်နေ ပြည်သူတွေရဲ့ နေ့စဉ်ဘဝ စားဝတ်နေရေးအတွက် လှုပ်ရှား ရုန်းကန်ရပုံတွေ၊ ကျေးလက်ရိုးရာဓလေ့ထုံးစံတွေ၊ ကျေးလက် စုပေါင်းကစားနည်းတွေ၊ နတ်သမီးခုနစ်ဖော် စတဲ့ ရိုးရာပုံပြင် သရုပ်ဖော်ပြကွက်တွေနဲ့ လူမျိုးစုအလိုက်ပွဲတော်တွေ စတဲ့ ပြကွက်တွေကိုလည်း စုံအောင်ပြသတာမို့ ဗီယက်နမ်နိုင်ငံကို တနေရာတည်းကနေ အကုန်ရှုမြင်ခွင့်ရအောင် ပြင်ဆင်ထားသလိုပဲ သဘောကျမိလိုက်ပါတယ်။

တင်ဆက်မှုတွေ အပြီးမှာတော့ ရုပ်သေးရုပ်တွေကို တုတ်ထိုးကာ လှုပ်ရှားကပြပေးခဲ့တဲ့ ပညာရှင် အမျိုးသား အမျိုးသမီးတွေဟာ ဇာတ်ခုံအနောက်က ရေကန်ထဲမှာ ကိုယ်တစ်ပိုင်းစော်ပြီး ထွက်လာကြကာ ပရိသတ်ကို နှုတ်ဆက်ပါတယ်။ အားလုံး ခပ်ယဲ့ယဲ့လောက်ရှိရဲ့။ ဪ- သူတို့ဟာ ကိုယ်ကို ရေထဲမှာ တစ်ချိန်လုံးစိမ်ပြီး ရုပ်သေးတွေကို ကပြပေးတာပါလားလို့ သနားမိသွားကြပါတယ်။ အစီအစဉ်နဲ့ တင်ဆက်ပုံတွေကောင်းလွန်းလို့ မပျင်းရအောင် ကြည့်နေရတုန်း ပွဲတင်ဆက်မှုပြီးသွားပြီမို့ ထိုင်ခုံတွေကနေ မထချင် ထချင် ထခဲ့ကြရပါတယ်။

ရုပ်သေးရုံကအထွက် လှေကားထိပ်မှာ ရုပ်သေးရုပ်လေးတွေ ရောင်းချနေတာတွေ့လို့ အမှတ်တရ သိမ်းချင်ပေမယ့် ခရီးဖော်တွေက ဝယ်ယူဖို့ စိတ်ဝင်စားဟန်မပြဘဲ အောက်ထပ်ကိုသာ အပြေးအလွှားဆင်းနေကြတာမို့ သူတို့နဲ့ လူစုမကွဲဖို့ ကိုယ်လည်း အမြန်ပြေးပြီး လိုက်ရပါတော့တယ်။





ဟန္နိုင်းမြို့တော်က ဟင်းပွဲ ၂၀၀ နဲ့ ခင်းကျင်းဧည့်ခံတဲ့ ဘူဖေးညစာ



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ရုပ်သေးရုပ်လေးတွေရဲ့ ဈေးနှုန်းကိုတော့ ဖတ်ဖြစ်အောင်ဖတ်ပြီး စပ်စုခဲ့ပါသေးတယ်။ ဗီယက်နမ်ဒေါင် ၈၀၀၀ ကနေ ဒေါင် ၁၄၀၀၀၀၀ လောက်အထိမို့ အသင့်အတင့် အရုပ်ကလေးတစ်ရုပ်လောက်တော့ ဝယ်ချင်မိသား။ လက်မှုပစ္စည်းရောင်းတဲ့ ရိုးရာဆိုင်တစ်ဆိုင်ဆိုင်မှာတော့ အရုပ်လေးတွေနဲ့ ပြန်တွေ့ရဦးမယ်ထင်ရဲ့။

## ဟင်းပွဲ ၂၀၀ ကျော် တည်ခင်းကျွေးမွေးတဲ့ (Sen Tay Ho- Buffet Dinner)

တစ်နာရီလောက် ရေပေါ်ရုပ်သေး ကြည့်ရှုပြီးတဲ့နောက်မှာ ညစာစားဖို့ တစ်နေရာကိုသွားရန် ကားနဲ့ ခရီးဆက်ရပြန်ပါတယ်။ ဗီယက်နမ်မှာ အကြီးဆုံးနဲ့ နိုင်ငံခြားကာ အဆင့်မီ ဟင်းပွဲအမျိုးမျိုးပေါင်း ၂၀၀ ကျော် တည်ခင်းကျွေးမွေးတဲ့ Sen Tay Ho ဆိုင်ကြီးမှာ ညစာဘူဖေး(Buffet Dinner) စားကြရပါတယ်။

ဆိုင်ကြီးဟာ ခြံဝင်းကျယ်ကြီးတစ်ခုထဲမှာ တည်ဆောက်ထားပြီး ဥယျာဉ်ပန်းခြံလေးထဲကို ဖြတ်ကာ ဝင်သွားရသလိုမို့ စိတ်ချမ်းသာဖွယ် သက်တောင့်သက်သာရှိလှတယ်။ စားသောက်ခန်းကြီးဟာ အဆောင်ဆောင် အခန်းခန်းနဲ့မို့ အကျယ်ကြီးပါ။ ကရွတ်အစားအစာတွေ၊ အနောက်တိုင်းအစားအစာတွေ၊ ဗီယက်နမ်ရိုးရာအစားအသောက်တွေ၊ အိန္ဒိယအစားအစာတွေ၊ ဂျပန်အစားအစာတွေ စုံလှပြီး ပန်းကန်လွှတ်ကိုင်ကာ အစားအစာ လိုက်ရှာယူနေရတာနဲ့ပဲ ဗိုက်နှောင်စေပါတယ်။

အကင်၊ အပြုတ်၊ အကြော်၊ အလှော်တွေလည်း အမျိုးစုံပေမဲ့။ ပင်လယ်စာ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ်မျှော့၊ ကင်းမွန်၊ ကမာ စတဲ့အကောင်ပလောင်တွေကိုလည်း အစုံထားရှိပါတယ်။ အရွက်၊ အသီး၊ အမှုန့်၊ အခေါက်တွေကလည်း အများကြီးပါ။ အချဉ်ရည်၊ ဆော့စ်မျိုးစုံ၊ မာဖျော်ရည်နဲ့ အအေးမျိုးစုံ၊ ဆန္ဒဝင်းမဟင်း၊ ကျောက်ကျောလို အချိုပွဲမျိုးစုံ၊ သာကူ၊ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်၊ ပြောင်းဖူးနဲ့ မုန့်တွေ၊ စမူဆာတွေ၊ နံပြားတွေကအစ စီစဉ်ပေးထားလို့ ဟင်းပွဲ ၂၀၀ ကျော်ဆိုတာထက်တောင် ပိုလိမ့်ဦးမယ်လို့ ထင်ရပါတယ်။

ဟုံပြုံးရာကောင်းတာကတော့ စားသောက်ဖွယ်ရာမျိုးစုံကို ကိုယ့်စိတ်ဆန္ဒအရ ခေါက်တုံ့ခေါက်ပြန် ရှာဖွေယူငင် စားသောက်နေကြတဲ့ လူတွေဟာ တစ်ဦးနဲ့တစ်ဦး တွန်း





ဘူပေးဆိုင်အပြင်ရှိ ပန်းအလှဆင်မြင်ကွင်းများ

တိုက်မိတာ၊ အခန့်မသင့်ဖြစ်တာမရှိ၊ ဆူညံပွက်လောရိုက်နေတာမျိုးမရှိဘဲ အေးအေးဆေးဆေး အလိုက်သင့် စီးမျောသွားလာနေတာပါပဲ။ ဒါပဲ ယဉ်ကျေးမှုတစ်ရပ်ထင်ပါရဲ့။

ကိုယ်တို့ရဲ့ ဗီဒိယစ်ခေါက်ဗီယက်နမ်ခရီးစဉ်ကာလဟာ ဒီဇင်ဘာလ ခရစ္စမတ်ပွဲတော်ရာသီမို့ စားသောက်ဆိုင်ဝန်ထမ်းတွေမှာ ဗီယက်နမ်နေ့သားတွေသာမက အနောက်တိုင်းသားလူဖြူတွေပါ တွေ့ရပါတယ်။ ခရစ္စမတ်ဖိုးဖိုးနီပုံတူ ဂတ်ဆင်ဦးထုပ်ပျော့နီနီတွေ ဆောင်းပြီး ဧည့်ခံနေတာ၊ ခရစ္စမတ်တေးသီချင်းတွေ တီးမှုတ်သီဆိုဖျော်ဖြေနေတာကို တွေ့ရပါတယ်။

စားသောက်ပြီး ပြန်အထွက်မှာ ဝင်းအပြင်း စားသောက်ဆိုင်ကြီး မျက်နှာစာမှာ အနောက်တိုင်းသားတွေဖျော်ဖြေတဲ့ တီးဝိုင်းကိုတွေ့လို့ ခဏနားကောင် ကြည့်ရှုခွင့်ရကြတယ်။ တီးဝိုင်းဘေးမှာတော့ ပန်းစည်း၊ ပန်းခြင်းတွေရောင်းတဲ့ ဆိုင်၊ အမှတ်တရပစ္စည်းရောင်းတဲ့ ဆိုင်တွေလည်း ရှိနေပါတယ်။

ကားအနက်ကြီးတစ်စီးမှာတော့ မင်္ဂလာဆောင်တွေမှာ သတို့သား၊ သတို့သမီးတွေကို တင်ဆောင်ပြီး မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဟန္နိုင်း ညဈေးလမ်းတစ်လျှောက်ရှိ ဆိုင်များနဲ့ ကွမ်းသီးစိမ်းထည့်ကာ အလှဆင်တဲ့ယန်းခြင်း




ဟန္နိုင်းမြို့တော်က ဈေးရုံကြီးရှေ့ မှာ ခင်းကျင်းရောင်းချနေတဲ့ ညဈေးတန်း

ခန်းမသို့ပို့ဆောင်တဲ့ မင်္ဂလာကားကြီးလို ပန်းတွေနဲ့အလှဆင်ပေးထားတာ တွေ့ရတယ်။ ပန်းအစစ်၊ ပန်းအစိုတွေနဲ့ အလှတန်ဆာဆင်ထားတာဖြစ်ပြီး အတော်လည်း လှပါတယ်။

အဲဒီနောက် တည်းခိုနေတဲ့ ဟိုတယ်ကို ပြန်လည်ရောက်ရှိသွားပါတယ်။ တစ်နေ့လုံး လည်ရပတ်ရတာပေမယ့် အပန်းဖြေ အနားမယူနိုင်သေးဘဲ အဝတ်လဲပြီး ညဈေးကို





သွားနွှေကြပြန်ပါတယ်။ ညဘက်မို့ လေအေးလေကွေ အကောင်းလေး ခပ်ရှမ်းရှမ်းတိုက်နေလို့ အနေအထိုင်ချင်စရာပါပဲ။

ညဈေးလမ်းတစ်လျှောက်က ပန်းဆိုင်တွေမှာလည်း မင်္ဂလာဆောင် လက်ဖွဲ့တဲ့ ပစ္စည်းခြင်းတွေ၊ ပန်းခြင်းတွေမှာ ကွမ်းသီးလုံးစိမ်းစိမ်းတွေကိုထည့်ပြီး တန်ဆာဆင်ပေးထားတာတွေ့ရပါတယ်။ ပန်းခြင်းထဲမှာ ကွမ်းသီးတွေကို အခိုင်လိုက်ထည့်တာမဟုတ်ဘဲ အလုံးလေးတွေ ခြွေပြီးထည့်ထားတာမျိုးလည်း တွေ့ရလို့ အလှဆင်ရုံသက်သက်သာမဟုတ်ဘဲ ဗီယက်နမ်တွေရဲ့ မိုးရာဖလေ့ အစဉ်အလာတစ်ခုကြောင့် ကွမ်းသီးစိမ်းတွေကို အသုံးပြုတာဖြစ်မယ်လို့ ထင်လာရပါတယ်။

ဟန္နိုင်းရဲ့ညဟာ အတော်လေးအေးတာမို့ ဈေးဝယ်သန်သူ ကိုယ့်သူငယ်ချင်းတောင် "အေးလိုက်တာ၊ နေမကောင်းဖြစ်ရင် နောက်ရက်တွေ မလည်နိုင်ဘဲဖြစ်နေမယ်၊ ဈေးမပတ်တော့ဘူးဟာ"လို့ လက်မြှောက် အရှုံးပေးလိုက်တာမို့ ညဈေးပတ်တာကို စောစောရပ်နားကာ အောင်မြင်စွာ တပ်ခေါက်ပြီး တည်းခိုရာဟိုတယ်ကို ပြန်ခဲ့ကြပါတော့တယ်။

ကိုယ်ကတော့ ဗီယက်နမ်တွေနဲ့ ကွမ်းသီးစိမ်းသုံးစွဲပုံဓလေ့ကို လေ့လာဖော်ထုတ်ဖို့ စိတ်ထဲမှာ တေးထားပြီး ဟင်းပွဲနှစ်ရာ ညစာဘူဖေးရဲ့ အဆီယစ်ကာ တစ်နေ့ကုန်မောပန်းလာသမျှ ဖြေလျော့ရင်း ဟန္နိုင်းမြို့တော်ရဲ့ ဟိုတယ်ခန်းမှာ တစ်ယောက်တည်း လွတ်လပ်စွာ အနားယူအိပ်စက်လိုက်ပါတော့တယ်။

(ဆက်ရန်)

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

စာကိုး။ Encyclopædia Britannica, 2014

❑

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## လှပသင်းပျံ့သော ပန်းတို့၏ အဆီ

စိုးယဉ်ထွန်း



ပန်းမာလာကို လှသားမေယာကျ်ား မိန်းမတို့သည် နှစ်သက်မြတ်နိုးတတ်ကြသည်။ ဝေဆာစွာ ဖူးပွင့်နေသော ပန်းတစ်ခင်းသည် လူ၏စိတ်နှလုံးကို ဖျော့ယူညှို့ပင်နိုင်၏။ တပ်မက်ဖွယ် လှပနေသော ပန်းကလေးများကို နှစ်သက်မြတ်နိုး၍ ခူးယူကြသည်၊ ပန်ဆင်ကြသည်၊ လက်ဝယ် ယုယုယယ ကိုင်တွယ်ထားကြသည်၊ ဘုရားသို့ ကပ်လှူကြသည်၊ ထိုဖော်ပြပါ၏ လွှမ်းပြောက်ယှဉ်မောမှု ခွန်ပမ်လိုက်ကြသည်ပင်ဖြစ်၏။

လူ့ကိုထက် အသိဉာဏ်နည်းပါးသော ပိုးမွှားတိရစ္ဆာန်ဖြစ်သည့် ပျား၊ ပိတုန်းတို့သည် လှပ၍ရနံ့သင်းသော ပန်းတို့ကို ရော မလှပသနှင့် ရနံ့မရှိသော ပန်းတို့ကိုပါ ရှာကြံပျံဝဲနား၍ ဝတ်ရည်ကို စုပ်ယူသည်။

ပန်း၏ ဝတ်မှုံတို့သည် ပိုးမွှားကောင်ကို ကပ်ငြိပြီး ပါသွားရာ နောက်ပန်းတစ်ပွင့်ကို နားလိုက်သည့်အတွက် ပန်းဝတ်မှုန်ကူးခြင်းဖြင့် လှပသော ပန်းမျိုးဆက် ပြန့်ပွားသွားသည်။ ပန်းကိုနားခဲ့သော ပျားသည် သူ့အာဟာရအတွက် ပန်းတို့၏ဝတ်ရည်ကို စုပ်ယူသွားသည်။ သစ်ပင်ကြီး၏ ပင်ယံထက်တွင် အိမ်ဖွဲ့၍ အစုအဖွဲ့ အသိုက်အဝန်းပြု၍ မျိုးဆက်ပေါက်ပွားကြသည်။

ပန်းတို့ကို နားခိုခဲ့စဉ်က ရယူခဲ့သော ပန်းတို့၏ ဝတ်ရည်ကို စားနပ်ရိက္ခာအဖြစ် သိုလှောင်လိုက်ကြသည်။ အဲဒါကို လူတို့က ပျားအုံနှင့် ပျားရည်ဟု အသိရောက်ကြ၍ အသုံးချရန် စဉ်းစားပြီး ပန်းပေါင်းစုံတို့၏ ဝတ်ရည်သည် အလွန်မှ အဖိုးတန် ဆေးဖက်ဝင်သော ပျားရည် ဖြစ်သွားသည်မှာ ဟိုယခင်နှစ်တကာလအချိန်ပေါင်း ကြာမြင့်ခဲ့သည်မှ ယနေ့ထိပင်ဖြစ်ပါတယ်။

ပျားရည်ဆိုသည့် ပန်းပေါင်းရည်သည် ကမ္ဘာနှင့်အဝန်း လူမျိုးတိုင်းက မက်မောကြပြီး ဆေးဖက်အသုံးပြုရမှန်း သိနေကြပါသည်။ တိုးတက်ထွန်းကားသည့် ယနေ့ရဲ့ သိပ္ပံခေတ်ကြီးမှာ ဆေးပညာကလည်း ပိုမိုတိုးတက်ကျွမ်းကျင် ကုသနေနိုင်ပြီ ဖြစ်ပါသည်။

ဆေးပညာဗေဟုသုတမှာ သိပ္ပံပညာရှင်တွေရဲ့ စမ်းသပ်တွေ့ရှိချက်တိုက်လုပ်လိုက်တဲ့ ပျားရည်တစ်မျိုးက ဘက်တီးရီးယားပိုးကို နိုင်နင်းတဲ့ အစွမ်းရှိတာကို သိလိုက်ရပါသည်။ အဲဒါက ဂန်းတစ်မျိုးတည်းက ယုတ်ယူထားတဲ့ ပျားရည်ပါ (သဘာဝပျားရည် မဟုတ်သေးပါဘူး)။

ပျားရည်မှာ ထိခိုက်နာ၊ အနာပေါက်အမျိုးမျိုး၊ မီးအပူလောင်ခြင်း၊ ခရစ္စမသ္စုလောင်ခြင်း ပုံမှန်အနာမျိုးတွေကို သက်သာပျောက်ကင်းစေပါသည်။ ဒါကြောင့် ပျားရည်နှင့် ပတ်သက်ပြီး မေ့ရမည့်၊ လေ့လာမည်ဆိုပါက မကုန်နိုင်ပါ။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့က ပျားရည်ကို မြန်မာ့ ရိုးရာဆေးအဖြစ် ဘိုးဘွားမိဘ မျိုးရိုးအစဉ်အဆက် လက်ခံသုံးစွဲလာကြတာဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံတို့မှာဆိုလျှင် ရိုးရာဆေးတစ်မျိုးဖြစ်သလို မျိုးရိုးစဉ်ဆက် အမှတ်သင်္ကေတပြုမှုမှာ မပါမဖြစ်တဲ့ ဆေးဝါးပစ္စည်းကောင်း ဖြစ်ပါသည်။ (မမိရှပ်ပြုလုပ်ခြင်းလိုမျိုး) သွေး...ရှပ်ခန္ဓာတို့



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ဝိညာဉ်ကင်းတဲ့ ရုပ်ကျန်ကို အပုပ်ကာရန်ပြုရာတွင် ထည့်သွင်းအသုံးပြုရသော အဓိကဆေး ဖြစ်ပါသည်။

ပျားရည်ဟာ အနာဒဏ်ရာ ပျောက်ကင်းခြင်းအစွမ်းသတ္တိကို နဂိုကပင် သိထားကြတဲ့ အီဂျစ်လူမျိုးများက ရောစပ်တီထွင်ပြီး ဘီစီ (၂၀၀၀) မတိုင်မီအချိန်ပင် သုံးစွဲခဲ့သည်ဟု ဆိုပါသည်။

ဘက်တီးရီးယားပိုးကို သေစေနိုင်တဲ့ ပျားရည်မှာတူးကဲတဲ့ သကြားဓာတ်မျိုးစုံမှာ ပါဝင်နေပါသည်။ ပါဝင်တဲ့မာင်ဖိုင်းဓာတ်အမျိုးမျိုးက ခတ်ပြုပြီး ပေါ်ထွက်လာတဲ့ဟိုက်ဒြိုဂျင်ပါအောက်ဆိုဒ်ဓာတ်ကြောင့် ရောဂါပိုးတွေကို သေစေတယ်လို့ ယူဆကြပါသည်။ ပျားရည်မှာ (lohihin) ခေါ်တဲ့ ဓာတ်ကလည်း ပိုးတွေကို သေစေသည်။

ပျားရည်သည် သဘာဝက ဖြစ်လာတယ်ဆိုတာကို လူတိုင်းသိကြပါသည်။ စက်နှင့် ထုတ်လုပ်မရသလို အိပ္ပံပညာ ထွန်းကားပြီးသည့် ယနေ့အချိန်ထိ ဓာတုဗေဒနည်းနှင့် ဖော်စပ်လို့ မရသေးပါ။

ပန်းတစ်မျိုးဆီကရတဲ့ ပျားရည်ဟာ တခြားပန်းတစ်မျိုးကရတဲ့ ပျားရည်နဲ့မတူသလို ဘက်တီးရီးယားပိုးတွေကိုလည်း သေစေနိုင်တဲ့ အစွမ်းချင်း မတူပါဘူးလို့ နယူးဇီလန်နိုင်ငံက ဆေးပညာရှင်တွေက ပြောကြားကြပါတယ်။

ပျားရည်ရဲ့ အစွမ်းသတ္တိ ထူးခြားမှုတစ်ခုက ထိခိုက်ရှနာမျိုးစုံတို့ကို ပျောက်ကင်းစေနိုင်သလို အနာဆွေးကို အညစ်အကြေးနှင့် ဆွေးနေသော အသားစကို ခြစ်ထုတ်ပြီး ပျားရည် ထည့်ပေးလျှင်တော့ အနာပျောက်ကြောင်း သိရပါသည်။

ဓာတုဗေဒနဲ့ ဆေးပညာရှင်တွေက သူတို့ရဲ့ စမ်းသပ်မှုပြုခဲ့တဲ့ ပျားရည်ဟာ (Manuka)လို့ခေါ်သည့် သိပ္ပံအမည်မှာ (Lepiospeimum scopacium) လို့ခေါ်တဲ့ ပန်းတစ်မျိုးတည်းက ဝတ်ရည်ကိုသာ နမူနာယူပြီး စမ်းသပ်သည့်ပျားရည်ဖြစ်သဖြင့် သိပ်သည်းဆလည်း မများပါ၊ ပါအောက်ဆိုဒ်ဓာတ်လည်း မပါကြောင်း ပြောကြားပါသည်။

ပျားရည် (၂၆) မျိုးကို စမ်းသပ်နိုင်းယှဉ်လေ့လာတာမှာ ဘယ်လိုကွာခြားသလဲဆိုတော့ (Manuka) ပျားရည်ဟာ အနာဖြစ်စေတဲ့ ပိုးမွှားတွေကိုပိုပြီး နိုင်နင်းတဲ့သတ္တိရှိနေကာကို တွေ့ရှိကြရပါသည်။ ဓာတ်ကြွဆေးကုထုံးဆေးဝါးနှင့် မပျောက်သော အနာဆွေး အနာမျိုး နာတာရှည်အနာမျိုးကိုပင် ပျောက်ကင်းစေပါသည်။

· သို့ဖြင့် ပျားရည်ဆိုသည်မှာ အနာတစ်မျိုးကိုပဲ ပျောက်စေတာလားလို့ မေးကြဦးမည်။ ပျားရည်ရဲ့ အစွမ်းသတ္တိမှုကသွေးတစ်မျိုးနဲ့ပင် ပြည့်စုံနေတာကို မွဲမဟုတ်ဖြည့်စွက်လိုက်ရင် ယောက်ျားသားတွေ လိုချင်တောင့်တကြလွန်းတဲ့ ကာမအားပေးဆိုတာမျိုးတွေ၊ ကိုယ်ခန္ဓာအားဆေးနဲ့ ရောဂါပေါင်းစုံကို ပျောက်ကင်းစေနိုင်တဲ့ မရိုးမဟိုသော မိုးရာမဆေး ဖက် ပျားရည်ဟာ ဓာတုဗေဒဆေးဝါးမျိုးစုံ ပေါ်ထွက်လာသော်လည်း တမြတ်နိုးဟစ်ဝေတ်ဆန်းနေမှာပါ။

မြန်မာနိုင်ငံဟာ ပန်းပေါင်းစေဆာ ဖူးပွင့်တဲ့ ပန်းစုံပေါတဲ့ နိုင်ငံပါ။ နိုင်ငံခြားကိုင်းပြည့်က ပန်းတစ်မျိုးတည်းရဲ့ ပန်းဝတ်ရည်ကရတဲ့ ပျားရည်က စမ်းသပ်ပြီး အာကျိုးအာနိသင်ကို အသုံးတည့်အောင် ပြုနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံမှာနေနှင့် ပျားမွေးမြူရေးဌာနကသာ နေကြာပန်းတစ်မျိုးတည်းက မထုတ်ယူဘဲ တခြားပန်းများကပါ စိုက်ပျိုးမွေးမြူ ထုတ်ယူပါလျှင် သဘာဝပျားရည် ပန်းပေါင်းစုံရဲ့ ပန်းဝတ်ရည် ပျားရည်ဟာ ပို၍ ဆေးဖက်ဝင်သလို လွယ်ကူစွာလည်း ဝယ်ယူသုံးစွဲနိုင်မှာ ဖြစ်ပါသည်။

**စိုးယဉ်ထွန်း**

❑

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## အသက်ရှည်ရာ အစားအစာ

**မောင်စာဆို(ကျုံ့စု)**

"ဆရာ. . . ဆရာ"

"ဟာ လာဟေ့ မောင်စာဆို၊ မင်းစည့်သည် ကံကောင်းသကွ"

"ဘာဖြစ်လို့လဲ ဆရာ"

"မင်းလာတဲ့အချိန်မှာ မွှာရာက ဆက်သားခြောက် ပဲဆီမွှေးဆမ်းပြီး ရှမ်းပြည်က နာမည်ကြီး လက်ဖက်ခြောက်နဲ့ ဆရာ သောက်နေတုန်း မင်းလာခဲ့တာ"

"ဟာ ဒါဆို တပည့် စားရတော့မှာပေါ့ ဒီလိုလား"

"အမှန်ပေါ့ကွာ"

စာရေးသူ စာမှုမှတ်စုကိစ္စနှင့် ပျိုင်သာယာမြို့ ကျုံ့စုရွာ (မန္တလေး-အနောက်တော်မြက်ကြီးရှိရာ) ရောက်နေကြီးသော ရက်စက်လမ်းဘိမ်သို့သွားရာ ဆရာကြီး ဦးဆန်းဝင်း (ဆန်းဝင်းအောင်မြေ)က မာယက်ပါမာတိုင်း စည့်ဝပ်ပြုခြင်းကြောင့် ပီပီက ဝယ်သွားသော လက်ဖက်ရည်ကျဆီမိ ဝဲလာတာကိုအား ဆရာကြီးမှား တည်ခင်းကျွေးခါနီးရှုလေသည်။

"အော ကျွန်တော်လည်း ဆရာနဲ့ ပါသများ"

"ဘာတုံး နောက် လက်ဖက်ရည်နဲ့ မပါလာတာလားဟ"

"မှုဟ်မယ် ဆရာ"

"ကဲ- ဟုတ်ပြီ၊ မာမကြီးရေ ဝါလေးယွမ်ယည့်ပြီး ဘုရား အရင်လှူမပေါ်ဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆရာကတော်က ထည့်ဝရာများ ယူဆောင်လာပြီး ကြည်ညိုဖွယ် ရောင်စဉ်ကော်ဖွင့်ထားသဖြင့် ငွေရောင်ဝင်းလက်နေသော ကြေးဆင်းတုစံပယ်ရာ မြတ်စွာဘုရားအား ဟပ်လှူဒါန်းသဖြင့် ကျွန်ုပ်လည်း ပီတိဖြစ်စွာ လက်အုပ်ချီ၍ ရှိခိုးလိုက်ရလေတော့သည်။

"အေး၊ ကဲ မင်းလာရင်းကိစ္စကို ပြောပေတော့ဟ"

"ဟုတ်ကဲ့ ဆရာ၊ အခု စားရင်းသောက်ရင်းဆိုတော့ အာဟာရနဲ့ပတ်သက်ပြီး အသက်ရှည်စေတဲ့ အစားအစာများကို ရေးမှတ်လိုပါတယ်ခင်ဗျ"

"အာဟာရက အသက်ရှည်စေမှာ ရှည်စေကြောင်းဆိုတော့ အသက်ရှည်စေတဲ့ အစားအစာ ရှိသပေါ့ကွယ်"

(က)

### ဦးနှောက်ကျန်းမာ ဉာဏ်ပွင့်စေသော အစာများ

(၁) သစ်ကြားသီး (၂) ပျားနို့ (ပျားဘုရင်မ အာဟာရ ရည်) (Royal Jelly) (၃) ပိုးပြောက် ပန်းခြောက် (၄) ငှက်ပျောသီး (၅) စပျစ်သီး (၆) ကြက်ဥ (၇) လက်ဖက်ရည်ကြမ်း (၈) ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်မြိတ် (၉) ပန်းသီး

(ခ)

### ဇိုမင်းမှုကို နှေးကွေးစေသည့် အစားအစာများ

(၁) ပဲပုပ်ပဲ (Soya Bean) (၂) မြေပဲ (၃) နှမ်း (၄) သစ်ချသီး (၅) ကိုးဟ်စေ့ (၆) ကြွက်နားရွက်မှို (မကျောက်ပွင့်) (၇) ပျားရည် (၈) ပိန်းဥ (၉) ကြက်သွန်နီ (၁၀) ကင်းမွန်စေ့ (မျိုးစေ့) (၁၁) ဂန္ဓမာပန်းပွင့် (၁၂) ပန်းဝတ်မှုံ (Pollen)

(ဂ)

### အဆီချစေသည့် အစာများ

(၁) ကျွဲခေါင်းသီး (၂) ကျောက်ဖရုံသီး (Wax gourd) (၃) သခွားသီး (၄) ကဒက်ဥ (Yam) (၅) မှို (၆) ကန်စွန်းဥ

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

(၇) ကြွက်နားရွက်မှို (ကနက်) (၈) ဝဥ (Konjak, Conjak)

(ဃ)

**ကျားလိင်အားကောင်းစေသည့် အစာများ**

(၁) ဆိတ်ကဝတုံးသား (၂) ငုံးသား၊ ငုံးဥ (၃) စာကလေးသား (၄) ဆိတ်သား (၅) ဂျက်သိုက် (၆) ပြည်ကြီးငါး ပင်လယ်မျှော့ (၇) လောက်သွား (၈) ပုစွန် (၉) ဆူးချိုင်းခေါ် တစွပ်ကြက်သွန်ဖြူ

(င)

**ကင်ဆာရောဂါကာကွယ်စေသည့်**

**အစားအစာများ**

(၁) ကညွှတ် (Aspanagus) (၂) ကြက်သွန်ဖြူ (၃) မုန်ညင်းဖြူ (၄) မှိုခြောက် (၅) မုန်လာဥနီ (၆) ပြောင်းဖူး (၇) ပင်လယ်ကျောက်ကပတ် (၈) ခရမ်းချဉ်သီး (၉) ကီဝီသီး (Kiwi Fruit) (၁၀) ငရုတ်ပွ

"ကဲ- မောင်စာဆို ရေးခဲ့ပြီးတဲ့ အစားအစာတွေကို သေသေချာချာ မှတ်သားပြီး ကိုယ်တိုင်လည်းစား၊ သူများလည်း ကြွအကျွက်လည်း ပဟုသုတရအောင် စာမှာဖြစ်ရေးမယ် ဆိုရင် အကျိုးရှိကာပေါ့ မောင်စာဆိုရဲ့"

"မှန်ပေါ့ ဆရာရယ်၊ ကျွန်တော်လည်း ဒီလို တင်ပြခွင့်ပါတယ်၊ ဆရာပြောသလို လုပ်ပါ့မယ်ဆရာ"

"အေး ကောင်းပါလိမ့် မောင်စာဆိုရေ"

"ကဲ ဆရာ ကပည့်ကိုခွင့်ပြုပါဦး"

"ကောင်းပါပြီများ"

သို့နှင့် ကျွန်ုပ်လည်း ဆရာကြီး ဦးအောင်ဝင်း ပြောပါဒနှင့် မှတ်စုများအား မှတ်သားလျက် ရေကန်ကြီးအောက်မှ ထွက်ခွာလာရပါတော့သတည်း။

**မောင်စာဆို(ကျိုက်)**

မှီငြမ်း ။ ။ ဦးကျန်းမွေ့ (တိုင်းရင်းဆေး) ၏ "အသက်ရှည်ကျန်းမာ အစားအစာ" စာအုပ်မှ မှီငြမ်းပါသည်။


**မိသားစုနှင့် ထပ်တူဝမ်းနည်းကြောင်း**

**ဦးငွေထွန်း (၇၂) နှစ်**

**စာရေးဆရာ စိုးယဉ်ထွန်း (ခ) မောင်ဖြူဖွေး**

လပြည့်ဝန်းမဂ္ဂဇင်းတွင် ဆောင်းပါးများ ပါဝင်ရေးသားခဲ့သော

**စိုးယဉ်ထွန်း (ခ) မောင်ဖြူဖွေး** သည်

(၂၁-၈-၂၀၁၈) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက်

လပြည့်ဝန်းမဂ္ဂဇင်း အဖွဲ့သားများမှ

မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

လပြည့်ဝန်းမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com



# လူသားကမ္ဘာအတွက် အထူးအကျိုးပြုနိုင်သော စပါးကြီးမြွေ

သန်းတင်စိုး



တစ်လောက လှည်းရှောင်း ကင်ဆာဖြစ်စပြုနေသော မိတ်ဆွေတစ်ယောက်မှ စပါးကြီးသည်းခြေဟာ ကင်ဆာပျောက်တယ်ပြောလို့ စပါးကြီးမြွေ ရှာဝယ်ပေးပါဆိုလာ၍ မှော်ဘီအက်ရှိ တောမုဆိုးတပည့်တစ်ဦးထံ စာရေးပေးပြီး မှာလိုက်ပါသည်။

တစ်ပတ် ကြာပြီးနောက် ကျွန်တော်၏ တပည့် မြွေရေခွံအိတ်နဲ့ စပါးကြီးမြွေကို လာပို့ရှာသည်။ အဝါရောင်၊ အညိုရောင်၊ အနက်ရောင် အကွက်များနဲ့ အမြီးတိုတုတ်၍ မျက်လုံးကျဉ်းကျဉ်းဖြင့် အသည်းယားစရာ ကောင်းသော မြွေကြီးကို ထုတ်ပြလာပါသည်။ အသက်ရှိရက်မြွေမျိုးအား အနီးကပ် တွေ့ရသောအခါ ကြောက်စိတ်ဖြင့် ကြက်သီးမွေးညင်းထပြီး မကြည့်ရဲလို့ မုဆိုးအား အိတ်ထဲ မြန်မြန်မြန်ထည့်ပါဟု ပြောရသည်။

မုဆိုးအား ငွေသုံးသောင်း စရိုက်ပေးပြီး မြွေသားအား ဟင်းချက်စားရန် သူ့ကို စိစဉ်ခိုင်းရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထူးခြားမှုတစ်ခု သိရသည်မှာ စပါးကြီးသည်းခြေသည် တစ်နေရာတည်း၌ အတည်မနေဘဲ ပြောင်းရွှေ့နေတတ်သည်ဟု သိရှိရသည်။ မွန်းမတည့်မီ အချိန်ကာလအတွင်း ခေါင်းပိုင်းတွင် တည်ရှိနေတတ်သည်။ မွန်းလွဲနောက်ပိုင်းတွင် အျက်မှုအမြီးပိုင်းတွင် တည်ရှိနေတတ်သည်။ မုဆိုးရောက်ချိန်သည် မွန်းမတည့်မီဖြစ်၍ ချက်မှ ဦးခေါင်းပိုင်းတွင်ရှိသော သည်းခြေအား ယူရသည်။

စပါးကြီးမြွေ၏ ထူးခြားမှုတစ်ခုမှာ ဗိုက်ခွဲပြီးလျှင် ခေါက်ကောက်ပေးရသည်။ မြွေရေခွံသည် ပကတိအတိုင်း ပြန်ပြီးနေရသွားသည်။ ပြန်စေချိန်ဟာ လက်အား ပြုတ်တူဖြင့် ညှပ်သကဲ့သို့ အမြီးအမေ မပြေမှုသွားနိုင်သည်ဟု သိရှိရသည်။

မုဆိုး၏ လုပ်ချက်သည် ဖုံမြဲရသည်။ ပထမဆုံး သည်းခြေကို ကျက်ယူရသည်။ အရက်ပြန်နှင့်စိမ်၍ သည်းခြေကို နေလှန်းရသည်။ မြွေရေခွံကိုခွာ၍ အသားများကို အချို့ နေလှန်းပြီး အချို့ကို ဟင်းချက်ရန် စီစဉ်ရသည်။ မုဆိုးသည် သားကောင်ဖမ်းရာတွင်မင် မပျက်လည်မဟုတ်၊ ဟင်းချက်လည်း ကောင်းသည်။ တစ်ခါမျှ မကြုံဖူးတော့ အဲဒီနေ့က မုဆိုးအပါအဝင် လူနာနှင့် တိမ်သားအားလုံးအပြင် ကျွန်ုပ်ပါ မအာလာနိုင်နိုင်နှင့် မြွေသားဟင်း စားဖူးလိုက်သည်။ ထူးသော အရသာရှိသည်။

မြေကြီးမှောက် မြွေတွင်းထဲရှိ တွင်းအောင်းသတ္တဝါတို့၏ အရသာမှာ ဆိမ့်သည်။ ဝမ်းပိုးချက်ပြီးနောက်လည်း ဆိမ့်သည်။ ပူသည့်၊ လေကို နိုင်သည်။ ဝဇေသည်၊ ကျင်ကြီး ကျင်ငယ်တို့ကို နိုင်မစဖာပ်သည်။ ပိုးမွှားတို့ကို ဖျက်ဆီးနိုင်၏။ အဆိပ်ကိုနိုင်၏။ မျက်စိနှင့်သင့်၏။ အားကို ကိုးစေနိုင်၏။ ဥာဏ်ပညာ၊ ဝမ်းမီးတို့ကို ပွားစေ၏။

စပါးကြီးသည်းခြေသည် မြင်းသရိုက်နာနှင့် အလွန် သင့်၏။ မကျက်နိုင်သော အနာများတွင် စပါးကြီးမြွေ၏ အသား (အစို သို့မဟုတ် အခြောက်)ကို ကြော်ချက်၍ ရာသီ အလိုက် စားပေးလျှင် ကာလဝမ်းရောဂါများ၊ ကျောက်ကြီး ရောဂါများ၊ သွေယနာများ ပျောက်ကင်းနိုင်သည်ဟု ဆေး ကျမ်းများက ဆိုပါသည်။ ၎င်းအပြင် စပါးကြီးမြွေသားသည် ဝမ်းခေါင်းအတွင်းရှိ ထိုး၍ ထိုး၍အောင့်သော ရောဂါများကို လည်း ပျောက်ကင်းသည်ဟု ဆိုပါသည်။

မြန်မာ့ဆေးပညာသခိုင်းတွင် စပါးကြီးသည်းခြေသည် အလွန်တန်ဖိုးရှိ၍ အလွန်ထက်မြက်ကြောင်း လေ့လာသိရှိ ရပါသည်။

သေခါနီးဆဲဆဲ မိန်းမူးနေသော လူနာများကို စပါးကြီး သည်းခြေဖြင့် ပွတ်လိမ်းပေးပါက စပါးကြီးသည်းခြေ၏ စွမ်းအင်ထူးကြောင့် လျှာအကြည်ဓာတ် (ဇီဝှာပသာဒရုပ်)ကို ထိုးဖောက်ပြီး စပါးကြီးသည်းခြေ၏ အရသာပေါ်လာပါ သည်။ ထိုအခါ လူနာသည် လျှပ်ရှားလာခြင်း၊ သတိရလာ ခြင်း ဖြစ်ပေါ်လာသည့်အတွက် ဒေသကုံမူးမူးဖြစ်နေသော လူနာသည် ဇီဝှာပသာဒမှုပ် မပျက်သေးကြောင်း သိရှိရပြီး ဆေးကုသလျှင် ရနိုင်ကြောင်း၊ အသက်ရှင်နိုင်ကြောင်း ခန့် မှန်းသိရှိရပါသည်။

စပါးကြီးသည်းခြေအား လျှာကို ပွတ်လိမ်းပေးသော အခါ လျှာအရသာမှာ အလွန်ခါးသက်သောအရသာ ခံစား ရသည်။ သည်းခြေ၏ စွမ်းရည်ကြောင့် ခန္ဓာကိုယ်တွင်းရှိ အကြောအမြင်များသို့ ပျံ့နှံ့ပြီး ရောဂါပျောက်ကင်းမှုကို ဖြစ်ရောက်စေသည်။ အလွန်ပြင်းထန်သောရောဂါကို ကုသ ရာတွင် လျှာအား စပါးကြီးသည်းခြေဖြင့် သုတ်လိမ်းပြီး အကျိုး ကိုကြည့်၍ လူနာအား ကုသင့်၊ မကုသင့် ဆုံးဖြတ်ကြသည်။

စပါးကြီးမြွေသည် မိမိထက် ခန္ဓာကိုယ်ကြီးမားသော သိုး၊ နွား၊ ဆိတ်၊ ချေ၊ ကျွဲနိုင်း၊ တောဝက်၊ ကျားသစ် စသော အကောင်များကို ညှို့တံဖြင့် ညှို့ယူ၍ ရစ်ပတ်ဖမ်းကာ အရိုး များကျိုးကြေသည်အထိ ဖျစ်ညှစ်သတ်ပြီးမှ အကောင်လိုက် မျိုသည်။

ထူးခြားသည်မှာ စပါးကြီးပမ်းဗိုက်အတွင်းရှိ အရည် နှင့် အကျိအချွဲများသည် သားကောင်ကို အစာခြေစေသည့် အာနိသင်ရှိသည်ဟု သိရသည်။ ၎င်းစားထားသော သတ္တဝါ၏ အသွေး၊ အသား၊ သည်းခြေများကို မကြိမ်များစွာ စား သောက်ပြီး စုပေါင်းသိုမှီးထားသောကြောင့် သည်းခြေများစွာ၏ အာနိသင်ကြောင့် စပါးကြီးမြွေ၏ သည်းခြေသည် ဆေးပေါင်းခသည့် သည်းခြေညွှန့်ပေါင်း အစုအဝေးကြောင့် အာနိသင်ထက်မြက်နေသည်ဟု ခန့်မှန်းရသည်။ အကောင် ကြီး၊ သေး ပေါ်မူတည်၍ တစ်နှစ်ခွာတွင်းအောင်းပြီး အစာ မစားဘဲ နေနိုင်သည်ဟု သိရှိရသည်။

စပါးကြီးမြွေကို အများအားဖြင့် အာရှတိုက်၊ အာဖရိ ကတိုက်၊ ဩစတေးလျတိုက်တို့၌ အများဆုံးတွေ့ရတတ်သည်။ အထူးသဖြင့် အာဖရိကတောအတွင်း၌ ပိုမိုပေါများစွာ တွေ့ ရှိနိုင်သည်။ စပါးကြီးမြွေသည် သစ်ပင်တက်နိုင်သည့် သား ကောင်များကို သစ်ပင်များတွင် တွဲလဲခို၍ စောင့်ဆိုင်းနေ တတ်သည်။ မြစ်ချောင်းများ၌လည်း ချောင်းမြောင်းနေတတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အာရှတိုက်ရှိ စပါးအုံးမြွေနှင့် စပါးကြီးမြွေတို့သည် ချေ၊ ငယ်၊ စိုင်၊ ဆတ်တို့ကို အကောင်လိုက် မျိုနိုင်သည်။

စပါးကြီးမြွေသည် တစ်ခါဥသော် အလုံး တစ်ရာခန့် ဥသည်။ မိခင်မေတ္တာဖြင့် အကောင်ပေါက်သည်။ အမိရင်ခွင်းအတွင်း၌ ဝပ်ပေးပြီး ဝပ်နေစဉ် အစာမစား ဟိုဟိုဒီဒီမသွားဘဲ ဝပ်နေသည်။ စပါးကြီးမြွေ၏ ဥသက်တမ်းသည် နှစ်သုံးဆယ်နီးပါး ရှည်တတ်သည်။ အကြီးဆုံးအကောင်အထည်အားဖြင့် ပေါင် ၃၀၀ ကျော်လောက်လေးသော ကိုယ်ထည်ရှိသည်။ စပါးကြီးမြွေတွင် အဆိပ်မရှိချေ။ အထူးသဖြင့် စပါးကြီးမြွေသည် မြစ်ချောင်း၊ အင်းအိုင်၊ ရွှံ့နွံပေါသော အရပ်ဒေသများတွင် ကျက်စားတတ်ပါသည်။

စပါးကြီးမြွေ၏ အသား၊ အရိုး၊ သည်းခြေ အားလုံးသည် လူသားတို့အတွက် ဆေးဖက်ဝင်လှသည်။ စပါးကြီးတစ်ကောင်လုံးတွင် အသုံးအကျဆုံးနှင့် အဖိုးအတန်ဆုံးမှာ စပါးကြီး၏ သည်းခြေပင် ဖြစ်ပါသည်။ သမားတို့သည် ဆေးကုထုံးများတွင် သူနေရာနှင့်သူ အသုံးချကုသကြသည်။

**ကလေးရောဂါများအတွက်**

ကလေးရောဂါများအတွက် ပိုမိုအသုံးဝင်လှသည်။ ကလေးလူနာများ ရင်ကျပ်ခြင်း၊ ချွဲသလိပ်ကပ်ခြင်းဖြစ်လျှင် စပါးကြီးသည်းခြေကို မိခင်နို့ရည်ဖြင့် ဖျော်တိုက်လျှင် ပျောက်ကင်း၏။ သူငယ်နာရောဂါအတွက် စပါးကြီးသည်းခြေကို မကြာခဏ ပွတ်ပေးပါက ပျောက်ကင်း၏။ သူငယ်နာ၊ ချွဲကျပ်ရောဂါ၊ အစာကျရောဂါ ဖြစ်နေသူများကို စပါးကြီးသည်းခြေနှင့် လျှာကို ပွတ်ပေးပါ။ ကလေးများ အသိပြာခြင်း၊ ကိုယ်ပူခြင်း၊ ဖျားခြင်း၊ ခန့်မန်းအားကြီးခြင်းတို့ဖြစ်လျှင် မိခင်နို့ရည်နှင့် စပါးကြီးသည်းခြေကို ဖျော်တိုက်ပါက ပျောက်ကင်း၏။

**ဆေးအဘိဓာန်အဖွင့်ကျမ်းတွင်**

ဝက်ရူးနာ၊ မျက်စိနာ၊ ပိုးနာ၊ အလွန်ပူမသော်အနာ၊ သည်းခြေအားကြီးသော ဝေဒနာ၊ သလိပ်အားကြီးသော ဝေဒနာ၊ ပျော့နာတို့ကို နိုင်၏ဟု ဖော်ပြထားပါသည်။

**ရသဓာတုကျမ်းတွင်**

အိပ်ဝင်မြူခြင်း၊ အံပင်ကြွေခြင်း၊ ကျွတ်ခြင်း၊ ဝက်ရူးနာ၊ မျက်စိနာတို့ကို စပါးကြီးသည်းခြေဖြင့် ကုသလျှင် ပျောက်ကင်းနိုင်ကြောင်း ဖော်ပြထားရှိပါသည်။

**သမားစဉ်ကုထုံးကျမ်းတွင်**

ဆေးနည်း သုံးမျိုးရှိပါသည်။ သူငယ်နာလျှာပွတ်ဆေးတွင် (၁) နွယ်ချို (၂) ပဇိမ်းနီ (၃) စပါးကြီးသည်းခြေ သုံးမျိုးဖော်စပ်၍ ဆေးတောင့်ပြုလုပ်ထားပြီး သူငယ်နာရောဂါထသော ကလေးအား ဆေးတောင့်ကိုသွေး၍ လျှာပွတ်ပေးက ပျောက်ကင်း၏။

**မဟာသဒ္ဒါမသာရဆေးကြီးတွင်**

သည်းခြေအားကြီး၍ နှလုံးဆူ၊ နှလုံးပူ၊ ထိတ်လန့်သူများအတွက် ဆေးအမည်ပေါင်း (၃၀)ရှိရာ ၎င်းတွင် စပါးကြီးသည်းခြေ ပါဝင်၏။ စပါးကြီးသည်းခြေ၏ ကဏ္ဍသည် ဆေးပညာအတွက် အကျိုးကြီးလှပါ၏။

စပါးကြီးသည်းခြေသည် ရသဓာတ်ရည်ကို အလွယ်တကူ ကြေကျက်စေနိုင်သဖြင့် ရသဓာတ်ချို့ယွင်းသော ရောဂါမှန်သမျှကို ပျောက်ကင်းစေနိုင်ပါသည်။

စပါးကြီးသည်းခြေသည် ကုမရနိုင်သော မျက်စိနာများ၊ မျက်လုံးတွင် တိမ်စွဲစပြုနေခြင်း၊ မျက်ခမ်းစပ်ရောဂါတို့ကို စပါးကြီးသည်းခြေနှင့် ရေသန့်သန့်တို့ကိုရောစပ်၍ ကွင်းပေးခြင်း၊ မျက်စဉ်းခတ်ပေးခြင်းတို့ ပြုလုပ်ပါက မျက်စိရောဂါနှင့် ထိခိုက်မှုဒဏ်ရာများ ပျောက်ကင်းစေနိုင်ပါသည်။

စပါးကြီးသည်းခြေသည် သန္ဓေပါတ်ငန်းနာ၊ မီးယပ်၊ မီးပွင်း၊ အပူမီးယပ်၊ သွေးကြွင်းနာ၊ မနိုင်သော ဝမ်းမီး၊ နိုင်သော ပမ်းမီး၊ အစာမကြေသော ဝမ်းမီး၊ စမြင်းခံသောဝမ်းရှိသူများကို သွေး၍ ရေနွေးရောစပ်ပြီး တိုက်ကျွေးလျှင် ပျောက်ကင်းနိုင်ပါသည်။

သို့အတွက်၊ လူမျိုးကမ္ဘာအတွက် တောထဲ တောင်ထဲ ရွှံ့နွံဟိုင်းယံတွင် နေထိုင်သော တွင်းအောင်းသတ္တဝါမျိုး မြွေအမျိုးအစားတွင် တစ်မန် သေးဖြစ်ပါးဖြစ် အကျိုးပြုနိုင်သော စပါးကြီးမြွေ၏ အသား၊ အရိုး၊ သည်းခြေတို့သည် အစွမ်းထက်မြက်လှပါသည်။ မိတ်ဆွေတစ်ယောက် အတွေ့အညီ ၎တောင်းခြင်းကြောင့် စပါးကြီးသည်းခြေအကြောင်း၊ စပါးကြီးမြွေအကြောင်းကိုကို ရှာဖွေရေးသားတင်ပြပြီး လူသားတို့အတွက် အကျိုးရှိ အသုံးချနိုင်ရန် ဖော်ပြအပ်ပါသည်။

**သန်းတင်မိုး**

**ကျမ်းကိုးစာရင်း**


(၁) ဥတုဓေဘာဇန သင်္ဂဟကျမ်း

(၂) ဆေးအဘိဓာန်ကျမ်း

(၃) ရသဓာတုကျမ်း

(၄) သမားစဉ်ကုထုံးကျမ်း

(၅) ဘကြည်ဝင်း၏ မှတ်စု


❑



www.burmeseclassic.com

www.burmeseclassic.com

# မာရီလင်မွန်ရိုးနှင့် ကျန်းမာခြင်း

ဒေါက်တာနိုက်တင်ဂေးလ်



www.burmeseclassic.com

www.burmeseclassic.com

စတ္တန့်နှင့်အမျှ မိနစ်နှင့်အမျှ နာရီတိုင်း၊ အချိန်တိုင်းမှာ ကျွန်မ၏ဦးခေါင်းထဲမှ အဏုဇီဝလျှပ်စီးလှိုင်းများ ဖြာထွက်နေပါသည်။ မိန်းမသားအားလုံး၊ ယောကျ်ားများအားလုံး၊ လူသားတိုင်း၏ ဦးခေါင်းခွံထဲမှ အဏုဇီဝလျှပ်စီးလှိုင်းများ ဖြာထွက်နေကြသည်။ ထိုလှိုင်းများ ထိခတ်မိကြ၏။ ထိုလှိုင်းများ ငြိတွယ်သွားကြသည်။ တချို့လှိုင်းများ စိုးတိုက်လွင့်စဉ်ကုန်၏။ ဖြာထွက်ဆဲ အဏုဇီဝလျှပ်စီးလှိုင်းထဲမှာ ကျွန်မဖတ်ခဲ့ဖူးသော "ဂျွန်လ၏ မိုးရေများ"ကဗျာစာအုပ်မှ ကဗျာလေးတစ်ပုဒ် မျောပါလာသည်။ ကဗျာဆရာမှာ ဦးသုခမိန်လှိုင်ဖြစ်ပြီး ကဗျာခေါင်းစဉ်ကား "မာရီလင်မွန်ရိုးသို့ တမ်းချင်း" ဖြစ်သည်။

'ဆင်းရဲခြင်းက ဒုက္ခ' တဲ့၊
နီလာရောင် ရေမြှုပ်အန်း
'ပဲရစ်' ရေမွှေးဖျန်းထားသော ပန်းခြံ
မရမ်းရောင် ရှမ်ပိန်၊ ရေခဲတိမ် 'မာကနီ'
ငွေခြည်ရောင် ရေခဲသေတ္တာကိုကြားမှာ
အဆိပ်သောက် သေဆုံးသွားသော
ဟောလီးဝုဒ်၏ ကြယ်ပွင့်အပြာ
ကို မာရီလင်မွန်ရိုး
'ချမ်းသာခြင်းမှာ ဘာဒုက္ခများ ကျွေ့ခဲ့သလဲ' တဲ့။

ဆင်းရဲခြင်းမှာ ဒုက္ခဖြစ်၏။ ချမ်းသာခြင်းမှာလည်း ဒုက္ခတရား ရှိသည်။ လူသားတို့၏ ဘဝတစ်ခု ရှင်သန်နေဖို့အတွက် ကျန်းမာခြင်းသည် အဓိကလိုအပ်ချက် ဖြစ်သည်မဟုတ်လား။

အစွမ်းကုန် ဖူးပွင့်မနေသည့် ပန်းတစ်ပွင့်လို ဟစ်ဖန်တာ၏ အပြုံးရွှင်နိုင်ဆုံး ပထ္ထုရားတစ်ခုကို မမြင်ပျော်ပြောစားလို့မရနိုင်ပါ။

ရင်ခုန်လိုက်ရမှာပွယ် တမ်းတခြင်း၊ ဂမ်းနည်း ကြေကွဲခြင်းနှင့် နားလည်နိုင်ခြင်းများကို ပေါက်ဖွားမျိုးပြီး ယက်ကိုင်အိတ်ထဲမှာ စနက္ခအသက်သိမ်းဆည်းထားရစ်ခဲ့ပြီးသည့်နောက် နာရီလက်တံများကို သစ္စာကြီးစွာ ဖက်တွယ်လိုက်ပါရပေဦးမည်။

ပြဿနာ(PROBLEM)တစ်ခုဖြစ်မှ ဖြေရှင်းခြင်းထက် မဖြစ်မီ ကြိုတင်ကာကွယ်ခြင်းအားဖြင့် နောက်ဆက်တွဲ (COMPLICATION) အဖြစ် ရင်ဆိုင်လာရမည့် နစ်နာဆုံးရှုံးမှုများ ဥပမာအားဖြင့် ထိခိုက်ပွန်းရှုံးရမည့် ငွေကြေး၊ အချိန်၊ လုပ်အား၊ ခွန်အား စသည်တို့ လျှော့ပါးသက်သာစေနိုင်မည်ဖြစ်၍လည်း ကျွန်မတို့မှာ ကာကွယ်ရေးလုပ်ငန်းများ အလေးထား လုပ်ဆောင်နေကြခြင်းပင် ဖြစ်သည်။

ကျန်းမာခြင်းဟူသည် အနာရောဂါများ ကင်းရှင်း၍ ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခ စသည့် သုခသုံးပါးနှင့် ပြည့်စုံခြင်းဟု ယူဆထားကြပါသည်။ ကျန်းမာနေခိုက်တွင် ပညာ၊ ကြင်ယာ၊ ဥစ္စာ ရှာမည်။ ကုသိုလ်ကောင်းမှုပြုမည်။ အနေအထိုင်၊ အသွားအလာ၊ အစားအသောက် ဆင်ခြင်ကြမည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ သင့်တင့်မျှတအောင်နေမည်။

မကျန်းမာလာပါက ဆေးရုံ၊ ဆေးခန်းသွား၍ ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပြသ၊ ဆေးကုသမှုခံယူရမည်။ ထို့ကြောင့် "ကျန်းမာရေး"ဟူသည် ကျန်းမာရေးဌာန၊ ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်သာဖြစ်သည်ဟု အစဉ်အလာအရ သတ်မှတ်ယုံကြည်နေကြသည်က များပါသည်။ ယခုအခါ ထိုအစဉ်အလာ၊ ထိုသတ်မှတ်ချက်သည် မမှန်ကန်တော့။ မှားယွင်းနေမှန်း သိလာကြပါပြီ။

(က) လူတစ်ဦး ကျန်းမာဖို့အတွက် အခြေခံအားဖြင့် ရှိနှင့်ထားသည့် အရာများ၊

(ခ) လူ့ကျန်းမာမှုကို အဆုံးအဖြတ်ပြုနိုင်သော အရာများကို သိထားဖို့ လိုအပ်လာပါသည်။

**လူတစ်ဦးကျန်းမာဖို့အတွက် အခြေခံအားဖြင့် ရှိနှင့်ထားသင့်သော အရာများမှာ -**

(၁) ငြိမ်းချမ်းခြင်း (လုံခြုံမှု)
(၂) နားခိုရာ (အိမ်၊ အမိုးအကာ)
(၃) ပညာရေး
(၄) စားဝရိက္ခာ
(၅) ဝင်ငွေ
(၆) တည်ငြိမ်သော ဂေဟစနစ်
(၇) ရေရှည်ပံ့ပိုးမှုပေးနိုင်သော အရင်းအမြစ်၊ သယံဇာတများ
(၈) တရားမျှတမှု
(၉) သာတူညီမျှရှိခြင်း ကိုဖြစ်သည်။ ... ဖြစ်သော ...

(၁) လုံ့ခိုးနေ
(၂) အခြေချနေထိုင်မှု (မြို့ရွာဖြစ်ထွန်း)
(၃) စားရေရိက္ခာ (စိုက်ပျိုး မွေးမြူရေး)
(၄) ရေအရင်းအမြစ်
(၅) စွမ်းအင်



www.burmeseclassic.com

www.burmeseclassic.com

(၆) စက်မှုလုပ်ငန်း
(၇) ပတ်ဝန်းကျင်ရှိ မှော်ဝါ့ပစ္စည်းများ
(၈) ကုန်သွယ်မှု
(၉) ဆက်သွယ်ရေး
(၁၀) မဟာဗျူဟာ အပြောင်းအလဲ

(ရာသီဥတု ဖောက်ပြန်မှု၊ ကမ္ဘာကြီး ပူနွေးလာမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှု)တို့ဖြစ်ကြောင်း သုတေသနပြုချက်များအရ တွေ့ရှိလာကြပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့တစ်တွေ ကျန်းမာစွာ ရှင်သန်နေနိုင်ဖို့ဆိုလျှင်-

(က) လူ့လိုအပ်ချက်
(ခ) ပတ်ဝန်းကျင်အနေအထား

ဟူ၍ အဓိကအချက် နှစ်ချက်ကို အလေးထားရမည် မဟုတ်ပါလား။

ထို့အတွက် လူ့လိုအပ်ချက်၊ လူသားတစ်ဦးမှာ-

စားဝတ်နေရေး ဖူလုံရန် လိုအပ်သည်၊

လူလူချင်း စာနာထောက်ထားရပါမည်၊

ဓလေ့နှင့်မြို့၊ ကြွယ်ဝသူနှင့်ဆင်းရဲသူ ကွာဟချက် နည်းပါးနေလျှင် ခါးသည်းမှုတွေ ပျောက်ကွယ်သွားပေမည်။

တစ်ကိုယ်ရေ သန့်ရှင်းမှု ရှိရမည်။

ဤလိုအပ်ချက်တို့ကား တစ်မနက်၊ တစ်ရက်တည်းကိစ္စမဟုတ်ဘဲ တစ်သက်တာ၊ တစ်ဘဝတာ မှာရေးကိစ္စပင်။ လိုအပ်ချက်တွေ ပြည့်စုံဖို့ တစ်ဦးချင်း ကျင့်ကြံကြိုးစားဖို့ လိုအပ်နေသလို တစ်မိသားစုလုံး လိုက်နာ အားထုတ်သင့်ပါသည်။ တစ်ရပ်ကွက်လုံး ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ကျင့်သုံးဆောင်ရွက်သင့်သည် မဟုတ်ပါလားရှင်။ သို့မှသာ အနာရောဂါကင်းရှင်းပြီး ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခတို့နှင့် ပြည့်စုံခြင်းဆိုသော "ကျန်းမာခြင်း"ကို ချမ်းသာစွာ ခံစားကြရမှာ အသေအချာပင် ဖြစ်သည်။

ကိုယ့်ဘာသာကိုယ်၊ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူရသော ကိုယ်တိုင်အရေးကိစ္စ ဖြစ်သလို လူသားတိုင်း၊ ကျန်းမာရေးဌာနအပါအဝင် ဌာနတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် သက်ဆိုင်သော အလုပ်တာဝန်လည်း ဖြစ်ပါသည်။

လူ့သားတို့၏ ပတ်ဝန်းကျင်မှာ-

သာယာသန့်ရှင်းနေသင့်သည် မဟုတ်လား။

ကြွက်၊ ခြင်၊ ယင် ကင်းရှင်းနေရပါမည်။




အပိုက်သရိုက်၊ အညစ်အကြေး စနစ်တကျ သိမ်းဆည်း၊ သယ်ယူ၊ စွန့်ပစ်နိုင်သော စနစ်ရှိရမည်။

မြေထု၊ ရေထု၊ လေထု သန့်ဖို့လိုပါသည်။

စိတ်ကသိကအောက်ဖြစ်စေသော အနံ့အသက်၊ အဖိုးအငွေ့၊ အမှုန်အမွှား ကင်းရပါမည်။

ဘေးကင်း လုံခြုံနေရမည်။

ငြိမ်းချမ်းစွာ အတတ်ပညာဆည်းပူးနိုင်သော နေရာဌာနများ ရှိရမည်။

လွယ်ကူချောမွေ့သော ဆက်သွယ်ရေးစနစ် လိုအပ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာ ဌာနများ အရန်သင့် ရှိနေရပါမည်။

ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ဖို့မှာပွက် တစ်ဦးချင်း၊ တစ်မိသားစုချင်းမှ အစပြုကာ သက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ အသင်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည့် လုပ်ငန်းများ ဖြစ်ပါသည်။ သို့မှသာ အနာရောဂါကင်းစင်ပြီး ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခတို့နှင့် ပြည့်စုံခြင်းဟူသော 'ကျန်းမာခြင်း'ကို ချမ်းသာစွာ ခံစားနိုင်ကြမည် မဟုတ်ပါလား။

အမှန်စင်စစ်၊ ကျန်းမာရေးတွင် တစ်ကိုယ်ကောင်းကြံ၍ မရစကောင်းပေ။ ကူးစက်ရောဂါဖြစ်ပွားမှုမှာ မမြင်နိုင်သော ရောဂါ၏ ပျံ့နှံ့မှုသည် လူပုဂ္ဂိုလ်ကို ရွေးချယ်မနေပါ။ ပတ်ဝန်းကျင်ညစ်ညမ်းမှုသည် တစ်အိမ်တည်းကို ကွက်၍ ထိခိုက်မှုမပေးဘဲ အားလုံးကို ပေးမည်ဖြစ်ပါသည်။

လေထု၊ ရေထု ညစ်ညမ်းမှုသည် မည်သူ့ကိုမျှ ထိခိုက်နစ်နာစေသော၊ မည်သူမဆို ရင်ဆိုင်ကြုံတွေ့နိုင်သော ပြဿနာဖြစ်လေသည်။ ထို့အတွက် ကျန်းမာရေးပြဿနာများသည် စုပေါင်းဖြေရှင်းကြရန် လိုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းကြီးချုပ်စံနစ် ဆိုသည်ကို မြန်မာ့ကျေးလက်တောင်သူဦးကြီးများက ပိုမိုသိနားလည်ကြပါလိမ့်မည်။ "ဝိုင်းကြီးချုပ်စံနစ်" ဆိုသည် လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ရာတွင် စုပေါင်းတာဝန်ယူ အကောင်အထည်ဖော်ကြသော စနစ်မဟုတ်လား။

ဝိုင်းကြီးချုပ်စံနစ်မှာ တစ်ဦးချင်း၏ အသိ၊ ခံယူချက်၊ ပါဝင်လုပ်ဆောင် တာဝန်ယူမှုများအပေါ် အခြေခံနေပြန်ပါသည်။ လူထုကိုအခြေပြုသော ကျန်းမာရေးစီမံချက် တစ်ရပ်ရေးဆွဲရာတွင် လူမှုရေး၊ ယဉ်ကျေးမှု၊ လက်တွေ့ကျမှု၊ သိပ္ပံနည်းကျမှု စသည့်အခြေခံမှု လေးရပ်နှင့် ဆန့်ကျင်မှု ရှိမနေစေဖို့ သတိထားရပါမည်။

**ကျန်းမာရေး စီမံချက်တစ်ခု ပြည့်စုံအောင်မြင်စေရေးအတွက် ဆိုလျှင် -**

(၁) တစ်ဦးချင်း၊

(၂) မိသားစုမှာပိုက်၊

(၃) ဒေသခံပုဂ္ဂိုလ်၊ အဖွဲ့အစည်းအလိုက်၊ ရွာလုံးကျွတ်၊ တစ်မြို့လုံး ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်းသည် အရေးတကြီးလိုအပ်ပါသည်။

ထို့အတွက်လည်း ကိုယ့်အားကိုယ်ကိုးလိုသောစိတ်၊ ကိုယ့်အသိစိတ်နှင့် အားလုံးအတွက် အောင်မြင်အောင် ပါဝင်ဆောင်ရွက်ကြမှသာ ကျန်းမာမှုနှင့်ပြည့်ဝသော မြို့ရွာများ ပြန့်ပွားသွားမည်ဖြစ်ပေသည်။

"ရေများရေနိုင်၊ မီးများမီးနိုင်"ဆိုသလို ကျန်းမာခြင်းဆိုသော သုခတရားက ကြီးမားပြန့်ပွားလာသောအခါ ဒုက္ခတရားဟူသည် သေးငယ်ပျောက်ကွယ်သွားမှာ မလွဲပင်။

ချမ်းသာခြင်းက အိမ်ရှေ့တံခါးမကြီးမှ တိုးဝင်လာလျှင် ဒုက္ခတရားတို့မှာ နောက်ဖေးပေါက်မှ ပြေးဆင်းကြရတော့မှာပဲ မဟုတ်ပါလား။

ကျွန်မတို့အားလုံး ဒုက္ခဆင်းရဲများကို ဖယ်ရှားပစ်နိုင်ဖို့အတွက် ကျန်းမာခြင်းကို တတ်အားသရွေ့ ဖမ်းဆုပ်အရယူကြပါစို့လားရှင်။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

**ဒေါက်တာနိုက်တင်ဂေးလ်**

❏




# အင်းဂလိုင်ဘိုးဘိုးကြီးနန်း

# အကြားအမြင်ဆရာမကြီး

# ဒေါ်ကြည်ကြည်မိုး

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်မပြေဖြစ်တာလား။ အိမ်ကလေးကလေးကျွဲ မြေလွှမ်းမှုများနေပြီလား။ ပစ္စည်းပျောက်၊ မင်္ဂလာပျောက်၊ ငွေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညှံ့နေလို့လား။ ပါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

**ဟောမန်းတည်ရာ** ❂ အောင်မြေသာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း

**လမ်းညွှန်** ❂ ၂၀၁၊ ၈၂၅၊ ၈၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ နှံ့ရှေ့မှတ်တိုင် ဆင်းပါ။

❂ ဝိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။

ရွှေ့ပြစ်ဟော မာတ်ဆင် မာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။

လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၆၁၁၁၈၃၈၈၊ ၀၉-၇၇၀၈၆၉၅၄၇




www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

သမားတော်ကြီး ဒေါက်တာသက်ဒွေ



သဘောမညိုးပင်

သဘောမညိုးပင်များသည် ပင်ငယ်မျိုးဖြစ်ပြီး ဆယ့်နှစ်ရာသီပန်းပင်မျိုးတွင် ပါဝင်၏။ အမြင့်ပေ နှစ်ပေကျော်ခန့်မြင့်၏။ ပင်လုံး သေးငယ်၏။ အခက်များ ဖြာထွက်ကြ၏။

ပင်စည်နှင့် ရွက်ရိုးတံမှာ ခရမ်းရောင်ဖြစ်၏။ မျက်ဆိုင်ထွက်၍ ထပ်ဝိုင်း၏။ ရွက်အပေါ်ပြား ချောမွေ့၍ ရွက်ကြောများ ပါရှိ၏။ အပွင့်များသည် ကဖြူရောင်နှင့် ကညိုရောင်နှစ်မျိုးရှိ၏။ ပွင့်ဖတ် ငါးဖတ် ပါရှိ၏။ အညိုရောင်ကိုသာ အသုံးပြုသူ များ၏။ မြန်မာပြည်နေရာအနှံ့အပြား အလေ့ကျပေါက်၏။ ဆေးဖက်တွင် ပဥ္စင်းပါးစလုံး အသုံးပြုကြ၏။ အသီးများသည် သီးတောင့်ရှည်ဖြစ်ပြီး အစေ့များ ပါရှိ၏။

သဘောမညိုးပင်၏ အကျိုးသွားအာနိသင်များမှာ ဝမ်းမီးကို တောက်စေ၏။ အဆိပ်ကို ပြယ်စေ၏။ ဆီးရောဂါများ ပျောက်ကင်း၏။ မီးယပ်ရောဂါကို နိုင်၏။ အမြစ်နုများသည် အားကို ဖြစ်စေ၏။ လူကို ဝဖြိုးစေတတ်၏။

## ဆေးဖက်တွင် အသုံးပြုပုံများ

၁။ ဆီးချိုရောဂါရှင်များ ပဥ္စင်းပါးစလုံး နေ့စဉ် ပြုတ်သောက်ပါက ပျောက်ကင်းစေနိုင်၏။

၂။ အမျိုးသမီးများ မီးယပ်သွေးလွန်ရောဂါ ဖြစ်ပါက အရွက်ကို စင်ကြယ်စွာဆေး၍ ရေနှင့်စိမ်သောက်က ပျောက်၏။

၃။ ဆီးပူ၊ ဆီးနည်း၊ ဆီးမအောင့်ရောဂါဖြစ်လျှင် အရွက်သတ္တုရည် နှစ်ကျပ်သား၊ ဆားအနည်းငယ် ထည့်သောက်က ပျောက်၏။

၄။ ဝမ်းမဖော၊ ဝမ်းရောင်၊ ဝမ်းကိုက် ဖြစ်ပါက ပဥ္စင်းပါးပြုတ်ရည်ကို တစ်နေ့ သုံးကျပ်သားခန့် နှစ်ကြိမ်သောက်ပေးက ပျောက်ကင်း၏။

၅။ အဆိပ်သင့်ရောဂါများအတွက် အရွက်သတ္တုရည်ကို နှစ်ကျပ်သားခန့် သောက်ပြီး ကိုက်ခံရသောနေရာကို အရွက်ထိုရေ ကပ်ပေးပါက ပျောက်ကင်းစေပါသည်။



သနပ်ခါးပင်

သနပ်ခါးပင်များသည် ရှောက်ပင်မျိုးနွယ်တွင်ပါဝင်ပြီး မြန်မာအမည် သနပ်ခါးပင်ဟု ခေါ်သည်။ ပင်လတ်မျိုးဖြစ်ပြီး အမြင့်ပေ ၃၀ လက်မထိ ရှိသည်။ ပင်စည်နှင့် အကိုင်းအခက်များတွင် ချွန်ထက်သော ဆူးများပါရှိသည်။

အပင်နုစဉ် အပွေးပါးပြီး အပင်ကြီးလာသောအခါ အပွေးများထူလာသည်။ အဝါရောင်များ ဖြစ်၏။ ထို့ကြောင့် ရွှေဝါရောင်သနပ်ခါးဟု တင်စားခေါ် ဆိုကြ၏။

အရွက်များ ရွက်လွှဲထွက်ကြသည်။ ရွက်[illegible] နှစ်စုံမှ သုံးစုံအထိရှိသည်။ အပွင့်လေးများ သေးငယ်[illegible] အဝါနုရောင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အသီးများသည် အပွတ်လိုက်သီး၏။ ချဉ်၏။ အဝါနုရောင် အစေ့ကလေးများ ပါရှိသည်။ အမြစ်များသည် အပွေး အခေါက်များ ပါရှိပြီး ပင်စည်အခေါက်ထက် ပို၍ ဝါသည်။ ပခုက္ကူ မြိုင်၊ မြင်းခြံ၊ မလှိုင်၊ ရွှေဘို၊ မုံရွာ စသည့် မြို့နယ်များတွင် ပို၍ဖြစ်ထွန်းသည်။ မြိုင်သနပ်ခါးနှင့် ရွှေဘို သနပ်ခါးတို့သည် နံ့မည်ကြီး၍ ဈေးကွက်ဝင်သည်။

မြန်မာဆေးကျမ်းများ အလိုအရ သနပ်ခါး၏ အကျိုးသွားအာနိသင်မှာ ပူ၏၊ ခါး၏၊ ချုပ်၏၊ သွေးကို ကြွစေတတ်၏။ ငန်း၊ ခန်းကို နိုင်၏။ အပူနာ၊ အအေးနာ နှစ်မျိုးလုံး သုံးနိုင်၏။ ဆေးဖက်တွင် အရွက်၊ အသီး၊ အမြစ်တို့ကို သုံးကြ၏။



## ဆေးဖက်တွင် အသုံးပြုပုံများ

၁။ အနာကြီးရောဂါသည်များမှာ အရွက်ကို ပြုတ်ပြီး ရေချိုးပေးရ၏။ ဖျော်လည်း သောက်ပေးရပြီး ၎င်း ပြုတ်ရည်ကိုသောက်ပေးပါက သက်သာပျောက်ကင်းစေပါသည်။ ဝက်ရူးပြန်ရောဂါကိုလည်း တိုက်ပေးရ၏။

၂။ ကိုယ်မဖော ကိုယ်ရောင်ရောဂါများအတွက် အရွက်ကို အပြောက်လုန်း အမှုန့်ပြုပြီးလျှင် ၎င်းအမှုန့် နှစ်ကျပ်သားကို ရေတစ်ဖန်ခွက်ဖြင့် ဖျော်သောက်က ပျောက်၏။

၃။ မီးယပ်ရောဂါသည်များ သနပ်ခါးမြစ်ကို နွှင်းဖြင့် သွေးပေါ်ကျ သွေးသားမှန်၏။

၄။ ခြေပူဆိပ်၊ ကင်းဆိပ်တက်သော် သနပ်ခါးမြစ်မှုန့် ငါးကျပ်သား၊ ဟင်းနုနွယ်မှုန့် ငါးကျပ်သားကို ပျားရည် သုံးကျပ်သားဖြင့်ဖျော်၍သောက်က ပျောက်ကင်း၏။

၅။ အစာအဆိပ်သင့်သော် သနပ်ခါးမြစ်မှုန့် ပျားရည် သကြားရောသောက်က ပျောက်ကင်း၏။

## ဟင်းနုနွယ် ဆူးပေါက်ပင်

ဟင်းနုနွယ် ဆူးပေါက်ပင်သည် ဟင်းနုနွယ်မျိုးရင်းမှ ဖြစ်၍ မြန်မာဝေါဟာရ ဟင်းနုနွယ်ဟု ခေါ်ပါသည်။ အင်္ဂလိပ်လို Pricklyamaranth ဖြစ်ပါသည်။

ဟင်းနုနွယ်ဆူးပေါက်ပင်သည် အပင်ငယ်မျိုးဖြစ်ပြီး ဆူးပါရှိ၏။ အပင်၏အမြင့်မှာ ပေါင်တံလောက်အထိ မြင့်သည်ကို တွေ့ရ၏။ ပင်စည်နှင့်အကိုင်းများပေါ်တွင် မြောင်းကလေးများ ပါရှိ၏။ အကိုင်းကြားများမှ ဆူးများထွက်ရှိပြီး ဟကျော်သော ဆူးများဖြစ်၍ ထိုးလျှင် အတော်နာသည်။ အရွက်များမှာ ရွက်လွှဲထွက်ပြီး ကိုင်းအညှာရှည်သည်။ အရွက်စိမ်းဖြစ်ပြီး နုးညံ့သည်။ တစ်လက်မခွဲမှ သုံးလက်မကျော်အထိ ရှိ၏။ ရွက်ကြောနှစ်ဖက် မြှာထွက်၏။ ပွင့်ညှာမပါသော ပန်းများပွင့်သည်။ အပွင့်များသည် အဖျားပေါ်တွင် အစိမ်းရောင်သန်းသည်။ မိုးဦးကျစတွင် ပွင့်ကြသည်။

မြန်မာပြည် ဒေသအနှံ့အပြားတွင် ပေါက်ရောက်ပြီး အလေ့ကျပေါက်သော အပင်များဖြစ်သည်။ ပဉ္စင်္ဂပါးစလုံး အသုံးပြုနိုင်သည်။

မြန်မာဆေးကျမ်းများ အလိုအရ အကျိုးအာနိသင်ကို ဖော်ပြရသော် ဟင်းနုနွယ်ဆူးပေါက်သည် အေး၏။ ဆီးဝမ်းကို ရှင်စေ၏။ နှုတ်ကို မြိန်စေ၏။ အားကို ဖြစ်စေ၏။ နို့ရည်ကို ပွားများစေ၏။ သားအိမ်ကို အားပေး၏။ သားအိမ် ကိုက်ခဲခြင်းကို ပျောက်ကင်း၏။ ကာဠိဂိကို ပယ်ဖျောက်တတ်၏။ သွေးယိုစီးခြင်းကို ပယ်၏။

ရင်တွင်း၌ နာကျင်ကိုက်ခဲခြင်း၊ ကိုးဆအာပွဲခြင်းတို့ကို ပျောက်ကင်းနိုင်၏။ မီးယပ်လွန်ခြင်းကိုလည်း ပျောက်ကင်းနိုင်စေသော ဂုဏ်သတ္တိရှိ၏။

## ဆေးဖက်တွင် အသုံးပြုပုံများ

၁။ ခြေပူဆိပ်၊ ကင်းဆိပ် တက်ပါက ပဉ္စင်္ဂပါး သတ္တုရည်ကို သုံးကျပ်သားခန့်ကို ဆားနှစ်ကြိမ် တိုက်ပေးပါက အဆိပ်များကျ၍ ပျောက်ကင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၂။ ကိုယ်ဝန်ပျက်မည့် အခြေအနေဖြစ်ပါက ပဥ္စင်းပါး ၁၀ ကျပ်သား အကျန်ကျိုပြီး ကစ်ရေ သုံးကျပ်သားခန့် နှစ်ကြိမ် တိုက်ပေးခြင်းဖြင့် ကိုယ်ဝန်မြဲစေပါသည်။

၃။ နှာခေါင်းသွေးလျှံသော် အရွက်သတ္တုရည်ကို နှာခေါင်းမှစပြီး အပေါ်သို့ လိမ်းတင်ပေးခြင်းဖြင့် ပျောက်ကင်းစေ၏။

၄။ ဆီးကျင်၊ ဆီးမအောင့်၊ ဆီးကျောက်တည်ရောဂါများ ဖြစ်ပါက ဟင်းနုနယ်ဆူးပေါက်အရွက် ဟင်းချက်စားပါက ယုံရိုက်အကွင်း ကျောက်များကျပြီး ပျောက်ကင်းနိုင်ပါသည်။

၅။ ကင်းကိုက်၍ အဆိပ်တက်သော် မချမ်းသာသွေးလိမ်းက ပျောက်၏။

၆။ အရွက်သတ္တုရည် နှစ်ကျပ်သား၊ ပျားရည်တစ်ကျပ်သား ရောစပ်ပါက မီးယပ်သွေးလွန်ခြင်း၊ အဖြူဆင်းခြင်း၊ သွေးဖောက်ခြင်းများ ပျောက်၏။

၇။ အကြောတင်း၊ အကြောတက် ရောဂါများမှာတွက် အမြစ်ကိုကြိတ်၍ အရည်လိမ်းပေးပြီး ဖုံးပေးထားက ပျောက်၏။ ဟင်းနုနယ်ဆူးပေါက်အား လိုအပ်သလို အသုံးပြုနိုင်ရန် ရေးသားလိုက်ပါသည်။

## ဓအာင်မဲညိုပင်

မဖအာင်မဲညိုပင်များသည် ပိကောက်ပင်မျိုးနွယ်တွင် ပါဝင်ပြီး နွယ်ပင်မျိုး ဖြစ်၏။ အောင်မဲဖြူလည်း ရှိ၏။ အညိုပွင့် ပွင့်သောအပင်ကို မဖအာင်မဲညိုခေါ် ဆိုပြီး အဖြူပွင့် ပွင့်သောအပင်ကို မဖအာင်မဲဖြူဟု ခေါ်ဆိုကြ၏။

ပင်စည်မရောင် မွဲခြောက်ပြီး အခြားအပင်ကိုးများ အပေါ်သို့လည်း ကွယ်၍ တက်၏။ ရွက်လွှဲထွက်ပြီး မွှေးပေါင်း ဖြစ်၏။ အရွက် ဟိုဘက် ဒီဘက် ခုနစ်ရွက်ခန့် ထွက်၏။ အရွက်နားညီ၍ အောက်ဘက် ကြမ်း၏။

အပွင့်များမှာ တစ်ပွင့်ချင်း ပွင့်ကြ၏။ အညိုမျိုးတွင် အညိုရောင်ပွင့်၍ အဖြူမျိုးတွင် အဖြူရောင်ပွင့်၏။ အလယ်ကောင်တွင် အဝါရောင်သန်း၏။ အသီးများသည် သီးတောင့်ရှည်ပြီး ပြား၏။ အညိုရောင် အစေ့ကလေးများ ပါရှိ၏။ မြန်မာပြည် နေရာအနှံ့အပြား အလေ့ကျပေါက်ရောက်ကြ၏။

အောင်မဲညို၊ အောင်မဲဖြူတို့၏ အကျိုးသွားများမှာ စပ်၏။ အေး၏။ ခါး၏။ ဖန်၏။ မျက်စိကို အကျိုးပြု၏။ ဝမ်းလျှောစေတတ်၏။ အဆိပ်ကို နိုင်၏။ လေသလိပ်၊ သည်း



ခြေနာတို့ကိုလည်း နိုင်၏။ နာကျင်ကိုက်ခဲခြင်း၊ ယိုးအောင့်ခြင်း၊ ရောင်ရမ်းခြင်း၊ နှုန့်နှမှုပါနှင့် မြွေဆိပ်သင့်ခြင်းများကိုလည်း ပျောက်ကင်းစေနိုင်၏။

## ဆေးဖက်တွင် အသုံးပြုပုံများ

၁။ မဖအာင်မဲညို (သို့) အောင်မဲဖြူ အမှုန့်နှင့် ကြွသာရ မှုလီမှုန့်တို့ကို ရောတိုက်ပါက မြွေဆိပ်ပြယ်၏။

၂။ အောင်မဲဖြူရွက်ကို ကြိတ်ပြီး ခွနာတို့ စည်းပေးက ပျောက်၏။

၃။ မဖအာင်မဲညို၊ အောင်မဲဖြူမြစ်ကို လှော်၍ အမှုန့်ပြုပြီး တိုက်က မရေမျှင်းရောဂါ၊ အသည်းကြီးရောဂါ၊ သရက်ရွက်ကြီးရောဂါများ ပျောက်၏။

၄။ အောင်မဲညိုအမြစ်ကိုကြိတ်၍ အရည်ညှစ်ပြီး နွားနို့ဖြင့်ရော၍သောက်က ချောင်းဆိုးရင်ကျပ်ပျောက်၏။

၅။ အပွင့်ကို နွားနို့ဖြင့်ရောကြိတ်ပြီး မျက်စိကိုအုံပေးပါက မျက်စိနာပျောက်၏။

## အကျော်ပင်

မြန်မာအခေါ် အကျော်ပင်ဟုခေါ်ပြီး အကျော်ပင်မျိုးရင်းမှလာသည်။ အင်္ဂလိပ်လို Aloe-Wood Eagle-Wood ဟု ခေါ်ပါသည်။ အကျော်ပင်များသည် ပင်ကြီးမျိုးဖြစ်ပြီး အမြဲစိမ်းလန်းနေသော အပင်မျိုးဖြစ်သည်။ အမြင့်ပေ ၇၀

www.burmeseclassic.com

www.burmeseclassic.com

ကျော်မှ ပေ ၁၀၀ ကျော်ထိ ရှိ၏။ ပင်စည်သည် ဖြောင့်မတ်စွာမတက်ဘဲ အကွိုင်းအခက်များစွာ ပေါက်နေ၏။

အခေါက်သည် ကြမ်းတမ်းပြီး အဖြူရောင်သည် အဝါရောင်အနည်းငယ် သမ်း၏။ အရွက်များသည် ရွက်လွှဲဟိုဘက် ဒီဘက်ထွက်ကာ ပျော့ပျောင်း၍ နူးညံ့၏။ ရွက်ညာတို့၌ ရွက်ကြောများ ပါရှိ၏။

ပွင့်ညှာမရှိသော အပွင့်များ သည် ထီးပုံသဏ္ဍာန်ကဲ့သို့ အခိုင်ဖြစ်၏။ အဖြူရောင်အပွင့်များဖြစ်၍ နူးညံ့၏။ အသီးများလည်း နူးညံ့ပြီး ဘဲဥပုံသဏ္ဍာန်ဖြစ်၏။ မြိတ်ခရိုင်အတွင်းရှိ မြိတ်ကျွန်းစုများနှင့် တနင်္သာရီရိုးမတွင် အလေ့ကျပေါက်ရောက်ကြ၏။

အကျိုးသွား အာနိသင်မှာ အကျော်သည် အေး၏။ ခါး၏။ ကြေကျက်လွယ်၏။ အားကို ဖြစ်စေ၏။ လူကို ဝဖြိုးစေ၏။ အပူကို ငြိမ်းစေ၏။ အရေပြားရောဂါနှင့် ကုဋ္ဌနူနာဟိုက်ကို နိုင်၏။ ချောင်းဆိုးရောဂါလည်း ပျောက်ကင်းစေ၏။

အစာမကြေသောရောဂါ၊ မျက်စိရောဂါနှင့် နားရောဂါတို့ကို ပျောက်ကင်းစေ၏။ ဆီး၊ ဝမ်းကို ချုပ်စေ၏။ ခံတွင်းအနံ့ကို ကောင်းစေ၏။ အသည်းနှင့်ပတ်သက်သော ရောဂါများကိုလည်း ပျောက်ကင်းနိုင်၏။

## ရောဂါအလိုက် အသုံးပြုပုံများ

၁။ ခေါင်းမူးဝေ ကိုက်ခဲခြင်း ဖြစ်ပါက အကျော်သား အနှစ်ကိုသွေး၍ လိမ်းခြင်း၊ မှုခြင်းဖြင့် ပျောက်၏။

၂။ လေထိုး လေအောင့် လေနာဖြစ်လျှင် အကျော်နှင့် ကြက်ဆူမြစ်ရော၍ သွေးလိမ်းက ပျောက်၏။

၃။ နာတာရှည်ရောဂါနှင့် အဖျားရောဂါအမျိုးမျိုး နှလုံးမအောင့်မြင်း၊ ဗိုက်မအောင့်မြင်းဖြစ်လျှင် အကျော်မှုန့် နှစ်ကျပ်သား၊ ပျားရည် တစ်ကျပ်သားရောပြီး ရေနွေးဖြင့် ပေးပဲသားခန့် တစ်နေ့ နှစ်ကြိမ်သောက်ပေးက ပျောက်ကင်းပေနိုင်၏။

၄။ မဖျာဖန်သော ပေပနာနှင့် ပန်းနာရင်ကြပ်ရောဂါများ ဖြစ်ပါက အကျော်မြစ်ကိုသွေး၍ မှုပဲသားခန့် တစ်နေ့ နှစ်ကြိမ်သောက်ပြီး အကျော်မှုန့်ကို မှိုင်းမှုပေးက ပျောက်၏။

၅။ လေးကိုးလေးမားအောင် လေနာသော် အကျော်နက်ကို နှမ်းဆီဖြင့် သွေးလိမ်းက ပျောက်၏။

၆။ အနာပေါင်း အနာဆွေးများ ပိုးဝင်လာက်များကျပါက အိုးထိန်းပင်၏အစေး နှစ်ကျပ်သားတွင် အကျော်မှုန့် တစ်ကျပ်သားထည့်ပြီး သမအောင်မွှေပါ။ ၎င်းနောက် မှိုင်းတိုက်ပေးပါက ပိုးများသေ၍ ပျောက်၏။

၇။ သွေးအန်၊ သွေးကျရောဂါနှင့် အဆစ်အမြစ်ရောင်သော ရောဂါများ ဖြစ်ပါက အကျော်နှစ်ကိုသွေး၍ လိမ်းပေးခြင်း၊ တစ်ကျပ်သားခန့် ရေဖြင့် တစ်နေ့ နှစ်ကြိမ်သောက်ပေးက မုချပျောက်ကင်း၏။

၈။ အရေပြားရောဂါသည်များ အကျော်ကိုသွေး၍ မကြာခဏ လိမ်းပေးက သက်သာပျောက်ကင်း၏။

၉။ နှလုံးရောဂါသည်များ အကျော်မှုန့် သုံးကျပ်သား၊ ပျားရည် နှစ်ကျပ်သား ရေနွေးနှင့်ဖျော်ပြီး တစ်ကျပ်သားခန့် တစ်နေ့နှစ်ကြိမ် သောက်ပေးခြင်းဖြင့် ပျောက်ကင်းနိုင်၏။

၁၀။ ကိုယ်ခန္ဓာလေးလံယိုင်းမှိုင်း ဖြစ်နေမယော် အပကျော်စေးကို ရေဖျော်လိမ်းပေးပါက သွက်လက်ပေါ့ပါးလာမည် ဖြစ်ပါသည်။

အကျော်နှင့်ပတ်သက်၍ ဆေးနည်းပေါင်းများစွာ ရှိသော်လည်း လိုအပ်သလို အသုံးပြုနိုင်ရန် အမြွက်မျှဖော်ပြလိုက်ပါသည်။



ဧကရာဇ်ပင်

ဧကရာဇ်ပင်၏ မျိုးရင်းများမှာ ကြောင်လျှာပင်မျိုးရင်းတွင် ပါဝင်ပြီး မြန်မာဘာသာ ဧကရာဇ်ပင်ဟု ခေါ်၏။ ပင်ကြီးမျိုးဖြစ်၏။ အမြင့်ပေ ၅၀ကျော်ထိ မြင့်၏။ အခေါက်များ



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းပြီး ညိုဂါရောင်ရှိ၏။ အရွက်များမှာ ရွက်ဆိုင် ရွက်ပေါင်းများဖြစ်၏။ ရွက်ထိပ် ချွန်၏။ ခေါးပတ်လည် ခပ်ကြဲကြဲ မှာရစ်များ ပါရှိ၏။ အပွင့်များသည်ရှည်၍ အဖြူရောင်ဖြစ်၏။ အသီးများသည် သီးတောင့်ရှည်များဖြစ်၏။

အမြစ်များ ဖြာထွက်လျက်ရှိပြီး ၎င်းအမြစ်များမှ အပင်များပေါက်ထွက်၍ ပေါက်ကြ၏။ မြန်မာပြည် အပူပိုင်းဒေသများတွင် သဘာဝအလျောက် ပေါက်ကြ၏။

အကျိုးသွားမှာ ဓကရာဇ်သည် အေး၏၊ ခါး၏၊ သွေးကို တက်ကြွစေပြီး လေကို ငြိမ်းစေ၏။ သွေးကို ငြိမ်းလည်း ငြိမ်းအေးစေ၏။ သွေးကိုးခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်းတို့ကို ပျောက်ကင်းစေနိုင်၏။ မီးယပ်ရောဂါလည်း ပျောက်ကင်းစေနိုင်၏။




## ဆေးဖက်တွင် အသုံးပြုပုံများ

၁။ အရွက်ကိုပြုတ်ပြီး သုပ်စားပါက မီးယပ်ရောဂါနှင့် သွေးတိုးရောဂါကို ပျောက်ကင်းစေနိုင်၏။

၂။ ကပွင့်နှင့်အညွန့်ကို ပေါင်းချိုချက်သောက်ခြင်း၊ သုပ်စားခြင်းဖြင့် သွေးတိုးရောဂါနှင့် နှလုံးတုန်ရင်ခုန်ခြင်းများ သက်သာပျောက်ကင်းစေပါသည်။

၃။ အမြစ်ကို ဆန်ဆေးရည်ဖြင့်သွေးပြီး သကြား၊ သား အနည်းငယ် ထည့်သောက်ပါက နှလုံးတုန်ရင်ခုန် ပျောက်ကင်း၏။

၄။ မျက်စိနာသော် အမြစ်ခေါက်သွေးလိမ်းကပျောက်၏။

၅။ အမြစ်ကိုကို ထန်းလျက်ဖြင့် ကျို၍သောက်ပါက ချောင်းဆိုးရောဂါ ပျောက်၏။

ဓကရာဇ်နှင့်ပတ်သက်၍ လိုအပ်သလို အသုံးပြုနိုင်ရန် တင်ပြလိုက်ပါသည်။

## ဥသျှစ်ပင်

ဥသျှစ်ပင်များသည် ရှောက်ပင်မျိုးရင်းတွင် ပါဝင်ပြီး ပင်လတ်မျိုး ဖြစ်သည်။ ၂၅ ပေမှ ပေ ၃၀ အထိမြင့်သည်။ အခေါက်မှာ အညိုရောင်ဖြစ်၍ အဖွေးများ ပါရှိသည်။ ကိုင်းများဖြာထွက်ကာ ဆူးများပေါက်လျက်ရှိသည်။

အရွက်မှာ ရွက်ညှာမှ အပေါ်ရွက်ကြီးပြီး အောက်ရွက် သေးသည်။ ရွက်ညှာရှည်သည်။ စိမ်းဝါရောင်ရှိပြီး အနံ့မွှေးသည်။ အရွက်နုလေးများ ချဉ်ဟင်းချက်၍ စားကြသည်။ တို့စရာအဖြစ်လည်း အသုံးပြုကြသည်။

အဖြူရောင်အပွင့်များ ပွင့်၏။ မွှေး၏။ အသီးများသည် လုံး၍ကြီးပြီး စိမ်းဝါရောင်ဖြစ်သည်။ မှည့်လျှင် ဝါလာသည်။

ဥသျှစ်သီးအနှစ်ကို အစေ့များထုတ်၍ ထန်းလျက် ဖြင့်နယ်ပြီး စားကြသည်။ ဖျော်ရည်လုပ်၍လည်း သောက်ကြသည်။

အစေ့တွင် အဆီများပါရှိသဖြင့် ဓာတ်အဖြစ်လည်း သုံးနိုင်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး အလေ့ကျပေါက်သော အပင်မျိုးဖြစ်သည်။ အထူးသဖြင့် အညာဒေသ အပူပိုင်းအရပ်များတွင် အပေါက်များသည်။ အထူးသဖြင့် အရွက်နှင့်အသီးကို အသုံးများသည်။

မြန်မာဆေးကျမ်းများ၏ အဂ်ုအရ အခန်သင်မှာ ဥသျှစ်သီးမှည့်သည် ချို၏။ ပူ၏။ အနည်းငယ် စပ်၏။ လေ သလိပ် သည်းခြေတို့ကို နိုင်၏။ အစာမကြေခြင်းနှင့် အပူနာတို့ကို နိုင်၏။ အဖျားများကိုလည်း ပျောက်ကင်းစေနိုင်၏။

## ဆေးဖက်တွင် အသုံးပြုပုံများ

၁။ ဥသျှစ်ရွက်ပေါင်းတိုက်ရည်ကို ကြွေဇွန်းဖြင့် တိုက်ပေးခြင်းဖြင့် ကလေးများ ဝမ်းပျက်ရောဂါနှင့် သလိပ်ကျပ်ရောဂါများ ပျောက်၏။

၂။ ဥသျှစ်ရွက်ကြိတ်ပြီး မျက်စိတွင် အုံပေးပါက မျက်စိနာရောဂါ ပျောက်၏။

၃။ ဥသျှစ်ရွက် သတ္တုရည် (ညှစ်ရည်)ကို နံနက်၊ ... သောက်ပေးပါက အဖျားရောဂါနှင့် ချောင်းဆိုးရောဂါများ ပျောက်၏။



www.burmeseclassic.com

www.burmeseclassic.com

၄။ အဖုအကြိတ်အနာများဖြစ်လျှင် ဥသျှစ်ရွက်ထုထောင်းပြီး အုံပေးပါက နလျှင်ပိန်၍ ရင့်လျှင်ပေါက်ပြီးပျောက်ကင်း၏။

၅။ ကလေးငယ်များ သံထိုးပါက ဥသျှစ်ရွက် သတ္တုရည်ကို တိုက်ပေးက ပျောက်၏။

၆။ ဥသျှစ်ရွက် သတ္တုရည်ကို တစ်နေ့ နှစ်ကြိမ်လိမ်းပေးခြင်း၊ သောက်ပေးခြင်းဖြင့် ဖောရောင်ခြင်းများပျောက်၏။ လည်ချောင်းပူခြင်း၊ လေချဉ်တက်ခြင်းများပါ ပျောက်ကင်းစေသည်။

၇။ ဥသျှစ်ရွက်အနု သတ္တုရည်ကို သောက်ပေးပါက ဆီးချိုရောဂါ ပျောက်၏။

၈။ ဥသျှစ်ရွက်နု သုပ်စားပါက နားပြည်ယိုနာ၊ နာသွေးထွက်နာ၊ နားနာများ ပျောက်၏။

၉။ ဥသျှစ်သီးစိမ်း အတွင်းသားကို သကြားဖြင့်ရောစားပါက ဖာစာမကြေခြင်း၊ ပမ်းသွားခြင်းများ ပျောက်၏။

၁၀။ ဥသျှစ်သီးအနှစ် ဆန်ဆေးရည်ဖြင့် သောက်ပေးပါက ကိုယ်ဝန်ကြောင့်ဖြစ်သည့် အန်ခြင်းများပျောက်၏။

၁၁။ ဥသျှစ်ကင်းနှင့် ချင်းခြောက်ရောပြီး ကျို၍သောက်သော် ဆီးလွန်ရောဂါ ပျောက်၏။

၁၂။ ဥသျှစ်ဖျော်ရည်နှင့် နွားနို့ရောသောက်ပေးက သွားသွေးယိုစီး ရေစီးကမ်းပြိုရောဂါများ ပျောက်ကင်းစေပါသည်။

ဥသျှစ်နှင့်ပတ်သက်၍ ဆေးနည်းပေါင်းများစွာရှိသဖြင့် လိုအပ်သလို သုံးနိုင်ရန် တင်ပြအပ်ပါသည်။

ကိုးကားချက် - ရှင်နာဂသိန်၏ ရုပ်ပြဆေးအဘိဓာန်။

**သမားတော်ကြီး ဒေါက်တာသက်ဆွေ**

❑


# ဆရာမကြီး နဝင်းမိုးအိမ်

## အဆင့်မြင့် ဓာတ်ရိုက် ဓာတ်ဆင် + နဝင်းစီးယတြာ

အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေသူများ ပြန်လည်ချစ်ခင် သင့်မြတ်လာစေရန် အထူးဓာတ်ရိုက်ပေးခြင်း၊ ချစ်သူနှစ်ဦး ချစ်ခင်မှု စွဲမြဲစေရန် ဓာတ်ဆင်မှုပေးခြင်းတို့ကို အထူးပြုလုပ်ပေးလျက် ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ ရင်သွေးမွေးဖွားချိန် အချိန်အခါကောင်းရွေးပေးခြင်းများနှင့် ကံမြင့် ကံပွင့် နဝင်းစီးယတြာတို့ကို ပြုလုပ်ပေးပါသည်။ အိပ်ပြေး၊ လူပျောက်များကိုလည်း ဓာတ်ရိုက် ဓာတ်ဆင် ပြုလုပ်ပေးသည်။


**○ မသန်စွမ်းသူများကို အခမဲ့ ဟောပြောပေးပါသည်။ ○**

ရွှေတိဂုံဘုရားတောင်ဘက်ရှိ မဟာဝိဇယစေတီ (အနောက်ဘက်မုခ်)၊ လိပ်ကန်ဘေး ဆိုင်ခန်းအမှတ် (၃)

ဖုန်း - ၀၉ ၉၇၀၇၀၂၉၄၀၊ ၀၉ ၄၂၁၁၀၆၆၂၀၊ ၀၉ ၅၁၄၀၀၀၀


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရေကြည်ကိုလည်း မနှောက်နှင့်၊
သေရည်ကိုလည်း မသောက်နှင့်၊
ရေကြည်ကိုနှောက်က အနယ်အမှုန်ထတတ်သည်။
သေရည်ကိုသောက်က အပါယ်ဘုံကျတတ်သည်။

အထက်ပါစကားများဟာ ဘိုးသူတော်ဦးနုရဲ့ စကားပုံထဲက အရက်နဲ့ပတ်သက်လို့ ဆုံးမစာများ ဖြစ်ပါတယ်။

အရက်ကို သောက်သုံးရာမှာ တချို့က ဆေးဝါးထဲပါလို့ သောက်သုံးကြတယ်၊ တချို့က ဆေးဝါးအဖြစ် အရက်ချည်းသက်သက် သောက်သုံးကြတယ်၊ တချို့က အရက်ကို ပျော်လို့ သောက်သုံးကြတယ်၊ တချို့က အရက်ကို ကြိုက်လို့ သောက်သုံးကြတယ်။ လူ့ဘဝ လူ့လောကမှာ အကြောင်းအမျိုးမျိုးနဲ့ အရက်ကို သောက်သုံးနေကြတာကို တွေ့ရပါတယ်။

အရက်ဟာ စွဲစေတဲ့အရာဖြစ်လို့ အစမလုပ်ဘဲနေနိုင်ရင် အကောင်းဆုံးပါပဲ။ အရက်ကို အပျော်သောက်ရာကနေ အပျော်သက်ကို ရောက်တတ်ပါတယ်။ အရက်ကို စွဲသွားပြီဆိုရင် အရက်ကို မသောက်ရမနေနိုင်တဲ့အထိ ဖြစ်လာတတ်ပါတယ်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးက အရက်ကို မသောက်ဆိုလာပြီဆိုရင် တခြားအလုပ်တွေထက် အရက်ကို အရင်သောက်ပြီးမှ လုပ်စရာရှိတဲ့အလုပ်ကို ဆက်လုပ်တတ်ပါတယ်။

အစပိုင်းမှာ အရက်ကို ကိုယ်က သောက်ပေမယ့် နောက်ပိုင်းမှာတော့ အရက်က ကိုယ့်ကို ပြန်သောက်လာတာ များပါတယ်။ ဒါကြောင့် ဘယ်လိုအကြောင်းမျိုးနဲ့မဲ့ ဖြစ်ဖြစ် အရက်ကို မစမလုပ်ပြီး မသောက်တာ အကောင်းဆုံးပါပဲ။

အရက်ကို မူမှန်မှန် အလွန်အကျွံသောက်သုံးလာပြီဆိုရင် "အရက်စွဲရောဂါ"ဖြစ်လာပြီမို့ အရက်ကို ဖြတ်ရခက်တော်တော်ခက်ပါတယ်။

အရက်စွဲရောဂါ ဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းများကတော့ မျိုးရိုးဗီဇ၊ ကိုယ်ရည်ကိုယ်သွေး၊ အလုပ်အကိုင်၊ ပေါင်းသင်းဆက်ဆံမှုနဲ့ ဘာသာရေး ဓလေ့ထုံးတမ်းများ၊ မိသားစုပြဿနာများ၊ စိတ်ဖိစီးမှုများ၊ စိတ်ရောဂါများကြောင့် ဖြစ်ပါတယ်။

အရက်သောက်သုံးသူများရဲ့ အရက်စွဲရောဂါဖြစ်ပွားမှုနှုန်းမှာ အမျိုးသားများမှာ ၁၀ ရာခိုင်နှုန်း၊ အမျိုးသမီးများမှာ ၀.၀၈ ရာခိုင်နှုန်း၊ အထက်တန်းနဲ့ အလယ်တန်းအလွှာများမှာ ၂၀.၂၅ ရာခိုင်နှုန်း၊ အောက်ခြေလူတန်းစားများမှာ ၄၀.၅၀ ရာခိုင်နှုန်း ဖြစ်တယ်လို့ ဆရာဝန်များရဲ့ ကျန်းမာရေးသုတေသနစစ်တမ်းတွေမှာ ဖော်ပြထားပါတယ်။

စာရေးသူတို့နိုင်ငံမှာ အရက်သောက်သုံးမှုနှုန်းဟာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ၁၉ ရာခိုင်နှုန်းအထိ ရှိနေပြီး အမျိုးသားတွေက ၄၅ ရာခိုင်နှုန်း၊ အမျိုးသမီးတွေက သုံးရာခိုင်နှုန်း ရှိပါတယ်။ အရက်ကို တစ်နေ့တည်း၊ တစ်ရက်တည်းမှာ သောက်သုံးမှုနှုန်းကတော့ ငါးကြိမ်ထက် အရက်သောက်သုံးမှုနှုန်းမှာ အမျိုးသားတွေက ၂၅ ရာခိုင်နှုန်း၊ အမျိုးသမီးတွေက ၁.၉ ရာခိုင်းနှုန်း ရှိကြောင်းသိရပါတယ်။

ကမ္ဘာတစ်ဝန်း အရက်သောက်သုံးမှုစာရင်းမှာ စာရေးသူတို့ နိုင်ငံဟာ ဒုတိယနေရာက ရှိနေပြီး အိန္ဒိယနိုင်ငံက ပထမနေရာမှာ ရှိနေတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O)မှ စာရင်းများအရ သိရပါတယ်။

အရက်ကို အလွန်အကျွံသောက်သုံးထားတဲ့သူဟာ တစ်ခဏတာ အချိန်ကလေးမှာ ဆင်ခြင်းတုံတရားတွေ ကင်းမဲ့လာပါတယ်။ အသိဉာဏ်တွေ ယုတ်လျော့လာပါတယ်။ သတိလက်လွတ် ဖြစ်လာပါတယ်။ အဲဒီလို အကြောင်းတရားတွေကြောင့် မိုက်ရန်ဒေါသဖြစ်ခြင်း၊ ရာဇဝတ်မှုတွေ ကျူးလွန်မိခြင်း၊ မပြုလုပ်သင့်တဲ့ အမှုကိစ္စတွေကို မှားမှား ယွင်းယွင်း ပြုလုပ်မိတတ်ကြပါတယ်။ မောင့်ဖိန်းရမယ့် လူ့ကျင့်ဝတ် သိက္ခာတွေကိုလည်း ဓမ္မဓမ္မလျော့လျော့ ဖြစ်တတ်ပါတယ်။

ဒါကြောင့် "မှုင်းကိုဖျက်တော့ ဖက်၊ ဒါးကိုဖျက်တော့ ပါးမြက်၊ လူကိုဖျက်တော့ အရက်"၊ "သေရည်အရက် လူကိုဖျက်၊ အရက်ရမည်ကြောက်" လို့ ရှေးပညာရှိစာဆိုများက အရက်သောက်ခြင်းရဲ့ ဆိုးကျိုးကို စကားပုံများနဲ့ သုံးပထားပါတယ်။

အရက်သောက်ခြင်းကြောင့် ခန္ဓာကိုယ်ကျန်းမာရေးကို နည်းအမျိုးမျိုးနဲ့ ထိခိုက်စေပါတယ်။ ရောဂါကို ခုခံကာကွယ်နိုင်တဲ့ ကိုယ်တွင်းခုခံမှုစွမ်းအင်ကိုလည်း ကျဆင်းစေပါတယ်။ အရက်ကို အလွန်အကျွံ သောက်နေကြတဲ့ အရက်စွဲသူ အားလုံးရဲ့ ၇၀ ရာခိုင်နှုန်းဟာ အသည်းရောဂါ ဖြစ်တတ်ပါတယ်။ ၁၂ ရာခိုင်နှုန်းမှာ အသည်းကျွမ်းရောဂါ ခံစားကြရပါတယ်။ အရက်စွဲသူအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းမှာ အစာအိမ်ရောင် ထုံကျင်နာဖြစ်တတ်ပြီး ၁၀ ရာခိုင်နှုန်းဟာ အရက်ကြောင့် ကယောင်ကတမ်း စိတ်ရောဂါများဖြစ်တတ်ကြောင်း ဆရာဝန်များရဲ့ ဆေးသုတေသနမှတ်တမ်းအရ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အရက်သောက်သုံးခြင်းကြောင့် ဖြစ်တတ်တဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နှိုးဆော်ထားတာကို အောက်ပါအတိုင်း တွေ့ရပါတယ်။

"နှစ်စဉ် ကမ္ဘာ့လူဦးရေ သန်းနှစ်ထောင်ကျော်သည် အရက်ကို စွဲစွဲမြဲမြဲသောက်နေကြပြီး သန်းရှစ်ဆယ်နီးပါးသည် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ခံစားနေရကြောင်း၊ လူငယ်အမျိုးသား အမျိုးသမီးများသည်ပင် အရက်ဆိုင်ထိုင်ကာ အရက်သောက်သုံးမှုများကို တွေ့ရှိရကြောင်း၊ အရက်သောက်သုံးမှုကြောင့် နောက်ဆက်တွဲဖြစ်ပွားသော ရောဂါများအပြင် မတော်တဆ ထိခိုက်မှုများ ဖြစ်ပွားခြင်းကြောင့် သေဆုံးမှု ပိုမိုများပြားခြင်း၊ လူမှုရေးပြဿနာများ ရာဇဝတ်မှုများ ပိုမိုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့စစ်တမ်းများအရ တွေ့ရှိရပါသည်။

အရက်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာဖြစ်သော အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအားနည်းခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်း၊ စိတ်ရောဂါများ ဖြစ်ပေါ်နိုင်ပါသည်။

ထို့အပြင် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာဖြစ်သော အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း၊ မိမိကိုယ်ကို သတ်သေရန် ကြိုးစားခြင်းနှင့် သတ်သေခြင်း၊ သံသယလွန်ခြင်း၊ အတက်ရောဂါဖြစ်ခြင်း၊ ညအိပ်မပျော်ရောဂါရရှိခြင်း၊ မှတ်ဉာဏ်လျော့ပါး ပျက်စီးခြင်း၊ ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်းနှင့် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများထိခိုက်ပြီး သက်တမ်းစေ့မနေရခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

ထို့ကြောင့် အသက်အရွယ်မရွေး အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ရန် လိုအပ်သကဲ့သို့ အရွယ်မရောက်သေးသူများ၊ အမျိုးသမီးများကို အရက်ဝယ်ခိုင်းခြင်း မပြုလုပ်ရန်စေရန်နှင့် မသောက်သုံးစေရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်မှုများမဖြစ်ပေါ်စေရန် အရက်သောက်သုံးမှုမှ လုံးဝရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် အလွန်အကျွံ သောက်သုံးခြင်း၊ စွဲလမ်းစွာ သောက်သုံးခြင်းမှ ရှောင်ကြဉ်ရန်နှင့် အရက်စွဲရောဂါ ဖြစ်နေပါက နီးစပ်ရာ ဆေးရုံ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသပြီး စနစ်တကျ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။"

အရက်သောက်သုံးမှုနဲ့ ပတ်သက်လို့ "ပါးစောဝှမ" မဂ္ဂဇင်းမှာ -

၁။ အရက်သောက်ခြင်းသည် မေတ္တာတရားကို လျော့ပါးစေ၍ ကျင့်ဝတ်များကို ကိမ်းပါးစေပါသည်။ မိမိ လုပ်ငန်း၌ သိမ်ဖျင်းစေလျက် ရာဇဝတ်မှုများကို ကျူးလွန်စေတတ်ပါသည်။ မလင်နှ၊ မာလာဖိမ်ရောင်ခြင်း၊ အသဲကျောက်ကပ်၊ အစာအိမ်ရောင်ခြင်း၊ ချောင်းဆိုး သွေးပါနှင့် အမျိုးရောဂါတို့ကို ဖြစ်ပွားစေတတ်ပါသည်။

၂။ အရက်သောက်ခြင်းသည် စိတ်ကူးထက်မြက်စေသည်ဟု ကင်မြင်ရသော်လည်း သောက်ပြီး၈ (၁၀) မိနစ်လောက်သာ စိတ်ကူးကောင်းမွန်လာဟန် ရှိပါသည်။ သို့သော် သူထင်မြင်ချက်နှင့် နှုတ်ထွက်စကားများသည် ပရမ်းပတာဖြစ်ကာ ကြမ်းတမ်းခက်ထန်သည့်သဘောသဘာဝကို ပေါ်ပေါက်စေပါသည်။ ရှက်စောင့်သူ အကျင့်မှန်သူများပင် အရက်မူးလာလျှင် တစ်မျိုးတစ်မည်ဖြစ်တတ်၍ စကားနည်းသူမှာ စကားပြောလာသည်။ ခေါင်းမူးလာတတ်သည်။

၃။ အရက်သောက်သူ၏ သားသမီးများသည် ရောဂါထူပြောတတ်သည်။ ကလေးအရွှေထောင်ရောက် ကလေး(၄၀)ရာခိုင်နှုန်းသည် အရက်သမား၏ သားသမီးများ ဖြစ်ကြပါသည်။ အရက်သောက်သူများသည် အရက်မသောက်သူထက် နှစ်ဆ ရောဂါထူပြောကြောင်း တွေ့ရှိရသည်"လို့ မှတ်တမ်းတင်ထားတာကို တွေ့ရပါတယ်။

အရက်သောက်သုံးခြင်းဟာ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော ဘဝများမှာ ဆိုးကျိုးများဖြစ်တတ်ကြောင်းကို မြတ်စွာဘုရားရှင်က ဟောတော်မူထားပါတယ်။ အခုပစ္စုပ္ပန်ဘဝမှာ အရက်သောက်သုံးခြင်းကြောင့် -

၁။ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးတတ်ခြင်း၊
၂။ ခိုက်ရန် ဖြစ်ပွားတတ်ခြင်း၊
၃။ အနာရောဂါ ထူပြောခြင်း၊
၄။ မကောင်းသတင်း ကျော်စောခြင်း၊


www.burmeseclassic.com

www.burmeseclassic.com

၅။ အရှက်အကြောက်မရှိ ဖြစ်တတ်ခြင်း၊
၆။ အသိအလိမ္မာ ဉာဏ်ပညာ ဆုတ်ယုတ်ပျက်စီးခြင်း

ဆိုတဲ့ အပြစ်ခြောက်ပါးကို မြတ်စွာဘုရားရှင်က သိင်္ဂါလလုလင်အား ဟောတော်မူထားပါတယ်။ အထက်ပါ အပြစ်ခြောက်ပါးဟာ အခုမျက်မှောက်ဘဝမှာပင် ရရှိခံစားရတဲ့ မကောင်းကျိုးများ ဖြစ်ပါတယ်။

အနာဂတ် တမလွန်ဘဝမှာ ခံစားရမယ့်အကျိုးတရားကို အင်္ဂုတ္တိုရ်ပါဠိတော် ဒုစ္စရိတဝိပါကသုတ်မှာ မြတ်စွာဘုရားရှင်က -

"ရဟန်းတို့၊ မူးယစ်သောက်စားမှုကို ပြုအပ်သည် ရှိသည် တမလွန်ဘဝ၌ ငရဲ၌ ဖြစ်ရတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်ရတတ်၏၊ အပေါ့ဆုံး အကျိုးရလဒ်အနေဖြင့် အရူးအမျိုးမျိုး၊ အနှမ်းအမျိုးမျိုး ဖြစ်စေတတ်၏"လို့ ဟောတော်မူထားပါတယ်။

အရက်သေသောက်သုံးခြင်းကြောင့် သာမန်လူများမဆိုထားနှင့် ယူမဟော်မကောင်းဖြစ်တဲ့ အလောင်းတော်မြတ်သည်ပင် ပါရမီဖြည့်စဉ်ဘဝများမှာ အရက်ကို သောက်သုံးခဲ့ခြင်းကြောင့် အရိယာသူတော်ကောင်းများကို ပြစ်မှားစော်ကားတဲ့ အဖြစ်မျိုး ရှိခဲ့ပါတယ်။

သဗ္ဗဒိဋ်ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်မှာ ဂေါတမမြတ်စွာဘုရားရှင် အလောင်းတော်ဟာ ဘဝတစ်ခုမှာ အရက်သမားကြီးဖြစ်ပြီး အရှင်နန္ဒရဟန္တာမထေရ်မြတ်ကြီး ဆွမ်းခံကြွလာတာကို မြင်တဲ့အခါ "အကျင့်ယုတ်ကြီး" ယို့ ရင့်ရင့်သီးသီး ပြစ်မှားစော်ကား ပြောဆိုခဲ့မိပါတယ်။ ယခုလိုစော်ကားခဲ့တာကြောင့် ဂေါတမမြတ်စွာဘုရား ဖြစ်တဲ့အခါ စိဉ္စမာဏ်နဲ့ ကိုယ်ဝန်ရှိပါနံဖြင့် စွပ်စွဲမည်ဟူသော မဟာကားမှုကို ခံတော်မူရပါတယ်။

ရှေးက ဆောတစ်ခုမြတ်တဲ့ ဆင်ထိန်းဖြစ်တဲ့ နှစ်ဥဘဝ တစ်ခုမှာလည်း အရက်မူးမှုနဲ့ ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆင်နဲ့ လိုက်ထိုးဟ်ခဲ့မှုကြောင့် ဘုရားဖြစ်တဲ့အခါ ရာဇဂြိုဟ်မြို့ ကျွင်း ဆွမ်းခံဝင်စက်မူချိန်မှာ အရက်တိုက်ထားတဲ့ နာဠာဂိရိဆင်ကြီးနဲ့ တိုက်ခိုက်မှုကို ခံတော်မူရပါတယ်။

အရက်ဟာ အသိဉာဏ်ကင်းမဲ့စေပြီး ရရှိထားပြီးသား ဈာန်အဘိညာဉ်ကိုပင် ကွယ်ပျောက်စေပါတယ်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က အရှင်သာဂတဆိုတဲ့ မထေရ်တစ်ပါး ရှိပါတယ်။ မထေရ်ဟာ ဈာန်အဘိညာဉ် ရရှိထားပါတယ်။ တစ်နေ့မှာ သရက်ပင်ဆိပ်မှာ နဂါးကြီးနဲ့ တန်ခိုးပြိုင်ရာ အနိုင်ရတဲ့ သတင်းစကားကို ကြားသိကြတဲ့ ကောသမ္ဗီပြည်သူတို့က မထေရ်ကို လွန်လွန်ကဲကဲ ကြည်ညိုကြပါတယ်။ မထေရ် ဆွမ်းခံကြွလာတဲ့အခါ အိမ်တိုင်းလိုလိုက အရက်များ ကပ်လှူကြပါတယ်။

အဲဒီအချိန်အခါက 'အရက် မသောက်ရ'ဆိုတဲ့ ဝိနည်းသိက္ခာပုဒ်ကို ပညတ်ခြင်းမရှိသေးတာကြောင့် ကပ်လှူသမျှ ဘုဉ်းပေး သုံးဆောင်သဖြင့် အရက်အမူးလွန်ပြီး ဈာန်အဘိညာဉ်များ ကွယ်ပျောက်ကာ မြို့တံခါးပေါက်ဝမှာ လဲနေပါတယ်။ ရဟန်းတော်များက ကျောင်းသို့ တွဲခေါ်လာပြီး မြတ်စွာဘုရားရှင်ဘက် ဦးခေါင်းထား၍ သိပ်ထားရာ အရှင်သာဂတမထေရ်က ပြန်လှည့်ပြီး ခြေကန်ကာအိပ်နေပါတယ်။

အရှင်သာဂတမထေရ် ဈာန်အဘိညာဉ်များ ကွယ်ပျောက်တာ၊ မြတ်စွာဘုရားကို ရိုသေလေးစားရမှန်း မသိတော့ဘဲ အရှက်တကွဲအကျိုးနည်းအောင် ပြုလုပ်မိပါဟာတွေဟာ အရက်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဆက်တွေ ဖြစ်ပါတယ်။ အဲဒီအချိန်အခါကစ၍ မြတ်စွာဘုရားရှင်က ရဟန်းတော်များ အရက်မသောက်ရ ဆိုတဲ့ ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူပါတယ်။

မစင်မုပ်အဖွင်းက ယွက်လာတဲ့ အခိုးဟာ အနံ့အသက် မမကောင်းနိုင်ဘဲ အရက်ခိုးနဲ့မြည့်မနေတဲ့ စိတ်သန္တာန်ဟာလည်း ဘယ်လိုမှ ကြည်လင်နိုင်မပေ၊ နောက်ဆုံး လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ဟာလည်း လုံးပါးပါးကာ ဆုတ်ယုတ်ပျက်စီးဖို့ အကြောင်းဖန်လာတတ်ပါတယ်။

ဒါကြောင့် ရှင်မဟာရဋ္ဌသာရက -

"ခံသရည်အရက်၊
စီးပွားဖျက်ကို၊
ဟစ်မက်ကာယ်မျှ၊
မသောက်ကြနှင့်၊
ရှောင်ကြပါလေ၊
ရှင်တော်ဟောသည့် အဆိုဝ်ရေ"

လို့ ဆုံးမထားပါတယ်။

**မဟာဓမ္မာစရိယ ဦးသိန်းထွန်း**

❑



www.burmeseclassic.com

www.burmeseclassic.com

# တို့ဆေးနှင့် သံပရာသီးအစွမ်း



သမီးချာညို



ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ ဖြစ်လာသလို နည်းပညာတွေကလည်း ခေတ်ကြီးနဲ့အညီ တိုးတက်လာကြသည်ကို လူတိုင်း ယိမ်းမဟူ ခံစားနေကြရသည်။

တလေးတွင် ဂရုရဆန်သော ဖြစ်ရပ်ဆန်းတို့မှာလည်း ခေတ်ကာလနှင့်အညီ မျိုးရာအစဉ်အလာမပျက် ဖြစ်ပျက်နေသည်ကို သတိပြုမိသည်။

ထိုကိစ္စများထဲတွင် ရိုးမသွားဘဲ အမြဲလိုလို ဆန်းသစ်နေပြီး လူအချို့ကို စိတ်ဝေဒနာ၊ ရုပ်ဝေဒနာကို ဖြစ်ပေါ်စေပြီး တချို့သော ကိုယ်တွေ့ခံစားလိုက်ရသူတို့မှာ ဘဝတစ်ခုလုံးပျက်သွားသည်အထိ ခံစားခဲ့ရသည်ကို ဖခင်ကြီး၏ ပြောပြချက်အရအပြင် စာရေးသူ၏ မောင်အငယ်ဆုံးဖြစ်သူ၏ ကိုယ်တွေ့ကြုံတွေ့ရချက်များကို ပေါင်းစပ်ပြီး ဘဝင်ကျစွာ လက်ခံလိုက်ရသဖြင့် ယခုဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

စာရေးသူ ဖခင်ဇာတိမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဦးလွန်းတိုရွာ ဇာတိများဖြစ်ကြပါသည်။ အဘိုးဖြစ်သူမှာ အသက် (၅၃) နှစ်အရွယ် ကွယ်လွန်အိုနိတွင် အဖွားဖြစ်သူတွင် စာရေးသူ၏ ဖခင်ဖြစ်လာမည့် သားလတ်နှင့် (၈) တန်းကျောင်းသား သားငယ်တစ်ဦးကို ကျန်ရစ်ခဲ့ပါသည်။ သားလတ်မှာ က.ပ.ခ တပ်တွင် တာဝန်ထမ်းဆောင်ပြီး မကွေးတိုင်း၊ မင်းလှမြို့နယ်၊ မလွန်စခန်းတွင် တာဝန်ကျနေပါသည်။ အဘွားဖြစ်သူသည် ထိုစဉ်က သမဝါယမခေတ်ဖြစ်ပြီး သမဝါယမဆိုင်မှ ပစ္စည်းများကို တစ်ဆင့်ကောက်၍ ရန်ကုန်မြို့သံဈေးတွင် ပစ္စည်းများ လာသွင်းသည့်အလုပ်ကို လုပ်ကိုင်ပါသည်။

ကိုယ်ပိုင်ငွေက သိပ်မရှိသဖြင့် နီးစပ်ရာ မိတ်ဆွေများထံမှ ငွေကို (နေ့ပြန်တိုး)ဖြင့် ချေးငှား၍ သမဝါယမပစ္စည်းများကိုထုတ်ယူကာ ရွာမှ သမ္ဗန် (ထိုစဉ်က စက်လှေ သမ္ဗန်များ မရှိသေးပါ)စင်းလုံးငှား နှစ်ကျပ် ပြားငါးဆယ်၊ တစ်ဦးလျှင် ပြားငါးဆယ်၊ ငါးဦးသာတင်ရသည့်ကာလ၊ အသွားအပြန်ငါးကျပ်ဖြင့်ငှားပြီး ပစ္စည်းများ ကင်ပွဲရောင်းချခြင်း ဖြစ်ပါသည်။

မြဲသနာတက်သည့်နေ့က တို့တင်ထုတ်ပေးသည့် သမဝါယမပစ္စည်းများဟု မှာပော်စုံသည်။ တစ်ပတ်စာကောက်ယားသည့် ပစ္စည်းများကို ရွာကမောင်သောင်းသမ္ဗန်ဖြင့် နံနက်စောစောထွက်လာခဲ့ကြပြီး သံဈေး ရောက်သည့်အခါ (ယခု ညောင်ပင်လေးဈေးသစ်ကြီး) သွင်းနေကျ ဖောက်သည်ဆိုင်များတွင် ပစ္စည်းအလိုက် ကတ်ဆိုင်ပြီးကတ်ဆိုင် ပစ္စည်းရောင်း ငွေချေ ရသည့်ငွေများကို အသေအချာရေတွက်ပြီး သူ့သားရေအိတ်ရှည်လေးထဲ အသေအချာထည့်ပြီး သူ့ညာဘက်ချိုင်းတွင် အသေအချာညှပ်ပြီး သံဈေးဘက်မှ ကားလမ်းကို ဖြတ်ကူးလိုက်သည်။

ရှုပ်ယှက်ခတ်နေသည့် ကားများကို သတိဖြင့်ဖြတ်ကူးရင်း အမေ ဖွားမြတစ်ယောက် ဈေးရောင်းရခဲ့သည့် ငွေတစ်သောင်းကျော်ကို ညာဘက်ချိုင်းအောက်တွင် ပြုတ်မကျအောင် ဘယ်ဘက်လက်ဖြင့် ပွေ့ဖက်ရင်း ဖြတ်ကူးနေစဉ် လူငယ်တစ်ယောက် အမေဖွားမြ



www.burmeseclassic.com

www.burmeseclassic.com

ဘေးရောက်လာပြီး အမေဖွားမြ ပခုံးကို ပွေ့ဖက်ပေးရင်း တစ်ဖက်ကားလမ်း အရောက် ပို့ဆောင်ပေးသည်။

ဘေးက မြင်ရသူ တချို့လည်း အမေရွယ်အိုကြီးကို ကူညီပေးသည့် လူငယ်လေးကို ချီးကျူးသွားသည့်သူက ချီးကျူးသွားသလို တချို့ ခရီးသွားများ လည်း အဘွားအိုကြီးရဲ့ ဆွေမျိုးသား ချင်းဖြစ်မယ်ထင်ပါရဲ့ ဆိုသည့် အတွေး ဖြင့် ကြည့်သွားသည်။

တစ်ဖက်ကားလမ်း ကူးအပြီး ညောင်ပင်ကြီးအောက် အရောက်တွင် ကိုလူငယ်က ဘာပြောလိုက်သည်မသိ၊ အဘွားအိုဟာ သူမ ညာဘက်ချိုင်း အောက်တွင် ညှပ်ထားသည့် ငွေတစ် ထောင်းကျော်ထည့်ထားသည့် သားရေ အိတ်ကို့ထုတ်ပေးကို ယိုလူငယ်လက်ထဲ သို့ပေးလိုက်သည်။ နောက် လူငယ်က ဘာယပ်ပြောသည် မသိ၊ သူ့နားမှာ ပန်ထားသည့် နားကပ်လေးတစ်ရံကို ဖြုတ်ပြီး လူငယ်လက်ထဲသို့ ထည့်ပေး လိုက်ကာ သူ့ခေါင်းမှာပေါက်းထားသည့် သဘက်ကလေးကိုဖြုတ်ပြီး သူ့ခေါင်းကို ယပ်ခတ်ခပ်ရင်း ထိုင်ချလိုက်သည်။

အချိန် ဘယ်လောက်ကြာသွား သည်မသိ။ အမေဖွားမြ သမွန်ဆိပ် ရောက်မလာသည့်မာမွက်သမွန်သမား ကိုမောင်သောင်း လိုက်လာရာ ညောင် ပင်အောက်တွင် ငုတ်တုတ်ထိုင်ရင်း ကားတွေကို ငေးကြည့်နေသည့် အမေ ဖွားမြကို တွေ့သွားပြီး -

"အဒေါ် ဘာလုပ်နေတာလဲ၊ ဟိုရွှေပြီးရင် လာတော့လေ"

လို့ မေးလိုက်ပေမယ့် အမေ ဖွားမြကတော့ သူ့ကိုမမေးသလို၊ သူနဲ့ မပတ်သက်သလို ကားလမ်းဘက်ကိုပဲ ငေးကြည့်နေတယ်။

ကိုမောင်သောင်းက စိတ်မရှည် သလိုဖြစ်သွားပြီး -

"အဒေါ် ဘာလုပ်နေတာလဲ၊ ထမင်းရော စားပြီးပြီလား၊ ပြီးရင် ပြန် ကြမယ်လေ"

လို့ပြောပြီး ပခုံးကို ကိုင်လှုပ် လိုက်မှ သတိရသလိုဖြစ်သွားပြီး -

"အမယ်လေး လုပ်ကြပါဦး၊ ငါ့ ပိုက်ဆံတွေ မရှိတော့ဘူး၊ အိတ်လည်း မရှိတော့ဘူး၊ ပြီးတော့ ငါ့နားကပ်လေး လည်း မရှိတော့ဘူး မောင်သောင်းရဲ့ ဟီးဟီး . . ."

ဆိုပြီး ချုံးပွဲချငိုရင်း သူ့ဆီက ငွေ တွေနဲ့ နားကပ်ယူသွားတဲ့ လူငယ်ကို လိုက်ကြည့်ပေမယ့် ဘယ်လိုမှ ရှာမတွေ့ တော့ မောင်သောင်းက အခြေအနေကို မေးတော့မှ 'တို့ဆေး'နဲ့တို့ပြီး သတိလစ် (အသိတရားလစ်) နေစဉ်မှာ ကိုသူငယ် က ငွေနှင့် နားကပ်ကိုဖြုတ်နိုင်းပြီး ယူ သွားကြောင်း သိရတော့သည်။

အမိုးနဲ့ ဈေးငှားပြီး အရောင်း အဝယ်လုပ်ရတဲ့ မနောက်ဆက်ပွဲမှာဖြစ် အပျက်က ပိုပြီး ကြေကွဲစရာကောင်း သည်။ ရှာပြန်ရောက်ပြီး အဖြစ်အပျက် အမှန်ကိုပြောပြမှသာ ယုံတဲ့သူတယုံပြီး သနားကြသလို တချို့ မကြွေးရှင်မတွက် အကြွေးမပေးချင်လို့ လိမ်ညာပြောတာ လို့ စွပ်စွဲကြတယ်။

ဇာက်ကောင်ပေါ်းပေတော့ အမေ ဖွားမြ သူ့လက်ငုတ်လက်ရင်း အိမ်နဲ့ ဝိုင်းကို တူမဖြစ်သူကို နှုတ်ကတောင် ကျပ်နဲ့ရောင်းပြီး အကြွေးပေး ပြောင်ကုန် ဆပ်လိုက်ပြီး ၁၀ တန်းကျောင်းသား ဖြစ်တဲ့ အငယ်ဆုံးသား (စာရေးသူရဲ့ ဦးလေး) ကိုခေါ်ပြီး သားလတ် (စာရေး သူ ဖခင်ရှိရာ) မလွန်စခန်းကို လိုက်ခဲ့ တော့သည်။ အဲဒီတာလက စာရေးသူ မှာ အသက် နှစ်နှစ်သား အရွယ်လေး သာရှိသေးပေမယ့် ဒီဇာတ်လမ်းလေး ဟာ စာရေးသူအဖို့ အိပ်ရာဝင်ပုံပြင် တစ်ပုဒ်လို စွဲစွဲထင်ထင် မှတ်မိနေသည်။

တစ်ကြိမ် အလိမ်အညာခံရရင် လိမ်ညာသူရဲ့ အပြစ်ဖြစ်ပြီး၊ ဒုတိယ အကြိမ်ခံရရင် ခံရသူရဲ့အပြစ်ဟု ဖခင် ကြီး ဆုံးမသည့်စကားကို ပြေး၍ သတိ ရလိုက်မိသည်။

စာရေးသူတို့ မိသားစု ဒုတိယ အကြိမ် တို့ဆေးရဲ့ ခါးသီးမှုကို ခံလိုက် ရသူက စာရေးသူ၏ မောင်အငယ်ဆုံး ဖြစ်သည်။ ကာလအားဖြင့် အဘွားဖြစ် သူ ခံခဲ့ရပြီး နှစ်ပေါင်း (၄၀)နှစ်လောက် အကြာတွင်ဖြစ်သည်။

ကျွန်မတို့မိသားစုတွင် အမေ ရယ်၊ အမေရယ်၊ အစ်ကိုကြီးရယ်၊ကျွန်မ ရယ်၊ မောင်လေးရယ် ငါးယောက် ရှိ သည်။ အစ်ကိုကြီးက ရန်ကုန်တွင် အိမ်ထောင်ကျ၍ ကုမ္ပဏီတစ်ခုတွင် ဟာဥ်မောင်းအလုပ်လုပ်သည်။ကျွန်မက မလွန်စက်ရုံတွင် တာဝန်ကျရင်း အိမ် ထောင်ကျ၍ သားလေးမင်(၁၀)တန်း ရောက်နေပြီ။ အငယ်ဆုံး မောင်လေးက စက်မှုသက်တန်းကျောင်းဆင်းပြီး ပင်စင် ယူသွားတဲ့ အဖေ၊ အမေ တို့နဲ့အတူ ရွှေပြည်သာမှာ နေထိုင်ကြပြီး ကုမ္ပဏီ တစ်ခုတွင် ဝန်ထမ်းလုပ်နေသူ ဖြစ်ပါ သည်။

တစ်နေ့ အလုပ်ပိတ်ရက် မလွန် သို့ အလည်ရောက်လာသည်။ အပြန် တွင် အမေ၊ အမေတို့အတွက် လက် ဆောင်ပစ္စည်းတွေ ကန်တော့ရင်း ဖြ ကွက်ပစ္စည်းဖြစ်တဲ့ ပီနံ့သီး (အိမ်... အလုံး ကြီးကြီးလှလှ တစ်လုံး... အမေကြိုက်တတ်မှန်းသိ... ထည့်ပေး လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အောင်မင်္ဂလာ အဝေးပြေးဂိတ်ကို မနက်(၅)နာရီမှာ မလွန် မင်းလှ-ရန်ကုန်ကားက ဆိုက်ရောက်ပါတယ်။ မောင်လေးဖြစ်သူလည်း လက်ဆွဲအိတ်ကြီး ကာ ကာဖက်၊ ကျွန်မလက်ဆောင်ပေးလိုက်တဲ့ ဝိနည်းနှင့်သီးတည့်ထားသည့်ခြင်းက တစ်ဖက်ဆွဲရင်း ကားပေါ်မှဆင်းလာပြီး က/က ငှားဖို့ စီစဉ်နေစဉ်မှာ လူတစ်ယောက်က သူ့ပခုံးကိုပုတ်လိုက်ပြီး—

"ညီလေးမနိုင်ရင် အစ်ကိုကို ပိန္နဲသီးခြင်းပေး၊ အစ်ကို ပိုင်းသယ်ပေးမယ်"

ဟုပြောပြီး ခြင်းကို ယူလိုက်သည့်နောက်ပိုင်းကွက် ဘာဖြစ်သွားမှန်း မသိ ဖြစ်သွားခဲ့ရသည်။

မနောက် ဖဲဒီယူမထောင်းသည့်သူ့ခဘောင်းဘီအိတ်ထဲက သူ့ပိုက်ဆံသားရေအိတ်ကို ထုတ်ပေးလိုက်သည်။ ထိုသူက သူ့လက်တွင် ပတ်ဆောင်ထားသည့် လက်စွပ်ကိုချွတ်နိုင်း၍ ချွတ်ပြီးပေးလိုက်သည်။ ထိုသူသည် မောင်လေးရဲ့အိတ်ထဲက ပိုက်ဆံအကုန်ယူပြီး မှတ်ပုံတင်၊ ဝန်ထမ်းကတ်နှင့်အတူ က/က ငှားရန် ငွေပါးထောင်တန် တစ်ရွက် ပြန်ပေးခဲ့ပြီး က/က တစ်စီးငှားပေးပြီး ပျောက်သွားသည်။

အိမ်ပြန်ရောက်တဲ့အခါ ငိုင်တိုင်တိုင်ကြီးဖြစ်နေတဲ့ မောင်လေးကို အမေက မသက်သာဖြစ်ပြီး မေးတော့ အလည်လည် ဝါးတားတားဖြစ်နေလို့ အမေက သတိရပြီး သံပရာသီးရှုခိုင်းတာ သံပရာရည် ဖျော်တိုက်လိုက်မှ မူလအခြေအနေကို ပြန်ရောက်လာပြီး သူ့ပိုက်ဆံအိတ်ထဲမှာပါတဲ့ ငွေက မရှိတော့ဘူး။ ကားခကို အမေက ရှင်းပေးလိုက်ရသည်။ လက်က လက်စွပ်လည်း မရှိတော့မှ တို့ဆေးမိသွားကြောင်း သိကြရတော့သည်။

အဲဒီလို တို့ဆေးမိတဲ့အကြောင်း အမေသိသွားပြီး တို့ဆေးနဲ့ အကျိုးမခံရအောင်၊ တို့လိုက်သည့်တိုင်မအောင် တို့ဆေးအာနိသင်ကို ပျက်ပြယ်စေနိုင်တာ သံပရာသီးဖြစ်ပြီး ခရီးသွားသည့်အခါ သံပရာသီးကို အမှုအမော်ပြေစေရန် ရှူရှိုက်နိုင်သလို တို့ဆေးအတွက် ကာကွယ်နိုင်သော သံပရာသီးကို ခရီးသွားတဲ့အခါတိုင်း ဆောင်သွားဖို့ ပြောပြပါသည်။ စာရေးသူတို့ မိဘသဖူ ဟို ဟိုမှိုန်မှုမှ၍ ခရီးသွားသည့်အခါ ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်နီးနီး နောက်ဆုံး ဈေးသွားသည့်အခါများတွင်လည်း သံပရာသီးကို အမြဲဆောင်ယူသွားသော အလေ့အထကို ပြုလုပ်ခဲ့ကြပါတော့သည်။

ဒါ့အပြင် အမေက ဆေးမျိုးမျိုးဖြစ်သူပီပီ သံပရာသီးရဲ့ အာစွမ်းသတ္တိများကိုလည်း လေ့လာပြီး သမီးတော်နှင့်သူ သိသမျှကို ပြန်လည်ပြောကြားပေးပါသည်။ အမေပြောပြသည့် သံပရာသီးအစွမ်းများကို ကမျှားပြည်သူများ လက်တွေ့အသုံးချနိုင်ကြစေရန် မေတ္တာဖြင့် လက်ဆောင်ကမ်း မျှဝေပေးလိုက်ပါသည်။

သံပရာသီးဟာ ဗီတာမင်စီ ကြွယ်ဝတဲ့ အရည်ရွှမ်းအသီးမျိုးဖြစ်ပြီး သူ့မှာ အမျှင်ဓာတ်နဲ့ ကယ်လ်စီယမ်၊ သံဓာတ်၊ ပိုတက်စီယမ်၊ ကော့ပါး၊ မဂ္ဂနီဆီယမ်စတဲ့ သတ္တုဓာတ်များ ကြွယ်ဝစွာ ပါဝင်သည်။ အခွံမှာလည်း ပိုလီဖီနော် (Poly Phenol) နဲ့ တာပန်း (Terpene) တို့လို ဖိုင်တိုကမ်မီကယ် (Phytochemical) ဓာတ်တွေ ပါဝင်ကြောင်း ပြောပြပါတယ်။

အသီးအရွက်များ သုပ်စားတဲ့ အချဉ်ဓာတ်ရရန် သံပရာသီးနှင့်မန်ကျည်းသီးကို သုံးလေ့ရှိတာ တွေ့ရပါတယ်။

သံပရာသီးဟာ အနံ့က မွှေးလို့ အနံ့အသက်ကိုလည်း ထိန်းပါတယ်။ အီတဲ့အစာမျိုး စားပြီးတဲ့အခါ သံပရာရည်ကို ဖျော်သောက်လိုက်ရင် အအီပျောက်ပြီး လန်းဆန်းသွားတာကို တွေ့ရပါလိမ့်မယ်။ ကားစီးလို့ မူးတက်တဲ့သူတွေမှာဖို့ ကားမူးရင် ရှူဆေးအဖြစ် သုံးလို့ရပါတယ်။

သံပရာသီးဟာ ဗီတာမင်စီ ချို့တဲ့မှုကြောင့်ဖြစ်တဲ့ ဝကာဗီ (Scurvy) ခေါ်တဲ့ ရောဂါကို ကုသနိုင်ပါတယ်တဲ့။

ဆေးဖက်ဝင်တဲ့ သံပရာသီးကို တာရည်ဖျော်သောက်လို့ရသလို အရေပြားရောဂါများကိုလည်း နည်းအမျိုးမျိုးနဲ့ သုံးလို့ရပါတယ်။ ဗီတာမင်စီကြောင့် အသားအရေကို အသစ်ပြန်လည်မွေးဖွားပြီး ရောဂါကူးစက်မှုကို ကာကွယ်ပေးပါတယ်။ ခန္ဓာကိုယ် ချွေးနံ့ကိုလည်း သက်သာစေပျောက်ပါးစေပါတယ်။

သံပရာသီးမှာ ဓာတ်တိုးသန့်ကျင်ပစ္စည်းတွေနဲ့ ဝဋ္ဋိဇိဝ ပိုးသတ်အာနိသင်တွေ ပါဝင်တဲ့အတွက် အသားအရေမှာ အသုံးပြုပြီးတဲ့အခါ အရေပြားသေဆဲလ်တွေကို မှတ်တိုက်ဖယ်ရှားရာမှာ အစွမ်းထက်ပါတယ်။ ပြီးတော့ ဖုထွက်တွေ၊ အရေပြား နီမြန်းမှုတွေ သက်သာ ပျောက်ကင်းစေပါတယ်။ ရေချိုးတဲ့အခါ သံပရာရည်လေး နည်းနည်းထည့်ချိုးပေးရင် အသားအရေ ရှင်းသန့်စေပါတယ်။

သံပရာသီးဟာ အစာခံတွင်းမှာ တံတွေးလို ထွက်စေနိုင်တဲ့ အတွက် အစာချေဖျက်မှုကို အထောက်အကူဖြစ်စေပါတယ်။ သဘာဝအက်စစ်ဓာတ်နဲ့ (ဖလေဗိုနွိုက်စ်) (Flavonoids) ဓာတ်တွေကြောင့် အစာချေစနစ်ကို ... ပေးပြီး အစာချေရည်နဲ့ ...စစ်တွေ

www.burmeseclassic.com

www.burmeseclassic.com

ပို့ထွက်စေပါတယ်။ ဒါကြောင့် အိန္ဒိယနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ထမင်းစားတိုင်း သံပရာသီးသနပ်ကို ပူးတွဲစားသုံးကြတာကို လေ့လာတွေ့ရှိရပါတယ်။

ကိုယ်အလေးချိန် လျှော့ချချင်သူတွေအဖို့ကတော့ သံပရာသီးတစ်လုံးထည့်နှပ်ထားတဲ့ ရေနွေးတစ်ခွက်ကို နေ့စဉ် ပုံမှန် နှစ်ကြိမ်သောက်သုံးပေးခြင်းဖြင့် ကိုယ်အလေးချိန် လျော့ကျစေပါတယ်။ နောက် သံပရာသီးမှာပါတဲ့ အက်စစ်ဓာတ်က အစာချေ လမ်းကြောင်းကို သန့်ရှင်းပေးသလို ဝမ်းချုပ်ခြင်းကိုလည်း သက်သာစေပါတယ်။ ဒါကြောင့် ဝမ်းချုပ်သူများ သံပရာရည်ကို ဆားခတ်ပြီး သောက်ကြတာပါ။

သံပရာသီးဟာ ဆီးချို သွေးချိုရှိသူတွေအတွက် အထူးသင့်တော်တဲ့ အသီးဖြစ်ပါတယ်။ အမျှင်ဓာတ်ပါဝင်မှုများကို ခန္ဓာကိုယ်ရဲ့ သကြားဓာတ်စုပ်ယူမှုကို ထိန်းညှိပေးပြီး သွေးတွင်း သကြားဓာတ်အတက်အကျ အန္တရာယ် အဆင့် မရောက်စေဖို့ ကာကွယ်ပေးပါတယ်။

နှလုံးရောဂါ ဝေဒနာရှင်များအတွက် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတဲ့ အမျှင်ဓာတ်ကြောင့် သွေးဖိအားကို ကျစေပြီး ကိုလက်စထရောတွေကို ဖယ်ရှားပေးနိုင်ပါတယ်။ နောက်သွေးကြောရောင်ရမ်းမှုတွေကို လျော့ပါးစေတာကြောင့် နှလုံးရောဂါ၊ နှလုံးလုပ်ဆောင်ချက် ရပ်တရက် ရပ်ဆိုင်းခြင်းနဲ့ လေဖြတ်ခြင်း တို့ကို ကာကွယ်ပေးပါတယ်။

အသက်ရှူလမ်းကြောင်း ရောဂါများအတွက် ဖလဗ်ဗိုနွိုက် (Flavomoid) ကြွယ်ဝတဲ့ သံပရာအဆီကို ပရုပ်ဆီ၊ ချူဆေး စတဲ့ သလိပ်ပျော်၊ ချွဲကြေစေတဲ့ ဆေးဝါးတွေ (သောက်သုံးရန်မဟုတ်တဲ့) မှာ အသုံးပြုကြပါတယ်။ သံပရာခွံကိုခြစ်ပြီးရှူရင် ရင်ကျပ်နဲ့ မအီမသာဖြစ်ခြင်းကို ချက်ချင်းသက်သာစေပါတယ်။

ဗီတာမင်စီကြောင့် မျက်စိအမြင်အာရုံကို ရင့်ရော်ခြင်း လက္ခဏာတွေနဲ့ မှုန်ဝါးမှုတို့ကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

အဆစ်အမြစ်နာခြင်းရောဂါရဲ့ အကြောင်းရင်းတွေထဲက တစ်ခုက ခန္ဓာကိုယ်ထဲမှာ ယူရစ်အက်စစ်တွေ များနေလို့ဖြစ်တာပါ။ ယူရစ်အက်စစ်ဆိုတာ ခန္ဓာကိုယ်ထဲကနေ ဆီးနဲ့အတူ စွန့်ပစ်ရမယ့် ဓာတ်တစ်မျိုးပါ။ အဲဒီရောဂါကို သံပရာသီးက သူ့ရဲ့ဆစ်ထရစ်အက်စစ်က ယူရစ်အက်စစ်တွေ ပျော်ဝင်နိုင်တဲ့ ဖျော်ရည်တစ်မျိုးဖြစ်ပြီး ယူရစ်အက်စစ်တွေကို ဆီးနဲ့အတူ ပိုပြီးစွန့်ထုတ်နိုင်စေပါတယ်။

ဖျားနေသူတစ်ဦးအတွက် လည်း သံပရာရည်က များစွာအထောက်အကူပြုပါတယ်။ အရည်ရွှမ်းတဲ့ အချဉ်သီးတွေဟာ အများအားဖြင့် အဖျားကျစေနိုင်တဲ့ အာနိသင်ရှိတာက ဗီတာမင်စီကြွယ်ဝမှုကြောင့် သဘာဝအတိုင်း ခန္ဓာကိုယ်အပူချိန်ကို တိုးစေတာ ဖြစ်ပါတယ်လို့ ဆေးပညာရှင်တွေက ဆိုယားကြောင်းလည်း ပြောပြပေးပါတယ်။

နောက် ဂေါက်ရောဂါအတွက်လည်း သံပရာသီးက မာယ်ဟိုးဆန့်ကျင်ပစ္စည်းတွေ၊ အဆိပ်အတောက် ဖယ်ရှားရေးဓာတ် ဗီတာမင်စီနဲ့ Flavomoid တွေ ပါဝင်လို့ ရောဂါကို ဖယ်ရှားသက်သာစေပါတယ်။

အထူးသဖြင့် ဆီးလမ်းကြောင်းမှာ ဖြစ်တတ်သော ရောဂါများအတွက်လည်း အထူးအသုံးဝင်သော အသီးဖြစ်ပါတယ်။ ပိုတက်စီယမ်ကြွယ်ဝမှုကြောင့် ကျောက်ကပ်နဲ့ ဆီးအိမ်အတွင်း စုပုံနေတဲ့ အဆိပ်အတောက်ဓာတ်တွေကို ဖယ်ရှားရာမှာ ထိရောက်တဲ့ အာနိသင်ရှိပါတယ်။ ရောဂါပိုးတွေကို သေစေနိုင်တဲ့ အစွမ်းသတ္တိကြောင့်လည်း ဆီးလမ်းကြောင်းမှာ ပိုးဝင်ခြင်းကို ကုသပေးနိုင်ပါတယ်။ ၎င်းအပြင် အမျိုးသားတွေမှာ အဖြစ်များတဲ့ ဆီးကျိတ်ဖြစ်ပေါ်မှုကို တားဆီးပေးပြီး ဆီးလမ်းကြောင်းအတွင်း ကယ်လ်စီယမ်စုပုံခြင်းကြောင့် ပိတ်ဆို့မှုကို ရှင်းလင်းစေပါတယ်။

ဒါကြောင့် သံပရာသီးတစ်လုံးရဲ့ စွမ်းအားဟာ လူတစ်ဦးအတွက် အလွန်အသုံးဝင်သော အသီးတစ်မျိုးဖြစ်ပြီး စာရေးသူ အထက်တွင်ရေးသားခဲ့သော တို့ဆေးကြောင့် ဘဝဖျက် ဒုက္ခရောက်သူများအတွက်လည်း သံပရာသီးလေး လက်ထဲတွင် ကိုင်ထားရုံဖြင့် တို့ဆေးအန္တရာယ်မှ ကင်းဝေးပြီး မိမိခန္ဓာကိုယ်အတွက် အကျိုးပြုသော သံပရာသီးကို လိုအပ်သလို အသုံးပြုပြီး ကျန်းမာရေးစောင့်ရှောက်ရာတွင် အင်မတန်မှ အသုံးဝင်သော သံပရာသီး၏ အသုံးဝင်မှုကို သိရှိကြပြီး မိမိကဝအတွက် အသုံးပြုနိုင်ကြစေရန် လက်ဆင့်ကမ်း မျှဝေပေးလိုက်ပါသည်။

အနည်းဆုံး သံပရာသီးရှုရှိုက်ဖြင့် အမူးအဓမ်ပြေပြီး သံပရာရည်တစ်ခွက်သောက်ခြင်းဖြင့် သင့်ဦးခေါင်းနှင့် စိတ်ကို လန်းဆန်းကြည်လင်သွားပါလိမ့်မည်။ ဟုတ်၊ မဟုတ် လက်တွေ့ဆန်းသပ်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

သ[illegible]ညို

☐



www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# စနေဂြိုဟ်နှင့် လူသားတို့ကြားမှာ

**မင်းဟာန်(သန်လျင်)**



နေစကြဝဠာ ဖွဲ့စည်းပုံထဲမှာ တောက်ပတဲ့ရောင်ခြည်ကွင်းပေါင်း များစွာကျော်နဲ့ လွှမ်းခြုံထားတဲ့ ဂြိုဟ်တစ်လုံးကို ပြပါဆိုလျှင် (Saturn) လို့ခေါ်သည့် စနေဂြိုဟ်ပဲ ဖြစ်ပါလိမ့်မည်။

နေစကြဝဠာရဲ့ ဖွဲ့စည်းပုံမှာရ စနေဂြိုဟ်ရဲ့ အရှေ့ဘက်မှာ ကြာသပတေးဂြိုဟ်ရှိပြီး အနောက်ဘက်မှာ ယူရေးနပ်ဂြိုဟ် တည်ရှိပါသည်။

ယနေ့ အိုင်တီခေတ်မှာတော့ ကမ္ဘာကြီး ပူနွေးလာခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ နျူကလီးယားစွမ်းအားများ မြင့်တက်ပွံ့နှံ့လာခြင်း၊ စစ်မက်အင်္ဂါရပ်များ ကြီးထွားလာခြင်း၊ ကြီးမားလှသော နိုင်ငံရေး အခင်းအကျင်းများ အားပြိုင်ခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်စည်းများကို ကျော်လွန်ပြီး လူမျိုးရေး၊ ဘာသာရေးကို အခြေခံသည့် စစ်ပွဲများကို ဖန်တီးလာခြင်း၊ မီးတောင်ကြီးများမှ ချော်ရည်ပူများ စီးကျလာပြီး ပေါက်ကွဲခြင်း၊ ပြင်းထန်သော ငလျင်လှုပ်ခတ်ခြင်းနှင့် မြေဆီလွှာများ အက်ကွဲလာခြင်း၊ ထူးဆန်းသော အနာရောဂါများ ဖြစ်ပွားခြင်းနှင့် စားနပ်ရိက္ခာများ ချို့တဲ့လာခြင်း၊ ကမ္ဘာအနှံ့ ကြီးမားပြင်းထန်သော လေမုန်တိုင်းများ ဖြစ်ပေါ်လာခြင်းများသည် အာကာသရပ်ဝန်းရှိ ဂြိုဟ်များနှင့် လုံးဝသက်ဆိုင်သည်ဟု နက္ခတ္တဗေဒပညာရှင်များက တညီတညွတ်တည်း အသိအမှတ်ပြုကြသည်။

သို့ဖြစ်၍ စက်မှုနည်းပညာများ ထွန်းကားလာသော နိုင်ငံကြီးများသည် ဆက်သွယ်ရေးဂြိုဟ်ကို အမြောက်အမြားကို မဟာအာကာသထဲလွှတ်တင်ပြီး ဂြိုဟ်များ၏ လျှို့ဝှက်သောချက်များကို စူးစမ်းရှာဖွေ သုတေသနပြု ဖော်ထုတ်လာကြပြီဖြစ်သည်။

ယင်းအထဲတွင် စနေဂြိုဟ်လည်း ပါလာသည်။ နေစကြဝဠာထဲမှာ စနေဂြိုဟ်သည် ကြာသပတေးဂြိုဟ်ပြီးလျှင် ဒုတိယမြောက် အကြီးဆုံးဂြိုဟ်တစ်လုံးအဖြစ် သတ်မှတ်ထားပါသည်။ အချင်းမိုင် ၇၂၀၀၀ ခန့်ရှိ၍ ကမ္ဘာဂြိုဟ်ထက် ဆယ်ဆနီးပါး ကြီးမားပါသည်။ နေကို ဘဲဥပုံလမ်းကြောင်းနှင့် လှည့်ပတ်နေရာ တစ်ပတ်ပြည့်ဖို့ ၂၉ နှစ်ခွဲခန့် ကြာမြင့်ပါသည်။ ရာသီစက်ထဲမှာတော့ တစ်ရာသီလျှင် ၂ နှစ် ၆ လခန့် ကြာမြင့်တတ်ပါသည်။

စနေဂြိုဟ်ကို ဆက်သွယ်ရေးဂြိုဟ်တုတွေနှင့် အနီးကပ်လေ့လာသည့်အခါ ဂြိုဟ်မျက်နှာပြင်မှာ ကြီးမားလှသည့် ခတ်ငွေ့လုံးကြီးသဏ္ဌာန် တည်ရှိပေမယ့် ဂြိုဟ်ရဲ့အတွင်းဗဟိုပိုင်းတွင် သံနှင့် ကျောက်သား ဖြပ်ပစ္စည်းပေါင်းများစွာနှင့် ဖွဲ့စည်းထားသည်ဟု ဆိုပါသည်။

ဂြိုဟ်၏အတွင်းပိုင်းမှစ၍ အမိုးနီးယား၊ မီသိန်း၊ ဟိုက်ဒရိုဂျင်၊ ဟီလီယမ်ခတ်ငွေ့များဖြင့် အထပ်ထပ်ဖုံးအုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့စည်း တည်ဆောက်ထားပါသည်။ ကမ္ဘာနှစ် ခုနစ်နှစ်ခွဲကြာတိုင်း ရာသီဥတု ဖြစ်ပေါ်ပြောင်းလဲပါသည်။

နေစကြဝဠာ အဖွဲ့အစည်းထဲမှာ စနေဂြိုဟ်ရဲ့ အထူးခြားဆုံး အချက်တစ်ခုကတော့ လ (၃၃)ခု ခြံရံထားခြင်းပါပဲ။ အဲဒီလတွေထဲမှာ တိုက်တန် (Titan) လဟာ အကြီးဆုံးပါပဲ။ နေရောင်ခြည် အပြည့်အဝ ခံစားရချိန်မှာ တိုက်တန်လဟာ အရမ်းကို လှပတာပဲဟု ဆက်သွယ်ရေးဂြိုဟ်တုမှတ်တမ်းများက ဖွင့်ဆိုပါသည်။ နေရောင်ခြည်စွမ်းအင် (Solar energy) စနေဂြိုဟ်ပေါ် ကျရောက်တဲ့အချိန်မှာ တောက်ပသည့် ရောင်ခြည်ကွင်းတွေက ခြံရံထားသည့် လ (၃၃)ခုအပေါ် စီးဖြာကျလို့ ဖြစ်ပါသည်။

နက္ခတ္တဗေဒ ဂဏိတ(Astronomy)တိုင်းထွာချက်တွင် နေနှင့်စနေဂြိုဟ် အကွာအဝေးမှာ ၉၃၉. ၁၂ သန်းပေါင်း မိုင်ဖြစ်ပြီး ကမ္ဘာနှင့်စနေဂြိုဟ် အကွာအဝေးမှာ ၈၆၈. ၁၅ သန်းပေါင်းမိုင် ဖြစ်ပါသည်။

သန်းပေါင်းများစွာ ကွာဝေးတဲ့ ဂြိုဟ်တွေကို ရာသီစက်၊ ဘာဝစက်၊ နဝင်းစက်တွေထဲထည့်ပြီး တီထွင်ခဲ့တဲ့ ရှေးရှေးဆရာမြတ်တွေကို စာရေးသူမှ အစဉ်အမြဲ ဦးတိုက်ဂါရဝပြုပါသည်။

လူသားများ၏ လက်ဖဝါးပြင်မှာလည်း ကြည့်ပါ။ လက်ခလယ်ရဲ့ အောက်တည့်တည့်မှာ စနေဂြိုဟ်ခုံရှိပြီး လက်ညှိုးရဲ့ အောက်တည့်တည့်မှာ ကြာသပတေးဂြိုဟ်ခုံ၊ လက်သူကြွယ်ရဲ့ အောက်တည့်တည့်မှာ တနင်္ဂနွေဂြိုဟ်ခုံ တည်ရှိနေတာပါ။ အဲဒါလည်း ထူးခြားချက် တစ်ခုပါ။ ဘာဖြစ်လို့လဲဆိုတော့ စနေဂြိုဟ်ခုံရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ကြာသပတေးဂြိုဟ်ခုံနဲ့ တနင်္ဂနွေဂြိုဟ်ခုံ ခြံရံထားခြင်းပါ။


အဲဒီမှာ လက်ဖနောင့်ရင်းကနေ ဖြောင့်တန်းစွာတက်လာတဲ့ ထီးရိုးလို့ခေါ်တဲ့ ကံကြမ္မာလမ်းကြောင်းဟာ စနေဂြိုဟ်ခုံထဲ သန့်သန့်ရှင်းရှင်း ထိုးဖောက်တက်လာရင် ထူးခြားကြီးမားတဲ့ ကံတရားပါ။

ဥတ္တရကာလ အမြိတ္တပဒေင်ကျမ်းထဲမှာ စနေဂြိုဟ်၏ ပရိယာယ်များကို အနည်းငယ် ဖော်ပြလိုပါသည်။

၁။ ပြဟ္မဏ
၂။ တမဂုဏ်
၃။ မြွေလောက၊ နဂါးပြည်
၄။ ကျောက်မျက်ရတနာ
၅။ အရှင်သခင်
၆။ တိုက်ပွဲ
၇။ လက်နက်စုံ ထားသိုခန်း
၈။ ရက်စက်ကြမ်းကြုတ်ခြင်း
၉။ သစ်တောနှင့် တောင်ကုန်းများ
၁၀။ လေမုန်တိုင်း
၁၁။ ပျင်းရိခြင်း
၁၂။ နေ့အဆုံးတွင် အားကြီးခြင်း
၁၃။ ပြာများ
၁၄။ ငှက်ဖျားရောဂါ
၁၅။ သစ်ပင်များ စိုက်ပျိုးခြင်း
၁၆။ မတ်ပဲနှင့် သံရိုင်းများ
၁၇။ ဇာတ်နိမ့်သူ
၁၈။ မမှန်ကန်သောအကျင့်
၁၉။ အနက်ရောင်
၂၀။ စိတ်ပျံ့လွင့်ခြင်း
၂၁။ ဖျားနာခြင်း
၂၂။ အိုမင်းသည့်အရွယ်
၂၃။ ရသာယနဆေး
၂၄။ ဆင်စွယ်၊ ဆင်
၂၅။ အစေခံကျွန်
၂၆။ ဇာတ်ပျက်သူ
၂၇။ ဘာသာရေးမီး သုံးမျိုး
၂၈။ အထင့်အမြင်လွဲခြင်း
၂၉။ ယုတ်မာခြင်း
၃၀။ ပြင်းထန်စွာ ထိုးဖောက်ခြင်း
၃၁။ ဖြုန်းတီးပစ်သော ခွန်အား
၃၂။ ကျရှုံးခြင်းနှင့် ကျဆုံးခြင်း
၃၃။ နပုံး
၃၄။ ကျွန်၏တာဝန်
၃၅။ လွန်ကဲသော ကာမဂုဏ်စိတ်
၃၆။ သုံ့ပန်း
၃၇။ ထောင်၊ အကျဉ်းထောင်
၃၈။ သေဆုံးခြင်း
၃၉။ မသန်စွမ်းသူ
၄၀။ အနောက်ဘက် မျက်နှာလှည့်သူ
၄၁။ အရှေ့မြောက်ပိုင်းကို နှစ်သက်သူ
၄၂။ အေးသော ရာသီ

www.burmeseclassic.com

www.burmeseclassic.com




သုံးပါးရှိ သဘော သဘာဝတွေရဲ့ အရင်းအမြစ်တွေနဲ့ ကံကြမ္မာကို ဖော်ထုတ်တဲ့ အံ့မခန်းပညာရပ်များ ဖြစ်ပါသည်။

လောကီ၊ လောကုတ္တရာ လမ်းကြောင်းတွေကို မျှော်လှမ်းပြဲနေရာမှာ စနေဂြိုဟ်၏ အထောက်အပံ့တွေ အများကြီး လိုပါသည်။ စနေဂြိုဟ်မပါဘဲ မဖြစ်ပါ။ ကမ္ဘာ့လူသားအားလုံး၏ စိတ်ဓာတ်၊ ခွန်အား၊ စွမ်းအား၊ ဖွဲ့၊ လှုံ့လ၊ ဝီရိယတွေကို စမ်းသပ် စစ်ဆေးမှာကတော့ စနေဂြိုဟ်ပါ။

၄၃။ ကုန်သည်
၄၄။ မြင်း၊ မြည်း၊ မှား၊ ဆိုး၊ ဆိတ်၊ ခွေး
၄၅။ ပိတ်ပင်တားဆီးမြွက်
၄၆။ ပေအာက်တန်းကျသော မိန်းမ
၄၇။ နည်းဥပဒေ
၄၈။ မှုဆိုး
၄၉။ မာချုပ်အခြာ အာဏာ

ဂြိုဟ်ပရိယာယ်တွေကို ဖော်ထုတ်ပြဲနေရာမှာ ဥတ္တရကာလ အပြတ္တပေါင်ကျမ်းသည် အစုံဆုံးပါ။ စနေဂြိုဟ်ပရိယာယ် (၁၀၀)ကျော်ရှိပါသည်။ လိုအပ်သလောက် ရှာဖွေဖော်ထုတ် နေသားကျခြင်းဖြစ်ပါသည်။

ဥပမာ- စနေဂြိုဟ်သည် ရာသီစက်၊ ဘာဝစက်၊ နဝင်းစက်တွေမှာ အားကောင်းတဲ့အိမ်တွေမှာ ရပ်တည်ပြီး မိတ်ဖက်အားကောင်းသည့် ဂြိုဟ်တွေနှင့် မြင်ပြီးဆက်သွယ်ထားလျှင် ဒါမှမဟုတ် တစ်ရာသီကည်းပူးနေလျှင် အရှင်သခင်ပါပဲ။

စနေဂြိုဟ်သည် ရာသီစက်၊ ဘာဝစက်၊ နဝင်းစက်တွေမှာ ရန်အိမ်၊ နိစ်အိမ်မှာ ရပ်တည်ပြီး ရန်ဂြိုဟ်တွေနဲ့ ဆက်သွယ်ပြီး မြင်ထားလျှင် ဒါမှမဟုတ် တစ်ရာသီတည်းပူးနေလျှင် အစေခံကျွန် ဖြစ်သွားတာပါ။ စနေဂြိုဟ်ဟာ ပါဝက်တွရှိယုဂ်လည်း သင့်နေမည်။ နေလ နှစ်ပါးလည်း ပျက်ထားလျှင် ပိုပြီးဆိုးပါသည်။ အကုန်လုံး လိုက်ရေးနေလျှင် ရေးကွက်တွေ အများကြီးပါ။

မိမိဇွေးဇာတာရှိ မဟာဘုတ်ကိုလည်း ပြန်ကြည့်ပါ။ မဟာဘုတ်ရဲ့ ရာသီ၊ ဘာဝ၊ နဝင်းစက်တွေမှာ စနေဂြိုဟ် အရပ်အတည်ကောင်းဖို့ လိုပါသည်။ လက်ရိုး၊ လက်ဆန်း၊ လက်ကွက်ဘာ ပညာရပ်သုံးခုဟာ သုံးနားညီတြိဂံပုံစံနဲ့ အခိုင်အမာ ဖွဲ့စည်းတည်ဆောက်ထားတာပါ။ အဲဒီပညာရပ်သုံးခုစလုံးဟာ ဆက်သွယ်ပြီး ဆက်နွယ်ထားတာပါ။ လောကကြီး

ဘာဖြစ်လို့လဲဆိုတော့ မိမိမွေးဇာတာရှိ နေလနှစ်ပါးပေါ်ကို ဖကာဗော စနေကြီး စီးနင်းတဲ့အခါမှာ ရာထူးတာဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ဟမ္မာမာခင်း စတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ ရင်ဆိုင်ကြုံတွေ့ ဆောကပေါ့ ပွားရတော့တာပဲ။

ကထူးသဖြင့် မူလဇာတာမှာ တနင်္ဂနွေဂြိုဟ်ဟာ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်၊ ယူရေးနပ်ဂြိုဟ်၊ ပလူတိုဂြိုဟ် တစ်လုံးလုံးနဲ့ တစ်ရာသီတည်း ပူးနေရင် မောဇာ စနေဂြိုဟ်ကြီး စီးနင်းသည့်အချိန် အလူးအလဲ ခံစားရပါသည်။ လက်စနစ်အပေါ် မူတည်ပြီး ဒသာကလည်း ညံ့နေမည်၊ မာရကဌာန၊ ဒုဋ္ဌာနဘာဝပိုင်ဂြိုဟ်များလည်း ဖြစ်နေလျှင် ပိုပြီးဆိုးပါသည်။

နက္ခတ်ပညာရပ်တွင် ဂြိုဟ်ပရိယာယ်၊ ရာသီပရိယာယ်၊ ဘာဝပရိယာယ်၊ နက္ခတ်ပရိယာယ်၊ ဂြိုဟ်ပူးပရိယာယ်၊ ဂြိုဟ်မြင်ပရိယာယ်၊ ကောဇာအစီးအနင်းပရိယာယ်၊ စက်လက္ခဏာများပရိယာယ်၊ ဒသာပရိယာယ်၊ အချိန်ပရိယာယ်၊ အာကာသစက်ဝန်းပရိယာယ် အမြောက်အမြား ပြဆိုထားပါသည်။

ယခု စာမူရေးသည့် ၂၀၁၇ ခု နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စနေဂြိုဟ်ဟာ ၈ ရာသီ ၂ အံသာ ၁၅ လိတ္တာဆိုတော့ ဓနုရာသီရှိ မူလနက္ခတ် ပထမပါဒ်ကို စီးနင်းထားပါသည်။ ယနေ့ အိုင်တီခေတ်နှင့် လျော်ညီသော ဓနုရာသီပရိယာယ်ကို ကြည့်လျှင် ပိုပြီးရှင်းပါသည်။

ဝစ်မြေပြင်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများ စခန်းချရာနယ်မြေများ၊ အမြောက်နှင့် သံချပ်ကာ ယန္တရားများ၊ ခာဘုထိပ်ဖူးတပ် ဒိုးပွဲများ သိုလှောင်ထားရှိသည့် မြေအောက်

www.burmeseclassic.com

www.burmeseclassic.com

ဥမင်လိုဏ်ခေါင်းများ၊ မြေပြင်မှ ဝေဟင်ပစ် ဗုံးပျံပစ်စင်များ၊ အသံထက် ငါးဆမြန်သော ဗုံးကျည်များကို ထိန်းချုပ်သည့် ရေဒါစခန်းများ၊ နျူကလီးယား ခွမ်းအားသုံး ဓာတ်ပေါင်းဖိုများ၊ အာရုံကြောနှင့် အရေပြားထိခိုက်စေသည့် ဓာတုလက်နက်နှင့် ပိုးမွှားလက်နက်များ သိုလှောင်ထားသည့် နေရာများ၊ တိုက်စစ်၊ ခံစစ် နေရာများနှင့် စစ်တပ်ဆုတ်ခွာရာ နယ်မြေများ၊ စစ်ဘက်ဆိုင်ရာ အဆောက်အအုံနှင့် စစ်တန်းလျားများ၊ တိုက်ပွဲဖြစ်ပွားသည့် နေရာများ၊ စစ်ဘက်ဆိုင်ရာ အသုံးအဆောင်များ၊ လက်နက်မျိုးစုံ ကျည်ဆန်မျိုးစုံ သိုလှောင်ထားရှိသည့် နေရာများ ဖြစ်ပါသည်။

တောဇောအိမ်တွေထဲက ပါပကတ္တရိယုဂ်သင့်သည့် အိမ်သည် မနုရာသီအိမ်ပါ။ အနောက်ဘက် အင်္ဂါဂြိုဟ်ပိုင် ပြိစ္ဆာရာသီရှိပြီး အရှေ့ဘက်မှာ စနေဂြိုဟ်ပိုင် မကာရရာသီအိမ် ရှိနေ၍ ဖြစ်ပါသည်။

တောဇောတက်အိပ်ဖြစ်တဲ့ မဟာဂြိုဟ်ပိုင် မိဿရာသီကိုကြည့်ပါ။ အနောက်ဘက်မှာ ကြာသပတေးဂြိုဟ်ပိုင်ဖြစ်တဲ့ မိန်ရာသီရှိပြီး အရှေ့ဘက်မှာ သောကြာဂြိုဟ်ပိုင်ဖြစ်တဲ့ ပြိဿရာသီအိမ်ပါ။ အဲဒီအချက်ကို ကြည့်ရင် ဩဘာပကာယုဂ်ရိယုဂ် မှယားတဲ့ ရာသီအိမ်ပါ။

တောဇောတက်အိပ်ဖြစ်တဲ့ ပဒနက်ခနေ့ဂြိုဟ်ပိုင် သိဟ်ရာသီကိုကြည့်ပါ။ အနောက်ဘက်မှာ တနင်္လာဂြိုဟ်ပိုင်တဲ့ ကရကဋ်ရာသီရှိပြီး အရှေ့ဘက်မှာ ဗုဒ္ဓဟူးဂြိုဟ်ပိုင် ကန်ရာသီရှိနေလို့ပါ။ အဲဒီအချက်ကိုကြည့်ရင် သောမကတ္တရိယုဂ် ရကားတဲ့ ရာသီအိမ်ပါ။

တောဇောတက် ရာသီအိမ် သုံးအိမ်ထဲမှာ ဓနုရာသီအိမ် တစ်ခုတည်း ထူးထူးခြားခြား ပါပကတ္တရိယုဂ် သင့်နေတာပါ။ မြင်းပေါ် အင်မတန်မှ ကြမ်းတမ်းရက်စက်တဲ့ ရာသီအိမ်၊ ကာရှေ့ကိုင်းစနစ် ရှုသီမှုပ်မှာ လေးကိုင်ထားသော လူကာစိုင်း မြင်းတစ်ပိုင်း ရုပ်ပုံ၊ အနောက်တိုင်းစနစ်မှာ ARCHER လေးသမားရုပ်ပုံ ဖြစ်ပါသည်။

ဓါယေဘာတက်လွှမ်းမိုးသည့် စနေဂြိုဟ်၊ မူလနက္ခတ်ပထမပါဒ်ကို မဆိုနင်းလာတဲ့ကာလ ကမ္ဘာမြေတစ်လွှား ပုံမှန်မဟုတ်သည့် မိုးလေဝသ ပြောင်းလဲမှုတွေ၊ ကြီးမားပြင်းထန်တဲ့ ငလျင်လှုပ်ခတ်မှုတွေ၊ နျူကလီးယား စစ်ပွဲကြီးတွေ ဖြစ်ပွားရန် အလွန် အရေးကြီး၊ အနောက်အုပ်စု ထိပ်သီးနိုင်ငံခေါင်းဆောင်ကြီးများ တွေ့ဆုံညှိနှိုင်း ဆွေးနွေးရတာတွေ၊ မုန်တိုင်းနှင့်အတူ အချိန်အခါမဲ့ မိုးရွာသွန်းမှုတွေကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးခြင်းနှင့် ရောဂါဘယ ထူပြောခြင်းများသည် ကမ္ဘာ့လူသားများနှင့် သက်ဆိုင်နေသော ကံကြမ္မာတွေပါပဲ။

အထူးသဖြင့် ဓနုရာသီထဲမှာ ရပ်တည်နေတဲ့ ပလူတိုဂြိုဟ်ရဲ့ အခန်းကဏ္ဍကို ကြည့်ကြရအောင်လား။ ၂၀၁၇ ခုနှိုဝင်ဘာလ ဂြိုဟ်သွားပြက္ခဒိန်မှာ ပလူတိုဂြိုဟ်ကို ဓ ရာသီ ၂၃ အံသာ ၁၄ လိတ္တာလို့ သတ်မှတ်ပြဆိုထားပါသည်။ စနေဂြိုဟ်နဲ့ ပလူတိုဂြိုဟ် တစ်ရာသီတည်း ယှဉ်တွဲရပ်တည်ခြင်းဟာ မကောင်းပါ။ ကမ္ဘာ့လူသားအားလုံး ဓာတုအဆိပ်သင့်ခြင်းရဲ့ ရှေ့ပြေးနိမိတ်တွေပါ။

ပလူတိုဂြိုဟ်သည် ကြီးမားကျယ်ပြန့်လှတဲ့ နိုင်ငံရေးအပြောင်းအလဲတွေကို လုပ်ပေးတဲ့အပြင် ကမ္ဘာအနှံ့ စစ်ပွဲကြီးတွေ ဖြစ်ပွားဖို့ကိုလည်း ဖေးမဆော်ဖန်တီးပေးပါသည်။ ရာသီစက်ထဲမှာ ပလူတိုဂြိုဟ်ကို အင်္ဂါဂြိုဟ်မှ အနီးကပ်ဆုံး ဒီဂရီများနှင့် ဆက်သွယ်ထားသည့် နေ့ရက်များသည် လွန်စွာမှ အရေးကြီးလှ၏။

ရာသီစက်ထဲရှိ တိတ်စွဲနိုင်ငံ အသီးသီးသည် ဖြတ်သန်းရောက်ရှိလာသည့် ဂြိုဟ်များ၏ ကောင်းကျိုးဆိုးပြစ်များကို မလွဲမသွေ ရင်ဆိုင်တွေ့ကြုံခံစားရလေသည်။ ရှေ့ ငါးဒီဂရီနောက် ငါးဒီဂရီအတွင်း ပင်သည်နှင့် သက်ရောက်မှုများကို အကြီးအကျယ် ပေးစွမ်းလေသည်။

ဆေးသိပ္ပံဆိုင်ရာ နက္ခတ္တဗေဒပညာရပ်တွင် ဓနုရာသီသည် တင်ပါးမှတ် ပေါင်သစ်များ၊ ပေါင်၊ မြီးညှောင့်ရိုးအပိုင်း၊ ခန္ဓာကိုယ်၏ ဒါးနှင့် ဒါးအောက်ပိုင်းရောဂါများ၊ ခန္ဓာကိုယ်တွင်းရှိ သွေးလှည့်ပတ်သော စနစ်များ၊ ဓါယေဘာတက်လွှမ်းမိုးသည့် စနေဂြိုဟ် ဟည်ရှိဟာသည့်မှတွက် ဦးခေါင်းပိုင်း၏ ဦးရောက်ရင် အာရုံကြောရောဂါများ၊ ပျက်စီး၊ နား၊ နှာခေါင်း၊ ပါးစပ်နှင့်ပတ်သက်သည့် ရောဂါများအပြင် အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ခြေထောက်နှင့် အထက်အမြစ်တိုက်မိဆောင် ရောဂါများ ဖြစ်ပါသည်။

အထူးသဖြင့် စနေဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့၏ ဆက်သွယ်မှုနေ့ရက်များသည် လွန်စွာအရေးကြီးလှ၏။ ဓနုရာသီထဲတွင် ပလူတိုဂြိုဟ်ရှိနေခြင်း ပိုဆိုး၏။

ကမ္ဘာတစ်လွှား မိုးရေချိန်သည်းခံမိတ်များ လေပွေမုန်တိုင်းကျခြင်း၊ မမျှော်လင့်ဘဲ ရာသီဥတုပြောင်းလဲခြင်း၊ ကပ်ဘေးများ ဖြစ်ပွားလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာခြင်း၊ ဒုစရိုက်မှုများ ထူပြောလာခြင်း၊ လူမျိုးရေး ဘာသာရေးကို အခြေခံသည့် စစ်ပွဲကြီးများ ဖြစ်ပေါ်လာခြင်း၊ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com

ကြီး ပူနွေးလာမှုနှင့်အတူ ရေခဲတောင်များ အရည်ပျော်ခြင်း၊ လေမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ချော်ရည်ပွက်များ စီးကျပြီး မီးတောင်များ ပေါက်ကွဲခြင်း၊ မြေဆီလွှာများ အက်ကွဲပြီး ပြင်းထန်သော မြေငလျင်များ လှုပ်ခတ်ခြင်း၊ မာချိန်အခါမဲ့ မိုးရွာသွန်းခြင်း၊ အချိန်အခါမရွေး ရှူကလီးယားစစ်ပွဲကြီးများ ဖြစ်ပေါ်လာနိုင်ခြင်းများ ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများသည် ခနု ရာသီရောက် စနေဂြိုဟ်၊ မာဂီဂြိုဟ်နှင့် ပလူတိုဂြိုဟ်တို့၏ ဆက်သွယ်မှုကွန်ရက်များကြောင့် ဖြစ်ပေါ်လာနိုင်သော အခြေခံသက်ရောက်မှုများကို မကျူးလွန်ဘဲ ကာင်ပြထားခြင်း သာ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာကြီးတွင် မဖြစ်နိုင်တာ မရှိ မဖြစ်သေး တာပဲ ရှိ၏။ ဖြစ်ပျက်ပြောင်းလဲမှုများကား ပွန်စွာလျင်မြန် လှ၏။

ရှေးဟောင်းဟိန္ဒူကျမ်းများတွင် ခနုရာသီအား ဆင်တပ်၊ မြင်းတပ်၊ လေးစစ်သည်တော်၊ စစ်ရထားများဖြင့် ရာသီ ပရိယာယ်အား ဖွဲ့စည်းတည်ဆောက်ထား၏။ ယနေ့ ဒိုင်တီ ခေတ်ကွင်မှော့ အများကြီး အများကြီး ပြောင်းလဲသွားခဲ့ လေပြီ။

မဲ့ဒီလို အများကြီး ပြောင်းလဲလာခြင်းနှင့်အတူ စနေ ဂြိုဟ်နှင့် အခြားသော ဂြိုဟ်များ၏ ဆက်သွယ်မှုကွန်ရက်များ ကိုလည်း မျက်ခြေပြတ်မခံဘဲ စောင့်ကြည့်မှာမြေယူဟ်သင့် ပါသည်။

ဤစာမူဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံး ကို ရှိခိုးဦးတိုက် အစဉ်ဂါရဝပြုလျက်။

**မင်းဟန်(သန်လျင်)**

□


# ဆရာဦးစိုးထွန်း D.B.B.W - C.T (Med)

# အုန်းချင် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက် သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ⑥ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ⑥ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ⑥ ၀၉-၇၃၁၃၆၄၁၄၊ ၀၉-၇၉၉၆၉၁၉၉၇၊ ၀၉-၂၅၄၉၃၂၆၉၉

လမ်းညွှန် ⑥ ၆၉၊ ၄၀၊ ၁၅ ကားများစီး၍ ဆရာတော်ကြီးမှတ်တိုင် ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com



## ဈေးရောင်းကောင်းကြစေရန်
# ဓာတ်ရိုက်ပေးကြသော မိရင်မီ

အောင်ကြည်သန်း (ဖောင်တော်သီ)

ဒီနှစ် ၁၃၈၀ ပြည့် ဝါဆိုမိုးက သဲသဲမဲမဲ ရွာနေသဲပင်။ ဘယ်အချိန်မှ ရွာ၍နေသည်လည်း မသိတော့ပါ။ မြန်မာနိုင်ငံ အနှံ့ကပြား ကာလကွေကျိုး အညီကွေကျိုး လမ်းကြားတွေမှာက်၊ ရေကြီးရေလျှံသဖြင့် ပြည်သူပြည်သား လူမမျိုးမရွေးနှင့် မျက်ဆိုင်ကြရသည်။ သဘာဝဘေးဆိုးတွေက ခကြောက်စရာပင်။

ကျွန်တော့်ရဲ့မွေးရပ် ရွာကလေးလည်း ရေဘေးမှ မပြေးမလွတ်ခဲ့ပါ။ ရွာအဝင် ထန်းပင်တန်း ကားလမ်းတွေ ရေကျော်၊ တံတားမဟုတ်ပျက်နှင့် ပါမီခြံပင်းမဟုတ်ယဉ်ပင် ရေတွေ ဘလေးမောင်လာသည်။ ရွာသူရွာသားတွေ ရေဘေးကယ်ဆယ်ရေးအဖွဲ့က လှူဒါန်းသည့် ထမင်းကုတ်တွေ စားနေကြရသည်ကို မြင်ပြီးမြင်ယောင်နေမိသည်။ မိုးတွေရွာရင် ပွမ်းဟော်သည့် အမေနှမဟော်ခဲ့ကြောင့် မိုးကစိမ့်စိမ့်ရွာနေသည့် အမေနှင့်ရွာကို လွမ်းနေရည်မှာပင်။

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့် အသံနှင့်အတူ မပန်းနုယ်တစ်ယောက် စေဗင်ပေါက်ခန်းရှေ့ မှန်တံခါးကို ဘေးသို့ ပွန်းကာ မာပွင့်းသို့ပုပ်ပင်လာသည်။ သူမသည် ကျွန်တော့်ထံတွင် စေဗင်ပေးနေကျ ဖောက်သည်တစ်ဦးဖြစ်၏။ အရပ်က မနိမ့်မမြင့်၊ အသားဖြူဖြူ မျက်နှာဝိုင်းလေး၊ သမင်မျက်လုံးလေးနှင့် ချောမောလှပသည်။ ပြုံးလိုက်တိုင်း ပါးချိုင့်လေးက ပါးပြင်နှစ်ဖက်တွင် ပေါ်လွင်နေ၏။ နှုတ်ခမ်းနှစ်မြွာက ပန်းနုရောင် သမ်းနေသည်။ အနည်းငယ်ဝလာသော်လည်း ကာရံမှင် မြင်က မြီးမောက် ကိုယ်လုံးကိုယ်ပေါက် မချိုးမဆီကျနလှပေ၏။ ဒီကနေ့တော့ သစ်ရွက်စိမ်းရောင် ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်လာသဖြင့် 'မြင်ရသူမှ သက်သာဖွယ်၊ ဆွဲ မျက်စွဲနာ ကြည်လွှမ်းလှပလေး' ဆိုသကဲ့သို့ပင် ရှိနေတော့၏။

သူမသည် ဖခင်ကြီး စောစီးစွာ ဆုံးပါးသွားပြီးနောက် မိခင်ကြီးနှင့် မောင်လေး ညီမလေးကို မောင်းနှင်ကျွေးမွေးနေသူ ဖြစ်၏။ ကုန်စုံဆိုင်တစ်ဆိုင်ဖွင့်ကာ ကြိုးကြိုးစားစား ကြိုးစားသူပင်။ ချစ်ကြိုက်သူများ ဝိုင်းဝိုင်းလည်နေသော်လည်း အသက်လေးဆယ်ကျော်တိုင် အပျိုကြီးဘဝဖြင့် နေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"လာ ထိုင် သမီး၊ မတွေ့တာကြာပြီ၊ ဘယ်ကနေ လှည့်လာတာလဲ"

"ဆရာ့ဆီပဲ တမင်လာခဲ့တာပါ၊ ဆရာ့အခန်းရှေ့ရောက်တော့ အခန်းအမိုးတွေ၊ တံခါးတွေ ဖျက်ထားတာ မတွေ့လို့ ဆရာ ဒီမှာမရှိတော့ဘူးထင်ပြီး ရင်မောရသေးတယ်၊ နောက်မှ ပစ်ယောက်က ဆရာ အနောက်ဘက်မှာ ပြောင်းရွှေ့သွားတယ်ပြောလို့ လိုက်ရှာပြီး လာခဲ့ရတာ"

"ဒီဘက်ကို ဒုတိယ ၃ ရက်နေ့က ပြောင်းလာခဲ့တာ၊ ဟိုမြောက်ဘက်အခန်းတွေ ဖျက်ဖို့ အခန်းသစ်တွေ မဆောက် ခနရာချပေးလို့ ပြောင်းခဲ့ရတာ၊ မပြော . . . ဆရာ ဘာကူညီပေးရမလဲ"

"ဒီလို ဆရာရဲ့၊ မိုးတွေ ဆက်တိုက်ရွာနေလို့ပဲလား မသိဘူး၊ ဈေးက ဘမှပ်လို့ ဈောင်းမကောင်းဘူးဖြစ်နေတယ်၊ အရောင်းကျန်းမာရေးကလည်း သိပ်မကောင်းတော့ ဆေးခန်းပြနေရတယ်၊ မောင်လေးနဲ့ ညီမလေး ကျောင်းတက်ဖို့ အစစ မြိုင်ဆင် လုပ်ပေးရတာကြောင့် ဈာနအားသွားမရှိက်ပါလို့ သိမ္မဝိမ်းမိုက် သားလည်း ချာချာလည်နေမယ်ပဲ၊ ဈေးရောင်းကောင်းမှဖြစ်မှာ၊ သမီးတော့ ပြန်စစ်ကြည့်ပြီး ဈေးရောင်းကောင်းအောင် ယကြာလေးဘာလေး ပေးပါဦး ဆရာ"

သူမ၏ ဇာတာကို ပြန်စစ်ကြည့်ပေးလိုက်သည်၊ ဖောက်ရန် နေ့ပိုင်ရန်များ ကောင်းဟန် ဆိုးကျိုးများကို တစ်နှစ်စာ ပေးလိုက်ပြီးနောက် -

"ဈေးရောင်းကောင်းအောင် ယကြာလုပ်ပေးလိုက်ပါ့မယ်၊ သမီးဆိုင်က ကုန်ပစ္စည်းတွေက ဘာနဲ့တွေရှိလဲ"

"ကုန်စုံဆိုတဲ့အတိုင်း ဘုရင့်နောင် မှတ်ပုံပါပဲဆရာ၊ စဉ်းစားလို့ ရတာလေးတွေ ပြောရရင် တနင်္ဂနွေနံ အိုးတွေရှိတယ်၊ တနင်္လာနံ ကြိုးတွေ၊ ခွက်တွေ၊ ခြင်ဆေးခွေတွေ၊ ဓားစရာထဲ ကဆို သကြားလည်းရှိတယ်၊ အင်္ဂါနံ ဆန်၊ ဆီ၊ ဆေး၊ ဆားစတာတွေလည်း ရှိတယ်၊ ဗုဒ္ဓဟူးနံ ထန်းလျက်၊ ပဲလှော်တွေလည်းရှိတယ်၊ ကြာသပတေးနံ မီးဖို၊ ပိုအမျိုးမျိုးနဲ့ မုန့်တွေလည်းရှိတယ်၊ သောကြာနံ သံတွေ၊ မီးသီးတွေ၊ မီးသီး၊ မီးခွေး တွေလည်း ရှိတယ်၊ စနေနံ ဓား၊ ထီး၊ ဖိနပ်၊ ထင်း စတာတွေလည်း ရှိတယ်၊ ဆိုင်မှာက တွေလိုက်ကာလီ တောက်တိုမည်ရ အစုံပါပဲ ဆရာရယ်"

"ကဲပါ ဒါဆိုလည်း နံတစ်ခုစီအလိုက် ခေတ်ရိုက် ယတြာ စီရင်ဖို့ ဆရာပြောပြပေးလိုက်ပါ့မယ်၊ သမီး မြန်မြန်ရောင်းထွက်ချင်တဲ့ ကုန်ပစ္စည်းတွေအတွက် ဦးစားပေးပြီး စီရင်ပေါ့၊ ဆရာပြောတာတွေ လိုက်မှတ်သွား၊ အင်္ဂဝိဇ္ဇာနံ တိုင်တွေပါထည့်ပြီး ရှင်းပြပေးလိုက်မယ်"

"ဟုတ်၊ သမီး သေချာလိုက်မှတ်သွားပါ့မယ် ဆရာ"

"ဒီနည်းက အင်္ဂဝိဇ္ဇာနည်းပဲ၊ အမြန်ရောင်းထွက်လိုတဲ့ ကုန်ပစ္စည်းရဲ့ နံကို အင်္ဂဝိဇ္ဇာတိုင်ယူပြီး မဟာ့ရှုန်းနဲ့ ဆပွက်နံ သစ်ညွှန့် သစ်ခက်တွေနဲ့ ရိုက်ရမှာပါပဲ၊ မဟာ့ရှုန်းနဲ့ ဆပွက် ပြီးမှ်နံ ဂဏန်းအရေအတွက်အတိုင်း အညွှန့် အခက် အရေ အတွက်ကိုယူပြီး ရောင်းကုန်ပစ္စည်းကို ရိုက်ရမယ်၊ မမြန် ရောင်းထွက်ဖို့ စနေမာတ် ဇလဓာတ် ဖြစ်ပေါ်တဲ့ သောကြာ အခါ အချိန်တွေမှာ ရိုက်ရမယ်၊ သိပ်မခက်ပါဘူး၊ သမီး လုပ်ရမယ်အောင် ဆရာ ခေတ်ရိုက်နည်းနဲ့ သောကြာမှာခါ ဇယားပါ ဆွဲပြပေးလိုက်မယ်"

**တနင်္ဂနွေနံ ရောင်းကုန်အတွက်**

| | | | |
|---|---|---|---|
| ပစ္စုပ္ပတ် | - ၅ | | |
| အညွှန့် | - ၂ | | |
| ဆပွတ် | - ၆ | -သ(သောကြာ-၆) | ပေါင်း(၁၀) |
| ရောင်းကုန်နံ | - ၁ | | |
| ဇကုရုန်း | - ၄ | -ရာဟု(ဗုဒ္ဓဟူး-၄) | |
| အမြစ် | - ၃ | | |
| ကြိမ်ရန်း | - ၇ | | |

သောကြာအခါမှာ သရက်ညွှန့် (၁၀)ညွှန့်နဲ့ အမြန် ရောင်းထွက်စေလို့ ပြောပြောပြီး ရောင်းလိုတဲ့ တနင်္ဂနွေနံ ကုန်ပစ္စည်းကို (၁၀)ချက် ရိုက်ရမယ်။

**တနင်္လာနံ ရောင်းကုန်အတွက်**

| | | | |
|---|---|---|---|
| ဝစ္စုပ္ပတ် | - ၆ | | |
| အညွှန့် | - ၃ | | |
| ဆပွတ် | - ဝ | -တောက်(စနေ-၇) | ပေါင်း(၁၂) |
| ရောင်းကုန်နံ | - ၂ | | |
| စတုရန်း | - ၅ | -ပိ(ကြာသပတေး-၅) | |
| အမြစ် | - ၁ | | |
| ကြိုရန်း | - ၄ | | |

သောကြာအခါမှာ ပိတောက်ညွှန့်(၁၂)ညွှန့်နဲ့ အမြန် ရောင်းထွက်စေလို့ ပြောပြောပြီး ရောင်းလိုတဲ့ တနင်္လာနံ ကုန်ပစ္စည်းကို (၁၂)ချက် ရိုက်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါနံ ရောင်းကုန်အတွက်**

ပဋ္ဌပွတ် - ၀
အညွန့် - ၄
ဆပွတ် - ၁ -အယ်(တနင်္ဂနွေ-၁)
ရောင်းကုန်နံ - ၃ ── သစ်အယ်(၇)
စတုရန်း - ၆ -သစ်(သောကြာ-၆)
အမြစ် - ၂
တြိရန်း - ၅

သောကြာအခါမှာ သစ်အယ်ညွန့် (၇)ညွန့်နဲ့ အမြန်ရောင်းထွက်စေလို့ ပြောပြောပြီး ရောင်းလိုတဲ့ အင်္ဂါနံ ကုန်ပစ္စည်းကို (၇)ချက် ရိုက်ရမယ်။

**ဗုဒ္ဓဟူးနံ ရောင်းကုန်အတွက်**

ပဋ္ဌပွတ် - ၁
အညွန့် - ၅
ဆပွတ် - ၂ -ကြီး(တနင်္လာ-၂)
ရောင်းကုန်နံ - ၄ ── ဒန်းကြီး(၉)
စတုရန်း - ၀ -ဒန်း(စနေ-၇)
အမြစ် - ၃
တြိရန်း - ၆

သောကြာအခါမှာ ဒန်းကြီးညွန့် (၉)ညွန့်နဲ့ အမြန်ရောင်းထွက်စေလို့ ပြောပြောပြီး ရောင်းလိုတဲ့ ဗုဒ္ဓဟူးနံ ကုန်ပစ္စည်းကို (၉)ချက် ရိုက်ရမယ်။

**ကြာသပတေးနံ ရောင်းကုန်အတွက်**

ပဋ္ဌပွတ် - ၂
အညွန့် - ၆
ဆပွတ် - ၃ -ဗြ(အင်္ဂါ-၃)
ရောင်းကုန်နံ - ၅ ── ကြီးပြင်(၄)
စတုရန်း - ၁ -ဩ(တနင်္ဂနွေ-၁)
အမြစ် - ၄
တြိရန်း - ၀

သောကြာအခါမှာ ဩဇာညွန့် (၄)ညွန့်နဲ့ အမြန်ရောင်းထွက်စေလို့ ပြောပြောပြီး ရောင်းလိုတဲ့ ကြာသပတေးနံ ကုန်ပစ္စည်းကို (၄)ချက် ရိုက်ရမယ်။

**သောကြာနံ ရောင်းကုန်အတွက်**

ပဋ္ဌပွတ် - ၃
အညွန့် - ၀
ဆပွတ် - ၄ -ရေ(ဗုဒ္ဓဟူး-၄)
ရောင်းကုန်နံ - ၆ ── ခရေ(၆)
စတုရန်း - ၂ -ခ(တနင်္လာ-၂)
အမြစ် - ၅
တြိရန်း - ၁

သောကြာအခါမှာ ခရေညွန့် (၆)ညွန့်နဲ့ အမြန်ရောင်းထွက်စေလို့ ပြောပြောပြီး ရောင်းလိုတဲ့ သောကြာနံ ကုန်ပစ္စည်းကို (၆)ချက် ရိုက်ရမယ်။

**စနေနံ ရောင်းကုန်အတွက်**

ပဋ္ဌပွတ် - ၄
အညွန့် - ၁
ဆပွတ် - ၅ -ပန်း(ကြာသပတေး-၅)
ရောင်းကုန်နံ - ၀ ── စိန်ပန်း(၈)
စတုရန်း - ၃ -စိန်(အင်္ဂါ-၃)
အမြစ် - ၆
တြိရန်း - ၂

သောကြာအခါမှာ စိန်ပန်းညွန့် (၈)ညွန့်နဲ့ အမြန်ရောင်းထွက်စေလို့ ပြောပြောပြီး ရောင်းလိုတဲ့ စနေနံ ကုန်ပစ္စည်းကို (၈)ချက် ရိုက်ရမယ်။

"ကဲ - သမီး အခု ဆရာပြောပြတဲ့ ခေါက်ရိုက်ယကြာကို စီရင်တတ်တယ်မို့လား"

"ဆရာက ရောင်းကုန်နံတိုင်တွေကျပြပြီး ခေါက်ရိုက်ဖို့ဇယားနဲ့ သောကြာအခါဇယားတွေပါ ခွဲပြပေးထားတော့ သမီးကောင်းကောင်းကြီး စီရင်တတ်ပါပြီ"

"အဲ့ဒါဆိုလည်း သမီး အမြန်ရောင်းထွက်ချင်တဲ့ ရောင်းကုန်ပစ္စည်းတွေအတွက် ခေါက်ရိုက်ယကြာ စီရင်ပေတော့၊ ဈေးရောင်းကောင်းလာမယ်"

"ဟုတ်၊ သမီး ဆရာပြောပြထားတဲ့အတိုင်း ခေါက်ရိုက်ယကြာ သေချာစီရင်ပါ့မယ်၊ ကျေးဇူးအထူးပါပဲ ဆရာ၊ သမီးကို ပြန်ခွင့်ပြုပါဦး၊ အမေ မျှော်နေတော့မယ်" ဟု ရွှန်းရွှန်း မျက်နှာဖြင့် ပါးချိုင့်လေးပေါ်အောင်ပြုံးပြီး နှုတ်ဆက်ကာ မပန်းနွယ်တစ်ယောက် ပြန်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်ရိုက်ရန်ဇယား

| ရောင်းကုန်နံ | အညွန့်အခက် | အရေအတွက် | ရိုက်ရန်အချက် |
|---|---|---|---|
| ၁ နွေနံ | သရက် | ၁၀ ညွန့် | ၁၀ ချက် |
| ၂ လာနံ | ပိတောက် | ၁၂ ညွန့် | ၁၂ ချက် |
| ၃ ဂါနံ | သစ်အယ် | ၇ ညွန့် | ၇ ချက် |
| ၄ ဟူးနံ | ခန်းကြီး | ၉ ညွန့် | ၉ ချက် |
| ၅ ပတေးနံ | ကြံဖား | ၄ ညွန့် | ၄ ချက် |
| ၆ ကြာနံ | ခရေ | ၆ ညွန့် | ၆ ချက် |
| စနေနံ | စိန်ပန်း | ၈ ညွန့် | ၈ ချက် |

## သောကြာအခါဇယား

| နေ့ | ၁နွေ | ၂လာ | ၃ဂါ | ၄ ဟူး | ၅ တေး | ၉ ကြာ | စနေ |
|---|---|---|---|---|---|---|---|
| သောကြာ အခါ နာရီ | နံနက် ၇း၃၀ - ၉ နာရီ | မွန်းလွဲ ၁း၃၀ - ၃ နာရီ | နံနက် ၉-၁၀ ၃၀ နာရီ | ညနေ ၁းပဝမှ ၇း၃၀ | နေ့လယ် ၁၀း၃၀ ၁၂ နာရီ | နံနက် ၆-၇း၃၀ ညနေ ၄း၃၀ ၆ | နေ့လယ် ၁၂း၀၀ ၁း၃၀ ထိ |

ယခု ပြောပြလိုက်သည့် ဓာတ်ရိုက်ယတြာကို စျေးရောင်းကောင်းလိုသူ မည်သည့်နေ့သားသမီးမဆို စီရင်နိုင်ပါသည်။ စျေးရောင်းကောင်းလာကာ စီးပွားလုပ်ငန်းများ အမြန်တိုးတက် အောင်မြင်လာပါလိမ့်မည်။ လိုရာဆန္ဒတွေ အမြန် ပြည့်ပကြပါစေ။

**အောင်ကြည်သန်း**
**(ဖောင်တော်သီ)**

□


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

## လက္ခဏာနှင့်နက္ခတ်ဗေဒင်ပညာရှင်

✪ ဘာစီးပွားလုပ်ငန်းတွေ လုပ်ရင် ကောင်းမလဲ။ ✪ အိမ်ထောင်ဖက်ကို စိတ်မချဖြစ်နေရလား။ ✪ လင်ကွဲ မယားကွဲ ပြန်ပေါင်းချင်လား။ ✪ ချစ်သူ စိမ်းကားနေလား။ ✪ ကျန်းမာရေးကောင်းလာမလား။ ✪ လက်ထပ်ဖို့ ဇာတာ တိုက်စစ်ချင်လား။ ✪ လက်ထပ်မင်္ဂလာ အခါရွေးမလား။ ✪ ခွဲစိတ်မွေးဖို့ ရက်မြတ်ချိန်ခါ ရွေးမလား။ ✪ ကလေးနာမည် လှလှကောင်းကောင်း ပေးချင်လား။ ✪ အိမ်ဆောက်ဖို့ ပန္နက်တင်မင်္ဂလာ ရွေးမလား။ ✪ ဘယ်လိုအိမ်တွေမှာ နေထိုင်ရမလဲ။ ✪ ပညာရေး ဘယ်လိုင်းနဲ့ အကျိုးပေးမလဲ။ ✪ ကြွေးတောင်းမရ ဖြစ်နေလား။ ✪ နိုင်ငံခြားအမြန်ထွက်ချင်လား။ ✪ အိမ်၊ မြေ၊ စျေးဆိုင်၊ ကား အမြန်ရောင်းထွက်ချင်လား။ ဘာကိစ္စပဲဖြစ်ဖြစ် ဆရာနဲ့သာ ဆွေးနွေးလှည့်ပါ။ အထူးယတြာတွေနဲ့ ကူညီပေးနေပါတယ်။

ငွေကြိုသွင်းပြီး ဖုန်းဖြင့် မေးနိုင်ပါသည်။ CB Bank A/c No - 0019600100036439

တောင်ဥက္ကလာပတ်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန (နိုင်) ၀၁၁၄၂၂

ဆေးခန်း - အမှတ် (E-7)၊ အရှေ့ဘက်မုခ်၊ ဗိုလ်ကောင်းဘုရား၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၂၅၀ ၄၄၇[illegible]

ဆေးခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com

# လောကဓံဂါထာတော်ကြီး



ဆွာတော်

လောကဓံဂါထာ ဆိုသည်မှာ လောကဓံကိုမြိုးမစေသော သို့မဟုတ် လောကဓံတရားရှစ်ပါးကို ကြံ့ကြံ့ခံနိုင်စေသော ဂါထာဖြစ်ပါသည်။ လူ့လောကတွင် လူတိုင်း လူတိုင်းသည် ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ကျန်းမာခြင်း၊ အနာရောဂါများခြင်း၊ အခြွေအရံရှားပါးခြင်း ဆိုသော လောကဓံတရားရှစ်ပါးနှင့် အမြဲရင်ဆိုင်ကြုံတွေ့နေရပါသည်။ ၎င်းတို့အထဲတွင် ဆင်းရဲခြင်း၊ လာဘ်မရခြင်း၊ ကဲ့ရဲ့ခံရခြင်းနှင့် အခြွေအရံနည်းပါးခြင်းဟူသော အဆိုးတရားများနှင့် ကြုံသောအခါ ဝမ်းနည်းတုန်လှုပ်ကြရပါသည်။ တစ်ခါတစ်ရံတွင် သေရည်သေရက်သောက်စားခြင်းနှင့် ရာဇဝတ်မှုကျူးလွန်ခြင်း စသော မမှန်ကန်သည့် နည်းလမ်းများဖြင့် ဖြေရှင်းကြသောအခါ ဘဝတစ်ခုလုံး ပျက်စီးရပေတော့သည်။ မအသက်လည်း ဆုံးရှုံးနိုင်ပေတော့သည်။

ထိုသို့ ကြုံတွေ့ရသောအခါ သို့မဟုတ် မကြုံဆုံမီကာလတွင် အားထားစရာမှာ လောကဓံဂါထာတော်ကြီး ဖြစ်ပါသည်။

ကိုဂါထာတော်ကြီး ရရှိလာပုံမှာ အကြောင်းရင်းခံ ရှိပါသည်။ တစ်ခါက မသမာမှုနှင့် မငြိမ်းသော တပ်မတော်အရာရှိကြီးတစ်ဦးက ပြည်မြို့ ဂေဟုလ္လရွာမှ ဆရာတော်ဘုရားကြီးထံသို့ သွားရောက်ဖူးမြော်ပါသည်။ ဆရာတော်ဘုရားက သူ့အား ဖုဋ္ဌဿဂါထာအား မှတ်သားရန် မိန့်ကြားပါသည်။ ထိုသက်တော်ကို ကြားရသောအခါ -

"လောကဓံတရားနဲ့ တွေ့ကြုံရင် မတုန်လှုပ်မှတော့ ဘာမှမလိုတော့ဘူးပေါ့" ဟု ရယ်သွမ်းသွေး မှတ်ချက်ပေးလိုက်ပါသည်။

သို့သော် မကြာမီ ထိုအရာရှိကြီးအား တပ်မတော်မှ အနားပေးခြင်း ခံရပါသည်။ အကြောင်းပြချက်မှာလည်း ဗိုလ်ကြီးအဆင့်တွင် တာဝန်ထမ်းစဉ်က ငှက်ဖျားရောဂါအကြောင်းကြောင့် ဖြစ်ပါသည်။ တပ်မတော်သား ငှက်ဖျားနှင့် မကင်းပါ။ ဦးနှောက်လည်း မပျက်ခဲ့သဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ရာ ရာထူးနှစ်ဆင့် ထပ်မံတိုးတက်ခဲ့ပါသည်။ ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်သို့လည်း တက်ရောက်ခွင့် ရခဲ့ပါသည်။ လက်ရှိရင်ဆိုင်နေရသော အမှုအခင်း အရှုပ်အရှင်းလည်း မရှိပါ။ သို့ရာတွင် ဤသို့ ဖြစ်ခဲ့ရပါသည်။

ထိုအခါမှ စာရေးသူလည်း ဆရာတော်၏ ဉာဏ်ပညာကြီးမားပုံကို ကိုယ်တိုင်ကြုံရပါတော့သည်။

ဖုဋ္ဌဿ ဂါထာဟု လူသိများသော လောကဓံ ဂါထာတော်ကြီးကို ဖေလှလော်ပြပါတော့သည်။ ထိုဂါထာမှာ ပရိတ်ကြီး (၁၁) သုတ်တွင် ပထမဆုံးဖြစ်သည့် မင်္ဂလသုတ်၏ အဆုံးစာပိုဒ် ဖြစ်ပါသည်။

အင်္ဂလိမင်္ဂလသုတ်သည် ရွတ်ဖတ်သည်ထက် ကျင့်ဆောင်ရာ မင်္ဂလာတရားများဖြစ်ပါသည်။ ထိုဂါထာတော်ကိုပင် လောကကြီးပညာရှင်များက အစွမ်းထက် သိဒ္ဓိဝင်ဂါထာအဖြစ် အသုံးပြုလေ့ရှိကြပါသည်။ ထိုအခါ ထိရောက်မှု ရှိလာပါသည်။

မင်္ဂလသုတ်တစ်ပုဒ်လုံး အဘယ်ကြောင့် အသုံးမပြုသနည်း။

မင်္ဂလသုတ်တွင် "အသေဝနာစ ဗာလနံ" ပုဒ်ဖြင့် လူမိုက်ကို ရှောင်ကြဉ်ရန် ဟောထားပြီး နောက်ဆုံးပိုဒ်တွင် ကိလေသာကုန်ခန်းပြီး နိဗ္ဗာန်ရောက်ရန်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ ... အမြတ်ဆုံး

www.burmeseclassic.com

ပန်းတိုင်ဖြစ်သဖြင့် နောက်ဆုံးအပိုဒ်သည်သာ အရေးကြီးဆုံးဖြစ်ပေသည်။

ထို့ပြင် ဂါထာမန္တန် ကျင့်စဉ်များတွင် အကြိမ်ကြိမ် အဖန်ဖန် ထုံအပ်၊ ပွားများအပ်သဖြင့် ထိုစာပိုဒ်ကိုသာ အသုံးပြုခြင်းမှာသဘာဝကျလှပေသည်။

စာရှုသူများ ရွတ်ဆိုပွားများနိုင်ရန် အောက်တွင် ရေးသားဖော်ပြပါမည်။

**ဖုဋ္ဌဿ လောက ဓမ္မေဟိ၊**
**စိတ္တံ ယဿ န ကမ္ပတိ**
**အသောကံ ဝိရဇံ ခေမံ။ ။**
**တထာမေ ဟောတု။**

(ထည့်ပုဒ်)

ယဿစိတ္တံ အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်၊ လောကဓမ္မေဟိ-လောကဓံတရားရှစ်ပါးနှင့်၊ ဖုဋ္ဌဿ-ထိပါးတွေ့ကြုံရသော်လည်း၊ နကမ္ပတိ - မတုန်လှုပ်၊ အသောကံ - စိုးရိမ်ကြောင့်ကြမှုလည်းမရှိ ဝိရဇံ - ကိလေသာတည်းဟူသော မြူမှုန်မရှိ၊ ခေမံ-ဘေးလည်းမရှိ။

တထာ - ထို့အတူ၊ မေ - ငါ့ပည့်တော်အားဟောတု-ဖြစ်ပါစေသတည်း။

အထက်ပါ ဂါထာတော်ကို အကြိမ်ကြိမ်အဖန်ဖန် ပွားများသင့်ပါသည်။ စိတ်ပုတီးဖြင့် ကျင့်ကြံအားထုတ်နိုင်ပါသည်။ တစ်ခေါက် နှစ်ခေါက် ရွတ်ဆိုရုံမျှဖြင့် ဘာမျှဖြစ်မလာဟု ဆို၍ ရတနာသုံးပါးအား မပြစ်မှားစေလိုပါ။ အမိဋ္ဌာန်ထား၍ ဆောင်ရွက်လျှင် ပိုမိုထိရောက်ပါသည်။ ဤဂါထာ အသုံးအချို့ကို ဆက်လက်ဖော်ပြပါဦးမည်။

ပထမဆုံးအနေနှင့် ဤဂါထာတော်အား ရောဂါ ဝေဒနာများတွင် အသုံးပြုနိုင်ပါသည်။ ရေကို (၃၇) ခေါက်မန်း၍ သောက်ပေးပါ။ ထို့ပြင် စိတ်ပုတီးတစ်ပတ် (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ရာ၏။ ပိုမိုအစွမ်းထက်ရန် နေ့၊ ည နှစ်ကြိမ်ဆောင်ရွက်ပေးပါက ဝမ်းဗိုက်နာနှင့် လေနာရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်ပါသည်။ ဝမ်းဗိုက်၌ အလုံးအကျိတ်ဖြစ်သော် ထိုကဲ့သို့ပင်ပြုလုပ်၍ ဆရာဖြစ်သူက လူနာခေါင်းတိုင်က ရွတ်ဖတ်ပေးရပါသည်။

ထို့ပြင် စုန်းနတ်ဖမ်းစား၍ ငိုလား ရယ်လားပြုသူများပင် ထိုကဲ့သို့ဆောင်ရွက်ပါက ပျောက်ကင်းရပါသည်။ အပင်းအမျိုးမျိုးရှိပြီး နီးလျှင် ပါးစပ်မှ အန်ထုတ်တတ်ပါသည်။ အောက်နီးလျှင် ဝမ်းနှင့်အတူ သက်ဆင်းရပါသည်။

ဖက်ကြောတက်၊ အကြောနာသော် မဆစ်ဆီကို မန်း၍ လိမ်းပေးရပါသည်။ ကလေးများ သူငယ်နာ၊ ကျောပူခေါင်းပူဖြစ်သော် ရေကိုမန်း၍ သုတ်ပေး၊ သပ်ချပေးရာ၏။

မျက်စိဝေဒနာများတွင် သဘာဝရောဂါဖြစ်စေ၊ ပယောဂ ဝေဒနာကြောင့်ဖြစ်စေ စင်ကြယ်သောရေကို မန်း၍ မျက်စဉ်းခတ်ပေးရပါသည်။ ဤနည်းဖြင့် ရောဂါအမျိုးမျိုးတွင် ဉာဏ်ရှိသလို သုံးစွဲနိုင်ပါသည်။

တစ်နည်းအားဖြင့် ချစ်ခင်စေသော ပီယဘက်တွင်လည်း သုံးနိုင်ပါသည်။ နံ့သာဆီ တစ်မျိုးမျိုးကို ဂါထာတော်ဖြင့် မန်းထားပါ။ မျက်ခုံးနှစ်ခုကြား တို့သွားသော် လူချစ်လူခင် ပေါများပါသည်။

အင်တာဗျူး ခေါ် လူတွေ့စာမေးပွဲများ အဆင်ပြေနိုင်ပါသည်။ ပြောတိုင်းဆိုတိုင်း ကြံစည်တိုင်း ပြီးစီးတော့သည်။

နတ်မှုပညာဖြင့် အသက်မွေးရသော ဈေးရောင်းခြင်းနှင့် အနုပညာသရုပ်ဆောင်လုပ်ငန်းများတွင် မျက်ခုံးနှစ်ခုကြားတစ်စက်၊ နှုတ်ခမ်းအထက်တစ်စက်နှင့် အောက်နှုတ်ခမ်းတွင် တစ်စက်တို့သွားသော် အစစအောင်မြင်စေပါသည်။

ရက်မပျက်ဘဲ နေ့စဉ် အချိန်မှန် ရွတ်ဖတ်ပူဇော်ပါက နတ်ပြဟ္မာများ ချစ်ခင်လာပေမည်။ တောစောင့်နတ်၊ တောင်စောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ အာကာသစိုးနတ်များ၊ သာသနာစောင့်နတ်များ လေးစားလာ၍ အစစ ကူညီဆောင့်ရှောက်လာကြပေမည်။ မကောင်းသော ဘုတ်တိနိမိတ်ဆိုးများ၊ အိပ်မက်များ ပပျောက်ပြီး ကောင်းကျိုးများ ရရှိလာပေမည်။

သူတစ်ပါး မကောင်းကြံ၍ မရနိုင်တော့ချေ။ လက်နက်အမျိုးမျိုးဘေးမှ ကင်းဝေးရပေတော့မည်။ အဆိပ်ရှိသတ္တဝါအမျိုးမျိုးရန်မှလည်း ကင်းလွတ်ပေတော့မည်။ ခါက်ကိုက်၊ နတ်ကိုက်၊ အင်းတိုက်၊ ဆရာတိုက် စသော အတိုက်အခံများပြုစား၍ မထိရောက်နိုင်တော့ပေ။ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံရပေတော့မည်။

ဂါထာအကျိုး အကျိုးအနန္တဖြင့် ကုန်အောင်ရေးရလျှင် ကျမ်းတစ်စောင်ပေတစ်ဖွဲ့မျှရရှိပေလိမ့်မည်။ ဤနေရာတွင် စာရှုသူတို့အကျိုးငှာ အကျဉ်းမျှသာ ပြဆိုလိုက်ရခြင်း ဖြစ်ပေတော့သည်။

ဆြာတော်

□

www.burmeseclassic.com

www.burmeseclassic.com

# သနပ်ခါးပိုး မြင်ဖူးသလား

အောင်ဇေ (LL,B)




သနပ်ခါးပိုး စားနေသော သနပ်ခါးပင်

အရာတော်မြို့နယ်အတွင်းရှိ သနပ်ခါးခြံတစ်ခုသို့ သွားရောက်လေ့လာစဉ် သနပ်ခါးခြံပိုင်ရှင်က သနပ်ခါးပင်တွင် ကပ်နေသည့် သနပ်ခါးပိုးအချို့ကို ပြသဖြင့် ကျွန်ုပ်မှ ကင်မရာဖြင့် အနီးကပ် ဓာတ်ပုံရိုက်ကာ မှတ်တမ်းတင်ခဲ့ပါသည်။

ထိုသနပ်ခါးပိုးတို့၏ ပုံသဏ္ဌာန်မှာ ကြမ်းပိုးနှင့်ခပ်ဆင်ဆင် တူသည်။ သို့သော် ၎င်းတို့၏အရောင်မှာ ကြမ်းပိုးကဲ့သို့ အနီရောင်မဟုတ်ဘဲ သနပ်ခါးခေါက်အရောင်နှင့် တူနေသည်။ ထို့ကြောင့် သနပ်ခါးပင်တွင် ကပ်နေပါက ထိုပိုးတို့ကို အလွယ်တကူ မတွေ့မြင်နိုင်ပေ။

ထိုသနပ်ခါးပိုးတို့မှာ သနပ်ခါးခေါက်ကို စားသုံးကြသဖြင့် သနပ်ခါးပိုး ကောင်ရေများများ ကျရောက်လျှင် သနပ်ခါးပင်၏ အခေါက်များ ပျက်စီးပြီး ချောင်းပန်းမလှဖြစ်



သနပ်ခါးပင်တွင်ကပ်၍ သနပ်ခါးခေါက်များစားနေသည့်
သနပ်ခါးပိုးများကို အနီးကပ် တွေ့ရပုံ

ရသည်။ ထိုသနပ်ခါးပိုးများ သေစေရန် ပိုးသတ်ဆေးဖျန်းခြင်း မပြုကြပါ။

ပိုးသတ်ဆေးဖျန်းထားသည့် သနပ်ခါးကို သွေးလိမ်းကြသော အမျိုးသမီးများ၏ မျက်နှာကို ပိုးသတ်ဆေးကြောင့် ဓာတ်ပစ္စည်းများကြောင့် အန္တရာယ် မဖြစ်စေရန် ရှောင်ကြဉ်ခြင်းဖြစ်သည်။ သနပ်ခါးဖျက်ပိုးတို့ကို ကောင်ချင်း လက်နှင့်ဖမ်းယူကာ သတ်ပစ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

အချို့သောပိုးများက သနပ်ခါးပင်ကို ဖောက်စားကာ အပင်ကိုပါ သေစေနိုင်ကြောင်း သိရသည်။ ထိုသို့ သနပ်ခါးပင် သေလောက်အောင် ပိုးစားပါက အမြစ်အောက်ခြေမှ တူး၍ တစ်ပင်လုံး မီးရှို့ရှင်းလင်းရသည်။ အခြားအပင်များသို့ ပိုးမကူးအောင် ဂရုစိုက်ရသည်။

"သနပ်ခါးပင်များကို စိုက်ပျိုးပြီး ပစ်ထားရုံမရပါ။ ရှင်သန်ကြီးထွားအောင် ဂရုစိုက်ရသည့်အပြင် သနပ်ခါးဖျက်ပိုးများ၏ အန္တရာယ်ကိုလည်း ဖယ်ရှားပေးရသည်။

ကျွန်ုပ်မှာမူနေ့မြင့် အသက်(၆၀)ကျော်အတွင်း သနပ်ခါးပိုးကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်ပါသည်။ သနပ်ခါးပင်နှင့် မနီးစပ်သော မဟာသိမြို့နယ်မှာမြည်းမှတွင် နေထိုင်ကြီးပြင်းရသူဖြစ်၍ သနပ်ခါးပိုးကို မမြင်တွေ့ဖူးရခြင်း ဖြစ်ပါသည်။ သနပ်ခါးဖျက်ပိုး ရှိသည်ဟုလည်း မကြားခဲ့ဖူးပါ။ သနပ်ခါးနှင့်ပတ်သက်သော စာအုပ်စာတမ်းများတွင်လည်း သနပ်ခါးပိုးအကြောင်း မဖတ်ရှုခဲ့ရဖူးပါ။

ကျွန်ုပ်ကဲ့သို့ သနပ်ခါးပဟုသုတ နည်းပါးသူ များစွာ ရှိနိုင်ပါသည်။ သနပ်ခါးမှာ မိုးများလွန်းသော အရပ်ဒေသနှင့် အအေးများသော ဖာရပ်ဒေသတို့မှာ ရှင်သန်ပေါက်ရောက်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

စာဖတ်သူများ ဗဟုသုတရရှိစေရန် ရည်ရွယ်ချက်ဖြင့် သနပ်ခါးပိုးကို မှတ်တမ်းတင် ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

**အောင်စေ**(LL.B)

❑


* မိဘသားသမီး ဆရာ၊ မိဘ၊ အုပ်ထိန်းသူ လူကြီးတို့ရဲ့ ပြောဆိုဆုံးမစကားကို နားထောင်စေဖို့။
* လိမ္မာကျိုးနွံ ယဉ်ကျေးစေဖို့။
* စိတ်မပျံ့လွင့်ဘဲ စိတ်တည်ငြိမ်စေဖို့။
* အပေါင်းအသင်း မမှားဖို့။
* အရက်သေစာ သောက်စားပျော်ပါးခြင်း ကင်းရှင်းဖို့။
* အလုပ်အကိုင်၊ စီးပွားရေးကို စိတ်ဝင်စားလာစေဖို့။
* အမျိုးသမီး၊ အမျိုးသားများရဲ့ အနှောင့်အယှက် ကင်းစေဖို့။
* အမှုအခင်း၊ အချုပ်အနှောင် ကင်းရှင်းစေဖို့။
* ခိုက်ရန်ပြဿနာများ ကင်းရှင်းစေဖို့။

ဆရာ ဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့)
လက္ခဏာဗေဒင်+ယတြာအစီအရင်
တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း။ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၁၇၉၁၊ ၀၉-၂၅၀၇၇၃၆၃၆





www.burmeseclassic.com

www.burmeseclassic.com

# သစ်စေး၏ ဂန္ဓီရအသုံးတစ်မျိုး

ဆရာကြီးဦးအောင်မြင့်



သစ်စေးပင်ကြီး



သစ်စေးပင်မှ သစ်စေးခံယူနေပုံ

ကာရင်ပြည်နယ် ဘားအံမြို့၏မြောက်ဘက်၊ ဖာပွန်မြို့၏တောင်ဘက် နယ်ခြားဒေသဖြစ်သည့် ကမမောင်းမြို့ အနောက်ဘက်ရှိ မီးကိုင်းတောင်တန်း၏ အနောက်ဘက်မြစ်ဖောင်းစွယ်ဖောင်ကုန်းများတွင် သစ်စေးပင်ကြီးများ များစွာ ပေါက်ရောက်လျက် ရှိပါသည်။ ထိုသစ်စေးပင်ကြီးများ၏ လုံးပတ်မှာ အနည်းဆုံး သုံးပေမှ ခြောက်ပေခန့်အထိ ရှိကြပြီး အပင်၏ အမြင့်မှာ ၆ပ ၃ပ မန့်မှ ၆ပ ၆ပ မန့်အထိ ရှိကြသည်။

ထိုသစ်စေးပင်တိုင်းလိုလိုတွင် တစ်ဖက်ပိတ်၊ တစ်ဖက်ခွန် ဝါးဆစ်ဘူးငယ်များ ထိုးစိုက်ထားသည်ကို တွေ့ရသည်။ အချို့အပင်များတွင် ဝါးဆစ်ဘူး အနည်းဆုံး သုံးဘူးမှ ခုနစ်ဘူးခန့်အထိ တွေ့ရှိရသည်။

သစ်စေးပင်ကို ရာဘာမပေး ခြစ်ယူသကဲ့သို့ ဓားဖြင့် အင်္ဂလိပ်အက္ခရာ (Y) ပုံစံပုံ လမ်းကြောင်းငယ်ဖြစ်အောင် ပုံဖော်ခြစ်လိုက်ပြီး ဝါးဆစ်ဘူးငယ် အချွန်ထိပ်ကို ပုံစံ၏ အောက်ခြေမှ ထိုးစိုက်ရိုက်သွင်းလိုက်သည်။ ဝါးဆစ်ပိတ်ဖက်ပိုင်းကို အောက်ဘက်သို့ အနည်းငယ် နိမ့်ချထားသဖြင့် သစ်စေးပင်မှထွက်လာသော သစ်စေးများမှာ ဓားဖြစ်ရာ လမ်းကြောင်းအတိုင်း စီးဆင်းကာ ဝါးဆစ်ဘူးအတွင်းသို့ ဝင်ရောက်ကြပါသည်။

ထိုသစ်စေးများကို စုဆောင်းပြီး ဘုရားရုပ်ပွားဆင်းတုများ ရွှေချရာတွင်လည်းကောင်း၊ ဘုရားပလ္လင် တံကဲများ ရွှေချရာတွင်လည်းကောင်း သုံးကြသကဲ့သို့ တောသူ တောင်သားများ ဆောင်းသည့် ဝါးပိုးပါးဖတ်ခမောက်များနှင့် ဦးယုပ်များပြုလုပ်ရာတွင် ချည်ဖြင့်မချုပ်မီ ပုံဖော်ကပ်ရာတွင် သစ်စေးကို သုံးကြောင်း သိရသည်။


သို့သော် ထိုဒေသ၌ ဂန္ဓီရပညာရှင် အချို့ကမူ အိမ်ထောင်မပြုမကွဲ ဒိုင်ပြုစရိတ် ယကြာအဆောင် စီရင်ပေးရာတွင် သုံးကြောင်း ထူးထူးခြားခြား သိရှိခဲ့ရသည်။

ထိုသစ်စေးပင်၏ အကိုင်းတစ်ကိုင်းတည်းမှ ထွက်သော သစ်စေးရွက် နှစ်ရွက်ကိုဆူးပြီး အရွက်၏ မျက်နှာပြင်အချောဘက်တွင် ခဲတံဖြင့် တစ်ရွက်ပေါ်မှာ ခင်ပွန်းနာမည်ကိုရေး၍ ကျန်တစ်ရွက်ပေါ်မှာ ဇနီးနာမည်ကိုရေးကာ ထိုအရွက် မျက်နှာပြင်မှာ ထိုသစ်စေးပင်မှ ရ[illegible]ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



သစ်ဆေး သုတ်လိမ်းပြီး သစ်ဆေးရွက်နှစ်ရွက်ကို မျက်နှာချင်းဆိုင် ထပ်ကပ်လိုက်ရသည်။ ထိုသစ်ရွက်စုံတွဲကို ပန်းကန်ပြားငယ် တစ်ချပ်တွင်ထည့်၍ ဘုရားစင်မှာ တင်ထားရသည်။

နေ့စဉ် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်တော်ရေ တစ်ဖန်ခွက်ကည့်၍ သစ်ဆေးရွက်စုံတွဲပေါ်မှာ ဖန်ခွက်တင်ပြီး လူ့ဒါန်းကာ မိမိတို့အိမ်ထောင်ရေး မကွဲမကွာဘဲ သာယာပျော်ရွှင် နိုင်မြဲနေဖို့ ဆုတောင်းရသည်။ ထို့နောက် သောက်တော်ရေကို ပြန်စွန့်ယူပြီး မိမိတို့နေအိမ် သောက်ရေ သုံးရေတို့တွင် ရောထည့်လိုက်ရသည်။ မိမိတို့လင်မယား အတူသောက်၍လည်း ရသည်။

သစ်ဆေးရွက်မှာ စာရေးရာတွင် တစ်ဦး၏နာမည်ကို သစ်ဆေးရွက်အဖျားမှာ စတင်မရေးရပြီး နောက်တစ်ဦးနာမည်ကို ရွက်အရင်းဘက်မှ စတင်ရေးရသည်။ ဥပမာပုံကို ကြည့်ပါ။

**ဆရာကြီး ဦးမအောင်မြိုင်**

❑

* မိမိအိမ်နီးချင်း/ပတ်ဝန်းကျင်မှာဖြစ်စေ၊ ဆိုင်နီးချင်း/ပတ်ဝန်းကျင်မှာဖြစ်စေ၊ လုပ်ငန်းခွင်မှာဖြစ်စေ မနာလိုသူများရဲ့ လူမှုရေး၊ စီးပွားရေး၊ အယှဉ်အပြိုင်၊ အတိုက်အခံ၊ အနှောင့်အယှက်များကို အမြန်ဆုံးကျော်လွှား အောင်မြင်အနိုင်ရရှိပြီး ၎င်းတို့အပေါ်မှာ အကက်စီး အသာစီးမှ ပြောဆိုဆက်ဆံ လုပ်ကိုင်နေထိုင်ရဖို့။
* ယခုလက်ရှိ ကြုံတွေ့ရင်နေရသော အခက်အခဲ အကျပ်အတည်းများမှ အမြန်ဆုံး ကင်းရှင်းသွားစေဖို့။
* အစွပ်အစွဲ၊ အတိုင်အတော၊ အမှုအခင်း ပြဿနာများ ကင်းရှင်းသွားစေဖို့။
* စိတ်ဆင်းရဲဒုက္ခ အမြန်ဆုံးရှင်းပြီး စိတ်ချမ်းသာ ပျော်ရွှင်ရစေဖို့။

# ဆရာမ ဒေါ်နှင်းသူဇာဦး

## လက္ခဏာဗေဒင်+ယတြာအစီအရင် (အမျိုးသမီးသီးသန့်)

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ ၀၉-၅၀၉၃၈၉၁၊ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၂၅၀၇၇၃၆၃၆



www.burmeseclassic.com

www.burmeseclassic.com


# ကိုယ်ပိုင်လုပ်ငန်းသစ် စတင်လုပ်ကိုင်မည့်သူများအတွက်

✲ ကုမ္ပဏီ၊ စက်ရုံ၊ ဆေးရုံ၊ ဆေးခန်း၊ ပညာရေးကျောင်း၊ ဟိုတယ်၊ မိုတယ်၊ သယ်ယူပို့ဆောင်ရေး အစရှိသဖြင့် ဘယ်အလုပ်မျိုးမဆို လုပ်ငန်းနာမည်ပါ နာမည်ကောင်းရွေးပေးဖို့ လိုမယ်။ လုပ်ငန်းဆိုင်းဘုတ်အောက်ခံနဲ့ စာလုံးတို့ရဲ့ အရောင်အသွေး ရွေးချယ်မှုနဲ့ ဆိုင်းဘုတ်တင်မယ့် နေ့ရက်အချိန် ရွေးချယ်မှုတွေ မှန်ကန်မှ အမြန်ဆုံး အောင်မြင်တိုးတက်နိုင်တယ်။ အခက်အခဲ၊ အကျပ်အတည်း ပြဿနာတွေ ကင်းရှင်းပြီး ရေရှည်စီးပွားဖြစ်ထွန်းစေဖို့ လိုအပ်တဲ့ ယတြာအစီအရင်တွေကို ပုံမှန်ဆောင်ရွက်နေဖို့လည်း လိုမယ်။ သင့်ကို ကျွန်ုပ် ကူညီနိုင်ပါတယ်။

[ယုံကြည် အားကိုးမှုသာ လာခဲ့ပါ။]

## ဆရာကြီးဦးအောင်မြင့် (ဥပဒေဘွဲ့)

### လက္ခဏာဗေဒင်ပညာသုတေသီ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း။ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

နံနက် ၉နာရီမှ -
ညနေ ၄နာရီအထိ

☎ ၀၉-၇၃၅၆၀၇၄၇၅၊ ၀၉-၂၆၀၄၄၄၈၀၀၊ ၀၉-၂၅၂၃၀၆၆၇၅၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ ၀၉-၄၅၈၅၈၆၁၂၂






ဆရာကြီး

## လှမိုး(ပညာရေး)

နောက်ဆုံးအားထုတ်ခဲ့သော လက်ရာ

# လောင်းရိပ်အောက်မှ မြန်မာပြည်

## I LIVED IN BURMA

### by E.C,V Foucar

ဧေယျာမြေစာပေတိုက် - အမှတ်(၇၂၄)၊ အခန်း(...)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း။ (၁၇×၁၈)လမ်းကြား ... မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂...


www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှည်ကြောင်းပမာဏ အစီကာအချက်များ

**သုနန္ဒာမိုး (ရွှေရင်အေး)**



## အသက်ရှည်ခြင်းနှင့် နုပျိုခြင်း

အသက်ကို ရှည်စေလိုသည့် အကြောင်းရင်းများ ရှာဖွေမည်ဆိုလျှင် နုပျိုခြင်း၏ အကြောင်းရင်းကို ရှာဖွေရပါမည်။ နုပျိုခြင်း၏ အကြောင်းရင်းကို အာမခြေခံ၍ စူးစမ်းရပါမည်။ ထို့ကြောင့် ကျန်းမာခြင်း၊ နုပျိုခြင်း၊ အသက်ရှည်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု ထွန်ယက်သဖွယ် နွယ်ယှက်ဆက်စပ်လျက်ရှိပါသည်။

အသက်ရှည်စေလိုလျှင် ပထမ ဖြေရှင်းရမည့်ပြဿနာမှာ အိုမင်းခြင်း လမ်းမပေါ်တွင် မရောက်စေဘဲ နုပျိုရွှင်လန်းစေရေးကို ရရှိဖို့ ကြိုးစားရန်ဖြစ်ပါသည်။ အိုမင်းရင့်ရော်ခြင်းနှင့်ပတ်သက်၍ မိမိတို့စိတ်ထဲတွင် အယူအဆ၊ အစွဲအလမ်းဟောင်းများကို ရှေးဦးစွာ ဖျောက်ဖျက်လို့ရပါသည်။

ဥပမာအားဖြင့် . . .

- သေနေ့စေ့လျှင် သေမည်ဆိုခြင်းကိုလည်းကောင်း၊
- အသက်ကြီးလျှင်အိုခြင်း၊ ရုပ်ကျခြင်းကိုလည်းကောင်း၊
- အသက်ကြီးလျှင် မစွမ်းမသန် သူငယ်ပြန်မည်ဆိုခြင်းကိုလည်းကောင်း၊

မှားယွင်းကို ဦးနှောက်ထဲမှ ဖယ်ထုတ်ပစ်ရန် လိုပါသည်။ လူကစ်ဖယောက်သည် အသက် (၆၀)၊ (၇၀) တွင် သေရမည်ဟု ပုံသေကားချပ် သိဖို့ရှိမရှိပါ။ လူ (၁၀၀) တွင် လူကြီးရောဂါ၊ မိုမင်းမစွမ်းသောရောဂါ (၁၀) ဦးခန့်သာရှိပြီး ကျန် (၉၀) ရာခိုင်နှုန်းမှာ ထိခိုက်မှုဝေဒနာ၊ စိတ်ဝေဒနာ၊ နှလုံးဝေဒနာ၊ ကူးစက်တတ်သော ရောဂါဝေဒနာများကြောင့် သေကြေပျက်စီးရသည်ကို တောက်ရှုခြင်းအားဖြင့် ခန္ဓာကိုယ်စက်ကိရိယာကြီးကို ဂရုမစိုက် မပြုပြင်၍ သေရသည်က များနေပါသည်။ ခန္ဓာကိုယ် အိုမင်းလာသောအခါ ပြင်ပမှ ရောဂါပိုးမွှား၏ တိုက်ခိုက်မှုကို ခန္ဓာကိုယ်ရှိ ဆဲလ်များက ကောင်းမွန်စွာ ခုခံတိုက်ခိုက် ကာကွယ်နိုင်စွမ်းမရှိပါ။ ထို့ကြောင့် ရောဂါဖြစ်၍ သေဆုံးခြင်းက များနေပါသည်။ ခန္ဓာကိုယ်အား နုပျိုလန်းဆန်း သန်စွမ်းအားရှိစေရေးအတွက် ထိန်းနိုင်သမျှ ထိန်းလေ အသက်ရှည်ရှည်နေရလေဖြစ်ပါသည်။

အသက် (၆၀) မှ အသက် (၈၀) ကြား စိတ်စွမ်းပကားသည် အသက် (၆၅) နှစ်ရှိ သန်တုန်းမြန်တုန်းအရွယ်၏ စိတ်ဓာတ်စွမ်းပကားအားနှင့် နှိုင်းစာပါလျှင် -

www.burmeseclassic.com

www.burmeseclassic.com

(၁) လူငယ်က အတွေးအခေါ်၊ အယူအဆဟောင်းများကို စွန့်လွှတ်ရန် လွယ်ကူပြီး၊ အယူအဆသစ်ကို လက်ခံရန် လွယ်ကူသလောက် လူကြီးများကဖြင့် နှေးတတ်သည်။ သို့သော် ဆုံးဖြတ်မှုအဆင့်အတန်းတွင်ကား လူငယ်ထက် အရည်အချင်း မနိမ့်ပေ။

(၂) လူငယ်က အကြံသစ် ဆန်းသစ်တီထွင် ရှာဖွေမှုများတွင် သွက်လက်သလောက် လူကြီးများက မသွက်လက်။ လုံးဝ အကြံဉာဏ်သစ် မပေါ်ဟူ၍ကား မရှိ။ လူငယ်လောက်များသော်လည်း တစ်ခုခုသော အကြံအစည်သည် အတွေ့အကြုံအရ အဖိုးတန်သော အကြံအစည်ကောင်း ဖြစ်လေ့ရှိ၏။

(၃) အသက် (၆၀) တွင် ဦးနှောက်တွင်း အာရုံကြောမျှင်များ၏ ဗဟိုအစိတ်အပိုင်းမှ (Ganglian Cell) ဂင်ဂလီယန်ဆဲလ်များတွင် အရည်တစ်မျိုး စုစည်းပြီး လှုပ်ရှားမှုမပြုခြင်းသည် စိတ်ဓာတ်၏ စွမ်းပကားကို မည်သို့မျှ မထိခိုက်။ သို့သော် ဤအချိန်တွင် အသိဉာဏ်ပညာ စတင်အရွယ်ရောက်သည်။ ထို့ကြောင့် သူ၏တစ်သက်တာအတွက် ပညာအရှိဆုံး (ဝါ) ပညာအပြည့်ဝဆုံးအချိန်မှာ အသက် (၆၀) ကျော်မှ စသည်ဟု ဆိုကြသည်။ ထိုအချိန်သည် ပညာဉာဏ် အမြင့်ဆုံး၊ ပိုင်းခြားမျှင့်ချိန် ဆုံးဖြတ်မှုအကောင်းဆုံး၊ မိမိဘဝတစ်လျှောက် အမှားအမှန်များကို ထိုအချိန်တွင်မှ ဝိုမိုခွဲခြားဆုံးဖြတ်နိုင်ခဲ့သဖြင့် ခန္ဓာကိုယ်၏ အားယုတ်မှုကို မလိုဘဲ ဉာဏ်ပညာ၏ စွမ်းအားကို ယူလိုလျှင် အသက် (၆၀) အထိ အသင့်လျော်ဆုံးဟုဆိုပါသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံခေါင်းဆောင်ကြီးများသည် များသောအားဖြင့် အသက် (၆၀) ကျော်များ ဖြစ်လေသည်။

ဘဝသည် အသက် (၄၀) မှစသည်။ အသက် (၆၀)မှာ အသိပညာ အရွယ်ရောက်သည်ဟု ပြောဆိုကြပါသည်။ ထို့ကြောင့် လူငယ်များသည် ပညာရှိမဖြစ်နိုင်။ လူကြီးမှသာ ပညာရှိဖြစ်နိုင်သဖြင့် အသက်ကြီးခြင်းကို ဝုဏ်ယူဖို့ပင်ဖြစ်၍ စိုးရိမ်ပူပန်ကျဖို့ လုံးဝမရှိနိုင်။

အသက်ကြီးသူ အဘိုးကြီးများအား "အဘိုးကြီး"ဟူ၍ ပမာမထားဘဲ ပုဂ္ဂိုလ်ကိုလိုက်၍ အဘိုးကြီးပညာရှိများအား တိုင်းပြည်နှင့် လူမျိုးအတွက် သင့်တော်သော လုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချ တာဝန်ပေးသင့်ပါသည်။ ၎င်းတို့၏ အလဟဿအချိန်များ၊ တစ်ကိုယ်တည်း အထီးကျန်ဘဝများကို သာယာစေနိုင်သည့်နှင့်အမျှ လူငယ်များအဖို့ တန်ဖိုးကြီးသော အသိဉာဏ်များ၊ ပညာများကို ၎င်းတို့ မသေမီ အမိအရ ယူထားဖို့လိုပါသည်။ အဘိုးကြီးများလည်း မိမိ၏ ပညာများကို အမွေပေးထားတတ်ကြသဖြင့် ၎င်းတို့၏ ပညာများကို မကွယ်မဝှက် သင်ကြားပေးကြပါသည်။ လူကြီးများ၏ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ တွေ့ကြုံလာရသော ဗဟုသုတ၊ အတွေးအခေါ်၊ အယူအဆပိုင်း ပြင်ဆင်မှုများကို ရယူရန် ကြိုးပမ်းလျှင် ကြီးမားသော ဆုလာဘ်များပင်ဖြစ်ပါသည်။ ၎င်းအရာများကို ငွေပေးဝယ်၍ မရနိုင်ပါ။

ထို့ကြောင့် အသက်ကြီး၍ ပင်စင်ယူကြသည့် အဘိုးကြီးများလည်း ငါအိုပြီ၊ ပင်စင်စားပြီး လက်ရှိအသိုက်အဝန်းက ဖယ်ရှားလိုက်ပြီဟု စိတ်ဓာတ်မကျစေဘဲ လူ့ဘဝ၏ အဖိုးတန်ဆုံးအချိန်သို့ရောက်ပြီး၊ ငါ့တွင် ဘာအနှောင့်အယှက်မှ မရှိ၊ ကိုယ်ရောစိတ်ပါ လွတ်မြောက်ပြီဟု ညာဘောထား ပျော်ရွှင်ကာ ဘာသာရေးဘက်ကို တစိုက်မတ်မတ် လိုက်စားပြီး ဘဝ၏ မျှော်မှန်းရာ နိဗ္ဗာန်ရွှေပြည်သို့ အရောက်သွားနိုင်ပြီဟု စိတ်တွင်သဘောပိုက်လျက် ကြိုးစားနိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။

အသက်ကြီးသူများ၏ အယူးတလည်ဖြစ်ပေါ်တတ်သည့် ဖောက်ပြန်မှုများမှာ -

(၁) အသားမျှင်တာလောပ်စည်း ချို့ယွင်းသဖြင့် ပလာစတာရှည်များကို ထိန်းသိမ်းနိုင်စွမ်း ချို့တဲ့ပြီး ကြွက်သားများ ကင်း မဆနခြင်း၊ အရေပြားများ ပြောက်ခြင်း၊ အမိုးပေါ် အသားနည်းခြင်းဖြစ်ပြီး အရေပြားယူကြီးက တွဲလဲဖြစ်နေခြင်း။

(၂) အရိုးတွင် ထုံးဓာတ်နှင့် မီးစုံးဓာတ်နည်းပြီး အရိုးများ ကျိုးလွယ်ခြင်း၊ ရင်ဘတ်သိမ်ငယ်ခြင်း၊ ခံရိုးများ ကျဉ်းသွားခြင်း၊ အဆုတ်အိမ်ကျဉ်းလာ၍ လေကိုပြည့်ပမွှာ ရှူမရခြင်း၊ အဆုတ်ရောဂါဖြစ်လွယ်ခြင်း၊ မောပန်းခြင်း။

(၃) အာရုံကြောများ ယိုခိုက်ခြင်းကြောင့် အသံလှိုင်း၏ တုန်ခါမှုနှဲ့ အမြင်ကို ကြားနိုင်စွမ်းမရှိတော့ဘဲ သောတအာရုံ ချို့ယွင်းရုံသာမက မျက်စိကြွက်သားများ၌လည်း အကြည်ဓာတ်ယိုင်ယိုမ်းမှု နည်းသဖြင့် စက္ခုအာရုံတွင်လည်း ကြည်လင်ပြတ်သားမှု မရှိတော့ခြင်း။

(၄) ကလာပ်စည်းများ ချို့ယွင်းသဖြင့် သွေးကြောများထဲတွင် အဆီဓာတ် အနည်ကိုင်ပြီး သွေးလာမ်းကြောင်းများ ပိတ်ဆို့မှုကြောင့် နှလုံးထိခိုက်ကာ အသက်ဆုံးရှုံးရခြင်း။

www.burmeseclassic.com

www.burmeseclassic.com

(၅) နောက်ဆုံးအနေဖြင့် စိတ်ဓာတ်ကျဆင်းမှုကြောင့် ပတ်ဝန်းကျင်နှင့် ရှောင်ဖယ်သည်ထက် ရှောင်ဖယ်လာပြီး တစ်ကိုယ်တည်းနေသည်ထက် ပိုနေလာပါသည်။ အသိဉာဏ်ပညာနှင့် မထိန်းသိမ်းနိုင်လျှင် ပွန်ို့တိုမှု၊ မနာလိုမှု၊ အားငယ်မှု၊ မုန်းတီးမှုများ ဖြစ်ပေါ်လာကာ ဘဝကို ဆုံးရှုံးစွာ အဆုံးသတ်ရတတ်၏။

(၆) ကျွန်ုပ်တို့ အသက်မည်၍မည်မျှရှည်သည် ဆိုခြင်းမှာ သဘာဝတရားကြီးကို ကျွန်ုပ်တို့က မည်၍မည်မျှ ခုခံတော်လှန်နိုင်သည်။ သဘာဝဓာတ် သဘောတရားနှင့် မည်မျှလိုက်လျောညီထွေ နေထိုင်နိုင်သည်ဆိုသည့် အချက်ပေါ်တွင် မူတည်ပါသည်။

တစ်ဖန် တိရစ္ဆာန်တို့၏ သက်တမ်းကွာခြားမှုကို လေ့လာကြည့်လျှင် -

(၁) တချို့ အင်းဆက်ပိုးတို့သည် မွေးဖွားပြီးနောက် နာရီပိုင်းမျှသာ အသက်ရှင်ကြလေသည်။

(၂) ပျားထီးများသည် အသက်ငါးလသာရှိပြီး ပျားဘုရင်မသည် လေးနှစ်မှ ငါးနှစ်အထိ အသက်ရှင်ကြသည်။

(၃) ပမ်းသဲသည် (၁၅) နှစ်အထိ အသက်ရှည်သည်။

(၄) နွား၊ မြီး၊ ဝက်၊ ကြောင်တို့သည် အနှစ် (၂၀) ထိသာ အသက်ရှည်ကြသည်။

(၅) မြင်းသည် အသက် (၂၅) နှစ်အထိရှည်ပြီး မြည်းမှာ အသက် (၃၀) အထိ ရှည်လေသည်။

(၆) ခြင်္သေ့၊ ကုလားမှတ်၊ မရေကြွတို့သည် အသက် (၆၀) အထိ ရှည်ကြသည်။

(၇) ကြက်တူရွေးနှင့် လင်းယုန်ငှက်တို့သည် အသက် (၁၀၀) ထိ ရှည်ကြလေသည်။

(၈) ဆင်သည် အသက် (၂၀၀) ထိ ရှည်ကြလေသည်။

(၉) မိချောင်းသည် အသက် (၃၀၀) ထိ ရှည်လေသည်။

အထက်ပါ သက်ရှိတို့၏ သက်တမ်းအပိုင်းအခြားနှင့် ပတ်သက်ပြီး ဥဒရပ်နှင့် ရိုမါဆိုသူ သုတေသီနှစ်ဦးတို့က ကိုးနှစ်ကျော်ကြာမျှ သုတေသနပြုကြရာ အောက်ပါအချက်များကို တွေ့ရှိရပါမည်။

(၁) သက်ရှိကလာပ်စည်းဦးရေ နည်း၍ တစ်ဖန် ယင်းသို့ ဖြစ်စဉ် ပျက်စဉ်က မြန်လွန်းလျှင် အသက်တိုသည်။

(၂) တေဇောဓာတ် ပြင်းထန်လွန်းလျှင် အသက်တို၏။

(၃) အအေးဓာတ် ပြင်းထန်လွန်ကဲလျှင် အသက်တို၏။

(၄) အာဟာရသွင်းမှုနှင့် အညစ်အကြေးစွန့်ထုတ်မှု မညီမျှလျှင် (ဝါ) ခန္ဓာကိုယ်တွင်း၌ အညစ်အကြေး အဆိပ်အတောက် ကျန်ပါများလျှင် အသက်တိုသည်။

(၅) မူးယစ်ဆေးဝါးဝေဒနာ ဓာတ်သေးဘာဝနှင့် အစားအစာသည် အသက်ကိုသည်။

(၆) ပြင်ပရာသီဥတုနှင့် မလျော်ညီသော အစားအစာနှင့် နေထိုင်မှုများကို ပြုကျင့်က အသက်တိုသည်။

(၇) သက်ရှိကိုယ်ဖွဲ့ ကလာပ်စည်းအရှည်ကို ကိန်းနိုင်စွမ်းနည်းလေ အသက်ကိုလေဖြစ်သည်ဟု ဆိုသည်။

အထက်ပါ သက်ရှိတို့၏ အသက်တိုခြင်း အကျက်ခုနှစ်ချက်မှာလည်း လူကိုတွင် သက်ဆိုင်ပြီး အကျုံးဝင် အနေပါနေပါသည်။

လူ၏စိတ်သည် အသက်ရှည်ကျန်းမာ နေပျော်မှုတွင် အဓိကအခင်းအားဖြစ်၏။ စိတ်၏စွမ်းအင်၌ အတိုင်းအတာမရှိ၊ နယ်နိမိတ်မရှိ စကြဝဠာအထိ ကျယ်ပြန့်လွှမ်းလျက်ရှိ၏။ စိတ်သည်ပင်လျှင် ခန္ဓာကိုယ်အား ပျက်စီးကြွေပြုန်းစေသော သဘောရှိသကဲ့သို့ စိတ်သည်ပင်လျှင် ခန္ဓာကိုယ်မှအား သန်စွမ်းမှုအရှိ ကျန်းမာစေပါသည်။

ယင်းတို့၏ ပထမဦးဆုံးနှင့် အဓိကအချက်မှာ သင်၏ စိတ်ကို ပျော်ရွှင်စွာထားပါ။ ပျော်အောင်လည်း ကြိုးစားပြီး နေပါ။ ပတ်ဝန်းကျင်နှင့် သင့်တင့်အောင်နေပါ။ မမေ့ပါနှင့် ပါက စိတ်အဖုအထစ်ဖြစ်၍ ပျော်ရွှင်နိုင်မည် မဟုတ်ပါ။

ဤကား အသက်ရှည်ခြင်း၏အကြောင်း ပမာဏနှင့် အဓိကအချက်များဖြစ်ပါကြောင်း ရှာဖွေစုဆောင်း တင်ပြရပါတော့သတည်း။

**သုန္ဒာစိုး(ရွှေရင်အေး)**

**ကျမ်းကိုး** ။ ။ ဦးအုန်းရွှေ (တိုင်းရင်းဆေး) ၏ အသက်ရှည်ကျန်းမာစာအုပ်အား မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# လျှပ်တစ်ပြက် လက္ခဏာဗေဒ ကြားဖြင်း




ဆရာ
ဦးခန့်ကျော်

သင့်လက်ဝါးပြင်ရှိ အခရေးကြောင်းများနှင့်
တိုက်ဆိုင်စစ်ဆေးကြည့်ခြင်းအားဖြင့်
ဟောပြောချက်များကို လျှပ်တစ်ပြက်အတွင်း သိရှိနိုင်မည်ဖြစ်သည်။


## ဦးခေါင်းလမ်းကြောင်း
## Head Line

၅၂။ သင်၏ ဦးခေါင်းလမ်းကြောင်းသည် အစကနဦးတွင် အသက်လမ်းကြောင်းနှင့် ပေါင်းဆုံလျက်ရှိပြီး အောက်ဘက်သို့ရှေ့ဆင်းလာကာ တနလ်ာဂြိုဟ်ခုံထိပ်ပေါ်သို့ ရောက်ရှိနေပါလျှင်-

ဤပုံမြား‌ဆေးသော အဓိပ္ပာယ်အသားပါရှိသည့် လက္ခဏာ ရှင်သည် ဒိဋ္ဌိသိရှိထားသမျှကိုလည်းကောင်း၊ မိမိ၏ ဆန္ဒ သဘောထားနှင့် စိတ်လှုပ်ရှား ခံစားမှုများကိုလည်းကောင်း ရင်၌သိုဝှက်၍ သိမ်းဆည်းထားတတ်သည်။ သင်သည် မကြာ ခဏဆိုသလို ရှက်တတ်လွန်းသော သဘောဝရှိပြီး သင်၏ အမှန်တကယ် ဆိုလိုချက်များ၊ သင်၏လိုလားချက်များကို အခြားသူများ နားလည်သဘောပေါက်အောင် ဖော်ပြောဆိုနိုင်ခြင်း မရှိပေ။ သင်၏ခံစားချက်များ နက်သက်၍

www.burmeseclassic.com

www.burmeseclassic.com




လည်း တာလကြာရှည်စွာ မှုပ်နှံသိုမှီးမှု၍ထားပြီး ကာလကြာမြင့်လာသောအခါ အတိုင်းအဖဲ အစုအဝေး ဖြစ်လာတတ်သည်။ ထို့နောက် တစ်စုံတစ်ခုသော အကြောင်းအရာ ပေါ် ပေါက်လာသည်နှင့် ရုတ်တရက်ခံစားချက်များ ပေါက်ကွဲမှုနှင့် ပွက်လာတတ်ပြီး ဤသို့ဖြစ်ပြီးသည်နှင့် သင်၏စိတ်သည်လည်း နောက်ထပ်တစ်ဖန် လွတ်လပ်ပေါ့ပါးသွားတတ်သည်။

၅၃။ သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းသည် အစပိုင်းတွင် အနည်းငယ်ထိစပ်နေသည့် အနေအထားမျိုးမှနေ၍ ရုတ်တရက်ခွဲထွက်သွားလျှင် -



ဤအချက်က ပြဆိုသည်မှာ သင်၏ ရုပ်သွင်ပြင်လက္ခဏာ၊ လူရည်လူသွေးနှင့်ပတ်သက်၍ သတိကြီးစွာ ထားရပေလိမ့်မည်။ ဤအချက်နှင့်ပတ်သက်၍ သင့်အား မရှုဆိတ်

သူများ ရှိနိုင်သည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။ သင်တလည်း အခြားသူများနှင့် ဆက်ဆံလျှင် သတိကြီးစွာထားတတ်သည်။ အခြားသူများ၏ ထိန်းချုပ်ခြင်း၊ မိတ်လျောင်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းများကိုလည်း သင်ခံရမည်။ အခြားသူများနှင့် ဆက်ဆံရာတွင်လည်း အဆိုပါပုဂ္ဂိုလ်များကို သင်လက်ခံနိုင်၊ မခံနိုင်ဆိုသည်ကို သင့်ဘာသာသင် စမ်းသပ်တတ်သည်။ သင်၏ ခြေဖနောင့်ပေါ်တွင် ကက်၍ ရပ်နေသကဲ့သို့ သူတစ်ပါးအပေါ် လျှည့်စားအမြတ်ထုတ်သူများ၊ တင်းစီးတတ်သူများကို သင်မုန်းသည်။ "သင်၏ ဦးနှောက်က ဆင် လက်မံယုံကြည်သူများအတွက် တားဆေးဘာညွှန်နေရာ"ဟို ဝင်ရောက်လာချင်သူများမှာ သင်က တလွန်တမင်းဂရုပြုကာ စိုးစိမ်ပေရှိသည်။ သူတစ်ပါးက သင့်အား မုန်းတီး၍ ဒုက္ခပေးခြင်းများကိုလည်း အမြဲလိုလို ကြုံတွေ့ခံစားနေရမည်။ အကြံကောင်းပေးလိုသည်မှာ သင့်စိတ်တွင် မိမိမပျက်အကျိုးယှက်ကောင်းဟု ယူဆသူများနှင့် မပေါင်းဘဲ ခပ်ကင်းကင်း ခပ်ဝေးဝေးနေနေ ပါက၍ ဖြစ်သည်။

၅၄။ သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့သည် လမ်းကြောင်းတစ်ခုတည်းအဖြစ် အစပြုခဲ့ပြီး ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းမှ ခွဲထွက်ကာ အင်္ဂါလွှင်ပြင်ရှိရာဆီသို့ ထိုးထွက်ကာ အင်္ဂါလွှင်ပြင်နှင့် ပေါင်းဆုံသွားလျှင် -





သင်၏မိတ်ဆွေများက သင့်အား မိမိကိုယ်ကိုမိမိ ယုံကြည်မှု လွန်ကဲသူ၊ သတိကြီးလွန်းသူ၊ လိုသည်ထက် ပိုမပြောဘဲ နှုတ်ဆိတ်လွန်းသူဟု ရှုမြင်ကြမည်။ သင်၏ သွင်ပြင်

www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာနှင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် သင့်ကိုယ်သင် ပြီးပြည့်စုံပြီဟု မယူဆဘဲ သံသယများ မကြာခဏ ဖြစ်ပေါ် ခံစားရမည် ဖြစ်သည်။ ဤသို့ဖြစ်ခြင်းကြောင့် သင်၏ အားနည်းချက်၊ အပြစ်အနာအဆာများကို ဖာထေးရန်နှင့် ကာကွယ်ထားရန်အတွက် သင့်ကိုယ်သင် အကာအကွယ်ယူသည့် အပြောအဆို အပြုအမူမျိုး၊ သင်၏ အပြစ်အနာအဆာအား အများမမြင်နိုင်စေရန် ကြိုတင်ဖုံးအုပ်ထားသည့် အစီအမံမျိုးကို ပြုလုပ်အသုံးချလေ့ရှိသည်။

၅၅။ **သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့သည် လမ်းကြောင်းတစ်ခုတည်းအဖြစ် အစပြုခဲ့ပြီး ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်း၏ တစ်ဝက်နီးပါးခန့် ရောက်လာမှသာ ခွဲထွက်၍သွားလျှင် -**




ဤသို့ဖြစ်လျှင် သင်သည် တာဝန်အားပြင်မြင်မှု၊ ကြွယ်ဝချမ်းသာမှု မရနေသေးခင်ကာလတစ်လျှောက်လုံး လွတ်လပ်စွာ မပွင့်ပေါက်ကြဲဆာမှုများ မပြုလုပ်နိုင်ဘဲရှိလိမ့်မည်။ ယင်းအတွက် လွတ်လပ်စွာ တွေးခေါ်ဆောင်ရွက်ခြင်းမှုသည့် အမြဲပွားယ်မှာလည်း ပစ္စုပ္ပန်ကာလတိုင်မအောင် သင်၏ဘဝကို ပေးပုံးလို ကုန်ကာ နှိပ်ကွပ်နေသူများဖြင့် ပြည့်နေသည်ကို ရည်ညွှန်းရပေလို ဖြစ်နေပေသည်။ သင်၏ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ထူထောင်ထားရှိသည့် ဆက်ဆံရေးကို ချိုးဖျက်မပစ်ဘဲ ယင်းပုဂ္ဂိုလ်တို့နှင့် ခပ်ကင်းကင်းမနေရန် ယိုးအပ်နေခြင်းကို ဆိုလိုသည်။ ခံစားချက်များနှင့်ပတ်သက်၍ သင့်ကိုယ်သင် မည်မျှပင် ထိန်းချုပ်ထားစေကာမူ အဆိုပါပုဂ္ဂိုလ်များအား သင်က လိုအပ်နေတတ်သည်။ သင်၏ စိတ်ကူးဆုံးဖြတ်ချက်သည် ကံစီမံရာဟု ယူဆနိုင်၍ ဤဒုက္ခကို ကျော်လွှားနိုင်ရန်မှာ သင်ကိုယ်တိုင် အားထုတ်ကြိုးပမ်း စွမ်းဆောင်နိုင်မှသာ သင်၏ အနာဂတ်ကာလများ အဆင်ပြေ ချောမွေ့မည်ဖြစ်သည်။

၅၆။ **သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့သည် ပေါင်းဆုံချက်ရှိပြီး လက်ဝါးပြင်ပေါ်တွင် လက်ညှိုး၏ အောက်ဘက်မှနေ၍ သိသိသာသာ ထင်ထင်ရှားရှားမြင့်တက်သကဲ့သို့ ဖြစ်နေပြီး နက်ရှိုင်းထင်ရှားလျက်ရှိနေကြပါလျှင်-**




ယင်းသည် ယျို့ပျက်နက်နဲပြီး ဒါမှမဟုတ် သည့် အနုပညာဆန်ဆန် အတွေးအခေါ်များကို တွေးခေါ်တတ်သူဖြစ်သည်။ အကြောင်းကိစ္စရပ်များနှင့်ပတ်သက်၍ ယုတ္တိမတန်သည့်ကျကျ စီမံကာ စနစ်တကျလုပ်ကိုင် ဆောင်ရွက်လိုသည်။ ဤသို့ ဆောင်ရွက်ရခြင်းကိုလည်း သင်က နှစ်ခြိုက်သည်။ သမားရိုးကျ မဟုတ်သော အယူအဆသစ်များကို လက်ခံသုံးစွဲရန် ဝန်မလေးဘဲ သွက်သွက်လက်လက် ရှိလှသော်လည်း ဟောင်းနွမ်းသော အယူအဆများကို နောက်ချန်ထားခဲ့တတ်လေ့ရှိသည်။ ယင်း၏ ထက်မြက်သောစိတ်ကူးစိတ်သန်းနှင့် ပြောင်မြောက်သော ဟာသပြက်လုံးများ ဖန်တီးနိုင်မှုကြောင့် ယင်းသည် ထူးချွန်မပြောင်မြောက်သော ဆရာတစ်ဦး ဖြစ်လာနိုင်ပေသည်။


၅၇။ **သင်၏ ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ကနဦးအစတွင် ပေါင်းဆုံ၍နေပြီး လမ်းကြောင်း၏ အဆုံး တွင် ခက်ရင်းခွသဏ္ဌာန် ဖြစ်ပေါ်နေလျှင် -**

www.burmeseclassic.com


www.burmeseclassic.com

ဤခက်ယင်းခွသဏ္ဍာန် သင်္ကေတ အမှတ်အသားက ဖော်ညွှန်းပြဆိုနေသည်မှာ သင့်တွင် လျင်မြန်သောဆုံးဖြတ်ချက်များချမှတ်ရန် အရည်အချင်း အလုံအလောက်မရှိဟူ၍ဖြစ်သည်။ လက်တွေ့ဖြစ်နိုင်ခြေနှင့် စိတ်ကူးစိတ်သန်း၊ ခန့်မှန်းတွေးဆမှုနှစ်ခုကြားတွင် ကြိုးစား၍ ထိန်းညှိနေရသောအခြေအထားတွင် သင် အမြဲရှိမည်။ သင်၏ဆုံးဖြတ်ချက်မချနိုင်ဘဲ နှေးကွေးနေသောသဘာဝကြောင့် သင်၏တုံ့ပြန်မှုမှာ အချိန်ကြန့်ကြာသွားလေ့ရှိသည်။ သံသယတစ်ခု စိတ်ထွင်းပေါ်ပေါက်လာလျှင် စိတ်တွင် ပထမဦးဆုံးပေါ်ယွက်လာသောအတွေး၏ တွန်းအားအတိုင်း လိုက်နာ လုပ်ဆောင်ပေးပါ။ သင်ကြုံတွေ့ရသော ပြဿနာများ၏ သဘောသဘာဝကို ဝေဖန်ဆန်းစစ်မှု ပြုလုပ်နေခြင်းဖြင့် သင်၏ အဖိုးတန်အချိန်များကို ဖြုန်းပြီးပစ်မည်ဖြစ်သည်။

၅၇။ သင်၏ ဦးခေါင်းလမ်းကြောင်းသည် သင်၏အသက်လမ်းကြောင်းမှနေ၍ ပေါ်ထွက်လာပြီး ဦးခေါင်းလမ်းကြောင်းမှ အခက်အလက်လမ်းကြောင်းတစ်ခုသည် ကြာသပတေးဂြိုဟ်ခုံရှိရာဆီသို့ တိုးတက်၍နေလျှင် -




ဂုဏ်ရှိန်မြင့်မားကြီးကျယ်၍ ရာထူးအဆင့်မြင့်မားသူတစ်ဦးဖြစ်လိုသော ရည်ရွယ်ချက်တစ်ခုက သင့်ကို အုပ်စိုးလွှမ်းမိုး၍ ထားပေလိမ့်မည်။ သင်သည် သဘာဝက အလိုအလျောက် ခန့်အပ်တာဝန်ပေးထားသော ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ပြည်သူပြည်သားများအား အကြောင်း၊အကျိုး၊ အကောင်း၊အဆိုး၊ အမှန်၊အမှား စသည်တို့ကို ရှင်းပြရသည်ကို




သင်က နှစ်ခြိုက်ပျော်မွေ့မည်။ သင်၏ မိတ်ဆွေများထဲတွင် အချို့မှာ သင်၏ ပိုင်ပိုင်နိုင်နိုင်လုပ်ကိုင်ဆောင်ရွက်မှု၊ စေ့စပ်သေချာမှု၊ အများကြားက ယုံကြည်မှုများအတွက် သင့်အား ကြည်ညိုလေးစားကြမည်ဖြစ်ပြီး သင့်အား ချစ်ခင်မှု နည်းကြသူများကမူ သင်၏ပြစ်ချက်များ၊ ညံ့ဖျင်းမှုများ၊ ပျင်းရိတွဲတွဲမှုများအပေါ် အပြစ်ရှာပုတ်ခတ်ကြပေမည်။ ထို့ကြောင့် ၎င်းတို့အား မေ့ထားလိုက်ပါ။ သင်၏အတွေးအခေါ်နှင့် စိတ်ဝင်စားမှုများသည် လူသာမန်ပုဂ္ဂိုလ်များနှင့် လားလားမျှ မတူပေ။

၅၈။ သင်၏ ဦးခေါင်းလမ်းကြောင်းနှင့်ဆက်စပ်၍ သင်၏ လက်ညှိုးအောက်နေရာတွင် ကြီးမားထင်ရှားသော ထောင့်ကွက်များဖြစ်ပေါ်နေပြီး အသက်လမ်းကြောင်းသည်လည်း ထင်ရှားနက်ရှိုင်းခြင်းရှိက ဦးခေါင်းလမ်းကြောင်းနှင့် ထိစပ်ဖော်ဆောင်





www.burmeseclassic.com

www.burmeseclassic.com

ထားသည့် ထောင့်သည်လည်း ၄၅ ဒီဂရီရှိနေပါလျှင် -

သင်သည် သိမ်မွေ့နူးညံ့ပြီး မူလစိတ်ရင်းကောင်းသောသူ၊ မူလ ပင်ကိုစရိုက် ကောင်းသောသူအဖြစ် မွေးဖွားလာသူဖြစ်သည်။ မြင့်မြတ်သော မူလသဘာဝ သင့်တွင် ရှိသည်။ လူအားလုံးနှင့် သင့်မြတ်၍ မိတ်ဆွေဖြစ်နိုင်သူလည်းဖြစ်သည်။ တစ်ခါတစ်ရံတွင် လူအများက သင့်ကို ပိုမိုနှစ်သက်လာစေရန် လူအများ၏အကြိုက်ကို တမင်လိုက်လုပ်တတ်သည်။ ကြင်နာစွာ ပြုမူပြောဆိုတတ်၍ လူအများနှင့် သင့်မြတ်အောင် နေထိုင်တတ်သော သင့်အား အချို့သောသူများက မနှစ်မြို့ကြချေ။

၆၀။ သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းသည် ထိစပ်၍နေပြီး အဆိုပါ ထိစပ်မှုမှ ဖြစ်ပေါ်လာသောထောင့်သည် ၄၅ ဒီဂရီထက် ပိုမိုကြီးမားနေပါလျှင် -




အခြားသူများက သင့်ထံမှ မည်သည့်အရာကိုရရန် မျှော်လင့်ချက်ရှိသည်၊ ယင်းပုဂ္ဂိုလ်များက မည်သည့်အရာကို လိုလားတောင့်တချက်ရှိသည် စသည်တို့ကို သဘောပေါက်ရန် သင့်ပါးပျက် လွန်စွာမကျမည်။ ထို့ကြောင့် သင်က စိတ်ကောင်းနှလုံးကောင်းနှင့် ပြောဆိုသော်လည်း လူအများ ကျေနပ်နှစ်သိမ့်အောင်၊ လက်ခံလာအောင် လုပ်ရမည့်ကိစ္စမှာ သင့်အတွက် မလွယ်ကူလှပေ။ သင်သည် အခြားသောပုဂ္ဂိုလ်များ၏ နေရာတွင် ဝင်ရောက်နေကြည့်ပြီး ယင်းပုဂ္ဂိုလ်တို့၏ အမြင်များကို နားလည်အောင် လုပ်ကြည့်ရန်မှာ သင့်အတွက် အမြဲလိုလို မဖြစ်နိုင်သည့် အနေအထားတွင်ရှိမည်။

၆၁။ သင်၏ ဦးခေါင်းလမ်းကြောင်းအစတွင် ပြင်ပမှ လမ်းကြောင်းတိုတစ်ခု ရှိနေ၍ ခက်ရင်းခွသဏ္ဌာန် ဖြစ်နေလျှင်-



သင်သည် အကျင့်သီလနှင့် စာရိတ္တကို စောင့်ထိန်းသူဖြစ်၍ စေ့စပ်သေချာခြင်း၊ သိက္ခာရှိခြင်း၊ လေးစားဖွယ်ကောင်းခြင်း စသည့်အချက်များနှင့် ပြည့်စုံနေသည်။ မကောင်းမှုပြုမိလျှင် မလွဲမသွေခံစားရမည့် ပြစ်ဒဏ်အကြောင်းကိုလည်း သင်ကောင်းစွာသဘောပေါက်ထားသည်။ ဖခင်ကြီးသဖြင့် ပြစ်ပယ်သင့်ခြင်း၊ သို့မဟုတ် မကောင်းမှုပြုမိခြင်းအတွက် အပြစ်ပြေပျောက်ရန် ပြန်လည်ပေးဆပ်ရသည့် အခါမျိုးတွင် ပိုမို နားလည် သဘောပေါက်တတ်သည်။ သင် စကားကတိခွန်းပြောလိုက်သည်နှင့် သင်၏စကားသည် တန်ဖိုးရှိ၍ ဂုဏ်ပြုအပ်ကျိုးယိုက်သောစကားမျိုး ဖြစ်သွားတတ်သည်၊ သင်သည် အပြုသဘောဆောင်၍ တာများတိုးတက်မှုရအောင် လုပ်တတ်သူဖြစ်ပြီး ပေပေတေတေဖြင့် မိမိထင်ရာ စွတ်လုပ်သော်လည်း အကျိုးတရားရရှိနိုင်သည်ဟူသော အယူအဆကို ယုံကြည်လက်ခံခြင်း မရှိပေ။

၆၂။ သင်၏ ဦးခေါင်းလမ်းကြောင်းတွင် လမ်းကြောင်းတိုတစ်ခုက ခက်ရင်းခွသဏ္ဌာန် ဖော်ဆောင်၍ အောက်ဘက်သို့ ထိုးထွက်၍နေပါလျှင် -


သင်သည် မည်သည့်ကောင်းကျိုး အကျိုးတရားကိုမျှ မရနိုင်ဘဲ မကြာခဏဆိုသလို စိတ်အပြောင်းအလဲ ဖြစ်မည်ဖြစ်သည်။ အံ့ဩလောက်အောင် အပြောင်းအလဲများနေခြင်းများနှင့်ပတ်သက်၍ သင့်ကိုယ်သင် မကြာခဏဆိုသလို



www.burmeseclassic.com

www.burmeseclassic.com






သတိလားမိနေမည်လည်း ဖြစ်သည်။ ကံကောင်းခြင်းများနှင့် ဂုဏ်ပြုချီးကျူးတိုက်သည့် အရာများကို သင်၏ မိဘများ အပေါ် အပ်နှင်းသွားသကဲ့သို့ဖြစ်နေပြီး ဤအနေအထားမှ နေ၍ သင့်အပေါ် ကျလွန်များပြားလှသော အကျိုးအမြတ်များကို သင် ရရှိခံစားရပေမည်။ သို့ရာတွင် ဤအကျိုးတရားများကို မမျှော်လင့်ပြီး သင်၏မိဘများတွင် ကပ်လည်လည်နေခြင်း၊ ၎င်းတို့၏ ပေးကမ်းစွန့်ကြဲမှုများကို စောင့်မျှော်နေခြင်းများ မပြုပါနှင့်။ အဘယ့်ကြောင့်ဆိုသော် သင်၏ မိဘများက မည်သည့်အချိန်တွင် ပေးကမ်းစွန့်ကြဲကြမည် ဆိုသည်ကို သင် မသိနိုင်သောကြောင့်ဖြစ်သည်။

**၆၃။ သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းသည် ပေါင်းဆုံခြင်းမရှိ၊ သို့သော် လက်တက်ငယ်ကလေးများ၊ အခက်အလက်ငယ်ကလေးများဖြင့် ကူးလူးဆက်သွယ်နေပါလျှင် -**

သင်သည် ဟာသအမျိုးမျိုးကို နှစ်သက်သဘောကျသူ ဖြစ်သည်။ နေ့စဉ်ဘဝကို ဖြတ်သန်းရာတွင် ရယ်စရာများ၊ အသည်းလှိုက်အူလှိုက် ရယ်မောရခြင်းများမရှိလျှင် ဘဝသည် အဓိပ္ပာယ်မရှိဟု ယူဆလက်ခံထားသူလည်း ဖြစ်သည်။ သင်ကိုယ်တိုင် လက်တွေ့ဟာသများ ပြုလုပ်ရသည်ကိုလည်း နှစ်သက်သဘောကျသည်။ သို့သော် သင့်ကို တိုက်ရိုက် ဦးတည်၍ ပြက်လုံးထုတ်ခြင်း၊ ပြောင်လှောင်ခြင်း၊ နောက်ပြောင်သရော်ခြင်းများပြုလုပ်လျှင် သင်သည် အလွယ်တကူပင် စိတ်မကျေမနပ်ဖြစ်လာပြီး စိတ်အနှောင့်အယှက်ဖြစ်လာရတတ်သည်။ ဤသို့ဖြစ်ရခြင်းမှာ သင်သည် ဆတ်ဆတ်ထိ မခံသူ တစ်ဦးဖြစ်ပြီး အာရုံထိနိုက်ခံစားမှု လွယ်ကူလွန်းသူ တစ်ယောက် ဖြစ်သောကြောင့်ပင်။

**၆၄။ သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့သည် ပေါင်းဆုံခြင်းမရှိဘဲ အစပိုင်းတွင် အလွန်ကျဉ်းမြောင်း ကွာဟသောအနေအထားဖြင့် သီးခြားစီဖြစ်၍နေပါလျှင် -**




သင်သည် သွက်လက်ဖျတ်လတ်၍ လုပ်ငန်းကိစ္စများကို စတင် ဆောင်ရွက်နိုင်သော အစွမ်းအစနှင့် ခွန်အားရှိသည်။ ဝေဖန်ခံရမည်ကို သင်က လုံးဝမမှုချေ။ သင်သည် ရဲရင့်ပြီး လုပ်ရဲကိုင်ရဲရှိသူဖြစ်သည်။ ရင်ဆိုင်ရသော အန္တရာယ်




www.burmeseclassic.com

www.burmeseclassic.com

အသွယ်သွယ်မှ လွတ်မြောက်ရန်အတွက် သင့်တွင်လုံလောက်သော ဉာဏ်ပညာရှိသည်။ လွတ်လပ်စွာ တွေးခေါ်မြော်မြင်တတ်ပြီး လျင်မြန်စွာ ဆုံးဖြတ်ချက်များ ချမှတ်တတ်သည်။ သင်၏ရုပ်ပိုင်းဆိုင်ရာ ရဲရင့်မှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာ ရဲရင့်မှုများကိုလည်း သင်က ပိုင်ဆိုင်ထားသည်။ အဆိုပါ ရုပ်ပိုင်းဆိုင်ရာ ရဲရင့်မှုများက သင့်အား ဆန့်ကျင်ဘက်ပြုသူများ၊ အန်တုဘက်ပြိုင်သူများ၊ ပြိုင်ဘက်များထက် ခြေတစ်လှမ်း အမြဲသာ၍နေအောင် အထောက်အပံ့ပေးမည်ဖြစ်သည်။

၆၇။ **သင်၏ ဦးခေါင်းလမ်းကြောင်းသည် သင်၏ အသက်လမ်းကြောင်းနှင့် အလယ်အလတ်အနေအထား ကွာဟနေသော နေရာလွတ်ကို ဖြစ်ပေါ်စေလျက် တသီးတခြားစီ ဖြစ်နေပါလျှင် -**




သင်သည် တစ်ချိန်ပြီးတစ်ချိန် ပျော်ရွှင်နေရတတ်ပြီး သင်၏ စိတ်ကူးယဉ်မှုများ၊ စိတ်လွတ်ကိုယ်လွတ်ထင်သလို ပြုမူနေထိုင်မှုများ ရှိမည်ဖြစ်သည်။ တစ်ခါတစ်ရံ၌ သင်၏ ဒေါသကြောင့်ဖြစ်ရသော စိတ်ဟာင်းကျပ်မှုများသည် ပာစ်ဖ တစ်စ စုပုံ၍လာပြီး တစ်ချိန်တွင် ဒေါသအစိုင်အခဲကြီးဖြစ်လာရသည်အထိပင် ဖြစ်သည်။ ဤဒေါသအစိုင်အခဲမှ ပေါက်ပွားလာသောရန်လိုမှုသည် အခြားသော မလိုလားအပ်သည့် စိတ်ခံစားချက်များဖြစ်သည့် ကြောက်လန့်ခြင်း၊ ဝမ်းနည်းခြင်းတို့ကို ပေါ်ပေါက်လာစေပြီး သင့်အား ပင်ပန်းနွမ်းနယ်စေမည်။

၆၈။ **သင်၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်း ကြောင်းသည် ၎င်းတို့ စတင်ထွက်ပေါ်လာသော နေရာတွင် အများအပြား ကွာဟ၍ နေပါလျှင် -**




ဤလက္ခဏာအမှတ်အသား၏ ပြဆိုချက်မှာ မိဘစိတ်ဆန္ဒက မိမိအား ကမ္ဘာ့ရှုထိုးပြုလုပ်ရန် တိုက်တွန်းနေမှုပေလိမ့်မည်။ သင့်တွင် အလျှော့မပေးဘဲ စွဲစွဲမြဲမြဲလုပ်တတ်သော ခေါင်းမာမှုများလည်း ရှိသည်။ သင်၏ မနားမနေ အဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်တတ်မှုများက သင့်အား ပေါ့ဆမှုများအဖြစ်သို့ ပြောင်းလဲပေးလိုက်သလို ဖြစ်သွားနိုင်သည်။ သင်သည် သင့်အပေါ် ချစ်ခင်ကြင်နာရင်းစွဲရှိသောသူများနှင့် အတူရှိနေလျှင် သတိကြီးစွာလုပ်ကိုင်ဆောင်ရွက်မှုများ ကင်းမဲ့နေတတ်သည်။ ရုတ်တရက် ကိုယ်၊ စိတ် ဖင်အားကြီးပွားလာခြင်းနှင့် ခံစားချက်များကြီးထွားလာခြင်းက သင့်အား ပါးနပ်ပါမှုပေးသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကအက်အခဲဖြစ်စေမည်ဖြစ်သည်။

(ဆက်ရန်)

**ဆရာဦးခန့်ကျော်**

❑



www.burmeseclassic.com

www.burmeseclassic.com

## ခုနှစ်ရက်သားသမီးများအတွက်
## ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** ။ ယနေ့လအဖို့ မူလဌာနနှင့် မဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးဖအားများလျက် ပဝတ္တိတွင် ဓမ္မနံကို ယှဉ်တွဲ့ဖြိုက် ကာဂ်လျှဉ်ထားသဖြင့် ကံမနေကောင်းလှသော်လည်း အနည်းငယ်သက်သာရာရမည်။ လုပ်ငန်းအကြီးအသေးများ ရပ်တန့်နေလျက် မကောင်းသတင်းများ ပျံ့နှံ့တတ်ယည်။ ပြည်ပကုန်သွယ်မှုလုပ်ငန်းတွင် အခက်အခဲရှိမည်။ ကြာသပတေးနံသားသမီး မာကူ အညီပေးမည်။ ဝန်ထမ်းများ နေရာဌာန အပြောင်းအရွှေ့ရှိသည်။ ကျောင်းသားများ ဝီရိယနည်းတတ်သည်။

ယတြာ - လမ်း၊ တံတား ပြုပြင်ပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ။ ဗုဒ္ဓဟူးနံ သားသမီးကြောင့် စိတ်ဝမ်းကွဲတတ်သည်။

(ဂ) **ကျန်းမာရေး** ။ ကားမှောင်း၊ လမ်းကူး၊ လမ်းသွား အမှတ်မထင် ထိခိုက်တတ်သည်။

ယတြာ - ရေသန့်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ။ ကြာသပတေးနံသင့် လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** ။ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

**မှတ်ချက်။** ဝီရိယ ထူထောင်ပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** ။ မူလနှင့် ပဝတ္တိဌာန နှစ်ပါးတွင် ကောင်းအားများ ဆိုးမိုးလျက် မပမ္ပတ္တိဌာနတွင် ဓမ္မနံကို ဖွယ်ကြိုက်မှုယှဉ်သဖြင့် စိတ်မကြည်ငြိမ်ခြင်း၊ ဆုံးဖြတ်ချက် မရေရာခြင်း ဖြစ်တတ်သည်။ ရပ်ဝေးနေဆွေမျိုးအကြီးအကဲများ၏ အကူအညီရမည်။ အမှတ်မထင် ထိပေါက်တတ်သည်။ တနင်္လာနေ့ကွင် ၇ အစ ၆ အဆုံးဂဏန်းဖြင့် အောင်ဘာလေထီတံစမ်းပါ။ မြို့ပြမနေရာ အခွင့်အလမ်းများ အမှတ်မထင် တွေ့ရတတ်သည်။ ဝန်ထမ်းများ ရာထူးတက်ရန် အလားအလာရှိသည်။ ကျောင်းသားများ ပညာရေးသင့်သည်။

ယတြာ - ရဟန်းတော်များကို ဆီးလှူပါနိုးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ။ သင့်တင့်သည်။

(ဂ) **ကျန်းမာရေး** ။ ရေချိုးများခြင်း လေအေးစက်ကြောင့် အန္တရာယ်ရှိသည်။

ယတြာ - လမ်းများများလျှောက်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ။ စနေနံသင့်လုပ်ငန်း

(င) **အကျိုးပေးဂဏန်း** ။ (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** အစစအရာရာ ပညာဦးစီးပါ။ အသိဉာဏ်ဦးစီးပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** ⑩ မူလဌာနတွင် ဆိုးအားရှိသော်လည်း ပဝတ္တိဌာန၏ ကောင်းအားကြောင့် အခက်အခဲဟူသမျှ ဖွဲလွှဲလဖြင့် အောင်မည်။ အစိုးရ မင်းအကြီးအကဲ၏ အကူအညီဖြင့် အောင်မြင်မည်။ ပညာဉာဏ် အတွေးအခေါ် မိတ်ဆွေကောင်းများကြောင့် အကျိုးထူးရမည်။ ဝန်ထမ်းများ ပြည်ပလေ့လာရေးခရီးနှင့် ကြုံမည်။ အကုန်အကျများမည်။ သို့သော် ဗဟုသုတပညာရပ် အသစ်များ ရမည်။ ကျောင်းသားများ ပညာရေးကောင်းမည်။

**ယတြာ** - အကြီးအကဲများကို သစ်သီးလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ⑩ တစ်ဦးနှင့်တစ်ဦး အလိုလိုက်မှုကို ထိန်းသိမ်းပါ။

(ဂ) **ကျန်းမာရေး** ⑩ အစာအိမ်၊ အူသိမ်၊ အူမတွင် ဥပဒ်ရှိ၏။

**ယတြာ** - လူသွားလမ်း တံမြက်လှည်း ရေဖျန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ⑩ ကြာသပတေးနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ⑩ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့တို့ ညံ့၏။

**မှတ်ချက်။** မိမိပညာကို လျှို့ဝှက်အပ်၏။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** ⑩ မူလနှင့် ပဝတ္တိဌာန နှစ်ပါးလုံးတွင် ကောင်းအားများ စိုးမိုးလျက် ပဝတ္တိဌာနတွင် မွေးနံကို မရဏဖြိုဟ်ကပ်ယှဉ်သဖြင့် လူမှုစီးပွား အကြံအစည်များတွင် အာသာခြား၊ လူမျိုးခြားတို့၏ အနှောင့်အယှက်ရှိသည်။ ပြည်ပရေးရာကိစ္စများတွင် အဟန့်အတား တွေ့ရတတ်သည်။ စနေနံသားသမီးကို အထူး ဂရုပြုပါ။ လုံ့ရှိသေမှု၊ လေးစားမှု ခံရမည်။ အနစ်နာခံရတတ်သည်။ ဝန်ထမ်းများ ဂုဏ်သတင်းကြီးလျက် ပူးတွဲတာဝန်များကို ထမ်းဆောင်ရတတ်သည်။ ကျောင်းသားများ အပေါင်းအသင်းကြောင့် ပညာရေးတွင် အနှောင့်အယှက်ဖြစ်တတ်သည်။

**ယတြာ** - နာနတ်ယို လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ⑩ မတည့်အတူနေ တစ်ဦးနှင့်တစ်ဦး အထင်မှားတတ်သည်။

(ဂ) **ကျန်းမာရေး** ⑩ ကျောကုန်း၊ ကျောက်ကပ်၊ ခါးတွင် ဥပဒ်ရှိသည်။

**ယတြာ** - ခွေး၊ ကြောင်၊ နို့၊ ငှက် အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ⑩ အင်္ဂါနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** ⑩ (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့ ညံ့၏။

**မှတ်ချက်။** နာယကဂုဏ်ခြောက်ပါးကို ထူထောင်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** ⑩ မူလဌာနတွင် ကောင်းအားများ စိုးမိုးနေသော်လည်း ပဝတ္တိဌာနတွင် ဆိုးအားရှိနေလျက် မွေးနံကို ကိစ္စဂြိုဟ် ပူးယှဉ်နေရာ လူမှုစီးပွား အကြံအစည်များတွင် မနှာလိုသူ၊ မကောင်းကြံမှုများ ပေါ်ပေါက်တတ်သည်။ မိမိလက်အောက်ငယ်သားများကြောင့် သောကတွေ့ရတတ်သည်။ ကြာသပတေးနံသားသမီးကို ဂရုပြုပါ။ ဝန်ထမ်းများ ပြိုင်ဘက်များနှင့် တွေ့ရတတ်ပြီး စိတ်အားငယ်တတ်သည်။ လုံ့လ ဝီရိယဖြင့် ရင်ဆိုင်ပါ။ ကျောင်းသားများ စိတ်မလေလွင့်တတ်သည်။

**ယတြာ** - ကြာသပတေးနံသတ္တဝါ အစာကျွေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ⑩ မရေမရာနှင့် အဆင်မပြေဖြစ်တတ်သည်။

(ဂ) **ကျန်းမာရေး** ⑩ ခြေ၊ လက် အရိုးကျိုးတတ်သည်။

**ယတြာ** - အုတ် လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ⑩ စနေနံသင့်လုပ်ငန်း။

www.burmeseclassic.com

www.burmeseclassic.com

(င) **အကျိုးပေးဂဏန်း** ® (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

***မှတ်ချက်*။** မေတ္တာဘာဝနာ ပွားများပါ။

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** ® မူလဌာနတွင် ကောင်းအားများ စိုးမိုးနေသော်လည်း ပစ္စတ္တိဌာနတွင် မွေးနံကို ဖေယျကြိုက်မှူးယှဉ်သဖြင့် အခက်အခဲကြားမှ လူမှုစီးပွား အကြံအစည်များ အောင်မည်။ အမှတ်မထင် ပြည်ပရေးရာကိစ္စများ မအောင်မြင်မည်။ ပန်ယမ်းများ ရာထူးတိုးမျက်အပြောင်းအရွှေ့ရှိသည်။ ကျောင်းသားများ ကံကြမ္မာသင့်တင့်သည်။

**ယတြာ** - အိမ်တွင် အဲလမ်းခင်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ® နှစ်ပင်လိမ် ဖြစ်တတ်သည်။

(ဂ) **ကျန်းမာရေး** ® လေဖြတ်၊ လေဖြန်းရောဂါ ဂရုပြုပါ။

**ယတြာ** - အုတ်၊ အုတ်ခဲ လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ® ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** ® (၅)ဂဏန်းနှင့် ကြာသပတေးနေ့ မကောင်းပြီး (၃) ဂဏန်းနှင့် မာင်္ဂလာနေ့ ညံ့၏။

***မှတ်ချက်*။** လူမျိုးခြားနှင့် ကံသင့်သည်။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** ® မူလဌာနတွင် ဆိုးအားများ စိုးမိုးထားသော်လည်း ပစ္စတ္တိဌာနတွင် ကောင်းအားများရှိလျက် မွေးနံကို ဂရုကြိုက်ပူးယှဉ်ထားရာ လူမှု စီးပွား အကြံအစည်များတွင် အသင့်အတင့်ရှိသည်။ ငွေကြေးအဝင်များမည်။ သို့သော် စည်းကမ်းမဲ့မှုကြောင့် ပရမ်းပတာ သုံးဖြုန်းတတ်သည်။ မိမိအား မြှောက်ပင့်သူများကြောင့် အကုန်အကျများမည်။ လူပေါင်းမှားတတ်သည်။ အောင်ဘာလေကီ ကံစမ်းပါ။ စနေနေ့နံနက် ၁၁ နာရီတွင် သူညများများပါသော ဂဏန်းကို ကံစမ်းပါ။ ဝန်ထမ်းများ နာမည်ကောင်းလက်မှတ် ရတတ်သည်။ ကျောင်းသားများ အပျော်အပါးရှောင်ပါ။

**ယတြာ** - မွေးနေ့တွင် မုန့်မျိုးစုံ ဘုရားကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ® သင့်တင့်၏။

(ဂ) **ကျန်းမာရေး** ® အီးတွင် ဥပဒ်ရှိလျက် ဒဏ်ရာများတတ်သည်။

**ယတြာ** - နာမကျန်းသူများအား ဆေးဝါး၊ ငွေ ကူညီပေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ® စနေနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ® (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်*။** မြို့ခြံခွေတာပါ။


မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးညွန့်လှိုင်** (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း။

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၉၇၃၃

**စနေ့စဉ်** - နံနက်(၉း၀၀)နာရီမှ

မွန်းလွဲ(၃း၀၀)နာရီအထိ

[အရေးကြီးလျှင် တယ်လီဖုန်းဖြင့် မေးမြန်းနိုင်ပါသည်။

ဟောစာတမ်းများအတွက် VPP ဖြင့်

ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၀ ခုနှစ် ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် ([illegible])



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း မိမိပြောဆိုသမျှ ဆောင်ရွက်သမျှ အဆင်ပြေအောင်မြင်မည်။ မိတ်ကောင်း ဆွေကောင်း မကြီးမငယ်များထံမှ အကြံဉာဏ်ကောင်းများ၊ ထူးခြားသော အတတ်ပညာများ လက်ခံရရှိမည်။ ရပ်ဝေးမှ စာသော်လည်းကောင်း၊ လူသော်လည်းကောင်း၊ ကောင်းသတင်းများသော်လည်းကောင်း လက်ခံရရှိနိုင်မည်။ စီးပွားရေးလုပ်ငန်းတွင် အဟိုက်အခံများရှိသော်လည်း မိမိရည်ရွယ်ထားသည့်အတိုင်း တစိုက်မတ်မတ် လုပ်ကိုင်မှုကြောင့် အတိုက်အခံများအကြား အောင်မြင်မှုရရှိမည်။ ပညာရေးနှင့်ပတ်သက်၍ ကံကောင်းမည်။ အလုပ်အကိုင်ရှာဖွေသူဖြစ်က အဆင်ပြေမည်။ လုပ်ငန်းနှစ်မျိုးအား တစ်ပြိုင်တည်းလုပ်ကိုင်ရခြင်းမျိုးနှင့် ကြုံတော့သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး သာယာမှုရှိမည်။ မိသားစု ဘုရားဖူးခရီးထွက်ရန် အခွင့်အရေးများ ပေါ်ပေါက်နိုင်မည်။ ငယ်ရွယ်သူများ အချစ်ရေး ကံကောင်းနေမည်။ အနေဝေးနေသော်လည်း သံယောဇဉ် အမြှောင်အဖွဲ့ ကလေးများ ခိုင်မြဲနေမည်။ ကျန်းမာရေးမှာ ဗိုက်ဆုံးပေါက်ခြင်း၊ သွားကိုက်၊ သွားနာခြင်း၊ နှစ်ခိုက်ကုသမှု ခံယူရခြင်းများ ရှိမည်။ ထီထိုးကံစမ်းခြင်းများ ပြုမည်ဆိုပါက (၈၊ ၅၊ ၀၊ ၇) ဂဏန်းများပါသော ထီကို ထိုးပါ။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းများ အခြေချ လုပ်ကိုင်ရန် ခိုင်မာသော ဆုံးဖြတ်ချက် ချမည်ဆိုပါက အကောင်းဆုံးအချိန်အခါဖြစ်သည်။ မျိုးရိုးစဉ်ဆက်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းမှ ကျော်လွန်သော အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်ပါက အဆင်ပြေအောင်မြင်မှု ပိုမိုရရှိနိုင်မည်။ အောင်မြင်မှု အခွင့်အလမ်းများလည်း သူ့အလိုလို ပေါ်ပေါက်လာမည်။ အလုပ်အကိုင်ရှာဖွေသူဖြစ်ပါက ယခင်အဆင်မပြေမှုများ ရှိသော်လည်း ယခုကာလအတွင်း အဆင်ပြေသွားနိုင်မည်။ ငယ်ရွယ်သူတို့၏ အချစ်ရေးမှာ သည်းခံ၊ ခွင့်လွှတ်၊ နားလည်မှုပေးနိုင်မှ ခိုင်မြဲနေမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအလုပ်နေရာဌာနတွင် မည်မျှပင် အဆင်ပြေနေသော်လည်း လုပ်ငန်းတွင် မပျော်၊ မပြောင်းလဲလိုမသော ဆန္ဒများ ပြင်းပြနေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် သဘောထား ကွဲလွဲမှုများ ရှိနေမည်။ ကုံရာသီဖွားများ ခရီးသွားရန် ကြံစည်ထားပါက အဆင်မပြေမှု သွားရတတ်မည်။ ပညာသင် ကျောင်းသားများအနေဖြင့် ပညာရေးကောင်းပြီး အတတ်ပညာနှင့် ဘဝအတွက် တိုးတက်မှုများကို ရှာဖွေနိုင်သော အနေအထားတွင် ရှိသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကိုယ်အလေးချိန်တိုးခြင်း၊ အသည်းအဆီဖုံးခြင်း ပြဿနာများ ဖြစ်ပေါ်ခံစားရနိုင်မည်။ ထီထိုးမည်ဆိုပါက (၂၊ ၁၊ ၀၊ ၈) ဂဏန်းများပါသော ထီကို ထိုးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ဆန်းသစ်တီထွင် လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းဖြင့် အမိက အကျိုးပေးမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်များဖြင့် ခနစ်ကာကျ ဖန်တီးလုပ်ဆောင်နိုင်မည်။ အရာရာကို ကိုယ်တိုင်ဦးဆောင်၊ ခေါင်းဆောင် လုပ်ကိုင်ပါက ပို၍ ကောင်းမည်။ မိမိအား စိတ်အနှောင့် အယှက်ဖြစ်စေသော အကိုက်အခံပြုမှုများလည်း ကင်းပျောက်သွားနိုင်မည်။ အဆိုးများအားလုံး အကောင်းဘက်သို့ ကူးပြောင်းသော အချိန်အခါဖြစ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိမိသားစုအတွင်း အေးချမ်းသာယာမည်။ နှမ်းပါးသောဆွေမျိုး အဆိုင်းအပိုင်းများကိုလည်း အထောက်အပံ့ ပြုနိုင်မည်။ ငယ်ရွယ်သူ အချစ်မရှိသေးသူများနှင့် လူပျိုကြီး၊ အပျိုကြီးများ အနေဖြင့် ချစ်သူရရှိပြီး ချစ်ကမ္ဘာလေးတည်ဆောက်နိုင်မည်။ ဝန်ထမ်းဖြစ်ပါက မိမိကျရာတာဝန်မှတစ်ပါး အခြားမည်သည့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကိစ္စကိုမှ စိတ်မဝင်စားဘဲနေနိုင်လျှင် အကောင်းဆုံး ဖြစ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဒူးနာ၊ ခါးနာခြင်း၊ ကျိုးပေါင်းတက်ခြင်းများ ရှိမည်။ ထီထိုးမည်ဆိုပါက (၇၊ ၅၊ ၀၊ ၁) ဂဏန်းများပါသောထီကို ထိုးပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ယခုကာလအတွင်း ရင်းနှီးမြှုပ်နှံထားမှုများမှ အကျိုးအမြတ်များ ခံစားရမည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်လုပ်ကိုင်နေမှုများ ဤကာလအတွင်း အဆင်ပြေအောင်မြင်စွာ အပြီးသတ်နိုင်မည်။ ယခင် ရပ်ဆိုင်းထားသော လုပ်ငန်းများလည်း ပြန်လည် လည်ပတ်နိုင်မည်။ အိုးအိမ်မြေ ဝယ်ယူပိုင်ဆိုင်ရခြင်း၊ ပြောင်းရွှေ့နေထိုင်ရခြင်း ရှိမည်။ မိဿရာသီဖွားများအနေဖြင့် ဘာသာရေးအလုပ်များကို အချိန်ပေးလုပ်ကိုင်သင့်သည်။ အရာရာကို စိတ်အေးလက်အေးဖြင့် စဉ်းစားဆုံးဖြတ်လုပ်ကိုင်ခြင်းဖြင့် ဆောင်ရွက်သမျှကိစ္စတိုင်း အမှားမဖြစ်နိုင်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက တကွဲတပြားစီ နေရခြင်းမှ တစ်မှုတကွ ပြန်လည်နေထိုင်ရတတ်သည်။သားသမီးရတနာများလည်းကွန်းကားနိုင်မည်။ ဝန်ထမ်းဖြစ်ပါက သတင်းကောင်းများကြားရမည်။ ကံကုသိုလ်အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာမည်။ ကျန်းမာရေးမှာ မကြာခဏ ဖျားနာခြင်း၊ အစာအိမ်နာခြင်း၊ သွေးနှင့်ပတ်သက်သောဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးစနိုးပွင့်မည်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ ထီထိုးမည်ဆိုပါက (၀၊ ၂၊ ၇၊ ၈)ဂဏန်းများပါသော ထီကို ထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဤကာလအတွင်း အလုပ်အကိုင်ရှာဖွေသူများဖြစ်ပါက မိမိနှင့်အဆင်ပြေကောင်းမွန်သော အလုပ်ကို ရနိုင်မည်။ အမွေအနှစ်များ ရတတ်ခြင်း၊ မိမိရပိုင်ခွင့်များ ပြန်လည်ရရှိခြင်း၊ မြုပ်နေသောငွေကြေးများရရှိခြင်း ရှိမည်။ ဝန်ထမ်းဖြစ်ပါက ပုဂ္ဂိုလ်အကြီးအကဲများထံမှ အထောက်အကူကောင်းများရရှိမည်။ မိမိမျှော်လင့်ရည်မှန်းထားသည်များ လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေမည်။ မနာလိုသူများ၊ အတိုက်အခံပြုနေသူများ ရှိနေသော်လည်း ၎င်းတို့ကို ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ၊ သည်းခံခွင့်လွှတ်စိတ်ထားခြင်းဖြင့် မိမိတွင် အကျိုးဖြစ်ထွန်းနိုင်မည်။ ဖူးရွယ်သူများ လူချစ်လူခင်ပေါ်များသကဲ့သို့ မိမိအပေါ် မုန်းနေသူများလည်း ရှိနေမည်။ အသွားအလာ၊ အနေအထိုင် သတိရှိသင့်သည်။ ပညာသင်ကျောင်းသားဖြစ်ပါက လက်တွေ့အခြေအနေနှင့် မိမိသန္ဓ ယှဉ်ချော်မှုများ ရှိနိုင်မည်။ သည်းခံစိပ်မွေးပြီး အချိန်မှန်ပါကောင်းကို စောင့်ဆိုင်းသင့်သည်။ ကျန်းမာရေးမှာ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာတို့တွင် လည်းကောင်း၊ ကျောက်ကပ်ဆိုင်ရာတွင်လည်းကောင်း ဝေဒနာများဖြစ်ပေါ်ခံစားရတတ်သည်။ ပြိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၅၊ ၈၊ ၀၊ ၆)ဂဏန်းများပါသော ထီကို ထိုးပါ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ဤကာလအတွင်း လျှပ်စစ်နှင့် ပတ်သက်၍ ဆက်နွယ်လုပ်ကိုင်ရသော လုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုရှိမည်။ အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ အခြေချရစပြုနေသော အခြေအနေဖြစ်သည်။ ယခင်က အကောင်အထည်ဖော်၍ မရနိုင်ခဲ့သော လုပ်ငန်းကိစ္စရပ်များသည် ယခုကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်။ ထို့ပြင် ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရသော လုပ်ငန်းများ အဆင်ပြေမှုရှိမည်။ ဤကာလအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၉၊ ၁၄၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈)ရက်များသည် ကံကုသိုလ်ကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက စကားပြော အဆင်မပြေမှုများ မကြာခဏရှိတတ်သည်။ ဝန်ထမ်းဖြစ်ပါက အားနာတတ်မှုကြောင့် ပြဿနာလေးများ ပေါ်တတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ကောင်းတစ်ခါ၊ ဆိုးတစ်လှည့် ဖြစ်နေမည်။ ကျန်းမာရေးမှာ အဆုတ်ဆိုင်ရာဝေဒနာတစ်ခုခု ဖြစ်ပေါ်ခံစားရတတ်သည်။ အဆုတ်ထဲ ရေဝင်ခြင်း၊ အဆုတ်ရောင်ခြင်း၊ တီဘီရောဂါဖြစ်ခြင်းများ ရှိတတ်၍ ညစ်ညမ်းသောလေရှူရှိုက်ရနိုင်သော နေရာများကို အထူးရှောင်ရှားပါ။ မေထုန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၆၊ ၀၊ ၃)ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ဤကာလအတွင်း ရုပ်ရှင်၊ ဗွီဒီယို၊ ပန်းချီဒီဇိုင်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်သူများအဖို့ စီးပွားဝင်ငွေအသင့်အတင့် ရှိမည်။ ယခင်က လုံ့လဝီရိယဖြင့် ဇွဲရှိရှိအချိန်ပေးကြိုးစားလုပ်ကိုင်ခဲ့သော လုပ်ငန်းများမှ အောင်မြင်အကျိုးပေးမှုများ ခံစားရမည့်အချိန်အခါ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ စပ်တူရှယ်ယာ၊ အစုစပ်လုပ်ကိုင်ရန် ကမ်းလှမ်းလာမှုများလည်း ရှိမည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်းမှ လက်အောက်ငယ်သားတစ်ဦးကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ကြုံတွေ့ရမည်။ မိမိအပေါ် မာယာမြင်လွဲမှားမှုများ ရှိနေမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကောင်းနေမည်။ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် ပညာရပ်များကိုလည်း လေ့လာသင်ယူနိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာမည်။ အိမ်ထောင်ရှင်ဖြစ်ပါက ခရီးထွက်နေရသော မိမိအိမ်ထောင်ဖက်အတွက် စိုးရိမ်စိတ်များ ဖြစ်ပေါ်နေမည်။ အချစ်ရေးတွင် ချစ်သူနှစ်ဦးကြား နားလည်မှုလွဲနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဘာကိုယ်မရောဂါ ရှင်းမှုရှိရန်နှင့် ကူးစက်လွယ်သောနေရာများကို ရှောင်ရှားရန် အထူးလိုအပ်သည်။ အဖုအကျိတ်အနာများ ပေါက်ခြင်း၊ အရေပြားယားယံခြင်း စသည့် အရေပြားဆိုင်ရာပြဿနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ကရကဋ်ရာသီဖွားများ ကံထိုးမည်ဆိုပါက(၂၊ ၉၊ ၀၊ ၁)ဂဏန်းများပါသော ထီကို ထိုးပါ။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

ဤကာလသည် သိဟ်ရာသီဖွားများအတွက် ကံကောင်းသောအချိန်အခါ ဖြစ်သည်။ တစ်ပြိုင်တည်း အခွင့်အလမ်းကောင်းနှစ်ခု ထွက်ပေါ်လာခြင်း၊ လုပ်ငန်းနှစ်မျိုး လုပ်ကိုင်ရခြင်းရှိမည်။ ခရီးနှင့်ပတ်သက်၍လည်း ပြည်တွင်း၊ ပြည်ပ နှစ်မျိုးစလုံးသွားရတတ်သည်။ ပတ်ဝန်းကျင်၏ အထင်ကြီးလေးစား၊ ရိုသေမှုကို အထူးခံစားရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဘက်နှင့်အတူတကွ နေထိုင်ရသည့် အချိန်က အလွန်နည်းပြီး မယ်တစ်ရွာမောင်တစ်မြို့နေရသည်က များလိမ့်မည်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးမှာ မူလချစ်သူအပြင် ချစ်သူအသစ်များလည်းတွေ့ရတတ်သည်။ ဤကာလအတွင်း ဝင်ငွေကောင်းသလို ထွက်ငွေလည်းကောင်းမည်။ မထင်မှတ်ဘဲ ငွေကြေး အလိမ်ခံရခြင်း၊ ကျပျောက်တတ်ခြင်းရှိမည်။ တစ်ပါးသူပြောစကားကို အလွယ်တကူ ယုံတတ်မှုကြောင့် အခက်ကြုံရတတ်သည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးနှင့်ပတ်သက်၍ထူးချွန်မှုများ ရှိမည်။ မိဘများဂုဏ်ယူနိုင်လောက်နိုင်အောင် စွမ်းဆောင်နိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အလုပ်ဒဏ်ပိမှုကြောင့် ကိုယ်ခံ အားနည်းခြင်း၊ နှလုံးအားနည်းခြင်း၊ အစာအိမ်ဒုက္ခပေးခြင်းများ ရှိမည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၆၊ ၀၊ ၅၊ ၂) ဂဏန်းများပါသောထီကို ထိုးပါ။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ဤကာလအတွင်း ရငြိုးသားငွေကြေးများ အကြောင်းအမျိုးမျိုးနှင့် ပြန်ထွက်တတ်သည်။ စီးပွားရေးလုပ်ငန်းကို ယခင်ထက် ကိုးချဲ့လုပ်ကိုင်သင့်သည်။ ဝီရိယစိုက်၍ လုပ်ကိုင်ခြင်းဖြင့် စီးပွားဝင်ငွေပုံမှန်ဖြစ်လာမည်။ မိမိ၏ အရေးကြီးကိစ္စများကို ဖခင်၊ သာ၊ တနလ်ာသားတို့နှင့် ပြောဆိုတိုင်ပင် အကြံဉာဏ်ကောင်းကော အကောင်အထည်ဖော်သင့်သည်။ အဖိတ်ဘဝမှ ကုသိုလ်များ အကျိုးပေးတော့မည်ဖြစ်၍ အစစအရာရာ အလွယ်တကူ အဆင်ပြေစေရန်အတွက် အချိန်ရလျှင်ရသလို ဘာသာရေးကုသိုလ်ကလေးများကို လုပ်ပေးသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးကောင်းမည်။ အေးချမ်းသာယာသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ မိမိစိတ်ဝင်စားသူထံမှ မိမိကြားလိုသော ချစ်အဖြေစကားများ ကြားရမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးဂရုစိုက်ရန် လိုမည်။ ကျောင်းစာမှလွဲ၍ အခြားကိစ္စများ ဝင်ရောက်လာခြင်းကို လက်မခံပါနှင့်။ ဝန်ထမ်းဖြစ်ပါက ကံကောင်းမှုများ ပေါ်ထွက်လာမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ လေဖုန်းတတ်ခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ လေးဘက်နာကဲ့သို့ ခံစားရခြင်းများ ရှိမည်။ အစာတ်နိုင်ဆုံး အအေးမခံဘဲ နွေးနွေးထွေးထွေးနေသင့်သည်။ ကန်ရာသီဖွားများ ထီထိုးမည်ဆိုပါက(၁၊ ၂၊ ၆၊ ၅)ဂဏန်းများပါသောထီကို ထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

တူရာသီဖွားများအနေဖြင့် ဤကာလအတွင်း စီးပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက် လုပ်ကိုင်နေရပါလိမ့်မည်။ တစ်ပါးသူတို့၏ မေတ္တာချစ်ခင်မှုကို ခံရတတ်မည်။ လုပ်ငန်းနှင့်ပတ်သက်၍ အခွင့်အရေးအသစ်များ ပေါ်ထွက်လာမည်။ နိုင်ငံခြားခရီးသွားရန် ရည်မှန်းထားခြင်းရှိပါက မိမိဆန္ဒများ ပြည့်ရပါလိမ့်မည်။ သို့သော် တစ်ပါးသူအတွက် စိတ်ပူပန်ရခြင်း၊ ငွေကြေးမကုန် မကျခံရတတ်ခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးသာယာမည်။ စီးပွားဝင်ငွေကောင်းမည်။ ဝင်လာသောငွေကြေးများ စုဆောင်းနိုင်သည့်အပြင် အလှူအတန်းကုသိုလ်များလည်း ပြုနိုင်ပါလိမ့်မည်။ သင့်အိမ်သို့ ရပ်ဝေးမှ ပစ္စည်းသော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ရောက်လာတတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ ဆင့်တန်းတက်ရခြင်း၊ ခရီးထွက်ရခြင်း၊ ရာထူးတိုးဆိုင်ရာ စာမေးပွဲဖြေဆိုရခြင်းများ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောက်ကပ်ရောဂါ၊ ခြေဖနောင့်နာခြင်း၊ လက်မောင်းကိုက်ခြင်း စသည့် အရိုးအဆစ်နှင့်ပတ်သက်သောဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများ ရောက်ရာအရပ်တွင် မိမိအား စိတ်ဝင်စားသူ ပေါ်များမည်။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၆၊ ၇၊ ၃)ဂဏန်းများပါသော ထီကို ထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဗြိစ္ဆာရာသီဖွားများအနေဖြင့် ဤကာလအတွင်း စီးပွားဝင်ငွေ အနည်းငယ်ညံ့နေမည်။ မိမိကိုယ်မိမိလည်း ယုံကြည်ချက် အားနည်းနေတတ်သည်။ သို့သော် လိင်မတူသူတို့၏ အားပေးကူညီမှုကြောင့် အခွင့်အရေးကောင်းများ ပေါ်ထွက်လာတတ်မည်။ အိုးအိမ် နေရာထိုင်ခင်း၊ ဆိုင်ခန်း၊ ဝိမ်ခံပစ္စည်းများနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲရခြင်း၊ မွမ်းမံရခြင်း၊ ပစ္စည်းသစ်ကို ဝယ်ယူပိုင်ဆိုင်ရခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအလုပ်အကိုင်နှင့် ပတ်သက်၍ အကြံအစည်နှစ်မျိုး ဆုံးဖြတ်ချက်နှစ်ခု ဖြစ်နေတတ်သည်။ တိကျသောဆုံးဖြတ်ချက်ချရန် ခဲယဉ်းနေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးအတွက်နှင့် လင်မယားချင်း မကြာခဏ စိတ်ဆိုးရခြင်း၊ စကားများ ရန်ဖြစ်ရခြင်းရှိမည်။ ကျန်းမာရေးမှာ သွေးအားနည်းခြင်း၊ ရုတ်တရက်မူးလဲခြင်း၊ အစာမကြေ၊ အစာအသောက် ပျက်ခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများ အဖို့ အချစ်ရေးယောင်ကွင်း နစ်မျောနေတတ်မည်။ ချစ်သူနှင့်အတူ အပျော်ခရီးများထွက်ရတတ်သည်။ ဗြိစ္ဆာရာသီဖွားများအနေဖြင့် ငွေကြေးများ တစ်နည်းနည်းဖြင့် မစုလိုက်၊ မမြဲလိုက် ဝင်ကာထွက်သည်ဖြစ်၍ ထီထိုးမည်ဆိုပါက(၄၊ ၁၊ ၂၊ ၇) ဂဏန်းများပါသော ထီကို ထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

လက်ရှိလုပ်ကိုင်နေသော စီးပွားလုပ်ငန်းသည် ဝင်ငွေကောင်းနေမည်။ ထို့ကြောင့် ပတ်ဝန်းကျင်၏ မနာလိုခြင်း၊ အမုန်းပွားခြင်း၊ မတိုက်ဆိုင်ပြုခြင်းများ ရှိနေမည်။ သို့သော် မည်မျှပင် ရန်အန္တရာယ်များပါစေ နောက်ဆုံးတွင် မိမိသာ လျှင် အနိုင်ရတတ်သည်။ ဤကာလအတွင်း စာပေဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်သူဖြစ်ပါက အောင်မြင်မှုရရှိမည်။ အကူအညီပေးနိုင်သော မိတ်ကောင်းဆွေကောင်းများနှင့်လည်း တွေ့ရတတ်မည်။ စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်းများလည်း မိမိတွင် ပေါ်ထွက်လာမည်။ အရေးကြီးသောကိစ္စများ အတွက် တာနက်စွာ သားသမီး၊ တူနှင့်သားသမီးတို့နှင့် တိုင်ပင်ခြင်း၊ အဆိုပါနေ့ရက်များတွင် အကောင်အထည်ဖော် လုပ်ကိုင်ခြင်းပြုပါ။ မြုပ်နေသောငွေကြေးဆုံးရှုံးသွားပြီဟု ထင်ထားသောငွေကြေးများ မယင်မှတ်ဘဲ ပြန်လည်ရရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအပေါ် နားလည်သိတတ်သော အိမ်ထောင်ဘက်ကြောင့် စိတ်ချမ်းသာရမည်။ ဤကာလအတွင်း ခရီးသွားလိုသောဆန္ဒများ ပေါ်ပေါက်တတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးတွင် အရှုပ်အရှင်းပြဿနာများ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဗိုက်နာခြင်း၊ ခြေဆစ်၊ လက်ဆစ်လွဲခြင်းများ ဖြစ်တတ်သည်။ ဓနုရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၀၊ ၂၊ ၅)ဂဏန်းများပါသောထီကို ထိုးပါ။

**ဆရာဦးခန့်ကျော်**
(အတတ်ဗေဒင်ကျမ်းပြုဆရာ)

အမှတ်(၂၇)၊ ရွှေတုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
✆ ၀၉-၅၁၃၈၂၉၀၊ ၀၉-၅၀၈၃၈၂၅၊ ၀၉-၄၂၀၀၀၅၅၈၆၁၊ ၀၉-၅၁၅၂၀၁၀၉



www.burmeseclassic.com

www.burmeseclassic.com




# တိုင်းရင်းဆေးသမားတော် ရွှေဘုန်းပွင့်ဆရာကြီး ဦးခန့်ကျော်

တဆ-၀၂၂၂၀

## ပါရဂူမြောက်လက္ခဏာ ဖတ်ကြားခြင်း အတတ်ပညာကျမ်းနှင့်

**THE ENCYCLOPEDIA OF PALMISTRY** ကျမ်းပြုသူ

ဗေဒင်လက္ခဏာဟောခန်းလိပ်စာ – ၂၇၊ ရွှေဘုန်းပွင့်ဘုရားရှေ့တန်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

-09-5198240, 09-421075765, 09-420186129, 09-975446054, 09-975446053, 09-795286547

E-mail; ukhantkyaw@gmail.com Website: UKhantKyaw.MyanmarFortuneTeller.com

နေ့စဉ်နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီထိ




ဦးခန့်ကျော် စာပေ (မြဲ - ၀၄၉၁၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ယင်းယင်း

## ရှူဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-013082

**သုံးစွဲနိုင်သောရောဂါများ**

နာစေး၊ နာပိတ်၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ဖက်ကြောထိုး ထိပ်ကပ်နာ၊ မူးဝေထိုင်းမှိုင်းခြင်းနှင့် နောက်ကျောတက်ခြင်း များကို သက်သာပျောက်ကင်း စေပါသည်။

အမှတ်(၅၆)၊ ဥဿဖယားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၇၀၅၉၁၄၊ ၀၁ ၂၀၁၂၁၂

BURMESE CLASSIC .com

# ရွှေအဆင်း

## ချွဲသလိပ်ကျေရင်လူးဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-010613

**သုံးစွဲနိုင်သောရောဂါများ**

ကလေးသူငယ်များဖြစ်တတ်သော ချွဲကျပ်ခြင်း၊ ရင်ကျပ်ခြင်း၊ သလိပ်ကပ်ခြင်း၊ ချောင်းဆိုးခြင်း၊ အအေးပတ်ခြင်းနှင့်လေထိုးခြင်း၊ လေအောင့်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ်ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း တို့ကို လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)

# ဖြူစင်မေတ္တာဆေးတိုက် မှ ထုတ်လုပ်သော

# နှလုံးရောဂါသောက်ဆေးပြား

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် [၃/၂၀၀၃ တဆထလ/တိုး (၀၇၂၉)]

သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်) ဖြူစင်မေတ္တာဆေးတိုက်မှ ထုတ်လုပ်သော နှလုံးရောဂါသောက်ဆေးပြားဟာ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ နှလုံးတုန်ခြင်း၊ အသက်ရှူ၍ မဝခြင်း၊ နှလုံးခုန်မမှန် မူးဝေမောပန်းလွယ်ခြင်း၊ ညအိပ်မပျော်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။



BURMESE CLASSIC .com

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်
0306 YR 4354

**ဖြန့်ချိရေး**

ဖြူစင်မေတ္တာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ခြံအမှတ် (၅၆)၊ ဥဿဖသားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ပဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၇၀၅၉၁၄-၂၁၁၂၁၂

**မန္တလေးဖြန့်ချိရေး**

[illegible] ခြံအမှတ် (၁၃၁) ၄၂လမ်း ၁၃၂၊၁၄ ကြား မန္တလေးမြို့ ဖုန်း - ၀၂/၃၃[illegible]

www.burmeseclassic.com



www.burmeseclassic.com
GOLDEN DRAGON
GOLD DEVELOPMENT CO.,LTD.
နဂါးညီနောင်
Since 1993
အာမခံ ရွှေပန်းထိမ်(ပင်ရင်း)
38000 Ks
12500 Ks
၁၅ ပဲရည်အာမခံဖြစ်ကြောင်း၊ အာမခံပါသည်၊
အာမခံဘောက်ချာဖြင့် ရောင်းချပေးပါသည်၊
16000 Ks
18000 Ks
BURMESE CLASSIC .com
38000 Ks
31500 Ks
16000 Ks
31500 Ks
31500 Ks
31500 Ks
အော်ဒါထည်များကို ကိုယ်ပိုင်ပန်းတိမ်ဖြင့် (ရက်ချိန်းအမှီ) ဆောင်ရွက်ပေးပါသည်။ (အော်ဒါဌာန) 09-732-22-123
ကိုမောင်ပြုံး•ကိုကြည်စိန် အမှတ်-၇၁၊မြေညီထပ်၊ဝါးတန်းလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ Phone: 09-732-11-123
www.goldendragongold.com, e-mail:myanmar@goldendragongold.com
www.burmeseclassic.com